# မဟာသတိပဋ္ဌာန် တရားတော် သင်နည်း မှတ်ချက်

မန္တလေးမြို့

ဓမ္မစကြာ ပဋိပတ် သာသနာပြုရိပ်သာ

ကျေးဇူးရှင်

နာယက-ဆရာတော်ဘုရား

ဟောကြားပြသတော်မူသော


# မဟာသတိပဋ္ဌာန်

## တရားတော်

## သင်နည်းမှတ်ချက်

၁၃၂၉ ခု၊ ဝါတွင်း ၃ လ၊ နေ့ နှင့် ည ဟောစဉ်

ကုသလဝတီ ပုံနှိပ်တိုက်
၆၀၊ ရေကျော်လမ်း၊ ရန်ကုန်မြို့



ဓမ္မစကြာပဋိပတ် သာသနာပြုအဖွဲ့ချုပ် ကျေးဇူးရှင် နာယကဆရာတော်ဘုရား
ဓမ္မစကြာတရားတော် သင်တန်းပေး ဟောကြားတော်မူနေပုံ

A.

# ပန်ကြားလွှာ

ရန်ကုန်မြို့ ကမ္ဘာ့ဘေုရားလမ်း၊ ဓမ္မစကြာပဋိပတ် သာသနာပြုအဖွဲ့ချုပ် ကျေးဇူးရှင် နာယက ဓမ္မစကြာဆရာတော်ဘုရားသည်၊ မန္တလေးမြို့၊ အောင်မြေမြန်မာညွန့် ဆိစက်ပိုင်ရှင် ဦးကိုကိုကြီး-ဒေါ်ကြည်ကြည်၊ သမီးမတင်တင်ဦးတို့၏ ကောင်းမှုဖြစ်သော မန္တလေးမြို့ အရှေ့ပြင် မင်္ဂလာဥယျာဉ်ရပ်၊ ဓမ္မစကြာ ပဋိပတ်သာသနာပြုရိပ်သာတွင် ၁၃၂၆ ခု၊ ဝါဆိုလပြည့်နေ့မှစ၍၊ (၁) အနုလောမနည်းဥာဏ်စဉ်၊ (၂) ဓမ္မစကြာ၊ (၃) အနတ္တလက္ခဏာသုတ်၊ (၄) မဟာသတိပဋ္ဌာန်တရားတော်ကြီးများကို ရက်ပေါင်း (၁၀၀) နေ့ည ဟောကြား ပြသ သင်တန်းနည်းဖွင့်၍ ဆုံးမတော်မူခဲ့ရာ မူလကျမ်းရင်းများရှိပြီး ဖြစ်ငြားလည်း ကျဉ်းသေးသည်။ ဆရာတော်ဘုရားမှာ ကောင်းစွာ မကျန်းမာသည့်ပြင် ၎င်းဟောစဉ်ကြီးများကို ကိုယ်တိုင်ကိုယ်ကြ ပြုစုရေးသားရန် မဖြစ်နိုင်တော့သည့်အတိုင်း နာယူကြသောတပည့်များက ကြိုးစား၍ မှတ်ချက် ယူကြလေဟု မိန့်တော်မူချက်ကိုပန်ဆင်၍ ၄-နှစ်တိုင်တိုင် နာယူမှတ်သားခဲ့ကြရပါသည်။

အစဉ်လိုက်ဖွင့်ဆိုတော်မူသော ရက်ပေါင်း (၁၀၀) ဓမ္မစကြာနှင့် အနတ္တလက္ခဏာသုတ်နှင့် ရက်ပေါင်း (၁၅) နာမရူပပရိစ္ဆေဒဉာဏ် မှတ်ချက်များမှာ ဆရာတော်ဘုရား ကိုယ်တိုင် ကြီးကြပ် စက်လှိမ့်မိတ္တူ စာအုပ်အဖြစ်ဖြင့် ထုတ်ဝေနိုင်ခဲ့ငြားလည်း ၁၃၂၉ ခုနှစ်၊ နောက်ဆုံး ဟောကြားတော်မူသော ဤမဟာသတိပဋ္ဌာန် တရားတော်မှာ ဆရာတော်ဘုရား ၎င်းနှစ်တွင်ပင် ပြန်လွန်တော်မူသည်ဖြစ်၍ တစောင်တဖွဲ့ မဖြစ်ခဲ့ပေ။ ထို့ကြောင့်တရားတော်ကို ကောင်းစွာနာယူခဲ့ကြရသော ပုဂ္ဂိုလ်အပေါင်းတို့၏ဆန္ဒဖြင့် နိုင်ငံတော် အစိုးရ၏ ခွင့်ပြုချက်အရ အုပ်ရေ အနည်းငယ်ကို စက်တင်ပုံနှိပ်ဖြန့်ဖြူးရပါသည်။

ဤတွင်ကျွန်တော်များမှာ အဘက်ဘက်တွင် ကျွမ်းကျင်မှုမပြည့်စုံသည့်ပြင် အတိဂမ္ဘီရဖြစ်သော ထိုထိုသောတရားတော်ကြီးများကို အထူးသတိဝိရိယစိုက်ထုတ်၍ နာယူမှတ်သားပါသော်လည်း လက်ရေးတိုနည်း မဟုတ်သဖြင့် မစပ် မဟပ်သည်တို့ရှိသော် ရှိနိုင်မည်ဖြစ်ပါသည်။ ယင်းချို့ယွင်းချက်တို့မှာ ကျွန်တော်များ၏ တာဝန်သာဖြစ်ပါ၍ သာသနာတော်ကို အမြဲမသွေ ကြည်ညိုစောင့်ရှောက်တော်မူကြသော ပညာရှိသူတော်ကောင်းတို့၏ မှားလျှင်ပြင်-လိုလျှင်ဖြည့်-ပိုလျှင်ဖြတ် မွန်မြတ်သော ဆုံးမဩဝါဒကို ဦးထိပ်ပန်ဆင်ခံယူရန်ဖြစ်ပါကြောင်းကို လေးမြတ်စွာဖြင့် ဝန်ခံအပ်ပါသည်။

**မှတ်ချက်ရေးသူ**

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပန်ကြားလွှာ.... .... .... .... .... | |
| ၂ | သီလဝိသုဒ္ဓိအပိုင်း-သညာသိနှင့် ဝိညာဏ်သိကဏ္ဍ .... .... | ၁ |
| ၃ | သက္ကာယဒိဋ္ဌိ ရုပ်လောက မီးစာတ်ကြီး ၄ ပါး လောကတည်နေပုံ— .... | ၁၀ |
| ၄ | သညာသိ ပညတ်လောက သဘာဝဓာတ် ၈-ပါးနေပုံ .... .... | ၁၉ |
| ၅ | သမာဓိသိက္ခာ စိတ္တဝိသုဒ္ဓိအပိုင်း အကြောင်းတရား ၄-ပါးနေပုံ .... .... | ၃၅ |
| ၆ | ပညာသိက္ခာ ဒိဋ္ဌိဝိသုဒ္ဓိအပိုင်း ဋ္ဌာန် ၄-ချက် သဘာဝ-နာမ-ရူပ-ပရိစ္ဆေဒညာဏ် သိမ်းဆည်းပုံ.... .... .... .... .... | ၅၃ |
| ၇ | ပညာသိက္ခာ ကင်္ခါဝိတရဏာ ဝိသုဒ္ဓိအပိုင်း ဟေတုနှင့် ပစ္စယအကြောင်း ပေါ်ထွက်ပုံ .... | ၇၂ |
| ၈ | တဏှာသဘော ဟေတုအကြောင်း ပစ္စယပရိဂ္ဂဟာဉာဏ် သိမ်းဆည်းပုံ .... | ၈၁ |
| ၉ | ပရမတ်ယုံမှားခြင်း ၈-ပါးနေပုံ.... .... .... .... | ၉၇ |
| ၁၀ | ပညာသိက္ခာ မဂ္ဂါမဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိအပိုင်း သမ္မသနဉာဏ် စိတ် အကြောင်း ရုပ်နာမ်ခွဲစိပ်ပုံ .... .... .... .... | ၁၀၅ |
| ၁၁ | ပညာသိက္ခာ ပဋိပဒါ ဉာဏဒဿန ဝိသုဒ္ဓိအပိုင်း ဥဒယဗ္ဗယဉာဏ် ကံ အကြောင်း သဘောတရားနေပုံ .... .... .... .... | ၁၂၁ |
| ၁၂ | ပညာမြင် ဖြစ်-ပျက် သဘော .... .... .... .... | ၁၃၃ |
| ၁၃ | ပညာသိက္ခာ ဉာဏဒဿန ဝိသုဒ္ဓိအပိုင်း ဘင်္ဂဉာဏ်-ပညာမြင် အနိစ္စ လက်တွေ့ သတိပဋ္ဌာန်ပေါ်ပုံ .... .... .... .... | ၁၃၈ |
| ၁၄ | အကြည်ဓာတ် ၆-ပါး သတိပဋ္ဌာန်ပေါ်ပုံ .... .... .... | ၁၄၇ |
| ၁၅ | မဟာသတိပဋ္ဌာန် အာနာပါနတံခါး ၄-ပေါက်နေပုံ .... .... | ၁၅၅ |
| ၁၆ | အာနာပါန ပဌမတံခါးပေါက်နေပုံ .... .... .... | ၁၆၁ |
| ၁၇ | အာနာပါန ပဌမတံခါးပေါက် အာရုံ အာရမ္မဏိက ရုပ်နာမ် နာမ်ရုပပရိစ္ဆေဒဉာဏ် .... | ၁၇၂ |
| ၁၈ | အာနာပါန ဒုတိယတံခါးပေါက် ဟေတုနှင့် ပစ္စယအကြောင်း .... .... | ၁၇၈ |
| ၁၉ | အာနာပါန ဒုတိယတံခါးပေါက် ရုပ်နာမ်ပေါ်ထွက်ပုံ .... .... | ၁၈၂ |
| ၂၀ | အာနာပါန တတိယတံခါးပေါက် မီးဓာတ် ၄-ပါး ပေါ်ထွက်ပုံ .... .... | ၁၈၄ |
| ၂၁ | သဘာဝဓမ္မ နှလုံးအိမ်နေပုံ .... .... .... .... | ၁၈၆ |
| ၂၂ | ကာလသုံးပါး ရုပ်-နာမ် ပေါ်ထွက်ပုံ .... .... .... | ၁၈၈ |
| ၂၃ | အာနာပါန စတုတ္ထတံခါး ပရိပါစက မီးဓာတ်နေပုံ .... .... | ၁၉၀ |

# မာတိကာ



| ဦးရေ | အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|---|
| ၂၄ | အာနာပါန စတုတ္ထဈာန်ခါး ဥဒယဗ္ဗယ နာမကမ္မဋ္ဌာနပေါ်ပုံ | .... | .... | ၁၉၄ |
| ၂၅ | ပဋိစ္စသမုပ္ပါဒ် သမ္မာဉာဏ်အပိုင်း ဇာရိယာပထလုပ်ငန်းစဉ်နေပုံ | .... | .... | ၂၀၅ |
| ၂၆ | မဟာသတိပဋ္ဌာန် ဓာတုမနသိကာရအပိုင်း သမ္မုဟပညတ်ပေါ်ထွက်ပုံ | | .... | ၂၁၆ |
| ၂၇ | ဓာတုမနသိကာရလုပ်ငန်းစဉ်နေပုံ | .... | .... | ၂၂၆ |
| ၂၈ | မဟာသတိပဋ္ဌာန် အသမ္မောဟ သမ္မာဉာဏ်အပိုင်း ဒုက္ခဝိပဿနာ ဆင်ခြင်ပုံ | | .... | ၂၃၈ |
| ၂၉ | မဟာသတိပဋ္ဌာန် ပဋိကူလ မနသိကာရအပိုင်း အနတ္တာ နုပဿနာ ဆင်ခြင်ပုံ | | .... | ၂၅၁ |
| ၃၀ | ပဋိကူလ မနသိကာရ ခန္ဓာပေါ်ပုံ | .... | .... | ၂၅၇ |
| ၃၁ | မဟာသတိပဋ္ဌာန် ဥကျောင်းချဟောစဉ် ဓမ္မနုပဿနာ သောတာပတ္တိမဂ်ဉာဏ်ပေါ်ပုံ | | .... | ၂၆၅ |
| ၃၂ | စိတ္တာနုပဿနာ သတိပဋ္ဌာန်ဝင်ပုံ သကဒါဂါမိမဂ်ဉာဏ် | .... | .... | ၂၇၇ |
| ၃၃ | ဝေဒနာနုပဿနာ သတိပဋ္ဌာန်ဝင်ပုံ အနာဂါမိမဂ်ဉာဏ် | .... | .... | ၂၈၅ |
| ၃၄ | ကာယာနုပဿနာ သတိပဋ္ဌာန်ဝင်ပုံ အရဟတ္တမဂ်ဉာဏ် | .... | .... | ၂၈၈ |
| ၃၅ | မှတ်ချက် နိဂုံးချုပ် | | | |


မာတိကာပြီး၏။

---

# သီလဝိသုဒ္ဓိအပိုင်း

(ပုံစံအမှတ် ၁) ကမ္မာတရားတည်နေပုံ ၂၁-၇-၆၇




သညာသိ - ဝိညာဏ်သိ

## သညာသိနှင့်ဝိညာဏ်သိ

ရှင်တော်မြတ်ဘုရားသည် ဝါတော် ၂၀ ပြည့်ပြီးမှသာလျှင် ကုရုတိုင်း ကမ္မာသဒမ္မနိဂုံး၌ ဤ မဟာသတိပဋ္ဌာန် တရားတော် ကြီးကို ဟောပြဆုံးမတော်မူခြင်း ဖြစ်၏။ အဘယ့်ကြောင့် ထို့ထက်စော၍ ဟောတော်မမူပါသနည်း (ရှေ့တွင်ထင်ရှားမည်ဖြစ်၏)။

အရသာရှိသော ဟင်းလျာကိုလိုသော် ဆားပါမှ ပြည့်စုံဘိသကဲ့သို့ မည်ကဲ့သို့နိဗ္ဗာန်ရောက်ကြောင်းတရားကို အားထုတ်သည်ဖြစ်စေ၊ သတိပဋ္ဌာန်တရားနှင့်ကင်း၍ မဂ်တရား ဖိုလ်တရားကို ရယူနိုင်သည် မဟုတ်ပေရကား-

ဆရာတော်ဘုရားသည် ဝါဆိုလပြည့်နေ့မှအစပြု၍ တန်ဆောင်မုန်းလပြည့်နေ့ တိုင်အောင် ၄ လတာမျှ သတိပဋ္ဌာန်တရားတော်မြတ်ကို ရုပ်နာမ်ပိုင်း၊ ခန္ဓာပိုင်း၊ ပဋိစ္စသမုပ္ပါဒ် အပိုင်းဟူ၍ ၃ပိုင်း ပိုင်းပြီးလျှင် အလုပ်တရားနှင့် အသိတရားခွဲခြား၍ ၂ ပါးစုံ ကိုင်ပြီးလျှင် ပဋိဝေဒ ဓမ္မသို့ ဆိုက်ရောက်နိုင်ရန် နေ့-ည ဟောကြားပြသ ဆိုဆုံးမတော်မူမည် ဖြစ်ပေသည်။

ဥပမာအားဖြင့်-

လက်ဘက်ရည်ပန်းကန်ကို ပြသော် မြင်၏၊ ဘာကိုမြင်ပါသနည်းဟု အမေးပြုသော်-

(၁) ရုပ်တရား၊ နာမ်တရား၊ ဝိပဿနာတရားကို မလိုက်စားသော အန္ဓပုထုဇဉ် တို့က လက်ဘက်ရည်ပန်းကန်ကို မြင်ပါသည်ဟု ပြောမည်ဖြစ်၏။

(၂) အဘိဓမ္မာတရားမြတ်ကို လိုက်စားသော ပုဂ္ဂိုလ်တို့ကမူ အဆင်းကို မြင်သည် ဟု ပြောမည်ဖြစ်၏။

အဘယ့်ကြောင့်ဟူမူ ပန်းကန် တည်းဟူသော ပုံပန်းသဏ္ဌာန်- သဏ္ဌာန ပညတ်ကို ထောက်၍ လက်ဘက်ရည်ပန်းကန်တည်းဟူသော အမည်(တနည်း) နာမ ပညတ်ကို ဆွဲကိုင်ခြင်း ဖြစ်ပေရာ-

ဤတွင် "ဣဓ ဘိက္ခဝေ၊ ဘိက္ခု၊ ကာယေ၊ ကာယာနုပဿီဝိဟရတိ၊ အာတာပီ၊ သမ္ပဇာနော၊ သတိမာ၊ ဝိနေယျလောကေ၊ အဘိဇ္ဈာဒေါမနဿံ"အစရှိသော သတိပဋ္ဌာန် ပါဠိတော်ဖြင့် ထိုလက်ဘက်ရည်ပန်းကန်တည်းဟူသော ရုပ်တရားအပေါ်၌ နာမပညတ်နှင့်သဏ္ဌာနပညတ် ၂ ပါးတို့ မျက်တောင်တချက် ခတ်လိုက်ခြင်းသည် အဘိဇ္ဈာ-ဒေါမနဿ (တနည်း)ဣဋ္ဌ-အနိဋ္ဌ (တနည်း)ကောင်း-မကောင်း (တနည်း) သာယာခြင်း-မသာယာခြင်း (တနည်း) သုခ-ဒုက္ခတရားတို့ ပေါ်ထွက်သည် ဖြစ်၍၊ ဤကဲ့သို့ ကောင်း-မကောင်း ခံစားခြင်းကား သညာဝိညာဏ်ဖြင့် ခံစားခြင်းဖြစ်၍ အစစ်ဘုရားတို့ မဟုတ်ပေ။ ဥပါဒါန်အစွဲလောကကြီးကို ဆုပ်ကိုင်သည်မည်၏။

သို့ဖြစ်၍ ၎င်းခံစားမှု ဝေဒနာမှသည် တဏှာ-ဥပါဒါန်-ဘဝ စသည့် ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီး လည်ပတ်ရပေသည်။ အန္ဓပုထုဇဉ်တို့၏ ဘဝယန္တရား ဖြစ်သည့်အတိုင်း သတိပဋ္ဌာန် တရားဟူက မြူမျှမပါရှိပေ။

**သတိ**။ ။ထို့ကြောင့် အာနာပါန အစရှိသော သတိပဋ္ဌာန် လုပ်ငန်းစဉ်ကို အမှန်တကယ် အကျိုးသက်ရောက်အောင် အားထုတ် လိုသော ပုဂ္ဂိုလ်သည် ပထမဆုံး အားဖြင့် အကြည်ဓာတ် ၅ ပါးဖြစ်သော မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်တို့ကို သတိပဋ္ဌာန်တရားဖြင့် ပိတ်နိုင်ရမည်ဖြစ်၏။ ထို ၅ ပေါက်လုံးပြီးမှ သာလျှင် နှလုံးအိမ်ရှိ မနောပေါက်မှ နေ၍အာနာပါနလုပ်ငန်းစဉ်ကိုဝင်ရမည် ဖြစ်ပေသည်။ (ဓမ္မာရုံကို ဆိုလိုပါသည်)

ဥပမာသော်- ရဟန္တာ သာမဏေငယ်က ပေါဋ္ဌိလမထေရ်ကြီးအား ဝိပဿနာတရား ပေးအပ်ရာ၌ ကယ်ပေါက် ၆ ပေါက်ရှိသော တောင်ပို့အတွင်း၌ ဖွတ်ကောင်ကို ဖမ်းမိ နိုင်စေရန် ၅ ပေါက်ကိုပိတ်စေပြီး ကျန် ၁ ပေါက်မှ နေပြီး ဖမ်းနိုင်သည့် ဥပမာ အလားကဲ့သို့ပင် ဖြစ်ပေသည်။

၎င်းတွင် ပသာဒရုပ် ၅ ပါး (တနည်း) အကြည်ဓာတ် ၅ ပါးအစရှိသော မျက်စိတို့ကို ပိတ်သည်ဆိုရာ၌ ပကတိမျက်စိကို ပိတ်ထားခြင်း၊ မှိတ်ထားခြင်းမျိုးကဲ့သို့ မဟုတ်ပေ။ ၎င်းကဲ့သို့ ပိတ်ထား မှိတ်ထားခြင်းကား သမထပိတ်ဖြစ်၏။ မလုံပေ။ မြင်ပြီး၊ ယူပြီးသော အရိပ်သည် နှလုံးအိမ်၌ ထင်ပြီး၍ ဖြစ်၏။ အချိန်သင့်သော် မျက်စိပိတ်ထားလျက်နှင့်ပင်လျှင် ထိုထိုသောအာရုံတို့ကို ပြန်၍ယူနိုင်သောကြောင့် ဖြစ်ပေသည်။

ဝိပဿနာပိတ်ကား ပကတိ မျက်စိဖွင့်လျက်နှင့် ပိတ်ခြင်း သဘော ဖြစ်၏။ အချုပ်မှာမူကား- သတိပဋ္ဌာန်နှင့် ပိတ်နိုင်မှသာလျှင် လုံ၏ဟု မှတ်သားရန် ဖြစ်ပေသည်။

**သတိပဋ္ဌာန်လုပ်ငန်းစဉ်ဖြင့် ပိတ်ပုံသဘော**

လက်ဘက်ရည်ပန်းကန်ကိုမြင်၏။ ဘာဟုခေါ်မည်နည်း။ လက်ဘက်ရည်ပန်းကန်ဟု ခေါ်မည်။ သို့ဖြစ်သော် ၎င်းလက်ဘက်ရည်ပန်းကန် တည်းဟူသော အမည် (တနည်း) နာမပညတ်သည် လက်နှင့်တို့ထိ၍ရသော ၎င်းလက်ဘက်ရည်ပန်းကန်တွင်ရှိသလော။ လက်ဘက်ရည်ပန်းကန်တွင် ရှိသည်ဟုဆိုသော် ကမ္ဘာ့တရားတွင် ကျရောက်မည်ဖြစ်ပေသည်။ မရှိဆိုပြန်သော် ၎င်းအမည်သည် မိုးပေါ်ကျလေလော–မဟုတ်ပေ။

ဥပမာအားဖြင့် ရွှံ့တုံးတတုံးကိုယူ၍ နွားရုပ်ငယ်ကို ပြုလုပ်ရာ၏။အများကိုပြသော်နွားရုပ်ဟု ပြောကြမည်။ တဖန်၎င်းနွားရုပ်ကိုဖျက်၍ ခွေးရုပ်ငယ်ကို လုပ်ပြပြန်ရာ၏။ ခွေးရုပ်ဟု ပြောကြမည် ဖြစ်ပေရာ မည်သည့်အရုပ်ကိုပင် ပြုလုပ်ပြုလုပ် ပုံဟန်သဏ္ဌာန်ကိုလိုက်၍ အမည် အမျိုးမျိုး ပေးကြရခြင်းဖြစ်၏။ မူလရွှံ့တုံးကား မပြောင်း၊ ရွှံ့တုံးပင်ဖြစ်သည်ကား ထင်ရှား လှပေသည်။ အစိုင်အခဲဃနဖြစ်သော ၎င်းရွှံ့တုံး၌ စင်စစ် ဗျာပါဒ မရှိပေ။ သညာဝိညာဏ်မှာသာလျှင် ဗျာပါဒရှိကြောင်း အမှန်ပြစ်၏။ ထိုနည်းတူစွာ လက်ဘက်ရည်ပန်းကန်သည် ရွှံ့တုံးဥပမာကဲ့သို့ ဓာတ် ၄ ပါး အစိုင်အခဲဃနမျှသာဖြစ်၏။ အမြင်မမှန်၍သာလျှင် ၎င်းအစိုင်အခဲ ဃန အပေါင်းအစုအပေါ်၌ သညာဝိညာဏ်၏ ဆွဲယူမှုဖြင့် ဣဋ္ဌ-အနိဋ္ဌ-ကောင်း-မကောင်းငင်ပြီး၊ ဥပါဒါန် အစီးအပွားနယ်ကျယ်ရခြင်း ဖြစ်ပေသည်။

**သတိ။** ။နာမပညတ်သည် = သညာအမှတ်မှ ပေါ်ထွက်၍၊
သဏ္ဌာနပညတ်သည် = ဝိညာဏ်သိမှ ပေါ်ထွက်၏။

သညာဝိညာဏ်တို့၏ စွဲကိုင်မှုကား ပညာပါသည် မဟုတ်၍ ကမ္ဘာ့တရား၌ ကျ၏။ သတိသည်ကား ပညာကဆွဲကိုင်သည်ဖြစ်၍ အကျိုးကြီး၏။

သို့ဖြစ်၍အမည်သည်လက်ဘက်ရည်ပန်းကန်တည်းဟူသော အစိုင်အခဲဃန၌ရှိသည်ဆိုခြင်းကား- သညာဝိညာဏ်၏ လုပ်ကြံမှုဖြစ်၍ အမှားလောကမည်၏။ (တနည်း) ကမ္ဘာ့ တရား၌ဝင်၏။

ထိုသညာဝိညာဏ် ၂ ပါးကို ရုပ်သိမ်းနိုင်ခြင်းသည် အမှန်လောက မည်၏၊ (တနည်း) သာသနာတရား၌ဝင်ပေရာ သတိပဋ္ဌာန်ပညာဖြင့် မျက်စိကိုပိတ်သည်မည်၏၊

သို့ဖြစ်သော်- သညာဝိညာဏ်ဖြင့် မဆွဲကိုင်တော့သော ထိုဓာတ် ၄ ပါး အပေါင်း အစု လက်ဘက်ရည်ပန်းကန်သည် အဘယ်ကဲ့သို့သော သဘာဝဖြင့် ရှိလေသနည်းဟူမူ— ၎င်းသည် ပစ္စုပ္ပန်ပေါ် သဘောအနေအားဖြင့် လောက အလယ်တွင် ရပ်တည်နေရပြီးလျှင် အန္ဓပုထုဇဉ်တို့၏ သညာဝိညာဏ်ဆွဲကိုင်လုပ်ကြံမှုကို ခံယူရန်သာဖြစ်ပေသည်။

ဤသို့သော သတိပဋ္ဌာန်ပညာဖြင့် ဤသညာနှင့်ဝိညာဏ် ၂ ပါးကို သိမ်းဆည်းနိုင်သော အကြင်ပုဂ္ဂိုလ်သည် မိမိ၏ မဆွက အနှစ်အသားအနေဖြင့် စွဲယူခဲ့သော အမှားအမျိုးမျိုးတို့သည် တဖြည်းဖြည်းယုတ်သိမ်းပြီးလျှင် အစွဲလောက (တနည်း) ကမ္ဘာ့တရားမှကျွတ်လွတ်၍ ပညာနယ်လောက(တနည်း)သာသနာ့တရားခွင်သို့ဝင်တော့သည်ဖြစ်ပေရာ-

''ပုန စပရံ ဘိက္ခဝေ ဘိက္ခု ဂစ္ဆန္တောဝါ ဂစ္ဆာမိတိ ပဇာနာတိ''အစရှိသောမဟာသတိပဋ္ဌာန် ပါဠိတော်အရ သွားလျှင်သွားသည်ကိုသိရုံမျှကား သတိပဋ္ဌာန်တရား၌မဝင်နိုင်ပေ၊ တောခြွေး ပင်လျှင် သိနိုင်သည်ဖြစ်၍ အကျိုးမကြီး အဘယ့်ကြောင့်ဟူမူ အပြားအားဖြင့် အမှန်သိဖြစ်သော ပညာသိမပါရှိသောကြောင့်ဖြစ်ပေသည်။

ဤသဘောကိုရည်တော်မူ၍ ရှင်တော်မြတ်သည် ဤသတိပဋ္ဌာန်တရားမြတ်ကိုဝါတော် ၂၀ အတွင်း ဟောတော်မမူသေး အများသော ကျွတ်ထိုက်သသူသာဝကအပေါင်းတို့တွင်မဂ္ဂင် ၈ ပါး တရားမြတ် မပြည့်စုံသေးသောကြောင့်ဖြစ်ပေသည်။

ဝါတော် ၂၀ ပြည့်ပြီးမှသာလျှင် သာဝကများလည်း ပါရမီပြည့်ပြီးလျှင် မဂ္ဂင် ၈ ပါး အင်္ဂါနှင့် ညီညွတ်ပြီဖြစ်သဖြင့် မဂ္ဂင် ၈ ပါး အနက်မှ သမ္မာသတိမဂ္ဂင်ကို ထုတ်နုတ်တော်မူ၍ ဤမဟာသတိပဋ္ဌာန်တရားမြတ်ကို ဖွင့်တော်မူခြင်း၏ သဘာဝကိုလည်း ထောက်ဆပြီးလျှင် ဤမဟာသတိပဋ္ဌာန် လုပ်ငန်းစဉ်ကို လွယ်လင့်တကူ ပေါ့ပေါ့ဆဆ ဆွဲကိုင်အားထုတ်ခြင်းငှာ မအပ်ပုံကို အထူးသတိပြုသင့်လှပါသည်။

တဖန်တုံ အထက်၌ ဟောတော်မူသည့်အတိုင်း သွားလျှင်သွားသည်ဟု သိရုံမျှဖြင့်သော် သမထလုပ်ငန်းစဉ်၌ ကျရောက်သည်ဖြစ်၍ ရုပ်နာမ်ကူးသောအခါ၌ မသိဒါ ရုပ်- သိဒါနာမ်- (တနည်း) သွားသည်ကား ရုပ်- သိသည်ကား နာမ်တည်း ဟူသော ပညတ် ရုပ်နာမ်သာလျှင် ကူးနိုင်မည်ဖြစ်ပေသည်။

> သတိဟူသည် ပညာ၏အရာဖြစ်၏။ သညာဝိညာဏ်၏ အရာမဟုတ်သည်ကိုလည်း သတိပြုသင့်ပါသည်။

**သတိ။** ။သို့ဖြစ်၍ ဤသတိပဋ္ဌာန် လုပ်ငန်းစဉ်ကြီးကို အားထုတ်လိုသော အကြင် ပုဂ္ဂိုလ်သည် ပထမအစအားဖြင့် ကမ္ဘာ့တရားနှင့် သာသနာ့တရား ၂ ပါး၏ ခြားနားချက်ကို သိနားလည်ရပေမည်။

**အန္ဓနှင့်ကလျာဏပုထုဇဉ်ခြားနားချက်သဘော**

(၁) အန္ဓပုထုဇဉ်- ဟူသည် ခန္ဓာ- အာယတန- ဓာတ်- သစ္စာတရားတို့ကို ယထာဘူတ အသိဖြင့်မသိသော ပုဂ္ဂိုလ်(တနည်း)နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟ ဉာဏ် ၂ ပါးကို မမျိုနိုင်သောပုဂ္ဂိုလ်ဖြစ်၍-

(၂) ကလျာဏပုထုဇဉ်ဟူသည်မှာ- နာမရူပပရိစ္ဆေဒ ဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ် ၂ ပါးကို ယထာဘူတအသိပညာဖြင့် မျိုပြီးသောပုဂ္ဂိုလ်ဖြစ်၏။

(ဤသည်ကား-ဒေသနာနည်းဖြစ်၏)

**လက်တွေ့သဘာဝနည်းကား**

ယခုရှေ့မှောက်၌ ရှိသော လဘက်ရည် ပန်းကန်ကို မြင်သော်- ဘာဟု ပြောမည်နည်း? လဘက်ရည်ပန်းကန်ဟုပြောမည်။ သို့ပြောသော်- ထိုလဘက်ရည်ပန်းကန်တည်းဟူသော **အမည်** (တနည်း)နာမပညတ်သည် ဘယ်ကပေါ်ထွက်လေသနည်းဟု ထပ်ဆင့်အမေးပြုသော်- လဘက်ရည်ပန်းကန်တည်းဟူသော အစိုင်အခဲဃန ဓာတ်လေးပါး အပေါင်းအစုက ပေါ်ထွက်သည်ဟု ဖြေကြားမည်လော?

သို့ဖြေဆိုသော်- မည်လိုမည်ကဲ့သို့သော ပုဂ္ဂိုလ်ပင်ဖြစ်စေ- ထိုပုဂ္ဂိုလ်သည် အန္ဓပုထုဇဉ် စင်စစ်ဖြစ်၏။ ဤပုဂ္ဂိုလ်သည်ပင်လျှင် မိမိ၏ ခန္ဓာ ၅ ပါး ကောင်ကြီးကို ငါ-ငါ-ဟု စွဲယူသည် မည်သဖြင့် ပုံစံအမှတ် ၁ တွင် ဖော်ပြသော သက္ကာယဒိဋ္ဌိကအုပ်စိုးနေနိုင်ခြင်းဖြစ်ပေသည်။

သို့ဖြစ်၍- ၎င်းသက္ကာယဒိဋ္ဌိကို ဖြိုဖျက်နိုင်ရန် ကမ္မဇတရားသဘောကို အစဦးထား၍ ဟောရခြင်းဖြစ်၏။ ဒေသနာနည်းနှင့် လက်တွေ့နည်း (တနည်း) သဘာဝနည်း နှစ်နည်းတွင် သဘာဝနည်းသည်သာ အကျိုးကြီးသဖြင့် (တနည်း) သဘာဝနည်းကျယ်မှ မဂ်တရား- ဖိုလ်တရားကိုရယူနိုင်မည်ဖြစ်၍ သဘာဝနည်းကို ကြိုးစား၍ကိုင်ကြရာ၏။

**ကမ္မဇတရားနှင့်သာသနဇတရားသဘာဝ**

(၁) သညာဝိညာဏ် ၂ ပါးဖြင့်ဆွဲကိုင်ပြီး စွဲယူသိမ်းပိုက်ခြင်းသည် ကမ္မဇတရားမည်၏။

(၂) ထိုသညာဝိညာဏ် ၂ ပါးမှ လွတ်သော ပညာသိသည် သာသနဇတရားမည်၏။

ထို့ကြောင့် အထက်၌ ဟောတော်မူသော လဘက်ရည်ပန်းကန်တည်းဟူသော အမည်နာမပညတ်သည် ဓာတ် ၄ ပါး အပေါင်း အစုဃနက ပေါ်ထွက်သည်ဟု စွဲယူခြင်းသည် အန္ဓပုထုဇဉ်တို့၏ အသိဖြစ်ပြီးလျှင် ကမ္မဇတရား၌ဝင်ကြောင်း နာကြားပြီးခဲ့၏။ ဤသည်ကား- ထိုပုဂ္ဂိုလ်သည် အရိယာတရားတို့၌ မသိမလိမ္မာခြင်း၊ မထွင်းဖောက်နိုင်ခြင်းတို့ကြောင့်ပင်ဖြစ်၏။

အချုပ်မှာမူ ဓာတ် ၄ ပါးအပေါင်းအစုဖြစ်သော လဘက်ရည်ပန်းကန်မှ နာမပညတ်နှင့် သဏ္ဌာနပညတ် ၂ ပါးတို့သည် ပေါ်ထွက်၏ဟု ယူသည်ပင်လျှင် သက္ကာယဒိဋ္ဌိမင်းကြီး အုပ်စိုးသည်မည်၏။

**သဿတဒိဋ္ဌိနှင့်ဥစ္ဆေဒဒိဋ္ဌိသဘော**

(၁) နာမပညတ်သည်- ဓာတ် ၄ပါးအပေါင်းအစုဖြစ်သော လဘက်ရည် ပန်းကန်မှ ပေါ်ထွက်သည်ဟု အနှစ်အသားအနေဖြင့် စွဲယူခြင်းသည် သဿတဒိဋ္ဌိမည်၏။

(ရုပ်တရားအပေါ်၌စွဲယူခြင်းသဘောဖြစ်၏)

(၂) နာမ်တရားမည်သည်- အစဉ်ရှိသော တရားမဟုတ်- ရုပ်တရားကိုမှီ၍ ဖြစ်ပြီးလျှင် တခါတည်းပြတ်၏။ ကင်း၏ဟုစွဲယူခြင်းသည် ဥစ္ဆေဒဒိဋ္ဌိမည်၏။

(နာမ်တရားအပေါ်စွဲယူခြင်းသဘောဖြစ်၏)

၂၂-၇-၆၇

"သဘာဝနယ် သိဉာဏ်ကျယ် မဂ်ဝင်ဖိုလ်သို့ဆိုက်လတံ့" ဟူသည်နှင့်အညီ သဘာဝ ဉာဏ်ကျယ်သည်ထက်ကျယ်မှသာလျှင် ခရီးရောက်မည်ဖြစ်၏။ ထို့ကြောင့်-

(၁) ဝိပဿနာပညာသည်ကား သဘာဝနယ်ကိုကျယ်သည်ထက်ကျယ်စေရ၏။

(၂) သမထအလုပ်သည်ကား သဘာဝနယ်ကျဉ်းသည်ထက် ကျဉ်းစေရခြင်း ဖြစ်သဖြင့် အဘယ်မျှကွာခြားသည်ကိုသိရာ၏။

ဥပမာသော်- ဥဒယဗ္ဗယဉာဏ်ဖြစ်သော "ဖြစ်-ပျက်" ပညာသည် ယခုအများပင် အားထုတ် ကြိုးစားပြောဆိုလျက်ရှိကြ၏။ သို့သော် ဤ"ဖြစ်-ပျက်"တရားသည်ပင်လျှင်-

(၁) ဝိညာဏ်မြင် "ဖြစ်-ပျက်"နှင့်

(၂) ပညာမြင် "ဖြစ်-ပျက်"

ဟူ၍ ၂ ပါးပြားလျက်ရှိရာတွင် တခုသောတရားကိုအားထုတ်၍ အပြင်မှာသော်၎င်း အတွင်းခန္ဓာ ပေါ်မှာသော်၎င်း တလှုပ်လှုပ်တရွရွ လက္ခဏာများကိုတွေ့မြင်ခြင်းသည် သဏ္ဌာန်-အရိပ်-နိမိတ်-လက္ခဏာ မကင်းသည်ဖြစ်သဖြင့် သညာဝိညာဏ်၏လုပ်ကြံမှု-သညာဝိညာဏ်မြင်"ဖြစ်-ပျက်"မည် ၏။ ၎င်းသည် အားထုတ်သောလူတိုင်းတွေ့မြင်နိုင်သည်ဖြစ်၏။ ဘုရားရှင်အလိုတော်ကျ မဟုတ်သည် ဖြစ်ခြင်းကြောင့် သမထတရား(တနည်း)ကမ္မဋ္ဌာန်းတရားသာ၌ဝင်၏။

"ပညာမြင်-ဖြစ်-ပျက်"ကား ဖြစ်သဘော၏ သဘောသဘာဝကို မြင်မှသာလျှင်"ဖြစ်-ပျက်" အစစ်ဖြစ်၏။

သို့ဖြစ်၍ အန္ဓအဖြစ်မှ ကျွတ်လွတ်၍ ကလျာဏ ပုထုဇဉ်အဖြစ် တက်လှမ်းလိုသော ထိုပုဂ္ဂိုလ်အား အာနာပါနတရားအပါအဝင် သတိပဋ္ဌာန် လုပ်ငန်းစဉ်ကို ပေးအပ်ရန် ရှိသော် မနောပေါက်ဓမ္မာရုံ၏ အလုပ်ဖြစ်သော အာနာပါနကြီးကို အစဦးပဌမအားဖြင့် မပေးအပ်မူဘဲ ပသာဒရုပ် ၅ပါးဖြစ်သော မျက်စိ-နား-နှာ-လျှာ-ကိုယ်သတိပဋ္ဌာန်များကို အားထုတ်လေ့လာ စေရန်ဖြစ်ပေသည်။ ဤလုပ်ငန်းစဉ်အတွက် အခန်းအောင်း တောထွက်ရန် မလိုသေးကြောင်းကို ယမန်နေ့ဟောစဉ်ဖြင့် သိပြီးဖြစ်ပေရာ—

ယခု ထို ၅ ပေါက်ကို ဝိပဿနာပိတ်ပိတ်နိုင်ရန်(တနည်း)အကျိုးကြီးသော အာနာပါန လုပ်ငန်းစဉ်ကြီးဝင်နိုင်ရန် နာမပညတ်နှင့် သဏ္ဌာနပညတ် ၂ ပါးပေါ်ထွက်နေသော လဘက်ရည် ပန်းကန်တည်းဟူသော ဓာတ် ၄ ပါးအပေါင်းအစု ယနကြီးကို အနတ္တဆိုက်ရောက်ရန်ကြိတ်ချေ ရဒပမည်။ အဘယ့်ကြောင့်ဟူမူ ထိုဓာတ် ၄ ပါးအစိုင်အခဲယနဖြစ်သော အရာဝတ္ထုတခုအား လဘက်ရည်ပန်းကန် အမှန်ဖြစ်၏ဟု စွဲသိမ်းပိုက်ခြင်းသဘောနှင့် မိမိခန္ဓာ ၅ ပါး ရုပ်နာမ်ကောင် ကြီးအား (တနည်း) ခန္ဓာပုရမ္မိကြီးအား ငါ ငါ ဟု စွဲယူခြင်းသည် ထပ်တူသဘာဝပင် ဖြစ်ခြင်း ကြောင့် သက္ကာယဒိဋ္ဌိမင်းတရားကြီး အုပ်စိုးသည်မည်၏။ ၎င်းလဘက်ရည်ပန်းကန် (တနည်း) မိမိ၏ခန္ဓာ ၅ ပါးကောင်ကြီးသည် လက်ရှိပစ္စုပ္ပန်သဘောဖြစ်၏။

ထိုသက္ကာယဒိဋ္ဌိပစ္စုပ္ပန်သဘောမှသည် သဿတဒိဋ္ဌိအတိတ်သဘောနှင့် ဥစ္ဆေဒဒိဋ္ဌိအနာဂါတ်သဘော ရေသောက်မြစ် ၂ချက်ဖြင့် ကုတ်ထား၏။

**ကုတ်ပုံမှာ-**

သတ္တလောကကြီး၏ သဘာဝအတိုင်း ထိုထိုသော သတ္တဝါတို့အား ဤ ကာ လ ၃ ပါး ယန္တရားဖြင့် တုတ်နှောင်ထားမှသာလျှင် သံသရာဝဋ်ဒုက္ခမှ မကျွတ်လွတ်နိုင်မည်ဖြစ်၏။ သို့ဖြစ်၍ လောကကြီး၌ သက်ရှိသက်မဲ့ ဘာပင်ပေါ်ပေါ် (ပစ္စုပ္ပန်သဘော) ရေသောက်မြစ် ၂ချက်သည် ချုပြီးကုတ်ပြီးဖြစ်၏။ (ဤဒိဋ္ဌိ ၂ချက်ကို ပညာမြင်ဥဒယဗ္ဗယဉာဏ်က ဖြတ်မည်ဖြစ်၏)

**အကြမ်းအားဖြင့်ကုတ်ပုံကိုဝင်စားသော်**

ငါး‌ပစ္စုပ္ပန် ခန္ဓာ ၅ ပါးကောင်ကြီးသည်အကြောင်းမဲ့မိုဃ်းပေါ်ကျလေလော? မဟုတ်ပေ၊ အတိတ်အကြောင်းတရားကြောင့်ပင် ဤခန္ဓာကောင်ကို ရခြင်းဖြစ်၏။ တဖန်ထိုခန္ဓာကောင်သည် တဘဝတခန္ဓာ ချုပ်သော် အပြီးတိုင်ပြီလော?မဟုတ်ပေ၊ ကိလေသာ မကုန်ခန်းသေးသ၍ နောင်တဖန်(တနည်း)အနာဂါတ်ဘဝတို့သို့ သွားရအုံးမည်ဖြစ်ခြင်းဖြင့် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂါတ် ကာလ ၃ပါး ယန္တရားဖြစ်ပုံကိုငင်း

**အနုနည်းအားဖြင့်ကုတ်ပုံကိုဝင်စားပြန်သော်**

မိမိ၏ ယခုရရှိနေသော ခန္ဓာ ၅ပါးကောင်သည် "မြဲ၏" "သာယာကြည်နူးဘွယ်ရှိ၏" ဟူသော အစွဲအယူဖြင့် အစစအရာရာတွင် တင့်တယ်စေရန် ပြုပြင်ခြင်းသည် သဿတဒိဋ္ဌိ မည်၍ အဝိဇ္ဇာပြဋ္ဌာန်းပြီးလျှင် (အမှန်တရားကို မမြင်နိုင်အောင်ပိတ်ဖုံးကာကွယ်ခြင်း)ဘဝတဏှာ မည်ပုံကိုငင်း-

တဖန်တုံ မိမိ၏ ပစ္စုပ္ပန်ခန္ဓာကောင်သည် တဘဝတခန္ဓာအမှန်ပင် သေရမည် ဟူသော အပြတ်သဘော သေပြီးနောက်လည်း ဤခန္ဓာကောင်သည် အနာဂါတ်သို့မသွားမရောက်ကင်းခြင်းသဘောတို့သည် ဥစ္ဆေဒဒိဋ္ဌိဖြစ်၍ တဏှာပြဋ္ဌာန်းပြီးလျှင် ဝိဘဝတဏှာမည်၏။

**သတိ၊** ။ဤဒိဋ္ဌိ ၂ပါးတို့ကား အာရုံ ၅ပါးမှလွတ်၍ အတိတ်နှင့်အနာဂါတ်သဘောတို့၌ စွဲယူသည် ဖြစ်သောကြောင့် သဘာဝမကျသော တဏှာတို့ ဖြစ်၏၊ အာရုံ ၅ ပါးတို့အပေါ်၌ကျရောက်သော တဏှာသည်ကား သဘာဝရှိ၏။

သို့ဖြစ်၍ ဒါနတရားမျှလောက်ဖြင့် အနားပင်မသီနိုင်သော ဤဒိဋ္ဌိတရားယုတ်တို့ကို သီလ၊ သမာဓိ၊ ပညာ သိက္ခာ ၃ပါးဖြင့် အပြီးတိုင်ပယ်သတ်နိုင်ရန် အရေးကြီးလှပါသည်။

အလွန်တရာမှပင် သိမ်မွေ့နက်နဲလှသော(တနည်း)အလုံးစုံသောတရားအပေါင်း၏လည်း လျှောင်းရာလည်းဖြစ်တော်မူသော ဤမဟာသတိပဋ္ဌာန်တရားမြတ်ကြီးသည်ကား သာမန်ပေါ့ပေါ့ ဆဆအားထုတ်ရုံမျှဖြင့် မပြီးနိုင်ပေ၊ စေ့စေ့စပ်စပ် နက်နက်နဲနဲ ကြိုးစား ကျင့်ကြံအားထုတ်မှသာလျှင် ပြည့်စုံနိုင်သောတရားလည်းဖြစ်ပေသည်၊

အဟုတ်တကယ်အားထုတ်သော ပုဂ္ဂိုလ်တို့တွင် အကျိုးတရားကြီး၇ပါးဖြစ်သော''အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ သောကပရိဒေဝါနံ သမတိက္ကမာယ ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယ ဉာယဿ အဓိဂမာယ နိဗ္ဗာနဿ သစ္ဆိကိရိယာယ ယဒိဒံ စတ္တာရော သတိပဋ္ဌာနာတိ'' အစရှိသော မဟာသတိပဋ္ဌာန်ပါဠိတော်လာသည့်အတိုင်း-

ရာဂစသော ကိလေသာအညစ်အကြေးမှ စင်ကြယ်စေခြင်း။

စိုးရိမ်ပူဆွေး ငိုကြွေးခြင်းတို့မှ လွန်မြောက်စေခြင်း။

ဆင်းရဲခြင်း နှလုံးမသာယာခြင်းတို့မှ ချုပ်ငြိမ်းစေခြင်း။

အရဟတ္တမဂ် အရဟတ္တဖိုလ်ကိုရစေခြင်း။

မျက်မှောက် ပစ္စုပ္ပန်နိဗ္ဗာန်ကို မျက်မှောက်အာရုံ ပြုနိုင်စေခြင်းတို့ဖြင့် ပြည့်စုံစေသည်ဖြစ်သဖြင့်

(၁) ဒေသနာတွေ၊ (၂)လက်တွေ့နှင့် (၃) သဘာဝတွေဟူ၍ ၃ မျိုး ၃ စား ရှိရာတွင် ဒေသနာတွေမှ လက်တွေ့ ထို ၂ပါးမှထွက်သော ပညာတွေမှသာသဘာဝတွေဖြစ်ပေရာ၍သဘာဝတွေဖြင့် မဟာသတိပဋ္ဌာန်ရုပ်နာမ်ပိုင်း၊ ခန္ဓာပိုင်း၊ ပဋိစ္စသမုပ္ပါဒ် အပိုင်းကြီးတို့ကို တက်လှမ်းကြိတ်ချေနိုင်မည်ဖြစ်၍ အထူးကြိုးစားအပ်လှပါသည်။

**သတိ။** ။ပြီးခဲ့သော သကြံန်တွင်း ဟောတော်မူသည့် ဤတရားတွင် ဆရာတော် ဘုရား၏ သက္ကာယဒိဋ္ဌိပြုတ်ရန် အဘယ်ကဲ့သို့သောတရားကို ပထမကြိတ်ချေရမည်နည်းဟူသော အမေးပုစ္ဆာကို အမတ်ကြီးများအဖွဲ့ဖြစ်သော ဓာတ် ၄ ပါး၊ ဓာတ် ၈ ပါးကို ချေရပါမည်ဆိုသော အဖြေသည်ကား လက်တွေ့နည်းဖြစ်နေသေး၍ သဘာဝတွေကိုသိမြင်နိုင်ရန် ကြိုးစားဘို့ဆိုးမတော်မူ၏။

သို့ဖြစ်သော် ပညတ် ကို ပုန်ကန်မည်လော?၊ မရှိတရားဖြစ်၍ မလိုအပ်ပေ။ တဖန် ဃန ကို ပုန်ကန်မည်လော?၊ ၎င်းသည် သာသနာ့တရားဖြစ်၍ မသင့်ပေ၊ အ ထူး ကြံ ဆ ရန် အ ချက် ဖြစ်ပါသည်။

**ပပဉ္စတရား ၃ ပါး သဘာဝ**

သက္ကာယဒိဋ္ဌိသည် သံသရာကြီးထဲ၌ သာမန်အခြေအမြစ်မျှဖြင့် ရှိနေသည်မဟုတ်ပေ။

(၁) ဒိဋ္ဌိ-ငါ၊
(၂) တဏှာ-ငါ၊
(၃) မာန-ငါ

တည်းဟူသော ငါ ၃-ငါဖြင့် ရစ်ပတ်ဖွဲ့နှောင်လျက်ရှိသည်တွင်-

(၁) **ဒိဋ္ဌိ-ငါ** သည် မိမိ၏ခန္ဓာ ၅ ပါးကောင်ကြီးအပေါ်၌ အစွဲကြီးစွဲပြီးလျှင် ရုပ်နှင့် ငါ ရောထွေးပြီး တငါတည်း ငါခြင်းသဘောဖြစ်၏။

(၂) **တဏှာ-ငါ** ဤကဲ့သို့ ဒိဋ္ဌိ ငါဖြင့် စွဲယူခဲ့သော် မိမိနှင့်တကွ မိမိ၏သားမယား ခြွေရံသင်းပင်း စည်းစိမ်ဥစ္စာတို့အပေါ်၌ သာယာတင့်တယ်စေကြောင်း ဆန္ဒရာဂဖြင့် ရစ်ပတ်ဖွဲ့နှောင်ခြင်းသဘောဖြစ်၏။


(၃) **မာန-ငါ** နောက်ဆုံးသော် အစွဲပြင်းထန် ကြမ်းတမ်းလာသည့်အတိုင်း လောကကြီးတွင် ငါမှငါတည်းဟူသော လက်မောင်းတမ်းမှုသည်ဖြစ်၏၊ လောကီအလုပ်ဟူသမျှ ဤမာန ငါသည် အမြဲယှဉ်၏။ ၎င်းသဘာဝမပါရှိက ဘာကိုမျှမပြုလုပ်နိုင်ကြောင်း မြင်အပ်ပေသည်။

ဆင်အာဇာနီ၊ မြင်းအာဇာနည်၊ နွားလားဥသဘအာဇာနီ၊ လူအာဇာနီတို့၏ နောက်မတွန့်သောသတ္တိသည် အခြားမဟုတ်ပေ၊ အတ္တစွဲကြီးမှ ပေါ်ထွက်သော စွန့်စားမှု ဟူ၍လည်း သုံးသပ်သင့်ပါသည်။

ထို့ကြောင့် အတ္တဒိဋ္ဌိ၊ အတ္တာနုဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ မပြတ်လေသေးသ၍ အပါယ် ၄ဘုံမှ လွတ်ပြီဟုမဆိုနိုင်ခြင်း၏ လေးနက်ပုံကို ဂရုပြု၍ ပသာဒရုပ် ၅ ပါး သတိပဋ္ဌာန်ကို ပြီးပြည့်စုံရန် အရေးကြီးလှပါသည်။ သို့မှသာလျှင် သံသရာကိုချဲ့ထွင်တတ်ကုန်သော ငါ ၃ ငါ အစွဲကြမ်းတို့မှ လွတ်ခါဝိသမလောဘ အဓမ္မရာဂတရားဆိုးတို့တန့်တခြားအားနည်းဆုတ်ယုတ်မည်ဖြစ်ပေသည်။

ထိုမျှသာ မဟုတ်သေး ဤကဲ့သို့ ၄ လ နေ့ ည သင်တန်းနည်းကိုနာယူ၍အားထုတ်သော ပုဂ္ဂိုလ်တို့ကို ထားဘိဦး၊ တိရစ္ဆာန်သာဖြစ်သော ဒတ္တနွားလားဥသဘသည်ပင် ဇိဝိန်ချုပ်ခါနီးကာလ တပါးသောရဟန္တာအရှင်မြတ် ရွတ်ဖတ်တော်မူသော မဟာသတိပဋ္ဌာန်သုတ်ကိုကြားနာရခါမျှဖြင့် အတိတ်ဘဝမှ မပြတ်ရွတ်ဆိုဘူးခဲ့သော မိမိ၏ တရားကိုထင်မြင်ပြီးလျှင် နတ်ဘဝသို့လားသည့် ဝတ္ထုကိုထောက်ဆ၍ ယခုဘဝ ယခုတရားကို ရက်ရှည်လများနာယူအားထုတ်ခွင့်ရသော ပါရမီကို အသားတက်သည်ထက်တက်စေမှသင့်မည်ဖြစ်ပေသည်။

(ပုံစံ အမှတ် ၂) ၂၃-၇-၆၇




## မီးခတ်ကြီး ၄ ပါးလောက တည်နေပုံ

ယမန်နေ့တရားတွင် သဘာဝတွေ့ဖြစ်ရန် အဘယ်တရားကို ပုန်ကန်ရမည်နည်း ဟူသော အမေးပုစ္ဆာကို ဖြေဆိုရန်ဖြစ်ပေရာ ဦးဝင်းဒဖ၏ လျှောက်ထားချက်ဖြစ်သော ဒိဋ္ဌိဥပဒေကို ပုန်ကန်ရမည်ဆိုသည်မှာမှန်၏။ ၎င်းသဘာဝကို အကျယ်ဝင်စားသော်-

အာနာပါနလုပ်ငန်းစဉ်သည် ဒေသနာတွေ့၊ လက်တွေ့၊ သဘာဝတွေ့များအနက်ဒေသနာ တွေ့နှင့် လက်တွေ့နည်းများသာရှိပြီး သဘာဝတွေ့ကား မရသေးပေ။

### အတွေ့ ၃ ပါး သဘာဝပုန်ကန်ပုံ

(၁) **ဒေသနာတွေ့**- အနေဖြင့်သော် သက္ကာယဒိဋ္ဌိ မင်းကြီးကို ပုန်ကန်ရမည်ဟု ပြောရန်ဖြစ်၏ ၎င်းတ မြတ်သည် အန္ဓပုထုဇဉ်တို့၏ သညာဝိညာဏ်ဖြင့် အလွယ်တကူ မြင်လွယ်ထင်လွယ်ရန် ပညတ်သဘော မှတ်တမ်းတင်၍ ဟောတော်မူခြင်းဖြစ်၏။ ဤပညတ်သဘောကို

ဥဂ္ဃဋိတညုပုဂ္ဂိုလ်နှင့် ဝိပဉ္စိတညုပုဂ္ဂိုလ်မြတ်တို့သည်သာထွင်းဖေါက်၍သဘာဝသဘောကိုသိမ်း ပိုက်တော် မူနိုင်ကြ၏။ ယခုခေတ်မှာမူ ထိုပုဂ္ဂိုလ်မြတ် ၂ ပါးတို့ ကွယ်သလောက်ရှိ၍ ဤဒေသနာ တွေ့အသိဖြင့် ယခုလူတို့ပေါက်ရောက်ရန် မလွယ်ကူဖြစ်ပေသည်။

(၂) **လက်တွေ့နည်း**- အနေ ဖြင့်သော် တာဝန်ခံအမတ်ကြီးများအဖွဲ့ ဖြစ်သော ခာတ် ၄ ပါး၊ ခာတ် ၈ ပါးကို ပုန်ကန်ရမည်ဟု ပြောရန်ဖြစ်၏။ အဘယ့်ကြောင့်ဟူမူ သက္ကာယဒိဋ္ဌိသည် နာမပညတ်နှင့် သဏ္ဌာနပညတ်မှပေါ်ထွက်၍ ၎င်းပညတ် ၂ ပါးသည် ခာတ် ၄ ပါး ခာတ် ၈ ပါး မှ ပေါ်ထွက်ခြင်းဖြစ်ပေရာ သက္ကာယဒိဋ္ဌိ၏ ရေသောက်မြစ် ဖြစ်သော ဤခာတ် ၄ ပါး၊ ခာတ် ၈ ပါး အပေါင်းအစု ဃနကို ပုန်ကန်ရန်ဖြစ်သဖြင့် ၎င်းဃနကို လက်တွေ့ အဆင်းရဲ အပင်ပမ်းခံ ၍ ကြိတ်ချေနိုင်သော ပုဂ္ဂိုလ်သည်နေယျပုဂ္ဂိုလ်ဖြစ်၏။ သာသနာတော် နှစ်ပေါင်း ၁၀၀၀ ကျော် လွန်ခဲ့ပြီးနောက် ဤကဲ့သို့သော ပုဂ္ဂိုလ်မျိုးသာ ရှိတော့၏။ ထိုပုဂ္ဂိုလ်သည်သာလျှင် ပဋိပတ္တိက္ကမ ပညာ (တနည်း) စိန္တာမယပညာကို လက်ကိုင်ပြု၍ ထွင်းဖေါက် သိမြင်နိုင်မည်ဖြစ်၏။ (ရှေ့၌ ထင်ရှားမည်)

**သတိ။** ။ဤလက်တွေ့နည်းဖြင့်ထွင်းဖေါက်ရာ၌ စင်ကြယ်သင့်သလောက်မစင်ကြယ်သေးခြင်းကား ၎င်း ခာတ် ၄ ပါး အပေါင်းအစုဃနတွင် ငုပ်၍ပါရှိသော "အပြုသဘော" "အဖြစ် သဘော" ပရမတ် သဘာဝပါ-ပါသွားနိုင်ပြီးလျှင် ဥစ္ဆေဒဒိဋ္ဌိ (တနည်း) ဘာဝမျှမရှိ သော (တနည်း) ဘာဝမျှမကျန်သော အဘာဝ၌ ကျရောက်ခါ တရားခံအစပျောက် နိုင်၍ပင်ဖြစ်၏။ အချုပ်ဆိုမူ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒ ဒိဋ္ဌိ ၂ ပါး မလွတ်၍ဖြစ်၏။

ခာတ် ၄ ပါးတွင် သညာဝိညာဏ် လုပ်ကြံ၍ရသော ခာတ် ၄ ပါးနှင့် သညာဝိညာဏ် လုပ်ကြံ၍ မရနိုင်သော ခာတ် ၄ ပါးဟူ၍ ၂ မျိုး ၂ စားပြားလျက် ရှိပုံကိုလည်း ဉာဏ်ဝင်စား သင့်ပါသည်။

(၃) **သဘာဝတွေ့**- အနေဖြင့်သော် ဒိဋ္ဌိဥပဒေကို ပုန်ကန်ရမည်ဟုဆိုရန်ဖြစ်၏။ ၎င်း ကား သညာဝိညာဏ်လုပ်ကြံ၍ရသော ခာတ် ၄ ပါး(တနည်း)ဒိဋ္ဌိစွဲခာတ် ၄ ပါးကို ကြိတ်ချေခြင်း ဖြစ်ပေရာ ယခုကလ္လာအတွက် သတိပဋ္ဌာန် သာသနာ့တရားကို ဝင်ရောက်ရန်ဖြစ်သဖြင့်ဒေသနာ နည်း လက်တွေ့နည်း သဘာဝနည်း အစုံဖွင့်၍ ပသာဒရုပ် ၅ ပါး သတိပဋ္ဌာန်ကို ကိုင်တွယ် ရန် ဖြစ်ပေသည်။

ထို့ကြောင့် ယခုလက်ဘက်ရည်ပန်းကန်ကို မြင်၏။ သို့မြင်သော်၊ ကြားသော်၊ နံသော်၊ စားသော်၊ ထိတွေ့သော် အမည်(တနည်း) နာမ ပညတ်တခုခုကား မလွဲအမှန် ပေါ်တော့မည် ဖြစ်၏။ ဤကဲ့သို့နာမပညတ် မပေါ်နိုင်ရန်မှာ ပသာဒရုပ် ၅ ပါးဖြင့် မဖမ်းမတွေ့နိုင်မှသာလျှင် ဖြစ်ပေမည်။

အထက်၌ ပြဆိုခဲ့သည့်အတိုင်း ခာတ် ၄ ပါး ပရမတ်တွင်-

(၁) သညာဝိညာဏ် ဆွဲကိုင်၍ရသော ပရမတ်နှင့်

(၂) သညာဝိညာဏ်ဆွဲကိုင်၍ မရသော ပညာမြင် ပရမတ်ဟူ၍ ၂ ပါး ရှိပေရာ ယခု

လက်ဘက်ရည် ပန်းကန်ဟု ပြောနိုင်သော ဤဃနကား သညာဝိညာဏ်ဆွဲကိုင်၍ ရသော ပရမတ်ဖြစ်၏။ သို့ဖြစ်၍ သက္ကာယဒိဋ္ဌိ မပေါ်ထွက်နိုင်ရန် ၎င်းဃနကို ချေရမည် ဖြစ်ပေသည်။

ပုံစံအမှတ် ၂ သည် သမူဟဃန (တနည်း) အပေါင်း သဘောနေပုံကို ပြသော ပုံစံဖြစ်၏။

သို့ချေနိုင်ရန် ရှင်တော်မြတ်က ကလျာဏမျက်စိဖြင့် မချေမှီ ထိုဃနကြီးဘယ်လိုဘယ်ကဲ့သို့ ပေါင်းနေသည်ကို မြင်နိုင်မည်ဟုဆိုးမတော်မူရာ-

''လူသာမံ၊ နတ်သာမံ၊ ပုထုဇဉ်သာမံတို့ မကြံအပ် မကြံစီရာ ဝရဇိန်မိုးကြိုးစက်သွားပမာ စိန္တာမယပညာ တိဟိတ်ပုဂ္ဂိုလ်တို့နှင့်သာ ထိုက်တန်ရာသော သဘာဝဖြစ်၏''ဟူ၍လည်း ပညာရှိအရှင်မြတ်တို့ ဟိက်ခတ်တော်မူချက်ကို သတိမူသင့်ပါသည်။

**တိဟိတ်ပုဂ္ဂိုလ်၏ ဇာတိပညာသဘာဝ**

၎င်းသည် အလိုလိုကြံစည်နိုင်သော ပညာဖြစ်၍ ဟိတ်အားဖြင့်-

(၁) အလောဘဟိတ် (ဒါနအမြုတေ)

(၂) အဒေါသဟိတ် (သီလအမြုတေ) နှင့်

(၃) အမောဟဟိတ် [ဘာဝနာအမြုတေ (တနည်း) ပညာအမြုတေ]

အားဖြင့် အမိဝမ်းတွင်း ပဋိသန္ဓေယူစဉ်ကပင် ပါလာသောပညာဖြစ်၍ဇာတိပညာမည်ပေသည်။

ဒွိဟိတ်ပုဂ္ဂိုလ်တွင်- အလောဘနှင့်အဒေါဟိတ် ၂ပါးသာရ၏၊

အဟိတ်ပုဂ္ဂိုလ်တွင် ကား ဟိတ်တပါးမျှမရပေ။

ဤသို့အားဖြင့် တိဟိတ်ပုဂ္ဂိုလ်သည် စိန္တာမယပညာဖြင့် မြင်တိုင်း ကြားတိုင်း သတိလျှင်ပြဋ္ဌာန်းပြီး ဃနကိုကြေစေ၍ သက္ကာယဒိဋ္ဌိနယ်ကြီး တန္ဓေ တခြား ခန်းချောက် ကျဉ်းမြောင်းတော့သည်ဖြစ်၏။

**သညာဝိညာဏ်ဖြင့် ခေတ် ၄ပါးကိုရှုပုံ**

ယခု မိမိ၏ရှေ့မှောက်၌ရှိသော လက်ဘက်ရေပန်းကန်ကို မိမိ၏လက်ညိုးဖြင့် ထိတို့ကြည့်သော် မာသည်ဟု တွေ့သိ၏။ ဤအတွေ့သည် မိမိကိုယ်တိုင် မိမိ၏ လက်ဖြင့် တို့ထိ၍ သိရသည့် ''မာသဘော''ပင် ဖြစ်ပေရာ မိမိကိုယ်တိုင် အများသူငါ ကမ္ဘဋ္ဌာန်းထိုင်၍ ခန္ဓာကိုယ်၌ တွေ့သိရသော ''မာသဘော'' ''ပူသဘော''များနှင့် မထူးခြားပုံ သဘာဝကိုလည်း သတိပြုသင့်ပါသည်။

တဖန်တို့ ထိုခေတ် ၄ ပါးတို့၏ တပါးထက်သော် ကျန်ခေတ် ၃ပါးတို့ထက်၍ တပါးနုန္နသော် ကျန်ခေတ်တို့လည်း နုန့်ပုံစသည့် လက္ခဏာသဘောတို့ကို သိမြင်ခြင်းသည်လည်း သညာဝိညာဏ်သိပင်ဖြစ်ကြောင်း ထင်ရှားပေသည်။

**သတိ၊ ။ဇာတိပညာ(တနည်း)စိန္တာမယပညာဟူသည်မှာ**

ဤဓာတ် ၄ပါးတို့၏ အလွန်နှင့်အယုတ် (တနည်း) အထက်နှင့်အနုန့်ရှိနေခြင်းဖြင့် **ဓာတ် ၈-ပါးဖြစ်လာ၏။** ဤကဲ့သို့ ဓာတ် ၁ပါးလျှင် အလွန်နှင့်အယုတ် (တနည်း) အထက်နှင့် **အနုန့် ၂-ချက်** ဘာကြောင့်ဖြစ်ပေါ်ရလေသနည်းဟူ၍ ဆင်ခြင်တုံဉာဏ်ဖြင့် မြင်အောင်ရှုနိုင်ခြင်းကို **ဇာတိ** ပညာ (တနည်း) စိန္တာမယပညာဟုခေါ်၏။

ဤမျှဖြင့် ပညာ၏ထက်မျက်ပုံကို သိအပ်ပြီဖြစ်ပေသည်။

''တိက္ခ၊ ဟာသ၊ ဇဝန၊ ဂမ္ဘီဉာဏ် ၄လီဖြင့် အခွံကိုခွါ၊အကာကိုရှားအသားကိုချေ၊**အနှစ်** ကိုတေနိုင်မှ သဘာဝဓာတ်ထင်မြင်နိုင်သည်၏အဖြစ်ကိုငင်း'' ဟူဘိသို

(၁) ပဌမ အခွံကိုခွါသည်ကား ဥတုမှထွက်သော ရုပ်နာမ်ကိုငင်း
(၂) ဒုတိယ အကာကိုရှားသည်ကား အာဟာရမှထွက်သော ရုပ်နာမ်ကိုငင်း
(၃) တတိယအသားကို ချေသည်ကား စိတ်မှထွက်သော ရုပ်နာမ်ကိုငင်း
(၄) စတုတ္ထအနှစ်ကို တေသည်ကားကံမှထွက်သောရုပ်နာမ်ကိုငင်း တွေ့ရန်ဖြစ်ပေသည်။

၁၃၁၅-ခုနှစ်မှစ၍ ဖွင့်ဆိုတော်မူခဲ့နိုင်သည်ကား-

(၁) သဘာဝရုပ်နာမ်၊
(၂) သန္တတိရုပ်နာမ် နှင့်
(၃) အာရုံ အာရမ္မဏိကရုပ်နာမ်

ဟူ၍ ၃ပါးသာဖြစ်၏။ ယခု၁၃၂၉-ခုနှစ်မှသာလျှင် အထက်တွင် ဟောတော်မူသည့်အတိုင်း **ရုပ်** နာမ် ၄-ပါးကို မဟာသတိပဋ္ဌာန်လုပ်ငန်းစဉ်ဖြင့်ယှဉ်၍ တလတိတိဟောတော်မူမည်ဖြစ်ပေသည်။

**သာသနာ့တရားသဘာဝ**

အထက်တွင် ဟောတော်မူသည့်အတိုင်း သက္ကာယဒိဋ္ဌိ ရေသောက်မြစ်သည် ဓာတ်၄ပါး **အပေါင်းအစုဃနမှ** ထွက်ပေါ်သဖြင့် ဤဒိဋ္ဌိကြီး ပြိုကွဲပျက်စီးရန် ဃနကိုကြိတ်ချေရမည်ဖြစ်၏။ ဤသည်ပင် သာသနာတရားမည်၏။ ဤဃနကြီးကျေသည်ကိုပင် အနတ္တ ဆိုက်သည် မည်သဖြင့် သာသနာပတွင်လည်းရှိသော ဒါနမှုသီလမှုမျှဖြင့် မတင်းတိမ်မရောင့်ရဲမူ၍ ဘုရားရှင် ကိုယ်တော်မြတ်ကြီးတို့ ပွင့်တော်မူသော ခေတ်နှင့်ကြုံမှသိမြင်နိုင်သော ဤအနတ္တတရားကို ခဲရန်မဲရန်ဖြစ်ပေသည်။

ယခု ပုံစံအမှတ် ၂ကို ရှုသော် ဒဟမီးဓာတ်၊သန္တပ္ပနမီးဓာတ်၊ ဉသမမီးဓာတ်နှင့်ပရိပါစက **မီးဓာတ်** ၄ ပါးကို တွေ့နိုင်၏။ ၎င်းတို့မှာ

**(၁) ပရိပါစကမီးဓာတ်သဘော**

၎င်းမီးဓာတ်သည် သတ္တဝါတို့၏ ချက်ဘိုင်တွင်ရှိ၍ စားမျိုသော အာဟာရတို့ကို ချေချက်**ခြင်းအလုပ်ရှိ၏၊** ၎င်းသည် အသက်အနေဖြင့် ခန္ဓာကိုယ်ကြီးကို စောင့်ရှောက်သည် ဖြစ်သဖြင့်

ဇီဝိတိန္ဒြေဟုလည်းခေါ်၏။ (တနည်း) အပူနှင့်အအေး ၂ပါးပေါင်းပြီးလျှင်မျှတညီညွတ်စွာရှိနေခြင်းသည်လည်း ဤမီးဓာတ်၏လက္ခဏာဖြစ်၏။

## (၂) ဥသ္မမီးဓာတ်သဘော

၎င်းမီးဓာတ်သည် ခန္ဓာကိုယ်ကို မပုပ်မသိုးစေရန် စောင့်ရှောက်သော ပူနွေးသော မီးဓာတ်ဖြစ်၏။ သက်ရှိသက်မဲ့လောကတွင် အပူသဘော (ဖို-ဓာတ်)အအေးသဘော၊ (မ-ဓာတ်) ၂ပါးတို့ ညီညွတ်သော် အညွန့်အတက်ပေါက်ခြင်း၊ သားသမီးပေါက်ဘွားခြင်း တည်းဟူသော ဥတုသဘာဝ ဌီသဘောကိုပွားစီးစေသော မီးဓာတ်ဖြစ်၏။

## (၃) သန္တပ္ပနမီးဓာတ်သဘော

၎င်းမီးဓာတ်သည် ပြင်းစွာပူလောင်ခြင်းသဘောဖြစ်၏။ ၎င်းသည် အပူနှင့် အအေး မညီညွတ် မမျှတခြင်းဖြင့် ဗျာဓိသဘောဖြစ်သော အိုခြင်း-နာခြင်း-ရင့်ရော်ခြင်းတို့သည်ဖြစ်၏၊ အပျက်သဘောသို့ရှေ့ရှုသောမီးဓာတ်လည်းဖြစ်၏။

## (၄) ဒဟမီးဓာတ်သဘော

၎င်းမီးဓာတ်သည် အပြီးတိုင်လောင်မြိုက်ခြင်းသဘောဖြစ်၏၊ (တနည်း) အကျိုးတင်ခြင်းသဘောလည်းဖြစ်၏၊ ဥပမာသော် လူသေ၍မသာကောင်ဖြစ်ရခြင်းနှင့် သစ်ပင်သစ်ရွက်ရင့်ရော်၍ကြွေကျစေသောမီးဓာတ်ဖြစ်ပေရာ သခ်ာလောကကြီး၏ ရုပ်နာမ်သဘောအား ဤမီးဓာတ်ကြီးတို့အဘယ်မျှပြုပြင်စီမံနိုင်သည်ကို ဉာဏ်ကုန်နှိုက်၍ ကြံဆသင့်လှပါသည်။

၂၄-၇-၆၇

**သတိ။ ။ဇာတိပညာ(တနည်း)စိန္တာမယပညာဖြင့် ဓာတ် ၁ ပါး၏ လက္ခဏာ ၂ချက်ထွက်ပုံသဘော**

ရှင်တော်မြတ်၏ ၄၅ ဝါ ပတ်လုံး ဟောတော်မူသော ၈၄၀၀၀ ကုန်သော ဓမ္မက္ခန္ဓာအပေါင်းတို့သည် ဝိမုတ္တိရသ(တနည်း)အလုံးစုံသောကိလေသာမှလွတ်ခြင်း (တနည်း) သဒ္ဓာဝိဉာဏ်တို့ဝင်၍ မခွဲနိုင်ခြင်း အဘို့သာလျှင်ဖြစ်၏။ (ဤသည်ကား ကောဓမ္မောမည်၏)

ဤကဲ့သို့ ၈၄၀၀၀ပြား၍ ဟောတော်မူရခြင်းသည် သဒ္ဓါဝိဉာဏ်နယ်ပုဂ္ဂိုလ်တို့အတွက်ဖြစ်၍ ဤ၍ဤမျှပြား၍ ဟောတော်မူရခြင်းဖြစ်ပေသည်။

ထိုနည်းတူစွာပင် ဓာတ်ကြီး ၄ ပါးတို့သည်လည်း သဒ္ဓာဝိဉာဏ်နယ်အတွက် ဒေသနာအားဖြင့် (တနည်း) လက္ခဏာ သဘောအားဖြင့်သာ ၄ ပါးပြား၍ ဟောတော်မူခြင်း ဖြစ်၏၊ ၎င်း ၄ ပါးကို ကောဓမ္မောအဖြစ် ချုံးသော် **တေဇော** တပါးသာရ၏။ (သဘောမိအောင်ရှုပါရန်)

ၐင်းတေဇောဓာတ်တွင် "ဖြစ်တေဇော-ပျက်တေဇော" (တနည်း) "အလွှန်တေဇော-အယုတ်တေဇော"(တနည်း)"အထက်တေဇော-အနန့်တေဇော" ဟူ၍ ၂ ပါးထွက်၏။ (ပူသည် အေးသည်ဟူသောအပြောကား ဓာတ်ဆရာ ဗိန္ဓောဆရာတို့၏) တဖန် တေဇောသည် တိက္ခ= ထက်ခြင်း လက္ခဏာဖြစ်ရာ ထက်ခြင်းသဘောရှိသော် နုန့်ခြင်းသဘောလည်းရှိရပေမည်။

**ထက်ပုံ-နုန့်ပုံသဘော**

(၁) မီးဓာတ်ကြီး ၄ပါး အညီအညွတ် ပေါင်းစည်းမိသော် အထက် တေဇော ဖြစ်၍ ကျန် ဓာတ် ၃ပါးတို့လည်း ထက်ရတော့၏၊ ဥပမာအားဖြင့်-

ဝါယောသည် = တွန်းကန်သည့်ဘက်၌ရှိ၏။
အာပေါသည် = ဖွဲ့စည်းသည့်ဘက်၌ရှိ၏။
ပထဝီသည် = ခက်မာသည့်ဘက်၌ရှိ၏။

ထိုနည်းတူစွာပင်လျှင်-

တေဇောသည် - နုန့်၍(တနည်း)အအေးသဘောဖြစ်သော်
ဝါယောသည် - လှုပ်ရှားသည့်ဘက်၌ရှိ၍
အာပေါသည် - ယိုစီးသည့်ဘက်၌ရှိခါ
ပထဝီသည် - ပြေ့သည့်ဘက်၌ရှိရတော့သည့်ပြင်-

(၁) ပရိပါစကနှင့် ဥသမမီးဓာတ် ၂ ပါးသည် အနန့်ဘက်၌ရှိ၍
(၂) သန္တပ္ပနနှင့် ဒဟမီးဓာတ် ၂ ပါးသည် အထက်ဘက်၌ ရှိဟန်ကိုလည်း ဉာဏ်မြင် ရှင်းသင့်ပါသည် (၎င်းသည်ကား- အပျက်မီး ဓာတ်သဘာဝဖြစ်၏)

**သတိ။ ။ပြုပြင်ခြင်းခေါ်-ကံ-သဘာဝ**

၎င်းကဲ့သို့-အလွှန်-အယုတ်(တနည်း) အထက် အနန့် ၂ ပါးတို့ အပြန်အလှန် အမူအယာ ကိုပင် "ပြုပြင်ခြင်းသဘော-ကံဟု ခေါ်ဆိုရ၏ (ရှေ့၌ထင်ရှားမည်)"

သို့ဖြစ်၍ သဉ်တလောကကြီးတွင် အခြေခံအမာခံအစွမ်းထက်မျက်လှသော ၎င်းတေဇော အမူးပြုသော ဓာတ်ကြီး ၄ပါးကို သဘောမိမိချေမှုန်းနိုင်ရန် အလုပ်သည်မသေးငယ်သောတာဝန် ဖြစ်သည်ကို ရည်တော်မူသော ပညာရှိ သူတော်ကောင်းကြီးတို့က "အခွံကိုခွာ- အကာကိုရှား- အသားကိုချေ-အနှစ်ကိုတေနိုင်မှ သဘာဝဉာဏ်ထင်မြင်နိုင်သည်၏အဖြစ်ကို၎င်း" ဟူ၍ ဆိုဆုံးမ တော်မူရာ-

(၁) ဃနကိုချေရခြင်းသည်=အာကာသကိုထုတ်ပယ်ရခြင်းဖြစ်၍အခွံကိုခွာသည်မည်၏။
(၂) ပညတ်တရား ၄ ပါးကိုကြိတ်ချေခြင်းသည် = အကာကိုရှားသည်မည်၏။
(၃) အကြောင်းတရား ၄ ပါးကို ထုတ်သိမ်းခြင်းသည် = အသားကိုချေသည်မည်၏။
(၄) မီးဓာတ် ၄ ပါးကိုငြိမ်းစေခြင်းသည် = အနှစ်ကို တေသည်ဖြစ်၍ ၎င်းမီးဓာတ်မှ ရုပ်တရား နာမ်တရားပေါ်ထွက်မည်ဖြစ်၏၊ သို့ပေါ်ထွက်နိုင်မှ အတ္တဒိဋ္ဌိအစွဲကြမ်း ၂၀တို့ မှ ကျွတ်လွတ်မည်ဖြစ်ပေသည်။

**ယခုလက်ဘက်ရည်ပန်းကန်-ရုပ်ဃနကို ရှုဆင်ခြင်သော်**

ဒဟ- အဖျက်မီးဓာတ် ပြဋ္ဌာန်းသည်ဖြစ်၍ ဒဟမီးဓာတ်နှင့် သန္တပ္ပန မီးဓာတ်တို့ ပေါ်ပြီးလျှင် ဥသမ မီးဓာတ်နှင့် ပရိပါစက မီးဓာတ်တို့ငုပ်၏။ ထို့ကြောင့်၎င်း ဃနသည် အပျက်ဘက်သို့ သာလျှင် သွားလျက်ရှိခြင်းဖြစ်၏။ နာမပညတ်နှင့် သဏ္ဍာနပညတ်တို့သည် ဤဒဟ မီးဓာတ်နှင့် သန္တပ္ပန မီးဓာတ်တို့၏ ဖန်ဆင်းချက်ဖြစ်၏။

ပုံစံအမှတ် ၂ သည် အပျက်မီးဓာတ် သမူဟဃနကြီး တည်နေပုံဖြစ်၏။

အထက်၌ ဟောတော်မူသည့်အတိုင်း ပုံစံ အမှတ် ၂-၏ ဓာတ် ၄-ပါး အပေါင်းအစု သမူဟဃနကြီးကို ချေနေရခြင်းသည် အကြောင်းမဲ့ မဟုတ်ပေ။ ရုပ်တရား၊ နာမ်တရားတို့ကို တွေ့နိုင်ရန် ဖြစ်၏။

ဤသာသနာတော်တွင် အများပင် ပြောဟော အားထုတ်နေလေ့ရှိသော မသိတာ-ရုပ်၊ သိတာ-နာမ်ဟူ၍၎င်း။ (တနည်း)သွားသည့်-စားသည့်-ဤခန္ဓာကြီးအား ရုပ်၊ ၎င်းကိုသိသည်က နာမ်ဟူ၍၎င်း၊ (တနည်း) မာသည် ပူသည်ကား ရုပ်၊ ၎င်းကိုသိသည်ကား နာမ် စသည်တို့သည် သညာဝိညာဏ်၏ ဆွဲကိုင်မှုသာ ဖြစ်သဖြင့် ဤမဟာသတိပဋ္ဌာန် တရား၌ အကြုံးမဝင်နိုင်ဖြစ်၏။

ထို့ကြောင့်ဤကဏ္ဍတွင်

(၁) ဥတု-ပြဋ္ဌာန်းသော-ရုပ်နာမ်

(၂) အာဟာရပြဋ္ဌာန်းသော-ရုပ်နာမ်

(၃) စိတ်ပြဋ္ဌာန်းသော-ရုပ်နာမ်

(၄) ကံပြဋ္ဌာန်းသော-ရုပ်နာမ်အားဖြင့် အဆင့်ဆင့်တက်မည်ဖြစ်ပေရာ-

**အကြောင်းတရား ၄-ပါးနှင့် စတုဘုမ္မိကသဘော**

(၁) လူ့ဘုံ-ဥတု အကြောင်းတရား ပြဋ္ဌာန်း၏။

(၂) နတ်ဘုံ- အာဟာရအကြောင်းတရားပြဋ္ဌာန်း၏။

(၃) ဗြဟ္မာ့ဘုံ- စိတ်အကြောင်းတရားပြဋ္ဌာန်း၏။

(၄) အရိယာဘုံ- ကံအကြောင်းတရားပြဋ္ဌာန်းသဖြင့်

ဥတုပြဋ္ဌာန်းသောလူထက် အာဟာရပြဋ္ဌာန်းသော နတ်၏သဘာဝက ပို၍သိမ်မွေ့၏- နတ်ထက် စိတ်ပြဋ္ဌာန်းသောဗြဟ္မာက ပို၍သိမ်မွေ့၏- ဗြဟ္မာထက်ကံပြဋ္ဌာန်းသော ဘုရားရဟန္တာ အရိယာမြတ်တို့က ပို၍သိမ်မွေ့၏- သို့ဖြစ်၍ လူ့ခန္ဓာ လူ့လောကကို နတ်လောက,က ထွင်းဖောက်နိုင်ခြင်း- နတ်လောကကို ဗြဟ္မာလောက,က ထွင်းဖောက်နိုင်ခြင်း- ဗြဟ္မာလောကကို- ဘုရားရဟန္တာ လောက,က ထွင်းဖောက် နိုင်ခြင်းသည် ပို၍သိမ်မွေ့သော သဘာဝကြောင့်ပင် ဖြစ်ပေသည်။ ဤသဘာဝကို ပဋိလောမ (တနည်း)အပြန်နည်းဖြင့်လည်း သိမ်းပိုက်ရန်သင့်၏။

ဥပမာသော်-ဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူခါနီး ကာလ ရှင်တော်မြတ် အပါး၌ သီတင်းသုံးတော်မူကြသော ရဟန္တာ အရှင်မြတ်တို့၏ ခန္ဓာတော်ကို နတ်ဗြဟ္မာတို့ မထွင်းဖောက်နိုင်၍

ဘုရားရှင်ကို မဖူးမြင်နိုင်သည်ကို ရှင်တော်မြတ် သိတော်မူသဖြင့်ရဟန္တာအရှင်မြတ်တို့ကို အတိမ်း ခိုင်းတော်မူရသော သဘာဝကို ဝင်စားသင့်လှပါသည်။

**အကြောင်းတရား ၄-ပါးကို အကျယ်မဖွင့်မီ ပညတ်တရား ၄-ပါးသဘောကို သိသင့်ရာ**

(၁) နာမ ပညတ်
(၂) သဏ္ဍာနပညတ် } အထက်၌ဟောတော်မူပြီး၏။
(၃) သမူဟပညတ်=ဓာတ် ၄-ပါး၊ ဓာတ် ၈-ပါးတို့၏ ပေါင်းစပ်မှု သဘောဖြစ်၏။
(၄) သန္တတိပညတ်=ဓာတ် ၄-ပါး၊ ဓာတ် ၈-ပါးတို့ကို ပေါင်းစုနိုင်ရန် ဆက်စပ် ပေးခြင်း သဘော ဖြစ်၏။

(၁) နာမပညတ်နှင့် သဏ္ဍာနပညတ် ၂-ပါး အား = ပညတ်ဘက်မှာယူရ၏။
(၂) သမူဟပညတ်နှင့်သန္တတိပညတ် ၂-ပါးအား = ပရမတ်ဘက်မှာယူရ၏။

**အထူးသတိ။ ။လက်ဘက်ရည်ပန်းကန်တည်းဟူသော ရုပ်ဃနတွင် အကြောင်းတရား ၄-ပါး ပညတ် ၄-ပါးနှင့် ဓာတ် ၄-ပါးဝင်ပုံသဘော**

(၁) **ကံအကြောင်း**-အထက်ဟောစဉ်တွင်အကျဉ်းအားဖြင့် ပြဆိုခဲ့သည့်အကိုင်းနိယာမ သဘော ဓာတ်ကြီး ၄-ပါးတို့၏ အထက် အနန့် ၂-ချက်တို့၏ အပြန်အလှန် ပြုပြင်ခြင်းသည် ကံဖြစ်ကြောင်း နာကြားပြီးဖြစ်၏။ ဤကဲ့သို့ အထက်နှင့်အနန့် ပြုပြင်မှု သဘောသည် တခုသော လက္ခဏာ (တနည်း) ဓာတ်ကြီး ၄-ပါးတို့၏ အမူအယာ ဖြစ်မြောက်ရန် (တနည်း)ဆက်စပ်ရန် ဗျာပါရ သဘောဖြစ်၍ ပညတ်အားဖြင့် သန္တတိ ပညတ်၊ ဓာတ်အားဖြင့် တေဇောဓာတ် မည်၏။

(၂) **စိတ်အကြောင်း**-အာရုံကိုညွှတ်တတ် ကိုင်းတတ်သည်ဆိုခြင်းကား ပညတ်တရား နှင့် ယှဉ်၍ဆိုခြင်း ဖြစ်၏။ အမှန်သော် ၎င်းသည် ဆက်စပ်ခြင်းသဘောဖြစ်၏။ ဆက်စပ်သည်ဟူရာ၌ ကံအကြောင်းတရား သန္တတိပညတ်ဖြင့် မရောထွေးသင့်။ အဘယ့်ကြောင့် ဟူမူ ကံအကြောင်း တရား သန္တတိပညတ်သည် ဆက်စပ်ရန် ဗျာပါရမှုမျှရှိ၍ ယခုစိတ်အကြောင်းမှာကားဆက်စပ်ပြီး ဖြစ်၏။ (တနည်း) သင်္ခတလောကကြီးတွင် ရုပ်တရား နာမ်တရား အဖြစ်ဖြင့် ထင်ရှားစေရန် အာဟာရအကြောင်းသို့ ရှေ့ရှုသော ဓာတ်သဘာဝတို့ကို ပေါင်းစပ်ခြင်း(တနည်း)ပို့ဆောင်ခြင်း ဖြစ်၍ ပညတ်အားဖြင့် သမူဟပညတ်၊ ဓာတ်အားဖြင့် ဝါယောဓာတ် မည်၏။

(၃) **အာဟာရအကြောင်း**- အလုတ်အလွေ့အားဖြင့် ဝါးမျိုသော အစားအစာကိုမယူ သင့်၊၎င်းသည် ထောက်ပံ့ခြင်းသဘောဖြစ်၍ပသာ ဒရုပ် ၅-ပါးဖြင့် တွေ့ထိရန်မရနိုင်။မနောပေါက် (တနည်း) မနောဓာရုံဖြင့်သာ ဖမ်းယူနိုင်သော သဘောဖြစ်သဖြင့် နာမ်သဘောလည်းမည်၏။ ပညတ် အားဖြင့် သဏ္ဍာနပညတ်ဖြစ်၏။ သဏ္ဍာနပညတ် ဟူသည် အတို-အရှည်-အပု-အဝိုင်း စသည့် ပုံ ဟန်သဏ္ဍာန်ပင် ဖြစ်ပေရာထိုထိုသော ပုံဟန်သဏ္ဍာန်တို့သည်လည်း စင်စစ်သညာဝိညာဏ်၏ လုပ်

ကြီးခြင်းပင် ဖြစ်၏။ ဥပမာသော်- ဒုတ်ရှည်တချောင်းကိုပြသော် အရှည်ဟုပြောရ၏။ ၎င်းကိုဖြတ်၍ပြသော် အတိုဟု ပြောရပြန်၏။ သို့သော် အရှည်ရော့အတိုပါ ရုပ်ဓာတ်ပင် ဖြစ်ကြောင်းထင်ရှားသည် ဖြစ်သဖြင့် သဲ်ဘလောကကြီးတွင် အန္တပုထုဇဉ်တို့ ဤပုံဟန်သဏ္ဍာန်ကို ထောက်ပြီး အခိုင်အမာဆုပ်ကိုင် စွဲယူနိုင်မည်။ ဥတုအကြောင်းသို့ ရှေ့ရှုထောက်ပံ့ပေးခြင်း သဘော ဖြစ်၏။ ထို့ကြောင့် ဓာတ်အားဖြင့်အာပေါဓာတ်မည်၏။

(၄) **ဥတုအကြောင်း**- အပူ-အအေး ဥတုရာသီအနေဖြင့် မယူအပ်။ ၎င်းသည် သဲ်တလောကကြီး၌ အန္ဓပုထုဇဉ်တို့၏ ပသာဒရုပ် ၅-ပါးဖြင့် ထိတွေ့၍ လွယ်လင့်တကူ အခိုင်အမာ ဆွဲကိုင်နိုင်ရန် ထင်ရှားတည်ရှိပြီး ဖြစ်သော ဃနဖြစ်၏။ ဤကဲ့သို့ထင်ရှားသောဃနကိုမှီ၍အမည်အမျိုးမျိုး ပေါ်ထွက်ခြင်း ဖြစ်သဖြင့် ပညတ်အားဖြင့် နာမပညတ်ဖြစ်ပြီးလျှင် ပသာဒရုပ် ၅-ပါးဖြင့် ဖမ်းယူနိုင်လောက်အောင် ထင်ရှားတည်ရှိသောကြောင့်လည်း ဓာတ်အားဖြင့် ပထဝီဓာတ်မည်ပေရာ-

လက်ဘက်ရည် ပန်းကန် တည်းဟူသော အမည်တခု ခေါ်ဝေါ်သမုတ်နိုင်ရန် အရေးသဘာဝတရားတို့၏ အမူအယာ ပြုပြင်စီမံပုံတို့ကို ကံအကြောင်းမှသည် ဥတုအကြောင်း၊ ဥတုအကြောင်းမှသည် ကံအကြောင်းတို့ကို ပညတ်သဘော-ဓာတ်သဘောတို့နှင့်ဟပ်၍ ထပ်၍အကြိမ်ကြိမ် ဆင်ခြင် သုံးသပ်ပြီးလျှင် သိမ်မွေ့နက်နဲပြီးဖြစ်သော ဤအခြေခံ သဘာဝကို မိထားပါမှ ရှေ့တွင် ရင်ဆိုင်ရမည့် နက်နဲလှသော သဘောတရားတို့ကို ထင်နိုင်မြင်နိုင်မည်ဖြစ်သဖြင့်အထူးကြိုးစား သိမ်းပိုက်ထားသင့်လှပါသည်။

၂၅-၇-၆၇


**သတိ။ ။မြူ ၄-ပါးခွဲစဉ်သဘာဝ**

ရုပ်ဃနအား မြူ ၄-ပါး ခွဲစဉ်ဖြင့် ကြိတ်ချေစေခြင်းသည် တခါတည်း ပျောက်ပျက်သွားရန် မဟုတ်ပေ။ ပညတ် ၄-ပါး၊ အကြောင်းတရား ၄-ပါးတို့ကို ဖေါ်ထုတ်နိုင်ရန် ဖြစ်ပေသည်။ သို့ထုတ်ဖေါ်နိုင်ခြင်းသည် ပညာ၏အစွမ်းဖြစ်၏။

ဥပမာသော် အနတ္တဓမ္မသည် သုဉ်းဆိတ်ခြင်း သဘောဖြစ်၏။ ၎င်းကို သညာဝိညာဏ်ဖြင့်မရှိသဘောဟုယူသော် ဥစ္ဆေဒဒိဋ္ဌိ၌ကျ၏။ အမှန်သော်ကား- သုဉ်းဆိတ်ခြင်း ဟူသည် ငြိမ်းအေးခြင်း သဘောဖြစ်ရာ အချုပ်ဆိုသော် သညာဝိညာဏ် သုဉ်းဆိတ်ခြင်းဖြစ်၏။

ထိုနည်းတူစွာပင်လျှင် နိဗ္ဗာနဓာတ်ကိုလည်း သညာဝိညာဏ်ဖြင့်သာ ကြံဆသော် အရှိတရားအနေဖြင့်ယူက သဿတဒိဋ္ဌိ၊ ဘာမျှမရှိဟုယူက ဥစ္ဆေဒဒိဋ္ဌိ၌ကျပုံကို သတိမူသင့်ပါသည်။

(ပုံစံအမှတ် ၃)




**သညာသိ ပညတ်လောက သဘာဝခေတ် ၈-ပါးနေပုံ**

**လောကကြီး၏ ရုပ်သဘာဝ အစဦးတည်ပုံ**

လောကကြီး၏ ရောတည်ရုပ်ခေတ်မှာ ပထဝီ- အာပေါ- ဝါယော-တေဇော- ဝဏ္ဏ-ဂန္ဓ-ရသ-ဩဇာ-အာကာသဟူ၍ ရုပ် ၉-ပါးဖြစ်၏။ ဤရုပ်သဘာဝ၏ အပေါင်းအစုဖြစ်သော ဃန (တနည်း) သမူဟဃနကို မခွဲစိပ်မီ သဘာဝအားဖြင့် ၎င်းတို့အဘယ်ကဲ့သို့ ပေါင်းစပ်သည်ကို သိသင့်ပေသည်။ (အဘယ်ကြောင့်ဟူမူ အပျက်သဘောထက် အဖြစ်သဘောက ပို၍နက်နဲသော ကြောင့်ဖြစ်ပေသည်။ ဥပမာသော်- လူတယောက်အား- ဤလက်ဘက်ရေပန်းကန်ကို အခွဲနိုင်းသော် အလွယ်ပင် ပေါက်ခွဲနိုင်မည်ဖြစ်၏၊ သို့သော်- ဤပန်းကန်မျိုးတခု ပြုလုပ်ပါဆိုက ပြုလုပ်နိုင်မည်မဟုတ်သောသဘောဖြစ်၏)။

၎င်းတို့မှာ- (၁) ကမ္မဇရုပ်ကလာပ် ၉-စီး = ၎င်းသည် ပရိပါစကမီးခေတ်

(၂) စိတ္တဇရုပ်ကလာပ် ၉-စီး = ၎င်းသည် ဥသမမီးခေတ်

(၃) အာဟာရဇရုပ်ကလာပ် ၉-စီး = ၎င်းသည် သန္တပ္ပနမီးခေတ်

(၄) ဥတုဇရုပ် ကလာပ် ၉-စီး = ဒဟမီးခေတ်တို့ဖြစ်၏။

၎င်းတို့၏ သဘာဝကို အထက်၌ဟောတော်မူပြီး ဖြစ်ပေရာ ဤကလာပ်အားဖြင့် ၄-စီးရုပ်ခေတ်အားဖြင့် ၃၆ ပေါင်းစည်းသော်-ရထရေကျူမျှ (တနည်း) ဥတုဇမျှဖြစ်၍ ၎င်း၏ပမာနမှာလည်း ဘီးရထားဘီး၌ကပ်၍ပါနိုင်သော မျှဖြစ်၏။ ဤရထရေကျူမျှတို့ အနန္တ ပေါင်းစပ်ပြီးသော်မှသာ လက်ဘက်ရည်ပန်းကန်- စားပွဲ-ကုလားထိုင်- တော-တောင်-ရေ-မြေ-ပသာဒရုပ် ၅-ပါးဖြင့် ထိတွေ့နိုင်သော ရုပ်လောကကြီး ဖြစ်လာခြင်းဖြစ်၏။ ၎င်း၌မီးခေတ် ၄-ပါး အကြောင်းတရား ၄ ပါးတို့အစုံအလင်ရှိပြီးဖြစ်၏။

**သတိ။** ။(၁) ကမ္မဇရုပ် = ပရိပါစကမီးခေတ်နှင့် စိတ္တဇရုပ် = ဥသမမီးခေတ် ၂-ပါးတို့သည် ''ဖြစ်ကိန်း''ဖြစ်၍ ပရမတ်သဘာဝ ပညာသဘောဖြစ်၏။

(၂) အာဟာရဇရုပ် = သန္တပ္ပနမီးခေတ်နှင့်ဥတုဇရုပ် = ဒဟမီးခေတ် ၂- ပါးတို့ကား ''ပျက်ကိန်း''ဖြစ်၍ ပညတ်သဘောဖြစ်၏။

အမှတ်(၁)သဘာဝသည် ''အဖြစ်သဘော''''အထက်သဘော'' ဖြစ်၍ တက်ကပ်ခေါ် သမ္ဘတ္တိခေတ်ဖြစ်၏။

အမှတ်(၂)သဘာဝသည် ''အပျက်သဘော'' ''အနန္တသဘော''ဖြစ်၍ ဆုတ်ကပ်ခေါ် ဝိပ္ပတ္တိခေတ်ဖြစ်ပေရာ ပမာပြုခြင်း၌ မတတ်စကောင်းသော-သဘောမျှလောက်သာဟု သိမ်းပိုက်သင့်သော ဤရုပ် ၈-ပါး အပေါင်း အစုလည်း ဖြစ်သော ရောတည် သက်မဲ့ ရုပ်လောက၌ပင် ''ဖြစ်-ပျက်''သဘော (တနည်း)ပရမတ် ပညတ် ၂-ပါး တို့သည် ပရမတ်ရှိ၍ ပညတ်ရှိရသည့်နည်းတူ၊ပညတ်ရှိ၍ ပရမတ်ရှိကြောင်း ဉာဏ်မြင်ရှင်းသင့်လှပေသည်။

ထိုကြောင့် ဤရုပ်ခေတ် ၄-ပါး၊ မီးခေတ် ၄-ပါးတို့၏ ဗျာပါရကိုရည်တော်မူ၍ ရှင်တော်မြတ်သည် ဓမ္မစကြာဒေသနာတော်၏ ဇာတိ-ဇရာ၊ ဗျာဓိ- မရဏဟူ၍ဆုံးမတော်မူ ခြင်းသည် လောကကြီး စတင်တည်ထောင်သည်ဆိုလျှင်ပင် ဒုက္ခ ၄-ချက်ဖြင့်ပြီးကြောင်း မြင်စေတော်မူလို၍ ဖြစ်ပေသည်။

(၁) ဇာတိဒုက္ခ = သည် = ကမ္မဇရုပ် = ပရိပါစကမီးခေတ်ဖြစ်၏

(၂) ဇရာဒုက္ခ = သည် = စိတ္တဇရုပ် = ဥသမမီးခေတ်ဖြစ်၏

(၃) ဗျာဓိဒုက္ခ = သည် = အာဟာရဇရုပ် = သန္တပ္ပနမီးခေတ်ဖြစ်၏

(၄) မရဏဒုက္ခ = သည် = ဥတုဇရုပ် = ဒဟမီးခေတ်ဖြစ်၏

**သိက္ခာ ၃-ပါးသဘော**

အထက်ဖော်ပြပါ ရုပ်ခေတ်တို့၏ အပေါင်းအစု သမူဟကိုချေနိုင်ရန် သီလ-သမာဓိ-ပညာ သိက္ခာ ၃-ပါးဖြင့် အဆင့်ဆင့် တက်ရမည်ဖြစ်ပေရာ အများသူငါတို့ စောင့်ထိန်းလျက်ရှိကြသော ၅-ပါးသီလ၊ ၈-ပါး သီလကို လက်ကိုင် ပြုရမည်လော? မရပေ- အထူး စဉ်းစားရန် ဖြစ်၏။

ဂုင်းသည် ကမ္မဝါသီလ- ဓမ္မတာသီလမျှဖြစ်၍ ကာယကံ ဝစီကံတို့ကို စောင့်ရှောက်ပြီး လူကောင်း နတ်ကောင်းအဖြစ်ဖြင့် သံသရာမှ ကျွတ်လွတ်ခွင့် ရနိုင်သည်မဟုတ်သောကြောင့် ဖြစ်ပေသည်။

ဂုင်းသမူဟ စာနကို ခွဲစိပ်နိုင်မည့် သီလကား သိက္ခာ ၃-ပါးတွင်ဝင်သော သီလ ဖြစ်ရပေမည်။

**သိက္ခာ ၃-ပါးနှင့် ပဟာန် ၃-ချက်သဘော**

(၁) တဒင်္ဂပဟာန် = ကိလေသာတို့ကို တုန်လှုပ်စေတတ်၏။ သိက္ခာအားဖြင့် သီလသိက္ခာမည်၏။ (ဝိပဿနာပညာပါသောကြောင့်ဖြစ်၏။)

(၂) ဝိက္ခမ္ဘနပဟာန် = ကိလေသာတို့ကို ခွာရဲစေတတ်၏၊ သိက္ခာအားဖြင့် သမာဓိ သိက္ခာမည်၏။

(၃) သမုစ္ဆေဒပဟာန်= ကိလေသာတို့ကို အကျွင်းမဲ့ပယ်သတ်စေတတ်၏၊ သိက္ခာအားဖြင့် ပညာသိက္ခာမည်ပုံကို မှတ်သား၍-

**စတုပါရိသုဒ္ဓိသီလကြီး ၄-ပါးသဘော**

(၁) **ပါတိမောက္ခသံဝရသီလ=** အာမဘန္တေဖြင့် ခံယူဆောက်တည်သော စာရိတ္တသီလနှင့် ရှင်တော်မြတ်၏ ပညတ်တော်မူချက်ဖြင့် စောင့်ထိန်းသောစာရိတ္တသီလဖြစ်၏၊(သဒ္ဓါသည်လျှင်ပြဋ္ဌာန်းခြင်းရှိ၏)

(၂) **ဣန္ဒြိယသံဝရသီလ=** ပဿာဒရုပ် ၅-ပါးသော အကြည်ဓာတ်တို့ကို လောဘ-ဒေါသ-မောဟ- ကိလေသာ တရားယုတ်တို့ မဝင်နိုင်အောင်စောင့်စီးထိန်းသိမ်းသော သီလဖြစ်၏။ (သတိသည်လျှင် ပြဋ္ဌာန်းခြင်းရှိ၏)

(၃) **အာဇီဝပါရိသုဒ္ဓိသီလ=** အတိုင်းထက်အလွန် အလိုကြီးခြင်းဖြစ်သော ဝိသမလောဘ၊ သူ၏အသက်ဖြင့် ရင်းနှီး၍ ပစ္စည်းဥစ္စာ ရှာဖွေခြင်းဖြစ်သော မိစ္ဆာဓမ္မ ကာမပိုင်ရှိသော(တနည်း) စောင့်ရှောက်မှုမကင်းသော သူ၏သားပျို၊ သမီးပျိုတို့အပေါ်တွင် တပ်နှစ်သက်ခြင်းဖြစ်သော အဓမ္မရာဂ အစရှိသော မစင်ကြယ်မှုတို့မှ ကင်းစင်စေသော သီလဖြစ်၏။ (ဝိရိယသည်လျှင် ပဋ္ဌာန်းခြင်းရှိ၏)

(၄) **ပစ္စယသန္နိဿိတသီလ=** ဆွမ်း-သင်္ကန်း-ကျောင်း-ဆေးပစ္စည်း၄-ပါးတို့အပေါ်တွင် ပညာဖြင့် ဆင်ခြင်၍သုံးဆောင်သော သီလဖြစ်၏။ (ပညာသည်လျှင်ပြဋ္ဌာန်းခြင်းရှိပေရာ)

ဤကဏ္ဍအတွက် သမူဟ ဃနကို ဖြိုတ်ချေရန်အတွက် အာဇီဝပါရိသုဒ္ဓိသီလသည် အရေးအကြီးဆုံးဖြစ်၏။ တဖန် သီလကြီး ၄-ပါးကိုချုံးသော် သဒ္ဓါတလုံးရ၏။ (ပြကပ္ပနသဒ္ဓါဖြစ်၏) ၎င်းသည် အလောဘပညာလည်းဖြစ်၏။

**သတိ။** ။ဖြစ်ပုံကား- သမာဒိဋ္ဌိသည် အမြင်မှန်မြင်ခြင်းဖြစ်၏။ ၎င်းကို ၄-စိပ်စိပ်သော် တစိတ်သည် အလောဘပညာ ဖြစ်ရာ ဤဃနကြေပြီး မြင်သော အမြင် ဖြစ်သောကြောင့်ပေတည်း။

ဥပမာသော်—ယခုရှေ့၌ရှိသော လက်ဘက်ရည်ပန်းကန်ကိုပြရာ၏။ အန္ဓပုထုဇဉ်ကပန်းကန်ကိုမြင်ပါသည်ဘုရားဟုပင်ပြောမည်ဖြစ်၏။ (ဃနကိုစွဲ၍ နာမပညတ်နှင့် သဏ္ဌာနပညတ်ကိုသာ ဖမ်းယူသောကြောင့်ပင်) ဃနကြေ၍နာမပညတ်နှင့် သဏ္ဌာနပညတ်သုဉ်းဆိတ်သော ပုဂ္ဂိုလ်ကိုပြသော်- ပစ္စုပ္ပန်ဆတ်ဆတ် ကာယ်လိုမျှပြောမရနိုင်သော ပရမတ်သဘာဝကို မြင်ပါ၏ ဘုရားဟုသာ ပြောနိုင်မည်ဖြစ်၍ ထိုပုဂ္ဂိုလ်တွင် ထိုထိုသော အာရုံတို့အပေါ်၌ အလိုနည်းနိုင်ခြင်းသည်ပင်လျှင် အလောဘပညာမည်ပေမည်။

ဤကဲ့သို့ ပညတ်တရားတို့အပေါ်တွင် (တနည်း) အာရုံတို့အပေါ်တွင် မပွားစီးအောင် သိမ်းဆီးနိုင်ခြင်းသည် ဝိပဿနာ၏ အရာသာဖြစ်ပေရာ အချုပ်ဆိုသော် နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ် ၂-ပါးကို မျိုနိုင်သော ကလျာဏပုထုဇဉ်တို့သာ ဤသိက္ခာ ၃-ပါးဝင်သီလကို ပိုင်ခြင်းဖြစ်၏။

**သတိ။** ။သို့ဖြစ်၍ အထက်တွင် မညာမထောက် သဘာဝအလျောက် ဆုံးမတော်မူသောအများသူငါစောင့်ထိန်းတော ဓမ္မသီလမျှဖြင့် အဘယ်ကဲ့သို့ ဤဃနကြီးကို ချေနိုင်ပါမည်နည်း? အထူးဝင် စားတော်မူကြပါရန်၊ သို့သော်လည်း ရှေးရှေးသော ပညာရှိ သူတော်ကောင်းမှအစ ဤနက်နဲ ခတ်ခဲလှသော သဘာဝပညာကို မမှီမလှမ်း နိုင်သေးသောပုဂ္ဂိုလ်တို့အတွက် ကောင်းရာသုဂတိသို့ ရောက်နိုင်စေရန် ပေးအပ်သော ကျင့်စဉ်ဖြစ်၍ သက်သာရာရသည်အမှန်ပင်ဖြစ်၏။ မပစ်ပယ်မိရန် အထူး သတိပြုသင့်ပါသည်။

အမှန်သော်ကား ဤ ၈-ပါးသီလသည် သောတာပန်ဝိသာခါကျောင်းအမကြီး၏ လျှောက်ထားတောင်းပန်ချက်ဖြင့် အထက်မဂ်အထက်ဖိုလ်တို့၏ အထောက်အပံ့ဖြစ်စေခြင်းငှာ ရှင်တော်မြတ်က ပေးအပ်တော်မူသော သီလဖြစ်၏။ စိစစ်သော်- ''သဟအဋ္ဌင် သမ္မန္နာဂတံ ဥပေါသထသီလံ''ဟူသောပုဒ်အရ ''အရိယာကဲ့သို့နေခြင်း'' အဓိပ္ပါယ်ရှိသဖြင့် မိမိတို့ စောင့်ထိန်းမည့်သီလသည် ကမ္မဝသီလ(တနည်း) ဓမ္မသီလ(တနည်း) သံသရာရှည်မည့်သီလမှသည် သာသနာ့သီလ(တနည်း)သိက္ခာ ၃-ပါးဝင်သီလ (တနည်း) မဂ်အခြေ- ဖိုလ်အခြေဖြစ်သည့် ဃန ချေစဉ်ဖြစ်သော ဤပသာဒရုပ် ၅-ပါးသတိပဋ္ဌာန်တရားမြတ်ကို ပေါက်ရောက်အောင် အားထုတ်လို့လ ပြုသင့်လှပေသည်။

ဤသတိပဋ္ဌာန်တရားမြတ်သည်ကား အလွန်တရာမှပင် နက်နဲသိမ်မွေ့လှသည့်အတိုင်း ရှုပ်

နာမ်ပိုင်း၊ ခန္ဓာပိုင်း၊ ပဋိစ္စသမုပ္ပါဒ်အပိုင်းဟူ၍ ၃-ပိုင်းထား၍ ဖွင့်ရပြီးလျှင် ကာယာနုပဿနာ၊ စိတ္တာနုပဿနာ၊ ဝေဒနာနုပဿနာအပိုင်းတို့ဖြင့် တွဲ၍ယှဉ်၍ နောက်ဆုံးဓမ္မာနုပဿနာဖြစ်သော သောတာပတ္တိမဂ်ဉာဏ်ကြီး၌ ဥက္ကောင်းဆိုက်ရောက်ရန်ဖြစ်ပေသည်။

ယခုကဏ္ဍ ရုပ်နာမ်ပိုင်း၏ တာဝန်သည် အချိုးကျသော အာနာပါန လုပ်ငန်းစဉ်ကြီးသို့ ဝင်နိုင်ရန် ပထမအားဖြင့် မိမိ၏ပသာဒရုပ် ၅-ပါးကို ပိတ်တတ်ရန်ဖြစ်၏။ သို့မဟုတ်မူ၍ တခါတည်း အာနာပါနလုပ်ငန်းစဉ်ကို အားထုတ်စေသော် အာရုံ-အရိပ်-နိမိတ်-လက္ခဏာ-အရောင်-အလင်း-အဆင်း-အကြည် စသော သညာဝိညာဏ်၏လှည့်စားမှုတို့ကိုသာလျှင်တကယ့် ဝိပဿနာအလုပ်အနေဖြင့် လက်ကိုင်ပြုမိမည်အမှန်ဖြစ်ပေသည်။

**သတိ၊** ။အချုပ်ဆိုသော် ဤသတိပဋ္ဌာန်တရားမြတ်သည် ပညာနိဒ္ဒေသ(တနည်း) ပညာကို မြင်တွေ့နိုင်ရန် အကျယ်ဖွင့်ခြင်းဖြစ်၍ သညာဝိညာဏ်တို့၏အရာမဟုတ်သောကြောင့် ဖြစ်ပေသည်။

**အကြောင်းတရား ၄-ပါး၊ မီးဓာတ် ၄-ပါး၊ ပညတ် ၄-ပါ၊ ဓာတ် ၄-ပါး သဘာဝအကျဉ်းနှင့် အာနာပါန လုပ်ငန်းစဉ်သဘော**

သတိပဋ္ဌာန် အာနာပါနဖြင့် ကံကြောင့်ဖြစ်သော ဓာတ် ၄-ပါး၊ စိတ်ကြောင့်ဖြစ်သော ဓာတ် ၄-ပါး၊ အာဟာရကြောင့်ဖြစ်သော ဓာတ် ၄-ပါးနှင့် ဥတုကြောင့်ဖြစ်သော ဓာတ်၄-ပါးတို့ကို အမှန်ကြိုးစားက အမှန်ပင်တွေ့ရမည်ဖြစ်ပေသည်။

အာနာပါန လုပ်ငန်းစဉ်တွင် (၁) ချက်တိုင်၊ (၂) နှလုံးအိမ်ရင်ချိုင့်၊ (၃) ယံထိပ်ဦးကျော်ကနှင့် (၄) နှာသီးဖျားနှင့် နှုတ်ခမ်းဖျားဟူ၍ တံခါး ၄-ပေါက်ရှိ၏။

ရုပ်ဓာတ်ကြီး ၉-ပါး၏ ရောတည်ဓာတ်သည် တေဇောဖြစ်သည့်နည်းတူ မီးဓာတ် ၄-ပါး၏ အချုပ်သည်လည်း ပရိပါစက မီးဓာတ်ဖြစ်၍အကြောင်းတရား ၄-ပါးတွင်လည်းကံအကြောင်း ပြဋ္ဌာန်းသည်ကို နာကြားပြီး ဖြစ်ပေရာ အာနာပါန တံခါး ၄-ပေါက် အနက် ပထမ တခါးပေါက် ဖြစ်သော-

(၁) **ချက်တိုင်တွင်** အကြောင်းတရားအားဖြင့် ကံအကြောင်း၊ မီးဓာတ် အားဖြင့် ပရိပါစက မီးဓာတ်၊ ဓာတ်အားဖြင့် တေဇောဓာတ်သည် အမိဝမ်းတွင်း ပဋိသန္ဓေယူစဉ်ကပင် တည်ရှိသော သဘာဝတို့ ဖြစ်၏။ ပညတ်အားဖြင့် သော် သန္တတိ ပညတ်မည်၏။

(၂) အထက်ဖော်ပြပါ ချက်တိုင်ရှိ မီးဓာတ်၏ တရှိန်ရှိန် ဆက်စပ်မှု ဗျာပါရဖြင့် တက်သော် နှလုံးအိမ်ရင်ချိုင့်ရှိ ဥသမမီးဓာတ်ဖြင့် ဆက်ဆံ၏။ သို့ဆက်ဆံမိသော် ဓာတ်အားဖြင့် ဝါယောဓာတ်။ အကြောင်းတရားအားဖြင့် စိတ်အကြောင်း၊ ပညတ်အားဖြင့် သမူဟပညတ်သည် ပေါ်ထွက်၏။

(၃) တဖန် ဤနှလုံးအိမ်ရင် ချိုင့်မှ မီးဓာတ်၏ တသုတ်သုတ်ဆက်စပ်မှုကြောင့်ယံထိပ်

ဦးကျောက်ရှိ သန္တပ္ပန မီးဓာတ်ဖြင့်ပေါင်းဆုံ၏။ သို့ပေါင်းဆုံမိသော် ဓာတ်အား ဖြင့် အာပေါဓာတ်၊ အကြောင်းတရားအားဖြင့် အာဟာရအကြောင်း။ ပညတ် အားဖြင့် သဏ္ဍာနပညတ်သည် ဖြစ်ပေ၏။

(၄) တဖန်ဤယော်ထိပ်ဦးကျောက်မှ မီးဓာတ်၏တလှုပ်လှုပ်ထောက်ပံ့မှုဖြင့်နှာသီးဖျား နှင့် နှုတ်ခမ်းဖျားရှိ ဒဟမီးဓာတ်ဖြင့်ပေါင်း၏။ သို့ပေါင်းမိသော်- ဓာတ်အားဖြင့် ပထဝီဓာတ်၊ အကြောင်းတရားအားဖြင့် ဥတုအကြောင်း၊ ပညတ်အားဖြင့် နာမ ပညတ် ပေါ်ထွက်ပုံကို ဆရာကောင်းဖြင့် တကယ်လိုလား၍ တကယ်အားထုတ် သော် ဤကဲ့သို့ပင် အစုံအစုံ လက်တွေ့ သဘော တွေ့ရှိကြရမည် ဖြစ်ကြောင်း ရှေ့ဟောစဉ်တွင် ထင်ရှားမည်ဖြစ်ပါသည်။

၂၆-၇-၆၇

ယခု-သမ္မုဟဿနကြီးကို ခွဲစိပ်ရန် ပဌမ အာကာသ သဘောကို နားလည် စေသင့်၏။ ၎င်းတို့မှာ-

(၁) အဇဋာကာသ = မိုယ်းကောင်းကင်လဟာပြင်

(၂) ပရိစ္ဆိန္နာကာသ = ပိုင်းခြားသောအကြား

(၃) ကသိဏုဂ္ဃာဋိမာကာသ=ကသိုင်း ပညတ်ကိုခွဲ၍ခွာ၍ရအပ်သောအာကာသဖြစ်၏။

**ဥပမာ**

ယခုလက်ဘက်ရည်ပန်းကန်ကို ရိုက်ခွဲသော် ကွဲမည်ဖြစ်ကြောင်းအများပင် သိနိုင်၏။ ဤကဲ့ သို့ကွဲနိုင်ခြင်းသည် အာကာသရှိသောကြောင့်ဖြစ်၏ (တနည်း) ရုပ်ဓာတ်ရုပ်မှုန့်တို့ တခုနှင့်တခု ပေါင်းစပ်မှုကြောင့် ယနဖြစ်ရခြင်းဖြစ်ပေရာ၊ ထိုရုပ်ဓာတ် ၂ ခု၏အကြားသည် အာကာသ ဖြစ်၍ ၎င်းရှိသမျှ ခွဲလို့ရမည်သာဖြစ်ပေသည်။

ယမန်နေ့ဟောစဉ်ဖြင့် ယနကို ချေရခြင်းသည် သက္ကာယဒိဋ္ဌိကို ပယ်သတ်ရန်ဖြစ်ကြောင်း နာကြားပြီး၏၊ အနန္တပုထုဇဉ်တို့ ဒုက္ခများရသည်မှာ ဤဃနကိုမှီ၍ ပေါ်ထွက်သော နာမပညတ် ကြောင့်ပင်ဖြစ်ပေရာ ဒုက္ခမများရန် ၎င်းနာမပညတ်ပျောက်သုဉ်း၍ ပရမတ်ကိုတွေ့ရန်ဖြစ်၏။

**သတိ။** မြေ ၄-ပါးတွင် ဥတုဇမြေဖြစ်သော ပထဝီဓာတ် တပါး၌ ပင်လျှင် ရုပ်အားဖြင့် ၃၆၊ ကလာပ်အားဖြင့် ၄ စီး ဖွဲ့လျက်ရှိကြောင်း ယမန်နေ့ဟောစဉ်ဖြင့်သိပြီး၏။

**အာကာသဓာတ်နှင့် မြေ ၄-ပါး ခွဲစဉ်သဘာဝ**

မဟာဘူတ ရုပ်ဓာတ် ၄-ပါး၌ အာကာသကြီး ၄-ပါးရှိ၏။ (ဤ၌သညာ ဝိညာဏ်ဖြင့် ၎င်းဓာတ်ကြီး ၄ ပါး၌ အာကာသကြီးသည် ၃-ပါးဖြစ်သင့်သည်ဟု ယူရန်ဖြစ်၏၊ မသင့်-ဓာတ်ကြီး ၁-ပါးစီ၏ဗျာပါရသဘောကိုသာ ယူရန်ဖြစ်၍ အာကာသကြီး ၄-ပါးဖြစ်၏ဟု ဆိုခြင်းပင် အထူး ကြံဆပါရန်) ၎င်းအာကာသကြီး ၄-ပါးအား ရုပ် ၉-ပါးဖြင့် မြှောက်သော် ၃၆-ရ၏ (ထိုရုပ် ၉-ပါး၌လည်း အာကာသယ် ၉-ပါးရှိသည်ကိုလည်း သတိပြုပါရန်)

**(၁) ရထရေဏုမြူ- ပထဝီ- ဥတုအကြောင်းသဘော**

အထက်၌ နာကြားပြီးသည့်အတိုင်း လှည်းဘီး ရထားဘီး၌ကပ်၍ပါနိုင်သောမြူ ဖြစ်၏။

**(၂) တဇ္ဇာရီမြူ အာပေါဓာတ် အာဟာရအကြောင်း**

ရထရေဏုမြူ ပထဝီဓာတ်၏ ၃၆- စိပ်တွင် အာပေါဓာတ်နှင့် ကပ်သော တစိပ်ကို ယူ၍ ကျန် ၃၅စိပ်ကိုပယ်သော် ထိုတစိပ်သည်တဇ္ဇာရီမြူမည်၏။ ဓာတ်အားဖြင့် အာပေါဓာတ်ဖြစ်၏။

**(၃) အဏုမြူ ဝါယောဓာတ် စိတ်အကြောင်း**

တဇ္ဇာရီမြူ အာပေါဓာတ်၏ ၃၆-စိပ်တွင် ဝါယောဓာတ်နှင့်ကပ်သောတစိပ်ကို ယူ၍ ကျန် ၃၅-စိပ်ကိုပယ်သော် ထိုတစိပ်သည် အဏုမြူ မည်၏။ ဓာတ်အားဖြင့် ဝါယောဓာတ်ဖြစ်၏။

**(၄) ပရမာဏုမြူ တေဇောဓာတ် ကံအကြောင်း**

အဏုမြူ ဝါယောဓာတ်၏ ၃၆-စိပ်တွင် တေဇောဓာတ်နှင့် ကပ်သော ၁-စိပ်ကို ယူ၍ ကျန် ၃၅-စိပ်ကိုပယ်သော် ထို ၁-စိပ်သည် ပရမာ ဏုမြူမည်၏။ ဓာတ်အားဖြင့် တေဇောဓာတ်ဖြစ်၏။

**သတိ။** ။ဤပရမာဏုမြူ၌ ရုပ် ၈-ပါး ထည်းထည်းသာ ကျန်၏။ အာကာသ မရှိတော့ပြီ ဖြစ်၏။

ပုံစံအမှတ် ၃ သည်ကား ဥတုဇ ဃန (တနည်း) ပထဝီဓာတ်ကို ခွဲပြသော ပုံစံဖြစ်၏။ ၎င်းနောက် အာဟာရဇ ဃန-စိတ္တဇ ဃန-ကမ္မဇ ဃန-တို့ကို ခွဲစိပ်ဦးမည်ဖြစ်ပေရာ နောက်ဆုံး ဖြစ်သော ကမ္မဇ ဃန (တနည်း) တေဇောရောက်ဓာတ်သော် ပညာမြင် ဥဒယဗ္ဗယဉာဏ်ကို မျှိနိုင်မည်ဖြစ်ပေသည်။

**ကျန် မြူ ၃-ပါးမှာ**

(၁) တဇ္ဇာရီမြူ = အထက်သို့ပြန်တက်နိုင်သောမြူဖြစ်၏။

(၂) အဏုမြူ = အောက်သို့ ပြန်မကျသော အထက်သို့ သာလျှင် ပျံတက်သော မြူဖြစ်၏။

(၃) ပရမာဏုမြူ = ကြည့်၍မမြင်နိုင်သော အလွန်သေးငယ်သော မြူဖြစ်၏။ (ပညာ၏ အရာဖြစ်၏)

**သတိ။** ။ဤပရမာဏုမြူ၌ ရုပ်အာကာသသည်ကား မရှိပြီဖြစ်၏၊နာမ်အာကာသသာရှိ၏။အဘယ့်ကြောင့်ဟူမူ ဤမြူ၌မရှိပြီ ဖြစ်သော အာကာသ၏ နေရာကို ယူသော ဓာတ်ကြီးတို့၏ ဗျာပါရမှ ပညတ်တရား ၄-ပါး ပေါ်ထွက်မည်ဖြစ်၏။ အာကာသရှိစဉ်က ၎င်းသည် ခေါင်းဖြစ်၍ **ယခု ပညတ် ၄-ပါးသည် ခေါင်းဖြစ်လာ၏၊ ရှိရင်း ဓာတ် ၈-ပါးသည်ကား- ကိုယ် အကြောင်းတရား ၄-ပါးကား- ခြေတောက်၊ မီးဓာတ် ၄-ပါးကား- လက်-ပေါက်ရောက်ပြီးလျှင်**ရုပ်လောကတည်ဆောက်သော ၃၁-ဘုံမှန်က ဤပရမာဏုမြူ မသွားမရောက်နိုင်သည့် နေရာဟူ၍မရှိပြီဖြစ်သောကြောင့်ပေတည်း။

(အချုပ်ဆိုသော် ၃၁-ဘုံ ရုပ်လောက ဟူသမျှသည် ဤပရမာဏုမြူဖြင့်သာ ပြီးသည်ဖြစ်၏)

**ပရမာဏုမြူနှင့်အဘိညာဉ်တန်ခိုးသဘာဝ**

လူ့လောက တိရိစ္ဆာန်လောက၏ ကိုယ်ခန္ဓာသည် အာကာသဓာတ် အပြည့်အဝ ရှိသည်ဖြစ်၍ အလွန်တရာမှပင်ကြမ်းတမ်းလှ၏။

ပရမာဏုမြူ၏ ရုပ်ဓာတ်သည်ကား အလွန်ပင် သိမ်မွေ့လှသဖြင့် နတ်လောက ဗြဟ္မာလောကနှင့် လူ့လောကတွင် စတုတ္ထဈာန် သမာပတ်တန်ခိုးဖြင့်သာ ပရမာဏုမြူကဲ့သို့ သိမ်မွေ့အောင်ပြုလုပ်နိုင်၏။

မဟာသမယပွဲတော်နှင့် ရှင်တော်မြတ် ပရိနိဗ္ဗာန်ပြုတော်မူခါနီးကာလ တသောင်းသော စကြဝဠာမှ စုဝေး လာရောက်ကြ ကုန်သော နတ်ဗြဟ္မာ အပေါင်းတို့၏ သားမြီးများထိုး လောက်ရုံမျှသောနေရာ၌ အစု ၆၀-နေရာယူရခြင်းသဘာဝကိုရင်း-

ရှင်တော်မြတ်၏ တန်ခိုးတော်သည် မုံညှင်းစေ့အတွင်း၌ ပရိက္ခရာ ၈-ပါးနှင့်တကွ အလိုရှိတော်မူသော် စကြာကြွတော် မူနိုင်ခြင်း သဘာဝတို့သည် သညာဝိညာဏ်ဖြင့်သော် ယုံတမ်းစကားကဲ့သို့ဖြစ်နေ၏။ ပညာဖြင့်သော်(တနည်း) ဤပရမာဏုမြူဉာဏ်ဖြင့်သော် အမှန်ပင် ဖြစ်နိုင်ပုံမှာ စတုတ္ထဈာန်သမာပတ်ဖြင့် အာကာသဓာတ်အပေါင်းတို့ ထုတ်ပစ်တော် မူနိုင်ပြီးလျှင် ရုပ် ၈-ပါးမျှဖြစ်သော ပရမာဏုမြူဓာတ်ဖြင့် ဆောင်ရွက်တော်မူခြင်းဖြစ်၏။ နတ် ဗြဟ္မာတို့ အတွက်မှာမူ ဓာတ်ကြီး ၄ ပါးကိုအခြေခံ၍ ဓာတ်ငယ် ၄ ပါးဖြင့် အဆင်းဓာတ်-အသံဓာတ်-အနံ့ဓာတ် အရသာဓာတ်တို့ကို ဖမ်းယူနိုင်ကြခြင်းဖြစ်ပေသည် (မြင်အောင်ရှုပါရန်)။

တဖန်- အရှင်ဒေဝဒတ် အပါယ်ငရဲသို့ လားခြင်းကိစ္စ၌ မဟာပထဝီ မြေ-ရေ-လေ တို့ကို ဖောက်ထွင်း၍ကျလေသလော? ဤသို့ကားမဟုတ်၊ ရုပ်လောက ၃၁-ဘုံ၌ ဤပရမာ ဏုမြူသည် သဘောတရားအနေဖြင့် အနံ့တည်ရှိသည် ဖြစ်ပေရာ သည်မှ- ဟိုမှ- သွားသည်- လာသည်ဟု မဆိုရာပြီ- **ဤမှာချုပ်၍တုရာ-ညီရာ ဓာတ်၌ ပေါ်ခြင်း ဖြစ်ခြင်း သဘာဝမျှသာ ဖြစ်ကြောင်း** ပညာဖြင့်မြင်သင့်လှပေသည်။ လူဘဲ-နတ်ဘဲ-တိရိစ္ဆာန်ဘဲဟု ပြောနေရခြင်းသည် ကံ ၂၉-ပါး၏ ချယ်လှယ်မှုကြောင့်ဖြစ်၏။ သို့ဖြစ်ရခြင်းကား ၃၁ ဘုံ သည် သညာဝိညာဏ်ဖြင့် ဆွဲကိုင်သော ပညတ်လောကကြီးဖြစ်ခြင်းကြောင့်ပေတည်း။

သို့ဖြစ်၍ ဤမျှနက်နဲသိမ်မွေ့ ကိလေသာ တရားယုတ်တို့၏ ရေသောက်မြစ် ဖြစ်နိုင်သည့် ဤပရမာဏုမြူမှ အာဒိကလျာဏ(အစ၏ကောင်းခြင်း)(တနည်း)အစမှစ၍ အပိုးသေစေရန် **သီလ** အမြုတေကို ထုတ်ဖော် ဆိုဆုံးမတော် မူခြင်းဖြစ်၏၊ ထို့ကြောင့် ဤဏုမြူကို မြင်သော ပုဂ္ဂိုလ်သည် **သာနာမပညတ်**နှင့် သဏ္ဍာနပညတ်တို့ မဝင်နိုင်ခြင်းဖြင့် ကာယကံမှု-ဝစီကံမှုတို့၏ ကိလေသာကို ပိတ်ဆို့(တနည်း)တုန်လှုပ်စေသည်မည်၏။ ပညာမှထွက်သော သီလဖြစ်၍လည်း သညာဝိညာဏ် ဖြင့် စောင့်ထိန်းသည်မျိုးမဟုတ်၊ သဘာဝအားဖြင့် အလိုအလျောက် ထိန်းပြီး လုံပြီးဖြစ်၏။ **အသံဝရသီလ**လည်းဖြစ်ပေသည်။

သို့မဟုတ်ပါမူကား-ဤအကြည်ဓာတ် ၅-ပါး (တနည်း)ပသာဒရုပ် ၅-ပေါက် တို့သည် **တောလိုက်မုဆိုး**၏ အမဲလိုက်ခွေးများကဲ့သို့ ကိလေသာတည်းဟူသောအာရုံ ၅-ပါးတို့၌ **သားကောင်သဘွယ်** အာသာငန်းငန်း တပင်တပမ်း **နာမပညတ်**နှင့် သဏ္ဍာနပညတ်တို့ကို ခွေးဆွဲ-ဆွဲမည်သာ ဖြစ်၍ ဓမ္မတာသီလ သမထ တို့ဖြင့် မရနိုင်ဟု ဆိုရခြင်းဖြစ်ပေသည်။

**ကလပ်**တစီးတွင် အကျဉ်းအားဖြင့် ရုပ် ၈-ပါး အပေါင်းအစုသည် ရှိကြောင်းသိပြီး၏။ ၎င်းကို သန်တ ပရမတ်ဟုလည်း ဆိုရ၏။ သန်တလောကကြီး၏အစလည်းဖြစ်ပေရာ ဃနဖြစ်လာ သောအခါတွင် နာမပညတ်နှင့် သဏ္ဍာနပညတ်ဖြင့်သက္ကာယဒိဋ္ဌိကြီး ပေါ်ထွက်မည်ဖြစ်ကြောင်း လည်း နားကြားပြီး၏။

**သတိ**။ ။အစွဲတရားမရှိစေနှင့် ကိလေသာ မဝင်စေနှင့်ဟူသော အဆုံးအမဖြင့် ထိုထိုသောအစွဲ တရားတို့ကို အဘယ်ကဲ့သို့ချွတ်ပါမည်နည်း?။သာမံဒါနမှု၊သီလမှု၊သမထဘာဝနာမှုတို့ ဖြင့် ၆-ဒွါရကို ပိတ်ထားမည်သော? ဘယ်လိုဘယ်ကဲ့သို့ပင် ပိတ်ပိတ် မရနိုင်ပေ။ အစွဲဘရားသည် မနောဝိညာဏ်ကြီး၌ အကြောင်းတိုက်ဆိုင်မှသာ ပေါ်သော အစဉ် ကိန်း၍ ငုတ်နေသော သဘောဖြစ်၍လည်း ဓမ္မတာ တရားတို့ မကင်နိုင်ပေ။ သိက္ခာ ၃-ပါးဖြစ်သော(တနည်း) သာသနာ့တရားဖြစ်သည့် သီလ-သမာဓိ-ပညာ ဖြင့်သာ ထိုအစွဲတရားကို ချွတ်နိုင်မည် ဖြစ်၏။ အချုပ်ဆိုသော် ပညာ၏ အရာသာလျှင်ဖြစ်၏ ပညာသည်သာ အမှားကိုထွင်းဖောက်ပြီး အမှန်ကိုမြင်နိုင်၏ (တနည်း)အာကာသ" ဓာတ်ကို မြင်မှ ထွင်းဖောက်နိုင်မည် ဖြစ်၏)။

ဤကဏ္ဍသည်ကား မဟာသတိပဋ္ဌာန် သီလပိုင်းဖြင့် ပသာဒရုပ် ၅-ပါး၏ အပေါက်ကို ပိတ်လျက်ရှိကြောင်း ကြားနာပြီးရာ၊ ၎င်း၏ရေသောက်မြစ် ဥတုပထဝီတလုံးကို ချေလျက်ရှိ၏။

ဓာတ်ကြီး ၁-ပါးစီ၌ ဗျာပါရသဘော အာကာသကြီးတို့သည် ၁-ပါးစီရှိကြောင်း ဟော ပြီးပေရာ ရှိပုံသဘာဝမှာ-

ပထဝီနှင့် ပထဝီ ပေါင်းခြင်းက အာကာသ ၁။
ပထဝီနှင့် အာပေါပေါင်းခြင်းက အာကာသ ၁။
ပထဝီနှင့် ဝါယောပေါင်းခြင်းက အာကာသ ၁။
ပထဝီနှင့် တေဇောပေါင်းခြင်းက အာကာသ ၁။

ပေါင်းအာကာသ ၄-ပါးရ၏။ ရုပ် ၉-ပါးဖြင့်သော် ၃၆-ရခြင်း ဖြစ်၏။ ထိုနည်းတူစွာ အာပေါ-ဝါယော-တေဇောတို့ကိုလည်း ယူသော် ၃၆×၄=၁၄၄-ရ၏။(၎င်းသည် မီးခတ်ဒီကရီ ဖြစ်ကြောင်း ပညာပိုင်း၌ ထင်ရှားမည် ဖြစ်သည်)။

**သတိ။ ။ဒိဋ္ဌိ ၃-ပါးနှင့် ကျွတ်လွတ်မှုသဘော**

(၁) အတ္တဒိဋ္ဌိ= ဃနကြီးပေါ်တွင် ပသာဒရုပ် ၅-ပါးဖြင့် ခွဲယူခြင်း ဖြစ်၏။ ပရမာဏုမြူတွင် ပသာဒရုပ် ၅-ပါးဖြင့် မခွဲနိုင်ခြင်းဖြစ်၍ အတ္တဒိဋ္ဌိမှ ကျွတ်လွတ်သည်ဖြစ်၏။

(၂) အတ္တာနုဒိဋ္ဌိ=ပသာဒရုပ် ၅-ပါးဖြင့် ထိုပရမာဏုမြူအား မခွဲနိုင်သော်လည်းမနောဝိညာဏ်ပေါက်ဖြင့်ကား ခွဲသေး၏။ ၎င်းအခွဲသည် အတ္တာနုဒိဋ္ဌိမည်၏။

(၃) သက္ကာယဒိဋ္ဌိ=အမှတ် ၁-နှင့် ၂-ပေါင်း၍ ခွဲသော် သက္ကာယဒိဋ္ဌိ ဖြစ်၏။ ဖြစ်ပုံမှာ-

**အတ္တဒိဋ္ဌိ ၂၀–သဘော**

(၁) ရုပ်သည်- ငါ၊
(၂) ငါသည် - ရုပ်၊
(၃) ရုပ်၌ - ငါရှိ၏၊
(၄) ငါ၌ - ရုပ်ရှိ၏

တည်းဟူသော အခွဲ ၄- ချက်အား ခန္ဓာ ၅- ပါးဖြင့် မြှောက်သော် သက္ကာယဒိဋ္ဌိ ၂၀-ဖြစ်လာ၏။ ထို ၄-ချက်တွင် အပါယ်ဘုံသို့ ပစ်ချနိုင်သည်ကား ငါ၌ရုပ်ရှိ၏ ဟူသော အခွဲ ဖြစ်၏။ အဘယ့်ကြောင့်ဟူမူ ထင်ရှားမရှိသော ပညတ်- ငါ၌ထင်ရှားရှိသော ပရမတ်-ရုပ် ရှိသည် ဟု ခွဲယူသောကြောင့် ဖြစ်၏။ ၎င်းသည် အကြမ်းတမ်းဆုံးသော အခွဲဖြစ်၍ သက္ကာယဒိဋ္ဌိ မည်ပေသည်။

ဃနခေကျသော်(တနည်း)နာမပညတ်နှင့် သဏ္ဌာနပညတ် သေသော် ၎င်းအခွဲကြမ်းကြီးမှ ကျွတ်လွတ်တော့သည် ဖြစ်၍ ပရမခေအထူးကြီးစားအပ်လှပါသည်။

၂၇-၇-၆၇

ရှင်တော်မြတ်၏ သာသနာတွင် အနတ္တဓာတ်ကိုတွေ့ရန် ပထမအားဖြင့် ပရမတ်ကို တွေ့အောင် ရှာနိုင်စေရမည်ဖြစ်၍၊ ယခုကဏ္ဍမှ အစ ကွဲရပေမည်။ ရှေ့၌ခွဲရန် အခါမဟုတ် ဖြစ်၏။ အကယ်ဘိ တဦးသော ပုဂ္ဂိုလ်သည် ဓမ္မတာတရား(တနည်း) ကမ္မဇတရားကိုသာ ပြုလုပ်လိုပါသည်ဟု ဆိုငြားအံ့- ဤပညာတရားသည် ထိုပုဂ္ဂိုလ်နှင့် မဆိုင်- မသင့်၊ အချုပ်ဆိုသော်သာသနာ့တရား မျိုးစေ့ပါသော ပုဂ္ဂိုလ်တို့အတွက် ဖြစ်သောကြောင့်ပင် ဖြစ်ပေသည်။

**အတ္တ ၄-ချက်နှင့် သက္ကာယဒိဋ္ဌိသဘော တနည်း**

လက်ဘက်ရည် ပန်းကန် တည်းဟူသော ဓာတ် ၄-ပါး ဃနကိုကြည့်သော်-

(၁) ဓာတ် ၄-ပါသည် - နာမ ပညတ် = အသွားတုပ်ဖြစ်၏။

(၂) နာမပညတ်သည် - ဓာတ် ၄- ပါး = အပြန်တုပ်ဖြစ်၏။

(၃) ဓာတ် ၄-ပါး၌ - နာမ ပညတ် ရှိ၏= အပြင်ဝှုပ်ဖြစ်၏။

(၄) နာမပညတ်၌ - ဓာတ် ၄-ပါးရှိ၏= အတွင်းတုပ်ဖြစ်၏။

အမှတ် (၁) နှင့် (၂)ကား ပသာဒရုပ် ၅-ပါးဖြင့် ဓာတ် ၄-ပါး ဃနကြီးအပေါ်၌စွဲယူသော သဘောဖြစ်၍ သညာ ဖြစ်၏။

အမှတ်(၃)နှင့် (၄)ကား ဝိညာဏ်ဖြစ်၏။ ထိုအတ္တ ၄-ချက် သညာဝိညာဏ် စုံသော် သက္ကာယဒိဋ္ဌိဖြစ်လာ၏။

**သတိ။** ။သတ္တဝါတို့အားအပါယ်ဘုံသို့ချရာ၌ ဤထင်ရှားမရှိသောနာမပညတ်၌ထင်ရှားရှိသော ဓာတ် ၄-ပါးရှိ၏ဟူသော သက္ကာယဒိဋ္ဌိကြီး၏ လက်ချက်ဖြစ်၏။ အဘယ့်ကြောင့်ဟူမူ ၎င်းအစွဲသည် ပညတ်တရားကို ဖျက်သည်ဖြစ်၍ ထိုသူသည် အကြောင်းသင့်သော် အနန္တောအနန္တ ၅-ပါးထိ ပစ်မှားနိုင်သည်ဖြစ်သောကြောင့်ပေတည်း။

ဤသို့သောသဘောအားဖြင့် သမူဟဃနပေါ်တွင် အတ္တ ၄-ချက်ဖြင့် အနိုင်အမာတုပ်ပြီလျှင် သက္ကာယဒိဋ္ဌိနယ်ကြီး ကျယ်ပြန့်ရသည်ဖြစ်၍ ထိုသမူဟဃနကို ကြိတ်ချေနေရခြင်း ဖြစ်ပေသည်။ သို့မဟုတ်ပါမူကား-

**ပရမာ ထူမြူရှိဓာတ် ၄-ပါး၏ ဗျာပါရသဘော**

(၁) ပထဝီဓာတ် =သည် သင်္ခတလောကအလယ်တွင် သညာဝိညာဏ်သမားတို့အနိုင်အမာ စွဲယူနိုင်ရန် ပသာဒရုပ် ၅-ပါးဖြင့် ဖမ်းနိုင်သော တည်သဘောဖြစ်၏။

(၂) အာပေါဓာတ်= ဓာတ် ၁-ပါးနှင့် ၁-ပါး ဖရိုဖရဲမဖြစ်စေရန် (တနည်း) တည်မှု ပြည့်စုံစေရန် ဖွဲ့စည်းပေးသောသဘောဖြစ်၏။

(၃) ဝါယောဓာတ်=ဓာတ်တပါးနှင့် ၁-ပါး ဖွဲ့စည်းတည်ရှိနိုင်စေရန် လှုပ်ရှားပို့ဆောင်ပေးသောသဘောဖြစ်၏။

(၄) တေဇောဓာတ်=လှုပ်ရှားပို့ဆောင် တည်ရှိနိုင်စေရန် ဓာတ် ၄-ပါးတို့အား ရင့်ကျက် စောင့်ရှောက်သော သဘောဖြစ်ပေရာ၊ ဓာတ် ၁- ပါးစီ၌ ၁-ပါးနှင့် ၁-ပါး ကျေးဇူးပြုသောကိစ္စ ဗျာပါရ များဆောင်ရွက်နိုင်ရန်-

(၁) ပထဝီဓာတ်မှသည် - ဝဏ္ဏဓာတ်ကိုငင်း
(၂) အာပေါဓာတ်မှသည်- ရသဓာတ်ကိုငင်း
(၃) ဝါယောဓာတ်မှသည်- ဂန္ဓဓာတ်ကိုငင်း
(၄) တေဇောဓာတ်မှသည်- ဩဇာဓာတ်ကိုငင်း

ကင်းအဖြစ်ချထားလျက်ရှိပေသည်။ ဓာတ်ကြီး ၄-ပါးကား- အကောင်သဘော၊ ပရမတ်သဘော၊ ဝဏ္ဏဓာတ်အစရှိသော ဓာတ်ငယ် ၄-ပါးကား အရောင်သဘော၊ ပညတ်သဘော ဖြစ်သဖြင့် သဲတလောက၌ ဤ ၂-ပါး၏ အားလုံ့လ ဗျာပါရပြု၍ အပြန်အလှန်ဆောင်ရွက်ကြခြင်း ကိစ္စကြောင့်-

ပညတ် ၄-ပါး- အကြောင်းတရား ၄-ပါးတို့ ပေါ်ထွက်ကြသည် ဖြစ်ပေသည်။

**အဘိဓမ္မာနှင့်သုတ္တန်နည်းသဘာဝ**

ယခု ပသာဒရုပ် ၅-ပါးဖြင့် မထောက်နိုင်တော့သော ပရမာဏုမြူ၏ဓာတ် ဂ-ပါးသည် အဘိဓမ္မာနယ်၏ နောက်ဆုံးစခန်းဖြစ်၏။ သို့ဖြစ်၍ ဝိပဿနာနယ်ကို ကူးနိုင်ရန် ပထဝီတလုံးကို ဆွဲနုတ်ရခြင်းဖြစ်၏။ အဘယ့်ကြောင့်ဟူမူ အဘိဓမ္မာသဘောသည် ဝိပဿနာ လုပ်ငန်းစဉ် အဘို့ မဟုတ်။ သဗ္ဗညုတဉာဏ်တော်ကြီး၏ လောကကြီးအား ကျက်စားတော်မူသော သဘောဖြစ်၏။ သဘာဝအနက် အဓိပ္ပါယ်ကို ဖွင့်သော သုတ္တန်နည်းသည်သာ ဝိပဿနာ လုပ်ငန်းစဉ်နှင့် သင့်သောကြောင့်ဖြစ်၏။

သတိ။ ။သို့ဖြစ်၍ ဆရာတော်ဘုရား၏ ပရမာဏုမြူ၏ ပထဝီဓာတ် လက္ခဏာကိုအမေးပြုသော ပုစ္ဆာတွင်-

(၁) မာစေနိုင်သော သတ္တိမျှသာ ရှိပါ၏ဘုရားဟူ၍ငင်း
(၂) ရှေ့ရှုထင်သော သဘောမျှသာ ရှိပါ၏ဘုရား ဟူ၍ငင်း
ဖြေဆိုလျှောက်ထားကြရာတွင်-

အမှတ်(၁)ဖြေဆိုချက်သည် အဘိဓမ္မာသဘောဖြင့်သော် မှန်၏။ သို့သော်- ပထဝီသည် မာနိုင်သော သတ္တိရှိသည်ဟုဆိုရာ ရောက်သဖြင့် အတ္တ သဘော၌ ဝင်၍ သဗ္ဗေဓမ္မာ အနတ္တာ သဘာဝနှင့် အငြိုးဆန့်ကျင်နေပေသည်။ အမှန်သော်ငင်း ပထဝီသည် ထည်းထည်းကြီး မာနိုင်သည် မဟုတ်၊ ကျန်ဓာတ် ၃-ပါးတို့၏ ထောက်ပံ့မှုဖြင့်သာ မာရသည်ဖြစ်၍ လုံးဝအနှစ်အသား မရှိလေ(အသာရကဌ အနတ္တဖြစ်၏)

အမှတ်(၂)ဖြေဆိုချက်သည် သုတ္တန်နည်း ဝိပဿနာနည်း ဖြစ်၍ မှန်၏။ ငင်းကိုမဟော ကြားမီ-

**သညာ ၃-ပါးသဘောကိုသိရာ၏၊ ၎င်းတို့မှာ-**

(၁) အာရုံ ၆-ပါး၌ အစဉ်အနေအားဖြင့် ရှိနေသော-သညာ

(၂) အကြည်ဓာတ် ၆-ပါး၌ အစဉ်အနေအားဖြင့် ရှိနေသော- သညာ နှင့်

(၃) အထက် ၂-ပါး ပေါင်းဆုံသော သညာ

ဟူ၍ ၃-ပါးရှိရာတွင် အာရုံ ၅-ပါး ယနကျေပြီးနောက် ၎င်းသညာ တို့သည် ပရမာဏုမြူ၏ ရုပ် ၈-ပါး၌ ငုတ်လျက်နေကြသည်ဖြစ်၍-

ကလျာဏအစ အရိယာပုဂ္ဂိုလ်တို့တွင် အာရုံဖြင့်ဆုံသော် ပညတ်ဘက် မလိုက် ပရမတ်ဘက်ကိုလိုက်၏။ အန္ဓပုထုဇဉ်တို့တွင်ကား ပရမတ်ဘက် မလိုက်နိုင် ပညတ်ဘက်သို့သာ လိုက်ခြင်းဖြင့် သက္ကာယဒိဋ္ဌိနယ်၌ ကျရ၏။ ဤတွင်အဘိဓမ္မာနယ် လမ်းဆုံး၍ ဤမှအစ ဝိပဿနာတက်ရန်ဖြစ်ပေသည်။

အမှတ်(၂)ဖြေဆိုချက်ဖြစ်သော ဉာဏ်အား ရှေ့ရှုထင်သော သဘောသည် သုတ္တန်နည်းဖြစ်ကြောင်း နာကြားပြီးပေရာ သညာဝိပလ္လာသ၏သဘောသည်အမှတ်၏ မှောက်မှားမှု(တနည်း) အမှားကိုသာ မှတ်ခြင်း အဓိပ္ပာယ်ရှိရာ၌ သညာသည် အမှားဖြစ်သော (တနည်း)သမူဟ ဘက်ကိုသာ လိုက်ခြင်း(တနည်း) စွဲယူခြင်း ဖြစ်၏။ ယခုယနကျေပြီး ၍ ဝိပလ္လာသ(တနည်း)အမှား (တနည်း) အဆင်းသညာမရှိပြီ- သို့သော်- အကြည် သညာကားကျန်ရှိနေသေး၏။

**သတိ။** ။၎င်းအဆင်းသညာသည် ဝိပလ္လာသ မဖြစ်နိုင်သော် ငြားလည်း ''**ရှေ့ရှုထင်ရုံကား ထင်သေး၏။ ၎င်းသည်- ရုပ်သဘောဖြစ်၍ ရှေ့ရှုသည့်ဇျာပါရကား- နာမ်ဖြစ်၏။**
(ဤသဘာဝသည်ကား- ပထဝီဓာတ်မှထုတ်ယူ၍ရသော ရုပ်-နာမ်ဖြစ်၏)

အတ္တဒိဋ္ဌိ-အတ္တာနုဒိဋ္ဌိ-သက္ကာယဒိဋ္ဌိ မကျွတ်သမျှ ထိုပုဂ္ဂိုလ်အပါယ် ၄-ပါးမှ လွတ်ပြီဟု မဆိုနိုင်သဖြင့် ပါရမီအထူးကြီးထူးလှ၍ ဤဘဝ ဤခန္ဓာ ဤအခြေ ဤအနေဖြင့် သာသနာတော်ကြီးနှင့်ကြုံကြိုက်စဉ် ထိုဒိဋ္ဌိ ၃-ပါးတို့မှ ကျွတ်လွတ်စေကြောင်း ရုပ်တရား နာမ်တရား ဝိပဿနာတရားတို့ကို ယခုနာယူအားထုတ်လျက် ရှိကြရပေပြီဖြစ်ရာ၊ **ဆထက်တိုး၍** လုံ့လပြုရန် သာလျှင်ရှိပေသည်။

**သတိ။** ။ဝိပလ္လာသ ၃-ပါးနှင့်ဝိပဿနာဉာဏ်သဘာဝ

(၁) သညာဝိပလ္လာသ

(၂) စိတ္တဝိပလ္လာသ နှင့်

(၃) ဒိဋ္ဌိဝိပလ္လာသတို့ဖြစ်ပေရာ-

(၁) သညာဝိပလ္လာသ = ၎င်းသည်အမှတ်မှားခြင်းဖြစ်၏၊ နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့်သိမ်းဆည်းမည်ဖြစ်၏။(ကလျာဏ ပုထုဇဉ်စခန်းဖြစ်၏)

(၂) စိတ္တဝိပလ္လာသ = ၎င်းသည်- အသိမှားခြင်း ဖြစ်၏။ သမ္မသန ဉာဏ်နှင့် ဥဒယဗ္ဗယဉာဏ်ဖြင့် သိမ်းဆည်းမည်ဖြစ်၏။(စူဠသောတာ ပန်စခန်းဖြစ်၏)

(၃) ဒိဋ္ဌိဝိပလ္လာသ = အယူမှားခြင်းဖြစ်၏။အနုပဿနာ ၇-ဉာဏ်ဖြင့်သိမ်းဆည်း မည်ဖြစ်၏။(မဟာသောတာပန်စခန်းဖြစ်၏)

**ဓာတ်ကြီး ၄-ပါးနှင့် မှောက်မှားပုံသဓောဘ**

ယခုလဘက်ရည်ပန်းကန်ကိုရှုသော်-

(၁) ဓာတ် ၄-ပါး အပေါင်းအစု ယနကိုမြင်၏။ ၎င်းကိုစွဲ၍ နာမပညတ်နှင့် သဏ္ဍာန ပညတ်တို့ပေါ်၏။ သို့ပေါ်သော်- ၎င်းအမည်သည် ဓာတ် ၄-ပါး၌ရှိ၏ဟု ယူသော် အမှတ်မှား ဖြစ်၍သညာဝိပလ္လာသမည်၏။

(၂) ဤကဲ့သို့ အမှတ်မှားသော်- ဓာတ် ၄-ပါးနှင့် အမည် တပေါင်းတည်း ဖြစ်၏ဟု ယူပြီး အသိမှားဖြစ်လာ၏။ ဓာတ် ၄-ပါးနှင့်အမည်- အမည်နှင့် ဓာတ် ၄-ပါး တသားတည်း တပေါင်းတည်းဖြစ်၏ဟု စွဲယူခြင်းကြောင့် စိတ္တဝိပလ္လာသမည်၏။

(၃) သို့တပေါင်းတည်းယူလာသော် ဓာတ် ၄-ပါး၌ အမည်ရှိ၍ အမည်၌ ဓာတ် ၄-ပါး ရှိ၏ဟု အယူမှားဖြင့် စွဲယူလာသည်ဖြစ်၍ ဒိဋ္ဌိဝိပလ္လာသ မည်သဖြင့်-

''သညာပုဗ္ဗကာ သင်္ခါရာ''သင်္ခါရတရားတို့တွင် သညာသည်သာ ရှေ့သွား ရှေ့ဆောင်ရှိ၏ ဟူသည်နှင့်အညီ ၃၁-ဘုံ၌ ဤသညာကြောင့်ပင်လျှင် သံသရာကြော ရှည်ရခြင်းဖြစ်ပေသည်။

ဤကလ္လာသည် ပရမာဏုမြူ၏ ပထဝီတလုံးကို ချေနေပေရာ (တနည်း)ဥတုဇမြူကို ချေ လျက်ရှိနေပေရာ အာဟာရဇမြူ စိတ္တဇမြူ ကမ္မဇ မြူတို့ကို ထားဘိဦး။ ဤဥတုဇမြူ (တနည်း) ပထဝီတလုံး ကျေနိုင်ရန်သည်ပင် ကလျာဏ ဉာဏ်စခန်း ဖြစ်သည့်အတိုင်း သာမန်မဟုတ်ကြောင်း ထင်ရှားပေသည်။

ထို့ကြောင့် ၎င်း ပရမာ ဏုမြူရှိ ဓာတ် ၈-ပါး၏ ပထဝီ လက္ခဏာ အဘယ်ကဲ့သို့ ရှိနေ သနည်းဟု အမေးပြုသော် မာသည်– မာသဘော- မာသတ္တိသာ ရှိပါသည်ဟု ပြောနိုင် ပါမည် လော? ပြောသော်လွဲ၏- လွဲပုံမှာ-

ယခုလက်ဘက်ရည် ပန်းကန်ကိုမည်သူပင် ထိတို့၍ ကြည့်ကြည့် တွေ့နိုင်သော-

(၁) ဖောဋ္ဌဗ္ဗ ပထဝီ = လက်ဘက်ရည်ပန်းကန်၌ရှိသော=မာဓာတ်

(၂) ကာယပသာဒပထဝီ= လက်ဖျား၌ရှိသော =မာဓာတ်

(၃) အထက်ပါ ၂-ပါး ပေါင်းဆုံ၍ သိသော=သညာပထဝီ=မာဓာတ်

(၄) အထက်ပါ ၃-ပါးညီညွတ်သော် သိသော=ဝိညာဏ်သိပထဝီ=မာဓာတ် တို့သည် စင်စစ်သညာဝိညာဏ်၏အခပြောပင်ဖြစ်ရာအားလုံးသိနိုင်သောကြောင့် သညာဝိပလ္လာသ သာဖြစ်၏။

ထိုနည်းတူစွာ အာနာပါန ကမ္မဋ္ဌာန်းကို အားထုတ်သော် သွေး-လေ-သလိပ်- သည်းခြေ တို့၏ လှုပ်ရှား ဖောက်ပြန်မှုဖြင့် ခန္ဓာကိုယ်တွင် တွေ့နိုင်သော မာသဘော- လှုပ်သဘော- ပူ သဘော-အေးသဘောတို့သည်လည်း သညာ၏ လှည့်ပတ်မှုသာဖြစ်၍ သညာဝိပလ္လာသ သာ ဖြစ် ၏။ မွေ့စကြော, မဟာသတိပဋ္ဌာန် ခုံရုံးတင်၍စစ်သော် အထက် ဖေါ်ပြပါမာသာဘာနှင့်အတူတူ ပင် ဖြစ်ပေသည်။

**သတိ**။ ။(တနည်း) ယခုပရမာဏုမြူ၏ ပထဝီကို မေးသော် မာသဘောရှိနေပါသေးသည် ဟု ပြောမည် ဖြစ်၏။ သို့သော် လက်ဖြင့် စမ်းသပ်တို့ထိ၍ မရတော့ပြီဖြစ်၍ ယုံရမည် လော? ရသော် မျက်မှောက် ပစ္စုပ္ပန်သညာ ဖြစ်သဖြင့် ယုံရသေး၏။

စင်စစ်မှာသော် ယခုမာနိုင်သေးသည်ဟု ပြောနေခြင်းကား ယနကြီးရှိစဉ်က ပသာဒရုပ်ဖြင့် ထောက်၍ သိခဲ့သောမာခြင်းကို စွဲ၍ပြောသော မာသဘောသာ ဖြစ် သဖြင့် ၎င်းသည် မျက်ကွယ်သဘော အတိတ်သညာဖြစ်၏။

ဤတွင် အထက်ဖော်ပြပါ သညာ ၂-ပါး၌ ပစ္စုပ္ပန် သညာကား ထိုပရမာ ဏူမြူစခန်းတွင် လက်ဖြင့်တို့ထိမရနိုင်၍ မရှိပြီ။

ရှိနေသည်ကား အတိသညာဖြစ်၏။ ဤမာသဘောသည် အန္တပုထုဇဉ် တို့၏ လက်ကိုင်အစွဲအယူဖြစ်၍ သညာဝိပလ္လာသမည်၏။ ဝိပဿနာ မည်သည် မျက်မှောက် (တနည်း)ပစ္စုပ္ပန် သဘောသာ ဖြစ်ရမည်ဖြစ်ပေရာ- ၎င်းမျက်ကွယ် သဘော ဖြစ် သော အတိတ်သညာဝိပလ္လာသကို မောင်းထုတ်နိုင်စေရမည် ဖြစ်၏။ မောင်းထုတ် နိုင် သော် ကိစ္စပြီးမည်ဖြစ်၏။

ဤအချက်သည် ပညာနိဒ္ဒေသဖြစ်သည့်အတိုင်း ပညာဖြင့် တခါတည်း ဖောက်ထွင်းနိုင် သော်- ကလျာဏအဆင့်သို့ရောက်၏။ လောကတွင် ဓာတ်ဘယ်နှစ်ပါးပင်ရှိရှိ သညာဝိညာဏ်၏ ဆွဲကိုင်မှုကြောင့်ရှိနေပေရာ အမှန်မှာမူကား ဧကောဓမ္မော (တနည်း) တခုတည်းသော သဘာဝ အဖြစ် သိမ်းဆီးနိုင်ရမည်ဖြစ်သဖြင့် ယခု၎င်းကိုရှုဆင်ခြင်ပြန်ရာ၏။ မြင်၏-မြင်သော်- ဘာကိုမြင်၍ ဘာကိုတွေ့ပါသနည်း? (မျက်ကွယ်အတိတ်သဘော သညာဝိပလ္လာသကိုပယ်သတ်ပြီးဖြစ်ကြောင်း သတိပြုပါရန်)။

ဝိပဿနာတွင် ပစ္စုပ္ပန်သဘော ပထဝီကို မိရမည်ဖြစ်ပေရာ ယခုအတတ်နိုင်ဆုံး ရနိုင် သည်ကား-

''ပစ္စုပ္ပန် ဆတ်ဆတ် ရှေရှု ထင်နေသော သဘော''သာ ရှိပါတော့သည် ဟူ၍ ဖြစ်၏။

၎င်းသည် ''ပရမတ်ရုပ်''ဖြစ်၏။

၎င်းကိုဘာဟူ၍ မပြောနိုင်ငြားသော်လည်း သဘ်တလောကအလယ်တွင် ငါ-ဒီမှာရှိသည်-ငါ့ကိုစွဲကြပါ- အမည်ပေးကြပါဟု မပြောသော်လည်း ပြောဘိသကဲ့သို့ အနှပုထုဇဉ် တို့အား ရှေရှုစောင့်မျှော်ငံ့လင့်ပြီး ပေါ်၍နေရသောသဘောဖြစ်၏။

''ဥာဏ်အားဖြင့်ရှုသည့်- ဗျာပါရကား ပရမတ်နာမ်''ဖြစ်၏။


ဤသည်တို့ကား တလွန်တရာမှပင် ကျစ်လစ်သိမ်မွေ့နက်နဲလှသော သဘာဝကို ပညတ်တင်၍ ဟောတော်မူရာ၌ သဘောတွေ့(တနည်း)ပညာတွေ့ဖြင့်သော် များစွာပင် ကွာခြားမည် အမှန်ဖြစ်ပေရာ ကိုယ်တွေ့ကိုယ်ပိုင်ဖြစ်နိုင်ရန်သည် ဆရာကောင်း ဆရာမှန် ဆရာစစ်ကိုရှာကြံ၍ လက်ပွန်းတတီး ဆည်းကပ်ကိုးကွယ် နာယူအားထုတ်မှသာ ဖြစ်နိုင်သော လုပ်ငန်းဖြစ်သဖြင့် ရှင်တော်မြတ်အား ကြည်ညိုသော်လည်း မိမိ၏စည်းစိမ်ဥစ္စာ ခြွေရံသင်းပင်း ဂုဏ်သိက္ခာကို ထိခိုက်မည်စိုး၍ လျို့ဝှက်စွာ (တနည်း) အဝေးမှနေပြီး အရိပ်အခြေဖြင့်သာ ဆည်းကပ်လေ့ ရှိသော သောဏဒဏ္ဍသူဌေး ပုဏ္ဏားကဲ့သို့မပြုမူသင့်ပေ။

''ဆရာမကပ်-ငါးပိဖုတ်ပင်မတတ်''သည့်ထုံးကိုနှလုံးမူ၍ မဂ်ပညာ ဖိုလ်ပညာနှင့် မလွဲ ချော်စေရန်သတိပြုအပ်လှပါသည်။

(သမ္မုဟာယနကြီးကိုခွဲစိပ်သော- သီလဝိသုဒ္ဓိအပိုင်းပြီး၏)

(ပုံစံအမှတ် ၄)

## သမာဓိသိက္ခာ စိတ္တဝိသုဒ္ဓိအပိုင်း




**အကြောင်းတရား ၄-ပါးနေပုံ**

ယနေ့မှအစပြု၍ သမာဓိသိက္ခာ-စိတ္တဝိသုဒ္ဓိခွဲစဉ်ဖြစ်၏၊ ၎င်းအတွက် ဥပစာရသမာဓိနှင့် အပ္ပနာသမာဓိ ၂-ပါးစလုံးဖြင့် ယူနိုင်၏။ အယုတ်ဆုံး အာနာပါနသမာဓိဖြင့်လည်း ဖောက်နိုင်၏။

သီလသိက္ခာပိုင်းတွင် မြူ ၄-ပါးကို ၃၆-စိပ် အဆင့်ဆင့်စိပ်သော် နောက်ဆုံး ၁-စိပ်သည် **ပရမာဏုမြူဖြစ်ကြောင်း** သိပြီးဖြစ်၏။ ၎င်း ၁-စိပ်ကို ထပ်၍ ၃၆-စိပ် ရအောင် မစိပ်နိုင်ပြီလော သီလခွဲစဉ်ဖြင့်သော်မရနိုင် သမာဓိဖြင့်ကား ရ၏။

သို့ဖြစ်၍ ၎င်းပရမာဏုမြူသည် စိတ်မြူပင်ဖြစ်သော်လည်း ဥတုမပါပြီလော? လောကတွင် ပေါ်သော်- ပေါင်းပြီး ပေါ်ရသည်ဖြစ်၍ ပါသည်သာဖြစ်၏၊ ၎င်းသည် မြူသေး ဖြစ်ပေရာ- စိပ်သော်-

ဓာတ် ၄-ပါးကို ၃၆-စိပ်ဖြင့်စိပ်သော်- ၃၆×၄=၁၄၄ စိပ်ရ၏။

တဖန် ရုပ် ၉-ပါးဖြင့် ထပ်သော် ၁၄၄×၉=၁၂၉၆-စိပ်ရ၏။

**သမာဓိဖြင့် ခွဲစိပ်နိုင်ရန် ပဋ္ဌမ မြူ၄-ပါးခွဲစဉ် တနည်းကို သိနှင့်ရာ၏။ ၎င်းတို့မှာ-**

(၁) ခန္ဓာကိုယ်၏ ပသာဒရုပ် ၅-ပေါက်တွင် မျက်စိဖြင့် စမ်းသပ်၍ ရသော်၎င်းသည် ဒိဋ္ဌမြူ ဖြစ်၏။

(၂) နားဖြင့် စမ်းသပ်၍ရသော် ၎င်းသည် သုတမြူဖြစ်၏။

(၃) နှာခေါင်း-လျှာ-ကိုယ်ဖြင့် ထိတွေ့စမ်းသပ်၍ရသော် မုတမြူဖြစ်၏။

(၄) စိတ်ဝိညာဏ်ဖြင့်သာ စမ်းသပ်၍ရသော် ဝိညာတမြူဖြစ်၏။

**ထို့နောက် နိမိတ် ၃-ချက်ကိုလည်း သိရာ၏။ ၎င်းတို့မှာ-**

(၁) ပရိကမ္မ ဘာဝနာ = ပရိကမ္မနိမိတ်

(၂) ဥပစာရ ဘာဝနာ = ဥဂ္ဂဟနိမိတ်

(၃) အပ္ပနာ ဘာဝနာအနု=ပဋိဘာဂနိမိတ်

(၄) ၎င်းအထက် သုံးပါးနှင့် ပြည့်စုံသော် အပ္ပနာ ဘာဝနာပြီး၏။ ထိုမှ **တဆင့်ရှာန်** တရားကို တက်ရ၏။

**ပရိကမ္မဘာဝနာ-ပရိကမ္မနိမိတ်သဘော**

အာနာပါနလုပ်ငန်းစဉ်ဖြင့်သော်တရားမထိုင်မီ ဝင်လေထွက်လေကို အခြေပြု၍အကြိမ်ကြိမ် အထပ်ထပ် အားထုတ်ရခြင်းသည် ပရိကမ္မဘာဝနာ မည်၏။ ၎င်းမှထင်သောနိမိတ်သည် ပရိကမ္မ နိမိတ် မည်၏။

ကသိုဏ်း ၁၀-ပါးမှ ဥပမာ ပထဝီကသိုဏ်းကိုယူသော် ပထဝီ-ပထဝီဟုကြိမ်ဖန်များစွာ စီးဖြန်းရခြင်းသည် ပရိကမ္မဘာဝနာ မည်၏။ ၎င်းမှထင်သော နိမိတ်သည် ပရိကမ္မနိမိတ်မည်၏။

**နိမိတ်ပေါ်ခြင်း-မပေါ်ခြင်းသဘာဝ**

အချို့သော ယောဂီအဘိုရာတွင် ရက်ရှည် ဘာဝနာ ပွားငြားလည်း တစုံတရာ သော နိမိတ်သည် မထင်- မှောင်မဲလျက်သာ နေလေ့ရှိ၏၊ ထိုပုဂ္ဂိုလ်အား ပါရမီမရှိဟု ဆိုရန် မသင့်ပေ။ အဘယ့်ကြောင့်ဟူမူ-

(၁) ထိုပုဂ္ဂိုလ်သည် သွေးအားကောင်းလျှင်သော်၎င်း

(၂) စိတ်ဝိတက်များနေလျှင်သော်၎င်း

(၃) အထိတ်အလန့်မရှိတတ်လျှင်သော်၎င်း

(၄) အတိတ်ဘဝ၏ ပညာစခန်းအားကောင်းနေလျှင်သော်၎င်း

(၅) အတိတ်ဘဝ၏ နတ်-ဝိဇ္ဇာ-အင်း-ဆေး-မှော်တို့ကြောင့်၎င်း နိမိတ် မထင်တတ်ပေ အချုပ်ဆိုသော် ပါရမီဆိုသည်ကား ပညာ၏ အရာဖြစ်သောကြောင့်ပေတည်း။

အကယ်တိ အကြင်ပုဂ္ဂိုလ်သည် ကြိုးစားအားထုတ်၍မှ နိမိတ်မထင် ရှိခဲ့သော် ပရိကမ္မ နိမိတ်ကိုယူရမည် ဆိုသည့်အတိုင်း တစုံတခုသော အရာဝတ္ထုကို ရှေ့တွင်ထား၍ ကြည့်လိုက် မှိတ်လိုက် ကြိမ်ဖန်များစွာ အားထုတ်သော် ထိုနိမိတ်သည် မျက်လုံး အကြည်၌ ထင်၏။ သို့ထင် သော်- ဥပစာရသမာဓိ ဥဂ္ဂဟနိမိတ်ကို မိသည်မည်၏။

အပ္ပနာ ဘာဝနာ- ပဋိဘာဂ နိမိတ်သည်ကား- ဥဂ္ဂဟနိမိတ်ထက် ပို၍ကြည်သော ထင် သော နိမိတ်ဖြစ်ပေရာ ဟိုမှာဘက်၌ အပ္ပနာသမာဓိလျှင်ရှိသည်ဖြစ်၏။

**သတိ။** ။သီလပိုင်းကဲ့သို့ပင် ဤသမာဓိပိုင်း၌လည်း မိမိထင်သောနိမိတ်ကို ဓာတ် ၄-ပါးဖြင့်ပင် သိမ်းစည်းရာတွင် ဓာတ် ၄-ပါးဃန၏- သညာသိ-မာသဘောကို (တနည်း)စိတ်ဖြင့် သာ ဖမ်းယူနိုင်သော ပထဝီကို ခွဲစိပ်ရသည်ဖြစ်၍ သမာဓိဖြင့် ခွဲစိပ်သည်မည်၏။

**ကသိုဏ်း ၁၀ပါးနှင့် ဓာတ် ၈-ပါးသဘော**

အဘိဓမ္မာသည်- လောကကြီးကိုသိမ်း၏၊ လိုက်စားလေ့လာသော်- ဉာဏ်ကြီး၏ ပညတ် နယ်ကြီးကို စောင့်ထိန်းနိုင်၏။ သို့ဖြစ်၍ ပညတ်တရားကိုချုံးနိုင်သော်- ပရမတ်သဘာဝ၌ ဝင်နိုင် ခြင်းဖြစ်ပေသည်။

အဘိဓမ္မာသည် ရုပ် ၈-ပါးကိုမူတည်၊ ၎င်း၌ စရဏတရား ဖြစ်သော သမထ ဘာဝနာ ၄၀-ဝင်နိုင်၏။ သာသနာနှင့်စပ်၍ရသော သမာဓိဖြစ်၍ပေတည်း။

**သမထ ဘာဝနာ- ၄၀**

(၁) ကသိုဏ်း ၁၀-ပါး

(၂) အနုဿတိ ၁၀-ပါး

(၃) အသုဘ ၁၀-ပါး

(၄) ဗြဟ္မာ့ဝိဟာရတရား ၄-ပါး

(၅) အရူပသမာပတ် ၄-ပါး

(၆) အာဟာရေပဋိကူလသညာ ၁-ပါး

(၇) စတုဓာတုဝ ဝတ္ထာန ၁-ပါး- ပေါင်း ၄၀-ဖြစ်၏။

ထို့ပြင် သာသနာဖြင့် မစပ်သော ဗေဒင်- နတ်-ဝိဇ္ဇာ-အင်း- ဆေး-မှော် စသည့်ပညာရပ်များလည်း သမထနှင့်ယှဉ်၍ ရှိသေး၏။ သို့သော် ဤကဏ္ဍ၌မလိုအပ်ပြီ။

ၑင်းသမထ ဘာဝနာ ၄၀-ကိုကျဉ်းသော် ကသိဏ်း ၁၀-ပါးဖြစ်၏။

ၑင်း၏ သဘာဝကား–

(၁) အနုဿတိ ၁၀-ပါးကား သဒ္ဓါတရားကိုပွားစေ၏။
(၂) အသုဘ ၁၀-ပါးကား ရာဂကိုငြိမ်းစေ၏။
(၃) ဗြဟ္မာ့ဝိဟာရတရား ၄-ပါးကား ဈာန်တရားသို့တက်နိုင်ရန်ဖြစ်၏။
(၄) အရူပသမာပတ် ၄-ပါးကား ဈာန်အင်္ဂါ ၄-ပါးတက်နိုင်ရန်ဖြစ်၏။
(၅) အာဟာရေပဋိကူလသညာ ၁-ပါးကား အာဟာရ၌ဆင်ခြင်သုံးဆောင်ခြင်းဖြစ်၏။
(၆) စတုဓာတုဝ ဝတ္ထာန ၁-ပါးကား ဓာတ်ကြီး ၄-ပါးကို ဆင်ခြင် ပွားများခြင်းဖြစ်၏။

**သတိ။ ။ကသိဏ်း ၁၀-ပါးနှင့် ရုပ် ၉-ပါးသဘော**

အဘိဓမ္မာ လောကတွင် ရုပ်ဓာတ်သည် ရုပ် ၈-ပါးနှင့် အာကာသ ၁-ပါးပေါင်း ၉-ပါး ဖြစ်၏။

ကသိဏ်း ၁၀-ပါးသည်-

| | | | |
|---|---|---|---|
| ဓာတ်ကြီး ၄-ပါးမှာ | (၁) နီလ | = | အညိုရောင် |
| | (၂) ပီတ | = | အရွှေရောင် |
| | (၃) လောဟိတ | = | အနီရောင် |
| | (၄) ဩဒါတ | = | အဖြူရောင် |

အဘိဓမ္မာတွင် ၑင်း အရောင် ၄-ပါးသည်-

| | | |
|---|---|---|
| (၁) ဝဏ္ဏ | = | အဆင်း |
| (၂) ဂန္ဓ | = | အနံ့ |
| (၃) ရသ | = | အရသာ |
| (၄) ဩဇာ | = | အဆီအနှစ်အဖြစ်ဖြင့် ယူ၏။ |

အာကာသ = ၁-ပါး

အာလောက = ၁-ပါး

ဤ၌ အာလောကသည် အလင်းရောင် ဖြစ်ပေရာ အဆင်းပင်ဖြစ်၍ ဝဏ္ဏတွင်သွင်းသော် ရုပ်ဓာတ်ပင် ဖြစ်သဖြင့် အဘိဓမ္မာ၏ ရုပ် ၉-ပါးနှင့် တထပ်တည်း ဖြစ်ပေသည်။

ထို့ပြင် အာကာသ ဓာတ်သည် ကသိုဏ်း ၁၀-ပါးတွင် မိုးကောင်းကင် ပညတ်ကို ယူ၍ **အဘိဓမ္မာ၏** အာကာသသည်ကား ရုပ်ဓာတ် ၁-ပါးနှင့် ၁-ပါး၏အကြားကိုယူ၏။

ထို့ပြင် ဤကလ္လာအဘို့ သီလပိုင်းကကဲ့သို့ ဓာတ် ၉-ပါး စလုံးကို ကိုင်သည့် သဘွယ် ကသိုဏ်း ၁၀-ပါးစလုံးကို မကိုင်မူ၍အထက်တွင် ဖော်ပြခဲ့ပြီးသော မြို့ ၄-ပါး ခွဲစဉ်ဖြင့် သိမ်းဆည်းမည် ဖြစ်ပေရာ ဝိညာဏမြို့ဖြင့် ပရမတ် ရုပ်တရားနာမ်တရားကို ဖမ်းမည်ဖြစ်၏။ (ဤသည်ကား- ဒိဋ္ဌိဝိသုဒ္ဓိဖြစ်၏)။

အများသော ကမ္မဋ္ဌာနတို့တွင် မဂ္ဂါ မဂ္ဂ ညာဏ ဒဿန ဝိသုဒ္ဓိစခန်းမှ အစပြု၍ ပြသခြင်းကို အထူးကြံဆရန်ဖြစ်ပေသည်။

သို့ဖြစ်၍ သတိပဋ္ဌာန်တရားမြတ်ကို အားထုတ်ရန်သည် စံနစ်တကျ အခြေခံနည်းနာ နိသျကို ခံယူဘို့ အရေးကြီးလှပါသည်။ အချုပ်မှာမူ သမ္မုဟာဿနမကျေလေသမျှ မည်သည့်သတိပဋ္ဌာန်တရားကိုပင် အားထုတ်သည်ဖြစ်စေ အကျိုးကြီးမည် မဟုတ်ပေ။

ထို့ကြောင့် ပထမ သမ္မုဟဿနမကျေမူဘဲ တခါတည်းအာနာပါန ကမ္မဋ္ဌာန်း တရားကို **အားထုတ်သော** ပုဂ္ဂိုလ်တို့တွင် ''ဖြစ်-ပျက်''ကို တွေ့ကြရမည်ပင် ဖြစ်ပေသည်၊ သို့သော် သညာဝိညာဏ်ဖြင့် လုပ်ကြံသော ''ပညတ်-ဖြစ်-ပျက်''သာလျှင်ဖြစ်နေ၏။ ဝိပဿနာဟူသည် ပညတ်ကို **မရှုရပေ**။ ပရမတ်ကိုသာ ရှုရသည်ဖြစ်၍ **ပထမဃန** ကျေရမည်ဟု ဆိုဆုံးမတော်မူခြင်း ဖြစ်ပေသည်။

အထက် သီလပိုင်းတရား၏ အဆက်ကိုရှုသော် ရုပ် ၈-ပါးသာလျှင် ရှိတော့သည်။ ၎င်းသည် ကလာပ် ၁-စည်းဖြစ်ပြီး သညာဝိညာဏ်ဖြင့်သော် **အာကာသဓာတ်** မရှိဟု ပြောရန်ဖြစ်၏။ ပညာဉာဏ်ဖြင့်ကား ဓာတ် ၈-ပါး ရှိနေသေးသည်ပင် ဓာတ် ၁-ပါးနှင့် ၁-ပါး ဆက်စပ်ချင်နေသည့် ဗျာပါရသဘောကား ရှိနေသေးသည်ဖြစ်၍ ၎င်းဗျာပါရ သဘောကို **သန္တတိပညတ်**ဟု **ခေါ်၏**။

**သတိ**။　။အဝိဗ္ဗါယ်မှာ ဤပရမာ ဏုမြို့၏ ဓာတ် ၈-ပါးတွင် ရုပ်အာကာသ မရှိသော်လည်း နာမ်အာကာသကား ရှိနေသည်ဖြစ်၏။

အဘိဓမ္မာတွင် ၎င်း ရုပ် ၈-ပါးသည် ခွဲ၍ မရနိုင်တော့သဖြင့် ''အဝိနိဗ္ဘောဂ ရုပ်'' ဟု ဆိုရ၏။

ဝိပဿနာအရာမှာမူကား ဓာတ် ၁-ပါးကိုပင် ရအောင် ထုတ်နုတ်၍ ရှုရသော အလုပ် **ဖြစ်၏**။

သို့သော် သတိပြုရန် အချက်မှာ အထက်တွင် ဟောတော်မူပြီးသည့်အတိုင်း သီလပိုင်းတွင် သဏ္ဌာန်-အရိပ်-နိမိတ်-လက္ခဏာ စသည့် ပညတ်၏ လှည့်စားမှုတို့ကို ပရမတ် ဟု ထင်တတ်ခြင်း ဖြစ်၏။

ယခု သမာဓိအပိုင်းမှာလည်း ကသိုဏ်းပညတ်ကို ပရမတ်ဟု ထင်မြင်တတ်ပေသည်။

အဋ္ဌကလာပ်ခေါ် ရုပ် ၈-ပါး ဘာကြောင့် ပေါင်းသနည်းဟု အမေးပြုသော် သီလဖြင့် ခွဲစိပ်ခန်းတွင် ပညတ် ၄-ပါးကြောင့်ဟု ပြော၏။

ယခု သမာဓိပိုင်းကွင်းမှု အကြောင်း တရား ၄-ပါးကြောင့်ဟု ပြန်ပြော၏။ ၎င်းတို့မှာ-

(၁) ဒိဋ္ဌမြူကို ခွဲစိပ်သော် ဥတု၏ ဗျာပါရ ခေတ် ၈-ပါး ပေါ်ထွက်၍၎င်း

(၂) သုတမြူကိုခွဲစိပ်သော်အာဟာရ၏ဗျာပါရခေတ် ၈-ပါး ပေါ်ထွက်၍၎င်း

(၃) မုတမြူကို ခွဲစိပ်သော် စိတ်၏ ဗျာပါရခေတ် ၈-ပါး ပေါ်ထွက်၍၎င်း

(၄) ဝိညာတမြူကို ခွဲစိပ်တော်ကံ၏ ဗျာပါရ ခေတ် ၈-ပါး ပေါ်ထွက်၍၎င်း

ဤသို့ ခွဲစိပ်ရခြင်းသည်ပင် **အာကာသခေတ်ရှိ၍** ရခြင်းဖြစ်ပေရာ အကြောင်းတရား-၄ပါး၏ ခေတ် ၃၂-ပါးတွင် ခေတ် ၈-ပါးစီ— ၈-ပါးစီ၌ ကသိုဏ်းပညတ်ကို ခွာ၍ ရသော အာကာသ (တနည်း) ကသိဏုဂ္ဃာဋိမာကာသ ခေတ် ၁-လုံးစီ ပေါင်းသော် ၃၆စိပ်ပင်ရ၏။

ဤ၌ကလပ်အားကိုမယူသင့် ပါဝါအား(တနည်း) အင်အားကိုယူရန် ဖြစ်ပေရာ ၃၆-ကို မြူ ၄-ပါးဖြင့်မြှောက်က ၁၄၄ ဒီကရီအင်အားရ၏။ (သမာဓိဖြင့်ခွဲစိပ်၍ရခြင်းသဘောဖြစ်၏)

(၁) ဤကလျာ၏- **သမာဓိဖြင့်** ခွဲစိပ်ပြီးနောက် ပညာပိုင်းဖြင့် **နောက်ဆုံး** ခွဲစိပ်သော်- နာမရူပ ပရိစ္ဆေဒဉာဏ်ဖြင့် ဥတုပါဝါ ၃၆-ဆိတ်မည်ဖြစ်၏။

(၂) ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့် **အာဟာရ**ပါဝါ ၃၆-ကိုဆိတ်မည်ဖြစ်၏။

(၃) သမ္မသနဉာဏ်ဖြင့် စိတ် ပါဝါ ၃၆-ကို ဆိတ်မည်ဖြစ်၏။

(၄) ဥဒယဗ္ဗယဉာဏ်ဖြင့် ကံ- ပါဝါ ၃၆-ကို ဆိတ်မည်ဖြစ်ပေရာ

အကျိုးတရားကား မျက်စိ- နား- နှာ- လျှာ-ကိုယ် ၅- ပေါက် သတိပဋ္ဌာန် ပေါက်ရောက်မည် ဖြစ်၏။

ကသိုဏ်း-ဈာန်-အဘိညာဉ်လောကသည် နက်နဲသည့်အတိုင်း ယခုခေတ်- သိပ္ပံပညာဖြင့် ထောက်ဆ၍ကား မှီမည်မဟုတ်ပေ၊ ထို့ကြောင့် အဘယ်မျှ သိမ်မွေ့သည်ကို ရှေ့ဟောစဉ်တွင် ကြားနာရမည်ဖြစ်ပေသည်။

၃၀-၇-၆၇

ယခု-ပရမာဏုမြူ၏ ရုပ်၈-ပါးသည်ကား ပသာဒရုပ်၅-ပါးဖြင့် မစမ်းသပ်နိုင်တော့သည် ဖြစ်၍ သညာသိအနေဖြင့်မရှိတော့ပြီ- သညာသိသည် ပသာဒရုပ် ၅-ပါး၏ အမှတ်ဖြစ်၏။ ၎င်းမှ လွန်သော် ဝိညာဏ်ဖြင့်သာဖမ်းနိုင်၏။ သို့ဖြစ်၍ ပုံစံ အမှတ် ၄-တွင် ဝိညာဏ်သိမြူဟု ဖော်ပြထားခြင်းဖြစ်ပေသည်။ ၎င်းကိုခွဲစိပ်ခြင်းသည် သမာဓိသိက္ခာ-စိတ္တဝိသုဒ္ဓိအပိုင်းမည်၏။

**သတိ**။ ။လောကတွင် သညာရှိသော်- ဝိညာဏ်ရှိ၏၊ ဝိညာဏ်ရှိသော်- သညာရှိ၏၊ သညာကို အနတ္တနှင့်သတ်၍ ဝိညာဏ်ကို ဒုက္ခနှင့်သတ်ရ၏၊ အချုပ်မှာမူကား-အနိစ္စနှင့်ဒုက္ခကို ဖွင့်တော်မူခြင်းသည် စင်စစ်အနတ္တတရားကိုအလိုရှိတော်မူ၍ဖြစ်၏။

ဤကလျာ၌ပရမာဏုမြူ၏ပထဝီသဘောကိုလက်ဖြင့်တို့ထိမရနိုင်၍သညာအမှတ်မာသဘော မရှိနိုင်တော့သည်မှန်၏။ သို့သော်- သညာကား မရှိမဟုတ်ပေ၊ တို့ထိ၍ရစဉ်က သိမှတ်ခဲ့သော **မာသဘောသည်** ဝိညာဏ်၌ကိန်းလျက်ရှိနေ၏။ ထိုကိန်းနေသော(တနည်း)ငုတ်နေသောသညာကို ခွာနိုင်စေရမည်ဖြစ်ပေရာ-

(၁) မုတမြူ = ဖြစ်သော နှာ-လျှာ- ကိုယ်- တို့၏ အာရုံကို ဖမ်းနိုင်သောစွမ်းအင် ထက်

(၂) သုတမြူ = ဖြစ်သောနားကပို၍ ဖမ်းနိုင်စွမ်းရှိ၏၊ ၎င်းထက်
(၃) ဒိဋ္ဌမြူ = ဖြစ်သော မျက်စိက အလွန်အကဲ ဖမ်းယူနိုင်စွမ်းရှိ၏၊ ၎င်းထက်

(၄) ဝိညာတမြူ = ဖြစ်သော ဝိညာဏ်ကြီး၏ စွမ်းအင်ကား အကြီးဆုံးဖြစ်သည်ကို ပထမ သိမြင်စေရာ၏။

**ဘာဝနာ ၄-ပါးနှင့် မြူ ၄-ပါးကျင့်စဉ်သဘော**

ပထမ မိမိ၏ ပါရမီစရိုက်အားလျော်သောတခုသော ကသိုဏ်းကိုယူ၍ အားထုတ်ရာ၏။ အချိန်သင့်သော်-

(၁) ဝိညာဏအရိပ်သည် အာရုံ၌ထင်၏။ ၎င်းနိမိတ်သည် ဒိဋ္ဌမြူ (မြင်အပ်သောမြူ) ဖြစ်၍ ပထဝီပြဋ္ဌာန်းသော ရုပ် ၈-ပါးဖြစ်သဖြင့် ၃၆-အင်အားရှိပြီးပရိကမ္မနိမိတ် ဥတုအကြောင်းဖြစ်၏။ ၎င်း၌ ကသိဏုဋ္ဌာဋ္ဌိမာကာသ(တနည်း) ကသိုဏ်း အာကာသ ရှိသည့်အတွက် ရုပ်ဓာတ်အားဖြင့် ၉-ပါးရှိ၏။ (ပထဝီ ဒဟ မီးဓာတ် ဖြစ်၏) မျက်စိအကြည်-

(၂) ၎င်းပရိကမ္မနိမိတ်သည် ပို၍ထင်ရှားကြည်လင်ပြီးလျှင် မှိတ်လျက်သော်၎င်း၊ ဖွင့်လျက်သော်၎င်း ဘယ်နေရာကိုပင် ရွှေ့ပြောင်း၍ကြည့်ကြည့် လိုသလိုရသော် အင်အား ၃၆-ရှိ သုတမြူဖြစ်၏။ ၎င်းသည် ဥပစာရဘာဝနာ ဥဂ္ဂဟနိမိတ် ဖြစ်ပြီးလျှင် အာဟာရအကြောင်း-အာပေါ-သန္တပ္ပန မီးဓာတ် ဖြစ်၏။ ဤ၌လည်း ကသိဏုဋ္ဌာဋ္ဌိမာကာသရှိ၍ ဓာတ် ၉-ပါးပင်ဖြစ်၏။ နားအကြည်-

(၃) ထိုဥဂ္ဂဟ နိမိတ် ပို၍ကြည်လင်ထင်ရှားလာသော် နှာ-လျှာ-ကိုယ်နှင့်တကွ၊ အကြည် ဓာတ် အားလုံးတို့၌ ထင်တော့၏။ သို့ ထင်သော်-ကြည့်သော် ၎င်းသည် အင်အား ၃၆-ရှိ မုတမြူဖြစ်၏။ ဘာဝနာအားဖြင့် အပ္ပနာဘာဝနာ- ပဋိဘာဂနိမိတ် ဖြစ်ပြီးလျှင် စိတ်အကြောင်းဝါယော ဥသမမီးဓာတ်ဖြစ်၏။ ဤ၌လည်းကသိဏုဋ္ဌိမာကာသရှိ၍ရုပ် ၉-ပါးပင်ဖြစ်၏။

(၄) ထိုပဋိဘာဂနိမိတ် အစွမ်းကုန် ကြည်လင်လာသော် ၎င်းအကြည် ဓာတ်သည် အလွန်ဝေးလံသော အရပ်တို့သို့ပင် လွှတ်နိုင်၏- ထင်နိုင်၏- တန်ခိုးရှိလာသည် ဖြစ်၍ အရိယာနွယ်ဝင်ပင်မဖြစ်သေးငြားလည်း ထိုပုဂ္ဂိုလ်အား သေခါနီးကာလ မကောင်းသော ကံ-ကမ္မ-ဂတိ နိမိတ်တို့သည် အပါယ်ဘုံသို့ ဆွဲဆောင်ခြင်းငှာ မတတ်နိုင်ပြီ၊ ဤနိမိတ်ကသည်ပင်လျှင် မဝင်နိုင်အောင် တားဆီးနိုင်၏။

## နိမိတ် ၃-ချက်သဘော

(၁) ကံနိမိတ် = သည်ကား မိမိ၏ပြုမိခဲ့သော အကြောင်းတရားပင်ဖြစ်၏။
(၂) ကမ္မနိမိတ် = သည်ကား မိမိ၏ကံအားလျော်သော နိမိတ်ကိုမြင်ရခြင်းဖြစ်၏။
(၃) ဂတိနိမိတ် = သည်ကား မိမိ၏ကံအားလျော်သော အနာဂါတ်ဘဝသို့ လားရမည့် နိမိတ်ထင်ခြင်းဖြစ်၏။

၎င်းနိမိတ်သည် အင်အား ၃၆-ရှိ ဝိညာဏမျိုးဖြစ်၏။ ဘာဝနာအားဖြင့် အပ္ပနာသမာဓိ ဖြစ်ပြီးလျှင် ကံအကြောင်း တေဇော ပရိပါစကမီးဓာတ်ဖြစ်၏။ ဤ၌လည်း ကသိဏ္ဍာဒိမှာကာသဓာတ်ရှိသည်ဖြစ်၍ ရုပ် ၉-ပါးပင်ဖြစ်ပေရာ-

**သတိ**။ ။ချုံးသော်- ရုပ်အားဖြင့် ၁-ပါးလျှင် ၉-ပါး၊ ရုပ် ၄-ပါး ပေါင်းသော် ၃၆-ရ၍ ဓာတ် ၁-ပါး၏အင်အားသည် ၃၆-ဖြစ်၏၊ တဖန် ၄-ပါးပေါင်းပြန်သော်- **အင်အား** ၁၄၄-ဖြစ်၏။

ဤစခန်း၌ ဓာတ် ၈-ပါး တို့သည် အစိပ်စိပ်အမွှာမွှာ ကွဲပြီးနောက် အကြောင်းတရား ၄-ပါးတို့ ပေါ်ထွက်ပြီး ၎င်းမှ မီးဓာတ်ကြီးတို့ကို ထုတ်ဖော်ရမည်ဖြစ်၏။

ထို့ကြောင့် အကြင်ပုဂ္ဂိုလ်သည် ဓာတ် ၁-ပါး၏ သော်၎င်း၊ ၄-ပါး၏ သော်၎င်း ၃၆-စိပ် ကွဲနေသေးသော် ဝိညာဏ်မြင်ဖြစ်၏။ အမှန်သော် မီးဓာတ်ကြီးကိုမိနိုင်ရပေမည်။

**သတိ**။ ။အစကနဦး မှတည်ခဲ့သော ဒဟမီးဓာတ်သည် "အပျက်လောက"ဖြစ်၍ ယခုဒဟမီးဓာတ်သည်ကား"အဖြစ်လောက"အတွက်ဖြစ်၏။ (ရှေ့၌ထင်ရှားမည်)

အဘိဓမ္မာတွင် အကြောင်းတရား ၄-ပါးကို ကံ-စိတ်-ဥတု အာဟာရဟု ဉာဏ်ပညာ နုနယ်သေးသော ပုဂ္ဂိုလ်တို့အတွက် ထင်လွယ် မြင်လွယ်စေရန် ဟောတော်မူခြင်းဖြစ်၏။ အမှန်မှာမူကား- မီးဓာတ် ၄-ပါးသည်သာ အချုပ်ဖြစ်ပေသည်။

ယခုကဏ္ဍအတွက် လုပ်ငန်းစဉ်မှာ ပဌမအားဖြင့် ဒဟမီးဓာတ်ကိုင်၍ချေရပေမည်။ သို့မှသာလျှင် ရုပ်နှာမ်ပိုင်းအတွက် ဥတုအကြောင်းမှ ပေါ်ထွက်သော နာမရူပ ပရိစ္ဆေဒဉာဏ်ကို ရမည်ဖြစ်၏၊ ပရိပါစကမီးဓာတ်ကို စ၍မကိုင်သင့်- ၎င်းသည် ဥဒယဗ္ဗယပညာ၏အရာဖြစ်၏။

ထို့ကြောင့်- ဒဟမီးဓာတ် သဘာဝဖြစ်သော အဖျက်တရားဖြင့် ကြုံသော်- ဤမီးဓာတ် သဘာဝကို မမြင်သေးသော အန္ဓပုထုဇဉ်တို့အဘို့ သညာဝိညာဏ်ရိပ်ဖြင့် "အပြီးဖျက်"ဟု စွဲယူပြီး ယူကြုံးမရဖြစ်ကြရပေသည်။ အမှန်မှာမကား "အဖျက်သဘော"၌ "အဖြစ်သဘော" ကိုမမြင်နိုင်၍သာဖြစ်၏။

သတိ။ ။ကံဆက်ပုံသဘာဝ

ဥပမာအားဖြင့် လူတို့တွင် အသက် ၆၀-၇၀ ကျော်လွန်သော အခါ၌ ထိုပုဂ္ဂိုလ်တွင် ဇနကကံဖြစ်သော အတိတ်အကြောင်းလည်းဖြစ်သော ပရိပါစကမီးဓာတ်နှင့်ဥသမမီးဓာတ်၏အခိုးအရှိန်သာလျှင်ရှိတော့သည်ဖြစ်၍ မိမိ၏ကုန်ခန်းလှဆဲ မီးဓာတ်အရှိန်ကို အပြည့်အဝ မခံစားမှုဘဲ ၎င်းမီးဓာတ် ကြာရှည်တည်တန့်နိုင်စေရန် စား-ဝတ်-နေရေး အစရှိသည်တို့ကို လျော့ချစေရာ၏။ (၍သဘောသည် အပျက်သဘာဝ သန္တပ္ပနမီးဓာတ်နှင့် ဒဟမီးဓာတ်တို့ကို ဧတာက်စေသည်ဖြစ်၍ "အဖြစ်သဘော" ဥသမီးဓာတ်နှင့် ပရိပါစက မီးဓာတ်အားရှိပြီး ကြာရှည် ခံခြင်းဖြင့် မိမိ၏ အသက် အိုးအိမ် စည်းစိမ်ဥစ္စာ ချမ်းသာမှုတို့ ပိုမိုနိုင်မြဲစေ၏)

ထို့ပြင် ဥတုသဘောဖြစ်သော ကုသိုလ်ကောင်းမှု အစုစုတို့ကို ပြုခြင်းဖြင့်လည်း ဇနကကံဖြစ်သော ဥသမ မီးဓာတ်နှင့် ပရိပါစကမီးဓာတ်တို့ကို အားပေး ထွန်းလင်း စေသည် ဖြစ်၍ ကုသိုလ်ကောင်းမှု အဝဝတို့ကိုလည်း မမေ့မလျော့ မပေါ့မတန် ကြိုးစားပြုလုပ်ရာ၏။

(ရှေးရှေးသော ပညာရှိသူတော်ကောင်းတို့နှင့် မင်းကောင်းမင်းမြတ်တို့၏ ဥပုသ်ဆောင်ဝင်ခြင်း၊ အိမ်နိမ့်စံခြင်း၊ တောထွက်ခြင်း၊ အလှူအတန်းကြီး ပေးခြင်းစသော အပြုအမူ တို့၏ သဘာဝကိုလည်း ဝင်စားသင့်လှပါသည်)။

၍ကဲ့သို့ ပရိပါစက မီးဓာတ်အား ကံ ၃၆တွင် ထည့်၍ သမာဓိကို မြူ ၄-ပါးဖြင့် ခွဲစိပ်ပြီးခြင်းဖြင့် ကလာပ်များ ပြိုကွဲပြီး မီးဓာတ်ကြီးများ ပေါ်ထွက်၍ သမာဓိဖြင့် ခွဲစိပ်ရန်ကိစ္စမကျန်ပြီဖြစ်သည့်အတိုင်း ရှေ့ပညာစခန်း လုပ်ငန်းစဉ်အတွက် ဥတု ၃၆-ကိုဖမ်းပြီး ၎င်း၏ အာဟာရ စိတ်-ကံ-အကြောင်းတရား ခြေထောက် ၃-ချောင်းကိုပါ ချုပ်သတ်ရမည်ဖြစ်၏။

၎င်းသည် မဖေါက်မပြန် အမှန်ကိုမြင်ခြင်း တည်းဟူသောသမ္မာဒိဋ္ဌိပညာဖြင့်ခွဲစိပ်နိုင်မည်ဖြစ်၍ ပညာသိက္ခာ ဒိဋ္ဌိဝိသုဒ္ဓိ၏ တာဝန်ဖြစ်ပေသည်။


၍မဟာသတိပဋ္ဌာန်တရားမြတ်သည်ကား တကယ့်အားလုံ့လဖြင့် ကြိုးစား အားထုတ်နိုင်မှသာ ၍တရားမြတ်၏ အဆီအနှစ်အကျိုးတရားကြီးများ ရရှိပေမည်။ သို့ဖြစ်၍ ပထမ သီလသိက္ခာဖြင့် အခွံကို ခွာသည့်သဘွယ် မူလ အတ္တဒိဋ္ဌိ ၂၀-၏ ရေသောက်မြစ်ဖြစ်သော သညာသိနာမပညတ်ကို ဆိတ်သုဉ်းစေပြီး သမူဟဃနကြီးကို ကြိတ်ချေပြီးခဲ့၏။

၍သို့ သညာသိ နာမပညတ် မာ သဘောကို ခြေပြီးနောက်တဖန် ဝိညာဏ်သိ မာသဘောကို သမာဓိသိက္ခာဖြင့် ခွဲစိပ်ခဲ့ခြင်းဖြင့်အကြောင်းတရား ၄-ပါး ပေါ်ထွက်ပြီးသော်- ပညာသိက္ခာ သမ္မာဒိဋ္ဌိ- ဒိဋ္ဌိဝိသုဒ္ဓိအပိုင်း ခုံရုံးသို့တင်ပြီး၏။ (ပရမတ်ရုပ်- နာမ်-နာမရူပ ပရိစ္ဆေဒ ဉာဏ်ကို တွေ့ရန် ဖြစ်၏)။

ဤကို ရည်တော်မူသော အရှင်ဗုဒ္ဓဃောသမထေရ်မြတ်သည် ဝိသုဒ္ဓိမဂ်တွင်—

သီလေ ပတိဋ္ဌာယ နရော သပညော
စိတ္တံ ပညဉ္စ ဘာဝယံ
အာတာပီ နိပကော ဘိက္ခု
သောဣမံ ဝိဇဋယေ ဇဋန္တိ။ ။

ဟူ၍ ဖွင့်ဆိုတော်မူရာ ပဋိသန္ဓေ ယူစဉ်ကပင် တိဟိတ် ပဋိသန္ဓေ ဖြစ်၍ ဇာတိပညာ ပါရှိသော တိဟိတ်ပုဂ္ဂိုလ်တို့၏ အရသာလျှင်ဖြစ်သော ဤဝါးရုံပင် အခက်အလက် နှင့် တူသောကိလေသာ တဏှာအမြေးအယှက်တို့ကို သီလ, သမာဓိ- ပညာသိက္ခာဖြင့် တုန်လှုပ် ဖျက်ဆီးအကြွင်းမဲ့ သုတ်သင်နိုင်ရာသည် ဖြစ်သည့်အတိုင်း တိဟိတ်ပုဂ္ဂိုလ်ဖြစ်ကြ၍ ဤသာသနာ ဤဆရာမြတ်ဖြင့် ကြုံတွေ့နေကြရသည့်အတိုင်း မိမိတို့လိုရာပန်းတိုင်အရောက် ကြိုးစားချီတက်သင့်လှပါသည်။




ပထမ သမ္မုဟဃနကို သီလသိက္ခာဖြင့် ခွဲစိပ်ပြီး ရုပ်ဃနကျေခဲ့၏။နာမ်ဃနကျန်၏။ငင်းနာမ်ဃနကို သမာဓိသိက္ခာဖြင့် ချေခဲ့၍ အကြောင်းတရား ၄-ပါး ပေါ်ထွက်ခဲ့၏။

သို့ဖြစ်၍ သမာဓိဖြင့် ခွဲစိတ်၍ရသော ပထဝီဓာတ် ၁-လုံးတွင် မီးဓာတ်အား ၁၄၄ ကို ရခဲ့၏။ ကျန်ဓာတ်များမှာလည်း ထို့အတူပင် မီးဓာတ် ၁၄၄စီရ၏။

တဖန် ဤကဏ္ဍတွင် အကြောင်းတရား ၄-ပါးကို ပညတ်နှင့် ပရမတ် (တနည်း) သမုတိသစ္စာနှင့် ပရမတ္ထသစ္စာနယ် ၂-ပါးကို ခွဲခြားရန်ဖြစ်၏။

**သတိ။** ။ထို့ကြောင့် သတိပဋ္ဌာန်ကြီးသို့ ငင်နိုင်ရန် ရုပ်နာမ်ကို ဖော်ထုတ်လိုသော်အဘယ်ကဲ့သို့သော သဘာဝကိုဆွဲထုတ်ရမည်နည်း?

ယခု လက်ဘက်ရည်ပန်းကန်ကိုမြင်၏။ ရုပ်နာမ်ကိုခွဲပါဆိုသော်- ဘယ်လိုဘယ်ကဲ့သို့ဖော်ထုတ်မည်နည်း?

အထူးကြိုတင်သတိပြုရန်မှာ ဤကဏ္ဍအဘို့ မာဒါကရုပ်-သိဒါကနာမ်ဟုပြောရမည်လော၊ သညာဝိပလ္လာသ လုံးဝဖြစ်၍ အန္ဓပုထုဇဉ်တို့အသိဖြစ်သဖြင့် ဤ၌အသုံးမဝင်ပေ။

**သတိ။** ။တဖန်ဝိသာခါ တရားဓာတ်၏ ဓာတ် ၁-ပါးကား ရုပ်၊ကျန်ဓာတ် ၃-ပါးကား နာမ် ဟူသောအယူအဆသည်လည်း သညာကားလွတ်၏၊ သို့သော်- ဝိညာဏ် (တနည်း) စိတ္တဝိပလ္လာသကား မကျေသေး၍ ဤ၌မဝင်နိုင်သေးပေ။

တဖန် လက္ခဏာကား ရုပ်၊ ကျန် ၃-ပါးကား နာမ်ဟူသော အယူအဆ သည်လည်း ထို့အတူပင်ဖြစ်၍ ယခုသတိပဋ္ဌာန်ကြီးတွင်မဝင်နိုင်ဖြစ်ရာ-

အမှန်သော်- ဝိပဿနာလက်မဲကြောင်းအပြောတို့မသိနိုင်ပြီဖြစ်၏၊ ပကတိမျက်စိ အကြည် ဓာတ်ဖြင့်ကြည့်၍ပြောနိုင်မှသာလျှင် သတိပဋ္ဌာန်၌ဝင်မည်ဖြစ်ပေသည်။

နောက်ဆုံး ပုံစံ အမှတ် ၅-ကို ထောက်ဆ၍ ရွှေရှုထင်ခြင်းသဘောကား ရုပ်၊ နီးစွာသော အကြောင်းကား နာမ်ဟု ဆိုခြင်းသည်လည်း အဝေးမှနေ၍ မြင်ပြီးပြောသော သဘောပင်ဖြစ်၏။

အချုပ်ဆိုသော် အာနာပါန ရုပ်-နာမ်နှင့် သတိပဋ္ဌာန် ရုပ်နာမ် အပေါ်ခြင်း တူရမည် ဖြစ်ကြောင်း သတိမူထားရာ၏။

ဤမဟာသတိပဋ္ဌာန် လုပ်ငန်းစဉ်ကြီးကား— နက်နဲ သိမ်မွေ့လှသည့် အတိုင်း မြင်နိုင်ခဲ သော သဘာဝလည်းဖြစ်၏။ ထိုက်တန်သောဝေနေယျတို့အား ဝါတော် ၂၀-တိုင် စောင့်တော် မူရခြင်းနှင့် ပရိနိဗ္ဗာန်ပြုတော်မူခါနီးကာလ ငါဘုရားဆုံးမတော်မူပြီးသော သတိပဋ္ဌာန် တရားကို ပွားများနေကြသည်ဖြစ်အံ့- ရဟန္တာ မဆိတ်ဟူသော မိန့်တော်မူချက်ကိုရင်း၊ ဤတရားမြတ်ကို ဖွင့်တော်မူခြင်းဖြင့်လည်း—

(၁) ဆဠာဘိညပဋိသမ္ဘိဒါပတ္တ ရဟန္တာခေတ် ၁၀၀၀
(၂) သုက္ခဝိပဿက ရဟန္တာခေတ် ၁၀၀၀
(၃) **အနာဂါမ်** ရှင်ရဟန္တာခေတ် ၁၀၀၀
(၄) သကဒါဂါမ် အရိယာခေတ် ၁၀၀၀
(၅) သောတာပန်အရိယာခေတ် ၁၀၀၀

တည်းဟူသော သာသနာတော်မြတ် ၅၀၀၀ ကို တည်ရှိစေတော်မူ၏၊ အမှန်ကြီးကုတ် အားထုတ် ပါမူကား- ယခု အနာဂါမိမဂ်ကိုရနိုင်သေးသောခေတ်ဖြစ်၏။

**သတိ။** ။**ယခု ပုံစံ အမှတ် ၅-တွင်**

ဤကဏ္ဍသည် ပထဝီတလုံးကို ပညာသိက္ခာဖြင့် ချေလျက်ရှိ၏၊ သို့သော် ကြိုတင် သတိ ပြုရန်မှာ ၎င်းပထဝီတွင် ပညတ် ၄-ပါး ရှိနေခြင်းပင်ဖြစ်၏။ ထို့ကြောင့် ၎င်းတွင်

အကြောင်း တရား ၄-ပါးကပ်လျက် ဗျာပါရမီးခါတ် အားလည်း ရှိနေ၏၊ သို့ဖြစ်၍ ၎င်းပထဝီသည် ဥတု ၃၆-မှယှက်သော မီးခါတ်လည်းဖြစ်၍—

၎င်းပထဝီ၏ နာမပညတ် လက္ခဏာကို ဘယ်လိုပြောနိုင်မည်နည်း။
အဘိဓမ္မာနည်းနှင့် ဝိပဿနာလက်မဲကြောင်း အပြောဖြင့် ဤ၌မအပ်ပြီဖြစ်၏။

ရှင်တော်မြတ်သည် သတိပဋ္ဌာန် တရားကြီးကို ဖွင့်တော်မူရာတွင် အချို့သော အပိုင်းကို သမထယာနိကနည်းဖြင့်၎င်း၊ အချို့သော အပိုင်းကို ဝိပဿနာ ယာနိကနည်း သက်သက်ဖြင့် ဆုံးမတော်မူ၏။ ယခုအခါတွင်မူ သုဿန်၌ အားထုတ်ရသော နဝသိဝဋ္ဌိက ၉-ပိုင်းမှာ ကွယ်လုနီးရှိသဖြင့် ၁၂-ပိုင်းကိုသာ အားထုတ်လျက်ရှိသည်ကများ၏။

ဤပညာသိက္ခာပိုင်းအတွက် ရုပ်နာမ်ကိုရှာနိုင်သော် ကလျာဏအဆင့်၌ ဝင်သည်ဖြစ်ပေ၍ စားခြင်း-သွားခြင်း- ကွေးခြင်း- ဆန့်ခြင်း စသည်တို့ကို သိမှတ်ရုံမျှဖြင့် သတိပဋ္ဌာန်၌ ဝင်နိုင်ပြီး ကလျာဏပုဂ္ဂိုလ်အဖြစ်သို့ ရောက်နိုင်မရောက်နိုင် ဆင်ခြင်အပ်လှပါသည်။

မည်သည့်တရားမဟူ မဂ်တရား ဖိုလ်တရားကို ရနိုင်ရန် ပထမ ရုပ်တရား နာမ်တရားကို ရှာရန်ဖြစ်ပေရာ ဤကဲ့သို့သော စားသိ-သွားသိ-လာသိ စသောအသိ၏ရလဒ်သည် ''စားဒါကရုပ်- သိဒါကနာမ်'' သာလျှင် ဖြစ်နိုင်သဖြင့် သညာသိ ဝိညာဏ်သိသာဖြစ်ပြီး- ဝိပဿနာ အဆင့်သို့ ဝင်နိုင်ရန်ခဲယဉ်းလှပေသည်။

**သတိ။** ။အချုပ်ဆိုသော်- ဝိပဿနာ ရုပ်နာမ်တို့သည် သညာဝိညာဏ်ရိပ် မကင်းသည့် အတိုင်း ဓမ္မစကြာ အနတ္တ လက္ခဏာသုတ် တရားတို့ဖြင့် ချိန်ထိုးသော် သတိပဋ္ဌာန်ကြီး၌ မဝင်နိုင်သော ရုပ်နာမ်တို့ဖြစ်ပေသည်။

ယခု-သီလ-သမာဓိသိက္ခာတို့ဖြင့် ချေ၍ရသောသညာဝိညာဏ်သိ ကင်းစင်သောဤပထဝီ၌ ပညတ် ၄-ပါး အကြောင်းတရား ၄-ပါး မီးခါတ် ၄-ပါးတို့ရှိနေသေး၍သာလျှင် မာနိုင်သည်ဟု ပြောနေခြင်းပင်ဖြစ်သဖြင့် အတ္တသဘော၌ကျ၏။ သို့ဖြစ်၍ ၎င်းမီးခါတ်ဒီဂရီ ၁၄၄ ဆိတ်သုန်းစေမှ ''သဗ္ဗေဓမ္မာ အနတ္တာ''၌ ဝင်ပေမည်။

ခါတ်သည် သဘာဝ-သဘာဝသည် သုည=သုညဟူသည် သူမဟုတ်-ငါမဟုတ်-သတ္တဝါ မဟုတ်ပေရာ၎င်းပထဝီ အတ္တသဘောသုန်းဆိတ်စေရန်—

''အနိဿိတောစ ဝိဟရတိ နစကိဉ္စိ လောကေ ဥပါဒိယတိ'' ဟူသည်နှင့်အညီ တဏှာ ဒိဋ္ဌိတို့ကိုမမှီမူ၍ ပညတ်စွဲလောက၌ တစုံတခုသောသဘောတရားကိုမျှ မစွဲလန်းဘဲ ကမ္မဋ္ဌာန်း အာရုံ၌ပင် မွေ့လျော်နိုင်ပါမှ ထိုပထဝီအတ္တ သုန်းဆိတ်မည်ဖြစ်ပေသည်။

**အထူးသတိ။ ။သတိပဋ္ဌာန်ဝင် နာမပညတ်-လက္ခဏာသဘာဝရှာပုံ**

ယခု-ပရမာဏုမြူ၏ ပထဝီကို လက်ပေါ်တင်၍ရှုသော်-

(၁) ပညတ် ၄-ပါး

(၂) အကြောင်းတရား ၄-ပါး

(၃) မီးခဲတ် ၄-ပါးတို့ရှိနေကြောင်းသိပြီး၏။

သို့ဖြစ်၍ ရုပ်နာမ်ကိုရှာလိုသော ပုဂ္ဂိုလ်သည် ပထမအားဖြင့် ထို ၃-ပါးတို့၏ ဆက်စပ်ငြိကပ်မှုကိုစိစစ်ရာ၏-၎င်းမှာ

(၁) မီးခဲတ် ၄-ပါး သည် = အရင်းပိုင်း

(၂) အကြောင်းတရား ၄-ပါးသည်= အလယ်ပိုင်း

(၃) ပညတ် ၄-ပါး သည် = အဖျား ပိုင်း

ဖြစ်ကြောင်း ဉာဏ်မိစေဦး၍ အကြောင်းတရား၏ သဘာဝကို အထူးရှုရာ၏။ သို့ရှုသော် ၎င်းကိုမှီ၍ ပေါ်ရသော ပညတ်သည်ပြေ၏။ ထိုမှ ထွက်ပေါ်လာသော သဘောကို စူးစိုက်ဆင်ခြင်သော် မီးခဲတ်ကြီးတို့၏ သဘောကိုမိ၏။ တဖန် တဆင့်တက်၍ ရှုခြင်းဖြင့်-

(၁) ပရိပါစက မီးခဲတ်သည် = ချက်တိုင်၌ရှိပုံ

(၂) ဥသမ မီးခဲတ်သည် = နှလုံးအိမ်ရင်ချိုင့်၌ရှိပုံ

(၃) သန္တပ္ပန မီးခဲတ်သည် = ငယ်ထိပ်ဦးကျောက်၌ရှိပုံ

(၄) ဒဟ မီးခဲတ် သည် = နှာသီးဖျားနှင့် နှုတ်ခမ်းဖျား၌ရှိပုံ

နှင့်တကွ၊ ဓမ္မစကြာ ဒေသနာတော်မြတ်တွင် ဟောတော်မူသော ဒုက္ခ ၄-ချက်၌ သွင်းပြန်သော်-

(၁) ဇာတိဒုက္ခ= သံတဋ္ဌ(ပြုပြင်ခြင်း)သည် ပရိပါစကမီးခဲတ် ဖြစ်ပုံကို၎င်း

(၂) ဇရာ ဒုက္ခ= ပိဠနဋ္ဌ(နှိပ်စက်ခြင်း)သည် ဥသမမီးခဲတ် ဖြစ်ပုံကို၎င်း

(၃) ဗျာဓိ ဒုက္ခ= သန္တာပဋ္ဌ(ပူပန်ခြင်း)သည် သန္တပ္ပန မီးခဲတ်ဖြစ်ပုံကို၎င်း

(၄) မရဏဒုက္ခ= ဝိပရိနာမဋ္ဌ (ဖေါက်ပြန်ပျက်စီးခြင်း)သည် ဒဟမီးခဲတ်ဖြစ်ပုံကို၎င်း၊

**သတိ။** ။တဖန် ဒုက္ခသည် မီးခဲတ်။ မီးခဲတ်သည် အကြောင်းတရား။ အကြောင်း တရားသည်ပင်လျှင် ပညတ်တရား ဖြစ်ပုံကို ဉာဏ်ဖြင့် ရှင်းစေပြီးလျှင် သတိပဋ္ဌာန် ကြီးက လက်သင့်ခံမည့် ရုပ်နာမ်ကို ''ဒုက္ခ''မှ ဖေါ်ထုတ်နိုင်စေရာ၏။

၎င်းသဘာဝသည်ကား မိမိ၏ ဉာဏ်ဖြင့်သော် မကြံစည်နိုင်ရာသော ပညာစခန်း ဖြစ်ခြင်း တိက္ခဉာဏ်-၈ န္တိရဉာဏ်ဖြင့်သာလျှင် ဖြစ်နိုင်သည့် အရာဖြစ်သည့်အလျောက် နက်နက်နဲနဲချီးမြှင့်

တော် မူသည့် ပညာရပ်တို့ကို မနေ့ာတွေ့ သဘောတွေ့ ဖြစ်နိုင်ရန် (တနည်း) ပွဲဦးထွက်မှ စ၍ ဤပထဝီကို နှိမ်နိုင်ပါမှ ရှေ့တက်စဉ်အတွက် ချောမောနိုင်မည်ဖြစ်သဖြင့် အထူးကြိုးစား အပ်လှပါသည်။

၁·၈-၆၇

**သတိ။** ။လောကကြီးသည်(တနည်း) ရုပ်လောက-နာမ်လောကသည်ကား ပေါ်သည် ဆိုလျှင်ပင် ဒုက္ခမှစ၏။ စသည်ဆိုခြင်းမှာ ပြုပြင်ခြင်းသဘော (သင်္ခတ)ဖြစ်၍ ပရိပါစက မီးဓာတ်ပင် ဖြစ်ပေရာ-

စင်စစ် လောကသည် မီးဓာတ်ကစသည် ဖြစ်သဖြင့် ၎င်းမီးဓာတ်၏ ပြုပြင်မှုသည်ပင် ဒုက္ခဖြစ်၏။ ထို့ကြောင့် မီးဓာတ်သည် ဒုက္ခ။ လောကသည် မီးဓာတ်။ သို့ကြောင့် လောကသည် ဒုက္ခ။ ဒုက္ခသည် လောကဖြစ်ကြောင်း ဉာဏ်မြင် ရှင်းအပ်လှပါသည်။

သို့ဖြစ်၍ ဒဟမီးဓာတ်မှ နာမပညတ် ပေါ်ထွက်ပုံ(တနည်း) ဥတုမြဒဟမီးဓာတ်မှ နာမပညတ်ထွက်ပုံကို မရှုမီ မီးဓာတ်နှင့် ပညတ်ပေါ်ထွက်ခြင်းသဘောကို သိသင့်ရာ၏။၎င်းတို့မှာ-

(၁) သန္တတိပညတ် = ပရိပါစကမီးဓာယ်မှထွက်၏၊
(၂) သမူဟပညတ် = ဥသမမီးဓာတ်မှထွက်၏၊
(၃) သဏ္ဌာနပညတ် = သန္တပ္ပနမီးဓာတ်မှထွက်၏၊
(၄) နာမပညတ် = ဒဟမီးဓာတ်မှထွက်၏။

**မီးဓာတ်နှင့်အကြောင်းတရား ၄-ပါးသဘာဝ**

(၁) **ဒဟမီးဓာတ်နှင့် နာမပညတ်** = လောက၌ ပသာဒရုပ် ၅-ပါးဖြင့် ထောက်ပြီးလျှင် နာမပညတ်ပေါ်နိုင်ရန်သည် ဥတုဇရုပ်ကြီးပေါ်တွင် ထင်ရှားမှုသာဖြစ်နိုင်ပေရာ ၎င်းဥတုဇရုပ်ပွားစည်းနိုင်ရန်အတွက် ဒဟမီးတောက်လောင်ပေးမှုသာလျှင် ရုပ်သစ်တို့ပေါက်ပွားသောကြောင့် ဖြစ်၏။ ဥပမာသော် လောင်းရိပ်မိသော သစ်ပင်ငယ်များ မကြီးထွားနိုင်ပုံကို၎င်း လောင်းရိပ်ကင်းသော် သန်မြန်ထွားကြိုင်းကြီးပြင်းနိုင်ပုံကို၎င်း မီးအခတောက်များသော် အပြီးပျက်စီးနိုင်ပုံကို၎င်း မြင်အောင်ရှုပြီးလျှင် အပြီးတိုင်ဒဟမီးလောင်မြိုက်သည်ဟူရာငယ် ထိုအပျက် ဒဟမီးဓာတ်၌ ဥသမနှင့် ပရိပါစကမီးဓာတ် ''အဖြစ်မီးဓာတ်''တို့လည်း ပါရှိပုံကို၎င်း ဤသို့ ဒဟမီးတောက်သော် ပျက်စီးတော့မည့် သဘာဝသို့ အနေးနှင့်အမြန်ကျရောက်မည်ဖြစ်ကြောင်းကိုလည်း သတိပြုသင့်ရာ၏။(ဥတုပြဋ္ဌာန်း၏။)

(၂) **သန္တပ္ပနမီးဓာတ်နှင့် သဏ္ဌာနပညတ်သဘာဝ** = အာဟာရအကြောင်းဖြစ်၍ ရုပ်ဓာတ်၏ ပုံဟန်သဏ္ဌာန်ကိုသညာဝိညာဏ်ဖြင့် ပြောခြင်းဖြစ်၏၊တဖန် သတိပဋ္ဌာန်တွင် ဥပမာလက်ဖဝါး၏ အဆုပ်နှင့် အဖြန့်သဘောသည်လည်း သဏ္ဌာနပညတ်ပင်ဖြစ်၏။ ၎င်းပြင် တည်

သဘော (တနည်း) ဒဟမီးတောက်နိုင်ရန် တည်ပေခြင်း (တနည်း) ထောက်ပံ့ပေးခြင်းသဘော လည်းဖြစ်ပေသည်။

**(၃) ဥသမမီးခေါက်နှင့် သမ္ပယုတ်ပညတ်** = စိတ်အကြောင်းဖြစ်၏။

**(၄) ပရိပါစကမီးခေါက်နှင့် သန္တတိပညတ်** = ကံအကြောင်း ပြဋ္ဌာန်းပြီး ခန္ဓာကိုယ်ကြီးအား စောင့်ရှောက်သော မီးခေါက်ဖြစ်၏။ ထို့ကြောင့်ဥသမမီးခေါက် ပရိပါစကမီးခေါက်နှင့် ပဋိသန္ဓေဝိညာဏ် ၃-ပါးတို့ မချုပ်လေသမျှ ကိုသတ္တဝါ သေသည်မမည်ပေ။

**သတိ။** ။ပရမတ်ရုပ်နာမ်ကို ရှာသောအခါ၌ သညာဝိညာဏ်ရိပ် (တနည်း) နာမပညတ်နှင့် သဏ္ဌာနပညတ်ရိပ်တို့လိုက်မည်အမှန်ဖြစ်၏။ ထိုပညတ်တို့ကို ဒဟမီးကသတ်မည်ဖြစ်၏။

ထို့ကြောင့် ဆရာတော် ဘုရား အမေးရှိတော်မူသော ပုစ္ဆာကို ''ရှေ့ရှုထင်ခြင်းသာရှိပါတော့၏''ဘုရား ဟူသော တပည့်တို့၏ အဖြေကို ဆရာတော်ဘုရား ပုတ်ထုတ်ခဲ့၏။ အကြောင်းကား-

**ဥပမာ- ပထဝီတလုံးကိုရှုသော်**

(၁) ကြမ်းတမ်း ခက်ထရော်ခြင်း = လက္ခဏ

(၂) တည်ခြင်းကိစ္စရှိခြင်း = ရသ

(၃) ခံလင့်သကဲ့သို့သော အချင်းအရာရှိခြင်း = ပစ္စုပဋ္ဌာန်

(၄) ကြွင်းသော ဓာတ် ၃-ပါးလျှင် နီးစွာသောအကြောင်းရှိခြင်း = ပဒဋ္ဌာန်

ဟူရာ၌ (ခံလင့်သကဲ့သို့သော)ဆိုသည့် အဓိပ္ပါယ်သည် လက်ညှိုးထိုး မခံသည့်သဘော(တနည်း) သညာဝိညာဏ် မကပ်နိုင်သည့် သဘောဖြစ်၏ (အနတ္တသဘော)။

(ရှေ့ရှုထင်ခြင်းသာ ရှိခြင်း) ဆိုရာ၌ရှေ့ရှုထင်နိုင်ခြင်း အဓိပ္ပါယ်ရှိသဖြင့် အတ္တသဘော သက်ရောက်၍ ပုတ်ထုတ်ခဲ့ခြင်းဖြစ်၏ (အထူးကြိုဆပါရန်)။

အချုပ်ဆိုသော်- ပြောလို့ရနေသမျှ သညာဝိညာဏ်မကင်း၊ ပြောမရမှသာလျှင် အနတ္တသဘာဝဖြစ်၏။

သို့သော် မပြော၍ မသိဟု မထင်မှတ်ရာ၊ ပညာရှိ သူတော်ကောင်းတို့သည် သိ၍-သူတော်ကောင်း ဖြစ်ရာ သူတော်ကောင်း ဖြစ်၍လည်း မပြောဟု ယုံကြည်ပါလေ။

ထို့ကြောင့် သတိပဋ္ဌာန်ကြီးက ဒုက္ခကိုသာလျှင် မြင်အောင်ပြ၍၊ အနတ္တကိုကား ထောက်ခံ ရုံမျှ ဟောတော်မူမည် ဖြစ်၏။

**သတိ။** ။သို့ဖြစ်၍ ဒုက္ခကို မြင်နိုင်ရန် ပညတ်ကို တခုစီပယ်ထုတ် ပစ်နိုင်ရပေမည်။ အဘယ့်ကြောင့် ဟူမူ-

ဒုက္ခကို ပညတ်ဖုံး၏။

ပညတ်ကို မမြင်သောသူသည် ဒုက္ခကို မမြင်နိုင်ပေ။

ဤကို ရည်၍ နာမရူပ ပရိစ္ဆေဒပညာသည် ပညတ် ၄-ပါးနှင့် အကြောင်းတရား ၄-ပါး တို့ကို ဖြုတ်မည် ဖြစ်ပေရာ-

(၁) အကြောင်းတရား ၄-ပါးကို ချေသော် ပညတ် ၄-ပါးသေ၍ ပရမတ်ရုပ်ပေါ်ထွက် မည် ဖြစ်၏။

(၂) အကြောင်းတရား ၄-ပါးကို ချေသည်က ပရမတ်နာမ် ပေါ်ထွက်မည် ဖြစ်ပေ သည်။

အကြင်ပုဂ္ဂိုလ်သည် ဤသီလ- သမာဓိ-သိက္ခာဖြင့် ခွဲစိပ်၍ပြီးသော သညာဝိညာဏ် မရှိ တော့ပြီ ဖြစ်သော ပရမာဏုမြူသဘာဝ ကိုမြင်အံ့-ထိုပုဂ္ဂိုလ်သည် အတ္တ ၂၀-မှ သုန်းဆိတ် သည် ဖြစ်၍၊ မြစ်လည်ရေယာဉ်ကြောသို့ ရောက်သော သစ်ဖေါင်ကဲ့သို့ လှော်ရ- ခတ်ရသည် မရှိ ပဲ ပြင်ရုံမျှဖြင့် လိုရာဒေသသို့ရောက်ရသည့်သဘွယ် မိမိ၏ပါရမီ ဆုတောင်းအားလျော်သော လိုရာ ပန်းတိုင်သို့ ချောချောမောမော ရောက်မည်အမှန်ဖြစ်၍ အားရှိဘွယ်ဖြစ်ပါသည်။

ယခု ပထဝီသည် မာသည်ဟု မပြောနိုင်ပြီ၊ မာသည်ဟု ပြောနိုင်သည်ကား ကျန်ဓာတ် ၃-ပါး၏ ထောက်ခံမှုရမှသာဖြစ်နိုင်ပေရာ ယခုမှာမူ ဓာတ် ၄-ပါးတို့ အကွဲကွဲအပြားပြားဖြစ်နေပြီ ဖြစ်၍ မပြောနိုင်တော့ပြီဖြစ်၏။

**သတိ။** ။သူ့ကိုယ်တိုင်၌ပင် မာသည်ဟုမပြောနိုင်သော် သူတထူးကအဘယ်ကဲ့သို့ ပြောနိုင်ပါ မည်နည်း၊ သူ့ကိုယ်တိုင်မာသည်ဟု ပြောနိုင်မှသာလျှင် သူများကလည်း ပြောနိုင်မည် ဖြစ်ပေသည်။

သို့ဖြစ်၍— ပထဝီမှ သုည ၁-လုံး
အာပေါမှ သုည ၁-လုံး
ဝါယောမှ သုည ၁-လုံး
တေဇောမှ သုည ၁-လုံး

ပေါ်ထွက်ပြီဖြစ်ရာ လောကကြီးတွင် သက်ရှိသက်မဲ့ အကြွင်းမရှိ အားလုံး သုညကစ၍ တည် ကြောင်း ဉာဏ်မြင်ရှင်းအပ်လှပါသည်။

ဗုဒ္ဓဘာသာပညာသည် အနတ္တဘာသာဖြစ်၏။ ထိုအနတ္တကိုမမြင်ကြ၍အတ္တဟု စွဲယူကြခြင်း ဖြစ်၏။

ဤတွင်မာသည်ဟု မပြောနိုင်တော့သောသုည ၄-လုံးတို့သည် မာသည်ဟုမပြောနိုင်ပါဘဲ အဘယ့်ကြောင့် သင်္ခတ လောကတွင် ပေါ်နေရပါသနည်းဟု အမေးပြုသော်- ၎င်းတို့သည်

မာသည်ဟုမပြောနိုင်သော်လည်း သန်တလောကတွင် မပေါ်ခြင်၍မဖြစ် ၎င်းတို့အောက်၌—

(၁) အကြောင်းတရား ၄-ပါး

(၂) မီးခဲတ် ၄-ပါး

(၃) ပညတ် ၄-ပါး

တို့အမြစ်တွယ်လျက်ရှိသဖြင့် ပေါ်နေရခြင်း ဖြစ်ပေသည်။ ၎င်း ပညတ်ရိပ် ဆိတ်သုန်း စေရန် **အကြောင်းတရား** ၄-ပါးကို ချေနိုင်ရမည်ဖြစ်၏။

**သတိ။** ။ဤကဏ္ဍတွင် နာမပညတ်ဟုမဆိုသင့်၊ နာမပညတ်ရိပ်ဟုဆိုရမည်။ အဘယ့်ကြောင့်ဟူမူ အရိပ်သည် နိမိတ်၊ နိမိတ်သည် လက္ခဏာ၊ လက္ခဏာသည် ဟေတုအကြောင်းတရား ဖြစ်သောကြောင့်ပေတည်း။

(၁) ၎င်း ပညတ်ရိပ်သုန်းဆိတ်သော် ပရမတ်ရုပ် ပေါ်ထွက်၍-

(၂) အကြောင်းတရားကိုချေသည်က ပရမတ်နာမ်ပေါ်ထွက်မည်ဖြစ်၏။


အချုပ်ဆိုပါမူ သတိပဋ္ဌာန်သည် ဒုက္ခကို တွေ့အောင် ရှာသည်၊ သို့သော်- ပညတ်သည် ဒုက္ခကိုဖုံးထားရာ ၎င်းကိုမခွာလစ်နိုင်၍သာဒုက္ခကိုမမြင်ရခြင်းဖြစ်၏။

သို့ဖြစ်သော် ဒုက္ခကို ဘယ်လိုရှုရပါမည်နည်း။ မိမိ၏အလိုဆန္ဒမပြည့်ဝသည်ကို ဒုက္ခဟု ယူမည်လော? ဤသို့ကား မသင့်၊ ရှင်တော်မြတ်သည် သတိပဋ္ဌာန်တရားဖြင့် အဘိဇ္ဈာ ဒေါမနဿ(တနည်း)ကောင်း-မကောင်း စသည့်ဒုက္ခတို့ မမြင်အောင် ဖုံးကွယ်ထားသည့် ပညတ်ရိပ်ကို မြင်စေတော်မူလို၍ဖြစ်၏။

**အထူးသတိ။** ။ထို့ကြောင့် ပေါ်လာသော ပညတ်ရိပ်ကို ပယ်သတ်ခြင်းသည်သာ သတိပဋ္ဌာန် နည်းဖြင့် ဒုက္ခကို ရှုသည်မည်၏။

(ဝိညာဏ်သိယနကို ခွဲစိပ်သော သမာဓိသိက္ခာ စိတ္တဝိသုဒ္ဓိအပိုင်းပြီး၏)

## ပညာသိက္ခာ- ဒိဋ္ဌိဝိသုဒ္ဓိ အပိုင်း




ဒိဋ္ဌိဝိသုဒ္ဓိဟူသည်မှာ = ဒိဋ္ဌိ = အစွဲအယူ - ဝိသုဒ္ဓိ = စင်ကြယ်ခြင်း
အစွဲအယူ၏စင်ကြယ်ခြင်း(တနည်း)အတ္တဒိဋ္ဌိ ၂၀-၏ စင်ကြယ်ခြင်းဖြစ်၏။

ဤအစွဲအယူကို အများသော ဒါန-သီလ-ဘာဝနာတရား လက်ကိုင်ပြုလျက် ရှိကြသော ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်တို့ပင်စွဲယူလျက်ရှိကြ၏။

(ရှေ့၌ထင်ရှားမည်)

**သတိ။** ။အထူးသတိပြုရန်မှာ ယခု ဒိဋ္ဌိဝိသုဒ္ဓိ အပိုင်းသည် ပညာစခန်း ဖြစ်သည့် အတိုင်း ဝိပဿနာနှင့်ယှဉ်သည်ဖြစ်၍ နောက်နောက်မှဟောပြောခဲ့သော သီလ-သမာဓိ- သိက္ခာ ခွဲစိပ်နည်းလောက်မခက်ခဲပေ၊ ဤကဏ္ဍကိုငုံမိကလည်း နောက်ပိုင်း သဘောတို့ကို ငုံမိသည်ဖြစ်၍ အထူးဂရုပြုသင့်ပါသည်။

**ရုပ်သဘောနှင့်သမုဒယသစ္စာသဘော**

(၁) ပဉ္စက္ခန္ဓာ = အတိတ်ဇနကကံ အကြောင်းအားဖြင့် အမိဝမ်းတွင်းပါ ယခုရရှိနေသောခန္ဓာ ၅-ပါး ရုပ်တုံးရုပ်ခဲကြီးဖြစ်၏။ (၎င်းသည် ဝိပဿနာ၏ အရာ၌မဝင်နိုင်)။

(၂) သမုဒယသစ္စာ(တနည်း) ဥပါဒါနက္ခန္ဓာ။ = ပဉ္စက္ခန္ဓာကြီးအပေါ်၌ စွဲယူခြင်းဖြစ်၏။ (၎င်းအစွဲသည် အတ္တဒိဋ္ဌိ ၂၀-ဖြစ်၏)

(၃) သမုဒယသစ္စာ(တနည်း) ဥပါဒါနက္ခန္ဓာ။ = အဆင်းနှင့် အကြည်တို့ ပေါင်းဆုံသော် သညာ ဝိညာဏ်ဖြင့်ဆွဲ၍ ကောင်း-မကောင်း ပေါ်ထွက်ခြင်း သဘော သည်လည်းဥပါဒါနက္ခန္ဓာပင်ဖြစ်၏။ (၎င်းသည်သာ ဝိပဿနာ၌ဝင်၏)။

**အတ္တဒိဋ္ဌိ ၂၀-သဘော**

(၁) ရုပ် -သည်-ငါ
(၂) ငါ -သည်-ရုပ်
(၃) ရုပ်၌-ငါရှိ၏
(၄) ငါ၌ -ရုပ်ရှိ၏

၎င်း ၄ ပါးကို ခန္ဓာ ၅-ပါးဖြင့်သော် အတ္တဒိဋ္ဌိ ၂၀-ရ၏။

ဤကဲ့သို့ အသွားအပြန် အတွင်းအပြင် လေးချက်သော အလုပ်ဖြင့် စွဲလျက်ရှိပေရာအဘယ်မှာလျှင် ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ မရှိ- ရုပ်တရား နာမ်တရားသာရှိ၏ ဆိုရုံမျှဖြင့်ဤအစွဲ (တနည်း) ဒိဋ္ဌိမှ ထွက်လွတ်နိုင်ပါမည်လော?

(၁) ရုပ်တရား- နာမ်တရားရှိ၏ဟု ဆိုခြင်းသည်ပင်လျှင် ငါလည်းရှိသည့်သဘော သက်ရောက်၍ အတ္တဒိဋ္ဌိ၌ပင်ကျ၏။

(၂) တဖန် အရှိကိုမယူမူ၍ ရုပ်တရား နာမ်တရားသည် မရှိဟု ယူပြန်သော် ဥစ္ဆေဒဒိဋ္ဌိ၌ ကျပြန်၍ ဗုဒ္ဓဘာသာတရားသည် ဤစခန်းမှစ၍ အခက်အခဲနှင့် ရင်ဆိုင် ရတော့သည် ဖြစ်၏။

ထို့နည်းတူစွာ ဒိဋ္ဌိတန်းလန်းဖြင့် ဘုရား ရုပ်ပွားတော်ကို ကြည်ညို ရှိခိုး ရွတ်ဘတ် သရဏဂုံယူခြင်းအစ ကုသိုလ်ကောင်းမှု အစုစုတို့၌လည်း ဤအစွဲ ၄-ချက်မှ လွတ်နိုင်ပါမည်လော?

ဤကို ရည်တော်မူကြသော ရှေးရှေးသော ပညာရှိသူတော်ကောင်းတို့သည် ဤအတ္တဒိဋ္ဌိမှ စင်ကြယ်စေကြောင်း ဒိဋ္ဌိဝိသုဒ္ဓိ ပညာစခန်းမှအစပြု၍ ဖွင့်တော်မူကြသည်ချည်း ဖြစ်ပေသည်။ ယခုမှာမူ ဉာဏ်ပညာ နုနယ်သေးသော ပုဂ္ဂိုလ်များအတွက် ဒိဋ္ဌိဝိသုဒ္ဓိပညာ၏ အထောက်အကူဖြစ်နိုင်စေရန် ဆရာတော်ဘုရားသည် မြဲ ၄-ပါးခွဲစဉ်(တနည်း)သီလ သမာဓိ သိက္ခာပိုင်းမှစ၍ ဖွင့်တော်မူခြင်းဖြစ်ပေသည်။

**သတိ။** ။ထို့ကြောင့် သီလ-သမာဓိ-သိက္ခာ ခွဲစဉ်များကို စိစစ်သော်နောက်ဆုံးရရှိသော ပရမာဏုမြူ၏ ပထဝီသည် ကျန်ဓာတ် ၃-ပါးတို့၏ အထောက်အပံ့မရှိတော့၍ ကိုယ်တိုင်၌မာသည်ဟု မပြောနိုင်သော်လည်းသင်္ခတလောကတွင် မာနိုင်သေးကြောင်းဖြင့် ခေါင်းထောင် နေသေးသည်ကို တွေ့ရသည်ဖြစ်၍-

ဇဝ်း ပထဝီသည် ယခုဘယ်အနေနှင့် ပေါ်နေသေးသနည်းဟု အမေးပြုသော်-

(၁) လက်ဖြင့်စမ်းသပ်တို့ထိ၍ရသော မျက်မှောက်ပစ္စုပ္ပန် မာသဘောကား သီလ- သမာဓိပိုင်းဖြင့် ကျော်ခဲ့၏။

(၂) သို့သော် လက်ဖြင့် စမ်းသပ်စဉ်က သိခဲ့သော မာသဘောသည် ယခု ပသာဒရုပ် ၅-ပါးဖြင့် မထိတွေ့နိုင်သော်လည်းအမှတ်ဖြင့်သိလျက်ပင်ရှိ၍ မျက်ကွယ်(တနည်း) အတိတ်သညာ မာသဘောအနေဖြင့် ပေါ်နေသေး၏။

ဤကဲ့သို့ သညာဖြင့် စွဲယူ၍ရသော ဤသုညပထဝီသည် အတိတ် သညာ ဖြင့် မာသည်ဟု ပြောနိုင်နေခြင်းသည်ပင် ရုပ်သည် ငါဟူသော အတ္တစွဲ၌ ကျသည် ဖြစ်၏။ ထို့ကြောင့် ပစ္စုပ္ပန် သညာ မာသဘောနှင့် အတိတ်သညာ မာသဘော ၂-ရပ်စလုံးသည် အတ္တဒိဋ္ဌိ အစွဲများပင် ဖြစ်ကြ၏။

**ငါ ၃-ငါအဘော**

(၁) အန္တပုထုဇဉ်တို့၏ အစိုင်အခဲဃနကြီးကို ရုပ်ဟု စွဲယူခြင်းသည် ငါစွဲဖြစ်၏။

(၂) မြူ ၄-ပါး ကလာပ်တွင် ပသာဒရုပ် ၅-ပါးဖြင့် စမ်းသပ်၍ မရတော့သော သီလ သိက္ခာ၏ ပရမာဏုမြူမှ ပထဝီမာသဘောကို ရုပ်ဟု စွဲယူခြင်း သည်လည်း ငါစွဲ ပင် ဖြစ်၏။

(၃) သမာဓိကလာပ်တွင် အတိတ်သညာအမှတ် မာသဘောကို ရုပ်ဟုစွဲယူခြင်းသည်လည်း ငါစွဲပင် ဖြစ်ပေရာ ဤငါစွဲကို နာမရူပ ပရိစ္ဆေဒဉာဏ်ဖြင့် ဖြုတ်မည်ဖြစ်၏။

**သတိ။** ။ဤတွင် သီလဖြင့်ထောင်း၍ သမာဓိဖြင့် ထုခဲ့သော်လည်း မသေ၊ ပုရုံသာ ပုနေသော အတိတ်သညာ သဘောမျှဖြစ်သော မာသဘောက "ဟေ့-မင်းတို့က အကျင့်တရား များနဲ့ ဘယ်လိုချေပေမဲ့ ငါမဖြုန်- ငါသတိပေးလိုက်မည်၊ အနတ္တကိုအသိပညာနဲ့ မှ ရှာလို့ရမည်၊ ဒါကြောင့် မင်းတို့ရဲ့သညာကျေမှ ငါသေမယ်"ဟု မပြောသော် လည်း ပြောဘိသကဲ့သို့ဖြစ်ပေရာ-

သတ္တဝါမှန်သော် အတိတ်ကိုဆွဲကိုင်သော သညာနှင့် အနာဂါတ်ကို စွဲယူသော ဝိညာဏ် တို့သည် ရှိစမြဲဖြစ်သည်ကို ရည်တော်မူ၍ ရှင်တော်မြတ်က နာမည်ကြီး ဝိညာဏ်ကို ပညတ် တင် လိုတော်မူ၍သာ ဟောတော်မူခြင်း ဖြစ်၏။ အမှန်သော် အတိတ်-အနာဂါတ်တို့၏ လှည့်ပတ်မှုပင် ဖြစ်ပေသည်။ (ထို့ကြောင့် မာယူပမာနဉ္စ ဝိညာဏံ- ဝိညာဏ်သည် မျက်လှည့်သမားကြီးနှင့် တူ သည်ဟု ဟောတော်မူခြင်းဖြစ်၏)

သို့ဖြစ်၍ ဤမျှ ထုထယ်ကြီးမားလှသော ငါအစွဲတရားသည် သူမရှိ-ငါမရှိဟု ယူရုံမျှဖြင့် အဘယ်ကဲ့သို့ အစွဲကျွတ်လွတ်နိုင်ပါမည်နည်း?

**ငါ-စွဲရခြင်းသဘော**

(၁) အရိယာနံအဒဿာဝီ = အရိယာတို့ကို မမြင်နိုင်ခြင်း(တနည်း) အရိယာ တရား သစ္စာတရားတို့ကို မမြင်နိုင်မှု၍ သညာဝိညာဏ်သိကိုစွဲယူခြင်း။

(၂) အရိယာနံ အကောဝိဒေါ = အရိယာ တရားတို့၌ မသိမလိမ္မာခြင်း (တနည်း) အမှန်တရားကိုမသိမလိမ္မာခြင်း။

(၃) အရိယဓမ္မေ အဝိနီတော = ပညတ်နယ်ကြီးကို မမြင် မထွင်းဖောက် နိုင်ခြင်း ကြောင့် ရုပ်တရားကို ငါဟု စွဲယူမိခြင်းဖြစ်၏။

သုတ်နှင့် အဘိဓမ္မာ၏ အဆီသည် ဓမ္မစကြာနှင့် အနတ္တလက္ခဏသုတ်တရား ဖြစ်၏။

အရေအတွက်အားဖြင့် ကုဋေ ၉၀၀၀-ကျော်ရှိသော ဝိနည်းဒေသနာ၏အဆီသည် ဤ မဟာသတိပဋ္ဌာန် တရားကြီးဖြစ်ပေရာ-

ယခု တရားမြတ်ကို (၁) ရုပ်နာမ်ပိုင်း

(၂) ခန္ဓာပိုင်း

(၃) ပဋိစ္စသမုပ္ပါဒ်အပိုင်း

ဟူ၍ ၃-ပိုင်း ၃-ကဏ္ဍဖြင့် ဟောကြား ဆုံးမ မည် ဖြစ်ပေရာ မပျက်မကွက် ရက်ဆက် နာယူနိုင် သော ပါရမီရှင်တို့သည် မဂ်တရား ဖိုလ်တရားကိုရသော် ရနိုင်မည်။ မရသေးသည့်တိုင် အယုတ် ဆုံးအားဖြင့် ယထာဘူတ အသိ (တနည်း) ကလျာဏ ပုဂ္ဂိုလ် အဖြစ်သို့ ရောက်နိုင်မည် ဖြစ် ပေသည်။

သို့ဖြစ်၍ ရှင်တော်မြတ်သည်“စတုန္နံ (ဘိက္ခဝေ)အရိယသစ္စာနံ ယထာဘူတံ အဒဿနာ” အစရှိသော ဂါထာတော်ဖြင့် ပရိနိဗ္ဗာန် ပြုတော်မူခါနီး ကာလ၌ပင် ၄-ပါးကုန်သော အရိယာ သစ္စာ တရားတို့ကို ယထာဘူတအသိ(တနည်း) မဖောက်မပြန်ဟုတ်မှန်သော သဘောကို ဟုတ် မှန်သည့်အတိုင်း မသိမမြင်ခဲ့ခြင်းကြောင့် ငါဘုရားသည်၎င်း၊ သင်ချစ်သား တို့သည် ၎င်းရှည် လျားလှစွာသော သံသရာကြီးထဲ၌ ကြင်လည်ကြရခြင်းဖြစ်သည်ဟု ဆုံးမတော်မူခဲ့ခြင်းဖြစ်ရာ ဝဋ် ဒုက္ခမှကျွတ်လွတ်နိုင်ရန် ဤပထဝီကို ယထာဘူတအသိဆိုက်အောင် ကြိုးစားကြရ ပါတော့မည်။

**သတိ၊** ။ယခုလက်ရှိ ပထဝီ၏ အဖုအထစ်မှာ သညာဖြင့်မှတ်သားထားသော မာသဘောသည် ချေသူ၏စိတ်ဝိညာဏ်၌ ကျန်နေသေးခြင်းဖြစ်၏။

ဤသို့ ကျန်ရှိနေသည့် သဘောသည်ပင်လျှင် ငါစွဲ မစင်ပေရကား-

(၁) ရုပ်သည် ငါ = အဝိဇ္ဇာစွဲ

(၂) ငါသည် ရုပ် = တဏှာစွဲ

ဖြစ်၍အသွားနှင့်အပြန် တုပ်ခြင်းဖြစ်သဖြင့် လားရာဂတိကား ပြဟ္မာ့ဘုံဖြစ်၏။ ထိုအဝိဇ္ဇာနှင့် တဏှာစွဲ စွဲသော် ထို့ထက်ပြင်းထန်သော-

(၃) ရုပ်၌ ငါရှိ၏ = ဟု အတွင်းစွဲအနေဖြင့် စွဲတော့၍ လားရာဂတိကား လူ့ဘုံ၊နတ်ဘုံ ဖြစ်၏။ ဤကဲ့သို့ အတွင်းတုပ်တုပ်လိုက်သော်-

(၄) ငါ၌ ရုပ်ရှိ၏= ဟူသော အကြမ်းတမ်းဆုံးသော ပညတ် တည်းဟူသော ငါ၌ ပရမတ်တည်းဟူသောရုပ်ရှိသည်ဟု စွဲယူသည်ဖြစ်၍အပြင်တုပ်ဖြစ်ပြီးလျှင် လားရာဂတိကား အပါယ် ၄-ဘုံဖြစ်သည်ကိုမြင်တော်မူသော ရှင်တော်မြတ်က "ဤအစွဲတရားတို့ မပြုတ်သမျှ ထိုသတ္တဝါ အပါယ် ၄-ဘုံမှ ကျွတ်လွတ်ပြီဟုမဆိုရာ"ဟု ဆုံးမတော်မူခြင်းဖြစ်ပေသည်။

ထို့ကြောင့် ရုပ်တရားကို အနှစ်အသားအနေဖြင့် စွဲယူသည်ဆိုရာ၌ သာမန်မျှမဟုတ်ပေ။ ဇင်းနှင့်တသားတည်း ထပ်၍ချပ်၍ပါလာသည်ကား ငါ-ငါဟူသော အစွဲပင်ဖြစ်၍ သံသရာကို ချဲ့ထွင်စေတတ်သော (တနည်း) ပပဉ္စတရားဖြစ်သည့်-

(၁) တဏှာ - ငါ

(၂) မာန - ငါ

(၃) ဒိဋ္ဌိ - ငါ

တို့၏ ထက်မျက်ပုံသဘာဝကို အထူးသတိပြုရမည့် အချက်ဖြစ်သည့်ပြင် အရိယာသခင်တို့မှလွဲ၍ မည်သည့် ပုဂ္ဂိုလ်သတ္တဝါမျှ ဤ ငါ-တို့နှင့် လွတ်နိုင်ပါမည်နည်း? မြင်အောင် ရှုဆင်ခြင်သင့်ပါသည်။

**အစွဲကျွတ်လွတ်ရန် ဆုံးမချက်သဘာဝ**

ရှင်တော်မြတ်သည် မင်္ဂဖိုလ်လိုလား ဝေနေယျအများတို့၏ အကျိုးတရားကို မျှော်ကိုးတော်မူ၍-

(၁) သံဝရဝိနည်း = စောင့်ရှောက်ထိန်းသိမ်းမှ ရသောအဆုံးအမ

(၂) အသံဝရဝိနည်း = မစောင့်ရှောက်ဘဲရသောအဆုံးအမ

**(၁) သံဝရဝိနည်း ၅-ပါးမှာ**

(က) သီလသံဝရ = ရဟန်းတော်များတွင်ပါတိမောက္ခသံဝရသီလဖြစ်၍ လူတွင် ၅ပါး ၈-ပါးသီလတို့ဖြစ်၏။

(ခ) သတိသံဝရ = ၆-ပါးသော ဣန္ဒြေတို့ကိုသတိလျှင် ပြဋ္ဌာန်း၍ စောင့်ရှောက်ခြင်း ဖြစ်၏။

(ဂ) ဉာဏသံဝရ = သတိမျှမက ဝိပဿနာပညာဖြင့် ယှဉ်ရခြင်းဖြစ်၏။

(ဃ) ခန္တိသံဝရ = တရားအားထုတ်စဉ် ကိုယ်စိတ် ၂-ပါးတို့၏ အလိုမကျမှု တို့ကို သည်းခံရခြင်းဖြစ်၏။

(င) ဝီရိယသံဝရ = ကာမဝိတက် ဖြစ်သော အတိတ် အာရုံတို့ကို တွန်းလှန် ပစ်နိုင်သော လုံ့လ ဝီရိယတို့ရှိရခြင်းဖြစ်၏။

ဤသို့သော သံဝရဝိနည်း ၅-ပါးနှင့်ပြီး ပြည့်စုံသော ပုဂ္ဂိုလ်တွင် အကျိုးတရား ဖြစ်သော

(၂)အသံဝရဝိနည်း ၅-ပါးမှာ

(က) တဒင်္ဂပဟာန် = ရုပ်သည် ငါ-အစရှိသောအတ္တဒိဋ္ဌိစွဲ ၂၀-ကို သီလသိက္ခာဖြင့်ပယ်နိုင်၍ရသော အကျိုးတရားဖြစ်၏။

(ခ) ဝိက္ခမ္ဘနပဟာန် = ထိုအစွဲတရားတို့ကို သမာဓိသိက္ခာဖြင့် ပယ်နိုင်၍ ရသော အကျိုးတရားဖြစ်၏။

(ဂ) သမုစ္ဆေဒပဟာန် = ထိုအစွဲ တရားတို့ကို ပညာသိက္ခာ ဖြစ်သော မဂ်တရားက ပယ်သတ်နိုင်၍ ရသော အကျိုးတရားဖြစ်၏။

(ဃ) ပဋိပဿဒ္ဓိပဟာန် = ထိုအစွဲတရားတို့ကို ဖိုလ်တရားကငြိမ်းနိုင်သည်ဖြစ်၍ရသော အကျိုးတရားဖြစ်၏။

(င) နိဿရဏပဟာန် = ထိုအစွဲတရားဟူသမျှတို့နှင့်တကွ ခန္ဓာဇတ်ကြီးပါအပြီးတိုင် နိဗ္ဗာနဓာတ်မြတ်ဖြင့် ချုပ်ငြိမ်းစေသည့် သဘာဝတို့ ဖြစ်၍ ဤအကျိုး တရားကြီး တို့ဖြင့် ပြည့်စုံနိုင်စေရန် သံဝရဝိနည်း ၅-ပါးဖြင့်ထုံစေရာ၏။

သို့ဖြစ်၍မိမိသည်ကား ဝိပဿနာတရားကိုအားထုတ်သူဖြစ်၍ သီလကိုသော်၎င်း-သမာဓိကို သော်၎င်း ဆောက်တည်ဘွယ်မလိုပြီဟူသော ပြစ်မှားမှုတို့မှ ကင်းလွတ်စေ၍ အသံဝရ ဝိနည်း အကျိုးတရားကြီးတို့ဖြင့် အဆင့်ဆင့်ပြည့်စုံစေရာ၏။

၃-၈-၆၇

သတိ။ ။ယခုနာမရူပပရိစ္ဆေဒဉာဏ်သည် သညာဝိညာဉ်ကို၍ တွန်းလှန်မည်ဖြစ်ရာ သညာ ဝိဉာဏ်ရှိကြသောပုဂ္ဂိုလ်တို့သည်းခံနိုင်မည်မဟုတ်ပေ။ထိုမျှမက-ပရိယတ်နယ်ကိုလည်း ခုခံသည့်သဘွယ်ဖြစ်သဖြင့်ပါရမီရှိကြသောပုဂ္ဂိုလ်တို့အတွက်သည်သာ မိမိတို့၏သညာ ဝိညာဏ်ကိုသော်၎င်းပရိယတ်ကိုသော်၎င်း ယထာဘူတဉာဏ်သိဖြင့် ညှိနှိုင်း၍အကျိုးကြီး မည်ဖြစ်ပေသည်။

ထို့ကြောင့်ဤကဏ္ဍမှစ၍ မရှင်းလင်းသော် နောက်အပိုင်းများတွင် ချာချာလည်မည်မှာ အမှန်ဖြစ်ပေ၍ မပေါ့သောဝီရိယဖြင့်အထူးကြိုးစားမှသင့်မည်ဖြစ်ပေသည်။

ဥပမာသော်- ရှင်တော်မြတ်က "သဗ္ဗေဓမ္မာ အနတ္တာ"ဟုငြင်း၊ "အတ္တနော သဘာဝံ ဓာရေတီတိ ဓာတု"ဟုငြင်း ဖွင့်တော်မူရာတွင် အဘယ်ကဲ့သို့ ထိုသဘာဝ အားဖြင့် ပဋိပက္ခသဘော သက်ရောက်သော သဘော ၂-ချက်ကို သညာဝိညာဏ်ဖြင့် သိမ်းပိုက် နိုင်ပါမည်နည်း? အလွန်တရာမှ နက်နဲသော သဘာဝဖြစ်၍ ပညာ၏အရာသာ ဖြစ်ပေသည်။

သို့ဖြစ်၍ ဤစခန်း၏ ပထဝီမာသဘောကို အဗျာပါရအနတ္တဖြင့် သိမ်းဆည်း ရမည်ဟု ဆိုးမတော်မူရာတွင် ပေါ့ပေါ့တန်တန် မမှတ်သင့်ပေ။ အဘယ့်ကြောင့်ဟူမူ-

**အတ္တ-ငါ- သည်-**

(၁) နိဝါသိ = ငါ့အလိုသို့ လိုက်၏။ ငါအစိုးရ၏ဟု စွဲယူခြင်း

(၂) ဝေဒကော = ငါ ခံစားနိုင်၏ဟု စွဲယူခြင်း

(၃) ကာရကော= ငါပြုလုပ်နိုင်၏ဟု စွဲယူခြင်း

စသော အစွဲ ၃-ချက်ဖြင့် ခိုင်ခိုင်မာမာ စွဲလျက်ရှိပေရာ သာသနာတော်တွင် တရားအမျိုးမျိုးကို မိမိတို့၏ ပါရမီ အားလျော်စွာ အားထုတ်လျက်ရှိကြ၏။ ရည်မှန်းချက်မှာ အနတ္တဓမ္မ ပင်ဖြစ်၏။ သို့သော် အနတ္တဓာတ် အစစ်အမှန်ကို မတွေ့မမြင်ကြရသည်ဖြစ်၍ နောက်ဆုံး တရားအူချာပေါက်ပြီးလျှင် နတ်ဂိုဏ်း ဝိဇ္ဇာဂိုဏ်းထဲသို့ ကျရောက်ရပေသည်။

**ပထဝီမာသဘော၏ အတ္တ-အနတ္တ သဘော**

(၁) ဤပထဝီ၏ ပယောဂဗျာပါရကင်းပြီး မာခြင်းကား အဘယ်နည်း?
(၂) ပယောဂဗျာပါရဖြင့် မာခြင်းကား အဘယ်နည်း?

**အဗျာပါရ အနတ္တသဘာဝ**

ဓာတ်ကြီး ၄-ပါးတွင် ပရိယတ်အားဖြင့် ပထဝီသည် မာ၏၊ အာပေါသည် ဖွဲ့စည်း၏၊ ဝါယောသည် တွန်းကန်၏၊ တေဇောသည် ပူ၏-ဟူသော သဘော ၄-ချက်ကို သညာဝိညာဏ်စွဲ ပုဂ္ဂိုလ်တို့က ၎င်းဓာတ်တို့၏ ဗျာပါရသဘာဝကို မမြင်နိုင်မူ၍၊ ပထဝီသည် မာ၏ ဟု အခိုင်အမာ စွဲယူခြင်း ဖြစ်၏။

**အမှန်မှာမူ** ပထဝီသည် မိမိအလိုလိုထည်းထည်းကြီး မာနိုင်သည် မဟုတ်ပေ။

(၁) တေဇောက ထက်ပေးရ၏၊

(၂) ဝါယောက တွန်းကန်ပေးရ၏၊

(၃) အာပေါက ဖွဲ့စည်းပေးရ၏။

၎င်းတေဇော-ဝါယော-အာပေါ ၃-ပါးတို့၏ ပစ္စယသမဂ္ဂိ(တနည်း)အကြောင်းညီညွတ်မှု ရမှသာလျှင် သညာဝိညာဏ်နယ် လောကအတွက် ပထဝီသည်ပေါ်ရ၏။

**သတိ။** ။(၁) ပထဝီသည် မာသည်ဟုစွဲယူခြင်းကား အတ္တဖြစ်၍ ပညတ်နယ်မည်၏။
(၂) တေဇော-ဝါယော-အာပေါ ၃-ပါးကိုကြည့်၍ ၎င်းပထဝီမမာနိုင်သည့်အတွက် ၎င်းသည်ပင် အနတ္တဖြစ်သဖြင့် ပရမတ်နယ်မည်၏။ ဤအနတ္တသည်ကား အစစ် မဟုတ်သေးပေ၊ ပျိုးရုံမျှ ရှိပေသေးသည်။

(လေးလေးနက်နက် ရှုစားပါရန်)

ဤသို့အားဖြင့် သင်္ခတလောကတွင် ဓာတ်တို့၏ ပယောဂဗျာပါရမပါသော အကြောင်း ညီညွတ်မှုဖြင့် ၁-ပါးနှင့် ၃-ပါး ဆက်စပ်ခြင်း သဘာဝသည် အထက်တွင် ဆိုးမတော်မူသည့် အတိုင်း သိမ်မွေ့လှပေရာ-

ဥပမာအားဖြင့်- ကောင်းမှုကုသိုလ်အစုစုတို့အဘို့-ကံ-ကံ၏အကျိုးတရားကို ယုံကြည်ကြပါ ကုန်သည်ဖြစ်၍ဟု ရေစက်ချလေ့ရှိကြရာ၌-

(၁) ဇနက ကံ = တခုသောဘဝသို့ ပစ်ချသောအတိတ်အကြောင်းကံဖြစ်၏။

(၂) ဥပထမ္ဘကကံ = ခန္ဓာ ၅-ပါး ရုပ်နာမ်ကောင်ကြီးဖြစ်ရသော ကံ ဖြစ်၏။

၎င်း၌- ဥတုအနေဖြင့်ထင်ရှားပေါ်သော ပရိပါစက မီးဓာတ်သည်ဖြစ်၏။ ၎င်းမီးဓာတ်၌ အဝိဇ္ဇာ-တဏှာ-ကံ-အာဟာရ-ဘည်းဟူသောခြေထောက် ၄- ချောင်းထောက်လျက်ရှိ၍ ယခု ဘဝ၌ ၎င်းမီးဓာတ်ကိုအားပေးနိုင်စေရမည်ဖြစ်သဖြင့်-

(၁) ဇနက ကံကား = ရေနံဆီနှင့်တူ၏။

(၂) ဥပထမ္ဘကကံကား = မီးစာနှင့်တူ၏။

သို့ဖြစ်၍သူတော်ကောင်းတို့အား အာဟာရဖြင့် ဆက်ကပ်လှူဒါန်းကျွေးမွေးသောကုသိုလ် တို့သည် ထိုပရိပါစက မီးဓာတ်အား - အားကောင်းစေသည်ဖြစ်ရာ-ရေနံဆီဖြည့်သည်နှင့် တူ ပေသည်။

**ထို့ကြောင့် ဓာတ် ၄-ပါးတွင်**

(၁) ထင်ရှားဖြစ်ပေါ်သော ဓာတ် ၁-ပါးသည် ဟေတုအကြောင်းဖြစ်၍

(၂) ကျန်ဓာတ်၃-ပါးသည် ပစ္စယအကြောင်းဖြစ်ပေရာ

**ဓာတ်** ၁-ပါး ပေါ်စေနိုင်သော ထိုဓါတ် ၃- ပါး၏ ညီညွတ်ပေါင်းဆုံသောထောက်ပံ့မှု သဘာဝ ကိုမည်လိုမည်ကဲ့သို့သောသဘောဖြင့် ပြုပြင်နိုင်ပါသနည်းဟူမူ-

လယ်ထွန်ယောက်ျား သူဆင်းရဲ မောင်ပုဏ္ဏ ဝတ္ထုနှင့် တကွများစွာသော သာဓကတို့ ကို ထောက်ဆ၍-

(၁) ဘုရားရှင်ကိုယ်တော်မြတ်

(၂) အရှင်ပစ္စေကဗုဒ္ဓ

(၃) နိရောဓသမာပတ်မှထတော်မူသော ရဟန္တာ အရှင်မြတ်

တို့သည်ပစ္စယ အကြောင်း သဘာဝကို ပြုပြင်ချီးမြှင့်တော်မူနိုင်ကြ၏။

**သတိ။** ။အဘယ့်ကြောင့်ဟူမူ ထိုအရှင်မြတ်တို့သည်သာနိဗ္ဗာနဓာတ်မြတ်၌ ၇- ရက်ဝင် စံမြန်းသည်ဖြစ်၍ နိဗ္ဗာန ဓာတ်ရှိတော်မူသောကြောင့်ပေတည်း။

ဤကိုရည်တော်မူသော ရှင်တော်မြတ်က ရတနာ ၃– ပါးဖြစ်သော ဘုရားတရား- သံဃာမြတ်မှတပါး အခြားကိုးကွယ် ဆည်းကပ်ဘွယ်ရာ မရှိဟုကြီးစွာသော လောကီ- လောကုတ္တရာ အကျိုးဖြစ်စေခြင်းငှာဆုံးမတော်မူခြင်းဖြစ်၏။

သို့မှသာလျှင် ပစ္စက္ခဘာဝနှင့် သံသရာ ခရီးတလျှောက် ထိုက ံ ၂- ပါး၏ အထောက်အပံ့ ကိုရခြင်းဖြင့်သက်သာရာ ထောက်တည်ရာကိုရမည်ဖြစ်ပေသည်။

**ဌာန် ၄–ပါး ဒေသနာနည်း**

(၁) လက္ခဏ = ''သာမညံဝါသဘာဝေါဝါလက္ခဏ နာမံ''ဟူသည်နှင့်အညီအများနှင့်ဆက်ဆံခြင်းသည်၎င်း-သဘောတရားသည်၎င်း-လက္ခဏ ဖြစ်၏။ (တနည်း)မှတ်ကြောင်းသဘောမည်၏။

(၂) ရသ = ''ကိစ္စံဝါသမ္ပတ္တိံဝါရသောနာမ''ဟူသည့် အတိုင်း-ကိစ္စ၏ပြည့်စုံစေခြင်း(တနည်း)မာသဘော ကိစ္စဖြစ်အောင် ဆောင်ရွက်ခြင်း သဘောမည်၏။

(၃) ပစ္စုပဋ္ဌာန်= ''ဥပဋ္ဌာနကရောဝါ ဖလံဝါ ပစ္စုပဋ္ဌာနံနာမ'' ဟူသည်နှင့် အညီ ဉာဏ်အား ရှေ့ရှုထင်ခြင်းသဘော(တနည်း)အကျိုးတရား မည်၏။

(၄) ပဒဋ္ဌာန် = ''အာသန္နကရဏံ ပဒဋ္ဌာနံနာမ''ဟူသည့် အတိုင်း နီးစွာ သော အကြောင်းတရားမည်၏။

**သတိ။** ။**လက်ဘက်ရေပန်းကန်ကို လက်တွေ့နည်းရှုပုံသဘော**

ယခု-ပညာသိက္ခာပိုင်းတွင် ၅-ပါးသော ပသာဒရုပ်မှထွက်သောသဘာဝမှ သတိပဋ္ဌာန် ရုပ်နာမ် အနတ္တကိုရှာမည်ဖြစ်၏။ အစကနဦးတွင် ဆုံးမတော်မူသည့် အတိုင်း အပေါက် ၅-ပေါက်ကိုပိတ်ရမည်ဖြစ်ရာ-

(၁) စက္ခုသညာ (၂) သောတသညာ (၃) ဃာနသညာ (၄) ဇိဝှါသညာ (၅) ကာယသညာ (၆) မနောသညာ စသည့် သညာ ၆- လုံးသဘောကို နားလည်သင့်ပေသည်။

ကိလေသာ ရေယဉ်ကြောတွင် အတောမသတ်မျောကြရသော သတ္တဝါတို့ အဘို့ အဘယ်ကဲ့သို့သောနည်းဖြင့် ရပ်တန့်နိုင်ပါမည်နည်းဘုရား ဟုလျှောက်ထားသော အဇိတရသေ့အား ရှင်တော်မြတ်က-

အဆင်းနှင့်အကြည်ဆိုသော် အတ္တအနေဖြင့် မသိမ်းပိုက်မူ၍ အနတ္တဓမ္မ အနေ ရှုနိုင်သော် မျက်စိ ပေါက်ပိတ်သည်မည်သဖြင့် ကိလေသာ ရေယဉ် ရပ်တန့်သည် ဖြစ်၏ ဟု ဆိုဆုံးမတော် မူခြင်းကိုသတိပြုသင့်လှပါသည်။

ရုပ်တရား နာမ်တရားကိုတွေ့မြင်လိုကြသဖြင့် နည်းမျိုးစုံဖွင့်၍ရှာကြသည်ပင်ဖြစ်၏။

သို့သော် ပုံသေမှတ်သားရန်မှာ သညာဝိညာဏ်ခုခံနေသမျှ (တနည်း) ၎င်းတို့ မသေသမျှ ပရမတ်ရုပ်နာမ်ကိုမတွေ့ခြင်းပင်ဖြစ်၏။ အဘယ့်ကြောင့်ဟူမူ- ပထဝီဆိုသည်ပင်လျှင် နာမပညတ်ဖြစ်နေသောကြောင့်ပင်တည်း။

သို့ဖြစ်၍ ပထဝီအဗျာပါရ သဘာဝဖြစ်ပုံကို နာကြားပြီးပေရာ ဤကဲ့သို့ ၎င်းပထဝီ မမာနိုင်တော့၍ ၎င်းကို ငါဟု မစွဲနိုင်တော့ပြီ။ သို့မစွဲနိုင်တော့ခြင်း၏ အကျိုးတရားကား သားရေး သမီးရေး- စီးပွားရေးစသည့် အရေးမျိုးစုံတို့ အပေါ်တွင် အဗျာပါရ အနတ္တအနေဖြင့် ဘယ်အရေး ဘယ်ကိစ္စမှာမဟူ အလိုအတိုင်း ဖြစ်စေရန် ကြောင့်ကျစိုက်၍မရနိုင်။ ပစ္စယ သမဂ္ဂီသဘောဖြင့် အကြောင်းညီညွတ်သလိုဖြစ်ကြရ-ပျက်ကြရပါတကားဟု သိမ်းပိုက်နိုင်၍သက်သာရာကို ရရှိတော့၏ (တနည်း) မေတ္တာ သစ္စာ ခန္တီတရားများဖြင့်လည်း အလိုလို ထုံတော့သည်ဖြစ်၏။

အချုပ်ဆိုသော် သဘာဝကို တွေ့သည်ပင်လျှင် အနတ္တကိုမြင်သည်မည်၏။

သတိ။ ။အနတ္တဓမ္မသည် သာသနာတော်တွင်း တရားဖြစ်ကြောင်း သိပြီး ဖြစ်၏။ သို့ပါသော်လည်း သာသနာတော်နှင့် ကြုံတိုင်းလည်း ပုဂ္ဂိုလ်အများတို့ ကြိုက်နှစ်သက်နိုင်ကြသည် မဟုတ်ကြောင်း သာဓက များစွာရှိပေသည်။ ဝါဒ ၁၅၀၀-ရှိသောသစ္စကပရိဗ္ဗာဇ်သည် အနိစ္စနှင့် ဒုက္ခတရားများကို လက်ခံယုံကြည်၏။ အနတ္တတရားကိုကား လက်မခံသဖြင့် ရှင်တော်မြတ်နှင့် ဝါဒပြိုင်ခဲ့၏။ ရှုံးခဲ့၏။ မာနကြီးလှ၍ မဂ်တရား-ဖိုလ်တရားနှင့် လွဲရပုံကို ထောက်ဆပြီးလျှင် သတိသံဝေဂယူခါ အနတ္တဓမ္မ၏ နက်နဲပုံနှင့် အကျိုး သက်ရောက်ပုံကို ဉာဏ်မြင်ရှင်းသင့်လှပေသည်။

ထို့ကြောင့် အရိယာတို့တွင် ဆင်းရဲသော်လည်းပြုံး၏၊ ချမ်းသာလျှင်လည်းပြုံး၏၊ ငါစွဲမရှိ၍ ပစ်တိုင်းထောင် အရုပ်နှင့်တူပေသည်။

ပုထုဇဉ်တို့မှာမူ ချမ်းသာသော် ပြုံး၏၊ ဆင်းရဲသော် မဲ့၏၊ ငါစွဲမပြတ်၍ဖြစ်၏။

ဤတွင် ခြေခြေမြစ်မြစ် အစွဲနိုင်မာလှသည့် ထိုအတ္တသည် သာမန်ဝိပဿနာ ရှုနည်း **များ** ဖြင့်သော်လည်း ပယ်နုတ်ခြင်းငှာ မစွမ်းနိုင်ရှိရကား အဘယ်မှာလျှင်သတိပဋ္ဌာန်ကြီးက လက်ခံနိုင်ပါမည်နည်း?

**ဥပမာသော်**- အစကနဦး ဖွင့်ဆိုခဲ့သော ဝိသာခါတရား ဓာတ် ဟောစဉ်တွင် ပေါ်သော ဓာတ် ၁-ပါးကား ရုပ်၊ ညီညွတ်ထောက်ပံ့ပေးသော ကျန်ဓာတ် ၃-ပါးကား **နာမ်** ဟု ယူသော သဘောသည် ဓာတ် ၁-ပါး ပေါ်ပြီဆိုလျှင် အမှန်ပင် **အမည်ပေးနိုင်** တော့၍ နာမပညတ် မကင်း၊ တဖန်ဓာတ် ၁-ပါးပေါ်၍ အမည် ပေးနိုင်အောင် ပုံဟန်သဏ္ဌာန်ဖြင့် ကျန်ဓာတ် ၃-ပါးက ထောက်ပံ့ပေးရသေးသည် ဖြစ်၍လည်း သဏ္ဌာနပညတ်မကင်း၊ အမှန်မှာမူကား ၎င်းတွင် နာမနှင့်သဏ္ဌာန် မျက်တောင်ခတ်လျက်ပင် ရှိနေသေးသဖြင့် မစင်ကြယ်ပေ။

သတိပဋ္ဌာန်ကြီးအတွက်မှာ နာမနှင့်သဏ္ဌာန် သုန်းဆိတ်သော ရုပ်နာမ်ဖြင့် တက်မှသာ ဖြစ်နိုင်သော သဘာဝဖြစ်၏။

ဤကဲ့သို့ ဓာတ် ၁-ပါးနှင့် ဓာတ် ၃-ပါး ယူပုံယူနည်းသည် ဝိပဿနာနည်းဟုပင် ဆိုသော်လည်း ဒေသနာနည်း ဖြစ်နေသေး၏။ မဂ်တရား ဖိုလ်တရားကို လိုသော ပုဂ္ဂိုလ်သည် ဒေသနာနည်း(တနည်း) ပရိယတ်နည်းကိုချ၍ ပဋိပတ်နည်းဖြင့်သာတက်မှ ရနိုင်သည် ဖြစ်၍ စာတတ်သည် မတတ်နိုင်သည်နှင့် မသက်ဆိုင်ပေ၊ စာမတတ်၍အားငယ်ဘွယ်မရှိ၊သဘာဝတချက်မိနိုင်ရန် ကြိုးစားဘို့သာလျှင် ကိစ္စရှိပေရာ-

ထို မာသဘော အတ္တကို အနတ္တဆိုက်ရန် ''လက္ခဏ, ရသ,ပစ္စုပဋ္ဌာန ပဒဋ္ဌာန ဝသေန နာမရူပ ပရိဂ္ဂဟောဒိဋ္ဌိ ဝိသုဒ္ဓိနာမ''ဟူသည်နှင့်အညီ အယူ၏စင်ကြယ်စေကြောင်း ဋ္ဌာန်၄-ချက်ဖြင့် ခွဲစိပ်ရန်ဖြစ်သည့်အတိုင်း-

**သတိ**။ ။(၁) အဆင်းသညာ = လက္ခဏသဘော

(၂) အကြည်သညာ = ရသ သဘော

(၃) အဆင်းနှင့်အကြည် ၂-ပါးဆုံသည့် အမြင်သညာ = ပစ္စုပဋ္ဌာန်သဘော

(၄) အဆင်း-အကြည်-နှင့် အမြင် ၃-ပါး ညီညွတ်သည့်အသိသညာ = ပဒဋ္ဌာန်သဘော တို့၏ အမူအယာသဘာဝကို သဘောပေါက်စေရမည်ဖြစ်၏၊

**အထူးသတိ**၊ ၊(၁) **လက္ခဏသဘာဝ, အဆင်းသညာ**

သမ္မူဟ ဃနချုပ်းသက်သက်တွင် နာမပညတ် မပေါ်ထွက်နိုင်သေး၊ မြုပ်နေသေး၏၊ သမာဓိဖြင့် ချေါ်းမှသာ သညာ အမှတ် မာသဘောဟုန်၏၊ ၎င်းသညာသည် အစိုင်အခဲ ဃနကြီးကို တို့ထိရစဉ်ကမှတ်သားထားသည့် အမှတ်စိုး ယခုတို့ထိ၍ရသောဃနကြီးမရှိသောအခါ၌ ပြေ့သော မာသဘောသည် စင်စစ် အတိတ်ကို ဆွဲကိုင်မှတ်သား၍ ပြောသောအပြောဖြစ်သဖြင့် အတိတ်သညာဖြစ်၏၊

## (၂) ရသ သဘာဝအကြည်သညာ

၎င်းအကြည်၌ သဏ္ဌာနပညတ်ရိပ်ရှိ၏ (တနည်း) နှောင်း လူတို့နာမပညတ်ပေါ်အောင် ကိစ္စကို ဆောင်ရွက် ပေးသဖြင့်လည်း အနာဂါတ်သညာမည်၏။

သတိပဋ္ဌာန် လုပ်ငန်းစဉ်သည် ကောက်ရိုးလှည်းကဲ့သို့သော ပရိယတ်နည်းဖြင့် ဆွဲယူချင် သလို ယူ၍ရသော အလုပ်မဟုတ်ပေ။ ပဋိဝေဓဓမ္မနှင့် ကင်းလျက်ရှိသော ပဋိပတ္တိကမ္မနည်း ဖြစ် သဖြင့် အမှန်သဘာဝတချက်ကိုဆွဲကိုင်ရဘိသကဲ့သို့-

(၁) မျက်ကွယ်သဘောဖြစ်သော နာမပညတ် အတိတ်သညာလက္ခဏာကို၎င်း

(၂) အနာဂါတ်သဘောဖြစ်သော သဏ္ဌာနပညတ် အနာဂါတ်သညာ ရသ ကို၎င်း မဆွဲကိုင်မူ၍ မျက်မှောက်သဘော ပစ္စုပ္ပန်ကိုသာလျှင် ဖမ်း သည်ဖြစ်ပေရာ-



ယခုမြင်ရသော လက်ဘက်ရည်ပန်းကန်ကိုရှု၍ အဘယ် ကဲ့သို့ ရုပ်-နာမ် ခွဲပါမည်နည်း?

ထိုလက်ဘက်ရည် ပန်းကန်တည်းဟူသော အဆင်းအား မြင်ရလျက် နှင့် ဘယ်လိုမှပြောမရပြီ ဖြစ်၏၊ သင်္ခတလောက၌ မပေါ်မဖြစ်၍ ပေါ်နေရပေရာ-

ဤ "ပေါ်တဲ့သဘော"ကား ပရမတ်ရုပ်ဖြစ်၍ပေါ်အောင်ဆောင်ရွက်ပေးရသည့် အကြည် သည်ကား ပရမတ်နာမ်ဖြစ်၏။

**သတိ၊** ။ထို့ကြောင့် ပစ္စုပ္ပန် ဆတ်ဆတ် သဘာဝကို မြင်ခြင်းသည်ပင်လျှင် အနတ္တ ဓာတ်ကို တွေ့သည် မည်ပေသည်။

၄-၀-၆၇

ဝိပဿနာ အနတ္တ ကိုဝင်လိုသော် ပထမ အဗျာပါရ အနတ္တကို မိထားရမည်ဖြစ်ပေသည်။

နာမနှင့် သဏ္ဌာနပညတ် ၂-ပါးတို့ မျက်တောင်ခတ်လိုက်သော် ဣဋ္ဌ-အနိဋ္ဌ (တနည်း) ကောင်း-မကောင်း(တနည်း) အဘိဇ္ဈာဒေါမနဿ (တနည်း) ချစ်ခြင်း မုန်းခြင်းတို့သည် ပေါ် ကြောင်း နာကြားပြီး၏၊ မဟာသတိပဋ္ဌာန်က ထိုကောင်း-မကောင်းသဘောကို သတ်မည် ဖြစ်၏။

အချုပ်မှာမူ မည်သည့် ဝိပဿနာတရားကိုအားထုတ်သည်ဖြစ်စေ၊ ၎င်းနာမနှင့်သဏ္ဌာန် မချုပ်သမျှ ပရမတ် ရုပ်နာမ်ကို မတွေ့နိုင်ဟု တထစ်ချ မှတ်သားရန်ဖြစ်ပါသည်။

**သတိ။** ။အနတ္တဓမ္မကို အလိုရှိ၍ အားထုတ်သော် ပထမလက္ခဏာနှင့်ရသမှ ရုပ်နာမ်ကိုရှာရ မည်၊ ထိုမှ သဘာဝကိုမိသော် ဒုတိယ ပစ္စုပဋ္ဌာန်နှင့် ပဒဋ္ဌာန်မှ ထုတ်နိုင် ရမည် ဖြစ်၏။

ထို့ကြောင့် ယမန်နေ့ ဟောစဉ်တွင်လက္ခဏာနှင့် ရသမှထွက်သော ရုပ်နာမ်ကို ပစ္စုပဋ္ဌာန် **သဘော(တနည်း)**ပေါ်သဘောသည် ပရမတ်ရုပ်အဖြစ်ဖြင့်၎င်း၊ ၎င်းပေါ်သဘောကို ပေါ်နိုင် **အောင် ထောက်ပံ့** အားပေးသော အကြည် (တနည်း) ရသ သည် ပရမတ်နာမ် အဖြစ်ဖြင့် **ဖမ်းပြီး၏**။

သို့သော် ဤ လက္ခဏာနှင့် ရသမှထွက်သော ရုပ်နာမ်သည် "ပျက်ကိန်း ရုပ်နာမ် ဖြစ်၍" **သတိပဋ္ဌာန်က** ထို့ထက်စင်ကြယ်သော "ဖြစ်ကိန်းသဘော ဖြစ်သည့်"ပစ္စုပဋ္ဌာန်နှင့် ပဒဋ္ဌာန် မှ **ထွက်သော** ရုပ်နာမ်ကို အလိုရှိပေရာ-

## (၃) ပစ္စုပဋ္ဌာန် သဘောအမြင်သညာ

၎င်းသည် အဆင်းသဘော လက္ခဏာနှင့် အကြည်သဘော ရသ ၂-ပါးဆုံမှု ဖြစ်ကြောင်းသိပြီး၏။၎င်းသည် သပ္ပဋိဃ သညာလည်းဖြစ်၍ မျက်စိအကြည်၌ထင်၏။ ၎င်းပြင် **ပစ္စုပ္ပန်အစစ်** ပရမတ်ဆတ်ဆတ်လည်း ဖြစ်၏။ ပထမဖမ်း၍ရသော အဆင်း=လက္ခဏာနှင့် အကြည်=ရသတို့သည်ကား စင်စစ်ပညတ်ကောင်တို့သာ ဖြစ်၏။သို့သော် ပစ္စုပဋ္ဌာန်ကို အလိုရှိ၍သာ ဖြစ်ရာ ယခုနှစ်ပါးဆုံလိုက်သောအခါ၌ အတိတ်သညာ- အနာဂါတ်သညာကင်းစင်သော ပရမတ် သဘောထို ၂-ပါး၌ **ဝင်**သည်ဖြစ်၍ ၎င်း အဆင်းသဘော **လက္ခဏာ**သည် အားထုတ်သော ပုဂ္ဂိုလ်၏ဉာဏ်**ဝ**၌ အာရုံသဘောမျှဖြစ်သော ပစ္စုပ္ပန်ဆတ်ဆတ် ရှေ့ရှုထင်သော သဘောသည်-

"ပရမတ်-ရုပ်" **အစစ်** ဖြစ်၏။

သို့ဖြစ်၍ ပရမတ်အစစ်မည်သည်အသန်တခဏမျှဖြစ်၍မပြုပြင်သောသဘောဖြစ်ပေရာ ပြုပြင်မှု **မကင်းသောအသန်တခဏမျှဖြစ်သည့်** မွေး-အို-နာ-သေ- ဘေးအပေါင်းတို့မှ လွတ်ကင်း နိုင်စေရန် ဟူသော **ရည်မှန်းချက်ဖြင့်** ဝိပဿနာ တရားကိုလိုက်စားအားထုတ်ကြရသည်ဖြစ်သဖြင့် အထက်၌ **ဟောတော်မူသော** ပရမတ် ရုပ်ဓာတ်အစစ်ကို ကိုယ်တွေ့ဖြစ်ရန်ကြိုးစားသင့်လှပါသည်။

ပါရမီထူးတော်မူကြသော ခေမာမိဖုရား **အစ**ရှိသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့ အဖို့၌ ရှင်တော်မြတ်ပြတော်မူသော အဆင်း တလုံးကို နာမနှင့်သညာန်ကင်းစင်သော ပညာဉာဏ်ဖြင့် သိမ်းဆည်းတော်မူနိုင်ကြ၍ ကိလေသာမခြားသော မဂ်အဆင့်ဆင့်ကို အပြီး ထိုးထွင်း ဖောက် တော်မူခဲ့ကြသည့် **ဝ**တ္ထုကိုလည်း ကြည်ညိုအားကျသင့်လှပါသည်။

## (၄) ပဒဋ္ဌာန်သဘာဝ အသိသညာ

ပစ္စုပ္ပန်ဆတ်ဆတ် ရှေ့ရှုထင်သော သဘောအား ဆွဲကိုင်ထားခြင်း သဘောသည် "အာရမ္မဏိက သဘာဝ ပရမတ် နာမ်**အစစ်ဖြစ်**၏။

**သတိ၊** ။ဤသဘာဝသည်ကား ဥတုမှထွက်သောရုပ်နာမ်ဖြစ်၏။ အာဟာရ စိတ်နှင့် ကံ တို့ကား ရှေ့ဟောစဉ်တွင် ထင်ရှားမည်ဖြစ်၏။

ဤကို ရည်တော်မူသော ရှင်တော်မြတ်က ယခုငါ့ဘုရား ဆုံးမတော်မူပြီးသောသတိပဋ္ဌာန် တရားကို မပြတ်အားထုတ်ကြသည်ရှိသော် ရဟန္တာတို့မှ မသုန်းဆိတ်ဟု ပရိနိဗ္ဗာန်ပြုတော်မူခါနီး

ကားလ၌ မိန့်ဆို သတိပေးတော်မူခဲ့ခြင်း ဖြစ်ပေသည်။ သို့ဖြစ်၍ ဤပရမတ်အစစ် ရုပ် နာမ်ကို တွေ့သော်-

(၁) မာမှုသည် - ငါ (၂) ငါသည် - မာမှု

(၃) မာမှု၌ - ငါရှိ၏ (၄) ငါ၌ - မာမှုရှိ၏

တည်းဟူသော အစွဲ ၄-ချက်ပြုတ်ပြီးလျှင် ဥတုပြဋ္ဌာန်းသော ရုပ်ဒီကရိ ၃၆-သည်လည်း ဇာတ် သိမ်းတော့သဖြင့်-

နောင်တွင် မိမိသည် ဥတုသဘော အဆင်း(တနည်း) အာရုံတို့နှင့် ဆုံသော် သတိ ဝင် လာပြီးလျှင် နာမနှင့်သဏ္ဍာန် တို့ကို မဆွဲကိုင်မိရန် ဆင်ခြင်လာတော့သည် ဖြစ်၍ နာမ နှင့် သဏ္ဍာန်မှ ပေါ်ထွက်သည့် လောလုပ္ပတဏှာ(တနည်း) အာရုံကို မထိန်းနိုင်ခြင်း သဘောကို သုတမယဉာဏ်ဖြစ်သော ဤပညာက တဒင်္ဂပဟာန်အားဖြင့် သိမ်းဆည်းနိုင်တော့သည်ဖြစ်၏။

ဝိပဿနာဟူက သင်္ခါရုပက္ခဉာဏ်ထိ တဒင်္ဂပဟာန် ဖြစ်၏။ သို့သော် ၎င်းပညာကို မည် သည့် အကျင့်ဖြင့်မှ မရနိုင်ဟု မှတ်ရာ၏။

အာနာပါနတွင် ပထမတံ ခါးပေါက်ဖြစ်သော နှာသီးဖြားး၏ဝင်လေထွက်လေကို၊ ရှုမှတ်၍ ပေါ်ထွက်သော သတိပဋ္ဌာန်ရုပ်နာမ်သည်လည်း ဤ ရုပ်နာမ်ပင်ဖြစ်မည့် အကြောင်း ကြိုတင် သိမှတ်ထားပါရန်-

ဤသတိပဋ္ဌာန်လုပ်ငန်းစဉ်သည် ဒုက္ခ ကိုမြင်နိုင်ရန် ရှင်တော်မြတ်ဟော တော်မူခြင်းဖြစ် ၏။ အန္ဓပုထုဇဉ်တို့တွင် နာမနှင့် သဏ္ဍာန ပညတ်တို့ဖြင့်ဖုန်းအုပ်ထားခြင်းခံကြရ၍ ဒုက္ခကိုမမြင် နိုင်ကြပေ၊ သို့ဖြစ်၍ ဒုက္ခ ကိုမြင်နိုင်ရန် ပထမထိုပညတ်တရားတို့ကို ပယ်နုတ်စေတော် မူခြင်း ဖြစ် ပေသည်။

"ဣဓ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ" အစရှိသောသတိပဋ္ဌာန်ပါဠိတော်လာ ဘိက္ခုအား ရဟန်းတော်များဟုသာ အဓိပ္ပါယ်မကောက်ယူသင့်၊ သံသာရဘယံ ဣက္ခတီတိ ဘိက္ခုဟူသည်နှင့်အညီ သံသရာဘေးကိုရှုတတ်သော(တနည်း)သတိပဋ္ဌာန် တရားကို ပွားများ သော ပုဂ္ဂိုလ်အားလုံးသည် ကျား-မ-မဟူဘိက္ခုပင်ဖြစ်၍ ရှင်တော်မြတ် အလို တော် အတိုင်း အကျယ်မလိုက် ပဋိပတ်အကျဉ်းနည်းဖြင့် သဘာဝကိုသာတွေ့အောင်ရှာသောအလုပ်ဖြစ်ရာ၊ ထင်း ခွေရင်း-ရေခတ်ရင်း-ထမင်းချက်ရင်း(အမှန်မြင်တချက်ဖြင့်) ကွေ့တလက် ကြက် တခုန်အလား- ပြီးနိုင်သော ကိစ္စဖြစ်၏။

**သတိ။ ။ဥတုပထဝီသိမ်းဆည်းပုံတနည်း**

အထက်ဟောစဉ်များဖြင့် သမုဟဃနကြီးသည် သီလခွဲစိပ်နည်းဖြင့် ကြိတ်ကျေပြီး နောက် စိတ်ဝိညာဏ်၌ ၎င်းမာသဘောပထဝီသည် သညာအမှတ်သာကျန်၏။ ၎င်းအ မှတ်ကို ထပ်၍ သမာဓိဖြင့် ခွဲစိပ်ပြန်သော် ဓာတ် ၄-ပါးတို့သည်အစိပ်စိပ်ကွဲ၍သုည အဖြစ်ဖြင့်ပင်ကျန်နေသေးလျက်ရှိရာတွင် ယခု၎င်းသုည ပထဝီ မာသဘောသည် မာ

သည်ဟုမပြောနိုင်တော့သော်လည်း အနတ္တဓာတ်ကောင် မဟုတ်သေးသည့် အတိုင်း ပညာသိက္ခါဖြင့် ချေလျက်ရှိကြောင်း သိပြီး၏။

ဤကဲ့သို့ သခ်တလောကတွင် ဆန အနေဖြင့်ပေါ်ပေါ်၊ သုညအနေဖြင့်ပေါ်ပေါ်၊ဘယ်လို ဘယ်ကဲ့သို့ပင်ပေါ်ပေါ် ပစ္စုပ္ပန် ရုပ်ရိပ်ကား ရှိရသည့်ဓမ္မတာဖြစ်၏။ (ဤပစ္စုပ္ပန် ရုပ်ရိပ်သည် ကား - တခြားမဟုတ်ပေ-အဆင်း (တနည်း) လက္ခဏ(တနည်း)အတိတ်သညာ-နှင့်- အကြည် (တနည်း)ရသ(တနည်း)အမာဓာတ်သညာ ၂- ပါးတို့၏ ပေါင်းဆုံမှုသဘောဖြစ်၏)သို့ဖြစ်ရာ-၎င်း ပစ္စုပ္ပန်ရုပ်ရိပ်ပေါ်ပြီဟုဆိုလျှင်ပင်- နာမပညတ်သညာရိပ်နှင့် သဏ္ဌာနပညတ်ဝိညာဏ်ရိပ် ၂-ချက် တံဆိပ်ခပ်တော့သည်ဖြစ်၏။

ဤတံဆိပ်ခပ်မှုသည် အန္ဓပုထုဇဉ်တို့အတွက် ဆွဲယူသိမ်းပိုက်ရန်ဖြစ်၏၊ ကလျာဏပုဂ္ဂိုလ် တို့အတွက်မှာမူကား အတိတ်-အနာဂတ်သဘောတို့ကိုမကိုင်- မကိုင်ဆိုရာ၌ ၎င်းကို ပစ်ပယ်သည် ကားမဟုတ်၊ ပစ်ပယ်၍လည်း ပစ္စုပ္ပန်ကခံမည်မဟုတ် အဘယ့်ကြောင့်ဟူမူ ပရမတ်ပါ ပါသွား နိုင်ပြီး မရှိဟုဆိုရာရောက်သဖြင့် ဥစ္ဆေဒ ဒိဋ္ဌိ၌ကျမည်ဖြစ်သောကြောင့်ပေတည်း။

အမှန်သော်- ပညတ်နှင့် ပရမတ် ၂-ပါးတွင် ပရမတ်ကိုသာ အလိုရှိသည်ဖြစ်၍ ပညတ် အားကြောင့်ကြစိုက်ဘွယ် ရန်မှုဘွယ်မလိုပြီ- ရှိ၏-မရှိ၏ ဟူ၍လည်း ယူဘွယ်မလိုပြီဟု ပညာဖြင့် သိမ်းပိုက်လိုက်သော် ပညတ်သည် ပညတ်- ပရမတ်သည် ပရမတ် မရောမယှက်မြင်သည်ပင်လျှင်-


အဆင်းနှင့်အကြည် (တနည်း) လက္ခဏနှင့်ရသ ၂-ပါးပေါင်းဆုံမှုဖြစ်သော "ပစ္စုပ္ပန် ဆတ်ဆတ် ရှေ့ရှုထင်ခြင်းသဘော"သည်-


"ပရမတ်ရုပ်"ဖြစ်၏။ အာရုံသဘောဟုလည်းဆို၊


ထိုပရမတ်ရုပ်သဘာဝကို ဆွဲကိုင်သော သဘောသည်ကား-


"ပရမတ်နာမ်"ဖြစ်ရာ "အာရမ္မဏိက"ဟုလည်းဆို၊

၎င်းသည် ဌာန် ၄-ချက်ဖြင့်ခွဲ၍ရသော သန့်ရှင်းစင်ကြယ်သည့် ရုပ်နာမ်တို့ဖြစ်သဖြင့် အစုံ ၄-ချက် တပြိုင်တည်း ပြွတ်ပြီးလျှင် ဤသာသနာတွင် ဤဆရာမြတ်၏ ဂုဏ်ကျေးဇူးဖြင့် ပထမအောင်ပန်း ကို ဆွတ်ခူးနိုင်သူအဖြစ်ဖြင့် ဝမ်းမြောက် ကြည်နူးနိုင်ရာ၏။









''ကောယနေော အယံဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ, သောကပရိဒေဝါနံ သမတိက္ကမာယ, ဒုက္ခ ဒေါမနဿာနံ အတ္ထင်္ဂမာယ, ဉာယဿအဓိဂမာယ, နိဗ္ဗာနဿ သစ္ဆိကိရိယာယ, ယဒိဒံစတ္တာရော သတိပဋ္ဌာနာတိ'' ဟူသော မဟာသတိပဋ္ဌာန်ပါဠိတော်လာအရ ၄-ပါးသော သတိပဋ္ဌာန်တရားမြတ်ကို အားထုတ်ပွားများသော ပုဂ္ဂိုလ်တို့တွင် ကိလေသာအညစ်အကြေးမှ စင်ကြယ်စေသည်ဖြစ်၍ သောတာပတ္တိမဂ်ဉာဏ်၏ အဘို့ငှာ တကြောင်း တည်းသော ခရီးဖြစ်၏။

စိုးရိမ်ပူဆွေး ငိုကြွေးခြင်းတို့ကို လွန်မြောက်စေသည်ဖြစ်၍လည်း သောတာပန် ပုဂ္ဂိုလ်၏ သကဒါဂါမိမဂ်ဉာဏ်သို့ တက်နိုင်ခြင်းငှာ တကြောင်းတည်းသောခရီးဖြစ်၏။

ဆင်းရဲခြင်း နှလုံးမသာယာခြင်းတို့၏ ချုပ်ငြိမ်းစေသည်ဖြစ်၍ သကဒါဂါမိ ပုဂ္ဂိုလ်၏ အနာဂါမိမဂ်သို့ တက်နိုင်စေခြင်းငှာ တကြောင်းတည်းသော ခရီးဖြစ်၏။

အနာဂါမိ ပုဂ္ဂိုလ်၏ အရဟတ္တမဂ်သို့ တက်နိုင်စေခြင်းငှာ တကြောင်း တည်းသော ခရီးဖြစ်၏။

ရဟန္တာအရှင်မြတ်တို့၏ မျက်မှောက်ပစ္စုပ္ပန်နိဗ္ဗာန်ကို အာရုံပြုနိုင်စေခြင်းငှာ တကြောင်း တည်းသော ခရီးဖြစ်သဖြင့် အလွန်အကျိုးကြီးသော တရားမြတ်ဖြစ်၏။

**သတိ။ ။လက်တွေ့အဘိဓမ္မာနည်း ပထဝီ ၄-ချက်ဖြင့် ခွဲစိပ်ပုံသဘော**

ယခု လက်ဘယ်ရည် ပန်းကန်၏ မာသဘောကို လက်တွေ့အဘိဓမ္မာနည်းဖြင့်သော်-

(၁) ၎င်းလက်ဘက်ရည်ပန်းကန်၌ရှိသော ဖောဋ္ဌဗ္ဗပထဝီကို
(၂) လက်ညှိုး၌ရှိသော ကာယပသာဒပထဝီဖြင့် တို့ထိသော်
(၃) ၎င်း ၂-ပါး ပေါင်းဆုံ၍ အမှတ်ဖြင့်သိသော သညာပထဝီ
(၄) ထို ၃-ပါးတို့၏ ပေါင်းဆုံညီညွတ်မှုဖြင့် သိရသော အသိဉာဏ်သိ ပထဝီ တည်းဟူသော ပထဝီ ၄-ချက် ပေါင်းဆုံမှသာ ၎င်း မာသဘောသည် ထင်ရှား၏။

**အကြောင်းတရား ၄-ပါးဖြင့်သော်-**

(၁) ဖောဋ္ဌဗ္ဗ ပထဝီ = သည် - ဥတုအကြောင်း
(၂) ကာယပသာဒပထဝီ= သည် - အာဟာရအကြောင်း
(၃) သညာသိ ပထဝီ = သည် - စိတ်အကြောင်း
(၄) ဝိညာဏ်သိပထဝီ = သည် - ကံအကြောင်း ဖြစ်ရာ

ယခုကဏ္ဍာ၏ နာမရူပ ပရိစ္ဆေဒဉာဏ်သည် လက်ဘက်ရည်ပန်းကန်တည်းဟူသော ယန ရှိ-ဖောဋ္ဌဗ္ဗပထဝီကို ချေလျက်ရှိ၏။

တဖန် လက်ညှိုးရှိ ကာယပသာဒ ပထဝီကို ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့် ချေပြီးသော် ထိုပုဂ္ဂိုလ်သည် ဒိဋ္ဌသရဏဂုဏ်၌တည်မည်ဖြစ်၏ (တနည်း) တရားကို ကိုယ်ပိုင်သိပြီးမှ ကိုးကွယ်ဆည်းကပ်သော ဂုဏ်ဖြစ်သဖြင့် သောတာပတ္တိမဂ်၌ တည်ပြီးသော အရှင်ကောဏ္ဍည-ခေမာထေရီ အစရှိသော အရိယာအရှင်မြတ်တို့၏ ရှင်တော်မြတ် ထံမှောက်၌ ခံယူသော ဒိဋ္ဌသရဏဂုဏ်အလားကဲ့သို့ဖြစ်၍ အဘယ်မျှ အကျိုးကြီးပုံကို ကြံဆအပ်ပါသည်။

သို့မဟုတ်ပါမူကား သုတသရဏဂုဏ်(တနည်း) သူတထူးထံမှ လိုက်ဆိုခံယူသောသရဏဂုဏ်ဖြင့် ကျေနပ်ကြရပေမည်။ သဘာဝမှာမူကား ၎င်းသရဏဂုဏ်သည် တောင်း၍သော်၎င်း၊ ပေး၍သော်၎င်း ရရှိနိုင်သော သဘောတရား မဟုတ်ကြောင်းဉာဏ်မြင်ရှင်းလင်းစေပြီး ဒိဋ္ဌသရဏဂုဏ်ကို ယခုပင်လျှင် အရယူသင့်လှပါသည်။

**ဥတုပထဝီဥက္ကောင်းချုပ်**

ဝိမုတ္တိဓမ္မ(တနည်း)ကိလေသာမှ လွတ်သောတရားဟူသည် ယခုကဏ္ဍာအတွက် ဥတု၌ခွဲသော အစွဲ ၄-ချက်ဖြစ်သော-

(၁) ရုပ်-သည် ငါ
(၂) ငါ-သည် ရုပ်
(၃) ရုပ်-၌ ငါရှိ၏
(၄) ငါ-၌ ရုပ်ရှိ၏

ဟူသောအစွဲ ၄- ချက်တို့မှ ကျွတ်ခြင်းဖြစ်၏၊ ထို့အပြင် မီးဓာတ် ၄-ပါးအကြောင်း တရား ၄- ပါးနှင့် ပညတ် ၄-ပါးတို့၏ ရုပ်ဓမ္မ၊ နာမ်ဓမ္မတို့ကိုလည်းမြင်၏၊ သိမ်းဆည်းနိုင်၏။

**သမုတိသစ္စာနယ်အဝင်သဘော**

အဝင်သဘောဟူသည်မှာ နာမပညတ်ကိုသညာကၡင်း၊သဏ္ဍာနပညတ်ကို ဝိညာဏ်က၎င်း

ကိုင်ဆွဲ၍ သမုတိ သစ္စာနယ် (တနည်း) ပညတ်နယ်လောက (တနည်း) သခ်ၤတလောက သို့ဝင်ရောက်လာမိခြင်းပင်ဖြစ်ပေရာ ၎င်းကို ဋ္ဌာန် ၄-ချက်ဖြင့်ချေခဲ့၍ ဥတုပထဝီ၏ ကက္ခဠတ္တ လက္ခဏာမာခြင်းသဘောနှင့် ပတိဋ္ဌတရသတည်ခြင်းသဘောတို့သည်ကျေပြီး၏။

## ပရမတ္ထသစ္စာနယ် (တနည်း) ပညာနယ် အထွက်သဘော

သမုတိသစ္စာနယ်ဘက်သားဖြစ်သောလက္ခဏာ နှင့်ရသ(တနည်း)နာမနှင့်သညာနပညတ် (တနည်း)သညာနှင့်ဝိညာဏ် ၂-ပါးတို့၏ ပေါင်းဆုံမှုသဘောကို ''ခံလင့် သကဲ့သို့သော အချင်းအရာ''(တနည်း)''အာရုံသဘော''(တနည်း)ပစ္စုပ္ပန် ဆတ်ဆတ် (တနည်း) '' ပရမတ်ရုပ်''ဟု သိမ်းဆည်းခဲ့၏၊ ''ခံလင့်သကဲ့သို့သောအချင်းအရာ''ဆိုသည်မှာ၎င်း ''မာသဘော''သည် ကျန်ဓာတ်၃-ပါးကိုအားကိုး မြှော်လင့်နေရသည့်အတိုင်းမိမိဘာသာ မဖြစ်နိုင်သည် ဖြစ်၍ ''အနတ္တဓမ္မ''သို့ကျရောက်သည်ဖြစ်၏။ ၎င်းပညာသည်ယထာဘူတအပိုင်းသိလည်းဖြစ်၏၊ (၎င်းသည်သမုတိသစ္စာနယ်တွင် ကက္ခဠတ္တလက္ခဏာဖြစ်၏)။

## သတိ။ ။ဒုက္ခသဘော

> အားထုတ်သူ ယောဂီ၏ ဉာဏ်ဝဌ် ပစ္စုပ္ပန်ဆတ်ဆတ်၊ ဉာဏ်အားရှေ့ရှု ထင်ခြင်း၊ ပေါ်ခြင်းသဘော မျှသာဟုဆိုရာ၌''ရှေ့ရှု''ဆိုသည်မှာ အပျက်သဘော ဒဟမီးဓာတ်ဘက်သို့ရှေ့ရှုပြီး ပေါ်နေရခြင်းသည်ပင်လျှင် ဒုက္ခဖြစ်၏။

၎င်းကိုရည်တော်မူ၍ ဒုက္ခကိုမြင်သော် အနတ္တသို့ဆိုက်၍၊ အနတ္တကိုမြင်သော် ဒုက္ခ ကိုလည်း မိသဖြင့် အနတ္တနှင့်ဒုက္ခ၊ ဒုက္ခနှင့်အနတ္တ အမြီးနှင့်ခေါင်း၊ ခေါင်းနှင့် အမြီး ဖြစ်ကြောင်း ဆုံးမတော်မူခြင်းဖြစ်ပေသည်။

၎င်းကဏ္ဍာတွင် ရုပ်ကိုသာလျှင် ဦးစိုက်၍ ချေရသည့်စခန်းဖြစ်၏။ သို့သော်နာမ်လည်း ပေါ်ရမည့်သဘာဝအတိုင်း''ပစ္စုပ္ပန် ဆတ်ဆတ်ဉာဏ်အားရှေ့ရှု ထင်ခြင်း သဘော''တည်းဟူသော ပရမတ်ရုပ်ကို အနတ္တအနေဖြင့် ဆွဲထားခြင်း သဘောသည်ကားပရမတ်နာမ်ဖြစ်၏။ (သတိပဋ္ဌာန်အတွက်၎င်းကို အာရမ္မဏိက ဟုလည်းဆိုရ၏)။

သို့ဖြစ်ရာ အာရုံတို့နှင့် ဆုံတိုင်းဆုံတိုင်း သတိလျှင်ယှဉ်စေ၍ နာမနှင့်သညာန် (တနည်း) အတိတ်နှင့်အနာဂါတ်တို့ မျက်တောင်မခတ်မူစေဘဲ ကောင်း-မကောင်း တည်းဟူသော အဘိဇ္ဈာဒေါမနဿတရားယုတ်တို့မှ ကျွတ်လွတ်ငြိမ်းအေးစေရာ၏။

ယန္တေဟောစဉ်ဖြင့် နာမရူပပရိစ္ဆေဒဉာဏ်၏ ပထမတာဝန်ဖြစ်သော ဥတုအကြောင်း-ပထဝီ ၃၆-ကိုချေခဲ့ပြီးဖြစ်၏၊

ဥတုကျေသော် အာဟာရ၌ဝင်၏၊ အာဟာရကျေသော် စိတ်၌ဝင်၏၊ စိတ်ကျေသော် ကံ၌ဝင်ကြောင်း ကိုလည်း ကြံဆအပ်ပါသည်။

ထို့အပြင် မဟာသတိပဋ္ဌာန်သည် သာရ ၄-လုံးကိုလည်း ပြတ်စေသည်ဖြစ်၏။ ၎င်း တို့ကား--

(၁) **နိစ္စသာရရိပ်** = ဖောဋ္ဌဗ္ဗ ပထဝီတည်းဟူသော မာသဘောသည် လက်ဘက်ရည်ပန်းကန်၌ ရှိ၏ဟု ယူခြင်းဖြစ်၏။ ထို့ကြောင့် မြင်လိုက် လျှင် ပင် လက်ဘက်ရည်ပန်းကန်ဟုခေါ်ဆိုနိုင်ခြင်းဖြစ်၏။နာမပညတ်လည်း မည်၏။

(၂) သုခသာရရိပ် = လက်ညှိုးရှိ ကာယပသာဒတည်းဟူသော ပထဝီ မာ သဘောဖြင့် ထိတို့ရသည်ကိုပင် ချမ်းသာ၏၊ ကျေနပ်၏၊ အနှစ် အသားရှိ၏ ဟု စွဲယူခြင်းဖြစ်၏၊ သဏ္ဍာနပညတ်လည်းမည်၏။

(၃) **သုဘသာရရိပ်**= အထက် ၂-ပါးပေါင်းဆုံ၍ သိမှတ်သောသညာ ပထဝီသည်တင့်တယ်၏၊ အနှစ်အသားရှိ၏ဟု စွဲယူခြင်းဖြစ်၏၊ သမူဟပညတ် လည်းမည်၏။

(၄) အတ္တသာရရိပ် = အထက် ၃-ပါးတို့ပေါင်းဆုံညီညွတ်သော ဝိညာဏ် သိ ပထဝီသည် အနှစ်အသားအနေဖြင့်တကယ်အမှန်ရှိ၏ဟု အနိုင် အမာ စွဲယူခြင်းဖြစ်၏။ သန္တတိပညတ်လည်းမည်၏။

**သတိ၊ ။၎င်း သာရ ၄-ချက်ကိုရည်၍ အနှစ်အသားအမှန်ရှိ-မရှိ ဝေဘန်သော် ပဋိပတ်နည်း၊ သန့်သန့်-**

ယခုလက်ဘက်ရည်ပန်းကန်ကိုရှုသော်- မြင်၏။ သို့မြင်ရာတွင်-

(၁) အဆင်းကို အကြည်သက်သက်ကဆွဲခြင်းသည် ပရမတ်ဖြစ်၏။

(၂) **အဆင်းကို** အကြည်အားမှီ၍ဖြစ်လာသော နာမပညတ်သညာနှင့် သဏ္ဍာန ပညတ်ဝိညာဏ်ကဆွဲခြင်းသည် ပညတ်ဖြစ်၏။ သို့ဖြစ်၍သာလျှင် အတ္တဒိဋ္ဌိဝင်နိုင်ခြင်းဖြစ်၏။

အဘယ့်ကြောင့်ဟူမူ ပေါ့ပါးသော နာမ်ဖြစ်သည့် သညာဝိညာဏ်က တိုက်ရိုက် မဆက်သွယ်နိုင်၊ ရုပ်-ရုပ်ခြင်း ဂဏ်ရည်တူဖြစ်သော အဆင်းအား ဆက်နိုင်း၏။ ဆက်မိလိုက်သော်-သညာဝိညာဏ်ကဝင်၍ လှည့်ပတ်တော့၏။ ဤသဘောအမူအရာကိုမသိမမြင်သော အန္ဓပုထုဇဉ်တို့တွင် အမည်သည် ပန်းကန်၌ရှိ၏ဟု စွဲယူတော့သည်ဖြစ်၏။

**သတိ၊ ။အမှန်သော်- မိမိကချမှတ်သော ပညတ်သာဖြစ်၏၊ အဆင်းကား အဆင်းပင်ဖြစ်၏၊ မိမိမွေးထားသော ကွဲ့က မိမိကိုပြန်၍ခတ်နေခြင်းဖြစ်၏၊**

သို့ဖြစ်၍ ထိုအဆင်းနှင့်အကြည် ဆက်စပ်မှုတွင်-

(၁) **အန္ဓပုထုဇဉ်** = သည် အဆင်းကိုမြင်လိုက်လျှင်ပင် တခါတည်း သဏ္ဍာနပညတ် မှတဆင့် နာမပညတ်ကို ဆွဲကိုင်တော့၏၊

(၂) ကလျာဏပုထုဇဉ် = သည် အဆင်းကိုမြင်လိုက်သော် သဘာဝ အနေအားဖြင့် ဆက်၏။ သို့သော် ဘာမျှပြောမပြနိုင်သော "ပေါ်သဘောမျှသာ" ဟု ဆိုရန် ရှိပေရာ-

အချုပ်ဆိုသော် အဆင်းနှင့် အကြည်တို့ဆက်ရာ၌ အကြည်တွင် သညာဝိညာဏ်မဝင် စေမူဘဲ မြင်သော်- ၎င်းအဆင်းကို ပြောနိုင်သည်ကား-

"ပစ္စုပ္ပန် ဆတ်ဆတ်ရှေ့ရှုထင်သောပေါ်သဘော"ဟုသာဖြစ်၏။ ၎င်းသည် "ပရမတ် ရုပ်"ဖြစ်၏ (အာရုံလည်းဖြစ်၏)။

ဤပစ္စုပ္ပန်ဆတ်ဆတ် ရှေ့ရှုထင်သော ပေါ်သဘောကို ဆွဲကိုင်သည့်သဘောကား- "ပရမတ်နာမ်"မည်၏။ (အာရမ္မဏိကလည်းဖြစ်၏)


**(ပညာသိက္ခာ-ဒိဋ္ဌိဝိသုဒ္ဓိအပိုင်း ဥတုပထဝီချေခန်း ဤတွင်ပြီး၏။**

---

**ပညာသိက္ခာ ကင်္ခါဝိတရဏဝိသုဒ္ဓိ အာဟာရ ၃၆-ချေခန်း ၇-၈-၆၇**

အထက် ၁၅-ရက်ဟောစဉ်ဖြင့် အကြောင်းတရား ၄-ပါး ပြဋ္ဌာန်းသော ဓာတ် ၄-ပါး တွင် ဥတုပထဝီ ၃၆-ကို နာမရူပ ပရိစ္ဆေဒဉာဏ်ဖြင့် ချေပြီး၍ မိမိသည် ရုပ်မျက်လုံးတလုံးပေါက် ပြီးသဖြင့် သာသနာတော်တွင် သက်သာရာရပြီးဖြစ်၏။

[ပုံစံအမှတ် ၈]



**ဟေတု နှင့် ပစ္စယ အကြောင်း ပေါ်ထွက်ပုံ**

ဤကဲ့သို့ရုပ်မျက်လုံးတလုံး ပေါက်ပြီးနောက် နာမ် မျက်လုံးတလုံး ပေါက်ရောက်ရန်အတွက် နာမ်တရား လောကရှာနိုင်ရန် အာဟာရအကြောင်း ၄-ပါးကိုပထမ ရှာရမည်ဟူသည့်အတိုင်းအကြောင်းတရားကို သိမ်းဆည်း သောပညာဖြစ်သည့်ပစ္စယ ပရိဂ္ဂဟဉာဏ်ကိုစ၍ ဟောကြား ဆုံးမတော်မူခြင်းဖြစ်၏။

ညာဟပရိညာ က ပျာဏာဘုမ္မိဖြစ်သည်နှင့်အညီ-

(၁) ဣဿရနိမ္မာနဒိဋ္ဌိ = ရုပ်နာမ်၏ အကြောင်း တရားကို မသိမမြင်သည်၏ အဖြစ်ကြောင့်သဘာဝသည် တံခိုးရှင်တို့၏ဖန်ဆင်းမှုသာဖြစ်သည်ဟုစွဲယူခြင်း၊ (အဘိ ညာဉ်တံခိုးသည်ဤ၌အကျုံးမဝင်သည်ကိုသတိ ပြုပါရန်)

(၂) အဟေတုကဒိဋ္ဌိ နတ္ထိကဒိဋ္ဌိ အကိရိယဒိဋ္ဌိ အစရှိသော နိယတ မိစ္ဆာဒိဋ္ဌိကြီးတို့သည်၎င်း

(၃) ဝိသမပဟေတုကဒိဋ္ဌိ= တည်းဟူသောသို့လော-သို့သော ယုံမှားခြင်းကိစ္စ အဝဝတို့ကို သုတ်သင်ရှင်းလင်း၍-

**ပရမတ်ယုံမှားခြင်း ၈-ပါး ဖြစ်သော**

(၁) ဘုရားရှင်ကိုယ်တော်မြတ်၌ ယုံမှားခြင်း
(၂) တရားတော်မြတ်၌ ယုံမှားခြင်း
(၃) သံဃာတော်မြတ်၌ ယုံမှားခြင်း
(၄) မိမိ၏အကျင့်သိက္ခာ၌ ယုံမှားခြင်း
(၅) သံသရာ့ရှေ့အစွန်း၌ ယုံမှားခြင်း
(၆) သံသရာ့နောက်အစွန်း၌ယုံမှားခြင်း
(၇) သံသရာ့ရှေ့နောက် အစွန်း ၂-ပါး၌ယုံမှားခြင်း
(၈) သစ္စာ ၄-ပါး၌ ယုံမှားခြင်း

တို့ကို ပယ်ဖျောက်စေနိုင်သည့် အလွန်အကျိုးကြီးသော ဉာဏ်ဖြစ်၏။

**ဥပမာသော် ဘုရား၌ယုံမှားသည်ဆိုရာဝယ်-**

(၁) ဘုန်းတော်ဘုရား
(၂) ဉာဏ်တော်ဘုရား
(၃) သဗ္ဗညုတဘုရား
(၄) ကံတော်ဘုရား
(၅) အသိဉာဏ်ဘုရား

**စသော** အနန္တဂုဏ်တော်ကြီးများကို ယုံမှားခြင်းမရှိ၊ အမှန်တကယ်ပင် ယုံကြည်သော သဒ္ဓါတရားဖြင့် ဆည်းကပ်ကိုးကွယ်ပါသည် ဆိုငြားအံ့-ဝေဘန်ရန်သည် ဖြစ်ခဲ့၏၊

အမှတ် ၁-၂-၃-၄-ဘုရားကို ကိုးကွယ်ပါသည်ဆိုသော် မိမိကိုယ်တိုင်က ဘုရားမဟုတ်သည့်အတိုင်း ထိုအန္ဓပုထုဇဉ်သည် သူတထူး၏ အရေး-အပြောဖြင့် မှန်းဆရော်ရမ်းမှု တို့သာ ဖြစ်၍ ဘုရားစစ်ကိုပူဇော်ဆည်းကပ် ကြည်ညိုသည်မမည်၊

တဖန် အမှတ် ၅-ကို ကိုးကွယ်သည်ဆိုအံ့၊ ထိုပုဂ္ဂိုလ်၏ အသိဉာဏ်ပညာသည် သညာဝိညာဏ် အမှတ်သာဖြစ်သဖြင့် သညာဝိညာဏ်လှည့်ပတ်တိုင်း ယုံကြည်ရသည် ဖြစ်၍- ဘုရားအမျိုးမျိုး ပြားမည် ဖြစ်သောကြောင့်လည်း ဘုရားစစ်ကို ဖူးတွေ့ရသည် မမည်၊

သို့ဖြစ်၍ သံသရာနှင့်အမျှ ယုံမှားခြင်း အနန္တဖြင့် ကိုးကွယ်ဆည်းကပ် လာရသော ဘေးဆိုးကြီးမှ လွတ်ကင်းပြီးလျှင် ဘုရားစစ်-တရားစစ်-သံဃာစစ်မှအစ သစ္စာ ၄-ပါး တရားမြတ်တို့ကို ကလျာဏပုဂ္ဂိုလ်၏ အသိဉာဏ်ပညာဖြင့် ကြည်ညိုကိုးကွယ်နိုင်ရန်သည် အရေး အကြီးဆုံးသော ကိစ္စဖြစ်သည့်အတိုင်း မဖြစ်မနေ အရအမိ ကြိုးစားကြရမည် ဖြစ်ပေသည်၊

**အာဟာရအကြောင်း ၄-ပါးမှ နာမ်တရားလောကရှာပုံအကျဉ်း**

(၁) ကဗဠီကာရာဟာရ = စက္ခုအကြည်ရိပ်သည် ခန္ဓာကိုယ်ကြီးအား စောင့်ရှောက်ထောက်ပံ့သည့် စားသောက်ဝါးမျိုသော အာဟာရ ဖြစ်၏။ ပရိပါစက မီးဓာတ်ဖြင့် ချက်သော် ၅-ဘို့ တဘို့သည် ဩဇာ အာဟာရဖြစ်ပြီးလျှင် သွေး-လေ-သလိပ်-သည်းခြေမှ တဆင့် အကြည်ဓာတ် ၆-ပါးတို့ကို ထောက်ပံ့ခြင်းဖြစ်၏။ ၎င်းသည် ရောတည်-ခံစားမှုဝေဒနာ ဖြစ်သည့်အတိုင်း ပရိပါစက မီးဓာတ် ကိန်း၍ (အဖြစ်သဘော) အာဟာရ အကြောင်း တပါးဖြစ်၏။
(အပျက်သဘောဖြင့် ဒဟ မီးဓာတ်ကို ရှုပါရန်)

(၂) ဖဿာ ဟာရ = ရူပါရုံ အဆင်းရိပ် သည် အ ထက် ဖော်ပြပါ စက္ခု အကြည်ရိပ်သည် အကြောင်းမဲ့ရှိနေသည် မဟုတ်ပေရာ ၎င်းသည် ပရိပါစက မီးဓာတ် ဖြစ်သည့်အတိုင်း ဥသမမီးဓာတ်ကိန်းသည့် အဆင်းရိပ်ကို ရှာ၍ ပေါင်းရန် ဖြစ်၏။ သို့ပေါင်းဆုံလိုက်သော်- သန္တပ္ပနမှ တဆင့် ဒဟမီးဓာတ် ရောက်ပြီး ပျက်ရန်လည်းဖြစ်၏။၎င်းသည် (ဖဿ ၆လုံး) ဖြစ်၍ ဥသမ မီးဓာတ် ကိန်း၏။
(အပျက်သဘောဖြင့် သန္တပ္ပနမီးဓာတ်ကို ရှုပါရန်)

(၃) စေတနာ ဟာရ = စက္ခုဝိညာဏ်-အမြင်ရိပ် အဆင်းနှင့် အကြည် ရိပ် တို့ ပေါင်း၍ ပေါ်သောစေတနာအာဟာရဖြစ်၏။ ၎င်းသည် (စေတနာ ၆-လုံး) (တနည်း) သညာ ၆-လုံး ဖြစ်၍ (အဖြစ်သဘော သန္တပ္ပန မီးဓာတ်ကိန်း၏)။

(အပျက်သဘောဖြင့် ဥသမ မီးဓာတ်ကို ရှုပါရန်)

(၄) ဝိညာဏာ ဟာရ = မနောဝိညာဏ်အသိရိပ် ၎င်းသည် သိမှုကြီးဖြစ်၏။ဝိညာဏ်ကြီးကို ကောက်ရန်ဖြစ်၏။ (အဖြစ်သဘော ဒဟ မီးဓာတ် ကိန်း၏)။

(အပျက်သဘောဖြင့် ပရိပါစကမီးဓာတ်ကို ရှုပါရန်)

သတိ။ ။ဤအာဟာရအကြောင်း ၄-ပါးတို့၏ သဘာဝအတိုင်း ကိစ္စကို ဆောင်ရွက်သည့် သဘောကို ကာမဓာတ်ဟု ဆိုရ၏။

သို့ဖြစ်၍ နာမ်တရားလောကကို ဤအာဟာရအကြောင်း ၄-ချက်မှ ရှာဘွေရန်ဖြစ်ရာ—

(၁) စက္ခုအကြည်ရိပ်မှ - ပရိပါစက မီးဓာတ်သည်၎င်း
(၂) ရူပါရုံအဆင်းရိပ်မှ - ဥသမမီးဓာတ်သည်၎င်း

(၃) စက္ခုဝိညာဏ်အမြင်ရိပ်မှ - သန္တပ္ပနမီးဓာတ်သည်ငင်း
(၄) မနောဝိညာဏ်အသိရိပ်မှ - ဒဟမီးဓာတ်သည်ငင်း
ကိန်းပုံသဘောကိုမှီး၍ နာမ်တရားလောကကို တွေ့နိုင်ရမည်ဖြစ်ပေသည်။

၎င်းတွင်အကြည်ရိပ်၌ပရိပါစက မီးဓာတ်(တနည်း) ကံအကြောင်းကိန်းလျက်ရှိကြောင်းသိပြီးဖြစ်၏။

ဥပမာအားဖြင့် မျက်စိရောဂါကို ဥတုသဘောကနည်းဖြစ်သောအတွင်းအပြင်ဆေးဝါးနှင့် ခွဲစိပ်ကုသနည်းမျှဖြင့် မတင်းတိမ်မရောင့်ရဲမူ၍ထိုမျက်စိအကြည်၌ကိန်းသော ပရိပါစက မီးဓာတ် (တနည်း)ကံအကြောင်းကို အားရှိစေသည့် ကုသိုလ်ကောင်းမှုတို့ဖြင့်လည်း ကုစားသင့်လှပါသည်။ အဘယ့်ကြောင့်ဟူမူ ထိုကုသိုလ်တရားသည်လည်း ကံအကြောင်း(တနည်း)ပရိပါစက မီးဓာတ်ပင်ဖြစ်သောကြောင့်ပေတည်း။

ရုပ်တရား နာမ်တရား ဝိပဿနာတရားကိုအားထုတ်သော အကြင်ပုဂ္ဂိုလ်သည် ပထမအားဖြင့် ရုပ်တရားကိုနာမရူပပရိစ္ဆေဒဉာဏ်ဖြင့်ရှာရာ၏။ ကြွင်းကျန်သောနာမ်တရားကို ယခု ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့်ရှာရာ၏၊ သို့မှသာလျှင်-ရုပ်မျက်လုံးတလုံး နာမ်မျက်လုံး တလုံး ပေါက်ရောက်ပြီးရှေ့တက်စဉ်ကြီးများကို သန့်သန့်ရှင်းရှင်းကြီး ချီတက်နိုင်မည်ဖြစ်၏။

**သတိ၊** ။ယခုကဏ္ဍအတွက် နာမရူပပရိစ္ဆေဒဉာဏ်ဖြင့်ကြိတ်ချေ၍ရပြီးသော ''ပစ္စုပ္ပန်ဆတ်ဆတ် ရှေ့ရှုထင်သော ပေါ်သသော''သည်အမှန်စင်စစ်သင်္ခတလောကတွင်ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ ဘယ်အနေအားဖြင့်ပင် ပေါ်ပေါ် ဒုက္ခသစ္စာသာ ဖြစ်ပေသည်။ ၎င်းကဲ့သို့ ဒုက္ခသစ္စာဖြစ်သော် သမုဒယသစ္စာလည်း ယှဉ်မည်ဖြစ်ရာ၍''ပေါ်သဘော''ကိုမလိုအပ်ပေ။ အမှန်အလိုရှိသည်ကား ဒုက္ခသစ္စာကင်းစင်သော အနတ္တဓာတ် အစစ်ဖြစ်၏။

မဟာသတိပဋ္ဌာန်တွင်မူ ဥတုကျေပြီး၍အာဟာရကိုတက်နေခြင်းဖြစ်၏။ထို့ကြောင့်အထက်ဖော်ပြပါ နာမရူပပရိစ္ဆေဒဉာဏ်၏အဆီဖြစ်သောထို''ပေါ်သဘော'' ဘာ့ကြောင့် ပေါ်နေရသနည်းဆိုသော်''နာမ်တရား''ကြောင့်ပေါ်ရခြင်းဖြစ်၍ယခုပစ္စယ ပရိဂ္ဂဟဉာဏ်ဖြင့် ဖမ်းရခြင်းဖြစ်ပေသည်။

အချုပ်ဆိုသော်- ရုပ်တရား၊နာမ်တရားကိုခွဲစိပ်ရှာဖွေရင်းပင် သဿတဒိဋ္ဌိ ဥစ္ဆေဒိဋ္ဌိ နှင့် အတ္တဒိဋ္ဌိတို့ရင်ဆိုင်ရပြီးနောက်ဆုံးပညာဖြင့်အနိစ္စဉာဏ်၌ နိစ္စသာရ၊ သုခသာရ၊ သုဘသာရ၊ အတ္တသာရကိုတွေ့ရပေသည်။ ၎င်းသည်ရုပ်တရား နာမ်တရား၏ ရေသောက်မြစ် အစစ်ဖြစ်ပြီး ၎င်းကိုဖြတ်နိုင်သော်အရိယာစခန်းသို့တက်နိုင်ပြီဖြစ်၏။

**သတိ။** ။တဖန်၎င်း''ပစ္စုပ္ပန်ဆတ်ဆတ်ပေါ်သဘော''ဆိုသည်မှာအကြည်ဓာတ် ၆-ပါး ရှိသော မီးဓာတ်ပင်ဖြစ်၏။ ၎င်းအကြည်ဓာတ်တို့၌ မီးဓာတ်ပေါ်နေခြင်းသည်ပင်လျှင် ''အာဟာရအကြောင်း''မည်၏။

ထို့ကြောင့်-၎င်းကဏ္ဍသစ်၏ ထိုထိုသောသဘာဝကို စိန္တာမယပညာဖြင့် မဘမ်းနိုင်သေးသောပုဂ္ဂိုလ်အား ကမ္မဋ္ဌာန်းပေးဆရာက အာနာပါန ကမ္မဋ္ဌာန်းကို အား ထုတ် စေပြီးအကျင့်

တရားဖြင့်ကုမခြင်းဖြစ်၏"အနှိပ်ဖျင်း၍အနင်းကုရခြင်းသဘောဖြစ်၍မည်သည့်နည်းအားဖြင့်အား" ထုတ်သည်ဖြစ်စေ ကမ္မာအလိုက်သညာဝိဉာဏ်ကင်းစင်သည်သာလိုရင်းဖြစ်ပေသည်။

အထက်ဟောစဉ်တွင် ကဗဋီကာရာဟာရ ဖြစ်သော ကျွေးအကြည်ရိပ်တွင် ပရိပါစက မီး ဓာတ်ကိန်းကြောင်းနာကြားပြီးဖြစ်၏။ ထိုနည်းတူစွာပင် နား- နှာ-လျှာ-ကိုယ်နှင့်စိတ်တို့၌ လည်း ဤပရိပါစကမီးဓာတ်ပင်ကိန်း၏။

သို့ဖြစ်၍ ဤအကြည်ရိပ် ၆-ပါးတို့သည် ဆိုင်ရာဆိုင်ရာအာရုံတို့ကိုအစဉ်မပြတ် အသာ ငမ်းငမ်းရှာဘွေပေါင်းဆုံလေ့ရှိပုံသဘောကို ဉာဏ်မိစေသင့်ပါသည်။ ၎င်းသည်ဖဿ၆ ပါးဖြစ်၍ ဥသမမီးဓာတ်ကိန်း၏ ထိုအကြည်ဓာတ် ၆-ပါးဖြစ်သော ကဗဋီကာရာဟာရနှင့်ဖဿ ၆ပါးဖြစ် သော ဖဿအာဟာရ ၂ ပါးတို့သည်ရုပ်ပြဋ္ဌာန်း၏။

ဤ ၂-ပါး၏ပေါင်းဆုံမှုသည် စေတနာအာဟာရဖြစ်၍ ဤကဗဋီကာရ ဖဿအာဟာရ နှင့် စေတနာအာဟာရ ၃-ပါးတို့၏ ညီညွတ်ပေါင်းဆုံမှုသည် ဝိညာဏအာဟာရဖြစ်ရာ ဤစေ တနာအာဟာရနှင့် ဝိညာဏအာဟာရ ၂-ပါးသည်ကား နာမ်ပြဋ္ဌာန်း၏။

(ရှေ့တွင်ထင်ရှားမည်ဖြစ်၏။)

(၁-၁-၆၇)

ယခု ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့် နာမ်တရားလောကကို ရှာမည့်အကြောင်းသည် နာမ်တရား ဖြင့်စွဲယူထားလေ့ရှိသော အစွဲတရားဒိဋ္ဌိကြီးတို့ကို သောတာပတ္တိ မဂ်ဉာဏ်၏အကျိုး၄ာ ယခုမှ အစပြု၍ ဣဿရနိမ္မာနဒိဋ္ဌိကို ဦးစိုက်၍နှိမ်နင်းရန်ဖြစ်ပေသည်။

သံသရာဘဝအစမှစ၍ (၁) ဒိဋ္ဌိသံယောဇဉ်
(၂) သီလဗ္ဗတပရာမာသသံယောဇဉ်
(၃) ဝိစိကိစ္ဆာသံယောဇဉ်

တို့ဖြင့် ရစ်ပတ်ဖွဲ့နှောင်ပြီးလျှင် ဝဋ်ဒုက္ခမှ မကျွတ်လွတ်နိုင်ရှိခဲ့ရပေရာ သောတာပတ္တိမဂ်ဉာဏ် ဆိုက်ရောက်မှသာ ဤသံယောဇဉ်၃-ပါးမှ လွတ်ကင်းမည်ဖြစ်သဖြင့် ဤ ၃-ပါး၏ ရေသောက် မြစ်ဖြစ်သော-

(၁) ဣဿရနိမ္မာနဒိဋ္ဌိ
(၂) အဟေတုကဒိဋ္ဌိ
(၃) နတ္ထိကဒိဋ္ဌိ
(၄) အကိရိယဒိဋ္ဌိ
(၅) ဝိသမဟေတုကဒိဋ္ဌိ

ကြီးတို့ကိုပထမကင်းစင်စေမည့် ဤပစ္စယပရိဂ္ဂဟဉာဏ်ကို ဖွင့်တော်မူခြင်းဖြစ်၏။ (တ နည်း)ရှင် တော်မြတ်ပွင့်တော်မမူမီကပင် ကြီတင်၍ ပေါ်ပေါက်လျက်ရှိသော တိတ္ထိ ၆၀၀၀၀ တို့၏ ဝါဒ အယူဖြစ်သော ဤဒိဋ္ဌိအစွဲအယူတို့ကို သုတ်သင်ရှင်းလင်းရန်လည်းဖြစ်ပေသည်။

**နိယတမိစ္ဆာဒိဋ္ဌိသဘော**

၎င်းသည် ကျွတ်လွတ်ခြင်း၄ာ ခဲယဉ်းလှသော မှားသည့်အယူအစွဲကြီးဖြစ်၏။ကမ္ဘာပျက် သည့်တိုင် မပျက်သောကမ္ဘာသို့ ပြောင်း၍ခံရသော အပြစ်ကြီးဖြစ်ပေသည်။

(၁) **အဟေတုကဒိဋ္ဌိ** = အကြောင်းတရားမရှိဟု စွဲယူခြင်း(တနည်း)ကုသိုလ်အကုသိုလ်မှုတို့သည် အကြောင်းတရားမဟုတ်ဟု ပစ်ပယ်ခြင်းဖြစ်၏။ သို့ဖြစ်၍ ဤဒိဋ္ဌိရှိသော ပုဂ္ဂိုလ်သည် ကုသိုလ်တရားတို့ကိုပြုမည်မဟုတ်သည့်နည်းတူ အကုသိုလ်တရားတို့ကိုလည်း ရဲရဲဝံ့ဝံ့ပင်ပြုလုပ်မည်ဖြစ်ပေရာ အကြောင်းတရားကို သညာဝိညာဏ်ဖြင့်မဟုတ် ပညာဖြင့် ယုံကြည်လက်ခံသည်ဖြစ်သော ဤဉာဏ်ကပယ်သတ်မည်ဖြစ်၏။ ထို့ကြောင့် သေခါနီးကာလ ကမ္ဘာတသိန်းမှ ပြုလုပ်ခဲ့သော ကောင်းမှုကုသိုလ်ကံတရားတို့ကို ဤပညာဖြင့် ဆွဲကိုင်နိုင်မည်လည်းဖြစ်၍ အားထားနိုင်လောက်သော သဘာဝဖြစ်ပေသည်။

(၂) **နတ္ထိကဒိဋ္ဌိ** = အကျိုးတရားကို ပစ်ပယ်ခြင်းဖြစ်၏၊ ၎င်းသည် ကောင်းသောအကျိုးတရားကို မယုံကြည်သဖြင့် ကောင်းသော အကြောင်းတရားကို မပြုလုပ်သည့်နည်းတူ မကောင်းသောအကျိုးတရားကိုလည်း မယုံကြည်သဖြင့် မကောင်းမှုတို့ကို ရဲဝံ့စွာပင်ပြုလုပ်နိုင်သည့်အစွဲအယူဖြစ်၏။

(၃) **အကိရိယဒိဋ္ဌိ** = အကြောင်းနှင့်အတူအကျိုးတရားများကိုပစ်ပယ်၍ပြုလုပ်ဝံ့သည်ဖြစ်သဖြင့် မည်သည့်သံဝေဂမှုတို့၌မဟူ လုပ်မိလုပ်ရာ စိတ်အထင်ရှိတိုင်း ပြုလုပ်နိုင်သော အစွဲအယူဖြစ်၏။ အကြောင်းရောအကျိုးတရားကိုပါ ပစ်ပယ်ခြင်းပေတည်း။

**သတိ။** ။ဤကလာပ၏ ပစ္စယ ပရိဂ္ဂဟဉာဏ်ဖြင့် ရုပ်တရား-နာမ်တရား၏ အကြောင်းကိုမြင်သော် ဤဖော်ပါပြ နိယတမိစ္ဆာဒိဋ္ဌိကြီးတို့ပြုတ်၍ မိမိသည်ဘယ်သောအခါမျှမိစ္ဆာဒိဋ္ဌိတို့၏ နောက်လိုက်တပည့်မဖြစ်တော့ပြီဖြစ်ပေသည်။

**ဝိသမဟေတုကသဘော**

မလုံလောက်သော (တနည်း) ချို့တဲ့သောအကြောင်းကို စွဲယူယုံကြည်ခြင်း (တနည်း) သညာဝိညာဏ်ဖြင့် အတိတ်အနာဂါတ်ခပ်ပြီး ပစ္စုပ္ပန်ကို ယူတတ်သလိုအမျိုးမျိုးယူခြင်းဖြစ်၏။

ဥပမာအားဖြင့် အချို့သော ဗုဒ္ဓဘာသာဝင်တို့၏ ဘုရားကိုးကွယ် ဆည်းကပ်မှု သဘာဝတခုကိုပင် စီစစ်ဝေဖန်သော်-

ကျောက်ဆင်းတု-ကြေးဆင်းတု-ဘုရားရုပ်ပွားတော်- စေတီတော်တို့သည်ကား အတုသာဖြစ်၏။ ဘုရားစစ်သည် သဗ္ဗညုတ ဉာဏ်တော်-ဂုဏ်တော်သာ ဖြစ်၍ ၎င်းကိုသာ ကိုးကွယ်ဆည်းကပ်သည် ဆိုအံ့။ သူတထူး၏ ရေးသားဟောပြောချက်တို့ကို သညာဝိညာဏ်ဖြင့် ရော်ရမ်းထောက်ဆ၍ ယုံကြည်သည်ဖြစ်သောကြောင့် ဤဒိဋ္ဌိ၌ကျ၏။

တဖန် ဤကဲ့သို့သော ယုံကြည်မှုသည် ဒိဋ္ဌိမှမလွတ်ခြင်းကြောင့် အိမ်ရှိ ရုပ်ပွားတော်နှင့် တကွ ဘုရားစင်ကိုပါ ပစ်ပယ်၍ မကိုးကွယ် မယုံကြည်ပြန်သော်ဤဒိဋ္ဌိ၌ပင်ကျပြန်ပေရာ ထိုအန္ဓ ပုထုဇဉ်အဘို့ အဘယ်ကဲ့သို့ ဘုရားစစ်ကို တွေ့အောင်ရှာနိုင် ပါမည်နည်း?

ဉာဏ်တော်ဘုရား- ဂုဏ်တော်ဘုရား အစရှိသော ဘုရားစစ်ဘုရားမှန်ကို ဖူးတွေ့ ကြည်ညို နိုင်ရန်သည် ပညာ၏ အရသာဖြစ်၍သစ္စာ ၄-ပါးတရားကို မြင်သိပြီးသော သောတာပန်အရိယာ မြတ်တို့ဖြင့်သာ ထိုက်တန်သော ကိစ္စကြီးဖြစ်ကြောင်း သတိမူသင့်ပါသည်။

စစ်စစ်သော်ကား ဉာဏ်တော်ဘုရားသည် မှန်၏။ အနန္တဂုဏ်တော်ဘုရားသည် မှန်၏။ သို့သော် အန္ဓ၏ ဝိစိကိစ္ဆာ (တနည်း)သညာဝိညာဏ်ဖြင့် ဆွဲယူခြင်း ဖြစ်ရကား- ယုံမှားခြင်း မကင်းစင်သောဘုရားဖြစ်၍ ဘုရားစစ်ကို ဖူးတွေ့ရသည် မမည်ပေ။

ဤကဲ့သို့ ရနိုင်ရာ ဆွဲယူလေ့ရှိသော ဝိသမဟေတုက ဒိဋ္ဌိကြီးကိုသိမ်းပိုက်မိသော အကြင် ပုဂ္ဂိုလ်သည်-

(၁) ဝါစာ ဝိက္ခေပ ဒိဋ္ဌိ = အတိတ်အနာဂါတ်ကို သညာဝိညာဏ်ဖြင့်ဆွဲ၍မျိုးစပါး ကြဲဘိသကဲ့သို့ ဖရိုဖရဲ ကိုင်မိကိုင်ရာ ဆွဲမိဆွဲရာ သဘာဝ ဟူက မြှုမျှမပါရှိသော ပြောဆိုခြင်းဖြစ်၏၊ ၎င်းသည် ဝိသမဟေတုက ဒိဋ္ဌိကြီး၏ လက်ျာရံဖြစ်၍ သဿတ ဒိဋ္ဌိ လည်း မည်၏။

(၂) အမရာ ဝိက္ခေပ ဒိဋ္ဌိ = သညာဝိညာဏ် ဦးစီးထားသည့် အတိုင်း တခုသော သဘာဝကို ဥက္ကောင်းမချနိုင်မှုဘဲအခြားသောသဘာဝ တခုသို့ ခုန်ကျော်၍ ပြောဆိုခြင်းဖြစ်၏။ ၎င်းသည် ဝိသမ ဟေတုက ဒိဋ္ဌိကြီး၏ လက်ဝဲရံဖြစ်၍ ဥစ္ဆေဒဒိဋ္ဌိ လည်း မည်ပေသည်။

**သတိ။** ။သို့ဖြစ်၍ ဤသဘာဝကို ထောက်ဆခါ သာသနာ့ ဝန်ကို ထမ်းဆောင်လျက် ရှိနေကြ သော ရှင်လူရဟန်းပုဂ္ဂိုလ်တို့သည် ပရိယတ်စာပေ သန့်သန့်ဖြင့်သော်၎င်း ရော်ရမ်း မှန်းဆ၍ဟောခြင်း၊ ပြောခြင်း၊ ဆွေးနွေးခြင်း၊ ရေးသားခြင်း တို့သည် စင်စစ်သညာ ဝိညာဏ်ဖြင့်ပြော၍ ကြားနာရသူတို့တွင် သညာဝိညာဏ် ပွရွရုံသာ ဖြစ်သဖြင့် ဝိသမ ဟေတုက ဒိဋ္ဌိ-ဝါစာဝိက္ခေပဒိဋ္ဌိနှင့် အမရာဝိက္ခေပဒိဋ္ဌိ ၃-ပါးစလုံး၌ ကျ၏။

ဤဆိုဆုံးမချက်ကား ပြင်းထန်သည်အမှန်ဖြစ်၏ သို့သော် မိမိ၏ သညာဝိညာဉ်သဘောကို မိမိကိုယ်တိုင် သိမြင်သောအခါတွင် ဝန်ခံနိုင်မည့် သဘာဝဖြစ်၍ အမိဘမ်းရန်ကြိုးစား အပ်လှ ပါသည်။

အာဟာရအကြောင်းတရားကို ပြန်၍ကောက်သော် ယမန်နေ့ဟောစဉ်ဖြင့် အကြည်ဓာတ် ၆-ပါး၊ ဖဿ ၆-လုံး၊ သညာ ၆ ပါး၊ ဝိညာဏ် ၆-ပါးတို့၏ ကိစ္စအမှုအယာကို နာကြားပြီးခဲ့ပေ ရာ-

ဥပမာ = မိမိ၏ခန္ဓာကိုယ်ကို ဝေဖန်သော်- နာမရူပပရိစ္ဆေဒဉာဏ်၏ အဆီဖြစ်သော "ပေါ်သဘော"သဘာဝသည် အခြားမဟုတ်ပေ မိမိ၏ခန္ဓာအကျိုးရုပ်ပင်ဖြစ်သဖြင့် သွားခြင်း

လာခြင်း အစရှိသော အရိယာ ပထလုပ်ငန်းစု တို့ကို မိမိပြုလုပ်နိုင်သည်ဟုယူ၍၊အမှန်သော်ကား နာမ်အကြောင်း တရား၏ ဆွဲဆောင်မှုသာဖြစ်ကြောင်း သိမြင်အပ်၏။

သို့ဖြစ်၍ နာမ်သည် အကြောင်းတရား၊ ရုပ်သည်အကျိုးတရားဖြစ်သဖြင့် နာမ်ကို လိုသော် ရုပ်မှရှာ၍ ရုပ်ကိုလိုသော် နာမ်၌ရှာရခြင်းဖြစ်သည်ကိုလည်းဉာဏ်မိစေသင့်၏။

**အထူးသတိ။** ။"ပေါ်သဘော''ဆိုသည်မှာ စင်စစ် အာဟာရ အကြောင်းဖြင့် သော်-ကဗဠီကာရာဟာရနှင့် ဖဿအာဟာရ ၂-ပါးတို့၏ ပေါင်းဆုံမှုပင်ဖြစ်၍ ရုပ်တရားပြဋ္ဌာန်း၏ သိမြင်လွယ်ရန်ပြောသော် နာမရူပ ပရိစ္ဆေဒဉာဏ်၏ လက္ခဏာနှင့်ရသ တို့၏အဆီပင်ဖြစ်၏၊ ၎င်း ၂-ပါးသည် ခန္ဓာတွင်အရေးကြီးသော သဘာဝ တို့ဖြစ်၏။

(ဤသည်ကား-အခွံကိုခွာခြင်းပင်တည်း)

အများပင် အသိအမှတ်ပြုလေ့ရှိသော နာမ်တရားသည် **အာရုံများအပေါ်တွင် သိသော** သဘောကို နာမ်ဟုသာသိ၏။ ၎င်းသည် နာမ်ပင်ဖြစ်သော်လည်း ပညတ်တရားတို့ကိုသိသည်ဖြစ် ၍ ပညာဟူကမ္မြုမှုမပါရှိပေ၊ သို့ဖြစ်၍ ဤကဏ္ဍတွင် ၎င်းသဘောကိုမလိုအ**ပ်** အလိုရှိသည်**ကား** သညာ ဝိညာဏ်ကင်းစင်သော ပရမတ်သဘာဝနာမ်သာဖြစ်သဖြင့် ထက်မျက်နက်နဲ **သောတိ(ဥ)၊** ဂမ္ဘီရဉာဏ်ကိုလက်ကိုင်ပြုရမည်ဖြစ်၏။

**သတိ။** ။**ဝိသမဟေတုကဒိဋ္ဌိတနည်းစစ်တမ်း**

အထက်တွင် ဘုရားရှင်၏ ဂုဏ်တော်နှင့် ပတ်သက်သော စစ်တမ်းကို **နာကြားပြီး** ခဲ့၏၊ တဖန်တရားဂုဏ်တော်အားစီစစ်ပြန်သော် အန္ဓပုထုဇဉ်တို့အဘို့ထိုနည်း တူပင် ဖြစ်ပေသည်။ အဘယ်ကြောင့်ဟူမူ ၈၄၀၀၀ သော ဓမ္မက္ခန္ဓာကို ဆောင်ပါ၏၊ မပြတ်လည်း ရွတ်ဘတ်သရဇ္ဈာယ်လျက်ရှိပါ၏ ဟုအဆိုရှိသော် အမေးပြုရန်သည် **ဖြစ်ခဲ့၏။** ထိုပိဋကတ်ဆောင်သောရှင်လူရဟန်းအားအဘယ်သို့သောနည်းဖြင့်ဆောင်ပါသနည်း၊

ရှင်တော်မြတ်၏ အလိုတော်အတိုင်း-

(၁) ယထာဘူတအသိ

(၂) အနုဗောဓအသိ

(၃) ပဋိဝေဓအသိ

တည်းဟူသော ကလျာဏပုထုဇဉ်၏အသိ၊ စူဠသောတာပန်၏အသိ၊အရိယာအရှင်မြတ်တို့၏အသိ အမျိုးမျိုးတွင် အသိတမျိုးမျိုးဖြင့်သိမ်းဆည်း၍ အပိုင်သိပါမှ(တနည်း)ဒိဋ္ဌသရဏဂုဏ်တည်ပါမှ လျှင်ဓမ္မအမွေခံဖြစ်သော သားတော်စစ် သမီးတော်စစ်ဖြစ်နိုင်မည်ကိုသတိပြုအပ်ပါသည်။ဤသို့မှ မဟုတ်ပါမူကား-အဘယ်ကဲ့သို့သော ပုဂ္ဂိုလ်ပင်ဖြစ်စေ စင်စစ်ဝိသမဟေတုကဒိဋ္ဌိအမူးပြုသော **ဝါ**ဓာဝိကပ္ပေဒိဋ္ဌိနှင့် အမရာဝိကပ္ပေဒိဋ္ဌိတို့၌ သာကျသည်ဖြစ်၏။ သညာဝိညာဏ်ဖြင့်သာလျှင်ဆွဲမိဆွဲရာဆွဲကိုင်ယုံကြည်စွဲယူသောကြောင့်ပင်ဖြစ်၏။ဓမ္မက္ခန္ဓာအပေါင်း၏သဘာဝဂုဏ်တော်အပေါင်း ကြီးကျယ်မြင့်မြတ်ပုံကား-အတိုင်းအရှည်မရှိဖြစ်သည်ကိုလည်း ယုံကြည်အပ်သည်အမှန် ဖြစ်၏။ ဒိဋ္ဌသရဏဂုဏ်တည်သောအခါ၌မိမိကိုယ်တိုင် ဝန်ခံနိုင်မည်ဖြစ်ပေ သည်။

သို့ဖြစ်၍ ဤသာသနာတွင် ဤဆရာမြတ်ဖြင့် ဤဒိဋ္ဌိအယုတ်တရားတို့ကို အနိမ့်ဆုံးအားဖြင့် ယထာဘူတ ပညာပိုင်း ကလျာဏအဆင့်ဖြင့် ပယ်သတ်နိုင်စေရန်နာမ်တရားလောကကို ယခု ရှာဖွေလျက်ရှိရာ၌-

(၁) မိမိ၏ ခန္ဓာကိုယ်တွင် နာမ်တရားပေါ်သောနေရာများမှာ အကြည်ဓာတ် ၆-ပါး ဖြစ်၍ အကြောင်းအားဖြင့် ကဗဠီကာရာဟာရအကြောင်း ၁-ချက် ဖြစ်ပုံကိုငင်း-

(၂) ထို့နောက်ငင်းအကြည်ဓာတ်တို့သည်အဆင်း-အသံ-အနံ့ အစရှိသော အာရုံသဘောဖြင့်ဆုံသောအခါ၌ ဖဿ ၆-ပါးဖြစ်သောဖဿအာဟာရသည်အကြောင်း ၁-ချက်ဖြစ်ပုံကိုငင်း-

**သတိ။** ။(ဤနေရာ၌ အဆင်းတည်းဟူသောအာရုံတို့ကို ယူရန်မသင့်၊ ဥတုကိုချေပြီးဖြစ်၍ ယခုပေါင်းသောသဘောအနေဖြင့် ဖဿကိုသာယူသင့်သည့် အပြင် နာမ်တရားကို ရုပ်တရားလောကမှရှာနေသည် ဖြစ်သောကြောင့်အကြည်ဓာတ်ကို မဏ္ဍိုင်ထား၍ ရှာနေသည်လည်းဖြစ်ကြောင်းသတိမူအပ်ပါသည်)။

(၃) ငင်းနောက် အကြည် ၆-ပါး၊ကဗဠီကာရာဟာရနှင့်ဖဿ ၆-ပါး၊ ဖဿအာဟာရတို့ပေါင်းဆုံသည်၏အဖြစ်ဖြင့်ဝိညာဏ်ကြီး၏ရှေ့ပြေးဖြစ်သော သညာ ၆-လုံး (တနည်း)စေတနာ နာမ်တရားသည်ပေါ်၏။ အကြောင်းအားဖြင့် စေတနာအာဟာရအကြောင်းတချက်ဖြစ်၏။

(၄) နောက်ဆုံးသော်- အကြည် ၆-ပါး ကဗဠီကာရာဟာရ ဖဿ၆-ပါး ဖဿအာဟာရနှင့် သညာ ၆-ပါး စေတနာအာဟာရ ၃-ပါးတို့ ပေါင်းဆုံညီညွတ် သော် အကြောင်းအားဖြင့် ဝိညာဏာဟာရ အကြောင်း ၁-ချက်ပေါ်ပြီးလျှင်မိမိခန္ဓာ၏ အာဟာရအကြောင်းတရား ၄-ချက်ပြည့်စုံတော့သည်ဖြစ်ပေသည်။

**အာဟာရအကြောင်းတရား ၄-ပါးမှ နာမ်ပေါ် ပုံသဘော၀**

(၁) အကြည်တွင် (ကဗဠီကာရာဟာရ) ပရိပါစက မီးဓာတ်ရှိ၏။
(၂) အဆင်း (ဖဿအာဟာရ)ဖြင့်ဆုံဆီးသော် ဥသမမီးဓာတ် ဖြစ်လာ၏။
(၃) အဆင်းနှင့် အကြည်တို့ပေါင်းဆုံခြင်းသည် (စေတနာဟာရ) သန္တပ္ပန မီးဓာတ်ပေါ်၏။
(၄) အထက် ၃-ပါးတို့၏ ပေါင်းဆုံညီညွတ်ခြင်းသည်(ဝိညာဏာဟာရ)ဒဟမီးဓာတ်ပေါက်၏။

**သတိ။** ။ထိုမီးဓာတ် ၄-ပါးတို့၏ တဖွားဖွား သန္တတိ ဆက်စပ်ပြီးလျှင် ခန္ဓာကိုယ်တွင် လှည့်ပတ်၍ တောက်နေခြင်းသဘောကို မြင်သည်, ကြားသည်, နံသည်, စားသည်, သွားသည်, လာသည် စသဖြင့် ပြောရခြင်း။ဖြစ်၏။

ထို့ပြင် ဤမီးဓာတ် ၄-ပါးတို့ ညီညွတ်မျှတစွာ တောက်ပြောင်နေခြင်းကိုပင်လျှင် ကျန်းမာသည် နေကောင်းသည်ဟု ပြောရ၍ ငင်းမီးဓာတ် ၄-ပါးတို့ မညီညွတ်သော် နေထိုင် မကောင်း


ဖြစ်ပြီး နောက်ဆုံး ၎င်းမီးခါတ်တို့ ချုပ်ငြိမ်းသည့် သဘောကို သေသည်၊ ဘဝတပါးပြောင်းသွား ကွယ်လွန်သည်ဟု ပြောကြရပုံသဘာဝကိုလည်း ပညာဖြင့်ရှုဆင်ခြင်အပ်ပါသည်။

မြင်ပြီးပျက်ရခြင်း- ကြားပြီးပျက်ရခြင်း- နံပြီးပျက်ရခြင်း- စားပြီးပျက်ရခြင်း- ထိတွေ့ပြီး ပျက်ရခြင်းနှင့် ကြံစည်ပြီး ပျက်ရခြင်း သဘောတို့သည်ကား- နောက်တကြိမ်ထပ်မံ၍ မြင်နိုင်ရန် ကြားနိုင်ရန် အစရှိသည်တို့အတွက် ဒဟမီးတောက်ရပုံ သဘာဝကိုလည်း ညဏ်အမြင် ရှင်းသင့်လှပါသည်။

ဤကဲ့သို့သော သဘာဝအမှုအရာသည်ပင် နာမ်တရားလောကဖြစ်၏။ သို့သော် အစစ်ကား မဟုတ်သေးပေ။ ပထမသိမ်းဆည်းနည်းမျှဖြစ်၍ အဆင့်ဆင့် ရှာဖွေပြီး နောက်ဆုံး နာမ်တရားလောကအစစ်ကို တွေ့ရပေမည်။ ထိုသောအခါ၌ ဘုရားစစ်-တရားစစ်-သံဃာစစ်ကိုဖူးတွေ့ရမည် ဖြစ်သဖြင့် ကလျာဏဘုမ္မိစခန်းသို့ တက်လှမ်းနိုင်မည် ဖြစ်ပေသည်။

**သတိ။** ။ဤပစ္စယ ပရိဂ္ဂဟဉာဏ်၏တာဝန်သည် ရုပ်တရား၏အကြောင်းနာမ်ကို သိမ်းဆည်းရန် ဖြစ်ပေရာ ၎င်းအာဟာရအကြောင်းတရား၏တာဝန်ပင်ဖြစ်ကြောင်း သိထားရာ၏။

(ပုံစံအမှတ် ၉)   ၉-၁-၆၇



**ပစ္စယပရိဂ္ဂဟဉာဏ်သိမ်းဆည်းပုံ**

**သတိ။** ။ယခု ပုံစံအမှတ် ၉-ကို ထုတ်ရခြင်းသည် နာမ်တရားလောက သန့်သန့်ကို အလိုရှိ၍ ဖြစ်၏။ ပုံစံအမှတ် ၈-တွင် အာဟာရကြောင်း ၄-ပါး၌ ရုပ်အကြောင်းဖြစ်သော ကဗဠီကာရာဟာရနှင့် ဖဿအာဟာရတို့ ပါဝင်နေ၍ ဖြစ်၏။

နာမ်တရားဟူသည်မှာ အိပ်နေသော သဘာဝ ဖြစ်၍ ရုပ်တရားနှင့် ပေါင်းဆုံရမှသာလျှင် အခ်တလောကတွင် တင့်တယ်ပေသည်။

သို့ဖြစ်၍ ဤပစ္စယပရိဂ္ဂဟဉာဏ် က-ကဗဠီကာရာဟာရနှင့် ဖဿအာဟာရ ရုပ်သဘောတို့ ပါဝင်နေခြင်းကြောင့် ၃၁-ဘုံ အထူးသဖြင့် ဗြဟ္မာ့ဘုံတို့က လက်ခံမည် မဟုတ်သည်ကိုသိ၍လည်း နာမ်အကြောင်းတရား သန့်သန့်ကို ထပ်၍ ရှာရခြင်း ဖြစ်ပေသည်။

ဤကဏ္ဍ၏ နာမ်အကြောင်း ၄-ချက် သည်ကား–

ဗြဟ္မာ့ဘုံမျှမက ၃၁-ဘုံကိုလည်းသိမ်း၏။ ပိဋကတ်ကိုလည်း သိမ်း၏။ ဥပမာအားဖြင့် ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကို မွှေနိုင်သော် ရမည့်အဆီအနှစ်သည်ကား စေတနာတလုံးသာ ရကြောင်း ဉာဏ်မိစေသင့်ပါသည်။

**တဖန် ပရမတ် တရား ၄-ပါးရှိရာတွင်-**

(၁) စိတ် ပရမတ် = သည်အဘိဓမ္မာဖြင့်သော် တခုယုတ်၉၀- အကျယ် ၁၂၀-

အရေအတွက်များသော်လည်း အားလုံး **ဝေဒနာကထွက်ရခြင်းသည်ငှင်း**-

(၂) စေတသိက်ပရမတ်= ၅၂-ပါးရှိသော်လည်း အားလုံး၏ရေသောက်မြစ်မှာ ဖဿဖြစ်သည်ကိုငှင်း-

(၃) ရုပ်ပရမတ် = ကဗဠီကာရာဟာရအကြောင်းဖြင့် သိမ်းပြီး ဖြစ်သည် ကိုငှင်း ကြံဆ၍ ၃၁-ဘုံ၏ သခ်တ သဘာဝတို့ကို ဤ နာမ် အကြောင်း လောကဖြင့် သိမ်းနိုင်ပုံကိုလည်း မြင်သင့်ပါသည်။

(၄) နိဗ္ဗာန် = သည်ကား-နိဗ္ဗာန်ပင်တည်း။

**သတိ။** ။တဖန်တုံ- စေတနာသည် ဝေဒနာနှင့်ဖဿတွင် မပါသည်ကား မဟုတ်၊ သို့သော် ငှင်း၏ ကိစ္စမဟုတ်သေး၍ မထင်ရှားခြင်း ဖြစ်၏။ ငှင်းသည် ပစ္စုပ္ပန်မှထွက်၍ ၃၁-ဘုံတွင် ''ဖြစ်သည်ဆိုသော်'' အနာဂါတ်အတွက် မျိုးချခြင်းလည်းဖြစ်၏။ **စေတနာ**၏ တာဝန်ပင်တည်း။

ကံသည်ကား- ဝေဒနာ- ဖဿ- စေတနာ ၃-ပါးတို့၏ ပေါင်းဆုံညီညွတ်သော သဘောဖြစ်၏။ အနာဂါတ်အတွက် ရေသောက်မြစ်ထပ်၍ ချခြင်းပင်ဖြစ်၏။

ငှင်း ၄-ပါးသည် ၃၁-ဘုံလောက၏ ပင်မရေသောက်မြစ်အစစ်ဖြစ်သည့်အတိုင်း တဘာဝတခန္ဓာ ချုပ်ငြိမ်းကြရသောအခါတွင် ဥတုဇရုပ်ကောင်ကြီးသည် သုဿန်၌မြေကြီး ဩဇာ ဖြစ်ခဲ့သော်လည်း ယခုနာမ်တရားလောကအကြောင်း ၄-ပါးသည်ကား ဤသို့မဟုတ်ပေ၊ အာသဝတရားမကုန်ခန်းလေသေးသမျှ တခုသောဘဝ၌ ပဋိသန္ဓေယူခြင်းသည် ထိုနာမ်တရားတို့၏အစွမ်းပင် ဖြစ်ပေသည်။

**လက်တွေ့နည်းဖြင့်ဆိုသော်**

ဝိသမဟေတုက ဒိဋ္ဌိသည် စင်စစ် သညာဝိညာဏ်ပင်ဖြစ်၍မလုံလောက်သော အကြောင်းကိုသာ ဆွဲကိုင်နိုင်သည်ကိုနာကြားပြီး၏။သို့ဖြစ်သော် နာမရူပပရိစ္ဆေဒဉာဏ်ဖြင့်သညာဝိညာဏ်၏ တပည့်ဖြစ်သော နာမပညတ်နှင့် သဏ္ဌာနပညတ် ၂-ပါးကိုသတ်ပြီးခဲ့၍ လုံလောက်ပြီမဟုတ်ပါလောဟု မေးရန်ရှိ၏။ ဤသို့ကားမဟုတ်သေးပြီဟုယုံကြည်ခဲ့သော ငှင်းနာမပညတ်နှင့် သဏ္ဌာနပညတ်တို့သည် ယခု ကလ္လာ၌ သညာဝိညာဏ်တွင် ကိန်းလျက်ရှိနေခြင်းကြောင့် ဝိသမဟေတုကဒိဋ္ဌိ၌ ကြရောက်နေခြင်း ဖြစ်ပေရာ-

**သတိ။** ။နိဗ္ဗာနဓာတ်မည်သည်အကြောင်းပြတ်၍ အကျိုးစငြိမ်းခြင်းသဘာဝဖြစ်သဖြင့်-

(၁) ရုပ်နှင့်နာမ်(တနည်း) သညာနှင့် ဝိညာဏ်ဆွဲကိုင်၍မရသောနိဗ္ဗာန်ကို ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့်ငှင်း-

(၂) အဝိဇ္ဇာနှင့်တဏှာ ချုပ်သောနိဗ္ဗာန်ကို ဥဒယဗ္ဗယဉာဏ်ဖြင့်ငှင်း-

(၃) ဥပါဒါနက္ခန္ဓာ ချုပ်သော နိဗ္ဗာန်ကို သောတာပတ္တိမဂ်ဖြင့်ငှင်း အဆင့်ဆင့် ၃-ကြိမ် ၃-ခါ သိမြင်ပြီးမှသာလျှင် လုံလောက်တိကြသော အကြောင်းကို ဆွဲကိုင် နိုင်တော့သည်ဖြစ်၏။

**နာမ်အစကြောင်းတရား ၄-ပါးသဘာဝ**

(၁) **ဝေဒနာ** = ၎င်းသဘာဝသည် သညာဝိညာဏ်ရိပ်မကင်းသော ဝေဒနာနှင့်သညာဝိညာဏ်ရိပ်ကင်းသော ဝေဒနာဟု ၂-ပါးပြား၏။ (က) သညာဝိညာဏ်ရိပ် မကင်းသောဝေဒနာ၏ သဘောကား ဥပမာ အဆင်းနှင့် အကြည်တို့ ပေါင်းဆုံသောအခါ၌အန္တပုထုဇဉ်တို့တွင် နာမပညတ်နှင့် သဏ္ဌာနပညတ်တို့ ပါလာပြီး ကောင်း-မကောင်းတည်း ဟူသော ခံစားမှုသည် ဖြစ်၏။ ဤအခြေရောက်သော်- ခံစားပြီးဖြစ်သည့်အတိုင်း သတ်ရန် မဖြစ်နိုင်တော့ပေ။ သတ်၍လည်းရနိုင်သော သဘာဝမဟုတ်။ အဘယ့်ကြောင့်ဟူမူ ၎င်း ကောင်း-မကောင်း သဘောသည် အလွန်ကြမ်းတမ်းသော အတ္တဒိဋ္ဌိ ၂၀-မှထွက်သော အစွဲကြီး ဖြစ်သည့်ပြင် ဤကဏ္ဍ၏ အရာပင်မဟုတ်သော နာမရူပ ပရိစ္ဆေဒ ဉာဏ် သီလသိက္ခာပိုင်းဖြင့် ပယ်သတ် ကြိတ်ချေပြီးခဲ့၍လည်း ဖြစ်သောကြောင့် ပင်တည်း။ ဤကဲ့သို့သော ကောင်း-မကောင်း သညာဝိညာဏ် ဝေဒနာကြောင့် တဏှာ၊တဏှာကြောင့် ဥပါဒါန်၊ ဥပါဒါန်ကြောင့် ဘဝစသည်ဖြင့် သံသရာ့စက်ရဟတ် ပဋိစ္စ သမုပ္ပါဒ်သည် ပတ်တော့၏။ (၎င်းဝေဒနာကိုဝိပဿနာလုပ်ငန်းစဉ်အနေဖြင့် ရှုသင့်-မရှုသင့်သတိပြုရမည့် သဘာဝဖြစ်ပါသည်)။

အစွဲ ၄-ချက် (တနည်း) သညာဝိညာဏ် ကင်းစင်သော ဝေဒနာသည်ကား ယခု ပုံစံအမှတ် ၉-တွင် ဖော်ပြပါရှိသော နာမ်အကြောင်းတရား ၄-ပါးတို့ပင်ဖြစ်ပေရာ ၎င်းသည်စိတ်တရားတို့ကြောင့် အမှတ် ၁-ကဲ့သို့ ကောင်း-မကောင်း ခံစားသော ပညတ်ဝေဒနာမျိုး မဟုတ်၊ ထိုစိတ်တရားတို့ ဖြစ်ပေါ်ရန် ရေသောက်မြစ် ဝေဒနာ ဖြစ်ခြင်းကြောင့် ပဋိစ္စသမုပ္ပါဒ် လည်ပတ်နိုင်ရန် အခြေခံအင်အားလည်း ဖြစ်ပေသည်။

ကဗဠီကာရဟာရ၏ ဩဇာအာဟာရမှတဆင့်ဖြစ်သော ပရိပါစကမီးဓာတ် ကိန်းသော အကြည်ဓာတ်နှင့် အဆင်းဓာတ်တို့၏ သညာဝိညာဏ် မဝင်ရောက်နိုင်သေးသော သဘော ဖြစ်၍ ပကတိ သဘာဝအတိုင်း ထွက်လာသော ဝေဒနာလည်း ဖြစ်သဖြင့် ဤပစ္စယ ပရိဂ္ဂဟ ဉာဏ်က ၎င်းအား (၁) ဉာတပရိညာ (၂) တီရဏ ပရိညာနှင့် (၂) ပဟာနပရိညာ ၃-ပါးဖြင့် ပယ်သတ်မည်ဖြစ်၏။

သို့ဖြစ်၍ ဤဝေဒနာ၏ သဘာဝအချုပ်သည်ကား စင်စစ် ပရိပါစက မီးဓာတ် ဝေဒနာသာ ဖြစ်၍လည်း သညာဝိညာဏ်ရိပ် ကင်းစင်သည် ဖြစ်ပေသည်။

**သတိ**။ ။မဟာသောတာပန် ပုဂ္ဂိုလ်သည် ဤအကြည်ဓာတ်မှ ပေါ်ထွက်သော ကိလေသာငြိမ်း၏။

**ယုံမှားခြင်းနှင့် ပယ်သတ်နိုင်သော အကြောင်း ပညာသဘော**

(၁) ဒိဋ္ဌဓမ္မော = မြင်အပ်ပြီးသောတရား- နာမရူပ ပရိစ္ဆေဒဉာဏ်ဖြင့်ရအပ်ခြင်းသည်၎င်း၊

(၂) ပတ္တ ဓမ္မော = ရောက်အပ်ပြီးသော တရား- ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့်-

(၃) ဝိဒိတဓမ္မော = သိအပ်ပြီးသော တရား သမ္မသနဉာဏ်ဖြင့် ရအပ်ခြင်းသည်ရင်း၊

(၄) ပရိယောဂါဠ္ဟဓမ္မော= ဉာဏ်ဖြင့် သက်ဝင်ယုံကြည်ပြီးသော တရား-ဥဒယဗ္ဗယဉာဏ်ဖြင့် ရအပ်ခြင်းသဘာဝတို့ကို ဉာဏ်မျက်စိဖြင့် မြင်အောင်သုံးသပ်လှအပ်ပါသည်။

အနမတဂ္ဂ သံသရာတခွင်တွင် လူ-နတ်-ဗြဟ္မာအဖြစ်ဖြင့် ကျင်လည်၍ လာခဲ့ကြရာ၌ဝိသမဟေတုက ဒိဋ္ဌိအရင်းပြုသော ဝါစာဝိက္ခေပဒိဋ္ဌိနှင့် အမရာဝိက္ခေပဒိဋ္ဌိတို့ဖြင့် ရစ်ပတ် ဖွဲ့နှောင်၍ ယုံမှားခြင်းကိစ္စအဝဝတွင် နစ်မွန်း၍လာခဲ့ကြရပေသည်။

သို့သော် အများသော ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့၏ အပြောမှာကား မိမိတို့သည် သရဏဂုဏ်တည်ပြီးဖြစ်ပါ၏။ ကံ-ကံ၏အကြောင်းတို့နှင့်တကွ အကျိုးတရားအပေါင်းကိုလည်း ယုံကြည်ပါ၏ဟူ၍ဖြစ်၏။ ဤသရဏဂုဏ်သော်ငင်း၊ ကံတရားတို့သော်ငင်း စစ်တမ်းထုတ်ပါမူ သညာဝိညာဏ်ကင်းစင်သော သမ္မာဒိဋ္ဌိပညာဖြင့်သော်ဟုတ်၏။ အထူးယုံမှားဖွယ်မရှိပြီ(ဒိဋ္ဌိသရဏဂုဏ်ဖြစ်၏)။

သညာဝိညာဏ်မကင်းစင်သော် သူတထူး၏အပြောအဟောဖြင့်ပြီးရသည်ဖြစ်၍(သုတသရဏဂုဏ်)ဖြစ်ပြီး ဆင်းတုတော်၊ ရုပ်ပွားတော်များ၌ လမ်းဆုံးမည်ဖြစ်ပေသည်။

**သုတသရဏဂုဏ်၏ ပျက်စီးရာပျက်စီးကြောင်းမှာ-**

(၁) ဘာသာအယူဝါဒပြောင်းနိုင်သည့်အတိုင်း ပြောင်းသော် ပျက်၏။

(၂) တဘဝတခန္ဓာသေသော် ပျက်၏။

အဘယ်မှာလျှင် စိတ်ချရပါမည်နည်း။

ဒိဋ္ဌသရဏဂုဏ်မြတ်၏ အကျိုးတရားကား နိဗ္ဗာန်တိုင်အောင် မြဲသည့်သဘာဝကို အထူးသတိမူသင့်ပါသည်။

**အကြောင်းနှင့်အကျိုးတရားသိမ်းပုံသဘာဝ**

''အဗျာပါရ- ကေတ္တနှင့် နာနတ္တနည်း ဧဝံနည်းသာဓမ္မတာဟု ဖြူခါစင်စင်ပညာမြင်မှ ကြည်လင်လှသည် မြင်ကြအများ အမှန်နှင့်အမှား''ဟူသည်နှင့်အညီ နည်း ၄-ပါးဖြင့်သိမ်းဆည်းရန်ဖြစ်၏။

(ရှေ့၌ထင်ရှားပါမည်)

**ယခုလက်တွေ့နည်းဖြင့်သော်**

အန္တပုထုဇဉ်တို့၏ အသိကား အကြောင်းကြောင့် အကျိုးဖြစ်သည်ဟု ပြောမည်။ ဥပမာ သရက်ခေ့ကြောင့် သရက်ပင်ဖြစ်ခြင်းသည် သရက်စေ့ကားအကြောင်း၊ သရက်ပင်ကားအကျိုးဟုဆိုရာရောက်၏၊ သို့ဖြစ်သော် သရက်ပင်ကခံမည်မဟုတ်။ သရက်စေ့သည် သရက်ပင်က သီး

ပေးရသည်ဖြစ်၍ သရက်ပင်ကသာလျှင် အကြောင်းဖြစ်ပြီး သရက်စေ့ကား အကျိုးပါဟု မပြောသော်လည်း ပြောဘိသကဲ့သို့ သဘောအားဖြင့် ဖြစ်ရာ၊ ဤကဲ့သို့ အပြန်အလှန် စွပ်စွဲနိုင်ခြင်းရှိနေသည်ပင်လျှင် ဘယ်သဘောသည် အကြောင်းတရား အမှန်ဖြစ်သည်ဟု မဆွဲကိုင်နိုင်သည်ဖြစ်၍ ဝိသမဟေတုက ဒိဋ္ဌိသို့ကျရောက်ခြင်းဖြစ်ပေသည်။

**အထူး သတိ။** ။**အမှန်သော်-အကြောင်းတရား စစ်မှန်က အကျိုးတရား မပေါ်ရ၊ အကျိုးတရားစစ်မှန်ကလည်း အကြောင်းတရား မပေါ်ရပေ။**

ဤတွင် သရက်စေ့ သရက်ပင်ပြဿနာသည် စင်စစ် သညာဝိညာဏ်၏ လှည့်ပတ်မှုသာ ဖြစ်ကြောင်း ထင်ရှားသဖြင့် ဝိသမဟေတုကဒိဋ္ဌိ၌ ကျရောက်ပြီးဖြစ်ပေရာ ၎င်းကို ပယ်ထုတ်ရာ၏။

အဘယ့်ကြောင့်ဟူမူ သရက်စေ့နှင့် သရက်ပင်ပါ အကြောင်းတရား ဖြစ်သောကြောင့် ပင်တည်း။ ဉာဏ်မီရန် အရေးကြီးလှပါဘည်။ အချုပ်ဆိုသော်- ၃၁-ဘုံ အလုံးစုံသည်အကျိုးတရားဟူက မြူမျှမရှိလေ၊ အားလုံးအကြောင်းတရားချည်းသာ ဖြစ်ကြောင်း ဤပစ္စယပရိဂ္ဂဟ ပညာဖြင့် သိမ်းဆည်းနိုင်သော်- ကိုယ်တွေ့ဖြစ်ပါလိမ့်မည်။

**အကျိုးတရားအစစ်ကား နိဗ္ဗာန်သာဖြစ်၏**

နိဗ္ဗာန်မြတ်သို့ မချဉ်းကပ်နိုင်၍သာလျှင် လူ-နတ်-ဗြဟ္မာ ချမ်းသာတို့ကို တကယ့် အကျိုးတရားထင်မှတ်ပြီး သညာဝိညာဏ်(တနည်း) ဝိသမဟေတုကဒိဋ္ဌိဦးစီးကာအပြန်အလှန်လက်ညှိုးထိုးနေကြရခြင်း ဖြစ်ကြောင်းကိုလည်း ဉာဏ်ပညာဖြင့် သိမ်းပိုက်နိုင်ရန် လိုအပ်ပါသည်။

ဤသဘောကို ရည်တော်မူ၍ ရှင်တော်မြတ်သည် ဓမ္မစကြာဒေသနာတွင်-ယံကိဉ္စိ သမုဒယဓမ္မံ သဗ္ဗန္တံ နိရောဓ ဓမ္မန္တိ'' ဟု ဆိုဆုံးမတော်မူရာ၌ အလုံးစုံသော ပဋိစ္စသမုပ္ပါဒ် တရားအစုသည် ဖြစ်ခြင်းသဘောဟူသော ကံ-တဏှာ-အဝိဇ္ဇာ သာလျှင်ရှိ၏။ ထိုဖြစ်ခြင်းသဘော ရှိသော အဝိဇ္ဇာ-တဏှာ-ကံ တရားဟူသမျှတို့သည်လည်း ချုပ်ခြင်းသဘောသာ ရှိရုံ နှင့် အကျိုးတုကို (တနည်း) လောကီအကျိုးတရားကို တကယ့်အကျိုးစစ်ဟု ဆွဲကိုင်သော် ဒုက္ခသစ္စာ၌ နစ်မွန်းမည်ကို မြင်စေတော်မူလို၍ ဖြစ်၏။

သမုဒယကြောင့် ဒုက္ခဖြစ်ရပုံတည်း။

သို့ဖြစ်ရာတွင် ရှင်တော်မြတ်အလိုတော်ကျဖြစ်ရန် ဒိဋ္ဌိစွဲ ခန္ဓာဟူသည် အကျိုး ရှိသည်ဟူ၍ လုပ်သည်ချည်း ဖြစ်ပုံကိုင်ငး-

အကျိုးတရားဆိုသည်မှာ သညာဝိညာဏ်၏ လှည့်ပတ်ခြင်းဖြစ်၍ သညာဝိညာဏ်ဆိုသည်မှာလည်း မဟုတ်မမှန်ဆွဲမိဆွဲရာကို စွဲယူဒလ့ရှိသဖြင့် ဝိသမဟေတုကဒိဋ္ဌိ၌ ကျရောက်ပုံကိုင်ငး-

အကျိုးတရားစစ်မည်သည် တဖန်ပြန်၍ မပေါ်နိုင်ပုံကိုင်ငး၊ ပြန်၍ပေါ်နိုင်သော် အကျိုးတရား မစစ်ပုံ ဥပမာမှာ- အကယ်တိပဋိစ္စသမုပ္ပါဒ်တရား၏ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ ဟူရာ၌ အဝိဇ္ဇာ ဟူသောအကြောင်းကြောင့် သင်္ခါရသည်ဖြစ်၏ဟုဆိုရာ အဝိဇ္ဇာသည် အကြောင်းတရား၊ သင်္ခါရသည် အကျိုးတရားဖြစ်၏။ သို့သော် ဝိညာဏ်နှင့် ကပ်လိုက်သော် အဝိဇ္ဇာနှင့် တွဲစဉ်က

အကျိုးတရားဟု အမည်ခံခဲ့သော သင်္ခါရသည့် ယခု ဝိညာဏ်ဖြင့် တွဲရသောအခါ၌ အကြောင်းတရားဖြစ်ရပြန်ပေရာ အမှန်စင်စစ်ပဋိစ္စသမုပ္ပါဒ်ကြီးသည် (တနည်း) ၃၁ဘုံ လောကကြီးသည်-

**''အကျိုးတရားဟန်ဆောင်ပြီး အကြောင်းတရားမြဲ၍ နေသော သဘောတရားသာဖြစ်ကြောင်း''**

ဥာဏ်မိစေ၍-

**''လောကတခွင် ဘုံအစဉ်တွင် အကျိုးတရားမရှိ၊ အကြောင်းတရားသာ ရှိပြီးလျှင် ထိုအကြောင်းတရားတို့သည်လည်း နောက်ဆုံးသော် ချုပ်ကြရပုံကို မြင်ရန်ပင်ဖြစ်ပေသည်။**

**မိမိခန္ဓာ၌အကြောင်းတရားရှိပုံတနည်း**

(၁) အကြည်ဓာတ်- ၎င်းတွင် ပရိပါစကမီးဓာတ်နှင့်တကွ သညာဝိညာဏ် ကိန်းလျက်ရှိရာ ၎င်း၏အစာဖြစ်သော အဆင်းကိုရှာ၍ ပေါင်းဆုံ၏။ ၎င်းသည် ပစ္စုပ္ပန်ဝေဒနာ ဖြစ်သည့်ပြင် မိမိခန္ဓာ၌ရှိသည်ဖြစ်၍လည်း အကျိုးဝေဒနာမည်၏။ ထို့ပြင် ၎င်းသည် ၃၁ဘုံ၏ရောတည် မူလအကြောင်း ၁-ချက်ဖြစ်၏။

(၂) ၎င်းအကြည်သည် အဆင်းနှင့်ဆုံသော် ဖဿနာမ်တရားပေါ်၏။ ၎င်းသည်ဖဿ အကြောင်း ၁-ချက်ဖြစ်၏။

(၃)အကြည်နှင့်ဖဿ ဆုံခြင်းသည် တကြိမ်ဆုံရုံမျှမဟုတ်၊ ထပ်တလဲလဲ အနာဂါတ်အတွက် မျိုးစေ့ချရန်ဖြစ်သဖြင့် စေတနာအကြောင်း ၁-ချက်ဖြစ်၏။(ပဋိစ္စသမုပ္ပါဒ်ကြီးသည်လည်း အနာဂါတ်အတွက်ဖြစ်ကြောင်းကို သတိမူပါရန်)။

(၄)ဤကဲ့သို့ အကြည်ဖဿနှင့် စေတနာ ၃-ပါးတို့ ညီညွတ် ပေါင်းဆုံမိသော် ကံအကြောင်း ၁-ချက်ဖြစ်၏။ ၎င်းသည် ၃၁-ဘုံကြီးကို စိုးမိုးအုပ်ချုပ်ချယ်လှယ်၏။ ပြုပြင်မှုသဘောလည်းဖြစ်ပေရာ-

မိမိ၏ ခန္ဓာကိုယ်ကိုရှုပါက ဤအကြောင်းတရားပင်ဖြစ်၏။ ၃၁-ဘုံကြီးကို ရှုပါကလည်း ဤအကြောင်းတရား၏ စွမ်းအားပင်ဖြစ်၍ ဤအကြောင်းတရား ၄-ပါးကို ဤပစ္စယပရိဂ္ဂဟဥာဏ်ဖြင့် ဖြတ်နိုင်ပါသော ''အကြောင်းပြတ်၍ အကျိုးငြိမ်းမည်ဖြစ်ပေသည်''။

၎င်းသဘာဝကိုပင် နိဗ္ဗာန်ဟုပြောရခြင်းဖြစ်၏။

**၁၀-၈-၆၇**

ဝိသမဟေတုက ဒိဋ္ဌိကြီးကို ပယ်သတ်မည့်ပညာသည် ပစ္စယပရိဂ္ဂဟဥာဏ်ပင်ဖြစ်၍ ဉာတပရိညာ(တနည်း) သုတမယဥာဏ်ဖြင့် ခွဲစိပ်မှုသည် ဤဥာဏ်၌ လမ်းဆုံး၏။

သို့ဖြစ်၍ ဤပညာသည် အလွန်ကြီးသောအကျိုးကို ပေးနိုင်၏။ သို့သော်-ရုပ်တရား နာမ်တရား ဝိပဿနာတရားကို နှစ်ပေါင်းများစွာ အားထုတ်ပြီးလျှင် မိမိကိုယ် မိမိကင်း၊ သူတထူးကသည်၎င်း မဂ်ရပြီးဟု အထင်ရောက်လေ့ရှိသော ပုဂ္ဂိုလ်ကြီး တို့သည် ပင်လျှင် ဤဝိသမဟေတုက ဒိဋ္ဌိမှလွတ်ကင်းပြီးပါလေသလောဟူ၍ သံသယရှိဘွယ်ရာသည် အများပင်ဖြစ်ပေသည်း

**ဥပမာသော်ကား ယုံမှားဖြင်း ၈-ပါးတွင်-**

(၁) ဘုရား၌ ယုံမှားခြင်း
(၂) တရား၌ ယုံမှားခြင်း
(၃) သံဃာ၌ ယုံမှားခြင်း
(၄) မိမိအကျင့်၌ ယုံမှားခြင်း
(၅) သံသရာ့ရှေ့အစွန်း၌ ယုံမှားခြင်း
(၆) သံသရာ့နောက်အစွန်း၌ ယုံမှားခြင်း
(၇) သံသရာ့ရှေ့နောက်အစွန်း၌ယုံမှားခြင်း
(၈) သစ္စာ ၄-ပါးတရား၌ ယုံမှားခြင်း

တို့ဖြစ်ရာတွင် အမှတ် ၅-၆-၇-၈ တို့သည် အကြောင်း ယုံမှားခြင်း ၄-ချက်ဖြစ်၍၊ ၁-၂-၃-၄ တို့သည် အကျိုးယုံမှားခြင်း ၄-ချက် ဖြစ်ပေရာ အကြောင်းပြတ်၍ အကျိုးငြိမ်းနိုင်ရန် (တနည်း) ယုံမှားခြင်း ကင်းစင်စေရန် အကြောင်းယုံမှားခြင်း ၄-ချက်ကို ယခု ကြိတ်ချေနေရခြင်း ဖြစ်၏။ ဥပမာ-သံသရာ့ရှေ့အစွန်းသည် အဘယ်နည်းဟု အမေးပြုသော် အဝိဇ္ဇာကြီးဟု အများကပင် ပြောပေမည်။

**သတိ။** ။ဤအပြောသည်ကား ပေါက်ရောက်တော်မူကြသော ပုဂ္ဂိုလ်များ အနေဖြင့် သော်-မှန်၏၊

အန္ဓပုထုဇဉ်တို့၏ အပြောဖြင့်သော်-မှား၏။ အဘယ့်ကြောင့် ဟူမူ သူတထူး သိမြင်ပြီး၍ ပြောဟောသော အပြောအဟောကိုလိုက်၍ ပြောရသည် ဟောရသည် ဖြစ်သဖြင့် ဝိသမဟေတုက ဒိဋ္ဌိ၌ ကျရ၏။

ထို့ကြောင့် လုံလောက်ခိုင်မာသော အကြောင်းကို မဆွဲကိုင်နိုင်၍သာလျှင် ဝိသမ ဟေတုက ဒိဋ္ဌိ၌ ကျရခြင်းဖြစ်ပေရာ ယခုကဏ္ဍ၏ ဝေဒနာ သည်ကား ဟိုမှာဘက်၌ မရှိတော့သော ဝေဒနာဖြစ်သည့်အတိုင်း အမှန်တကယ်လုံလောက်သော အကြောင်းတရား ဖြစ်ပြီးလျှင် စိတ်တရားတို့၏ ရေသောက်မြစ်ဖြစ်၍ မဟာသတိပဋ္ဌာန်ကြီးက လက်သင့်ခံနိုင်သော သဘာဝလည်း ဖြစ်ပေသည်။

(၂) **ဖဿအာဟာရ** = ၎င်းကို ဖဿစေတသိက် အဖြစ်ဖြင့် ကောက်ယူ၍ အကြည်နှင့် အဆင်း (တနည်း) ဝေဒနာနှင့် ဖဿ ပေါင်းဆုံသည့်သဘော ပင် ဖြစ်၏၊ သို့သော်လည်း အဆင်းရုပ်ကို မယူရန်နှင့်ပရိယတ် သဘောဖြစ်သော အာရုံနှင့်ဒွါရ ၂-ပါး ဆုံဆည်းမှုသဘော သည်လည်း သညာဝိညာဏ် မစင်သည်ဖြစ်၍ ဤ၌ မယူသင့်၊ အလိုရှိသည်ကား- သဘောတရားတို့ အဘယ်ကဲ့သို့ပေါင်းဆုံ ပေါ်ထွက်သည့် အကြောင်းကိုသာဖြစ်၏။

သို့ဖြစ်၍ ဝေဒနာမှပေါ်ထွက်သော စိတ်နာမ် တရား နှင့် ဖဿတို့၏ တိုက်ခိုက်ပေါင်းဆုံသည့် ဗျာပါရ(တနည်း) ဝေဒနာရှိ ပရိပါစကမီးဓာတ်နှင့် ဖဿရှိ ဥသမမီးဓာတ်တို့၏

ပေါင်းစပ်မှုဖြင့် စေတသိက် ၅၂–ပါးတို့ပေါ်ထွက်ရခြင်း ဖြစ်၏။ ၎င်းကို ခဏပစ္စုပ္ပန်ဟုဆိုနိုင်၏။ တဖန်ထိုခဏ ပစ္စုပ္ပန် ဥပါဒ် ဠီ ဘင်တည်းဟူသော ခဏငယ် ၃-ချက်ပင် မရှိနိုင်သေးသောကြောင့်လည်း အကျိုးပစ္စုပ္ပန်သဘောဟု ဆိုရပြန်ပေရာ-

"အဘိဓမ္မာလောကကြီး၏ အဝင်တံခါးလည်း ဖြစ်ပေသည်" အဘယ့်ကြောင့်ဟူမူ ဤ ၂-ပါးတို့၏ ဆက်စပ်မှုဖြင့် စိတ်တရား စေတသိက်တရားများ ပေါက်ဖွားလာသော အခါတွင် မဆွက ခဏပစ္စုပ္ပန် (တနည်း) အကျိုးပစ္စုပ္ပန်သည် "အကြောင်းပစ္စုပ္ပန်"ဖြစ်လာပြီးလျှင် ဥပါဒ် ဠီ ဘင်တို့သည် ကာလ ၃-ပါး ယန္တယားကို ချိန်ရွယ်၍ ပေါ်လာမည်ဖြစ်၏။ ယခုမပြောသေး နောင်တွင်

(၁) ဥပါဒ် ကား အတိတ်

(၂) ဘင် ကား အနာဂါတ်

(၃) ဠီ ကား ပစ္စုပ္ပန် ဟု ပြောမည်ဖြစ်၏။

**သတိ။** ။ဤ၌ ဝေဒနာ (တနည်း) အကြည်နှင့်ဖဿ (တနည်း) အဆင်းတို့၏ဗျာပါရသဘော ဆက်စပ်မှုတွင် စိတ်တရားနှင့် စေတသိက်တရားတို့သည် သဘောအားဖြင့်-

(၁) တခုတည်းသောသဘော

(၂) တပေါင်းတည်းသောသဘော

(၃) တဌာနတည်းသောသတော
ဖြင့် ကိစ္စဆောင်ရွက်ပုံသဘာဝအမှုအရာကိုဝင်စား အပ်ပါသည်။

**(၃) စေတနာဟာရ** = ဤကဲ့သို့ ဝေဒနာနှင့် ဖဿတို့၏ ပေါင်းဆုံမှုမှ ပေါ်ထွက်လာသော နာမ်တရားတို့၏ မျိုးစေ့ ပါလာသောကာလ ၃-ပါး သဘောသည် စေတနာဟာရ မည်၏။ ပဋိစ္စ သမုပ္ပါဒ် ကြီး ဘဝယန္တရား စက်ရဟတ်သည် ဤမျိုးစေ့မှ ထွက်မည် ဖြစ်၍ သန္တပ္ပနမီးခဲတတ်ဖြစ်၏။

**(၄) ကံအာဟာရ** = ဝေဒနာ-ဖဿ-စေတနာအကြောင်း ၃-ပါး ညီညွတ်ပေါင်းဆုံသော် (တနည်း) စိတ်-စေတသိက်-သညာတို့ညီညွတ်သော် ပြုပြင်ခြင်းသဘောခေါ် ကံအကြောင်းသည် ပေါ်၏။တဖန် ပြုပြင်သောသဘောဟူသည်မှာ ဤ ၃-ပါးတို့၏ ဗျာပါရ အမှုအယာပင်ဖြစ်၏။ ၎င်းကံအကြောင်းသည် သခ်တ လောကတွင် မိမိပြုပြင်စီမံချယ်လှယ်ခြင်သထို ချယ်လှယ်နိုင်ပြီ ဖြစ်၍ သညာဝိညာဏ်ဖြင့် သော်- ကံ ၂၉-ပါးထိ တက်လာမည့်

သဘောဖြစ်သဖြင့်အဘိဓမ္မာနည်းအားဖြင့် ကားဘယ်သဘော၊ ပဋိပတ်နည်းအားဖြင့်ကား ဘယ်သဘာဝတည်းဟူသောခြား နားလှသည့် နက်နဲသောသဘောကိုအထူးကြိုဆိုအပ်ပါသည်။

၄-ပါးသော မဟာသတိပဋ္ဌာန်လုပ်ငန်းစဉ်ဖြင့် အချိုးကျပြည့်စုံနိုင်ရန် အာနာပါနကျင့်စဉ်ကို အားထုတ်ရမည်ဖြစ်သော်လည်း စင်စစ်ထိုပုဂ္ဂိုလ်သည်ပထမ ယထာဘူတအသိကိုပိုင်သော ကလျာဏအဆင့်သို့ တက်ပြီး ဖြစ်သင့်၏။

ထို့အပြင် ဤအာနာပါနလုပ်ငန်းစဉ်သည် ဗောဇ္ဈင်၇-ပါးဖြင့်လည်း ပြည့်စုံနိုင်သည်ဖြစ်ပေရာ ၎င်း ၇-ပါးသည် ဝိပဿနာ၏ အနုပဿနာ ၇-ဉာဏ်ပင်ဖြစ်၏။ သို့ဖြစ်၍ထိုပုဂ္ဂိုလ်သည် ပထမအားဖြင့် ယုံမှားခြင်း ၈-ပါးကို ပယ်ရှင်းနိုင်သော ဝိသမဟေတုက ဒိဋ္ဌိကိုဎင်း၊ နောက်တဆင့်အားဖြင့် ဥဒယဗ္ဗယဉာဏ်ကို ပိုင်ရမည်ဟု ဆိုးမတော်မူခြင်း ဖြစ်ပေသည်။

ဤတွင် ယုံမှားခြင်းတို့ကို ပယ်ဖျောက်နိုင်စေခြင်း၄ာ အကြောင်းတရားတို့ကို သိမ်းဆည်းရန် တာဝန်သည် ရှိခဲ့ပေရာ ပထမ အဗျာပါရ အနတ္တဖြင့် သိမ်းရမည်ဖြစ်သည့်အတိုင်း-

**(၁) အဗျာပါရနည်း** = အထက်ဟောစဉ်၏ သရက်စေ့နှင့် သရက်ပင် ဥပမာ အလားကဲ့သို့ အပြန်အလှန် ကြောင်းကျိုးသည် ခိုင်လုံမှန်ကန်သော သဘောတရား မဟုတ်ကြောင်း ထင်ရှားခဲ့ပြီး၏။ သို့ဖြစ်၍ ရှင်တော်မြတ်က အလုံးစုံသော သဘောတရားတို့သည် ကြောင့်ကျဗျာပါရ မပြုနိုင်သည် ဖြစ်၍ အနတ္တဓမ္မဖြစ်ကြောင်း ဆိုးမတော် မူခြင်းဖြစ်၏။ ဤတွင် အကြောင်းသည် အကျိုးကို ဖြစ်စေနိုင်သည် မဟုတ်သဖြင့် စင်စစ်အကြောင်းစစ် မဟုတ်ပေ။ သညာဝိညာဏ်နယ်ပုဂ္ဂိုလ်တို့ကသာလျှင် အထင်ကြီးနေခြင်းဖြစ်၏။

တဖန်အကျိုးကို မေးသော် အကြောင်း မရှိတော့သည် ဖြစ်၍ အကျိုးလည်း ဘယ်မှာလျှင် ရှိနိုင်ပါတော့အံ့နည်း၊ ထို့ကြောင့် အကြောင်းရော-အကျိုးပါ အနတ္တ ဓမ္မဍကျ၏။

(၁) အကြောင်းကြောင့် အကျိုးဖြစ်၏ဟုဆိုသော်-အတ္တ

(၂) အကြောင်းကြောင့် အကျိုးမဖြစ်နိုင်ဟုဆိုသော်- အနတ္တဖြစ်၍-

သ၆တ လောကကြီး၌ တွင်ကျယ်နေသော ကြောင်း-ကျိုး တို့သည် မျက်တောင် မခတ်နိုင်တော့သည့်အတိုင်း အကြောင်း ပြတ်၍-အကျိုးလည်း ငြိမ်းတော့သည် ဖြစ်၏ (တနည်း) နာမနှင့် သဏ္ဌာန် သညာနှင့် ဝိညာဏ်လှည့်ပတ်ပြီး ပြောသောအကြောင်းဘဲ- အကျိုးဘဲဟူ၍ ဆွဲမိဆွဲရာ ကိုင်ဆွဲသော သဘောသည် ဤတွင် ဇာတ်သိမ်း၏။

**သတိ။** ။ယမန်နှစ်များ၏ ဝိပဿနာတရားတွင် ကြောင်း-ကျိုး ပြတ်သော် အဆင်းနှင့် အကြည်တို့၏ အကြောင်းတရား ၄-ပါး သန္တတိထွက်၏ဟုသာ ဟော ကြား

တော်မူခဲ့၏၊ ဝိပဿနာအတွက်ဖြစ်၍မမှားပေ-သင့်၏။ သို့သော်ဝိသမ ဟေတုက ဒိဋ္ဌိကိုရိုက်ချိုးနိုင်လောက်အောင်ကား မမွေခဲ့ပေ။ ၎င်းသဘောသည်ယခု မဟာ သတိပဋ္ဌာန်အတွက်သော်မသင့် သညာဝိညာဏ်မကင်း၍ဖြစ်၏။

အဘယ့်ကြောင့် ဤ၍ ဤမျှစစ်တမ်းထုတ်ရပါသနည်း ဟူမူ-ဤပစ္စယပရိဂ္ဂဟဉာဏ်စခန်း မှနေ၍ သမ္မသနဉာဏ်နှင့် ဥဒယဗ္ဗယဉာဏ်ကြီးများသို့ တက်လှမ်းရန်ဖြစ်ရာ-

**သမ္မသနဉာဏ်သို့ဝင်သော်-**

(၁) သမထယာနိကလမ်း
(၂) ဝိပဿနာယာနိကလမ်း
(၃) အာနာပါနလမ်းအားဖြင့် ၃-လမ်း ၃-သွယ်ရှိနေသည်ဖြစ်၍၎င်း-

**တဖန်ပညာမြင်ဥဒယဗ္ဗယဉာဏ်သို့တက်ပြန်သော်-**

(၁) ရုပ်တရားအမြင်သန်သောပုဂ္ဂိုလ်
(၂) နာမ်တရားအမြင်သန်သောပုဂ္ဂိုလ်
(၃) ရုပ် နာမ် ၂-ပါးစုံ၍ အမြင်သန်သောပုဂ္ဂိုလ်

ဟူ၍ ၃-မျိုး ၃-စား ပြားလျက်ရှိနေပြန်ပေရာ အဒ္ဒတ် (၁)နှင့် (၂) အမြင်သန်သောပုဂ္ဂိုလ် တို့ ဥဒယဗ္ဗယပညာသို့ဝင်သော် ၎င်း၏ဝဲ၌ လည်တတ်သည်ဖြစ်၍ ထိုဥဒယဝဲကြီးမှ ချောမောစွာ လွန်မြောက်နိုင်စေခြင်းငှာ-ရုပ်နာမ် ၂-ပါးစုံ၍အမြင်သန်စေရန်အတွက်ပင်ဖြစ်ပေသည်။

**သတိ။** ။ဤကဲ့သို့ရုပ်နာမ် ၂ပါးစုံ၍ အမြင်သန်စေရန် ယခု အဇ္ဈာပါရအနတ္တဖြင့် ပယ်ဖြတ်ပြီး သောကြောင်းကျိုးကိုဝေဘန်ရန်ကိစ္စသည်ရှိခဲ့၏။ အဘယ်ကြောင့်ဟူမူ ထိုကြောင်းကျိုး သည် အဇ္ဈာပါရအနတ္တမျှဖြင့်ဖြတ်၍ ပြတ်ခြင်းဖြစ်သဖြင့် ဝိသမဟေတုကဒိဋ္ဌိကြီးမသေ သို့သော်နာမပညတ်နှင့်သဏ္ဍာန ပညတ်ရိပ်သညာ ဝိညာဏ်လောကကိုသိမ်းဆည်း နိုင် ခဲ့၏။ ထို့ကြောင့်-

(၁) ဣသရနိမ္မာနဒိဋ္ဌိ (၂) အဟေတုကဒိဋ္ဌိ
(၃) အကိရိယဒိဋ္ဌိ (၄) နတ္ထိကဒိဋ္ဌိ
(၅) ပညတ်ယုံမှားခြင်း ၁၆-ချက်တို့ ကင်းစင်ခဲ့၏။

သို့သော် ဘုရား၌ယုံမှားခြင်းစသော ပရမတ်ယုံမှားခြင်း ၈-ချက်ကိုမူ မသိမ်းဆီးနိုင်သည် ဖြစ်၍ ၎င်းကိုချေနိုင်ရန် အကြောင်းတရား စစ်ဖြစ်သော-

(၁) ဝေဒနာ (၃) စေတနာ
(၂) ဖဿ (၄) ကံ

အကြောင်းတရားတို့ကို ဖော်ထုတ်ရခြင်းဖြစ်၏။ တဖန်ထိုအကြောင်းတရားတို့ကို စိစစ်၍ ရသော ဟေတုနှင့်ပစ္စယအကြောင်း၊ ထို့နောက် အာရုံနှင့် အာရမ္မဏိက သဘောတရားတို့ဖြင့် ဝိသမဟေ တုကဒိဋ္ဌိကိုဖြိုဖျက်မည်ဖြစ်ပေသည်။

၁၁-၈-၆၇

ပစ္စယပရိဂ္ဂဟဟူသည် အကြောင်းတရားကို သိမ်းဆည်းရန်ဖြစ်၏၊သို့ဖြစ်၍ ဟေတုနှင့်ပစ္စယ **အကြောင်း** ၂-ပါးကိုနားလည်ရပေမည်။

ဤတွင် နာမရူပပရိစ္ဆေဒဉာဏ်၌ ဉက္ခောင်းချခဲ့သော အာရုံနှင့် အာရမ္မဏိက သဘောကို သိမှတ်၍-

အာရုံကား-တဏှာ

အာရမ္မဏိကကား-အဝိဇ္ဇာ

ဖြစ်ကြောင်းနှင့် သံသရာရှေ့အစွန်းတွင် အဝိဇ္ဇာ၊ နောက်အစွန်းတွင် တဏှာ ရှေ့နောက် ၂-ပါး တွင်(တနည်း)အလယ်တွင်ကံရှိကြောင်းသိထားရာ၏။

သောတာပတ္တိမဂ်ပညာသည် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာသံယောဇဉ်ကို ပယ်သတ်တော်မူသည်ဖြစ်၍ ဝိစိကိစ္ဆာ၏သဘောသည် နှလုံး-နှစ်ခွဖြစ်ခြင်းသဘော၊ ဣဟ = သို့လော-သို့လောသဘော သံသယ နှင့်အာရုံကို မဆုံးဖြတ်နိုင်ခြင်းသဘောတို့သည် ဝိစိကိစ္ဆာပင်ဖြစ်၏၊ သို့ဖြစ်၍ သံသရာရှေ့အစွန်းရှိ လေသလော? မရှိလေသလော? တည်းဟူသော ရှိမရှိ ပြဿနာကိုဆုံးဖြတ်နိုင်ရန်သည် ယခုပစ္စယ ပရိဂ္ဂဟပညာ၏အရာဖြစ်ပေသည်။

**သတိ။ ။အဖြေမှန်ကား**

(၁) သံသရာ့ရှေ့အစွန်းသည်ရှိ၏

(၂) သံသရာ့နောက်အစွန်းသည်လည်းရှိ၏

(၃) သံသရာ့ရှေ့နောက်အစွန်းလည်းရှိ၏

(၄) သစ္စာတရား၄-ပါးတရားလည်းရှိ၏ဟူ၍ ဖြစ်၏။

အဘယ့်ကြောင့်ဟူမူ ဒိဋ္ဌဓမ္မော၊ ပတ္တမ္မော၊ ဝိဒိတဓမ္မော၊ပရိယောဂါဠ္ဟဓမ္မော ၄-ချက်ဖြင့် သိပြီး ၍ပြောနိုင်ခြင်းဖြစ်ပေရာ-

မရှိဟုပြောသောသူကား- ဤ ၄-ပါးဖြင့် မထောက်နိုင်၍ပြောခြင်းဖြစ်၏။ နက်နဲသောသ ဘောဖြစ်၍ သိမြင်နိုင်ခြင်း၄ာအထူးကြိုးစားရန်ဖြစ်ပါသည်။

**ဥပမာသော်။** ။ငွေတသိန်း လက်ဝယ် ရှိနေသောသူအား အခြားသောသူတဦးက ဤနယ် တွင် ငွေတသိန်းချမ်းသာသော သူဌေးများရှိပါ၏လောဟု အမေးပြုသော်မိမိ၌ ပင် ငွေတသိန်းရှိပြီးဖြစ်၍ရှိ၏ဟုပင်ပြောမည်ကားမလွဲပေ၊ တခြား၌ ရှိ မရှိဟူ သော ပြဿနာသည် မတတ်နိုင်တော့ပေ။

ငွေတထောင် သို့မဟုတ် လုံးဝမရှိသော သူအား အထက်ပါအတိုင်း အမေးပြုသော်ရှိ သည် ဟုပင်ပြောသည်ဖြစ်စေ၊ မရှိဟုပင်ပြောသည်ဖြစ်စေ မှန်ခြင်လည်းမှန်ပေမည်၊မှားခြင်လည်း မှားနိုင် သည်ဖြစ်၍ မရေမရာ ဣဟသံသယဖြစ်ရမည့်သဘောကိုဉာဏ်မြင်ရှိသင့်ပေသည်။

**သတိ။ ။ပစ္စယပရိဂ္ဂဟဉာဏ်၏ နည်း ၄-ပါးရှိတနည်း**

(၁) အဗျာပါရနည်း = ယမန်နေ့ဟောစဉ်ဖြင့် အလုံးစုံသောတရားအပေါင်းတို့သည် ကြောင့်ကြပရော ဂဗျာပါရမရှိနိုင်သည့်အတွက် အနတ္တဓမ္မ၌ ကြောင်းကျိုး သဘောတို့သည် မိမိတို့၏ အဆင့်အတန်း အလိုက်ဥက္ကောင်းကျပြီး၍ ၎င်း-ဝေဒနာ ဖဿ စေတနာနှင့် ကံအကြောင်းတရားတို့သည် အမှန်စင်စစ် အကြောင်းရော အကျိုးပါ မဖြစ်နိုင်ကြောင်း ထင်ရှားပြီးခဲ့၏။ (အမြင်မှန်သော်အတ္တဒိဋ္ဌိဆိတ်၏)

(၂) နာနတ္တနည်း = တဖန်၎င်း ဝေဒနာဖဿ စေတနာ ကံအကြောင်း တရားတို့ သည် တပါးနှင့်တပါး သဘောခြင်းမတူသည်အမှန် ဖြစ်ပေရာ ဝေဒနာသည် မိမိ၏ကိစ္စ မိမိဆောင်ရွက်၍ ဖဿ သည် မိမိသဘောကို မိမိဆောင်သည် ဖြစ်၏။ (အမြင်မှန်သော် သဿတဒိဋ္ဌိ ဆိတ်၏)

(၃) ကေတ္တနည်း = သို့သော် ဤကဲ့သို့တပါးနှင့် တပါး သဘောခြင်းတူပင် မတူ သော်လည်း သင်္ခတလောကတွင်ပေါ်သောအခါ၌ သဘော တူ ပေါင်း၍သာလျှင် ပေါ်ရမြဲ ဓမ္မတာဖြစ်၏။ (အမြင်မှန်သော် ဥစ္ဆေဒဒိဋ္ဌိဆိတ်၏)

(၄) ဧဝံဓမ္မတာ နည်း = ဝေဒနာတည်းဟူသော သဘော တရားရှိက ဖဿတည်း ဟူ သော သဘောတရားလည်း ဓမ္မတာအားဖြင့်ရှိဘိသကဲ့သို့ ထို သဘောတရားရှိက ဤသဘော တရားလည်းရှိရသည် ဖြစ်၏။ ၎င်းသည် စင်စစ် အာရုံ နှင့် အာရမ္မဏိကပင် ဖြစ်၏။ (အမြင်မှန်သော်-အကိရိယဒိဋ္ဌိဆိတ်၏)

**သတိ။** ။ ထို့ကြောင့် ဟေတုနှင့် ပစ္စယ အကြောင်းတရားသည်၎င်း၊ ထို သဘောတရား ရှိက ဤသဘောတရားရှိ၏ ဆိုသော ဆက်စပ်မှု သန္တတိ သဘောသည်၎င်း၊ အာရုံ နှင့် အာရမ္မဏိက သဘောတရားသည်၎င်း **ထိုသဘာဝ**၏ သဘောသည်ကား အတိတ်နှင့်- **ဤသဘာဝ** ၏ သဘောသည်ကား အနာဂါတ်တို့ ဖြစ်၍ စင်စစ် သညာဝိညာဏ် (တနည်း)နာမပညတ်နှင့် သဏ္ဌာနပညတ် သဘောမကင်းစင်ပေ။

၎င်းတို့သည် ရှေးသမ္မသန ဉာဏ်တွင် ကာလ ၃-ပါး ရုပ်နာမ်အဖြစ်ဖြင့် မဂ်စခန်း တိုင် အောင် အမည်အမျိုးမျိုးကို ခံယူသွားမည်ဖြစ်၍ မဆုံးပေ။ ၎င်းသည် နည်းမျိုးစုံဖွင့်ပြီး ထောင်း နိုင် ထုနိုင်၍သာလျှင် ဤ ကြောင်း-ကျိုးသည် ပြတ်၏ဟု ဤပစ္စယပရိဂ္ဂဟ ဉာဏ် အဘို့ ပြောနိုင် သော်လည်း ၎င်းတွင် ဆက်စပ်ခြင်း သန္တတိ သဘောကား ကျန်ရှိနေသေးသည် ဖြစ်သဖြင့်နာမနှင့် သဏ္ဌာန်၊ သညာနှင့် ဝိညာဏ်၏ နောက်သို့ မလိုက်မိစေရန် အထူးဂရုပြုရမည့် စခန်းလည်း ဖြစ် ပေသည်။ လိုက်မိသော်- ဝိစိကိစ္ဆာ၌ကျ၏။

သဘာဝ၏နောက်သို့ လိုက်မှသာလျှင် ဘိုဝိစိကိစ္ဆာ ကင်းလွတ်မည်ဖြစ်သဖြင့်-

(၁) နာနတ္တနည်း

(၂) ဝေဝံ မဗ္ဗတာနည်းသဘော

ဖြစ်သည့် အကြောင်းကင်းစင်သော (တနည်း) ပစ္စုပ္ပန်ဆတ်ဆတ် လည်း ဖြစ်သော ဝေဒနာ-ဖဿ-စေတနာနှင့် ကံကိုသာ အမိဖမ်းထားနိုင်ရန် အရေးကြီးလှပါသည်။ သို့မှသာလျှင် ဉာဏ် ၉-ဉာဏ်ဝဲကြီးမှ လွတ်ကင်းနိုင်မည် ဖြစ်ပေသည်။

၎သည်ကား- ယမန်နေ့ ဟောစဉ်၏ ရုပ်နာမ် ၂-ပါးစုံ အမြင်ပညာဖြင့် တက်ခြင်းဖြစ်၏။

(၁) ဝိပဿနာတွင် အတိတ်နှင့် အနာဂါတ်မှနေ၍ ပစ္စုပ္ပန်ကို ဖမ်းခဲ့၏။
(၂) ယခု- မဟာသတိပဋ္ဌာန် အတွက် အတိတ်နှင့် အနာဂါတ် တို့ကို ပစ္စုပ္ပန်မှ နေ၍ ဖမ်းခြင်းဖြစ်ရာ ဝိပဿနာနည်းနှင့် မဟာသတိပဋ္ဌာန်နည်း တက်တက်စဉ်ကွာခြားပုံ သဘောကိုလည်း ဉာဏ်မြင်ရှင်းအပ်ပါသည်။

**သတိ။** ။ယခုပညာဖြင့် ဖမ်း၍ရသော သဿတဒိဋ္ဌိကင်းစင်သော နာနတ္တနည်း သဘော နှင့် ဥစ္ဆေဒဒိဋ္ဌိကင်းစင်သော ဧကတ္တနည်းသဘောဖြစ်သည့် သဘာဝအမှုအယာ သည် အလွန်ပင်အရေးကြီးလှပါ၍ အကယ်တိ သံသယ မကင်းသော် ယမန်နေ့ ဟောစဉ် ၏ ဝေဒနာ-ဖဿ-စေတနာ-ကံအကြောင်းတရားတို့၏ ဟန်အမှုအယာ သဘာဝကို ပြန်လှန်၍ အထပ်ထပ်ဆင်ခြင် သုံးသပ်အပ်လှပါသည်။

၎ကဲ့သို့ ထို အကြောင်းတရား အမည်ခံ ဝေဒနာ-ဖဿ-စေတနာနှင့် ကံတို့ကို နာနတ္တနည်းနှင့် ဧကတ္တနည်းဖြင့် မိသော်-

(၁) သံသရာ့ရှေ့အစွန်း၌ ယုံမှားခြင်း
(၂) သံသရာ့နောက်အစွန်း၌ယုံမှားခြင်း
(၃) သံသရာ့ရှေ့နောက် ၂-ပါးအစွန်း၌ ယုံမှားခြင်း
(၄) သစ္စာ ၄-ပါး တရား၌ယုံမှားခြင်း

၄-ချက်မှ လွတ်မြောက်တော့သည်ဖြစ်၏။ အဘယ့်ကြောင့်ဟူမူ ၎င်းယုံမှားခြင်း ၄-ချက်တွင် သစ္စာ ၄-ပါး၌ ယုံမှားခြင်းသည်သာ အချုပ်ဖြစ်ပေရာ ယခု၎င်းသစ္စာ ၄-ပါးကို-

(၁) ဒိဋ္ဌဓမ္မော (၂) ပတ္တဓမ္မော
(၃) ဝိဒိတဓမ္မော (၄) ပရိယောဂါဠ္ဟဓမ္မော ဖြင့် သိမြင်ခြင်းကြောင့်ပင်ဖြစ်၏။

၎ကဲ့သို့ သစ္စာ ၄-ပါးရှိသည်ကို အမှန်ယုံကြည်ပါသည်ဆိုသော်- အကြောင်းတရား ၄-ချက်၌ဝင်အောင် သွင်းနိုင်ရမည် ဖြစ်ပေရာ-

ဒုက္ခ-သမုဒယ-နိရောဓနှင့် မဂ္ဂသစ္စာ ၄-ပါးကို ပေါင်း၍အဆီညှစ်သော် သခ်တလောက၌ ဒုက္ခတလုံးသာရ၏။ ရပုံကား- ရှင်တော်မြတ်သည် ဓမ္မစကြာ ဒေသနာတော်တွင်-

(၁) ဒုက္ခ အရိယသစ္စံ
(၂) ဒုက္ခသမုဒယ အရိယသစ္စံ
(၃) ဒုက္ခနိရောဓ အရိယသစ္စံ
(၄) ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါအရိယသစ္စံ

ဟူ၍ သစ္စာ ၄-ချက်ကို ဒုက္ခတလုံးဖြင့်သာလျှင် ဦးစီးပြီး သိမ်းတော်မူခြင်းကို သတိပြုရန် ဖြစ်ပေသည်။

တဖန် ၎င်းဒုက္ခကိုထပ်၍စိစစ်ပြန်သော် ကလျှာဏဘုမ္မိ အသိပညာဖြင့် "ပြုပြင်ခြင်းသဘော"သာ ရ၏။ ၎င်းသည် ဤကဏ္ဍ၌ **စေတနာနှင့်ကံ** အကြောင်းပင်ဖြစ်၏။

**သတိ။** ။သို့ဖြစ်၍ အကြောင်းတရား ၄-ပါးနှင့် သစ္စာ ၄-ချက်တို့ကို ဟပ်သော်-

| | | | |
|---|---|---|---|
| (၁) | ကံအကြောင်းသည် | = | ဒုက္ခသစ္စာ |
| (၂) | **စေတနာ**အကြောင်းသည် | = | သမုဒယသစ္စာ |
| (၃) | ဖဿအကြောင်းသည် | = | နိရောဓသစ္စာ |
| (၄) | ဝေဒနာအကြောင်းသည် | = | မဂ္ဂသစ္စာ |

အသီးသီးသို့ ဝင်ခြင်းဖြစ်၍

(၁) အကြောင်းတရားတွင် ကံ၌ချုပ်၏
(၂) သစ္စာ ၄-ပါးတွင် ဒုက္ခ၌ချုပ်၏။

**တဖန်** အကြောင်းတရား ၄-ပါးနှင့် ယုံမှားခြင်းအကြောင်း ၄-ချက်တို့ကိုညှိသော်-

| | | | |
|---|---|---|---|
| (၁) | ဝေဒနာအကြောင်းကို | = | ဒိဋ္ဌဓမ္မဖြင့်၎င်း |
| (၂) | ဖဿအကြောင်းကို | = | ပစ္စတ္တဓမ္မဖြင့်၎င်း |
| (၃) | စေတနာအကြောင်းကို | = | ဝိဒိတဓမ္မဖြင့်၎င်း |
| (၄) | ကံအကြောင်းကို | = | ပရိယောဂါဠ္ဟဓမ္မဖြင့်၎င်း |

သိမ်းဆည်းပြီးသည်ဖြစ်၍ အကြောင်းတရား ၄-ပါးတို့ပြတ်ပြီးလျှင် ဝိသမလောဘက ဒိဋ္ဌိမှ ကျွတ်လွတ်ပြီ ဖြစ်ပေသည်။

ဤကဏ္ဍသည် အနမတဂ္ဂသံသရာအစမှစ၍ စွဲငြိပါလာသော အလွန်အမြစ် နိုင်မာသည့် ဒိဋ္ဌိတရားယုတ်တို့ကို ပယ်သတ်သော ပညာပိုင်းဖြစ်ပါ၍ နာကောင်းရုံ ဘတ်ကောင်းရုံမျှ သဘောမထားမူ၍ မုတ်ဆိတ်ပျားစွဲ အသာပင်ယူ၍ စားနိုင်ခွင့်ရသော မိမိတို့၏အတိဒုလ္လဘကို ပါရမီကုန်လွတ်၍ အထူးအရယူသင့်လှပါသည်။

အမှန်အကျိုးကြီးသော မဟာသတိပဋ္ဌာန်နှင့်ယှဉ်သော အာနာပါနလုပ်ငန်းစဉ်ကို အား ထုတ်လိုကြသော ပါရမီရှင်တို့အတွက် အချိုးကျအားထုတ်နိုင်ရန် ပထမအားဖြင့် ဃနပညတ် တရားတို့ကိုသာ ကျက်စားလေ့ရှိသော မျက်စိ-နား-နှာ-လျှာ-ကိုယ် အပေါက် ၅-ပေါက်ကိုပိတ် စေသည်ဖြစ်ကြောင်း အစဦးကပင် နာကြားပြီးဖြစ်၏။ အမှန်စင်စစ် အာနာပါန လုပ်ငန်းစဉ် သည် မနောဒွါရခေါ် စိတ်ပေါက်ဖြင့်သာ ဖမ်းရသည့် လုပ်ငန်းစဉ်ဖြစ်ပေသည်။

ဤသဘာဝကို ရည်တော်မူသော သာမဏေယ် ရဟန္တာမြတ်က ပေါဋ္ဌိလ မထေရ်ကြီး အား တရားပေးရာ၌ အပေါက် ၆-ပေါက်ရှိသော တောင်ပို့အတွင်းရှိ ဖွပ်ကောင်ကို ဖမ်းမိ နိုင်ရန် တပေါက်ကိုချန်၍ ကျန် ၅-ပေါက်ကို ပိတ်၍ ဖမ်းသော် မိပုံကို ဥပမာထား၍ဆုံးမတော် မူခြင်း သဘာဝကို ထောက်ဆ၍ အထက်ဖော်ပြပါပသာဒရုပ် ၅-ပါးသတိပဋ္ဌာန်ဖြင့် အပေါက် ၅-ပေါက်ကို ပိတ်စေရခြင်း ဖြစ်ကြောင်းလည်း နာကြားပြီးခဲ့၏။

ဤကဲ့သို့ ပသာဒရုပ် ၅-ပါး သတိပဋ္ဌာန်ကို သမာဓိသိက္ခာ စိတ္တဝိသုဒ္ဓိအပိုင်းဖြင့် သိမ်း ဆည်းခဲ့ခြင်းဖြင့် ဓာတ်ကြီး ၄-ပါးတို့သည် တပါးနှင့်တပါး မပေါင်းနိုင်တော့ မူ၍ သစ်တ လောကတွင် မပေါ်မဖြစ်သော ဓာတ်တို့အနေဖြင့် ရှိခဲ့ကြောင်းလည်း နာကြားပြီးခဲ့၏။

ထို့နောက် ၎င်းဓာတ် ၄-ပါးတို့သည် သမာဓိ၏ တာဝန်မဟုတ်တော့သည့်အတိုင်းပညာ သိက္ခာ-ဒိဋ္ဌိဝိသုဒ္ဓိစခန်းသို့ ဥတုပထဝီ ၃၆- အဖြစ်ဖြင့် ကြိတ်ချေရန် နာမရူပ ပရိစ္ဆေဒ ဉာဏ်သို့ တင်ခဲ့ရာ နောက်ဆုံး-

အဆင်း - နာမပညတ်သဘောနှင့်
အကြည် - သဏ္ဌာနပညတ်သဘော

တို့ ဇာတ်သိမ်း၍ အဆင်းသည် ပေါ်သဘော(တနည်း)အာရုံကို ပရမတ်ရုပ် အဖြစ်ဖြင့် ၎င်း ထိုပေါ် သဘောအား ဆွဲကိုင်ထားသည့် သဘောသည် အာရမ္မဏိကကို ပရမတ်နာမ်အဖြစ်ဖြင့် သိမ်းဆည်းခဲ့ပေရာ-

ယခုပစ္စယပရိဂ္ဂဟဉာဏ်၌ ထိုအာရုံနှင့် အာရမ္မဏိကအမည်ခံ နာမပညတ်နှင့် သဏ္ဌာန ပညတ်တို့သည်ပင် အကျိုးနှင့်အကြောင်းဟု အမည်သစ်မှည့်၍ လိုက်လာပေရာ-

**သတိ။** ။၎င်းသည် သညာဝိညာဏ် ပညတ်ရိပ် မကင်းစင်သည်ကို သိသော ပစ္စယပရိဂ္ဂဟ ဉာဏ်က အဗျာပါရ အနတ္တဖြင့် သိမ်းဆည်းခဲ့၍ အာရုံ-အာရမ္မဏိက သဘောကို ဇာတ်သိမ်းပြီးလျှင် ပညတ်ဟူက မြူမျှမပါရှိသော အကြောင်း အစစ်ဖြစ်သော-

(၁) ဝေဒနာ (၂) ဖဿ
(၃) စေတနာ (၄) ကံ

တည်းဟူသော နာမ်အကြောင်းတရားအစစ် ၄-ပါးကို ရပြီးသော် ၎င်းကို နည်း ၄-ပါးနှင့်တကွ ဓမ္မစကြာနည်းတို့ဖြင့်ချေပြီး၍ အကြောင်းပြတ်ပြီး အကျိုးလည်းငြိမ်းခဲ့သဖြင့် ဤဉာဏ်စခန်း၏ တာဝန်ဖြစ်သော ယုံမှားခြင်းအပေါင်းတို့မှ လွတ်ကင်းပြီး၏။

**အာဟာရအကြောင်း-ရုပ်နာမ်ရှာခန်း**

ပညာစခန်း၏သဘာဝအတိုင်းသူ့ကဏ္ဍနှင့်သူ့ဉာဏ်၊ရုပ်တရားနာမ်တရားတို့ကိုဖော်ထုတ်ရမည်ဖြစ်ပေရာ ဤကဏ္ဍ ဤဉာဏ်အတွက် **အာဟာရရုပ်နာမ်ပေါ်ရမည် ဖြစ်၏**။

သို့ဖြစ်၍ နာမရူပ ပရိစ္ဆေဒပညာဖြင့် ချေပြီးသောအပြင်၌ ပေါ်နေသော အာရုံ ၆-ပါး ရုပ်ဓာတ်ကား ဤ၌မပေါ်နိုင်ပြီဖြစ်၏၊ ပေါ်ရမည်ကား အတွင်းဖြစ်သော အကြည်ရုပ်တွင် ရှိသော ရုပ်တရားဖြစ်၏။

ထို့ကြောင့် အကြောင်းတရား ၄-ပါးမှ ရုပ်နာမ်ကိုဖမ်းရန် ဖြစ်ပေရာ ဖမ်းသော်- ပထမ တရားခံသည်ကား "အကြည်ရုပ်ဝေဒနာ"ကိုမိ၏။ ၎င်းသည် ပစ္စုပ္ပန်ရုပ်ဘက်မှ အခြေခံသော သဘာဝဖြစ်၍-

"**ပရမတ်ရုပ်**"မည်၏။

ကျန် ဖဿ-စေတနာ-ကံ တို့သည်ကား "**ပရမတ်နာမ်**"မည်၏။

**သတိ**။ ။ဤရုပ်နာမ်အား မဟာသတိပဋ္ဌာန် အာနာပါနပိုင်းတွင် ဒုတိယ-စတုတ္ထ ဖြစ်သော ငယ်ထိပ်, ဦးဏှောက်, အိမ်ကိုဖွင့်သောအခါ၌သန္တပ္ပနမီးဓာတ်နှင့်အတူ တွေ့ရမည် ဖြစ်၏။ ထို့ပြင်နာမနှင့် သဏ္ဌာန် ဇာတ်သိမ်း၍ ပရမတ်ရုပ်နာမ်ကို စ၍ မိသော ကဏ္ဍ ဖြစ်သဖြင့်လည်း တိဟိတ်ပုဂ္ဂိုလ်တို့၏ အရာ၌တည်မည်ဖြစ်ပေသည်။

**အကျိုးတရားသဘော**


အထက်တွင် အကြောင်းတရား ၄-ပါး ကို နည်း ၄-ပါး ဖြင့် သိမ်းဆည်း ခဲ့ ခြင်း ဖြင့် အကြောင်းဖြတ်ပြီး အကျိုးလည်းငြိမ်းပြီး၏။ အကြောင်းပြတ်သည်ဆိုခြင်းမှာ အဗျာပါရအနတ္တ ဖြင့် သတ်ခဲ့၍ ဝိညာဏ်ကြီးသေခြင်းဖြစ်၏။ (တနည်း) သဏ္ဌာနပညတ် မပေါ်ထွက်နိုင်ခြင်းပင် ဖြစ်၏။

အကျိုးငြိမ်းသည်ဆိုခြင်းကား- သဏ္ဌာနပညတ်သေပြီး၍ နာမပညတ် မပေါ်ထွက်နိုင်ခြင်း (တနည်း) သညာသုဉ်းဆိတ်ခြင်းသဘောပင်ဖြစ်၍ ယထာဘူတအသိဖြင့် နိဗ္ဗာန်ကို ပထမအကြိမ် မြင်သည်မည်၏။

**သတိ**။ ။**နိဗ္ဗာနဓာတ်(တနည်း) အေးငြိမ်းခြင်းသဘောဟူသည်-**

ဥပမာအားဖြင့် ကြောင်း-ကျိုး ပြတ်ပြီးသော (တနည်း) ယုံမှားခြင်း ကင်းစင်သော ကလျာဏပုဂ္ဂိုလ်၏ အကြည်ဓာတ်နှင့် အဆင်းဓာတ်တို့ ဆုံရာ၏။ မြင်ကားမြင်၏၊ သို့သော် သညာဝိညာဏ်ချုပ်ပြီးဖြစ်၍ နာမပညတ်နှင့် သဏ္ဌာနပညတ်တို့ မပေါ်နိုင်ပြီ၊ပစ္စုပ္ပန်အနေဖြင့်သာ လျှင် သိမ်းဆည်းနိုင်သည်ဖြစ်သဖြင့် ကောင်းမကောင်းဟူ၍ မျက်တောင်မခပ် ဝစီသစ္စာသဘော ပညတ်တရားတို့ကို ကိုင်တွယ်ပြီး မပြောမဖြစ်၍သာ ပြောနေရခြင်းဖြစ်၏။အနှစ်အသားအနေဖြင့် မဆွဲကိုင်သည်ပင်လျှင် ပညတ်ယုံမှားခြင်း၊ ပရမတ်ယုံမှားခြင်း (တနည်း) ဝိသမဟေတုကဒိဋ္ဌိမှ ကျွတ်လွတ်သည်မည်၍၊ မလျှော့သောအားလုံ့လဖြင့် မလွယ်ကူသော်လည်း မရနိုင်သောအကျိုး တရား မဟုတ်သည့်အတိုင်း ပရမနေကြိုးစားကြရမည့် ကိစ္စဖြစ်ကြောင်း သတိပြုအပ်ပါသည်။

## ပရမတ် ယုံမှားခြင်း ၈-ပါးနေပုံ



ဤကပ္ပ၏ ဝိသမဟေတုကဒွိသည် အတွေးအခေါ်ဖြင့် မလုံလောက်သော အကြောင်းကို စွဲယူခြင်း(တနည်း) ပရမတ်သိမရှိ၍ ပညတ်ကိုလိုက်ဖမ်းနေခြင်းဖြစ်၏။ သို့ဖြစ်၍ ပညတ် ယုံမှားခြင်း ၁၆-ပါး၊ ပရမတ်ယုံမှားခြင်း ၈-ပါးတို့မျှမက-

(၁) ဒိဋ္ဌမင်္ဂလာ = မျက်စိအမြင်ဖြင့် သညာဝိညာဏ်တို့၏ နောက်သို့ လိုက်ပြီးလျှင် မိမိ၏ အမှတ်ဖြင့် ကောင်းနိုးရာရာ အာရုံတို့အပေါ်၌ အဆုံးမရှိ တဏှာကိလေသာ စေခိုင်းတိုင်းအလိုလိုက်ရခြင်း။

(၂) သုတမင်္ဂလာ = ဒိဋ္ဌမင်္ဂလာကဲ့သို့ပင် ကြားသမျှသောအာရုံတို့အပေါ်၌ သညာဝိညာဏ်မြင့် မိမိ၏အမှတ် ဆွဲဆောင်တိုင်းလိုက်၍ ကာမဂုဏ်၏ အလိုအရသာ ဖြစ်ကြရခြင်း။

(၃) မုတမင်္ဂလာ = သညာဝိညာဏ်ဖြင့်သာလျှင် မိမိခန္ဓာကိုယ်၏ နံမှု-စားမှု-ထိတွေ့ဆင်ယင်မှုတို့အတွက် ကောင်းသည်-သင့်သည် ဟု ယူဆသော အာရုံကာမဂုဏ်တို့အပေါ်တွင် လိုက်စားကြရခြင်း။

(၄) ဝိညာတမင်္ဂလာ = နာမနှင့်သဏ္ဌာန်၊ သညာနှင့်ဝိညာဏ်တို့ကို အရင်းပြု၍ မိမိ၏ စိတ်ဖြင့်ပင်လျှင် မိမိအားပြန်၍လှည့်စားပြီး တွေးတော ကြံစည်မှု အမျိုးမျိုးတို့ဖြင့် ကိလေသာတရား၏ ဆွဲဆောင်ရာသို့အစဉ် လိုက်ကြရခြင်းဖြစ်၍—

ဝိသမဟေတုကဒွိ၏ ဖွားဘက်တော် သီလဗ္ဗတပရာမာသ သံယောဇဉ် ရေသောက်မြစ်၏ အကိုင်းအခက် အရွက်ဖြစ်သော-

(၁) နတ်အမျိုးမျိုး
(၂) ဗေဒင်ယတြာအမျိုးမျိုး
(၃) ရတနာ ၃-ပါး မိဘဆရာမှတပါး အခြားသောကိုးကွယ်ဆည်းကပ်မှု အမျိုးမျိုး တို့သည်လည်း ယှဉ်၍ပါလာသည် ဖြစ်သဖြင့် အထူးစိုးရိမ်ဘွယ် ကောင်းသော အစွဲတရား တို့ ဖြစ်ပေသည်။

**သတိ။ ။အကြောင်းစစ် ၄-ပါးနှင့်ကေတ္တနည်းသဘာဝ**

ဤသို့သောနည်းဖြင့် ယုံမှားခြင်းအကြောင်း ၄-ချက်၏ သံသရာ့ရှေ့အစွန်း ရှိမရှိ ဟူသော ပြဿနာကို ဝိသမဟေတုကဒိဋ္ဌိ- ဝိစိကိစ္ဆာဖြင့်သော် အမှန်သဘာဝကို ဆွဲ ကိုင်နိုင်ခြင်းငှာ မဖြစ်စကောင်း အဘယ့်ကြောင့်ဟူမူ-

ရှိ၏ ဟု ယူသော် - သဿတဒိဋ္ဌိသို့ကျ၏

မရှိ ဟု ယူပြန်သော် - ဥစ္ဆေဒဒိဋ္ဌိသို့ ကျ၍-

ထိုပုဂ္ဂိုလ်၏ အယူသည် ဘယ်လိုဘယ်ကဲ့သို့ပင် ပြောသည်ဖြစ်စေ၊ ဒိဋ္ဌိတပါးပါးဖြင့်သာ ငြိရမည် ဖြစ်ပေသည်။ ၎င်းကို ဤဉာဏ်ဖြင့်ချေပြီးခဲ့ရာ ဝိသမဟေတုကဒိဋ္ဌိမှ ကျွတ်လွတ်ပြီး၍-

**ယခုသံသရာ့ရှေ့အစွန်းကို အဘယ်ကဲ့သို့သိမ်းဆည်းပါမည်နည်း**

သဘာဝကျကျ သိမ်းဆည်းနိုင်ရန် ဝေဒနာ-ဖဿ-စေတနာနှင့် ကံအကြောင်း ၄-ပါးကို မလွတ်တန်း ကိုင်ထားနိုင်စေရမည်ဖြစ်၏။

**အထူးသတိ။ ။နာမ်အကြောင်း စစ် ၄-ပါးသဘာဝ**

(၁) ဝေဒနာအကြောင်း =၎င်းသည်ပရိပါစကမီးဓာတ်၏ အဦးအဖွေ့သဘော မှ တဆင့် အကြည်၌ ပေါ်သော နာမ်သဘော မီးဓာတ် ဝေဒနာဖြစ်၍ အဆင်းရိပ်ကိုဖမ်းရန်ဖြစ်၏။

အကြောင်းတရား ၄-ပါးပေါင်း၍ ပေါ်ခြင်းကား-

ကေတ္တနည်းအရပရမတ်သန္တတိအနေဖြင့်ရှုရာ၏။သို့သော်သဿတ ဒိဋ္ဌိဘက်သို့ညွတ်သော်- နာနတ္တနည်းဖြင့် ချေရန်နှင့် ဥစ္ဆေဒဒိဋ္ဌိ ဘက်သို့ ညွတ်သော် ကေတ္တနည်းဖြင့် ချေရန် အထူးသတိပြုဘို့ဖြစ်ပါသည်။

"ထိုသဘောရှိက" "ဤသဘောရှိ၏" ဆိုသောဝေါဟာရ နည်း သည်ကား အကြောင်းတရား ၄-ပါး ပေါင်းပြီးပြောသော ပညတ်သန္တတိ ဖြစ်၍ ပစ္စယပရိဂ္ဂဟ ဉာဏ်ကသိမ်းခဲ့၏။

ယခုမှာကား- အကြောင်းတရား ၄-ပါး၏ ပေါင်း၍ ပေါ်သော ပညတ်သန္တတိသည် ကေတ္တနှင့်နာနတ္တနည်းတို့ဖြင့် အပြန်အလှန် ချေခဲ့ရာ ၎င်းအကြောင်း တရား၄-ပါးသည် နိမိတ္တသန္တတိ (တနည်း) ပရမတ် သန္တတိအနေဖြင့် ရှိနေသေး၏။ အဘယ့်ကြောင့်နည်းဟူမူ-

အကြည်ရှိ ဝေဒနာကို မေးသော် ပရိပါစက မီးဓာတ်သည် မူလ တည်ရှိသော ပရမတ်သဘာဝဖြစ်၍ ပစ္စုပ္ပန်မှ ထောက်သော် ၎င်း ရော တည် မီးဓာတ်သည် "အတိတ်အကြောင်း-အဝိဇ္ဇာရိပ်ခေါ် ပုဗ္ဗန္တစက် သံသရာ့ ရှေ့အစွန်း"မည်၏။

၎င်းသဘာဝကို ယုံမှားခြင်းကင်းစွာဖြင့် သိမြင်ခြင်းကို သံသရာ့ ရှေ့အစွန်း၌ ယုံမှားခြင်းဟူသောအစွဲတရားမှ ကျွတ်လွတ်သည်ဟု ပြောရ ခြင်းဖြစ်၍ ဤကဏ္ဍ၏ နက်နဲရှုတ်ထွေးလှသော သဘောကို နောက်မတွန့် စေမူဘဲ ကေတ္တနှင့် နာနတ္တနည်း ၂-ပါးဖြင့် ရှင်းနိုင်မှ လင်းမည် ဖြစ်ပေ သည်။

**ထပ်ဆင့်သတိပြုသင့်သည်မှာ** ယခုဟောကြား ဆုံးမတော်မူသည့် အထက်ပါ"ထိုသဘောတရား ရှိက- ဤသဘောတရားရှိ၏" ဟူသော ပဋိစ္စသမုပ္ပါဒ်၏ သဘာဝသည် ၎င်း၊ ကေတ္တနှင့် နာနတ္တနည်းဖြင့် သိမ်းဆည်း၍ ရသော နိမိတ္တသန္တတိ (တနည်း)ပရမတ်သန္တတိတို့၏ သဘောသဘာဝခြားနားမှုနှင့် ကြိတ်ချေပုံ အမူအယာ၏ကိစ္စသည် ပညာနိဒ္ဒေသ ဖြစ်သည့်အတိုင်း အာနာပါနလုပ် ငန်းစဉ်ဖြင့် အဘယ်ကဲ့သို့ပင် ကြိုးစားသော်လည်း ပေါက်ရောက်နိုင်သော သဘာဝမဟုတ်ကြောင်း ပုံသေသိမှတ်ထားရာ၏။

(၂) ဖဿအကြောင်း = ရောတည် ဝေဒနာ အကြောင်းသည် အတိတ် အကြောင်းအဝိဇ္ဇာရိပ်ခေါ် ပုဗ္ဗန္တစက်အဖြစ်ဖြင့် ကျရောက်ပြီး ဖြစ်ပေရာ ယခုဖဿ အကြောင်းသည်နိမိတ္တ သန္တတိသဘာဝအားဖြင့် အနာဂါတ် အကြောင်း၊ တဏှာ ရိပ်ခေါ် အပရန္တစက်- သံသရာ့နောက် အစွန်း၌ ကျရောက်ရသည်ဖြစ်၍ သံသရာ့ နောက်အစွန်း၌ယုံမှားခြင်းသဘောသည် သုဉ်းဆိတ်၏။

(၃) စေတနာအကြောင်း = ၎င်းသည် ဝေဒနာနှင့် ဖဿ အကြောင်းတို့၏ ပေါင်းဆုံမှုသဘောဖြစ်သော(တနည်း) အဝိဇ္ဇာ ဖခင်နှင့် တဏှာမိခင် (တနည်း) အတိတ်နှင့် အနာဂါတ် (တနည်း)ရှေ့အစွန်းနှင့် နောက် အစွန်းတို့၏ ညီညွတ်မှု သဘာဝဖြစ် သော "ကံမျိုးစေ့ခေါ် ပစ္စုပ္ပန် အကြောင်းပုဗ္ဗပရန္တစက် သံသရာ့ ရှေ့နောက်အစွန်း"၌ကျရောက်သည် ဖြစ်၍သံသရာ့ရှေ့နောက် အစွန်း ၂-ပါး၌ ယုံမှားခြင်းသဘော သည်ချုပ် ငြိမ်း၏။

(၄) ကံအကြောင်း = ဤကဲ့သို့ ဝေဒနာဖဿ စေတနာ (တနည်း) အဝိဇ္ဇာတဏှာ ကံ မျိုးစေ့ (တနည်း) ရှေ့အစွန်း နောက်အစွန်း ရှေ့ နောက် ၂-ပါးအစွန်း ၃-ပါးတို့ညီညွတ် ပေါင်းဆုံခြင်းသည်- ပြုပြင်ခြင်း သဘော ခေါ်- ကံအကြောင်းဖြစ် သည်ကို ကေတ္တနည်း၊ နာနတ္တနည်း

ပညာဖြင့်သိမ်းဆည်းနိုင်သည်ဖြစ်၍ သစ္စာ ၄-ပါး၌ယုံမှားခြင်း ကင်းစင်တော့သည့်နည်းတူ အထက်ဖော်ပြပါ ယုံမှားခြင်း ၃-ချက်တို့သည်လည်း ဇာတ်သိမ်းရသည်ဖြစ်၏။ အဘယ့်ကြောင့် ဟူမူ ဤပရမတ်အကြောင်းယုံမှားခြင်း၄-ချက်တွင်သစ္စာ ၄-ပါး၌ ယုံမှားခြင်းသည် အချုပ်ဖြစ်သောကြောင့်ပေတည်း။

သတိ။ ။ဤသို့သော အကြောင်းဖြင့် လောက၌ သစ္စာ ၄- ပါးတွင် ဒုက္ခ **သစ္စာ** (တနည်း) အထက်ဖော်ပြပါ ပြုပြင်ခြင်းသဘော -ကံ အကြောင်းကိုပစ္စယပရိဂ္ဂ**ဟ** ဉာဏ်ကလျာဏ ပညာဖြင့် မသိမ်းဆည်းနိုင်သည်ဖြစ်ကြသော အန္ဓပုထုဇဉ်တို့သည် ဒုက္ခကြောင့် သမုဒယဖြစ်ခါ သံသရာဝဲသြဃမှ မလွတ်ထွက်နိုင်ကြခြင်းဖြစ်ပေသည်။

ဒုက္ခသစ္စာ(တနည်း)ပြုပြင်ခြင်း ခေါ်-ကံ အကြောင်းတရားကို သိမြင်တော် မူကြသဖြင့် သမုဒယပြိမ်းခါ နိရောဓနှင့် မဂ္ဂသစ္စာ၌ဥက္ကောင်းချတော်မူနိုင်ကြခြင်းဖြစ်ပေသည်။

**ဤနှိ-ပရမတ်အကြောင်းယုံမှားခြင်း ၄-ချက်တွင်**

(၁) ဝေဒနာအကြောင်း = သံသာရာ့ရှေ့အစွန်း၌ ယုံမှားခြင်းကို ဒိဋ္ဌဓမ္မမြင်အပ်ပြီးသော တရားအဖြစ်၌ငှင်း-

(၂) ဖဿအကြောင်း = သံသရာ့နောက်အစွန်း၌ယုံမှားခြင်းကို ပတ္တဓမ္မရောက်အပ်ပြီးသော တရားအဖြစ်၌ငှင်း-

(၃) စေတနာအကြောင်း= သံသရာ့ရှေ့နောက် ၂-ပါးအစွန်း၌ယုံမှားခြင်းကိုဝိဒိတဓမ္မသိအပ်ပြီးသောတရားအဖြစ်၌ငှင်း-

(၄) ကံအကြောင်း = သစ္စာ ၄-ပါး၌ ယုံမှားခြင်းကို ပရိယောဂါဠ္ဟဓမ္မဉာဏ်ဖြင့်သက်ဝင်ယုံကြည်ပြီးသောတရားအဖြစ်၌ငှင်း-

ဉာဏ်ဖြင့်သက်ဝင်ယုံကြည်ပြီးသောတရားအဖြစ်၌ငှင်း-ကျရောက်ခြင်းဖြင့် ဝိသမ ဟေတုက ဒိဋ္ဌိ ဇာတ်သိမ်းခဲ့ပေရာ-

**သတိ။ ။ပရမတ်-အကျိုး—ယုံမှားခြင်း- ၄-ပါးနှင့် အကျိုးတရားသဘော**

(၁) ပစ္စုပ္ပန်ဝေဒနာ = သည် ဒုက္ခသစ္စာကိုမြင်သော ပညာသဘော အနတ္တမီး ရောင်၏ အစွမ်းဖြင့် သိမ်းဆည်းပြီးဖြစ်၍ သမုဒယ သစ္စာကိုလည်းမြင်၏။ ကြက်သီးမွေးညှင်း ထအောင် ထူးခြား၏။ ဤသဘာဝသည် နိဗ္ဗာန ဓာတ်ဖြစ်၍ ခံစားနိုင် ၏။ (ဤဉာဏ်စခန်း၌ နိဗ္ဗာန်ကို ပဌမ အကြိမ်မြင်ရသည်ဆိုသည်မှာ ဤသဘာဝပင်ဖြစ်၏)ဒုက္ခသစ္စာကိုအမြဲ မြင်နေ၍ ငှင်းမှလွတ်မြောက်ရန်(တနည်း)ဒုက္ခကိုမဆုတ်ကိုင်သည်ပင်လျှင် သင်္ခတဒ္ဓ ပြုပြင်ခြင်းသဘောမှ မပြုပြင်သော သင်္ခတဓမ္မ ၌ ဥက္ကောင်း ဆိုက်ပေရာဒုက္ခ မှကျွတ်လွတ်ခြင်းသည်ငှင်း၊ ကျွတ်လွယ်စေရန်သည်ငှင်း၊ ဘုရားသည်သာ လျှင်ကိုးကွယ်ရာအစစ်ဖြစ်ကြောင်းတွေ့ရသည်ဖြစ်၍ တိတ္ထိဝိစိကိစ္ဆော ပညတ်ယုံမှားခြင်းအပေါင်းတို့မှကင်းလွတ်သောဘုရားကို ကိုယ်တိုင်တွေ့မြင်ရပြီဖြစ်သဖြင့် ယုံ၏၊ မြဲ၏။ဤသည်ပင်လျှင်“ဒိဋ္ဌသရဏဂုဏ်”၌တည်ခြင်းဖြစ်၍လည်း “ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ”အစစ်ဖြစ်ပေသည်။

(၂) ဖဿအကြောင်း = သည်တရား၌ယုံမှားခြင်းဖြစ်၏ ၎င်းသည်ဝေဒနာနှင့်ဆုံရသည်ဖြစ်၍ မိခင်သဘွယ် ကံမျိုးစေ့ကိုရယူသည် ဖြစ်ခဲ့ရာ- ယခု ၎င်းကိုချေခဲ့ပြီး၍၎င်းမျိုးစေ့အ-တော့၏။ ဘယ်လိုဘယ်ကဲ့သို့ပင် ကြံကြံ အပင်မပေါက်နိုင်တော့ပြီ။ ဤကဲ့သို့ဝေဒနာနှင့် ဖဿပေါင်း၍ ရသော ကံမျိုးစေ့ကို သတ်နိုင်သဖြင့် တရားစစ်ဖြစ်ရာတရား၌ ယုံမှားခြင်းမှ လွတ်ရ၏။ ၎င်းကိုလည်း ဒုက္ခသစ္စာကိုမြင်သော ပညာဖြင့်ပင်ချေ၏။ ပိဋ္ဌနဋ္ဌ နှိပ်စက်ခြင်းသဘောဖြစ်သောကံမျိုးစေ့၏ဘေးဒုက္ခမှ လွတ်ကင်းကြောင်း အမှန်သိသည်ဖြစ်၍''ဒိဋ္ဌသရဏဂုဏ်၌''တည်၏။ ''ဓမ္မံသရဏံ ဂစ္ဆာမိ'' အစစ်လည်း ဖြစ်ပေ သည်။

''ဝိဂတကထံကထော''=ပရမတ်ယုံမှားခြင်း ၈-ပါးတို့ အပေါ်၌ သို့လောသို့လောမဖြစ်တော့မူ၍ လည်းတရားစစ်ကိုအမှန် တွေ့သည်မည်၏။

(၃) စေတနအကြောင်း = သည်- သံဃာ၌ယုံမှားခြင်းဖြစ်၏ (တနည်း) ဖခင်အဝိဇ္ဇာ(တနည်း)ဝေဒနာနှင့်မိခင်တဏှာ (တနည်း) ဖဿတို့၏မျိုးစေ့အပင်ပေါက်ခြင်းဖြစ်၏။ သို့သော်၎င်း၏ မိခင်နှင့်ဖခင်(တနည်း)ဝေဒနာနှင့်ဖဿတို့ချုပ်ငြိမ်းပြီး ဖြစ်ပေရာ ၎င်းကိုအထူးချေဘွယ်မလို ကျေပြီးသဘောသို့ဆိုက်ရောက်ခြင်းသည် ဝေသာရဇ္ဇပတ္တော မဂ်သာသနာ ဖိုလ်သာသနာတော်၌ရဲရင့်ခြင်းသို့ရောက်ခြင်းမည်သဖြင့်ဤအသိဉာဏ်ပညာကိုပေးအပ်တော်မူသော ဆရာမြတ်သည်သာ သံဃာစစ်ဖြစ်ကြောင်းကိုယ်တိုင်ဒိဋ္ဌ သိမြင်ရ၍ ဒိဋ္ဌသရဏဂုဏ်လည်းမည်၏။ သံဃာ၌ယုံမှား ခြင်းကင်းပျောက်ပြီဖြစ်သဖြင့် လည်း ''သံဃံသရဏံဂစ္ဆာမိ'' အစစ်ဖြစ်ပေသည်။ သန္တာပဋ္ဌ ပူပန် ခြင်းသဘောဖြစ်သောကံမျိုးစေ့ပေါက်ခြင်းဘေးဒုက္ခမှ လွတ်ခြင်းလည်းဖြစ်၏။

(၄) ကံအကြောင်း = သည်မိမိအကျင့်သီလ၌ ယုံမှားခြင်း ဖြစ်၏။ (တနည်း)ဝေဒနာ ဖဿ၊ စေတနာ ၃-ပါးတို့၏ ပြုပြင်မှု ဖြင့်ဒုက္ခအမျိုးမျိုးရောက်ခဲ့ပေရာယခု ထို ၃-ပါးတို့ မပြုပြင်နိုင်တော့သည့်အတိုင်း သရဏဂုဏ် ၃- ပါး၌ တည်ပြီး၏။ ယုံမှားခြင်းတို့လည်း ကင်းစင်ပြီး၏။ အပရပစ္စယာသူတပါး၏အပြောအဟောဖြစ်သောအလေ့များအကျင့်များတို့ကိုမယုံကြည်တော့မူဘဲ မိမိ၏ပညာ မိမိ၏အကျင့်တို့ကိုယုံမှားဘွယ်မရှိသည်၏အဖြစ်ကိုအပိုင် သိမြင်ခြင်းသည် ဝိပရိနာမဋ္ဌ= ဘောက်ပြန်သော အကျင့်သီလတို့၏ဘေးဒုက္ခမှလွတ်မြောက်သည်မည်ပေသည်။

ဤတွင်အကြောင်းနှင့် အကျိုးယုံမှားခြင်း တို့မှကျွတ်လွတ်ပြီဖြစ်ပေရာ ပစ္စယပရိဂ္ဂဟဉာဏ်၏ တာဝန်ဝိသမဟောတုက ဒိဋ္ဌိကြီးဇာသိမ်းပြီဖြစ်၏။

ယနေ့သည်ကားဝါဆိုလပြည့်နေ့မှအစပြု၍ နေ့-ည ဟောတော်မူခဲ့သော ဤပစ္စယပရိဂ္ဂဟ ဉာဏ်ကြီးကို ဉာဏ်ကြောင်းချရမည့်စခန်းသည် ရောက်ခဲ့သဖြင့် အကျိုးတရားအနေဖြင့် အဘယ်သို့ သော သဘာဝကိုသိမ်းပိုက်မိပါပြီနည်း။

ဤဉာဏ်၏ပညာစခန်းသည် ပညတ်ယုံမှားခြင်း ၁၆-ပါး ပရမတ်ယုံမှားခြင်း ၈-ပါးအစ ရှိသော မရေတွက်နိုင်သော ယုံမှားခြင်းတို့ကို ပယ်ဖြတ်ရှင်းလင်းနိုင်ရန် ဖြစ်ကြောင်း နာကြားပြီး ပေပြီ-သို့သော်ယုံမှားခြင်းသဘောသည်သာမံမဟုတ်ပေ။

(၁) တစုံတခုသောသဘောတရား၌ စိတ်နှလုံးနှစ်ခွဖြစ်ခြင်း=ဒွိဟသဘော
(၂) တစုံတခုသောသဘောတရား၌ သို့လောသို့လောဖြစ်ခြင်း=သံသယသဘော
(၃) တစုံတခုသောတရား၌ အပိုင်မဆုံးဖြတ်နိုင်ခြင်း=ဝိစိကိစ္ဆာသဘော

တို့ဖြစ်ပေရာ အဘယ်မျှခိုင်မြဲသောရေသောက်မြစ်ဖြစ်သည်ကိုသိနိုင်ပေသည်။

**တဖန်-အကျိုးယုံမှားခြင်း ၄-ပါးဖြစ်သော**

(၁) အနုတ္တရဂုဏ်တော် ရှင်ဘုရား၌ ယုံမှားခြင်းသည်၎င်း
(၂) လောကုတ္တရာတရား ၉-ပါးတည်းဟူသောတရား၌ယုံမှားခြင်းသည်၎င်း
(၃) ဂုဏ်တော် ၉-ပါးနှင့်ပြည့်စုံသော သံဃာတော်မြတ်၌ ယုံမှားခြင်းသည်၎င်း
(၄) မိမိ၏ အကျင့်တရား၌ ယုံမှားခြင်းသည်၎င်း-

ဗုဒ္ဓဘာသာ အယူဝါဒကို ယုံကြည်ပါသည်၊ ကိုးကွယ်ဆည်းကပ်ပါသည်၊ ဘုရားရှင်၏အဆုံးအမ ကို လိုက်နာကျင့်သုံးပါသည်ဟု အခိုင်အမာပြောလျက်ရှိသော အများသောဗုဒ္ဓဘာသာဝင် သူ တော်စင်တို့သည်ပင်လျှင် မညှာမထောက် သဘာဝဖြင့်စိစစ်သော် သုတသရဏဂုဏ် (တနည်း) သူတထူး ဟောပြောရေးသား ဆိုဆုံးမသည့်အတိုင်း အားထားယုံကြည် မှန်းဆ ရော်ရမ်းသော ဗုဒ္ဓဘာသာဝင်တယောက်သာ ဖြစ်နေမည်မှာ ထင်ရှားပေသည်။ အမှန်သော်- ကိုယ်တွေ့သဘော တွေ့မဟုတ်၍ ယုံမှားခြင်းဖြစ်ရာ ယခုပစ္စယပရိဂ္ဂဟဉာဏ်ဖြင့် ရုပ်တရား-နာမ်တရားအစစ်ကိုမြင်မှ သာလျှင် ယုံမှားခြင်းကင်းစင်မည်ဟု ဝိသုဒ္ဓိမဂ်ကြီးတွင် ဆုံးမတော်မူထားပေသည်။ ၎င်းသည် ကိုယ်တွေ့သဘောတွေ့ဖြစ်၍ ဒိဋ္ဌသရဏဂုဏ်မည်၏။

**သတိ။** ။သို့ဖြစ်၍ အကြောင်းတရားကို အဗျာပါရ အနုတ္တဖြင့်ဖြတ်ခဲ့ရာ အကြောင်းပြတ်ပြီး အကျိုးငြိမ်းပြီးဖြစ်၏။ ပြတ်သည်- ငြိမ်းသည်ဆိုသည်မှာလည်း သုဉ်းခြင်း၊ဆိတ်ခြင်းပင် ဖြစ်၍ အကြောင်းသုဉ်းသည်၊ အကျိုးဆိတ်သည်ဟူ၍လည်း ပြောရ၏။

သုဉ်းသည်ဆိုခြင်းမှာ = နောင်တဖန်ထပ်မဖြစ်နိုင်ခြင်း သဘောဖြစ်၏။

ဆိတ်သည်ဆိုခြင်းမှာ = ထပ်၍မဖြစ်နိုင်သောသဘာဝ၏ ငြိမ်းအေးခြင်းသဘော ဖြစ်ပေရာ-

**ဥပမာသော်** = အကြည်နှင့် အဆင်းတို့ ပေါင်းဆုံသော်လည်း နာမပညတ်နှင့်သဏ္ဌာန ပညတ်တို့ မျက်တောင်မခတ်နိုင်သောသဘောပင်ဖြစ်၏။ ဤသဘောမျှကား ဝိပဿနာပညာဖြင့် ရနိုင်ပေသည်။

**မဟာသတိပဋ္ဌာန်အတွက်မှာမှုကား-**

**သတိ။** ။ဝိသမဟေတုကဒိဋ္ဌိကို ပယ်သတ်နိုင်ရန် နာမ်တရားအကြောင်းစစ်ဖြစ်သော ဝေဒနာ ဖဿ၊ စေတနာနှင့် ကံတို့ကို အပြန်ပြန်အလှန်လှန် ရှုဆင်ခြင်ရမည်ဖြစ်ကြောင်း သိပြီ ဖြစ်ရာ၏၊

ထို့ကြောင့် မိမိ၏ နာမ်တရား ဘာကြောင့်ပေါ်ရလေသနည်းဟု အမေးပြုသော် အကြည် နှင့်အဆင်းတို့ပေါင်းဆုံ၍ ပေါ်ပါသည် ဟု အလွယ်ပင်ပြောကြပေမည်။ ဤအပြောသည်ကား ပညတ်သဘော (တနည်း) နာမနှင့် သဏ္ဍာန် (တနည်း) သညာနှင့် ဝိညာဏ်တို့၏ သဘောဖြစ် ၍ ဤသတိပဋ္ဌာန်၏ ပစ္စယပရိဂ္ဂဟပညာက လက်ခံမည်မဟုတ်ကြောင်းကိုလည်း သိပြီးဖြစ်ရာ၏။

သို့ဖြစ်၍ ပစ္စယပရိဂ္ဂဟဉာဏ်က သိမ်းခြင်သည်ကား ထိုသညာဝိညာဏ်ရိပ် မကင်းသော **အကြည်နှင့် အဆင်းတို့ပေါင်းဆုံ၍ ပေါ်သော နာမ်၏အကြောင်းတရားဖြစ်သဖြင့်** ၎င်းကိုရှာ ဖွေရာ **ဝေဒနာ-ဖဿ-စေတနာ**နှင့် ကံ-နာမ်အကြောင်းတရား ၄-ပါးတို့တွေ့ခဲ့၏။

**အထူးသတိ။** ။တွေ့ပုံမှာ-

(၁) ဝေဒနာသည်- ရောတည် ပရိပါစကမီးဓာတ်ကိန်းလျက် သညာဝိညာဏ် ကင်းစင်သည့်အတိုင်း စိတ်တရား၏ အကြောင်းရင်းဖြစ်၏။၎င်းဝေဒနာဖြင့် ကင်း၍စိတ်မဖြစ်နိုင်ပေ။

(၂) ဖဿသည်- စေတသိက် ၅၂-ပါးတို့ပေါ်ရာ သဘာဝဖြစ်သော်လည်း စိတ်တရား ၁၂၁-၏ အကြောင်းစစ်ဖြစ်သောဝေဒနာနှင့် မထိတွေ့သော် စေတသိက်တရားတို့ မပေါ်နိုင်ပေရာ ၎င်းဖဿသည်လည်း စေတသိက် တရားတို့၏ အကြောင်းစစ်ဖြစ်၏။

(၃) စေတနာသည်- သညာ ၆-လုံးတို့ပေါ်ထွက်ရာ သဘာဝဖြစ်၏။ သို့သော် ၎င်းသည် ဝေဒနာ-ဖဿနှင့်ရင်း၍ မပေါ်နိုင်ပေရာ- ယခုဝေဒနာ ဖဿ နည်းတူ သညာ ၆-လုံးတို့၏အကြောင်းစစ်ဖြစ်၏။

(၄) ကံသည်- ဝေဒနာ-ဖဿ-စေတနာတို့၏ ပေါင်းဆုံညီညွတ်မှု "ပြုပြင် ခြင်း" သဘောဖြစ်ရာ ယခုဝေဒနာ-ဖဿ-စေတနာတို့၏နည်းတူ ပြုပြင်ခြင်း အကြောင်းစစ်ဖြစ်၏။

**သတိ၊** ။ (၁) ဝေဒနာ = ထို့ကြောင့် အကြည်ရှိ ၎င်းပစ္စုပ္ပန် ဆတ်ဆတ် ဝေဒနာ သည် သညာဝိညာဏ်ရိပ် ကင်းစင်သော နိမိတ္တသန္တတိ-နိစ္စသာရဖြစ်၏။ ၎င်းပေါ်ထွက်လိုသော် ကေတ္တနည်းအရကျန် ၃-ပါးတို့ဖြင့် ဆက်စပ်ပြီးမှ ပေါ်ထွက်နိုင်၏။ ထိုနိစ္စသာရ သဘောသည် ဓမ္မစကြာနည်းဖြင့်သော် အဝိဇ္ဇာရိပ်အစစ်ဖြစ်သဖြင့် သံရာရှဉ့်ရှေ့အစွန်းကို တွေ့ရသည်မည်၏။

သို့တွေ့ရသည်ဖြစ်၍ ရှေ့အစွန်း၌ ယုံမှားခြင်းကင်း၏။နာမနှင့်သဏ္ဌာန်တို့၏ လှည့်ပတ်ရာသို့ မလိုက်ပါသည့် နည်းတူပညတ်အနေဖြင့် အမည် မှည့်ခေါ်ထားသော ဟိုဘုရား-ဒီဘုရား အစရှိသော ဘုရားတို့ကို မယူပြီ။ စိတ်တရားတို့၏ပြုပြင်ခံရမှု ဒုက္ခအ၀၀တို့မှ လွတ်ကင်းရသည် ဖြစ်၍လည်း ဆိုဆုံးမတော်မူသောဘုရားမှတပါးကိုးကွယ်ရာမရှိ၊ကိုးကွယ်ရာအစစ်သာ ဘုရားဖြစ်ကြောင်း ဒိဋ္ဌဓမ္မဖြင့် သိမြင်ရသည်ပင်လျှင် ဘုရားစစ်ကို ဒိဋ္ဌသရဏဂုဏ်ဖြင့် အမြဲဖူးတွေ့ရသည် မည်ပေသည်။ (ဤပညာသည်ကား နိဗ္ဗာန်တိုင်အောင်ပါမည်ဖြစ်၍ မသုဉ်းသော ဘုရားအစစ်ဖြစ်ကြောင်း ဉာဏ်မိစေသင့်လှ၏)။

(၂) ဖဿ = အဆင်းနှင့် အကြည်တို့ဆုံရာ၌ အဆင်း၌ ထင်သော် ရုပ်ဖဿဖြစ်၍ အကြည်၌ထင်သော် နာမ်ဖဿဖြစ်၏။ ယခုဖဿသည် နာမ်ဖဿဖြစ်၏။ ဥပမာသော်- သမထဘာဝနာအလုပ်တွင် မျက်စိအကြည်၌ထင်သော အာရုံ အရိပ်-နိမိတ် သဘောဖြစ်၏။ ရှေ့အစွန်း၌အဝိဇ္ဇာကြီးပြဋ္ဌာန်းသည့်နည်းတူ ယခုနောက်အစွန်း၌တဏှာပြဋ္ဌာန်း၍ရင်းတွင်ဝေဒနာနှင့်ဆုံပြီးရသောကံမျိုးစေ့ကိန်းလျက်ရှိပေရာထိုကံမျိုးစေ့ကိုဒိဋ္ဌကိုယ်တိုင်ပယ်နုတ်နိုင်သည်ဖြစ်သဖြင့် နောက်အစွန်း၌ယုံမှားခြင်း ကင်းလွတ်သည်ပင်လျှင်တရား၌ ယုံမှားခြင်း ကင်းသည်မည်၏။ ထို့ကြောင့် ကံမျိုးစေ့ကိုပယ်နုတ်နိုင်သော ပညာသည်သာ တရားအစစ်ဖြစ်ပေသည်။ (ဤသဘာဝပညာသည်ကားပိဋကတ်၏ အဆီအနှစ်ဖြစ်သည့်အတိုင်း မိမိ၏သဏ္ဌာန်တွင်ဓမ္မစေတီ အဖြစ်ဖြင့်မပြိုမပျက်နိဗ္ဗာန်တိုင်အောင်တည်မည်ဖြစ်၍ အထူးကြိုးစားတည်သင့်အပ်လှပါသည်) ပစ္စဓမ္မဖြစ်၏။

(၃) စေတနာ = ဝေဒနာနှင့် ဖဿတို့ ပေါင်း၍ရသော အောင်မြင်သည့်မျိုးစေ့ဖြစ်၏။ ဘယ်နေရာမှာပင် စိုက်စိုက် ပေါက်နိုင်၏။(တနည်း) ကံပေါ်အောင် စေ့ဆော်ခြင်းလည်းမည်၏၊ ယခုမှာမူကား ဝေဒနာနှင့် ဖဿနည်းတူ ကံတရားကို မဖြစ်စေနိုင်တော့သည် ဖြစ်၍ သံသရာ ဝဋ် ဒုက္ခ (တနည်း)ရှေ့နောက်အစွန်း ၂-ပါး၏ သဘာဝ ကို ဝိဒိတဓမ္မ သိအပ်ပြီးသော(တနည်း)ဒိဋ္ဌတွေ့မြင်ရသည်ပင်လျှင် ထိုအစွန်း ၂-ပါး၌ ယုံမှားခြင်း ကင်းလွတ်သည် ဖြစ်သဖြင့်ရင်း၊ အသိပညာကိုပေးသော ဆရာတော်အရှင်မြတ်သည်သာ သံဃာစစ် ဖြစ်ကြောင်း ဒိဋ္ဌ သရဏဂုဏ်ဖြင့် အပိုင်သိမြင် တွေ့၏။ (ဤပညာသည် သံသရာနှင့်အမျှ ရှာဖွေ၍ လာရသော ယုံမှားခြင်း ကင်းစင်သောဆရာ (တနည်း) သံဃာတော်မြတ်ကို ဆည်းကပ်ရသည်ဖြစ်သဖြင့် မိမိအား အမြဲမသွေနိဗ္ဗာန်တိုင်အောင် စောင့်ရှောက်မည့်သဘာဝဖြစ်သည့် အတိုင်းမကွေမကွာ ပညာရင်နို့ကိုမရအရ အလိုကျဖြစ်အောင်ကြိုးစားရမည့်ကိစ္စသည် မိမိတို့၏ တာဝန်ပင်ဖြစ်ကြောင်း သတိမမေ့အပ်ပေ)။

(၄) ကံ = ဤကဲ့သို့ လူ့ပြည်- နတ်ပြည်- နဂါးပြည်- ဂဠုံပြည်၌ရှိ ရတနာ အပေါင်းတို့ထက် ဆထက် လွန်ကြူး အတိုင်းမသိ မြတ်သော ရတနာ ၃-ပါးတို့၌ ဒိဋ္ဌသရဏဂုဏ် တည်ပြီးသောအကြင်ကလျာဏပုဂ္ဂိုလ်သည် သညာဝိညာဏ်၏ လှည့်ပတ်မှုဖြင့် ပြုလုပ်မှားမိသော အလွဲမှား-အကျင့် မှားဖြစ်သော သီလဗ္ဗတ ပရာမာသ, သံယောဇဉ်နှင့် အပိုင် မဆုံးဖြတ်နိုင် သော အယောင်ယောင်အမှားမှား ပြုလုပ်လေ့ရှိသော ဝိသမ ဟေတုက ဒိဋ္ဌိတို့မှကျွတ်လွတ်၍ ခန္ဓာဇာတ် မသိမ်းသေးသမျှ ကျန်ရှိသော အထက် ထက်သော ဘုံဘဝတို့၌မိမိ၏ အကျင့်သီလတို့၌ ယုံမှားဘွယ်မရှိ၊ ရတနာ ၃-ပါး၏ အစောင့်အရှောက် အဆုံးအမဖြင့်သာလျှင် ကြဉ်လည် ရမည် ဖြစ်၍ စိုးရိမ်ကြောင့်ကျဘွယ် မလိုသည်ကို အဘယ်မျှ အားတက် ဘွယ် သဘာဝကို ရှုဆင်ခြင်၍ မနက်သေမည်ဖြစ်သော်- ယနေ့ တရက်သာလျှင် မိမိအဘို့ သာသနာ ကျန်ရှိသည်ကို သတိမူပြီး နာရီမဆိုင်း အရ ယူထား သင့်ပေသည်။


(ပရိယောဂါဠှမမွဖြစ်၏)

(ဤတွင်-ပညာသိက္ခာကန်ဒါဝိတရဏ ဝိသုဒ္ဓိအပိုင်း အာဟာရ ၃၆-ချေစဉ်ပြီး၏)။

၁၄-၈-၆၇

(ပုံစံ အမှတ် ၁၁)

## (ပညာသိက္ခာ = မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိအပိုင်း သမ္မသနဉာဏ် စိတ် ၃၆-ချေခန်း)




စိတ်အကြောင်း ရုပ်နာမ်ခွဲစိစ်ပုံ

ယခုကဏ္ဍသည် စိတ်အကြောင်းကို ချေမည်ဖြစ်၏။ စိတ်ဟူ သည်မှာ အာရုံကိုသိတတ် ကြံတတ်၏ဟု ဒေသနာက ဆို၏။ လက်တွေ့နည်းမှာမူ စိတ်ဆိုသည်မှာဆက်စပ်ခြင်းသဘောသန္တတိ ပင်ဖြစ်ရာ ၎င်းအား ပစ္စယပရိဂ္ဂဟဉာဏ်တွင် နည်း ၄-ပါး ဖြင့် ချေခဲ့၏။ သို့သော် ကေဣရ နည်းအရ ဆက်စပ်ခြင်း သဘော သည် ပါမသွားပေ။ ယခု ၎င်းသည် တရားခံ ဖြစ်လာ၏။

**သတိ။** ။အဘိဓမ္မာနည်းအရ အာရုံကိုသိတတ် ကြံစည် တတ် ခြင်းကြောင့် စိတ်ဟု ခေါ်ဆိုရာတွင် ဤကဏ္ဍအဘို့အ ဆင်းနှင့်အကြည်ပေါင်းဆုံ၍ ပေါ်သော စိတ်သဘော ဟုမယူနိုင်ပြီ။ အဘယ့်ကြောင့်ဟူမူ ပစ္စယပရိဂ္ဂဟဉာဏ် က ချေပြီး၍ ၎င်းအဆင်းနှင့်အကြည်တို့ မဆက်နိုင် (တနည်း)ပသာဒရုပ် ၅-ပါးဖြင့် မမှီသောကြောင့် ဖြစ်၏။ ထို့ကြောင့် ယခုယူနိုင်သော အဆင်းကား- အပြင်၌မရှိ အကြည်၌ရှိနေသည်ကို သတိပြုရန်ဖြစ်၏။

**ပညတ်သန္တတိ ၄-ချက်သဘော**

အာရုံကို သိခြင်းကား- အဆင်း အကြည်တို့ တိုက်ခိုက်မှုမှ ပေါ်ထွက်သော **သဘော** ဖြစ်ရာ ၎င်းတို့သည်-

(၁) အတွင်း - အပြင်
(၂) အနု - အကြမ်း
(၃) အမြတ် - အယုတ်
(၄) အနီး - အဝေး

တို့၏ ဆက်စပ်မှုသည်ပင် ပညတ်သန္တတိမည်၏၊ ၎င်းတို့သည် နာမပညတ်နှင့် သဏ္ဍာနပညတ်တို့ ဖြစ်၍ ယခုသမုဟပညတ်နှင့် သန္တတိပညတ်အမည်ကိုယူပြီး လိုက်လာခြင်းဖြစ်၏၊ ဥတုနှင့် **အာ** ဟာရ အကြောင်း ရှိစဉ်က ဤဆက်စပ်မှု သန္တတိတို့ကို မတွေ့နိုင်ခဲ့ပေ၊ သို့သော် ဤ**ပညာစခန်း၏** သတိပဋ္ဌာန်နည်းက ဘယ်လိုပင်ဆက်စပ်နေနေ ဖြတ်မည်ဖြစ်၏။

**သတိ**။ ။ပညတ်သန္တတိသဘော အတွင်းအပြင်ဟု ပြောခြင်းသည် အကြည်သည် မိမိခန္ဓာ၌ ရှိ၍ အတွင်းအဖြစ်ဖြင့်၎င်း အဆင်းသည် ခန္ဓာပြင်ပ၌ ရှိသည်ဖြစ်၍ အပြင်သဘော ဖြစ်ရာတွင်-

သန္တတိကိုမိရန် အဆင်းကိုသော်၎င်း၊ အကြည်ကိုသော်၎င်း၊ အဆင်းနှင့်အကြည် ၂-ပါး စုံကိုသော်၎င်း ဖမ်းရမည်လော? ဤသို့ကား မဟုတ်ပေ။ အမှန်မှာမူ "ဆက်သောသဘောကို မြင် သည်ပင်လျှင် သန္တတိကို မိသည်မည်၏"။

**သို့ဖြစ်၍ ပုံစံအမှတ် ၁၁-ကိုရှုသော်**

(၁) နှလုံးအကြည်
(၂) ဓမ္မာရုံ
(၃) ဘဝင်စိတ်
(၄) မနောဝိညာဏ်

တည်းဟူသော ၄-ပါးတို့၏ ဆက်စပ်ခြင်းသဘောကို ဝေဖန်ခြင်းသည် ပရမတ်သန္တတိ "ဘယ်လို ဘယ်ကဲ့သို့" ဆက်စပ်သည်ကို ရှာဖွေသည် မည်၏။

**အဘိဓမ္မာနည်း- ပညတ်သန္တတိသဘောနေပုံ**

(၁) နှလုံးအကြည်နှင့် (၂) ဓမ္မာရုံ နှစ်ပါးဆုံခြင်းသည် (၃) ဘဝင်စိတ် ၎င်း (၁) (၂) (၃)တို့၏ ညီညွတ်ခြင်းသည် မနောဝိညာဏ်ကြီးပေါ်၏။

**ဝေဒနာတွင်-**

(၁) ဥတုအကြောင်းဖြင့် သညာဝိညာဏ်မကင်းစင်သော ဝေဒနာ
(၂) သညာဝိညာဏ်ကင်းစင်သော ဝေဒနာဟူ၍ ၂-မျိုးပြားပုံကိုသတိပြု၍-

**သတိ။** ။ဥပမာ- အဆင်းနှင့်အကြည်ပေါင်းဆုံ၍ပေါ်သော သညာသည် ယခု နှလုံး အကြည်၌ ပေါ်၏။ ၎င်းသည်ဝေဒနာအနေဖြင့်ရှိနေပေရာ အလိုရှိသောအခါ၌ ၎င်းကို အမှီပြု၍ မနောဝိညာဏ်ကြီးက ခံစားရန်ဖြစ်၏။

ထို့ကြောင့်ခန္ဓာပေါ်ရန်ဆိုသော်- ဤဝေဒနာအမည်ခံသညာကစ၍ပေါ်ရမည်ဖြစ်၏။ သညာက္ခန္ဓာဟူသည် အမှတ် အပေါင်း အစု ဖြစ်ကြောင်း သဘာဝကျကျ မြင်ဘို့အရေးကြီးပါသည်။

ဤကဲ့သို့ အဆင်းနှင့်အကြည် တပါးနှင့်တပါး အပြန်အလှန်လက်ညှိုးထိုးနေခြင်း ဖြစ်သည်ဟူသောအပြောသည် သညာ၏ အပြောဖြစ်၍ နာမပညတ်စင်စစ်ဖြစ်၏။

တဖန်-၎င်းသညာ၏အပြောနာမပညတ်သည်လည်းဝိညာဏ်၏သဏ္ဌာနပညတ်ရှိ၍သာလျှင် ပြောနိုင်ခြင်းဖြစ်ကြောင်းသတိမူ၍-

**သတိ။** ။အထူးရှုရန်မှာ အကြည်နှင့်အဆင်းခေါ် အတွင်းနှင့်အပြင် လက်ညှိုး ထိုးသည်ဆိုရာ၌ အပြင်တည်းဟူသောနာမပညတ်ခေါ်-ပေါ်သဘော သညာအဆင်းအားအဘယ့်ကြောင့် 'အပြင်' ဟုပြောနိုင်ပါသနည်း ဟုအမေးပြုသော် ''အပြင်''က ကျွန်တော် ''အတွင်း'' တည်းဟူသော သဏ္ဌာန ပညတ်ခေါ်-အထောက်ခံဝိညာဏ်ရှိ၍''အပြင်''ဟုပြောရခြင်း ဖြစ်ကြောင်းဖြေကြားပေမည်။

တဖန်''အတွင်း''အားအထက်ပါအတိုင်း အမေးပြုပြန်သော်-''အတွင်း''ကကျွန်ုတော် ''အပြင်''ကိုထောက်၍ ပြောရခြင်းဖြစ်ပါသည်ဟု ဖြေကြားမည်ဖြစ်ပေရာ-

(၁) အပြန်အလှန်ပေါ်လာရသည့် သဘောကား-နာမပညတ် သညာဖြစ်၍

(၂) အပြန်အလှန်ထောက်ခံရသည့် သဘောကား သဏ္ဌာနပညတ်ဝိညာဏ်ဖြစ်သဖြင့် **လော**ကတွင် ဘာကိုပင်ပြုပြု ဤသညာနှင့် ဝိညာဏ်တို့၏ အပြန်အလှန်ထောက်၍ ပြုလုပ်ဆောင်ရွက်ကြရသည်ဖြစ်သဖြင့် သညာဝိညာဏ်နယ်ကျယ်သည်ကိုပင်လျှင် ထိုပုဂ္ဂိုလ်အားတော်သည်၊ပါးသည် နပ်သည် လျှင်သည်ဟု ပြောကြရခြင်းဖြစ်ပေသည်။

ထိုသညာဝိညာဏ်တို့၏ အပြန်အလှန်သဘာဝသည်ပင် တောင်ပို့တည်းဟူသော မနောဝိညာဏ်၌ရှိသောဖွတ်ကောင်ဖြစ်ပေရာ မနောဝိညာဏ်ပေါက်မှာသာနေ၍ ဖမ်းမှမိနိုင်မည့်သဘာဝ ဖြစ်၏။ ပသာဒရုပ် ၅-ပေါက်ဖြင့်မရနိုင်ပေ။

**သတိ။** ။ဖမ်းရန်နည်း

ဤကဲ့သို့အပြန်အလှန် လက်ညှိုးထိုးနိုင်ခြင်းသည် ခဏပစ္စုပ္ပန်ရှိ၍ဖြစ်၏။ ''ခဏ'' ဟူသည်မှာရေသောက်မြစ်ကိုဆိုလိုပါသည်။ ထို့ပြင်၌ ၃-ချက်၏သဘောကိုသိရန်ဖြစ်ပေရာ ၎င်းတို့သည်-

(၁) ခဏဌီ = စိတ်တို့၏ ဥပါဒ်-ဌီ-ဘင် ခဏငယ် ၃-ချက်ဖြစ်၏

(၂) သန္တတိဋ္ဌီ= စိတ်ကလေးတို့၏ ဆက်စပ်ခြင်းဖြစ်၏
(၃) ပဗန္ဓဋ္ဌီ = သစ်ပင်တောတောင်ရေမြေတို့၌စီးပွားတည်နေနိုင်သော ရုပ်ဓာတ်တို့ဖြစ်၏။

**အကြောင်းတရားသန္တတိ ၄-ချက်သဘော**

(၁) အတွင်း-အပြင် = သည် ခဏဋ္ဌီဖြစ်၍ ဥတုသန္တတိဖြစ်၏။ ပရိပါစကနှင့် ဥသမ မီးဓာတ်သဘာဝဖြစ်၏၊ ၎င်း၌ အဝိဇ္ဇာရိပ်ရှိ၏။

(၂) အနု-အကြမ်း = အတွင်း အပြင်ကို အဝိဇ္ဇာဖြင့်သိမ်းပိုက်သော် တဏှာဖြစ်၏။ အာဟာရသန္တတိ မည်၏၊

(၃) အမြတ်-အယုတ်= ကံသဘော စိတ္တသန္တတိဖြစ်၏။

(၄) အနီး-အဝေး = ကံသန္တတိဖြစ်၍ ၎င်း၏အစွမ်းသည်သုဒ္ဓါဝါသဘုံ အနာဂါမ်နှင့်ရဟန္တာပုဂ္ဂိုလ်တို့မှ လွဲ၍အားလုံးသောသတ္တဝါဝေနေယျတို့၌ရှိသဖြင့် ချုပ်ခါနီးကာလ ကမ္ဘာတသိန်းမှ ပြုခဲ့ဖိသောမည်သည့်ကံ မဟူဆွဲကိုင်နိုင်သောသဘာဝဖြစ်၏။

**သတိ။** ။ဤသန္တတိ ၄-ချက်ကို ကာလ ၃-ပါးမခွဲတော့မှုဘဲလက္ခဏာယဉ် ၃-ချက်ဖြင့်ဖြတ်မည်ဖြစ်၏။

**ပထဝီဓာတ်၏- မာသဘောကိုဝေဖန်သော်**

(၁) အဆင်း၌ရှိသော = ဖောဋ္ဌဗ္ဗပထဝီ
(၂) လက်ညှိုး၌ရှိသော = ကာယပသာဒပထဝီ
(၃) ထို၂-ပါးဆုံသော = သညာပထဝီ
(၄) ထို၃-ပါးညီညွတ်သော= ဝိညာဏ်ပထဝီ

တို့၏ ၄-ပါးပေါင်းစုသော သဘောကို ပထဝီသည် မာသည် ဟု ပြောနိုင်ပေရာ ၎င်းမာသဘော အနတ္တဆိုက်ရန်(တနည်း)သုဉ်းဆိတ်ရန်-

(၁) အဆင်း၌ရှိသော ဖောဋ္ဌဗ္ဗ ပထဝီ(တနည်း)ဥတုအကြောင်း ပထဝီကို နာမရူပပရိစ္ဆေဒ ဉာဏ်ဖြင့်ချေပြီးခဲ့၏။

(၂) လက်ညှိုး၌ရှိသော ကာယပသာဒပထဝီ(တနည်း)အာဟာရအကြောင်း ပထဝီကို ပစ္စယပရိဂ္ဂဟ ဉာဏ်ဖြင့်ချေပြီးခဲ့ပေရာ ယခု

(၃) ဤ ၂-ပါးဆုံသော သညာ ပထဝီ(တနည်း)စိတ်အကြောင်းပထဝီကို သမ္မသန ဉာဏ်ဖြင့်ချေရန်ဖြစ်၏။

"သညာပုဗ္ဗကာ သင်္ခါရာ"ဟူသည့်အတိုင်း သင်္ခါရတရားဟူသမျှတို့တွင် သညာသည် သာရှေ့သွားရှိ၏ဟုဟောတော်မူခြင်းဖြင့် သညာဝိပလ္လာသခေါ် အမှတ်မှောက်မှားမှုပင် ဖြစ်ပေရာ သညာမှားသော် ဝိညာဏ်မှား၏၊ တဖန် သညာမှန်သော် ဝိညာဏ်လည်းမှန်၏။

သို့မှန်သော် သညာ၌ကပ်နေသော သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိ ၂-ပါးတို့မှ ကျွတ်လွတ်မည် ဖြစ်၏။ အနမတဂ္ဂသံသရာမှအစ ကမ္ဘာပြောင်း-ဘဝပြောင်း၍ ၎င်းဒိဋ္ဌိ ၂-ပါး မဲကြီးတန်းလန်းဖြင့် ကြဉ်လည်၍လာခဲ့ပေရာ ထိုဒိဋ္ဌိ ၂-ပါးကိုချွတ်ရန်လာခြင်းကောင်းတော်မူသော သုဂတဂုဏ်တော် အရှင် ဘုရားမြတ်စွာ၏ အဆုံးအမတည်းဟူသော သာသနာတော်နှင့်ကြုံခိုက်မကျွတ်-ကျွတ်ရလေအောင် အထူးကြိုးစားအပ်လှပါသည်။

ထို့ကြောင့် အတွင်းနှင့်အပြင်(တနည်း)ရုပ်နှင့်နာမ်(တနည်း) နာမပညတ်နှင့် သဏ္ဌာနပညတ်တို့၏ ဆက်စပ်မှု သန္တတိသည် ယခုကဏ္ဍ၏ တရားခံဖြစ်ကြောင်းနှင့် သန္တတိ ဂ-ချက်တွင် အကြောင်းတရား ဆက်စပ်ပုံသဘောကို ကြားနာပြီးပေရာ ပေါ်ခြင်း သဘောနှင့် အထောက်ခံသဘောတို့၏ အပြန်အလှန်ဖြစ်ပုံကိုလည်း နာကြားပြီးပေပြီ။

**သတိ။ ။ကာလ ၃-ပါး သဘာဝ**

"အထောက်ခံ"ကို "အတိတ်"ဟု ယူသော် "ပေါ်သဘော" သည် "အနာဂါတ်" ဖြစ်၍ အထောက်ခံကို အနာဂါတ်ဟုယူသော် "ပေါ်သဘော" သည် "အတိတ်" ဖြစ်ပြီးလျှင် ထို ၂-ပါးပေါင်းသည် ပစ္စုပ္ပန်ဖြစ်ပေရာ စင်စစ် ဤအတိတ်နှင့်အနာဂါတ်တို့သည် ပရမတ် ပစ္စုပ္ပန် မပေါ်နိုင်အောင် ဖုံးထားခြင်းဖြစ်၏။

၁၅-၈-၆၇

**သတိ။** ။ဝိသာခါတရားဓာတ်တွင် ဟောတော်မူသော အဆင်းနှင့် အကြည် တို့၏ ဆက်စပ်မှု သန္တတိသည် အဆင်းအကြည် စသော ရုပ်သဘောကို အခြေခံသည်ဖြစ်၍ သတိပဋ္ဌာန် အတွက်ကြမ်းတမ်းလှသဖြင့် ဤနည်းကိုမယူသင့်။

**ပညတ်သန္တတိ ၂-ပါးသဘော**

(၁) ပဥ္စဝိညာဏ်ခေါ် သညာ ၅-လုံးသည် အဆင်းနှင့်အကြည်ပေါင်းဆုံ၍ ငယ်ထိပ်ဦးဏှောက်အိမ်ရှိ သန္တပ္ပနမီးဓာတ်မှ ပေါ်ထွက်သော ပညတ်သန္တတိ ဖြစ်၏။ ဤသဘောကို သတိပဋ္ဌာန်က အလိုမရှိပေ။

(၂) ထိုအဆင်းနှင့် အကြည်တို့ ထိခိုက်မှုမှ ပေါ်သော အမှတ်အာရုံသည် နှလုံးအိမ်ရှိ အကြည်ဓာတ်၏ ဥသမမီးဓာတ်၌လည်း ထင်၏၊ ၎င်းအကြည်သည် ရုပ် ဂ-ပါး ဇီဝိတရုပ်-ဟဒယဝတ္ထုရုပ်- ပေါင်း ရုပ် ၁၀-ပါး၏ အစုအဝေးဖြစ်၍၊ စိတ်-စေတသိက် တရားတို့၏ တည်ရာ-မှီရာလည်းဖြစ်၏၊ ထို့ပြင်ပဋိသန္ဓေဝိညာဏ်စိတ်၏ တည်ရာလည်း ဖြစ်၏၊ ၎င်းပဋိသန္ဓေ ဝိညာဏ်သည် ဘဝင်စိတ်လည်း ဖြစ်၍ ၎င်း၏တာဝန်ကိစ္စမှာ စိတ်အပေါင်းတို့ တပါးနှင့်တပါး မရောယှက်ရန် ခြားနားပေးရခြင်းဖြစ်၏။ ၎င်းသည်လည်းပညတ်သန္တတိပင်ဖြစ်၍သတိပဋ္ဌာန်အတွက် မလိုအပ်သေးပေ။

**မနောဝိညာဏ်ကြီးပေါ်ပုံသဘော-**

(၁) နှလုံးအကြည်နှင့် (၂) ဓမ္မာရုံ ဤ ၂-ဖါးဆုံသော် မြစ်ရေအလျင်ကဲ့သို့ **အစဉ်** **စီးနေသော** ဘဝင်စိတ်သည် ပြတ်၏။ သို့ပြတ်သော်- မနောဝိညာဏ်ပေါ်၏။ (တနည်း) သိစိတ်ပေါ်၏။

(လက်တွေ့အဘိဓမ္မာနည်းဖြစ်၏)

ပင်ကိုယ်သဘာဝအားဖြင့် ၎င်းသွေးနှလုံးအကြည်သည် ပြိုးပြိုးပျက်သော အဓရောင်ရှိ၏။ ကိလေသာကာမဂုဏ်စိတ်ဝင်သော်- နောက်ကျိ၏၊ ဇာတိပဋိသန္ဓေစိတ်၏အထက် အနုန့်ကိုလိုက်၍လည်း ၎င်းသည် ကြည်ခြင်း၊ နောက်ခြင်းဖြစ်ရ၏။

အထက်တွင်ဟောတော်မူပြီးသည့်အတိုင်း ၎င်းစိတ်သဘာဝ ၄-ချက်တို့၏ ပေါင်းခြင်းသဘောကို မြင်အောင်ရှုနိုင်မှသာလျှင် မနောဝိညာဏ်ကြီးကို ဖြုတ်နိုင်မည်ဖြစ်ပေရာ—

(၁) အဝိဇ္ဇာအကြောင်း-ကြောင့် နှလုံးအကြည်ပေါ်ရပုံ
(၂) တဏှာအကြောင်း-ကြောင့် ဓမ္မာရုံပေါ်ရပုံ
(၃) ကံအကြောင်း-ကြောင့် ဘဝင်စိတ်ပေါ်ရပုံ
(၄) ဝေဒနာအကြောင်း-ကြောင့် မနောဝိညာဏ်ကြီး ပေါ်ရပုံသဘာဝကို ရှုရမည်ဖြစ်ပေသည်။

**ပေါ်ပုံသဘာဝ**

(၁) **နှလုံးအကြည်နှင့်အဝိဇ္ဇာရိပ်-** အဆင်းနှင့် အကြည်တို့ ပေါင်းဆုံစဉ်က ပေါ်သော အဆင်းသညာနှင့် အကြည်သညာတို့သည် နှလုံးအကြည်၌ထင်ခဲ့၏။ ၎င်းသည် စက္ခုအကြည်မှလာသည်ဖြစ်၍အတိတ်သညာ-အဝိဇ္ဇာရိပ်ဖြစ်၏။၎င်းသည်အထက်ကဋ္ဌများ၏ သညာပင်ဖြစ်ပြီး ယခုသမ္မသနညာဏ်တွင် သညာအမည်ကိုဖျောက်၍ သမ္မသနညာဏ်နှင့် လျော်သော အဝိဇ္ဇာရိပ်အမည်ခံယူပြီး လိုက်လာခြင်းဖြစ်သည်ကို မမေ့အပ်ပေ။

(၂) **ဓမ္မာရုံနှင့်တဏှာရိပ်-** နှလုံးအကြည်သည် ဓမ္မာရုံနှင့်ဆုံခြင်း၌ အဆင်းသညာမှလာသည့်သဘောဖြစ်၍ အနာဂါတ်သညာ တဏှာရိပ်ဖြစ်၏။

(၃) **ဘဝင်စိတ်နှင့်ကံရိပ်-** ကံတွင် (၁) ဇနကကံနှင့် ဥပထမ္ဘကကံ ၂-ပါးရှိရာ၌ အတိတ်က ပစ်ချသော ကံသည် ဇနကကံဖြစ်၍ ပစ္စုပ္ပန်တွင် ဇနကကံအား မပျက်**မစီး**အောင် စောင့်ရှောက်သောကံသည် ဥပထမ္ဘကကံဖြစ်၏။ ထိုကံ ၂-ပါးလုံးပင် သူ့နေရာနှင့်သူ အရေးကြီးပုံကိုဝင်စားကြရာ၏။

ပညတ်သန္တတိတွင် ဥပထမ္ဘကကံကို ထုတ်နိုင်ခဲ့ သော်လည်း ယခုကဋ္ဌအတွက်မှာမူ ဇနကကံကို ယူရပေမည်။ ရှင်တော်မြတ်သည် စရဏ တရားကို ဟောကြားဆုံးမတော်မူခြင်းသည် ဇနကကံကို အားပေးရန်ဖြစ်၏။ စရဏ တရားကား ဥပထမ္ဘကကံ ဖြစ်၏။

(၄) **မနောဝိညာဏ်နှင့် ဝေဒနာရိပ်=** ဝေဒနာတွင် (၁) အရိပ်ကင်းသော ဝေဒနာနှင့် (၂) အရိပ်မကင်းသော ဝေဒနာတို့ဖြစ်ရာ ယခုဝေဒနာရိပ်သည်ကား အရိပ် မကင်းသော ဝေဒနာဖြစ်၏။

အဆင်းနှင့် အကြည်တို့ ဆုံစဉ်ကရသော သညာ ၅-လုံးသည် အဆင်းနှင့် အကြည်တို့က ဆုံပေးရသော်လည်း သူတို့မခံစားနိုင်၊ ဝိညာဏ်ကြီးက သာလျှင် ခံစားပြီး ၎င်းသညာများကို ယူထားနိုင်၏။ ၎င်းသည် အဝိဇ္ဇာ-တဏှာနှင့် ကံ အကြောင်း ဝေဒနာရှိသော ဝိညာဏ်ဖြစ်၏။ ဝိညာဏ်ကြီးက ခံစားသည်ဟူရာ၌ သုခ-ဒုက္ခ သဘောဖြင့် သိမ်းပိုက်နိုင်ခြင်းဖြစ်၏။

**သတိ။** ၎င်းအကြောင်းတရား ၄-ပါး ဆက်စပ်လျက်ရှိနေခြင်းကို ပရမတ်သန္တတိ ဟု ဆိုရ၏၊ ၎င်းသန္တတိကို ဖြတ်နိုင်သော် ဝိညာဏ်ကြီးသေမည်ဖြစ်၏။

**သတ်ရန်မှာ-**

၎င်း မနောဝိညာဏ်ကြီးကို ထောက်ခံအားပေးလျက်ရှိသော—

(၁) အဝိဇ္ဇာရိပ် = အတိတ်အကြောင်း
(၂) တဏှာရိပ် = အနာဂါတ်အကြောင်း
(၃) ကံရိပ် = ပစ္စုပ္ပန်အကြောင်းတို့ကို ကာလ ၃-ပါးဖြင့်သတ်ရန် ဖြစ်ပေသည်။

အများသော ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်တို့သည် ယခုအခါတွင် လက္ခဏာယဉ် ၃-ချက် ဖြစ်သော အနိစ္စ-ဒုက္ခ-အနတ္တကို ပုတီးစိပ်လျက်ရှိနေကြ၏။ ပါးစပ်မှလည်း အရေးကြုံသော်၎င်း၊ လူသေခြင်း-ခွေးသေခြင်းအစ ပန်းကန်လေးတချပ်ကွဲသည်ကိုပင် မမြဲသည့်ပျက်စီးသည့် ဘဘောကို ရည်၍ အနိစ္စဟူ၍၎င်း၊ မိမိ၏စိတ်ဝိညာဏ်ဖြင့်အခန့်မသင့်သောအခါ၌၎င်း၊ အလိုမကျ ဖြစ်သော အခါ၌၎င်း-ဒုက္ခဟူ၍၎င်း၊ ပုဂ္ဂိုလ်သတ္တဝါမရှိ-ကိုယ်မဟုတ်- သူမဟုတ်- ငါမဟုတ်ဟု အလွယ် ဖြင့်ပင်လျှင် အနတ္တ ဟူ၍၎င်း ရွတ်ဆိုလေ့ ရှိနေကြပေသည်။

ရှင်တော်မြတ်အလိုတော်ကျနှင့် မိမိတို့၏ လိုအင်ဆန္ဒအတိုင်း မဂ်ဖိုလ်နိဗ္ဗာန်ကို ရနိုင်ရန်သည် ဤရေ၁ရမ်းရုံမျှဖြစ်သော အနိစ္စ-ဒုက္ခ-အနတ္တဖြင့် ရနိုင်မရနိုင်ဆိုသော ပြဿနာကို ယခု သမ္မာသနည်ဏ်က အဆုံးအဖြတ်ပေးမည်ဖြစ်ပေသည်။ **သို့ဖြစ်၍ ဆက်စပ်ခြင်းသဘာဝကိုရှုသော်- အဆင်းတည်းဟူသော ဥတုအကြောင်းကို ချိတိုင်ထား၍-**

(၁) အတွင်း-အပြင်သည် = ဥတုနှင့် ဥတုအကြောင်းတို့၏ဆက်စပ်ခြင်း
(၂) အနု -အကြမ်းသည် = ဥတုနှင့်အာဟာရအကြောင်းတို့၏ဆက်စပ်ခြင်း
(၃) အမြတ် -အယုတ်သည် = ဥတုနှင့်စိတ်အကြောင်းတို့၏ဆက်စပ်ခြင်း
(၄) အနီး -အဝေးသည် = ဥတုနှင့် ကံအကြောင်းတို့၏ ဆက်စပ်ခြင်း
တို့ကြောင့်ဖြစ်ပုံကိုသိမြင်စေရာ၏။

သတိ။ ။၍တွင်-

(၁) ဥတုနှင့် ဥတုအကြောင်းဖြစ်သော= အတွင်း- အပြင် သဘောကို နာမ ရူပ ပရိစ္ဆေဒ ဉာဏ်ဖြင့် ချေခဲ့၍ စကြာဝဠာအနန္တ၃၁-ဘုံအတွင်း ရှိရှိသမျှသော သဝိညာဏက-အဝိညာဏက-ရုပ်လောက အားလုံး ပြုတ်ပြုတ် ပြုန်းပြီးလျှင် အတ္တအစွဲ ၄-ချက်ပြုတ်ခဲ့၏။

(၂) ဥတုနှင့် အာဟာရအကြောင်းဖြစ်သော= အနု-အကြမ်း သဘောကို ပစ္စယ ပရိဂ္ဂဟဉာဏ်ဖြင့် ချေခဲ့၍ စကြာဝဠာအနန္တ ၃၁ဘုံအတွင်း ရှိရှိ သမျှသော သဝိညာဏက နာမ်လောကြီးအားလုံးအကြွင်းမရှိကျေပြီးလျှင် ဝိသမဟေတုက ဒိဋ္ဌိကြီး ပြုတ်ခဲ့၏။

(၃) ယခု ဥတုနှင့် စိတ်အကြောင်းဖြစ်သော အမြတ်-အယုတ်-သဘောကို ချေမည် ဖြစ်၏။ နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်တို့က ရုပ်နာမ်လောက ကြီးကို ဘယ်လိုပင်ချေချေ ကျန်နေသေးသည့်သဘောကား ရှိ၏။ ၎င်းသည် ဆက်စပ်ခြင်းခေါ် သန္တတိသဘောဖြစ်၍၊၎င်းကို ၍ဉာဏ် က ဖြတ်တောက်မည် ဖြစ်ပေသည်။

**အထူးသတိပြု၍-** တချက်လွတ်အမှတ်ပြုရန်မှာ- အနိစ္စဟူသည် ရုပ်ကိုမဟုတ်၊ နာမ်ကိုမဟုတ်။ ယခုဖော်ပြသော ဆက်စပ်မှုသန္တတိကို ရှုဆင်ခြင်မှ သဘာဝအစစ်ကို တွေ့ရ မည့် ကိစ္စပင်ဖြစ်၏။

၎င်းစိတ်အကြောင်းကို ချေပြီးသော်- နောက်ဆုံး ကံအကြောင်းသာလျှင် ကျန်တော့၏။ သို့သော် သဘာဝပညာဟူသည် ဥတုကိုရှုသော် အာဟာရပါ၍ အာဟာရကိုရှုသော် စိတ် ပါရသည့်နည်းတူ စိတ်ကိုရှုသော် ၍ကဏ္ဍတွင်လည်း ကံပါရ၏။

သို့ဖြစ်၍ စိတ်နှင့်ကံမှာ အပြန်အလှန်ကျေးဇူးပြုပေရာ ကံတည်းဟူသော ဇနကကံကြောင့် စိတ်ဖြစ်ရ၍ စိတ်တည်းဟူသော ဥပထမ္ဘကကံကြောင့်လည်း ကံဖြစ်ရပုံကို အထူး ဝင်စားရမည့် သဘာဝဖြစ်ပါသည်။

အထက်တွင် မနောဝိညာဏ်ကြီးပေါ်ပုံသဘောကို နာကြားပြီးခဲ့ပေရာ ၎င်းစိတ်အကြောင်း တရား ၄-ပါး၏ အကြောင်းတရား၄-ချက်ဖြစ်သောအဝိဇ္ဇာ၊တဏှာ၊ကံနှင့်ဝေဒနာတို့၏ဆက်စပ်မှု သန္တတိသဘောကို ရှုဆင်ခြင်နိုင်မှအနိစ္စအစစ်ကိုတွေ့ရမည်ဖြစ်ကြောင်းနှင့် အနိစ္စသည်သဘာဝပင် ကိုယ်တရားဖြစ်သည့်အတိုင်း နှလုံးအကြည်ကိုသော်၎င်း၊ ဓမ္မာရုံကိုသော်၎င်း။ဘဝင် စိတ်ကိုသော် ၎င်း၊ မနောဝိညာဏ်ကိုသော်၎င်းရှု၍ရမည် မဟုတ်ကြောင်းကိုလည်း အထူးသတိချပ်အပ်ပါသည်။

သတိ။ ။**ဆက်စပ်မှုသန္တတိသဘော**

စိတ်အကြောင်းတရား ၄-ပါး၏အကြောင်းတရား ၄-ချက်ဆက်စပ်မှုရှုသော်-

(၁) နှလုံးအကြည်ခေါ် အဝိဇ္ဇာရုပ်နှင့် ဓမ္မာရုံခေါ်တဏှာရုပ်တို့၏ဆက်စပ်မှု တချက်-


(၂) ဓမ္မာရုံခေါ် တဏှာရိပ်နှင့် ဘဝင်စိတ်ခေါ်ကံရိပ်တို့၏ ဆက်စပ်မှုတချက်


(၃) ဘဝင်စိတ်ခေါ်ကံရိပ်နှင့် မနောဝိညာဏ်ခေါ်ဝေဒနာရိပ်တို့ ဆက်စပ်မှုတချက် ပေါင်းအဆက်သုံးချက်ဖြစ်၍ ၎င်းကိုရည်တော်မူသော ရှင်တော်မြတ်သည် "အတီတာနာဂတပစ္စုပ္ပန္နံ အနိစ္စံ ခယဋ္ဌေန ဒုက္ခံ ဘယဋ္ဌေန အနတ္တာ အသာရကဋ္ဌေန" ဖြင့် ဟောတော်မူခြင်းဖြစ်ပေသည်။

၎င်းဆက်ဆပ်မှုပြတ်သည်ပင်လျှင် နီး-ဝေး ကံအဆက်ပြတ်သည်မည်သဖြင့်သံသရာ့မဲကြိုးပြတ်ခြင်းလည်း ဖြစ်ပေသည်။

(ဤသဘာဝမှခန္ဓာပေါ်မည်ဖြစ်၏)

(ပုံစံအမှတ် ၁၂)                                                  ၁၆-၈-၆၇




**ခန္ဓာသည်**

(၁) အဟိတ်ခန္ဓာ (၂)သဟိတ်ခန္ဓာဟူ၍ ၂-ပါးရှိရာ တဖန်ထပ်၍ပြားသော် ၂-ပါးစီရပြန်၏။ ၎င်းတို့မှာ-

**အဟိတ်ခန္ဓာသည်**

(၁) အလောဘ၊ အဒေါသ၊ အမောဟ၊ ဟိတ် ၃-ပါးမရသော အပါယ် ၄- ဘုံသားတို့ ယူသောခန္ဓာ

(၂) နား-မျက်စိ ဆွံ့အသော ဟိတ် ၃-ပါးမရသည့် လူ့ဘုံသားတို့ယူသောခန္ဓာ

ဤ ၂-ရပ်စလုံး ယခုဘဝတွင် မဂ်တရား ဖိုလ်တရားကိုမရနိုင်ပေ။

**သဟိတ်ခန္ဓာသည်**

(၁) အလောဘ-အဒေါသ ဟိတ် ၂-ပါးသာရသော ဒွိဟိတ်ခန္ဓာ

(၂) အလောဘ အဒေါသ အမောဟ ဟိတ် ၃-ပါးစလုံးရသော တိဟိတ် ခန္ဓာတို့ ဖြစ်ပေရာ-

အဟိတ်နှင့် ဒွိဟိတ်ခန္ဓာတို့သည် ပဒပရမ ပုဂ္ဂိုလ်တို့ဖြစ်၍ယခုဘဝတွင် မဂ်တရား ဖိုလ်တရားကိုမရနိုင်ပေ။

**သတိ။** ။ဤဉာဏ်တွင် အဟိတ် ခန္ဓာ ၂-ပါး ကိုသာဖော်ပြနိုင်သည်ဖြစ်၏။ သဟိတ်ခန္ဓာကိုမဖော်နိုင်သေးပေ။

**သန္တတိ ၂-ပါးသဘော**

(၁) ရုပ် သန္တတိ ဓာတ် ၄-ပါး တို့၏ အစဉ်သဘောသန္တတိ ဖြစ်၏၊ ဥပမာ လက် ၄-ချောင်းကိုထောင်ကြည့်သော်တချောင်းနှင့်တချောင်းစဉ်နေပုံသဘောဖြစ်၏။

(၂) နာမ်သန္တတိ အဝိဇ္ဇာ-တဏှာ-ကံ-ဝေဒနာအကြောင်းတို့၏ ဆက်စပ်ခြင်းသဘော ဖြစ်ပေရာ ၎င်းတို့၏ဆက်စပ်မှုကို ဖြတ်တောက်နိုင်မှု မနောဝိညာဏ်ကြီး သေမည်ဖြစ်၏။

ထိုအကြောင်းတရား ၄-ပါးတွင် ခေါင်ချုပ်ဖြစ်သော မနောဝိညာဏ်ခေါ် ဝေဒနာအား အဝိဇ္ဇာ-တဏှာ-ကံ ၃-ပါးတို့က ကာလ ၃-ပါးအနေဖြင့် ၃-ချောင်းထောက်၍ ထားခြင်း ဖြစ်၏။

(၁) အတိတ်ကာလ အဝိဇ္ဇာကို အနိစ္စလက္ခဏာဖြင့် ဖြတ်တောက်သော်သဿတဒိဋ္ဌိ ဇာတ်သိမ်းမည်၊

(၂) အနာဂါတ်ကာလတဏှာကို ဒုက္ခလက္ခဏာဖြင့်ဖြတ်သော် ဥစ္ဆေဒဒိဋ္ဌိ ဇာတ်သိမ်းမည်။

(၃) ပစ္စုပ္ပန်ကာလ ကံကိုအနတ္တလက္ခဏာဖြင့်ဖြတ်သော် သဿတဥစ္ဆေဒဒိဋ္ဌိဇာတ်သိမ်းပြီးလျှင် မနောဝိညာဏ်ကြီး သေမည်ဖြစ်ပေသည်။

**ကာလ ၃-ပါး လက်တွေ့နည်း**

မိမိ၏ကမ္မဋ္ဌာန်းကျောင်းမှ တရားနာရန် ဓမ္မာရုံသို့ အလာတွင် ဘိနပ်ချွတ်အပေါက်ဝသို့ ရောက်သော် ရပ်၏(ပညာဖြင့်ရှုသော်)ကမ္မဋ္ဌာန်းကျောင်းမှစ၍ ဘိနပ်ချွတ်အရောက် လှမ်းလာသော ခြေလှမ်းတို့သည် ယခုမရှိပြီ၊ သို့သော် ၎င်းခြေလှမ်းများကို သညာအမှတ် ဖြင့်သာ ပြောနိုင်ခြင်းကြောင့် မျက်ကွယ်သဘော အဝိဇ္ဇာမည်၏။

သတိ။ ။သို့ရာတွင် အတိတ်သဘောသန့်သန့်၌ သညာမပါနိုင်သေး၊ ဘိနပ်ချွတ်တွင် ရပ်ခြင်း တည်းဟူသော ပစ္စုပ္ပန်ကာလမှနေ၍ နောက်ကြောင်းကို ထောက်ပြီးမှ သာလျှင် သညာပါလာနိုင်သည်ဖြစ်သဖြင့် ရုပ်သဘောမှန်က အတိတ်ကစခြင်း ဖြစ်ပေသည်။

အချုပ်မှာမူကား- အတိတ်ဟူသည် မျက်မှောက်အနေဖြင့် ထင်ရှားမရှိ၊ သညာ အမှတ်သဘောဖြင့်သာရှိခြင်းကြောင့် အဝိဇ္ဇာမည်ပေသည်။

တဖန် ဘိနပ်ချွတ်မှနေ၍ တရားနာရန် နေရာအရောက်သွားရန် ကိစ္စသည် ပထမခြေလှမ်း မှီနေရာတည်းဟူသော သဏ္ဌာန်ကိုလှမ်း၍ စိတ်ဝိညာဏ်ဖြင့် ကိုင်ဆွဲရအုံးမည် ဖြစ်ရာ ၎င်းသည် ပစ္စုပ္ပန်မှနေ၍ အနာဂါတ်သို့ ထောက်သည်ဖြစ်ခြင်းကြောင့် အနာဂါတ်ကာလ တဏှာမည်၏။

**ထို့ကြောင့် ပစ္စုပ္ပန်မှနေ၍**

(၁) ဖြစ်ပြီးကို ဆွဲကိုင်ထားခြင်းကား အတိတ်သညာ-ရုပ်သဘော-နာမပညတ်-အဝိဇ္ဇာ ရုပ် ဖြစ်ပုံကိုရင်း

(၂) မဖြစ်သေးသည်ကို ပထမ သဏ္ဌာန်ယူ၍ လှမ်းကိုင်ခြင်းကား အနာဂါတ် သညာ နာမ်သဘော- သဏ္ဌာနပညတ်-တဏှာရုပ် ဖြစ်ပုံကိုရင်း

(၃) အတိတ်နှင့် အနာဂါတ်သညာ (တနည်း) ရုပ်နှင့်နာမ် (တနည်း) နာမပညတ်နှင့် သဏ္ဍာနပညတ် ၂-ပါးပေါင်းစပ်မှုသည် ပစ္စုပ္ပန်သညာ ကံရိပ်ဖြစ်ပုံကိုငင်း ဉာဏ်မြင်ရှင်းသည့်တိုင်အောင် ရှုဆင်ခြင်၍ ယခုခေတ် အများပင် ပြောလေ့ ရှိသောအတိတ်မရှိ- အနာဂါတ် မရှိဟူသည်တို့ကား ဥစ္ဆေဒဒိဋ္ဌိအယူဉ်ကျပုံကိုအထူးသတိပြုအပ်ပါသည်။

**သတိ။** ။၍ကာလ ၃-ပါးဆက်စပ်မှုသန္တတိကိုလက္ခဏာယာဉ်၃-ချက်ဖြင့်ဖြတ်သော်တခုသော သဘာဝသည် ထွက်ပေါ်၏။ ၎င်းသဘာဝသည် ပရမတ်တရားအစစ်ဖြစ်၍ နိဗ္ဗာန်သို့ ၎င်းဖြင့် အရောက်သွားနိုင်သည်ဖြစ်သဖြင့် ယဉ်မည်၏-

သို့ဖြစ်သော် စိတ်-စေတသိက်-ရုပ်တရားတို့သည်လည်း ပရမတ်တရားတို့မဟုတ်ပြီလောဟု မေးရန်ရှိ၏၊ ပရမတ်တရားကား ဟုတ်၏၊ သို့သော် သခ်တလောကကြီး၏ ဖြစ်ပုံပျက်ပုံသဘောတို့ ဖြစ်၍ နိဗ္ဗာန်မရောက်နိုင်ပေဟု မှတ်သားရန်ဖြစ်၏။

**ဝိပဿနာတရားကိုအားထုတ်သောပုဂ္ဂိုလ်သည်အကျဉ်းအားဖြင့် သိအပ်သည်မှာ-**

(၁) သုတ ဗုဒ္ဓ = ပရိယတ်အကြားအမြင်ဖြင့် သိသော ပုဂ္ဂိုလ်

(၂) အနုဗုဒ္ဓ = သစ္စာ ၄-ပါးတရားကို သိမြင် ပေါက်ရောက် တော် မူကြသော အရိယာအရှင်မြတ် ၄-ပါး

(၃) ပစ္စေကဗုဒ္ဓ = နှစ်သင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီတော်ကိုဖြည့်၍ သစ္စာ၄-ပါး ကို သိမြင်သောအရှင်မြတ်

(၄) သမ္မာသမ္ဗုဒ္ဓ = သင်္ချေနှစ်ဆယ် ကမ္ဘာတသိန်း ပါရမီတော်ကို ဖြည့်၍ သစ္စာ ၄-ပါးကို အကြွင်းမရှိ သိမြင်သော ဘုရားရှင်ဖြစ်၏။

၍တွင်နာမရူပ ပရိစ္ဆေဒဉာဏ်နှင့်ပစ္စယပရိဂ္ဂဟဉာဏ်ကိုရသောကလျာဏပုဂ္ဂိုလ်သည်လည်း အနုဗုဒ္ဓအဖြစ်သို့စ၍ဝင်သည်ဟုပြောနိုင်၏။ အဘယ့်ကြောင့်ဟူမူ ထိုကလျာဏ ပုဂ္ဂိုလ်သည်ရုပ်တရားနာမ်တရားကိုသူတထူးအားရှင်တော်မြတ်ကိုယ်စား ဆိုဆုံးမနိုင်သောကြောင့်ပေတည်း။

သို့ဖြစ်၍-မဂ်တရား၊ဖိုလ်တရားကိုအလိုရှိသောဝိပဿနာတရားကိုအားထုတ်သည့် ပုဂ္ဂိုလ်သည် အနုဗုဒ္ဓကိုဆည်းကပ်မှီဝဲမှသာလျှင် ပေါက်ရောက်နိုင်မည်ဖြစ်၏။ ၍ပုဂ္ဂိုလ်သည်သာ သူတော်ကောင်းအစစ်ဖြစ်၏။ သို့မဟုတ်ပါမူကား အစားသူတော်ကောင်း၊ အဝတ်သူတော်ကောင်း၊ အကျင့်သူတော်ကောင်း၊ အနေသူတော်ကောင်း အစရှိသော ရုပ်တရားနမ်တရားကို မပေးနိုင်သည့် ပုဂ္ဂိုလ်များနှင့်တွေ့၍ အကျင့်တရားများကိုသာရရှိနိုင်မည်ကိုသတိပြုသင့်ပါသည်။

တဖန်ဝိပဿနာတရားသည် ပညာ၏တရားဖြစ်၍ တဖြည်းဖြည်းကျဉ်းရမည်၊ သညာ၏ သဘောကား တဖြည်းဖြည်းကျယ်ရမည်ဖြစ်သဖြင့်လည်း ပရမတ်သဘာဝကိုအလိုရှိ၍ ဝိပဿနာ တရား အားထုတ်ပါမှ ပညတ်တရားနှင့်တွေ့ရတတ်သဖြင့် အထူးသတိပြုသင့်ပါသည်။

**ထို့ကြောင့်။** ။(၁) သခ်တလောက၏ ရုပ်အားလုံးကိုကြိတ်ချေသော်-အဝိဇ္ဇာရ၏။

(၂) သင်္ခတလောက၏ နာမ်အားလုံးကိုချေသော် တဏှာရ၏။

ဤသဘာဝကို ရည်တော်မူသောရှင်တော်မြတ်သည် လောကကြီးအားအဝိဇ္ဇာနှင့် တဏှာ၊ဒုက္ခနှင့် သမုဒယ ထား၍ဆုံးမတော်မူခြင်းဖြစ်၏။

(၃) ဤကဲ့သို့ရုပ်နှင့်နာမ် အဝိဇ္ဇာနှင့် တဏှာတို့ဆုံသော် ကံ- ထွက်ပေါ်၏ ၎င်း ၃-ပါးကိုချေသော် ပရမတ်အစစ်ဖြစ်သော ဝေဒနာတို့ကို တွေ့ရမည်ဖြစ်ပေသည်။

**ကာလ ၃-ပါးခွဲစိပ်ပုံတနည်း**

''စက္ခုံ စ ပဋိစ္စရူပေစ ဥပ္ပဇ္ဇတိ၊စက္ခုဝိညာဏံတိဏ္ဏံသင်္ဂတိ ဖဿောဖဿပစ္စယာဝေဒနာ'' ဟုပဋိစ္စသမုပ္ပါဒ်ပါဠိတော်အရမိမိ၏ရှေ့တွင်ရှိသောလက်ဘက်ရည်ပန်းကန်ကိုကြည့်သော်ဘာကို မြင်ပါသနည်း။ လက်ဘက်ရည်ပန်းကန်ကို မြင်ပါသည်ဟု ပြောရပေမည်။ ဤ အပြောသည်ပင် ကာလ ၃-ပါး ပဋိစ္စသမုပ္ပါဒ်ယန္တယားပတ်ပြီးသည်ဖြစ်၏။အလွန်ပင်လျှင်မြန်လှပေသည်။

**သတိ။ ။အဘယ်ကဲ့သို့ပတ်ပါသနည်း**

(၁)လက်ဘက်ရည်ပန်းကန်တည်းဟူသော အမည်နာမပညတ်သည်အဆင်းကို အမှီပြု၍ပြောရသည်ဖြစ်ရာ-၎င်းအမည်သည်ဘယ်တုံး ဘယ်ခါ ဘယ်ကာလမှအစပြု၍ မှည့်ခေါ်လာသည်ကိုမသိနိုင်သည့်အတိုင်း မျက်ကွယ်သဘော အတိတ်သညာ ဖြစ်၏၊ ၎င်းအား အနှစ်အသားအနေဖြင့် ဆွဲကိုင်မှုသည် အဝိဇ္ဇာအရိပ်၏ လှည့်ပတ်မှုဖြစ်သဖြင့် သဿတဒိဋ္ဌိ၌ကျရခြင်းဖြစ်၏။ (အနိစ္စလက္ခဏာဖြစ်၏)။

(၂) စက္ခုအကြည်-၎င်း၌လည်း အနာဂါတ်သဘော၊ အနာဂါတ်သညာ၊သဏ္ဌာန ပညတ်ဖြစ်၍ ၎င်းကိုအနှစ်အသားအနေဖြင့် စွဲယူခြင်းသည် တဏှာရိပ်၏ လှည့်ပတ်မှု ဖြစ်သဖြင့် ဥစ္ဆေဒ ဒိဋ္ဌိ၌ ကျရခြင်းဖြစ်ပေသည်။ (ဒုက္ခလက္ခဏာဖြစ်၏)။

(၃) အတိတ်နှင့်အနာဂါတ် (တနည်း)နာမနှင့် သဏ္ဌာနပညတ်(တနည်း) အဝိဇ္ဇာနှင့်တဏှာအပြန်အလှန် မျက်တောင်ခတ်မှုဖြင့် မျက်မှောက်သဘော ပစ္စုပ္ပန်သညာ ပေါ်၏။ ၎င်းအားအနှစ်အသားအနေဖြင့် ဆွဲကိုင်ခြင်းသည် ကံရိပ်၏လှည့်ပတ်မှုဖြစ်သဖြင့် သဿတဥစ္ဆေဒ ဒိဋ္ဌိ၌ကျရခြင်းဖြစ်၏။ (အနတ္တလက္ခဏာဖြစ်၏)။

ဤကာလ ၃-ပါး ယန္တရား၏ ဆက်စပ်မှုသန္တတိကိုဖြတ်သော် မနောဝိညာဏ်ကြီး ဇာတ်သိမ်းပြီးလျှင် ပရမတ်အစစ်ဖြစ်သော ဝေဒနာတလုံးသာကျန်မည်ဖြစ်၏။ ၎င်းမှ ခန္ဓာအ သီးသီး ပေါ်ထွက်မည်ဖြစ်၏။

(၁၇-၈-၆၇)

**သတိ။** ။စိတ် စေတသိက် ရုပ်စသော ပရမတ်တရားတို့သည် အမည်တည်းဟူသော နာမပညတ် ပေး၍ရသေး၏။ ၎င်းတို့ကို နာမရူပပရိစ္ဆေဒဉာဏ် ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့် ချေလိုက်ရာတွင်-

(၁) စိတ်တရားအားလုံးတို့သည် ဝေဒနာတလုံး၌ဝင်၏။

(၂) စေတသိက်တရားအားလုံးတို့သည် ဖဿတလုံး၌ဝင်၏။

(၃) ရုပ်တရားအပေါင်းတို့သည်ကား နာမရူပပရိစ္ဆေဒဉာဏ်၏ ဒဏ်ချက်ဖြင့် ယခု ပြောစရာပင်မရှိဖြစ်ပေရာ-

ဤသမ္မသနဉာဏ်မှထွက်သော ပရမတ်သည် ဝိပဿနာပညာ၏ အရာသာဖြစ်၏၊ အမည်ပေး၍မရနိုင်ပြီဖြစ်၏။

ယမန်နေ့ဟောစဉ်ဖြင့် နာမ်သန္တတိဖြစ်သော အဝိဇ္ဇာ တဏှာ ကံအကြောင်းတရားတို့သည် အတိတ်အနာဂါတ် ပစ္စုပ္ပန် ကာလ ၃-ပါးတို့၏ သညာသဘောဆက်စပ်မှုကို နာကြားပြီး ပေသည်။

**သတိ။** ။(၁)ဤတွင် အတိတ်ရိပ်အဝိဇ္ဇာကို အနိစ္စလက္ခဏာဖြင့်သိမ်းရမည်ဖြစ်ပေရာ အဘယ့်ကြောင့်အနိစ္စဖြင့်သိမ်းရသနည်း? ဒုက္ခလက္ခာဖြင့် မသိမ်းနိုင်ပြီလောဟုအမေး ပြုသော် ဒုက္ခဖြင့်မသိမ်းနိုင်ပေ။

''အနိစ္စံ သင်္ခတံ ပဋိစ္စသမုပ္ပန္နံ ခယဓမ္မံ ဝယဓမ္မံ ဝိရာဂဓမ္မံ နိရောဓဓမ္မံ'' ဟူသည်နှင့်အညီ မိမိ၏ ကမ္မဋ္ဌာန်းကျောင်းမှ အထွက်လှမ်း၍လာပြီးသောခြေလှမ်းတို့သည် ဘိနပ်ချွတ်၌ရပ်သော်မရှိတော့သည်ဖြစ်၍ခယဓမ္မံကုန်ခြင်းသဘောဖြစ်ရာ၊ ထိုကုန်ပြီးသောခြေလှမ်းတို့သည်တဖန်ပြန်၍မဖြစ်နိုင်သော အပျက်ဖြစ်သဖြင့် ဝယဓမ္မံ-ပျက်ခြင်း သဘောဖြစ်၏။ တဖန်ထိုပျက်ပြီးသောခြေလှမ်းတို့သည်လည်း ပြန်၍အသစ်တဖန်ဖြစ်ခြင်းမှ ကင်းဆိတ်သည်ဖြစ်၍ ဝိရာဂဓမ္မံ= ကင်းခြင်းသဘော ဖြစ်၏။ ထိုကင်း ခြင်းသဘောသည် ချုပ်ခြင်းငြိမ်းခြင်းသဘော၌ ဥက္ကောင်းဆိုက်ရသည် ဖြစ်သောကြောင့် နိရောဓဓမ္မံ-ချုပ်ခြင်းသဘောမည်၏။

ဤကဲ့သို့ ရုပ်သဘောအတိတ်ကာလကြီးအား အနိစ္စလက္ခဏာဖြင့်သိမ်းဆည်းလိုက်သော်- အဆင်း (တနည်း) နာမပညတ် (တနည်း) အဝိဇ္ဇာသည် ဇာတ်သိမ်းတော့သဖြင့် ထိုပုဂ္ဂိုလ်သည် အတိတ်ကာလသဘောကို အနှစ်အသားအနေဖြင့် မဆွဲကိုင်ခြင်းသည် သဿတဒိဋ္ဌိမှ ကျွတ်လွတ်သည်မည်၏။

**အကျိုးတရားမှာကား-**

ထိုကလျာဏပုဂ္ဂိုလ်သည် မျက်ကွယ်သဘောဖြစ်သော အတိတ်ကာလကြီး သုဉ်းဆိတ်ပြီးဖြစ်သည့်နည်းတူ အတိတ်သဘော ကိလေသာကာမဂုဏ်အာရုံတို့ကိုမဆွဲကိုင်တော့မူ၍အထူးသဖြင့် အတိတ်အာရုံကိုယူ၍ ပြောရသော သူတထူး၏မကောင်းကြောင်းကို သူတထူး၏ မျက်ကွယ်၌ ဘယ်သောအခါမျှ မပြောပြီဖြစ်၏။ ဗ္ဗဿာ မစ္ဆရိယ အယုတ်တရား ၂-ပါးသည်လည်း ဤဒိဋ္ဌိမှ ပေါ်ထွက်ခြင်းဖြစ်၍ ထိုကလျာဏပုဂ္ဂိုလ် ပယ်သတ်နိုင်၏။

(၂) ဤကဲ့သို့ အတိတ်ကာလ အဝိဇ္ဇာကြီးအား အနိစ္စလက္ခဏာဖြင့် သိမ်းဆည်းလိုက်သော်ငင်းအား မှီခိုအားထားနေရသည့် အကြည် (တနည်း) သဏ္ဍာနပညတ်(တနည်း)တဏှာ ရိပ်ဖြစ်သော နာမ်တရား အနာဂါတ်ကာလသည် အတိတ်ကာလကြီးအား အားမကိုးရသည့်အတိုင်း ဘေးဒုက္ခဖြင့်ရင်ဆိုင်နေရပြီးဖြစ်၍ ဒုက္ခံဘယဋ္ဌေန= ဘေးဟူသော အကြောင်းကြောင့် ဒုက္ခဟူသည်နှင့်အညီ အနာဂါတ်ကာလသည်လည်း ဒုက္ခလက္ခဏာ၌ ဆိုက်ရောက်ပြီးလျှင် ထိုပုဂ္ဂိုလ်သည်ဥစ္ဆေဒဒိဋ္ဌိမှ ကျွတ်လွတ်ရပြန်၏။

သတိ။ ။ထို့ကြောင့် ရုပ်သဘော အတိတ်ကာလ အဝိဇ္ဇာကြီးကိုသာလျှင် အနိစ္စလက္ခဏာဖြင့် ပယ်သတ်နိုင်ရန်သည်သာ အရေးအလွန်ကြီး၏။ နာမ်သဘော အနာဂါတ်ကာလ တဏှာရိပ်သည်ကား ဒုက္ခလက္ခဏာဖြင့် ချောက်ရုံမျှဖြင့် ကြောက်သည်ဖြစ်၍ အနိစ္စလက္ခဏာကိုသာလျှင် ပထမ ခဲရန် မဲရန်ဖြစ်ပါသည်။

(၃) တဖန်- အတိတ်နှင့်အနာဂါတ်ကာလ အဝိဇ္ဇာနှင့်တဏှာ ၂-ပါး စုံညီမှသာလျှင် တင့်တယ်သော အမြင်သဘော (တနည်း) သမူဟပညတ် (တနည်း) ကံရိပ်ဖြစ်သော ပစ္စုပ္ပန်ကာလသည်ယခုအားထားဘွယ် လုံးဝမရှိတော့သဖြင့်အနတ္တ= အသာရကဋ္ဌေနဟူသည်နှင့်အညီ အနှစ်အသားဟူက မြူမျှမရှိတော့၍ အနတ္တလက္ခဏာ၌ ကျရောက်ပြီးလျှင် နောင်တဖန်ထပ်၍ ပေါက်နိုင်သည့်မျိုး သုဉ်းတော့သည်ဖြစ်၏။

ဤသို့ဖြင့် ကာလ ၃-ပါးအား လက္ခဏာယဉ် ၃-ချက်ဖြင့် သိမ်းဆည်းလိုက်သော်- ပစ္စုပ္ပန်ဝေဒနာတလုံးသာကျန်၏။ စိတ်-စေတသိက် တရားအပေါင်းတို့အားလုံး ဤဝေဒနာသဘာဝမှသာလျှင် ပေါ်ရသည်ဖြစ်ကြောင်း ဉာဏ်မြင်မိအပ်ပေပြီ။

သတိ။ ။သတ္တဝါတို့တွင် မိမိတို့၏ခန္ဓာကိုယ်ရှိ ဒွါရ ၆-ပေါက်နှင့် အပြင်ရှိ အာရုံ ၆-ပါး တို့သည် စင်စစ် နှလုံးအိမ်ရှိ ဝေဒနာက ခံစားနိုင်စေရန် အရောင်းပြပေးခြင်းသဘောသာဖြစ်၏။ (တနည်း) မုဆိုးတည်းဟူလော ဝေဒနာက ပစ်ခတ်နိုင်ရန် သားကောင်များကို တောချောက်ပေးရခြင်းသဘောကဲ့သို့ပင်ဖြစ်၏။

**ဥပမာသော်ကား**

ယခုလက်ဘက်ရည်ပန်းကန်ကိုကြည့်သော် မြင်လျှင် မြင်ခြင်းသိ၏။ အဘယ့်ကြောင့်ဟူမူ နှလုံးအိမ်ရှိ ဝေဒနာ၌ ပင်ဂိုရ်က မှတ်သားသိမ်းထားသော လက်ဘက်ရည်ပန်းကန် သညာ-ရှိနှင့်၍သာ သိနိုင်ခြင်းဖြစ်ပေသည်။ အကယ်တိ မိမိတကြိမ်တခါမျှ မမြင်ဘူး၍ မှတ်သားထားမှု မရှိခဲ့သော်- ၎င်းအရာဝတ္ထုအား မြင်ပင်မြင်သော်လည်း ပြောနိုင်မည်မဟုတ်သည်၏အဖြစ်ကို ဉာဏ်မိစေသင့်ပါသည်။

သတိ။ ။ယခု သမ္မသနဉာဏ်သည် အကြည်နှင့်အဆင်းတို့၏ တစင်ထောင်၍ပေါ်သောသညာကိုသာ ပယ်သတ်နိုင်၏။ နှလုံးအိမ်ရှိ ဝေဒနာတွင် ကိန်းနေသော သညာများကိုကား မသတ်နိုင်သေးပေ။ ထို့ကြောင့်ပင် ဓမ္မာရုံများနှင့်တွေ့သော် ထွက်၍ ခွေးဆွဲ ဆွဲနိုင်နေခြင်းဖြစ်၏။

(၁) သညက္ခန္ဓာ = သို့ဖြစ်၍ အောက်ဉာဏ်များက ပယ်သတ်ခဲ့သည့် သဘောများကား အရေးမကြီးလှသေးပေ။ ယခုနှလုံးအိမ်ရှိဝေဒနာသည်သာ အရေးကြီးလှပေရကား ၎င်းကိုစိစစ်သော်- အကျိုးဝေဒနာရောင်ဆောင်၍ သင်္ခတလောကရှိရုပ်တရားအားလုံးကို ပြာချ၍ရသည့် ရုပ်သဘောကို မှတ်သားထားသောအမှတ်ဟောင်းသညာအပေါင်းကို ကိုယ်ဝန်ဆောင်ထားသည့် အကြောင်း ဝေဒနာသာဖြစ်၍ ၎င်းသညာအပေါင်းကို ခန္ဓာဖွဲ့ရန်ဆွဲ၍ ထုတ်ယူသော် သညက္ခန္ဓာ ရ၏။

(အထူးသတိပြု၍ ရှုပါရန်)

(၂) သင်္ခါရက္ခန္ဓာ = နှလုံးအိမ်၏ ဝေဒနာရှိ အကြည်နှင့်ဆက်သော သညာနာမ်တရားသည် သင်္ခါရက္ခန္ဓာဖြစ်၏။

(၃) ဝေဒနက္ခန္ဓာ = အကြည်မှ ဝင်လာသော ပစ္စုပ္ပန် အမြင်သဘော သညာသည် ဝေဒနက္ခန္ဓာဖြစ်၏။

(၄) ဝိညာဏက္ခန္ဓာ = အထက်ဖော်ပြပါ ခန္ဓာ ၃-ပါးတို့၏ ညီညွတ်မှုအသိသဘောသည် ဝိညာဏက္ခန္ဓာဖြစ်၍-

၎င်းခန္ဓာ ၄-ပါးကို တပါး-တပါးစီပေါ်အောင် ဖော်ထုတ်နိုင်သဖြင့် ဝိပဿနာအစ သမ္မသနဉာဏ်ကဟူ၍ ဆိုဆုံးမခြင်းဖြစ်၏။

**သတိ။**　။ဤကဲ့သို့သညာပြဌာန်းပြီးလျှင် ခန္ဓာပေါ်ရသည် ဖြစ်၍ ၎င်းကို အဟိတ်ခန္ဓာ ဟု ဆိုရ၏။

ဘုရားရှင် ကိုယ်တော်မြတ်ကြီး၏ သုတ္တံဒေသနာအားဖြင့် ၃-ကျမ်း၊ ဝိနည်းဒေသနာ အားဖြင့် ၅-ကျမ်း၊ အဘိဓမ္မာဒေသနာအားဖြင့် ၇-ကျမ်းသောဓမ္မက္ခန္ဓာအပေါင်း ၈၄၀၀၀ကို အဆီညှစ်သော်-

(၁) သုတ္တံဒေသနာတော်၏အဆီသည် အနိစ္စ-အလောဘနှင့် ဒါနရ၏။

(၂) ဝိနည်းဒေသနာတော်၏အဆီသည် ဒုက္ခ-အဒေါသနှင့် သီလရ၏။

(၃) အဘိဓမ္မာ ဒေသနာတော်၏ အဆီသည် အနတ္တ-အမောဟနှင့် ဘာဝနာရသည်ဖြစ်၍ မဂ်တရား ဖိုလ်တရားကို အလိုရှိကြသော ဗုဒ္ဓဘာသာဝင် သူတော်စင်တို့အတွက် ဤအနိစ္စ-ဒုက္ခ-အနတ္တသည်၎င်း၊ အလောဘ- အဒေါသ- အမောဟသည်၎င်း၊ ဒါန-သီလ- ဘာဝနာသည်၎င်း ရှောင်ကွင်းခြင်းငှာ မထိုက်ပေရကား ၎င်းတို့ကို လက်ကိုင်ပြု၍ နည်းမျိုးစုံဖွင့်ပြီး အားထုတ်ကျင့်သုံးလျှက်ရှိကြ၏၊ သို့ပါသော်လည်း ပညာဖြင့်

သိမြင်နိုင်ရန်သည် လွယ်ကူလှသည် မဟုတ်သဖြင့် ဆရာကောင်းကို အမှီပြု၍ မမြင် မြင်အောင် ကြိုးစားသင့်လှပါသည်။

(၁) အနိစ္စလက္ခဏာ= သို့ဖြစ်၍ အထက်တွင် ဆိုဆုံးမတော်မူသည့်အတိုင်း ၎င်း မှတ်တတ်သည့်အရှယ်မှစ၍သို့မှီးလာခဲ့သောအတိတ်သညာ-ရုပ်သဘော-အဝိဇ္ဇာရိပ်ကြီးသည် အဆင်းနှင့်အကြည်ဆုံရိုက်တွင် ပေါ်သော ပစ္စုပ္ပန်သညာ မျက်မှောက် သဘောထက် အနှစ်အသားမရှိသည်၏ အဖြစ်၎င်း၊ စင်စစ် ကုန်သဘော-ပျက်သဘော-ကင်းသဘော-ချုပ် သဘောမျှသာ ဖြစ်သည့် သညာဝိပလ္လာသခေါ် အမှတ်မှားကြီးဖြစ်၍ အနိစ္စလက္ခဏာ သဘောဖြစ်ရာ သဿတ ဒိဋ္ဌိအနေဖြင့် စွဲယူခြင်း၄ာ လုံးဝမထိုက်ပေ။ သို့မထိုက်သည်၏ အဖြစ်ကိုမြင်သော အကြင်ပုဂ္ဂိုလ်သည် အတိတ်တာလ သဘောကိုမကိုင်တော့မူ၍ အတိတ်အဝိဇ္ဇာရိပ်ကြီး၏ ကြောက်မက်ဘွယ်ကကိလေသာတို့မှ ငြိမ်းအေးရခြင်းသည်ပင် အနိစ္စလက္ခဏာဖြင့် နိဗ္ဗာန်သို့ သွားသည်မည်သဖြင့် **အနိစ္စလက္ခဏာယဉ် ရပုံသဘာဝကို၎င်း-**


(၂) ဒုက္ခလက္ခဏာ=သင်္ခတလောကတွင် ဖိစာတ်-မစာတ်အနေဖြင့် အတိတ်တွင်အဝိဇ္ဇာရှိသော် အနာဂါတ်တွင် တဏှာရှိရသည့်နည်းတူ တဦးတည်း ရပ်တည်ခြင်း၄ာ မဖြစ်စကောင်း၊ တဦးနှင့်တဦး အပြန်အလှန်မှီခိုအားပြု၍ ပေါ်နေကြရပေရာ အတိတ်ကိုစွဲ၍ အနာဂါတ်၊ အနာဂါတ်ကိုစွဲ၍အတိတ်ဟု ပြောနိုင်ခြင်းဖြစ်သည်ကို၎င်း။ ယခုအတိတ်ဝိဇ္ဇာရိပ်သည် ကုန်-ပျက်-ကင်း-ချုပ်သဘော၌ ဆိုက်ရောက်ပြီး၍ဤအနာဂါတ်ကာလကြီးသည်အားကိုးရာမဲ့သည်၏အဖြစ်ကြောင့်ဘေးကြီးကို မြင်နေခြင်းသဘော၊ ဒုက္ခ၌ ဥက္ကောင်းဆိုက်ရောက်ပြီးလျှင် ဘာမျှမရှိ ပြတ်၏-ကင်း၏ဟု ယူသော ဥစ္ဆေဒဒိဋ္ဌိဘေးဆိုးကြီးမှ ကင်းလွတ်ရခြင်းသည် ဒုက္ခလက္ခဏာယဉ်ဖြင့် နိဗ္ဗာန်သို့သွားနိုင်ပုံကို၎င်း-

(၃) အနတ္တလက္ခဏာ= တဖန်တုံ အတိတ်ကာလ ဖခင်အဝိဇ္ဇာ သဿတ ဒိဋ္ဌိနှင့် အနာဂါတ်ကာလ မိခင်တဏှာ ဥစ္ဆေဒဒိဋ္ဌိ ၂-ပါးတို့ စုံညီမှသာလျှင် သင်္ခတလောတွင် တင့်တယ်အသက်ဝင်သော ပစ္စုပ္ပန်ကာလသားငယ် ကံရိပ်သည်ယခုခေါင်းမထောင်နိုင်မူဘဲအနှစ်အသားဟူ က ဘာမှမရှိ သုဉ်းဆိတ်သော သဘာဝ အနတ္တလက္ခဏာ၌ ကျရောက်သဖြင့် အသော သုဉ်းသောမျိုးစေ့ပမာ မပြုပြင်နိုင်ခြင်းသည်ပင်လျှင် နိဗ္ဗာန်သို့သွားနိုင်ပြီဖြစ်သော အနတ္တလက္ခဏာယဉ် မည်ပုံကို၎င်း-

ဉာဏ်အမြင်စင်ကြယ်စေ၍ မိမိတို့လိုလားအပ် တောင်းတအပ်သော မဂ်ဖိုလ်နိဗ္ဗာန်ချမ်းသာကြီးကို ဤသာသနာ၌ဘဝ၌ပင်လျှင်မလွဲကေံရရှိနိုင်ရန်ဤလက္ခဏာယဉ် ၃-ချက်နှင့်တကွသော ဒါနမှု၊သီလမှု၊ ဘာဝနာမှုတို့ကိုပါပြုမူစောင့်ထိန်းပွားများကြပြီးလျှင်အလောဘ၊ အဒေါသ၊ အမောဟ ပညာကို ရင်ဝယ်သိမ်းပိုက်နိုင်ရန်အထူးအားထုတ်သင့်လှပါသည်။

ဤတွင် ပညာသိက္ခာ- မဂ္ဂါမဂ္ဂညာဏ ဒဿနဝိသုဒ္ဓိပိုင်း စိတ် ၃၆-ချေစဉ်ပြီး၏)။

## ပညာသိက္ခာ-ပဋိပဒါဉာဏ ဒဿနဝိသုဒ္ဓိပိုင်း
## ကံ ၃၆ ချခန်း ဥဒယဗ္ဗယဉာဏ်




ကံ ၁ကြောင်းသဘောတရားဓနပုံ

အထက်ကဏ္ဍများတွင် ဥတု ၃၆-ကို နာမရူပ ပရိစ္ဆေဒဉာဏ်ဖြင့်၎င်း၊ အာဟာရ ၃၆-ကို ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့်၎င်း၊ စိတ် ၃၆-ကို သမ္မသနဉာဏ်ဖြင့်၎င်း ချပြီးခဲ့ပေရာ ယခု ကံ ၃၆-ကို ဥဒယဗ္ဗယဉာဏ်ဖြင့်ချမည်ဖြစ်၏။

အများသော ဗုဒ္ဓဘာသာဝင်တို့သည် ကံကိုယုံကြည်ကြ၏၊ကုသိုလ်ကောင်းမှု အစုစုတို့ကိုပြုရာတွင်၎င်း၊အကုသိုလ်မှုအဝဝတို့မှ ရှောင်ကြဉ်ရာတွင်၎င်း ပြောဆို ပြုမူ လုပ်ကိုင် ထိန်းသိမ်းလျက်ရှိကြသော်လည်း ကံ၏သဘာဝကို အပိုင်သိနိုင်ရန်ကိစ္စသည် လွယ်ကူလှသည် မဟုတ်ပေရကား-

**သတိ။** ။သဘောတွေ့သော အာရုံတို့၏ အပေါ်၌ သညာ ဝိညာဏ်ပြဋ္ဌာန်းသော စေတနာဖြင့်သာလျှင် ပြုလုပ်လေ့ ရှိသဖြင့် ၂၉- ပါးသော ကံတရား (တနည်း)သံသရာ့စက်ရဟတ် မပြတ် နိုင်သည့် သဘော၌ကျရောက်ပေသည်။

ကလျာဏအစရှိသော အရိယာအရှင်မြတ် တို့သည်လည်း၊ ဒါနမှု၊ သီလမှု၊ ဘာဝနာမှုတို့ကို အန္ဓ ပုထုဇဉ်များ နည်းတူ ပြုလုပ်သည်ပင် ဖြစ်၏၊ သို့သော် ထိုပုဂ္ဂိုလ်မြတ်တို့၏ နှလုံးအိမ်ရှိ ဩကပ္ပနသဒ္ဓါ- အဓိဂမသဒ္ဓါ- အာဂမသဒ္ဓါ တရားဖြင့် (တနည်း)ပညာဦးစီးသော သဒ္ဓါတရား ဖြင့် ပြုကျင့်တော်မူကြသည်ဖြစ်၍ ကုသိုလ်တရားမည်၏၊ သံသရာပြတ်၍နိဗ္ဗာန်ရောက်သော ကုသိုလ်ဖြစ်၏။

၎င်းကဲ့သို့ ပညာ တရားအား ခေါ်ယူနိုင်သော သဒ္ဓါ တရားသည် သူတော်ကောင်း အပေါင်းတို့၏ လက်သုံးတရား ဖြစ်သည့်ပြင် ဝိရိယနှင့် သတိတရားတို့ဖြင့်လည်း ထိုပုဂ္ဂိုလ် ပြည့်စုံရတော့သည်ဖြစ်၍ ထိုသဒ္ဓါတရား အဘယ်မျှ အကျိုးကြီးပုံနှင့် သတိတရား အဘယ်မျှထိရောက်ပုံ သဘောကိုလည်း ကြံဆအပ်လှပါသည်။

သို့ဖြစ်၍ တထောင်ကိုမြင်သဖြင့် တရာကိုစွန့်သည့်သဘွယ် အကျိုးတရားကိုသာ ရည်ရွယ်၍ သညာဝိညာဏ်ဖြင့် ပြုလုပ်သော လိုလျှင်လိုသလို- မလိုလျှင်မလိုသလို မနိုင်မြဲသော ကံတရားတို့မှ ပညာဦးစီးသောသဒ္ဓါတရားဖြင့် အကျိုးကြီးမားလှသောကုသိုလ်စုတို့ကို ပြုလုပ်နိုင်ရန်လည်း အရေးကြီးလှပါသည်။

**သတိ။** ။**ကံနှင့်စိတ်တရားသဘာဝ**

ပဋိသန္ဓေဝိပါက်ဝိညာဏ်ဖြစ်သော စိတ်တရားသည် ဇနကကံတည်းဟူသော အတိတ်အကြောင်း ကံကြောင့် ဖြစ်သည့်နည်းတူ-

ပစ္စုပ္ပန်အကြောင်းဖြစ်သော ဥပထမ္ဘကကံခေါ် စိတ်တရားကြောင့်လည်း အနာဂါတ်ဘဝသို့ သွားမည့်ကံကိုဖြစ်စေ၏။

ဤကလ္လာ၏ ဖြစ်-ပျက်-သဘာ၀

ယခုဥဒယဗ္ဗယ ဉာဏ်ကြီးသို့ တက်လာသော သဘာ၀သည် ပရမတ်တရား အားလုံးကျေပြီးသည်ဖြစ်၍ ခဏငယ် ၃-ချက်တွင် ဌီမရှိနိုင်ပြီ၊ သညာ၀ိညာဏ်နယ်အဘို့၌သာလျှင် ၃-ချက်စလုံး ရှိနိုင်သည်ဖြစ်ပေရာ အဘိဓမ္မာနယ်၏ ဌီသဘောကို ရောတည်၍ပေါ်ထွက်သော ဖြစ်-ပျက်နှင့် ၀ိပဿနာနယ်၏ ဖြစ်-ပျက်ကား ဥပါဒ်နှင့်ဘင်ကိုသာ ကိုင်တွယ်သည် ဖြစ်သဖြင့် (တနည်း) ဖဿနှင့်ဝေဒနာ- ခေါင်းနှင့်အမြီးထားတော်မူ၍ ဒုက္ခကို မြင်နိုင်ကြစေရန် ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကို ဖွင့်ပြီးလျှင် ဆိုဆုံးမတော်မူခြင်း ဖြစ်သဖြင့်-

(၁) လူမွေးပြီး လူသေသည်ဆိုသော အဖြစ်နှင့် အပျက်သဘောတို့သည်၎င်း

(၂) တအာရုံနှင့် တအာရုံသို့ ပြောင်းသည့်အဖြစ်နှင့် အပျက်သဘော တို့သည်၎င်း-

(၃) စိတ်-စေတသိက်တို့၏ ဥပါဒ်-ဌီ-ဘင် အဖြစ်နှင့် အပျက်သဘောတို့သည်၎င်း

ဤ၌ အလိုမရှိအပ်သည်ကို အထူး သတိချပ်၍ သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ တည်းဟူသော သမ္မသနဉာဏ်က ပယ်နုတ်ခဲ့သည့် အရိုးစိုက်ဒိဋ္ဌိထက် ပို၍သိမ်မွေ့ကျစ်လစ်သော အပင်စိုက်ဒိဋ္ဌိခေါ် ကံတရားကို ပယ်သတ်ရမည့်စခန်းဖြစ်သည်ကို အရေးထား၍ အားပေး ဆုံးမတော် မူလိုသော ဘုရားရှင်က-

"ယောစ ၀ဿ သတံဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။

ကောဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ"

ယောစ၊အကြင်သူသည်။ ဥဒယဗ္ဗယံ၊ ဖြစ်ပျက်မှန်လှ ရုပ်နာမ်ဓမ္မ သင်္ခါရကို။ အပဿံ၊ အပဿန္တော၊ မရှုမမြင်ဘဲ။ ၀ဿတံ၊ အနှစ်တရာပတ်လုံး။ ဇီဝေ၊ အသက်ရှည်ငြားအံ့။ နသေယျော၊ မမြတ်။ ဥဒယဗ္ဗယံ၊ ခန္ဓာငါး၀- အနိစ္စခေတ် ပရမတ်ကို။ ပဿတော၊ ရှုမြင်သော ပုဂ္ဂိုလ်၏။ ကောဟံ၊ တရက်မျှ။ ဇီဝိတံ၊ အသက်ရှည်ခြင်းသည်။ သေယျော၊ မြတ်၏။ ဟူ၍ ဆိုဆုံးမတော်မူခြင်းဖြစ်ပုံကို သတိမူရန်ဖြစ်ပါသည်။

ဖဿပဉ္စကနှင့် ပဋိစ္စသမုပ္ပါဒ် ချင်းရာ ၂၀-သဘော

သတိ။ ။အမြင်သဘောသည် အဆင်း-အကြည်-အမြင်-အသိ ဓမ္မ ၄-ချက် တို့၏ ညီညွတ်ပေါင်းဆုံမှုမှ ထွက်ပေါ်ကြောင်းသိပြီး၏၊ သို့သော်ဤကလ္လာအဘို့ စိတ်-စေတသိက်-ရုပ်အားလုံး ချုပ်ငြိမ်းပြီးဖြစ်သည့် အတိုင်း အဆင်းကား မပေါ်နိုင်ပြီ၊ ၎င်း ၄-ပါးတို့ပေါင်းဆုံသော အရိပ်သဘောမျှဖြစ်သော ပစ္စယအကြောင်းရိပ်ခေါ် ဖဿပဉ္စက ၅-ပါး အရိပ်သည်သာ ကျန်ရှိသည်ဖြစ်၍ ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်တွင်-

(၁) အဆင်းသဘော၏ ဖဿပဉ္စကဖြစ်သော ပဋ္ဌာရမ္မဏာသည် အာရုံ ၅-ပါးမှထွက်သည်ဖြစ်၍ အ၀ိဇ္ဇာ-သင်္ခါရ-တဏှာ-ဥပါဒါန် ဘ၀ ၅-ပါးသည် အတိတ်အကြောင်း စက်ရဟတ်ဖြစ်၏၊ အဘယ့်ကြောင့်ဟူမူ စိတ်-စေတသိက်-ရုပ်တရားတို့ကို အောက်ဉာဏ်များဖြင့် ဘယ်လို ဘယ်ကဲ့သို့ပင်ချေချေ မျက်ကွယ်သဘော သညာအမှတ် နာမပညတ်အ၀ိဇ္ဇာရိပ်ကား ကျန်ရှိနေသောကြောင့်ပင်ဖြစ်၏၊

(၂) အကြည်သဘော၏ ဖဿပဉ္စကဖြစ်သော ပဋ္ဌဒွါရသည် ၎င်းကိုမှီ၍ ပေါ်သော စိတ်-စေတသိက်တရားများ ချုပ်ငြိမ်းပြီးသော်လည်း ဒွါရအကြည်ကား ကျန်သည် ဖြစ်သဖြင့် ဝိညာဏ်-နာမ်ရုပ်- သဠာယတန-ဖဿ-ဝေဒနာ ၅-ပါးသည် ပစ္စုပ္ပန်အကျိုး စက်ရဟတ်ဖြစ်၏။

(၃) အမြင်သဘော၏ ဖဿပဉ္စကဖြစ်သော ပဉ္စဝိညာဏ်သည် တမလွန်ဘဝ၌ ရုပ်သစ်-နာမ်သစ်ပေါ်ရန် စိမ်ဆောင်ရွက် နိုင်သည်ဖြစ်၍ တဏှာ- ဥပါဒါန်- ဘဝ-အဝိဇ္ဇာ-သင်္ခါရ ၅-ပါးသည် ပစ္စုပ္ပန်အကြောင်း စက်ရဟတ်ဖြစ်၏။

(၄) အသိသဘော၏ ဖဿပဉ္စက ဖြစ်သော မနောဝိညာဏ် သည် ဝိညာဏ်-နာမ်ရုပ်-သဠာယတန-ဖဿ-ဝေဒနာဖြစ်၍ အနာဂါတ်အကျိုး စက်ရဟတ်ဖြစ်၏။

၎င်းတို့သည် ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်၏ ချင်းရာ ၂၀-ဖြစ်ပြီးလျှင် ပစ္စုပ္ပန် ဝေဒနာက ခလုတ်နှိပ်၍ လှည့်ပတ်စေခြင်းဖြစ်ကြောင်းကို ဖြစ်ပျက်ရှုစေပြီး-

"ဧဝ မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယောဟောတိ"

ဧဝံ၊ဤသို့။ ကေဝလဿ၊သုခမဘက် သက်သက်သော။ ဧတဿဒုက္ခက္ခန္ဓဿ၊ ဤဒုက္ခအစု၏။ သမုဒယော၊ ဖြစ်ပွားခြင်းသည်။ ဟောတိ၊ ဖြစ်၏-ဟူသည်နှင့် အညီ ဒုက္ခသဘောကို မြင်စေလိုတော်မူ၍ဖြစ်၏။

ဤတွင် အတိတ်ကြောင့် ပစ္စုပ္ပန်အကျိုး- ပစ္စုပ္ပန်အကျိုးကြောင့် ပစ္စုပ္ပန်အကြောင်း-ပစ္စုပ္ပန်အကြောင်းကြောင့်-အနာဂါတ်အကျိုးဖြစ်ရာ-

(၁) အတိတ်အကြောင်း စက်ရဟတ်သည် = ဖြစ်သဘော
(၂) ပစ္စုပ္ပန်အကျိုး စက်ရဟတ်သည် = ပျက်သဘော
(၃) ပစ္စုပ္ပန်အကြောင်း စက်ရဟတ်သည် = ဖြစ်သဘော
(၄) အနာဂါတ်အကျိုးစက်ရဟတ်သည် = ပျက်သဘော

အနေဖြင့် ပဋိစ္စသမုပ္ပါဒ်စက်ယန္တရားကြီးလည်ပတ်တော့၏။

**စက်ရဟတ် ၄-ပါးနှင့် ဒုက္ခ ၄-ချက်သဘော**

ပဋိစ္စသမုပ္ပါဒ်ကြီးသည် ဒုက္ခသစ္စာသာလျှင်ဖြစ်ပေရာ ၎င်းကိုရှုသော်-

(၁) အတိတ်အကြောင်း စက်ရဟတ်သည် သင်္ခတဋ္ဌ-ပြုပြင်ခြင်းဒုက္ခဖြစ်၏။
(၂) ပစ္စုပ္ပန်အကျိုး စက်ရဟတ်သည် ပီဠနဋ္ဌ- နှိပ်စက်ခြင်းဒုက္ခဖြစ်၏ ။
(၃) ပစ္စုပ္ပန်အကြောင်း စက်ရဟတ်သည် သန္တာပဋ္ဌ- ပူပန်ခြင်းဒုက္ခဖြစ်၏။
(၄) အနာဂါတ်အကျိုး စက်ရဟတ်သည် ဝိပရိနာမဋ္ဌ-ဖောက်ပြန် ပျက်စီးခြင်း ဒုက္ခဖြစ်၏။

**သတိ**။ ။ထို့ကြောင့် အတိတ်အကြောင်း စက်ပြုပြင်ခြင်းဒုက္ခခေါင်ဇနကကံအား အဝိဇ္ဇာပြဋ္ဌာန်းသည်ဖြစ်၍ သင်္ခါရဟုဆိုရ၏။

ပစ္စုပ္ပန်အကျိုးနှင့် ပစ္စုပ္ပန်အကြောင်းမှ အနာဂါတ်သွားမည့် ပစ္စုပ္ပန်ကံ ကို ကမ္မဘဝ ဟု ဆိုရ၏။ ၎င်းသည် ဥပထမ္ဘကကံဖြစ်၍ (စေ့ဆော်သည့် ဖြစ်စေသည်ဖြစ်သဖြင့်) စေတနာကို ကောက်ယူရန်ဖြစ်၏။ ၎င်းသည် မဂ်ဉာဏ်ကသတ်မည့် တရားခံလည်းဖြစ်၏။

ဓမ္မစကြာဖြင့်သော် = ဖြစ်သဘောကား = သမုဒယသစ္စာ

ပျက်သဘောကား = ဒုက္ခသစ္စာဖြစ်၏။

သံသရာတခွင်တွင် ဘဝစဉ်ဆက် စွဲယူ၍လာသော အရိုးစိုက်ဒိဋ္ဌိကြီးများဖြစ်သော အတိတ်ကာလ- အဝိဇ္ဇာရိပ်သဿတဒိဋ္ဌိအား အနိစ္စဖြင့်၎င်း အနာဂါတ်ကာလ = တဏှာရိပ်-ဥစ္ဆေဒဒိဋ္ဌိအား- ဒုက္ခဖြင့်၎င်း ပယ်သတ်ပြီးဖြစ်ရာ ယခုဘဝအမျိုးမျိုးကို ထူထောင်တည်ဆောက်နေသည့် အပင်စိုက်ဒိဋ္ဌိဖြစ်သော ကံ ၂၉-ပါးကို ဤဥဒယဗ္ဗယဉာဏ်ကြီးက ပယ်နုတ်မည်ဖြစ်၏။

သို့ပယ်နုတ်နိုင်သော ပုဂ္ဂိုလ်အား ဘယ်တော-ဘယ်တောင်-ဘယ်ဌာနမှာပင်အားထုတ်နေသည်ဖြစ်စေ ရှင်တော်မြတ်သည် နိမိတ္တရုပ်ပွားတော်ကိုလွှတ်၍ ချစ်သား-ချစ်သမီး- ယခုသင်မြင်သိသောတရားသည်ကား လမ်းမှန်ပေါ်သို့ ရောက်ပြီဖြစ်၏။ ရှေ့သို့တိုး၍မလျှော့သော လုံ့လဝိရိယဖြင့် ကြိုးစားသော် အဆုံး၌သင်လိုရာသို့ ရောက်လတံ့ဟူသော အားပေး ချီးမြှင့်မိန့်ခွန်းတော်ကို ပေးသနားတော်မူ မြဖြစ်သဖြင့် အဘယ်မျှအရေးပါသော ပညာစခန်း ဖြစ်သည်ကို သိနိုင်ပေပြီ။

သတိ။ ။သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိတို့ကို ပယ်သတ်နိုင်ခြင်းကား ပင်မကြီးလဲသည်နှင့်တူ၍ ထိုလဲပြီးသော သစ်ပင်ကြီး အရွက်-အပွင့်- အသီးနှင့်တူသော ကံတရား ၂၉-ပါးတို့သည် သဘာဝအားဖြင့် တဖြည်းဖြည်းသွေ့ခြောက်ရမည်ဖြစ်ပေသည်။

ယခု ပစ္စုပ္ပန် ဝေဒနာသဘောသာကျန်၏။ ၎င်း၌ရှေးရှေးသောကောင်း-မကောင်းစသည်ဖြင့် ခံစားခဲ့သော သညာအမှတ်တွေကား ကိန်းလျက်ရှိကြောင်း သိပြီး၏။ ၎င်းကို ပယ်သတ်ရန်သည် ဝိညာဏ်မြင် ဥဒယနှင့် ပညာမြင်ဥဒယဟူ၍ ၂မျိုး, ၂-စားရှိကြောင်း သိထားရာ၏။

**ကံသဘော**

အများသော ဗုဒ္ဓဘာသာဝင် အပေါင်းတို့သည် ကံသာလျှင်အမိ- ကံသာလျှင်အဘ-ကံသာလျှင် မိမိ၏အရိပ်ပမာ ထက်ချပ်မကွာပါသည် စသည်ဖြင့် ကောင်းသောကံကိုပြုက ကောင်းသောအကျိုးတရားကိုခံစား၍ မကောင်းသောကံကိုပြုက မကောင်းသောအကျိုးတရားကို ခံစားရမည်ဟူသော စွဲယူယုံကြည်မှုကား ရှိကြသည်ချည်းဖြစ်၏။ မှားကား မမှားပေ၊ သို့သော် သညာဝိညာဏ်ဖြင့် ဘာယန္တရား အကျိုးတရားကို မျှော်ကိုးပြုလုပ်သည်ဖြစ်၍ မဂ်ကိစ္စ ဖိုလ်ကိစ္စဖြင့် မနီးစပ်သည်ဖြစ်သဖြင့် အကျိုးကြီးလှသည်မဟုတ်ပေ။

သတိ။ ။ကံတရားအစစ်သည်အနတ္တဓာတ်ဖြစ်၏။ အနတ္တဓာတ်သည် နိဗ္ဗာန်ဖြစ်ရာ ဤအနတ္တဓါတ် မိမိ၏နှလုံးအိမ်တွင် ကိန်းပါမှ အကျိုးကြီးမားလှမည်ဖြစ်သဖြင့် အနတ္တဓာတ်ကို တွေ့နိုင်ရန် (တနည်း) ကံတရားအစစ်ကိုတွေ့နိုင်ရန် ပညာမြင်ဥဒယဗ္ဗယ ဉာဏ်ဖြင့် ဖြစ်ပျက်ကိုရှုရမည် ဖြစ်ပေသည်။

ဝိဋ္ဌ ၂-ချက်ငြိပုံလသော

(၁) သညာဝိညာဏ်ဖြင့် မိမိပြုလုပ်သည့် ကံ၏အကျိုးတရားကို မိမိခံစားရမည်ဟု စွဲယူယုံကြည်ခဲ့သော် အတ္တဒိဋ္ဌိ၌ကျ၏။

(၂) သညာဝိညာဏ်ဖြင့် ပင်လျှင် ကောင်းသောကံ- မကောင်းသောကံ တည်းဟူသော အကြောင်းတရားကို ပစ်ပယ်ပြန်သော် အကရိယဒိဋ္ဌိ၌ ကျရောက်ပြန်ပေရာ ဤတွင် အများသော ကံတရားကို ယုံကြည်ပါသည်ဆိုသော ဗုဒ္ဓဘာသာဝင်တို့တွင် လုပ်လျှင်လည်းအပြစ် မလုပ်ပြန်ကလည်းအပြစ် အနှောင့်အသွားမလွတ် အသက်ရှူခက်သော ပြဿနာနှင့် ရင်ဆိုင်ကြရပေတော့သည်။

(အထူးဝင်စားတော်မူပါရန်)

**သတိ။** ။ဤအထက်၌ ဖော်ပြပါ ပြဿနာကို ဖြေရှင်းနိုင်ရန်သည် ဥပမာအားဖြင့် အဆင်း- အကြည်- အမြင်-အသိစသော ဓမ္မ ၄-ချက်တို့၏ ပေါင်းဆုံညီညွတ်မှုကို မြင်သည်ဟု ဆိုရ၏၊ သို့သော် ငါမြင်သည်ဟုဆိုငြားအံ့၊ အစွဲအတ္တသဘောဖြစ်၏။ စင်စစ် ဓမ္မ ၄-ချက်၏အနတ္တသဘောဖြင့် မြင်ခြင်းဖြစ်သည်ဟု ဆိုသော်-၎င်းမြင်သဘောမှ ထွက်သော ကံသည်လည်း အနတ္တဖြစ်ပုံကို ဉာဏ်မိစေသင့်လှပါသည်။

**သတိ။** ။**ကံထရားကိုချေပုံသဘောနှင့် ဖြစ်-ပျက်သဘာဝ**

အဝိဇ္ဇာ-တဏှာ-ကံ တည်းဟူသော အကြောင်းတရားတို့ရှိရာ၌ အဝိဇ္ဇာ နှင့် တဏှာ ပေါင်းဆုံမှုဖြင့် ကံမျိုးစေ့ကျသည်ဟုပင်ဆိုရသော်လည်း စင်စစ် ဝေဒနာ၏ အထောက်အပံ့ကို ရပါမှသာလျှင် အောင်မြင်စွာ ချနိုင်သည်ဖြစ်၍အနတ္တဓာတ်မျှသာ ဖြစ်ကြောင်း ထင်ရှားလှပေရာ-

၎င်းသဘောတရားကို အခြေပြု၍ ရှုဆင်ခြင်သော ဖြစ်-ပျက်သည်သာ သညာဝိညာဏ်ကင်းစင်သည်ဖြစ်သဖြင့် ရှင်တော်မြတ်အလိုရှိတော်မူသော ဖြစ်-ပျက် ဖြစ်ကြောင်း အထူးသတိပြုသင့်ပါသည်။

**အထူးသတိ။** ။**ပညာမြင် ဖြစ်-ပျက် သဘာဝ**

ဤကဏ္ဍတွင် ဝိသာခါ တရားဓာတ်၏ အဝိဇ္ဇာ- တဏှာ- ကံ- အာဟာရ အကြောင်းတရားကို မလိုအပ်ပြီဖြစ်၏။

သို့ဖြစ်ရာ မဟာသတိပဋ္ဌာန်ကြီးက အလိုရှိသော ဥပထမ္ဘကကံနှင့်ဇနကကံတို့၏ ဆက်စပ်နေသည့် သဘာဝကို မြင်သိရမည် ဖြစ်၏၊ ၎င်းသဘောကိုမြင်သော် ကံကို မြင်သည် မည်၏၊ ထိုကံတရားအစစ်ကို မြင်ခြင်းသည်ပင်လျှင် အနတ္တဓာတ်ကို တွေ့သည်ဖြစ်၍ အကျိုးကြီးလှ၏။

ဇနကကံ၌ - ဖဿရိပ်ရှိ၍

ဥပထမ္ဘကံက၌ - ဝေဒနာရိပ်ရှိပေရာ

ကောင်းမှုမကောင်းမှုစသော ပစ္စက္ခ ဥပထမ္ဘကကံတို့သည်ဝေဒနာရိပ်၌ ရှိသည်ဖြစ်၍ ပျက်သဘော ဖြစ်၏။

ဇနကကံ၌ ဖဿရိပ်ရှိရာ ၎င်းသည် အဝိဇ္ဇာ-တဏှာ-ကံ-ဝေဒနာ သဘော ဖြစ်၍ ဖြစ်သဘော ဖြစ်၏။

ဤသဘော ဤသဘာဝကား အလွန်တရာမှပင် သိမ်မွေ့ ကျစ်လစ်နက်နဲလှသည့် အတိုင်းနားမျက်စိလည်ဘွယ်ရာပင်ဖြစ်ပေသည်။ သို့သော် နည်းမှန်လမ်းမှန်ပညာမှန်ကို ပေးသနားတော်မူသော ဆရာကောင်း-ဆရာမြတ်ဖြင့်လည်း တွေ့ရပြီ၊ ဒုလ္လဘ ၅-ပါးဖြင့်လည်း ပြည့်စုံ၍ နေသော မိမိတို့၏ အဘို့ရာတွင် ခဲရန်မဲရန်သာရှိ၏၊ မလျှော့သောအားလုံ့လဖြင့် မဝေးတော့သော လိုရာပန်းတိုင်အရောက် ချီတက်ရန်ဖြစ်ပါသည်။

၁၉-၈-၆၇

ခန္ဓာဟူသည်= အပေါင်းအစုအနက် သဘောဖြစ်ပေရာ ခန္ဓာ ၅-ပါးသည် ခန္ဓာဖြစ်၏။

သန္တတိ ၁၁-ချက်သည်လည်း ခန္ဓာပင်ဖြစ်သဖြင့် ပရိယတ်အားဖြင့်သော် ဤ၌လမ်းဆုံ၏။ သို့သော် သန္တတိ ၁၁-ချက်မှ ဥပမာအားဖြင့် အတွင်း-အပြင် သဘောမှ ဘယ်ခန္ဓာ ပေါ်လေသနည်းဟု အမေးပြုရန် တာဝန်သည်ရှိခဲ့၏။

**သတိ**။ ။သမ္မသနဉာဏ်၏ သဿတဒိဋ္ဌိနှင့်ဥစ္ဆေဒဒိဋ္ဌိ ၂-ပါးကိုရိုက်ချိုးလိုက်ခြင်းဖြင့်အဟိတ်ခန္ဓာ ပေါ်ခဲ့၏။

ယခု ဖဿပဉ္စက၏ အပေါင်းကို ရိုက်ချိုးသော် ဒွိဟိတ်ခန္ဓာပေါ်မည်ဖြစ်ကြောင်းတင်ကြိုသတိမူရန်ဖြစ်ပါသည်။

သို့ဖြစ်သော် ၎င်းဖဿပဉ္စက အဘယ့်ကြောင့်ပေါင်းရသနည်းဟုဆိုသော် ခန္ဓာတည်း ဟူသော အစေးအညှော်ရှိ၍ဖြစ်ရာ ၎င်းသည် ကာလ ၃-ပါး၏ အတိတ်အကြောင်းစက်ရေသောက်မြစ်ပင်ဖြစ်၏။

၎င်းနောက် သန္တတိ ၀-ချက်၏ အစေးအညှော်ကိုဖြတ်ရန်ဖြစ်ပေရာ ဥဒယဗ္ဗယ ပညာ၏ တာဝန်ဖြစ်၏။

ဤသည်ကား မဟာသတိပဋ္ဌာန်၏အတွက်ဖြစ်၍ ခန္ဓာတရားတို့ကို ဖော်ရုံမျှဖော်၍သတ်နည်းမှာကား ဓမ္မစကြာအနတ္တလက္ခဏာနည်းတို့၏ ဝိပဿနာပညာမြင့် ကြိတ်ချေရန်ဖြစ်၏။

**သတိ**။ ။**အနုသယသဘော**

ထို့ပြင် ဝိညာဏ်မြင် ဥဒယဗ္ဗယဉာဏ်အသိ ၂-ပါးစုံ၍တက်လာသော ကြောင်း-ကျိုး တရားတို့သည်ပညာမြင်ဥဒယဗ္ဗယဉာဏ်ကအကြောင်းတရားမှန်က မြှုမျှမကျန်ရအောင် ပယ်သတ်နိုင်ခြင်းကြောင့် အကျိုးတရားသာလျှင် ကျန်ရှိပေရာ ၎င်းကို မဂ်ဉာဏ်ကြီးက အပြီးအပိုင်ပယ်သတ်မည်ဖြစ်၏။

သို့သော် အကြောင်းတရားသည်ကား- သာမန်မဟုတ်ပေ။ ဤစခန်းတွင် တစင်ထောင်၍ မပေါ်နိုင်တော့သော်လည်း အကျိုးတရား၌ ခိုကပ်နေနိုင်သေးရာ ၎င်းကိုအနုပဿနာ ၇-ဉာဏ်က လိုက်၍သတ်မည်ဖြစ်၏။ ၎င်းအကျိုးတရား၌ ကိန်းသောအကြောင်းတရားကိုပင် အနုသယဟုဆို

ရ၏။ ထို့ကြောင့် အကြောင်းတရားထက် အကျိုးတရားက အသတ်ရပိုခက်ခဲခြင်း ဖြစ်ပေရာ အကြောင်းတရားအပေါင်းတို့ကို ပညာမြင် ဥဒယဗ္ဗယဉာဏ်ဖြင့် ဇာတ်သိမ်းစေနိုင်ခဲ့သော်လည်း သောတာပတ္တိမဂ်နှင့်တကွ အထက်မဂ်ကြီးတို့ကို တက်လှမ်းရသည်ဆိုခြင်းမှာ ဤအကျိုးတရားတွင် ကိန်းနေသည့် အနုသယခေါ်- တစင်ထောင်၍ မပေါ်နိုင်တော့သော အကြောင်းတရားကို လိုက်လံမွှေနှောက်ရှာဖွေသတ်ဖြတ်ရခြင်းသဘောဖြစ်၏။

**သတိ။** ။ဖဿပဉ္စကစက်ရဟတ်နှင့် အနတ္တ ၄-ချက်သဘော

(၁) **ပဋ္ဌာရမ္မဏဖဿပဉ္စကနှင့် သုညတအနတ္တ** = ၎င်းသည် အတိတ်အကြောင်း **စက်** အဝိဇ္ဇာ၏ အစေးအညှော်ဖြစ်၏။ သို့သော် ၎င်းသည် အခြားမဟုတ်ပေ-

(က) ဥတုအကြောင်း- သမုဟယန၏ အဆင်းကို သီလ, သိက္ခာဖြင့် ချေခဲ၍ စက္ခုအကြည်ဖြင့် ထောက်နိုင်သော အဆင်းသုဉ်းဆိတ်ခဲ့၏။ သို့သော်-

(ခ) နာမရူပ ပရိစ္ဆေဒဉာဏ်တွင် ၎င်းအဆင်းသဘောသည် ရှေ့ရှုထင်သောအာရုံသဘောဖြင့်၎င်း-

(ဂ) ပစ္စယပရိဂ္ဂဟဉာဏ်တွင် ၎င်းအဆင်းသဘောသည် ဟေတုအကြောင်းအနေဖြင့်၎င်း-

(ဃ) သမ္မသနဉာဏ်တွင် ၎င်းအဆင်းသဘောသည် ပစ္စုပ္ပန်အရိပ်၌ ကိန်းသဘောအနေဖြင့်၎င်း

(င) ဥဒယဗ္ဗယဉာဏ်တွင် ၎င်းအဆင်း သဘော သည် ပစ္စုပ္ပန် ဝေ ဒနာ ရိပ် ၌ ပစ္စုပ္ပန်အကြောင်းစက်အနေဖြင့်၎င်း-

(စ) ယခုဖဿ ပဉ္စကတွင် ၎င်းအဆင်းသဘောသည် အတိတ်အကြောင်း စက် အဝိဇ္ဇာ၏ အစေးအညှော် ခန္ဓာသဘောပင်ဖြစ်သဖြင့် ဤသဘာဝ အဘယ်မျှပရိယာယ် ကြွယ်ဝသည်ကို သိရှိရိပ်မိနေပေရာ-

**သတိ။** ။ရှင်တော်မြတ်သည် သဘာဝ၏ ရေသောက်မြစ်ဖြစ်သော ခန္ဓာတရားကို **အထက်မဂ်ကြီးများ**အတွက်သာလျှင် ရွေးချယ်စိစစ်တော်မူ၍ ဟောတော်မူခြင်း ဖြစ်ပုံကို၎င်း၊ သို့ခန္ဓာတရားဖြင့် ဆုံးမတော်မူသော်- တရားနာ ဝေနေယျအပေါင်းသည် **အောက်**မဂ်၌တည်ပြီးသော ပရိသတ်အမှန်ဖြစ်ကြောင်းကို တွက်ဆနိုင်ပုံကို၎င်း-

မဂ်မရသေးသော ဝေနေယျတို့ အတွက်မှာမူကား ရှင်တော်မြတ်သည် မြင်သာထင်သာသော ဓာတ်တရား- ရုပ်နာမ်တရား- သစ္စာတရားများကို ဦးစားပေး၍ ဆုံးမတော် မူပုံနှင့်တကွ ဓမ္မစကြာဒေသနာတော်ကြီးကို တရားဦးအဖြစ်ဖြင့် ဖွင့်တော်မူပုံတို့ကို ဝင်စားအပ်လှပါသည်။

ဤတွင် ဖဿပဉ္စက၏ ပေါင်းရခြင်းသည် အတိတ်အကြောင်း စက် အဝိဇ္ဇာကြောင့် ဖြစ်ရာ အနတ္တဓာတ်သည် အပေါင်းလက္ခဏာကို မနှစ်သက်၊ အပေါင်းသဘောမှန်က အတ္တ ဖြစ်သောကြောင့် ပေတည်း။

ထိုအကြောင်းတရားသည် မိမိ၏ နှလုံးအိမ်၌ အကျိုးဝေဒနာအနေဖြင့် ကိန်းသော်လည်း ၎င်းသည် အတိတ်သဘော သညာများသာဖြစ်၍ စင်စစ်အကြောင်းမျိုးဖြစ်၏။ ၎င်း၏ **သဘော** အစစ်ကို ဖော်ထုတ်လိုက်သော် သညက္ခန္ဓာအဖြစ်ဖြင့် ပေါ်ရ၏။

ထို့ကြောင့် ရှင်တော်မြတ်က အကြောင်းတရားမှန်က အနတ္တ အစစ်ဖြင့်သာလျှင် ပယ်သတ်ရမည်ဟု ဆုံးမတော်မူသည့်အတိုင်း-

(၁) သုညတ အနတ္တ

(၂) အသာရကဋ္ဌ အနတ္တ

(၃) ပရတအနတ္တ

(၄) အဝသဝတ္တနဋ္ဌ အနတ္တ

တည်းဟူသော အနတ္တ ၄-ချက်တွင် ယခု သညက္ခန္ဓာအား သုညတအနတ္တဖြင့် ချေရမည် ဖြစ်သဖြင့် အဆင်းရေသောက်မြစ် မပြတ်၍ ဤခန္ဓာပေါ်ထွက်ပုံကို ရှုဆင်ခြင်ပြီးလျှင် ၎င်းခန္ဓာ ဆိတ်သုဉ်းအောင် ကြိုးစားအပ်လှပါသည်။

(၂) **ပစ္စုပ္ပါရ-ဖဿပစ္စကနှင့် အသာရကဋ္ဌအနတ္တ**= ၎င်း၏ ပေါင်းစုရခြင်းသည် ပစ္စုပ္ပန်အကျိုးစက်ကြောင့်ဖြစ်၏၊ ဤတွင် အဆင်းအား- အဆင်းဟု ပြောနိုင်ခြင်းသည် ဤအကြည်က ထောက်ခံ၍သာလျှင် ပြောနိုင်ခြင်းဖြစ်ပေရာ ၎င်းသည် အောက်ဉာဏ်များတွင်-

(က) နာမရူပ ပရိစ္ဆေဒဉာဏ်၌ လက္ခဏာနှင့် ရသတွင် ရသဘက်၌၎င်း

(ခ) ပစ္စယပရိဂ္ဂဟဉာဏ်၌ ဟေတုနှင့် ပစ္စယအကြောင်းတွင်ပစ္စယဘက်၌၎င်း

(ဂ) သမ္မသနဉာဏ်၌ ကာလ ၃-ပါးတွင် အနာဂါတ်ကာလဘက်၌၎င်း

(ဃ) ဥဒယဗ္ဗယဉာဏ်၌ အနာဂါတ်အကျိုးစက်အနေဖြင့်၎င်း

(င) ဤဖဿပစ္စက၌ ပစ္စုပ္ပန်အကျိုးစက်အနေဖြင့်

ဟန်အမျိုးမျိုးဆောင်ကာ လိုက်ပါလာသည်ပင်ဖြစ်သော်လည်း တဏှာအစေးအညှော်သာ ဖြစ်၍ ခန္ဓာကိုဖော်ထုတ်လိုက်သော် ဝေဒနက္ခန္ဓာအဖြစ်ဖြင့် ပေါ်ထွက်၏၊ ၎င်း၏သတ်ဆေးမှာ အသာရကဋ္ဌအနတ္တ (တနည်း)အနှစ်အသား မရှိသည်၏ အဖြစ်ဖြင့် ဉာဏ်မြင်မိရန်ဖြစ်၏။

(၃) **ဥဋ္ဌပိညာဏ် ဖဿပစ္စကနှင့် ပရတအနတ္တ**= ၎င်း၏ ပေါင်းစုခြင်းသည် ပစ္စုပ္ပန်အကြောင်းစက် ကံအစေးအညှော်ကြောင့် ဖြစ်ရာ အဆင်းနှင့်အကြည် ဆုံ၍ ပေါ်သော အမြင်သညာပင်ဖြစ်၏။ ၎င်းသည်-

(က) နာမရူပ ပရိစ္ဆေဒဉာဏ်၏ ဋ္ဌာန် ၄-ချက်တွင် ပစ္စုပ္ပန်ဋ္ဌာန်ဘက်၌၎င်း

(ခ) ပစ္စယပရိဂ္ဂဟ ဉာဏ်၏ ဟေတုနှင့် ပစ္စယ အကြောင်းတွင် ပစ္စယ အကြောင်းဘက်၌ ၎င်း

(ဂ) သမ္မသနဉာဏ်၏ ကာလ ၃-ပါးတွင် ပစ္စုပ္ပန်ကာလဘက်၌၎င်း

(ဃ) ဥဒယဗ္ဗယဉာဏ်တွင် ပစ္စုပ္ပန်အကြောင်းရိပ် ဖြစ်လာ၏။

**သတိ။** ။ဎင်းသည် ကာလ ၃-ပါးရုပ်နာမ်တွင် ပစ္စုပ္ပန်ရှိးရှိးအနေဖြင့် အခြေခံခဲ့ရသော်လည်း ယခုအကြောင်း ပစ္စုပ္ပန်အမည်ခံ၍ ထွက်လာခြင်းဖြစ်သဖြင့် ခန္ဓာကို ဖော်ထုတ်သော် သင်္ခါရက္ခန္ဓာအဖြစ်ဖြင့် ပေါ်ထွက်ရ၏၊ ဎင်း၏သတ်ဆေးမှာ ပရတအနတ္တ(တနည်း) တစိမ်းပြင်ပြင် ရေသွင်သွင်အနေဖြင့် သိမ်းပိုက်ချေမှုန်းရန်ဖြစ်ပါသည်။

(၄) **မနောဝိညာဏ် ဖဿပဋ္ဌကနှင့် အဝသဝတ္တနဋ္ဌ အနတ္တ**= ဎင်းသည် အနာဂါတ် **အကျိုး** စက်ရဟတ်၏ အစေးအညှော်ဖြစ်ရာ

(က) နာမရူပ ပရိစ္ဆေဒဉာဏ်၏ ပစ္စုပဋ္ဌာန်နှင့် ပဒဋ္ဌာန် ၂-ပါးတွင် ပဒဋ္ဌာန်ဘက်၌ဎင်း

(ခ) ပစ္စယပရိဂ္ဂဟဉာဏ်၏ ဟေတုနှင့်ပစ္စယအကြောင်း ၂-ပါးတွင် ပစ္စယအကြောင်း ဘက်၌ဎင်း

(ဂ) သမ္မသနဉာဏ်၏ ကာလ ၃-ပါးရုပ်နာမ်တွင် အနာဂါတ်ကာလဘက်၌ဎင်း

(ဃ) ဥဒယဗ္ဗယဉာဏ်၏ ဖဿနှင့်ဝေဒနာ ၂-ပါးတွင် ဖဿရိပ်အဖြစ်ဖြင့် ပေါ်ထွက်လာရာ စင်စစ် ဎင်းသည်အကြောင်းတရားကို မျိုးထားသော အကျိုးတုသာ ဖြစ်၏၊ ဎင်းချုပ်သော် အကြောင်းတရား ပေါ်မည်ဖြစ်သဖြင့် ခန္ဓာဖော်ထုတ်သော် ဝိညာဏက္ခန္ဓာ ပေါ်ထွက်ရ၏၊ ဎင်း၏သတ်ဆေးမှာ အဝသဝတ္တနဋ္ဌ အနတ္တ (တနည်း) အစိုးမရ အလိုသို့မလိုက်သောအနေဖြင့် ကြိတ်ချေရန်ဖြစ်ပါသည်။

၌အထက်ဖော်ပြပါ သဘာဝတို့ကို အနတ္တ ၄-ချက်ဖြင့်ချေမှုန်းရန် တာဝန်သည် မိမိတို့၏ **လုပ်ငန်းစဉ်ပင်** ဖြစ်ပါ၍ ကြိတ်ချေသောအခါတွင် အကူညီသဘောလိုသော် အောက်ဉာဏ်များ၏ **သဘောသဘာဝ**ကို ပြန်လည်သိမ်းပိုက်စပ်ဟပ်၍ ဥက္ကောင်းမကျေကျအောင် ကြိုးစားသင့်လှ **ပါသည်။**

မဟာသတိပဋ္ဌာန် ဒေသနာတော်ကြီးတွင် ရှင်တော်မြတ်က-

"အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျလောကေ အဘိဇ္ဈာ ဒေါမနဿံ"

အစရှိသော ဂါထာဖြင့် ဣဓ၊ ၌မဂ်သာသနာ ဖိုလ်သာသနာတော်၌။ ဘိက္ခု၊ သတိပဋ္ဌာန် လုပ်ငန်းစဉ်ကို **အား**ထုတ်သော ရောဂါဝစရ ပုဂ္ဂိုလ်သည်။ အာတာပီ၊ မဖြစ်မနေအရိုးကြေကြေ **အရေခန်းခန်း** ကြိုးပန်းသောအားလုံ့လနှင့် ပြည့်စုံသည်ဖြစ်၍။ သမ္ပဇာနော၊ ရုပ်နာမ်ဓမ္မသဘာဝ တရားတို့၌ စူးယှသော ဉာဏ်အမြင်နှင့် ပြည့်စုံသည်ဖြစ်၍။ သတိမာ၊ ဖြစ်ခြင်း-ပျက်ခြင်း ဟူသော **ကမ္မဋ္ဌာန်း** အာရုံနှင့်ပြည့်စုံသည် ဖြစ်၍။ လောကေ၊ သညက္ခန္ဓာ ဟူသော ပညတ်စွဲလောက၌။ **အဘိဇ္ဈာ**ဒေါမနဿံ၊ ချစ်ခြင်းမုန်းခြင်း ၂-ပါးကို။ ဝိနေယျ၊ ပယ်ဖျောက်၍။ ကာယေ၊ ရူပကာယ၊ **ဟူသော** ခန္ဓာကိုယ်အစု၌။ ကာယာနုပဿီ၊ ရူပကာယကို အဘန်တလဲလဲရှုသည်ဖြစ်၍။ ဝိဟရတိ **ကမ္မဋ္ဌာန်း**အာရုံ၌ မွေ့လျော်၍ နေ၏- ဟူ၍ ဆိုဆုံးမတော်မူရာ၌-

(၁) အရိုး-အကြော-အရေကြွင်းစေ၊ မလျော့သောဇွဲသတ္တိဖြင့်ဎင်း

(၂) ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့ကို မမြင် မြင်အောင် စူးယှထက်မျက် သော ပညာ ဉာဏ်ဖြင့်ရင်း

(၃) ဤပညာဖြင့် ဥဒယဗ္ဗယဉာဏ်ဖြင့် ဖြစ်ခြင်း- ပျက်ခြင်း တည်းဟူသော ကမ္မဋ္ဌာန်း အာရုံဖြင့်ရင်း

ပြည့်စုံစေပါမှ မဂ္ဂင် ၈-ပါး၏ သမ္မာဝါယမ မဂ္ဂင်(တနည်း) ဝိရိယအားရှိနိုင်ပြီး ထိုဝိရိယရှိပါမှ ဗောဓိပက္ခိယ သမ္မပ္ပဓာန် ၄-ပါးနှင့်ပြည့်စုံနိုင်ကာ သဒ္ဓါတရားအစစ်ကို လက်ကိုင် ရရှိခြင်းဖြင့် ဤသတိပဋ္ဌာန်လုပ်ငန်းစဉ်ကြီး အောင်မြင်နိုင်မည်ဖြစ်၍ အားလုံ့လကြီးများကို အမြဲတစေမွေးမြူ သင့်လှပါသည်။

**သတိ။** ။ဤကဲ့သို့သော အားလုံ့လကြီးများဖြင့် ကြိုးစား၍ ဤပညာမြင် ဥဒယဗ္ဗယ ၏ ဖြစ်-ပျက် ကို မြင်သော အကြင်ကလျာဏပုဂ္ဂိုလ်သည် နိဗ္ဗာန်ကိုဒုတိယအကြိမ် လက်ညိုးထိုးနိုင်သည် ဖြစ်၏၊ အဘယ့်ကြောင့်ဟူမူ ဖြစ်သဘောကို အနတ္တဖြင့်သိမ်းသော် ပျက်သဘောသည် ဒုက္ခဉ် ကျ၏၊ ဤအပျက်သဘောသည်ကား အသစ်တဖန်ပြန်၍ မဖြစ်နိုင်သော သဘောဖြစ်သဖြင့် ဒုက္ခကိုမြင်သည်မည်၏ (တနည်း) ဖြစ်သဘော၏အနှစ်သာရမရှိသည်၏ အဖြစ်ကို ပညာဖြင့်မြင်ခြင်းသည် ဖြစ်သဘော၏အဆုံး၊ ပျက်သဘော ဒုက္ခကို မြင်ခြင်းပင်ဖြစ်၍ အဖြစ်သဘောကို စက်ဆုပ်တော့သည့် နည်းတူ အဖြစ်သဘောကို သိမ်းဆည်းနိုင်သည် ဖြစ်ရာ ဒုက္ခတည်းဟူသော အပျက်သဘောမှ ငြိမ်းအေးသည်မည်၏။ဤသဘာဝသည်ပင်လျှင် နိဗ္ဗာနဓာတ်ဖြစ်၏။

တကယ်ပျက်မဟုတ်ပါမူကား ရွက်ကျပင်ပေါက်ကဲ့သို့ (တနည်း) သတ္တဝါ၏သေခြင်းကဲ့သို့ အသစ်တဖန်ဖြစ်လို၍ ပျက်ခြင်းဖြစ်ရာ ဤဥ်လုံးဝအသုံးမဝင်ပေ။

ဤသို့သော ပညာမြင် ဖြစ်-ပျက်ကိုမြင်သော် ပကတိသာဝက ဖြစ်ခဲ့ပါမူ ဝိသာခါ အမျိုးသမီးကဲ့သို့ ဘုံစဉ်ပင်စံလျက်ရှိသော်လည်း ၎င်းအတို့ သံသရာသည် လက်တွင်း တဆုပ်စာမျှသာ ကျန်တော့၏။ သောတာပန်အရိယာသည် ဘယ်လိုဘယ်ကဲ့သို့ပင် စံစားနေသော်လည်း ရှစ်ကြိမ် မြောက် ပဋိသန္ဓေကိုမယူရပေ။ ခုနစ်ကြိမ်မြောက်ဘဝတွင် အရဟတ္တမဂ်ကိုယူ၍ မဟာပရိနိဗ္ဗာန ဓာတ်ကို ယူမည်ဖြစ်ပေသည်။

**သတိ။** ။**ဖြစ်-ပျက်-သဘာဝ**

(၁) ပညတ်-ဖြစ်-ပျက်

(၂) သညာမြင်-ဖြစ်-ပျက်

(၃) ဝိညာဏ်မြင်-ဖြစ်-ပျက်

(၄) ခန္ဓာ-ဖြစ်-ပျက်

(၅) ပဋိစ္စသမုပ္ပါဒ်-ဖြစ်-ပျက်

ဟူ၍ ၅-မျိုးပြားသင့်ပေရာ ဤမဟာသတိပဋ္ဌာန်ကြီးကသာလျှင် ပဋိစ္စသမုပ္ပါဒ် ဖြစ်-ပျက်ကို ဖော်ထုတ်နိုင်သည်ဖြစ်၏။

(၁) **ပညတ်-ဖြစ်-ပျက်** = လူတိုင်းသိနိုင်သော လူမွေး-လူသေ-ပစ္စည်းဖြစ်-ပစ္စည်းပျက်ခြင်းအစရှိသည့် ဖြစ်-ပျက်တို့ဖြစ်၏။

(၂) **သညာမြင်-ဖြစ်-ပျက်** = ပထဝီဓာတ်၏ မာသဘောအစရှိသော ဓာတ် ၄-ပါး တို့၏ လက္ခဏာအသီးသီးကို သိခြင်းဖြစ်၏။ ၎င်းအသိသည်အမှတ်ဖြင့်သိခြင်းဖြစ်၍ သညာသိ-ဖြစ်-ပျက်ဖြစ်၏။ ၎င်းသည် ကမ္မဋ္ဌာန်းတရားကို အားထုတ်၍ သမာဓိရသော် တကိုယ်လုံးသော်၎င်း၊ အစိပ်အပိုင်းတွင်၎င်း ပူပူအေးအေး လှုပ်လှုပ်ရွရွဖြင့် ဖြစ်လိုက်ပျက်လိုက် ဖြစ်သည်ကို သိမြင်ခြင်းသည်လည်း သဏ္ဌာန်-အရိပ်-နိမိတ်- လက္ခဏာပင်ဖြစ်၍ သညာသိ ဖြစ်-ပျက်ဖြစ်၏။

(၃) **ဝိညာဏ်မြင်-ဖြစ်-ပျက်** = ၎င်းသည် တအာရုံနှင့်တအာရုံအကူးသဘောဖြစ်၏။ ဥပမာ-အမြင်သဘောမှ အကြားသဘော ပြောင်းရန်သည် အမြင်သဘောပျက်ပြီးမှသာလျှင် အကြားသဘောဖြစ်နိုင်ပြီးလျှင် တဖန် ဤအဖြစ်သဘော အကြားသည်လည်း အနံ့သဘောကို ဖြစ်စေရန် ပျက်ပေးရသည်ဖြစ်၍ ဝိညာဏ်မြင်-ဖြစ်-ပျက်ပင်ဖြစ်၏။ ၎င်းသည် သမ္မသနဉာဏ်မှနေ၍ ဥဒယဗ္ဗယဉာဏ်သို့ကူးသော် သမထရိပ်(တနည်း)ပညတ်ရိပ်မကင်းသည့်အတိုင်း အဖြစ်သဘောကို မမြင်နိုင်သဖြင့် ဝိညာဏ်မြင် ဥဒယဗ္ဗယဉာဏ်ဝဇ္ဇလုတ်မှ ထွက်နိုင်ရန် ခဲယဉ်းလှပေသည်။

(၄) **သတိ။ ။ခန္ဓာ-ဖြစ်-ပျက်** = ကာလ ၃-ပါး ရုပ်နာမ်အား အနိစ္စ- ဒုက္ခ- အနတ္တလက္ခဏာယဉ် ၃-ချက်ဖြင့် ချေခဲ့ရာ ပစ္စုပ္ပန်အကျိုးရုပ် မနောဝိညာဏ်ကျန်၏။၎င်းကို ထပ်၍ခွဲစိပ်သော် အတိတ်စွန်းဖြစ်သော သညက္ခန္ဓာနှင့် အနာဂါတ်စွန်း ဖြစ်သော သင်္ခါရက္ခန္ဓာတို့ထွက်၏ ဤကဲ့သို့ ၎င်းခန္ဓာ ၂-ပါး ပေါ်ထွက်ခြင်းသည် ဥပမာအားဖြင့် အဆင်းကို အကြည်ကဆွဲကိုင်သည့်သဘွယ် ကောင်း-မကောင်း ပေါ်ပြီးလျှင် ပဋိစ္စသမုပ္ပါဒ် စက်ရဟတ် ပတ်တော့၏။ ၎င်းသဘောကို ရည်တော်မူ၍ ဝိသုဒ္ဓိမဂ်ကြီးတွင် "အဒ္ဓါနတော- အာယန္တိ၊ ဘင်္ဂါဂ စ္ဆန္တိနယ-ဒဿနံ"အစရှိသည်ဖြင့် အန္ဓပုထုဇဉ်တို့၏ ကိလေသာ ကာမဂုဏ်အာရုံများကို ခွေးဆွဲ ထွက်၍ဆွဲသည် မည်၏။ ထိုသို့ ဤမနောဝိညာဏ်၏အတိတ်စွန်း အနာဂါတ်စွန်း အပြန်အလှန် ငါးကြင်းမြီးခပ်ခြင်းသည်ပင်လျှင် နှလုံးအိမ်၌ မြွေပွေး မြွေဟောက်ကိန်းနေခြင်းနှင့် တူကြောင်း ပညာရှိ သူတော်ကောင်းတို့ ဆိုဆုံးမခြင်းဖြစ်ပေသည်။

ထို့ကြောင့် ဤသဘာဝ၏ အတိတ်စွန်းခေါ် သညက္ခန္ဓာသည် "ဖြစ်သဘော" အနာဂါတ်စွန်းခေါ် သင်္ခါရက္ခန္ဓာသည် "ပျက်သဘော" ဖြစ်ရာ- ၎င်းသည်အတိတ်ခန္ဓာက ပေါ်ထွက်သည်ဖြစ်သောကြောင့် ယခုမဟာသတိပဋ္ဌာန်ကြီးက အလိုမရှိပေ။

(၅) **ပဋိစ္စသမုပ္ပါဒ်-ဖြစ်-ပျက်** = သို့ဖြစ်၍ ယခုပညာမြင် ဖြစ်-ပျက် သည်ဒုက္ခသစ္စာဖြစ်သော ကံမျိုးစေ့ကို ငုံထားသော ပဋိစ္စသမုပ္ပါဒ်မှထွက်သည့် ဖြစ်-ပျက်အစစ်ဖြစ်သဖြင့်ဟိုမှာဘက်၌ ဖြစ်-ပျက်-သဘောမရှိတော့ပြီဖြစ်ကြောင်းကိုလည်း ဥာဏ်မိစေသင့်ပါသည်။


တဖန်ပဋိစ္စသမုပ္ပါဒ်ကိုစိစစ်သော်ဖဿနှင့်ဝေဒနာသာရခြင်းနှင့်ပရမတ်တရားဖြစ်သော စိတ်-စေတသိက်တို့ရှိရာတွင် စိတ်တရားသည် ဝေဒနာမှထွက်၍ စေတသိက်တရားသည် ဖဿမှထွက်ကြောင်းနှင့် ဖဿကား ခေါင်း-ဝေဒနာကား အမြီးဖြစ်ကြောင်းသိပြီး၏။

သတိ။ ။ငင်းဖဿနှင့် ဝေဒနာ ခေါင်းနှင့်အမြီးခပ်ခြင်းသည် ကံတရားကြောင့်ပင် ဖြစ်ပြီးလျှင် ငင်းကံမျိုးစေ့သည်ပင်လျှင် အစေး-အညှော်-ငင်းအစေးအညှော်သည်ပင်လျှင်ဖဿ၏ အပေါင်းသဘောဖြစ်ကြောင်း သတိမူရာ၏။

ထို့နောက် ဖဿကို စိစစ်ပြန်သော်-အတိတ်မှ ပစ်ချလိုက်သော ဇနကကံအကြောင်းတရားကို တွေ့ရ၏။ ယခုမိမိရရှိနေသော ခန္ဓာ ၅-ပါးကောင်ကြီးသည် အတိတ်အကြောင်း စက် ဇနကကံကြောင့်ပင် ဖြစ်သဖြင့် ထိုဇနကကံသည် ''ဖြစ်သဘော''ခန္ဓာ ၅-ပါးကောင်ကြီးကား ''ပျက်သဘော'ဖြစ်၏။

သို့သော် ''အပျက်သဘော''ဟုဆိုနေသောငင်းခန္ဓာ ၅-ပါးကောင်ကြီးကို ''အပျက်စစ်'' ဟုတ်မဟုတ်ဝေဖန်ပြန်သောအခါ ငင်းသည် တဘဝတခန္ဓာဇာတ်သိမ်းသော် သုဿန်၌ လမ်းဆုံး ရ၏၊ အသက်ရှိစဉ်က မိမိပင်ပြုခဲ့သော ၂၉-ပါးသော ဥပထမ္ဘက ကံတရား အပေါင်းတို့ မှာမူ မသာကောင်နှင့်အတူ ''ပျက်သဘော''၌ ထည့်မရ၊ နောင်တွင် တခုသော ဘဝအတွက် ခန္ဓာ ၅-ပါး အပင်ထပ်၍ စိုက်ထူအုံးမည်ဖြစ်သဖြင့်''ဖြစ်သဘော''ဖြစ်ရပြန်သောကြောင့် စင်စစ်ဖြစ်ချင် ၍ ပျက်ရသော ''အပျက်တုသာ''ဖြစ်၏။

ဤသဘောအရ ဇနကကံနှင့်ဥပထမ္ဘကကံတို့၏အပြန်အလှန်''ဖြစ်သဘော-ပျက်သဘော'' ကိုမြင်သောအကြင်ပုဂ္ဂိုလ်သည် ပဋိစ္စသမုပ္ပါဒ် တရား၏ ''ဖြစ်-ပျက်''ကိုမြင်သည်ဖြစ်၍ မိမိ၏ ပြုသမျှသော ဒါနမှု- သီလမှု-ဘာဝနာမှုတို့၌ သံသရာဝဋ်ဒုက္ခ အကျိုးတရား၏ ''ဆင်းရဲမှု ဖြစ်သဘော''ကို မဆုပ်ကိုင်တော့မူဘဲ ပဋိစ္စသမုပ္ပါဒ် စက်ယန္တယားမှ ကျွတ်လွတ်ထွက်မြောက်ခြင်း သဘောကို အစဉ်အမြဲ ရှေ့ရှု၍ မိမိ၏ သန္တာန်ရှိ ကိစ္စအဝဝတို့ အပေါ် မပြတ်သောပညာ-မလစ်သော သတိဖြင့်သာလျှင် ပေါ့ပါး ချမ်းသာစွာ နေနိုင်တော့ပြီဖြစ်၏။




ကံအကြောင်းသဘာဝနေပုံ

ယခုပညာမြင် ဥဒယဗ္ဗယဉာဏ်စခန်းသို့ တက်လှမ်းခဲ့ပြီဖြစ်ရာ ပညာမြင် ဖြစ်-ပျက်ကို တွေ့မြင်ရ တော့မည်ဖြစ်၏။

သို့ဖြစ်သော "ဖြစ်သဘော"ကား အဘယ်နည်း? ဖဿဖြစ်၏၊ သို့သော် စေတသိက်ဖဿကိုငင်း၊ ရုပ်ဖဿကိုငင်း မယူသင့်၊ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ် ၄-ချက်၌ ရှိသော ဖဿကိုသာယူရမည်ဖြစ်ရာ ၎င်းတို့မှာ-

(၁) အဝိဇ္ဇာ- သင်္ခါရ- တဏှာ- ဥပါဒါန်- ဘဝ တည်းဟူသော အတိတ်အကြောင်း စက် ဖဿ ပဥ္စက ၅-ချက်
(၂) ဝိညာဏ်-နာမ်ရုပ်- သဠာယတန-ဖဿ- ဝေဒနာ တည်းဟူသောပစ္စုပ္ပန်အကျိုးစက် ဖဿ ပဥ္စက ၅-ချက်
(၃) တဏှာ- ဥပါဒါန်- ဘဝ- အဝိဇ္ဇာ- သင်္ခါရ တည်းဟူသော ပစ္စုပ္ပန်အကြောင်း စက် ဖဿ ပဥ္စက ၅-ချက်
(၄) ဝိညာဏ်-နာမ်ရုပ်- သဠာယတန- ဖဿ ဝေဒနာ တည်းဟူသော အနာဂါတ်အကျိုးစက် ဖဿပဥ္စက ၅-ချက်တို့ဖြစ်ပေရာ—

**စက်ရဟတ် ၄-ပါး ဖဿပဥ္စက ဒုက္ခ ၄-ချက်နှင့် မီးခတ် ၄-ပါးသဘော**

ဖြစ်-ပျက်ကိုသတ်ရာ၌ နောက်နောက်က အနတ္တဖြင့် သတ်ခဲ့ရာ ကောင်းစွာ မစင်ကြယ်သည်ဖြစ်၍ ယခု မဟာသတိပဋ္ဌာန်အတွက် ဒုက္ခဖြင့်သတ်ရန် ဖြစ်သည်တွင်—

| | | |
|---|---|---|
| (၁) သင်္ခတဋ္ဌ | = ပြုပြင်ခြင်းဒုက္ခ | = ပရိပါစကမီးခတ်ဖြင့်၎င်း |
| (၂) ပီဠနဋ္ဌ | = နှိပ်စက်ခြင်းဒုက္ခ | = ဥသမမီးခတ်ဖြင့်၎င်း |
| (၃) သန္တာပဋ္ဌ | = ပူပန်ခြင်းဒုက္ခ | = သန္တပ္ပန မီးခတ်ဖြင့်၎င်း |
| (၄) ဝိပရိနာမဋ္ဌ | = ဘောက်ပြန်ပျက်စီးခြင်းဒုက္ခ | = ဒဟမီးခတ်ဖြင့်၎င်း |

အသီးသီးဖြစ်၏။

**သတိ။** ။ဤတွင် အန္ဓပုထုဇဉ်၏ သညာဝိညာဏ်ဖြင့် ဆွဲကိုင်သော, နှစ်သက် လိုလားသော, အာရုံကာမဂုဏ်နှင့် တွေ့သော် သုခ၊ မနှစ်သက် မလိုလားသောကိလေသာ ကာမဂုဏ် အာရုံတို့ဖြင့် တွေ့ကြုံရသော် ဒုက္ခ၊ တဖန် တောင်းတတိုင်း မရပြန်သော် ဒုက္ခ စသည့် ပညတ် ဒုက္ခတို့သည် ဤကမ္မဋ္ဌာန်းအတွက် လုံးဝမလိုအပ်သည်ကို သတိမူပြီးသော်-

**သတ်ဆေးမှာ-**

(၁) **အတိတ်အကြောင်း စက် ဖဿ ပဥ္စက- သင်္ခါရ- ဝဋ္ဋ- ပရိပါစက ဓာတ်နှင့် အကြောင်း ဇနကကံ=** အတိတ်အကြောင်း ဖဿပဥ္စကတွင် အကြောင်း ဇနကကံဟူသည် ယခု မိမိရရှိနေသော ခန္ဓာ ၅-ပါးကောင်ကြီးဖြစ်ရန် ပစ်ချလိုက်သော ကံဖြစ်၏။ ၎င်း၌ အဝိဇ္ဇာရိပ်ရှိပြီးလျှင် ပရိပါစက မီးဓာတ်ယခုပစ္စက္ခခန္ဓာ ၅-ပါးကောင်ကြီးဖြစ်နိုင်ရန် ပြုပြင်စီမံသည်ဖြစ်၍ စင်စစ်ဒုက္ခသစ္စာ သာလျှင် ဖြစ်ပေသည်။

ဤအကြောင်း ဇနကကံ၏ နက်နဲမှုသဘာဝမှာ အတိုင်းအရှည် မရှိ၊ သဗ္ဗညုတ ဘုရားရှင်တို့၏ ဉာဏ်တော် အရာသာဖြစ်၏။ ကမ္မာတသိန်းပါရမီဖြည့်၍ ကျွတ်တန်း ဝင်တော်မူကြသော သာဝက တို့သည်ပင်လျှင် ကမ္ဘာတသိန်း ရှိသော အတိတ် အကြောင်း ဇနကကံကိုသာ မြင်တော်မူနိုင်ကြ၏။ ထို့ကြောင့်- ဤ၌ အဝိဇ္ဇာသည် အကြောင်းရင်းမဟုတ်ပေ၊ ဒုက္ခသည်သာလိုရင်းဖြစ်၍ ဒုက္ခဖြင့် မြင်အောင် ရှုဆင်ခြင်ရန် ဖြစ်ပေသည်။

(၂) **ပစ္စုပ္ပန်အကျိုးစက် ဖဿပဥ္စက-ဝိဥ္စနဋ္ဌ ဉသမမီးဓာတ်နှင့်အကျိုးဇနကကံ=**၎င်းသည် အတိတ်အကြောင်း ဇနကကံ၌ အဝိဇ္ဇာရိပ် ရှိသည့်နည်းတူ တဏှာရိပ်ရှိ၏၊ တဏှာ သည် မိမိ၏ခန္ဓာကိုယ်နှင့်တကွ ဆက်သွယ်ရာ ဆက်သွယ်ကြောင်း ဟူသမျှတို့ အပေါ် တွင် စွဲလန်းနှစ်သက်ခြင်း သဘောဖြစ်ရာ စား-ဝတ်-နေရေးနှင့်တကွ ဒါနမှု-သီလမှု- ဘာဝနာမှု ကိစ္စအဝဝတို့ကို ခုရောနောင်ခါ ကောင်းအောင်သာဟူသော ရည်မှန်းချက် ဖြင့် ပြုလုပ်ရခြင်းသည်ပင်လျှင် စင်စစ်အနှိပ်စက်ခံရသည့်သဘော၌ ကျရောက်သည် ဖြစ်၏။

ဤတွင် (က) အန္ဓပုထုဇဉ်တို့၌ ၎င်း ဒါန-သီလ-ဘာဝနာမှုတို့ကို ပြုလုပ်ရာတွင်ခန္ဓာသစ် တည်ဆောက်ရန် အတွက်သာဖြစ်၍-

(ခ) ကလျာဏအစရှိသော အရိယာအရှင်တို့၏ ဒါန-သီလ-ဘာဝနာမှု တို့သည် သည်ကား ခန္ဓာဝဋ်မှ ကျွတ်လွတ်ရန်အတွက်သာလျှင် ဖြစ်ပုံသဘာဝကို သိ မြင်အပ်သည့်အတိုင်း မိမိတို့၏ သင်္ခါရမှုကိစ္စအဝဝ၌ ဤနှိပ်စက်ခြင်းဒုက္ခဖြင့် အမြဲမသွေ သတိတရားရှေ့ထား၍ ရှုဆင်ခြင်အပ်လှပါသည်။

(၃) **ပစ္စုပ္ပန်အကြောင်း စက်ဖဿပဥ္စက- သင်္ခါရပဋ္ဌ- သင်္ခပ္ပန မီးဓာတ်နှင့် အကြောင်း ဥပထမ္ဘကကံ=** ဤသို့အားဖြင့် အကျိုးဇနကကံ၏ နှိပ်စက်မှုသဘောကို သိမ်းပိုက် နိုင်သော ကလျာဏပုဂ္ဂိုလ်အတို့၌ ကံတရားတည်းဟူသောအကြောင်း ဥပထမ္ဘကကံ ကို မပြုတော့ပြီဖြစ်သည့်ပြင် အနာဂါတ်အကျိုးတည်းဟူသော အကျိုး ဥပထမ္ဘကကံ ဖြစ်ရမည်ကို အစဉ်မသွေ စိုးရိမ်ထိတ်လန့်ပူပန်၍ နေနိုင်ပြီဖြစ်သဖြင့်သင်္ခါရဒုက္ခအဝဝ တို့မှ အစဉ်ငြိမ်းအေးရခြင်းနှင့် သဒ္ဓါ-သီလ-သုတ-စာဂ-ဟိရိ-ဩတ္တပ္ပ-ပညာ တည်း ဟူသော သူတော်ကောင်း ဥစ္စာ ၇-ဖြာနှင့် ပြည့်စုံသည်ဖြစ်ပေ၏။

ဤသို့မဟုတ်မူ၍ သင်္ခါရကိစ္စတို့၌ တဏှာဦးစီး၍ ပြုလုပ်သော အန္ဓပုထုဇဉ်တို့တွင် အကျိုးဇနကကံ၏ နှိပ်စက်မှုဒုက္ခကိုလည်း မသိမမြင်- မသိမမြင်သည့် အတိုင်း ယခု အကြောင်း ဥပထမ္ဘကကံ၏ အောင်မြင်မှုဖြင့် အကျိုး ဥပထမ္ဘကကံ တည်းဟူသော အနာဂါတ်အကျိုးတရား ဖြစ်မည့် မရေတွက်နိုင်သော ခန္ဓာဇာတ်အိမ်တည်ဆောက် မိပုံကိုလည်း ပူပန်မှုမရှိတော့သည့်နည်းတူ ယခုပစ္စုပ္ပန်၌ ပင်လည်း သညာဝိညာဏ် ဖြင့် ကံ တရား၏ အကျိုးပေးမှုကို ကြောက်လန့်သည် ဆိုကာ ဒါနမှု- သီလမှု- ဘာဝနာမှုတို့၌ လိုလျှင် လိုသလို-မလိုလျှင် မလိုသလို တွန့်ဆုတ်သောသဘောအရင်း ခံဖြင့် ပြုလုပ်မိသည်ပင်လျှင် မစင်ကြယ်သော ကံမျိုးစေ့ကိုချသည်ဖြစ်၍ အထူးသသိ သံဝေဂယူသင့်အပ်ပါသည်။

(၄) **အနာဂါတ်အကျိုးစက် ဖဿပစ္စက ဝိပရိနာမဒုဋ္ဌ-ဒဟာမီးဓာတ်နှင့် အကျိုး ဥပထမ္ဘက** ကံ = ဤကဲ့သို့ အကြောင်း ဥပထမ္ဘကကံဖြစ်မြောက်သော်- ယခုအနာဂါတ် အကျိုး ဖြစ်သော အကျိုးဥပထမ္ဘကကံသည် အောင်မြင်တော့ပြီဖြစ်၍ နောက်ဆုံးတွင်ဘောက် ပြန်ပျက်စီးသောသဘော၌ ကျရောက်ရ၏။ ဤတွင်-

(က) လူ့သခြင်း- ပန်းကန်ကွဲခြင်း၊ အိမ်မီးလောင်ခြင်းစသော အသစ်တဖန် ပြန်၍ဖြစ်နိုင် မည့် သညာဝိညာဏ်မြင်ဘောက်ပြန် ပျက်စီးခြင်းနှင့်

(ခ) တဖန်ပြန်၍မဖြစ်ပေါ်သည့် အစဉ်ဘောက်ပြန် ပျက်စီးခြင်းဖြစ်၏။ ဤသဘာဝသည် နိရောဓသစ္စာ၌ဝင်၍ နောက်တွင်မှ နိဗ္ဗာန်၌ဝင်မည်ဖြစ်၏။

**သတိ**။ ။ဥပထမ္ဘကကံသည် ဇနကကံအား ဖရိုမရဲမဖြစ်အောင် စောင့်ရှောက်သည့်သဘာဝ ကိုလည်း အထူးဂရုပြုရာ၏။

ဤကဲ့သို့ ကံမျိုးစေ့၏ ဖြစ်ပုံ-ပျက်ပုံကို ပညာမြင်ဥဒယဗ္ဗယဉာဏ်ဖြင့် မြင်ခြင်းသည် ပဋိစ္စ သမုပ္ပါဒ်၏ ဖြစ်-ပျက်ကို မြင်သည်ဖြစ်သဖြင့် ဟိုမှာဘက်၌ "ဖြစ်-ပျက်" အထူးမရှိပြီဖြစ်၍ မမြင် မြင်အောင် အထူးကြိုးစားရှုဆင်ခြင်ရန် အရေးအကြီးဆုံးဖြစ်ပါသည်။

ယနေ့သည်ကား ကံအကြောင်းကို သိမ်းဆည်းသော ပညာမြင် ဥဒယဗ္ဗယ ဉာဏ်ကြီးကို ဥက္ကောင်းချရပေမည်။ ဤမဟာသတိပဋ္ဌာန် ရုပ်နာမ်ပိုင်းသည် တလတာမျှ တအားသွန်၍ ဟော တော်မူရာ၌ အချို့သောအစိတ်အပိုင်းတို့တွင် မစပ်မဟပ်သည်များ ရှိကောင်းရှိပေမည်ဖြစ်ရာ ရှေ့ ရက်များတွင် ဟောတော်မူဦးမည့် မဟာသတိပဋ္ဌာန်ခန္ဓာပိုင်းတွင် နာယူရမည်ဖြစ်ပေသည်။

ယခုခေတ်အခါတွင် ဝိပဿနာတရားကို အားထုတ်ကြရာ၌ အများပင်အရေးတယူပြော ဟောလျက်ရှိခဲသော "ဖြစ်-ပျက်"ခေါ် ဥဒယဗ္ဗယပညာမှာ အမျိုးမျိုး ပြားနိုင်သည့် သဘာဝဖြစ် သည့်အတိုင်း သဘောအစစ်အမှန်ကို တွေ့မြင်ရန်သည် မလွယ်ကူသောကိစ္စကြီးတရပ်ဖြစ်၏။

သညာဝိညာဏ် အသိဖြင့်ၿငင်း၊ ခန္ဓာမြင်ဖြင့်ၿငင်း၊ ပညတ်သိဖြင့်ၿငင်း သိမ်းပိုက် နိုင်ပေရာ ရှင်တော်မြတ်ချီးမွမ်းတော်မူသော ပညာမြင် ဥဒယဗ္ဗယ "ဖြစ်-ပျက်"သည် ပဋိစ္စသမုပ္ပါဒ် စက်

ရဟတ်၏ "ဖြစ်-ပျက်" ကို မြင်မှသာလျှင် အစစ်ဖြစ်သဖြင့် အကြင်ပုဂ္ဂိုလ်သည် ထိုပညာမြင် "ဖြစ်-ပျက်" ကို အလိုရှိသည်ဖြစ်အံ့- ထိုပုဂ္ဂိုလ်သည် ပဓာနိယင် တရား ၅-ပါးဖြင့် ပြည့်စုံစေရမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ ၌အင်္ဂါ ၅-ချက်နှင့် ပြီးပြည့်စုံရန်သည် အစားနှင့်အအိပ်ကို အထူးခြိုးခြံ နိုင်စေရမည် ဖြစ်၏။ အဘယ့်ကြောင့်ဟူမူ အစားကြူးသော်အအိပ်ကြူး၏၊ အအိပ်ကြူးသော် **အစား**ကြူး၏၊ အစားကြူးသော် အပျင်းကြီး၏၊ အပျင်းကြီးသော် အဖျင်းကြီး၏၊ ဝိပဿနာပညာနှင့် **အလျဉ်း** မအပ်မစပ်သည်ဖြစ်၍ အထူးကြိုးစားဆင်ခြင်ရာ၏။

**သတိ**။ ။ဤဥဒယဗ္ဗယ ပညာစခန်းသည် အထက်တွင် ပြဆိုခဲ့သည့် အတိုင်း "ဖြစ်-ပျက်" အမျိုးမျိုး ရှိနေရာတွင် ဥပမာအားဖြင့် အဘိဓမ္မာသဘော ဥပါဒ်- ဌီ- ဘင် **သဘာဝ**သည်"ဖြစ်-ပျက်"ဖြစ်၏။ ဥဒယဗ္ဗယသည်လည်း "ဖြစ်-ပျက်"ပင်ဖြစ်၏။

သို့သော် ဥပါဒ်၏ "ဖြစ်သဘော"ကား အချိန်ကာလမရှိသော"ဖြစ်သဘော" ဖြစ်၍ ဥဒယ၏"ဖြစ်သဘော"ကား ပထမအစဖြစ်၍လာသော "ဖြစ်သဘော"ဖြစ်၏။

သို့ဖြစ်သော် ၎င်း "အဖြစ်နှင့်အပျက်" သဘာဝသည် တမျိုးတည်းသော သဘော**လော**? သို့မဟုတ်မူ၍ ၂-မျိုး ၂-စားလော? အမှန်သော် တမျိုးတည်းမှ ၂-မျိုး ပြားနေခြင်းသာ ဖြစ်၏။ ဥပမာသော်ကား-နေတစင်းတည်းပင် ဖြစ်သော်လည်း နေဝင်-နေထွက်၊ နေထွက်-နေဝင် ပြားဘိသကဲ့သို့ပင် ဖြစ်၏။ "ဖြစ်သဘော- ပျက်သဘော" သည်လည်း တမျိုးတည်းပင် ဖြစ်၏။ "ဖြစ်သဘော"သည် တဆံချီမျှ မရွေ့မပြောင်းမူ၍ ထိုဖြစ်သော နေရာ၌ပင် ပျက်ခြင်းသဘောသို့ ရောက်ရ၏။

နောက်ဆုံးမှာသော် ထိုသညာဝိညာဏ်သိဖြစ်သော "အဖြစ်နှင့် အပျက်" သဘောကို ၌ါသော် (တနည်း) သုဉ်းဆိတ်သော် ပညာမြင်သော ငြိမ်းအေးခြင်း သဘောကို တွေ့ရပေမည်၊ ၎င်းသည် နိဗ္ဗာန်ဖြစ်၏။

မိမိ၏ခန္ဓာ ၅-ပါးသည် ဖြစ်ပေါ်စ ဥဒယဖြစ်၏၊ ၎င်းသည် အတိတ်ဇနကကံကြောင့် ဖြစ်ကြောင်း သိပြီးဖြစ်၏၊ "အဖြစ်"ကိုရှာသော် ၎င်းဇနကကံကို ကောက်ရန်ဖြစ်၏။ တဖန် ဇနကကံသည် အကြောင်းဇနကကံ,နှင့် အကျိုးဇနကကံ,ဟူ၍ ၂-ပါးပြားရာ ယခုခန္ဓာ ၅-ပါးကောင်သည် အကြောင်းဇနကကံ ဖြစ်ကြောင်း သိပြီးဖြစ်၏။ ၎င်းသည် "အဖြစ်သဘော"ဖြစ်၏။ သ်တလောက၌ "အဖြစ်သဘော"ရှိသော် "အပျက်သဘော"ရှိရိုးဓမ္မတာအရ အကျိုးဇနကကံသည် "အပျက်သဘော"ဖြစ်ရ၏။ (တနည်း)ယခု ပစ္စက္ခ ခန္ဓာ ၅-ပါးကောင်ကြီးဖြစ်အောင်ပစ်ချသော ကံသည် အကြောင်း ဇနကကံ "ဖြစ်သဘော"။

ယခု ခန္ဓာကောင်ကြီးကား- အကျိုးဇနကကံ "ပျက်သဘော"ဖြစ်၏။တဖန်၎င်း"အပျက်သဘော"ဟု ပြောသော ခန္ဓာကောင်ကြီးမှ ၂၉-ပါးသော ကံတရားကို ပြုလုပ်သေးသည်ဖြစ်၍နောင်တမလွန်ဘဝအတွက် မျိုးစေ့ချသည်မည်၏။ ၎င်းသည် အကြောင်း ဥပထမ္ဘကကံဖြစ်ကြောင်း နာကြားပြီးပေရာ ထိုအကြောင်း ဥပထမ္ဘကကံမှသည် အကျိုးဥပထမ္ဘကကံကို ဖြစ်စေပြီး အနာဂါတ်ဘဝတွင် ခန္ဓာကောင်အသစ်ဖြစ်ရပြန်၏။

ထို့ကြောင့်ပင်လျှင် ရှင်တော်မြတ်သည်-

(၁) အကြောင်းဇနကကံပြဋ္ဌာန်းသော အတိတ်အကြောင်း စက်ရဟတ်

(၂) အကျိုးဇနကကံ ပြဋ္ဌာန်းသော ပစ္စုပ္ပန်အကျိုးစက်ရဟတ်

(၃) အကြောင်း ဥပထမ္ဘကကံပြဋ္ဌာန်းသော ပစ္စုပ္ပန်အကြောင်း စက်ရဟတ်

(၄) အကျိုး ဥပထမ္ဘကကံပြဋ္ဌာန်းသော အနာဂါတ်အကျိုး စက်ရဟတ်တည်းဟူသော စက်ရဟတ် ၄-ပါးဖြင့် ပဋိစ္စသမုပ္ပါဒ်ယန္တရားကိုလှည့်၍ ဟောကြားဆုံးမတော်မူခြင်းဖြစ်ပေသည်။

ဤတွင် မျိုးစေ့ကြောင့်သစ်ပင်၊ သစ်ပင်ကြောင့်မျိုးစေ့ အပြန်အလှန် သဘောကဲ့သို့ မိမိ၏ ခန္ဓာ ၅-ပါးကောင်သည်လည်း ထိုနည်းတူစွာ''အဖြစ်''ကြောင့် ''အပျက်''၊ ''အပျက်''ကြောင့် ''အဖြစ်'' ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်တွင် ချာချာလည်လျက်ရှိသည်ဖြစ်ရာ အလည် ရပ်နိုင်ရန် ဒုက္ခဖြင့်သတ်ရမည်ဖြစ်သဖြင့် အထက်တွင် သတ်ခဲ့သည့်အတိုင်း-

(၁) အတိတ်အကြောင်းစက်- အကြောင်း ဇနကကံကို သမ်တဒ္ဓ = ပြုပြင်ခြင်း ဒုက္ခဖြင့် သတ်သော် ဖြစ်သဘောချုပ်၏။

(၂) ပစ္စုပ္ပန်အကျိုး စက်- အကျိုးဇနကကံကို ဝိဥ္စနဋ္ဌ = နှိပ်စက်ခြင်း ဒုက္ခဖြင့် ရှုသော် ပျက်သဘောချုပ်၏။

(၃) ပစ္စုပ္ပန်အကြောင်း စက်-အကြောင်း ဥပထမ္ဘကကံကို သန္တာပဋ္ဌ= ပူပန်ခြင်း ဒုက္ခဖြင့်ချေသော် ဖြစ်သဘောချုပ်ပြန်ပေရာ-

''အဖြစ်သဘော''လည်းဒုက္ခ၊ ''အပျက်သဘော''လည်း ဒုက္ခတို့ကြောင့် ''ဖြစ်သဘော'' ''ပျက်သဘော''မရှိ၊ စင်စစ် ဒုက္ခသာ ရှိတော့သည်ဖြစ်၍ ပဋိစ္စသမုပ္ပါဒ်စက်ယန္တရားကြီး ပြိုကွဲ ပျက်စီးပြီးလျှင်-

(၄) အနာဂါတ်အကျိုး စက်-အကျိုး ဥပထမ္ဘကကံသည်လည်း ဝိပရိနာမဋ္ဌ = အသစ်တဖန်ပြန်၍မဖြစ်တော့သော အပြီးတိုင်ဘောက်ပြန်ပျက်စီးသော (တနည်း)အစဉ်ငြိမ်းအေးခြင်း သဘော နိဗ္ဗာန်၌ ဥက္ကောင်းဆိုက်ရောက်ရတော့သည် ဖြစ်၏။


**သတိ။** ။ဤသည်ကား- ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိခေါ်ဝိပဿနာ ဉာဏ်ပညာ၏ စင်ကြယ်သော အသိအမြင်ဖြစ်၍ ပညာမြင်ဥဒယဗ္ဗယဉာဏ်ဖြင့် စင်ကြယ်သန့်ရှင်းသောအမြင်ကို ရသည်မှာ ထင်ရှားပြီဖြစ်ပေသည်။

**(ဤတွင် ပညာသိက္ခာပဋိပဒါဉာဏဒဿနဝိသုဒ္ဓိအပိုင်းက ၃၆ ·ချေစဉ်ပြီး၏)**

၂၂-၀-၆၇

(ပုံစံအမှတ် ၁၅)

## ပညာသိက္ခာ- ဉာဏဒဿနဝိသုဒ္ဓိအပိုင်း
## ဘင်္ဂဉာဏ် ပညာမြင်အနိစ္စ




**လက်တွေ့သတိပဋ္ဌာန်ပေါ်ပုံ**

ဤမဟာသတိပဋ္ဌာန်ကြီးသည်ကား-

"ကောယနော- အယံဘိက္ခဝေ-မဂ္ဂေါသတ္တာနံ ဝိသုဒ္ဓိယာ"

အယံမဂ္ဂေါ၊ ဤသတိပဋ္ဌာန် တည်းဟူသောခရီးသည်။ သတ္တာနံ၊ သတ္တဝါတို့၏။ဝိသုဒ္ဓိယာ၊ ရာဂစသော ကိလေသာအညစ်အကြေးမှ စင်ကြယ်စေခြင်းငှါ။ကောယနော၊ တကြောင်းတည်းသောခရီးတည်း။ စသည်ဖြင့် ရှင်တော်မြတ်ဟောကြားတော်မူရာ ဓမ္မစကြာဒေသနာတော်၊ အနတ္တလက္ခဏသုတ်ဒေသနာတော်နှင့် တကွသော ဓမ္မက္ခန္ဓာအပေါင်းတို့၏ ဆုံစည်းရာ ဒေသနာတော်ကြီးလည်းဖြစ်သဖြင့် သဘာဝအစစ်ကို အခြေခံရမည် ဖြစ်သည့်အတိုင်း မညာမထောက် မကွေ့မကောက် ဖွင့်ဆိုရမည်ဖြစ်ပေရာ အခြားသော နည်းနာ နိသျ တို့ကို ထိခိုက်ကောင်း ထိခိုက်မည်ဖြစ်၍ ပညာဖြင့် သာလျှင်နာယူမှတ်သား ဘတ်ကြားခါ ယထာဘူတကျကျ သိမ်းပိုက်တော်မူနိုင်ကြပါစေသတည်း။

**မဟာသတိပဋ္ဌာန်ကြီးတွင်-**

(၁) ကာယာနုပဿနာ သတိပဋ္ဌာန်
(၂) ဝေဒနာနုပဿနာ သတိပဋ္ဌာန်
(၃) စိတ္တာ နုပဿနာ သတိပဋ္ဌာန်
(၄) ဓမ္မာ နုပဿနာ သတိပဋ္ဌာန်

အားဖြင့် ၄-ပိုင်း ပိုင်း၍ဟောကြားတော်မူ၏၊ သို့သော် ကာယာနုပဿနာ သတိပဋ္ဌာန်ကို **အား** ထုတ်ပွါးများသော် ကျန်နုပဿနာ သတိပဋ္ဌာန်တို့လည်း ပါပြီးဖြစ်၍ ကာယာနုပဿနာကို **အစ** ပြု၍ အားထုတ်ကြရ၏။

**သတိ၊** ။သို့အားမထုတ်မီ ပထမ သညာသဘောနှင့် သတိသဘောတို့၏ ခြားနားပုံကို သိသင့်သဖြင့်-

(၁) **သညာ**=ကား- ယခုကာလအများသော ဝိပဿနာတရားကို လိုက်စား အားထုတ်ကြသော ပုဂ္ဂိုလ်တို့၏ အရိယာပထ လုပ်ငန်းစဉ်ကိုသိမှတ်သော အလုပ်စသည်တို့သည် နာမနှင့် သဏ္ဌာန်တည်းဟူသော ပရမတ်မပါသည့် ပညတ်ကိုမှတ်သည့်သဘော၌ သက်ရောက်သဖြင့် သညာအမှတ်၊ (တနည်း)သညာဝိပလ္လာသသာလျှင် ဖြစ်ပေသည်၊ အကျိုးတရားမှာ အမှတ်များသော်- အမှတ်မြဲသော် သညာ(တနည်း)ပညတ်များခြင်းနှင့် မြဲခြင်းသာရှိ၍ အထူးကြံဆအပ်သောသဘောဖြစ်ပါသည်။

(၂) **သတိ**= ကား- အောင်းမေ့ခြင်းသဘောဖြစ်၏၊ ဥပမာ လက်ဘက်ရည်ပန်းကန်ကိုမြင်၍ လက်ဘက်ရည် ပန်းကန်ဟုပြောနိုင်ခြင်းသည် အဆင်း-အကြည် အမြင်-အသိ ဤ ၄-ပါး ပေါင်းဆုံ၍ ပြောနိုင်ခြင်းဖြစ်သည်ဟု ဆိုပေမည်။ အမှန်သော်ကား-

(၁) အဆင်းသဘော = အတိတ်သညာ

(၂) အကြည်သဘော = အနာဂါတ်သညာ

(၃) ထို ၂-ပါးဆုံသဘော = သပ္ပဋိဃသညာ(တနည်း)ပစ္စုပ္ပန်သညာ

(၄) ထို ၃-ပါးတို့၏ ညီညွတ်မှုမှဖြစ်သော= မနောဝိညာဏ် ရုပ်နာမ်သဘောမျှ ဖြစ်၏ လက်ဘက်ရည် ပန်းကန် ဟူသော အမည်ကိုပေး၍ခေါ်ဆိုနိုင်ခြင်းကားမိမိ၏နှလုံးအိမ်တွင် ရှိနှင့်သော (တနည်း)သိမှီးပြီးဖြစ်သော အတိတ်အမှတ် သဘော၏ ဆွဲကိုင်မှုကြောင့်ပင်ဖြစ်၏။ ၎င်းသဘာဝသည် ခန္ဓာပရမတ်ဖြစ်၏။ ၎င်းအသက်ဝင်မှ သာလျှင် အာရုံကိုဆုံးဖြတ်နိုင်၏။ ၎င်းမပေါ်သော်(တနည်း)သိမှီးငြီးမရှိသော် ထို ဓမ္မ၄-ချက်တို့ပေါင်းချင်တိုင်းပေါင်း၍ ဆုံချင်တိုင်း ဆုံသော်လည်း အာရုံကို မဆုံးဖြတ်နိုင်ပေ။ မိမိတကြိမ်တခါမျှ မမြင်-မသိ-မမှတ်သား ဘူးသေးသော အာရုံ တခုဖြင့် ဆုံသော အခါ၌ မိမိသိနိုင်ရန် အဘယ်ကဲ့သို့ နောက်ကြောင်းအမှတ်သားများကို ပြန်လှန် လေ့လာရပါသနည်း? သို့သော် နောက်ဆုံးမှာမူကား ဘာဟူ၍ မပြောနိုင်သော သဘော၌သာ ကျရောက်မည်မှာ မလွဲပေ။

**သတိ**။ ။သို့ဖြစ်၍ ခန္ဓာပရမတ်ခေါ် မိမိ၏နှလုံးအိမ်တွင် အစဉ်ကိန်း၍နေသောအမှတ်ဟောင်းတို့သည်ပင်လျှင် "သညက္ခန္ဓာ" ဖြစ်၏။ ၎င်းကို မဟာသတိပဋ္ဌာန်တွင် "သတိ" (တနည်း) အောင်းမေ့ခြင်းဟုဆိုရ၏။

ဤသဘာဝကို ရည်တော်မူသော ရှင်တော်မြတ်သည် "ယာဝဒေဝဥာဏ မတ္တာယစ" ဉာဏ်၏ပွားခြင်းအကျိုးငှာသာလျှင်၎င်း "ယာဝဒေဝ ပဋိဿတိ မတ္တာယစ" သတိ၏ ပွားခြင်း အလို့ငှာသာလျှင်၎င်း "အနိဿိတောစ"တဏှာဒိဋ္ဌိတို့ကိုမမှီမူ၍လည်းဝိဟရတိ-ဣရိယာပုထ်ငွာန်းအာရုံ၌ မွေ့လျော်၍နေ၏ဟူ၍ ထိုသတိ၏သဘာဝကို မြင်နိုင်ရန်ညွှန်းတော်မူခြင်းဖြစ်၏။

**သတိ**။ ။ထို့ကြောင့် ရှင်တော်မြတ်သည် အနမတဂ္ဂသံသရာတခွင် ဘဝစဉ်ဆက် အစွဲကြီးစွဲယူသိမ်းပိုက်၍လာကြသော-

(၁) နိစ္စသာရ ကို ကာယာနုပဿနာ သတိပဋ္ဌာန်ဖြင့်၎င်း

(၂) သုခသာရ ကို ဝေဒနာနုပဿနာ သတိပဋ္ဌာန်ဖြင့်၎င်း

(၃) သုဘသာရ ကို စိတ္တာနုပဿနာ သတိပဋ္ဌာန်ဖြင့်၎င်း

(၄) အတ္တသာရ ကို ဓမ္မာနုပဿနာ သတိပဋ္ဌာန်ဖြင့်၎င်း

ပယ်သတ်နိုင်ရန် မဟာသတိပဋ္ဌာန်ကို ၄-ပါးပြား၍ ဟောကြားဆုံးမတော်မူခြင်းဖြစ်၏။

ဤတွင် မဟာသတိပဋ္ဌာန် လုပ်ငန်းစဉ်သည် သိမ်မွေ့ကျစ်လစ်သည့်နည်းတူ သမထ လုပ်ငန်းစဉ်ဖြင့် ရောထွေးနိုင်သော သဘောလည်းရှိပေသည်။ သတိပဋ္ဌာန်အလုပ်ဟုပင် အမည်ခံနိုင်သော်လည်း သမထအလုပ်ဖြစ်နေတတ်ပေရာ ဥပမာ အလွန်တရာကောင်းသည်- ခရီးရောက်နေပြီဟုပြောနိုင်သော အာနာပါနလုပ်ငန်းစဉ်၏ အစွမ်းသည် ဝိညာဏ်မြင် ဥဒယဗ္ဗယဉာဏ်ထိသာလျှင် ရောက်နိုင်သည်ဖြစ်၍ ဤအဆင့်မှတက်လိုသော မည်သည့်ပုဂ္ဂိုလ်မဟူ စိန္တာမယ ပညာစခန်းသို့ ကူးပြောင်းရမည်ပင်ဖြစ်၏။ တဖန်တုံ အာနာပါနလုပ်ငန်းစဉ်ပင် အားမထုတ်သော်ငြားလည်း စိန္တာမယပညာဖြင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့တွင် သတိသည် အလိုအလျောက် ရှိပြီးဖြစ်နိုင်ပုံသဘာဝကို ဉာဏ်မြင်ရှင်းသင့်လှပါသည်- သို့ဖြစ်ရာ-

(၁) သောတာပန်အရိယာသည်=မိမိပြုသမျှသောသင်္ခါရမှုတို့၌အမှန်သဘောချည်းသာ ဖြစ်၍ ဓမ္မာနုပဿနာသတိပဋ္ဌာန်ဖြင့် အထူး အားမထုတ်မူဘဲ ပြည့်စုံ၏။ အဘယ့်ကြောင့်ဟူမူ ဒိဋ္ဌိစွဲပြုတ်ပြီးဖြစ်သဖြင့် အပါယ် ၄-ပါးသို့ လားစေတတ်သော ကံမမြောက်တော့ပြီဖြစ်၏။

(၂) သကဒါဂါမ်အရိယာသည် = စိတ္တာနုပဿနာသတိပဋ္ဌါန်နှင့်ပြည့်စုံ၏။

(၃) အနာဂါမ်အရိယာသည် = ဝေဒနာနုပဿနာသတိပဋ္ဌာန်နှင့် ပြည့်စုံ၏။

(၄) ရဟန္တာအရှင်မြတ်သည် = ကာယာနုပဿနာသတိပဋ္ဌာန်နှင့်ပြည့်စုံ၏။

**သတိ။** ။တဖန် ၎င်းသာရ ၄-ချက်ကိုစိစစ်သော် ဝိပဿနာလုပ်ငန်းစဉ်တွင် ဘင်ဉာဏ်ကြီးက ပယ်သတ်ခဲ့ပေရာ ပယ်သတ်ပုံမှာ-

(၁) **နာမရူပ ပရိစ္ဆေဒဉာဏ်**- သည် သညာမှထွက်သောအရောင်သဘော ရုပ်နာမ်ကိုသာ ရှာနိုင်ခဲ့၍ အတ္တဒိဋ္ဌိ ၂၀-ကျွတ်ပြီး၏။

(၂) **ပစ္စယ ပရိဂ္ဂဟဉာဏ်**- သည် ဝိညာဏ်မှထွက်သောအရောင်သဘော ရုပ်နာမ်တို့ သိမ်းပိုက်နိုင်ခဲ့၍ ဝိသမဟေတုက ဒိဋ္ဌိကျွတ်ပြီး၏။

(၃) **သမ္မသနဉာဏ်**-သည် ကျန်သော သညာကိုကာလ ၃-ပါးဖြင့်ပိုင်း၍သတ်နိုင်ခဲ့ရာ အရိုးစိုက်ဒိဋ္ဌိဖြစ်သော သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိတို့မှလွတ်ခဲ့၏။

(၄) **ဥဒယဗ္ဗယဉာဏ်**- သည် ကျန်သောဝိညာဏ်ကို ပယ်သတ်ခဲ့နိုင်၍ရုပ်သဘော နာမ်သဘော၏ အကြောင်းတရားတို့ကို ဇာတ်သိမ်းစေခဲ့၏။

(၅) **ဘင်ဉာဏ်**- သည် ချုပ်ပြီးဖြစ်၏ဟု ကြွေးကြော်ခဲ့သော ဝိညာဏ်ကြီး၏ နိစ္စ-သုခ-သုဘ-အတ္တသာရ ၄-ချက်ကိုနှာယူ၍ ခယဓမ္မာ-ဝယဓမ္မာ-ဝိရာဂဓမ္မာ-နိရောဓဓမ္မာတည်းဟူသော ကုန်-ပျက်-ကင်း-ချုပ်ဖြင့်ထပ်မံ၍သတ်လိုက်ရာဝိညာဏ်ကြီး၏ ရေသောက်မြစ်တို့သည် ပြတ်ခဲ့၏။

(ပညာမြင်အနိစ္စဖြစ်၏)

**သတိ။** ။သို့သော်- ထိုရေသောက်မြစ်ပြတ်ပြီးဟု ပြောသော ဝိညာဏ်ကို ဟဖန် ထပ်မံကြိတ်ချေသော် အဝိဇ္ဇာကို တွေ့ရမည်ဖြစ်ရာ ၎င်းကို ဒုက္ခဖြင့်သတ်မည်ဖြစ်၏။
ထို့နောက် တဏှာကို တွေ့ရမည်၊ ၎င်းကို အသုဘဖြင့်သတ်မည်ဖြစ်၏။
ထို့နောက် ကံကိုတွေ့ရမည်၊ ၎င်းကို အနတ္တဖြင့်သတ်ပြီးသော်- မဂ်သို့ ဝင်မည်ဖြစ်ကြောင်းကြိုတင်သိရှိအပ်ပါသည်။

**ဓမ္မ ၄-ချက် ပညတ် ၄-ပါးနှင့် သာရ ၄-ပါးသဘော**

(၁) အဆင်း၌ - နာမပညတ်ရှိ၍ - နိစ္စသာရဖြစ်၏
(၂) အကြည်၌ - သဏ္ဌာနပညတ်ရှိ၍ - သုခသာရဖြစ်၏
(၃) အမြင်၌ - သမူဟပညတ်ရှိ၍ - သုဘသာရဖြစ်၏
(၄) အသိ၌ - သန္တတိပညတ်ရှိ၍ - အတ္တသာရဖြစ်ရာ-

၎င်းတို့၌ ပရမတ်သဘောမပါရှိသည်ကို သတိပြု၍ ပညာမြင်ဥဒယဗ္ဗယဉာဏ်၏ ဒိဗ္ဗာဘက်၌ ရုပ်ဟူ၍၎င်း၊ နာမ်ဟူ၍၎င်း၊ သညာဟူ၍၎င်း၊ ဝိညာဏ်ဟူ၍၎င်း မရှိတော့ပြီ ဖြစ်ကြောင်း ကိုလည်း မမေ့အပ်ပေ။

**သတိ။** ။သို့သော် ၎င်းတို့ ၄-ပါး၏ အပေါင်းသဘောဖြစ်သော ပစ္စုပ္ပန်သဘောကား ရှိနေသေးသည်ဖြစ်၍ ဤသာရ ၄-လုံးတို့ ပေါ်ထွက်နေနိုင်ခြင်းဖြစ်၏။

**ဘင်ဉာဏ်၏အပျက်သဘော**

၎င်းသည် အကြောင်းဟူက မြူမျှမရှိသော အကျိုးတရားသက်သက်ဖြစ်၍ ပျက်ရမည်သာဖြစ်၏၊ ထို့ကြောင့် ဘင်ဉာဏ်သည် အကျိုးတရားဟု ပြောရခြင်းဖြစ်ပေသည်။

**ဤမဟာသတိပဋ္ဌာန်ဒေသနာတော်မြတ်ကြီးသည်-**

(၁) ပါဠိတော်၏ နက်နဲခြင်း
(၂) အနက်၏ နက်နဲခြင်း
(၃) ဒေသနာတော်၏ နက်နဲခြင်း
(၄) အသိဉာဏ်၏ နက်နဲခြင်း

တည်းဟူသော နက်နဲခြင်း ၄-ချက်ဖြင့်ပြီးကြောင်း ဆရာမြတ်တို့ မိန့်ဆိုရာတွင်-

(၁) **ပါဠိတော်၏နက်နဲခြင်း**- ဥပမာ "သမုဒယဓမ္မာ နုပဿီဝါ ကာယသ္မိံ ဝိဟရတိ" အစရှိသော ပါဠိတော်ကိုပင်ဘယ်လိုပင် ပြန်ဆိုပါမည်နည်း? ပါဒ်တချက် အနက် ၁၀-ထွေဟူဘိသကဲ့သို့ အလွန်တရာပင် နက်နဲကျယ်ဝန်းလှ၏။

(၂) **အနက်၏နက်နဲခြင်း-** ဥပမာ''ဂစ္ဆန္တော ဝါ- ဂစ္ဆာမိတိပဇာနာတိ''ပါဠိတော်အား, သွားတယ်-သွားတယ် ဘယ်-ညာ စသည်ဖြင့် မိမိတို့လှမ်းသော ခြေဖဝါးကို ရှုမှတ်မည်လော? ဤသို့ကားမဟုတ်ပေ။ သွားခြင်းသဘောကို အပြားအားဖြင့် ဟုတ်မှန်တိုင်း အမှန်သိရန်ဖြစ်သဖြင့်ပါဠိတော်၏အနက်အဓိပ္ပါယ် နက်နဲသိမ်မွေ့ခြင်းဖြစ်၏။

(၃) **ဒေသနာတော်၏နက်နဲခြင်း-** ရှင်တော်မြတ်သည် ဝေနေယျတို့အားချွေချွတ်တော်မူရာ၌-

(က) ပုဂ္ဂိုလ်၏ အဇ္ဈာသယကို ကြည့်တော်မူ၍ ဟောတော်မူခြင်း

(ခ) ဝေနေယျအားလုံးကိုခြုံ၍ ဟောတော်မူခြင်း

(ဂ) သဗ္ဗညုတဉာဏ်တော် ကြီးကျယ်မြင့်မြတ်ယည့်အတိုင်း ဟောတော်မူခြင်း

ဟူ၍ ၃-မျိုးပြားပေရာ ဤတွင် ဒေသနာတော် ကြီးကျယ်နက်နဲခြင်းမည်၏။

(၄) **အသိဉာဏ်၏နက်နဲခြင်း-** သဘာဝတချက်ကိုပင်လျှင် အန္ဓပုထုဇဉ်တို့၏သိပုံ-ကလျာဏပုဂ္ဂိုလ်၏ သိပုံ-အရိယာမြတ်၏သိပုံခြင်းများစွာကွာခြားသည်ဖြစ်၍အသိဉာဏ်၏နက်နဲခြင်းမည်၏။

**မဟာသတိပဋ္ဌာန် ၄-ပါးသဘောအကျဉ်း**

(၁) **ကာယာနုပဿနာသတိပဋ္ဌာန်=** ခန္ဓာကိုယ်ကြီးသည် ကာယဖြစ်၏၊ တနည်း) ဝင်လေ-ထွက်လေသည်လည်း ကာယပင်ဖြစ်ရာ၎င်းအားအဖန်တလဲလဲရှုဆင်ခြင်ခြင်းသည် ကာယာနုပဿနာသတိပဋ္ဌာန်မည်၏။

(၂) **ဝေဒနာနုပဿနာသတိပဋ္ဌာန်=** ခံစားခြင်းဖြစ်၏ဥပမာ အဆင်းနှင့်အကြည် ဆိုသော် ကောင်း-မကောင်းဝေဒနာပေါ်၏၊၎င်းကိုအဖန်တလဲလဲရှုခြင်းသည်ဝေဒနာနုပဿနာ သတိပဋ္ဌာန် မည်၏။

(၃) **စိတ္တာနုပဿနာသတိပဋ္ဌာန်=**မိမိ၏ စိတ်ဝိညာဏ်ကို အဖန်တလဲလဲ ရှုခြင်းသည် စိတ္တာနုပဿနာ သတိပဋ္ဌာန်မည်၏။

(၄) **ဓမ္မာနုပဿနာသတိပဋ္ဌာန်=**သစ္စာ ၄-ပါးတရားအနတ္တတရားတို့ကို အဖန်တလဲလဲ ရှုဆင်ခြင်ခြင်းသည် ဓမ္မာနုပဿနာသတိပဋ္ဌာန်မည်၏။

**တဖန်မိမိ၏ခန္ဓာ ၅-ပါးကောင်ကြီးကို ဝေဖန်ပြန်သော်-**

(၁) မိမိ၏ ယခုရရှိနေသော ခန္ဓာကြီးကိုပစ်ချသောအကြောင်းသည် အတိတ်အကြောင်းစက်မည်၏။

(၂) မိမိ၏ ယခုရရှိနေသော ခန္ဓာကြီးကား ပစ္စုပ္ပန်အကျိုးစက်မည်၏။

(၃) ယခုခန္ဓာကြီးရရှိသော် အနာဂါတ်အကျိုးတရားကို မြော်ကိုး၍ ၂၉-ပါးသောကံတရားတို့ကို ပြုလုပ်ရခြင်းသည် ပစ္စုပ္ပန်အကြောင်းစက်မည်၏။

(၄) ထိုပစ္စုပ္ပန် အကြောင်းကံကြောင့် အနာဂါတ်ဘဝ၌ ခန္ဓာကောင်ကြီး ဖြစ်ရခြင်းသည်အနာဂါတ် အကျိုးစက်မည် ပေရာ-

၎င်းစက်ရဟတ် ဘယ်သဘောကြောင့်လည်ပတ်ရသနည်းဟူမူ သတိပဋ္ဌာန်၌သာရ ၄-လုံးကြောင့်ဖြစ်၏။ ၎င်းတို့မှာ-

(၁) ယခု ခန္ဓာ ၅-ပါးကောင်ကြီးကိုဖြစ်စေသော အတိတ်အကြောင်းစက်သည် မြဲ၏ဟု ယူသော သဘောသည် နိစ္စသာရမည်၏။

(၂) ဤကဲ့သို့ အတိတ်အကြောင်းသည် မြဲ၏ဟုယူသော်- ယခုမိမိရရှိနေသော ပစ္စုပ္ပန်အကျိုးခန္ဓာသည် ချမ်းသာ၏ဟုယူပြန်သဖြင့် သုခသာရ၌ကျ၏။

(၃) တဖန် ပစ္စုပ္ပန်အကျိုးခန္ဓာသည် ချမ်းသာ၏ဟုယူခြင်းကြောင့် အနာဂါတ်အတွက် တင့်တယ်နိုင်ရန်ကံအမျိုးမျိုးကိုပြုလုပ်ခြင်းသည်ပစ္စုပ္ပန်အကြောင်းဖြစ်၍သုဘသာရ၌ ကျရောက်ပြန်၏။

(၄) ထိုသို့ကံအမျိုးမျိုးတို့ကို တင့်တယ်သည်ဟု အနှစ်အသားအနေဖြင့် ယူခြင်းကြောင့် အနာဂါတ်အကျိုးဖြစ်သော ခန္ဓာကောင်သည် ငါ၏ခန္ဓာကိုယ်ဟူ၍အနှစ်အသားအနေဖြင့်ယူသည်ဖြစ်သဖြင့်အတ္တသာရ၌ကျရောက်ပြန်ပုံကို ဉာဏ်မိစေသင့်ပါသည်။

**သတိ။** ။အချုပ်ဆိုသော် ၎င်းသာရ ၄-လုံးသည် ပစ္စုပ္ပန်အကျိုးရိပ်ဖြစ်သော ခန္ဓာကိုယ်၌ပင်ရှိပေရာ ထိုခန္ဓာကိုယ်၏ ပစ္စုပ္ပန်အကြောင်းဖြစ်သည့် ဣရိယာပုဒ် လှုပ်ရှားမှု အမူအရာတို့ အမျိုးမျိုးပြောင်း၍ ပေါ်နေခြင်းသည် ပစ္စုပ္ပန်အရိပ်ဖြစ်ကြောင်း မိစေပြီး-

**သာရ ၄-လုံးသဘာဝ**

(၁) နိစ္စသာရ = မိမိတို့၏ပစ္စက္ခအာရုံ ကာမဂုဏ်ကိလေသာတို့အပေါ်၌ အခါမလစ် အတိတ်အကြောင်း အမှတ်သညာဖြင့် နှိုင်းယှဉ်၍သာလျှင် ကောင်း-မကောင်း ဟူသော ဆုံးဖြတ်ချက်ကို ချကြပေသည်။ ဥပမာသော်-ယခုစားသော အရသာသည် မကောင်းဟုပြောရာ၌ အမှန်စင်စစ်တခါသောအတိတ်၏ကောင်းသော အရသာကို သာလျှင်ထောက်ဆ၍ ပြောရသည်သာဖြစ်၍ မိမိ၏ပစ္စုပ္ပန်အကျိုးရိပ်၌၎င်းအတိတ်အမှတ်သဘောသည် အချိန်မရွေးပေါ်ထွက်ရန်အစဉ်ကိန်းလျက်ရှိကြောင်းထင်ရှား၏။ ၎င်းအတိတ်အမှတ်ကို ဆွဲယူထောက်ဆခြင်းသည်ပင် အတိတ်အကြောင်း မြဲ၏ဟုဆိုရာရောက်သည်ဖြစ်၍ နိစ္စသာရ မည်ပုံကို၎င်း။

(၂) သုခသာရ=ဤကဲ့သို့ အတိတ်အကြောင်းအား မြဲ၏ဟုကြည်ဖြူစွာသိမ်းပိုက်ခြင်းဖြင့် မိမိ၏ခန္ဓာကောင်ကြီးနှင့်ကာမဂုဏ်အာရုံတို့အပေါ်၌ အနှစ်အသားအနေဖြင့် ကြေကြေနပ်နပ်ကြီးခံစားစံစားခြင်းသည်ပစ္စုပ္ပန်အကျိုးကားချမ်းသာ၏ဟုစွဲယူရာကျသဖြင့်သုခသာရ၌ဝင်ပုံကို၎င်း။

(၃) သုဘသာရ=တဖန်မိမိ၏ ပစ္စက္ခ ပစ္စုပ္ပန် အကျိုးတရားတို့အပေါ်တွင် ချမ်းသာ၏ဟု သိမ်းပိုက်ခြင်းသည်ယခုဘဝ-ယခုအခြေအနေတို့၏ အပေါ်၌တင့်တယ်သည်၊ ဂုဏ်ရှိသည်ဟုယူရုံမျှမကသေး နောင်အတွက်ကောင်းစားရန် ဟူသော မျှော်ကိုး ချက်ဖြင့် ဒါနမှု-သီလမှု- ဘာဝနာမှုတို့ကိုလည်း ပြုလုပ်သေးသည်ဖြစ်၍ ပစ္စုပ္ပန် အကြောင်းတည်းဟူသော ကံ-ကိလေသာ အဝဝတို့အပေါ်၌ သုဘသာရဖြစ်ပုံကိုဇွင်း-

(၄) အတ္တသာရ= ထိုသို့မြဲ၏-ချမ်းသာ၏- တင့်တယ်၏ ဟု စွဲယူခဲ့ခြင်းသည်နောက်ဆုံးသော်ကား- အနာဂါတ်တွင် အကျိုးပေးမည့် ခန္ဓာကောင်ဖြစ်သော အနာဂါတ်အကျိုးတရားကိုပင် အနှစ်အသားအနေဖြင့် လှမ်းမျှော်သိမ်းပိုက်တော့သဖြင့် အတ္တသာရ၌ ကျပုံတို့ကို-

မိမိ၏ဖြစ်စဉ်ဖြင့်ညှိ၍ ဉာဏ်မြင်ရှင်းသည့်တိုင် ရှုအပ်လှပါသည်။

၂၃-၁-၆၇

**ကာမဓာတ်သည်-**

(၁) အစားကာမဓာတ်

(၂) အအိပ်ကာမဓာယ်

(၃) အဝတ်ကာမဓာတ်

(၄) မေထုံ ကာမဓာတ်

ဟူ၍ ၄-ပါးရှိရာ မေထုံကာမဓာတ်သည် အဆိုးဆုံး ဖြစ်ပေသည်။ ငါ့၌ ဤကာမဓာတ် မရှိပြီဖြစ်၏ဟု ထင်မှတ်ရုံမျှဖြင့် မပြီး အခြားသော ကာမဓာတ်တို့လည်း မေထုံကာမဓာတ်ကဲ့သို့ပင် ဖြစ်၍ပေါ့သည် လေးသည် မရှိကြောင်း သတိပြုရန်ဖြစ်ပါသည်။

သို့ဖြစ်၍ သောတာပန်အရိယာသည်ပင် ဓမ္မာနုပဿနာသတိပဋ္ဌာန်တပါးသာ နိုင်သည်ကို ထောက်ဆပြီးလျှင် သခ်တလောက၏ ကိလေသာ ကာမဂုဏ် အာရုံတောကြီးထဲ၌ နေကြရသော ကိုယ်ခံဟူက ဘာမျှမဂ္ဂိုသေးသော မိမိတို့အဘို့ရာတွင် သိလျှင်ပြီးရောဟူသော သတိပဋ္ဌာန်ဖြင့် အမှတ်မဲ့ မနေသင့်ကြောင်း ဂရုပြုသင့်ပါသည်။

**သတိ။ ။ဥပါဒါနက္ခန္ဓာလောကသဘော**

ဤမဟာသတိပဋ္ဌာန်ကြီး၏ တာဝန်သည် မိမိတို့နှင့်ထိတွေ့သော အာရုံတို့ အပေါ်၌ ကောင်း-မကောင်း(တနည်း) ကောင်းသည်ဟု ခံစားသော် ဣဋ္ဌာရုံ မကောင်းသည်ဟု ခံစားသော် အနိဋ္ဌာရုံတို့ကို ပယ်သတ်ရန်ဖြစ်ပေသည်။ ၎င်းသည် အဘိဇ္ဈာဒေါမနဿမှထွက်ရာ ၎င်းအဘိဇ္ဈာဒေါမနဿသည်ပင် ဥပါဒါနက္ခန္ဓာမည်၏

သို့သော်လည်း ထိုအဘိဇ္ဈာ ဒေါမနဿသည် အရဟတ္တမဂ်ကျခါမှ အပြီးတိုင်ချုပ်၍ သောတာပတ္တိမဂ်တွင် ၄-ဘို့ ၁-ဘို့သာလျှင် ငြိမ်းမည်ဖြစ်သဖြင့် သောတာပန်ပုဂ္ဂိုလ်သည် ဓမ္မာနုပဿနာသတိပဋ္ဌာန်တပါးသာပိုင်သေးသည်ဟု ဆိုခြင်းဖြစ်၏။

**ဥပါဒါနက္ခန္ဓာနှင့်ပဉ္စက္ခန္ဓာသဘော**

(၁) ပဉ္စက္ခန္ဓာ= ပဋိသန္ဓေဝိပါက် ဝိညာဏ်ဖြင့် ရောတည်၍ခန္ဓာအိမ်ကိုတည်ဆောက်ခြင်းသည် အဝိဇ္ဇာ၏လက်ချက်ဖြစ်ပေရာငင်းသည်ပဉ္စက္ခန္ဓာဖြစ်၍ မိမိ၏စိတ် ဝိညာဏ်တွင် အဝိဇ္ဇာ ရော တဏှာ ပါ ကိန်းလျက်ရှိ၏။ ထို့ကြောင့် အာရုံ ၆-ပါး၊ ဒွါရ ၆-ပါး၊ဝိညာဏ် ၆-လုံးတို့၌ဤအဝိဇ္ဇာနှင့်တဏှာရိပ်တို့ အစဉ်သန်းလျက်ရှိနေခြင်း ဖြစ်ပေသည်။

(၂) ဥပါဒါနက္ခန္ဓာ= ၎င်းသည် ဝိထိစိတ်မှ ပေါ်ထွက်သောအဝိဇ္ဇာရိပ်၏ခန္ဓာ ၅-ပါး ပင် ဖြစ်၏။ အာရုံကာမဂုဏ်ဖြင့်တွေ့ထိသော် သညာနှင့်ဝိညာဏ်(တနည်း)နာမနှင့် သဏ္ဌာန်ကို အရင်းပြု၍ ထွက်ဆွဲပြီးလျှင် ခံစားပြီးသော် လွှတ်၏၊၎င်းသည် တဏှာ တည်ဆောက်သော ခန္ဓာဖြစ်၍ ဥပါဒါနက္ခန္ဓာမည်၏။

**သတိ**။ ။ဤဥပါဒါနက္ခန္ဓာကို မဟာသတိပဋ္ဌာန်ကြီးကအဦးထား၍ ခွဲမည်ဖြစ်ရာ၊ ၎င်းတပါး ကြွေသော် ပဉ္စက္ခန္ဓာလည်း တပါတည်း ကြွေမည်ဖြစ်ကြောင်း ကြို၍တင် သိရှိအပ်သည့် အတိုင်း-

(၁) သောတာပန်အရိယာသည် -သညက္ခန္ဓာနှင့် သင်္ခါရက္ခန္ဓာ ၂-ပါးကိုငြိမ်း၏။

(၂) သကဒါဂါမိအရိယာသည် - ဝိညာဏက္ခန္ဓာကိုငြိမ်း၏။

(၃) အနာဂါမ်အရိယာသည် - ဝေဒနက္ခန္ဓာကိုငြိမ်း၏၊

(၄) ရဟန္တာအရှင်မြတ်သည် - ရူပက္ခန္ဓာငြိမ်းပုံကိုကြည်ညိုအပ်လှပါသည်။

ထို့ကြောင့် သတိပဋ္ဌာန်တရား အားမထုတ်သော အန္ဓပုထုဇဉ်တို့၏ တွေ့ကြုံလေသမျှသော ကာမဂုဏ်အာရုံတို့အပေါ်တွင် ကောင်း-မကောင်းဖြင့်သာလျှင် ဆွဲယူလေ့ရှိသော ဥပါဒါနက္ခန္ဓာ၏ အပြစ်အာဒီနဝကို သတိသံဝေဂယူ၍ မိမိတို့၏ ရှောင်ကွင်းခြင်းငှါ မဖြစ် စကောင်းသော အာရုံတို့ကို ပညာနှင့်ယှဉ်သော သတိဖြင့် ပယ်သတ်နိုင်ရန်အလုပ်သည် မိမိ၏ သတိပဋ္ဌာန် လုပ်ငန်းစဉ်ပင်ဖြစ်ပါသည်။

ဣဓ ဘိက္ခဝေ ဘိက္ခုကာယေ ကာယာနုပဿီ ဝိဟရတိ၊

အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျလောကေ အဘိဇ္ဈာ ဒေါမနဿံ''

အစရှိသော မဟာသတိပဋ္ဌာန်၏ အဘိဇ္ဈာ ဒေါမနဿ(တနည်း)ကောင်း-မကောင်း ဣဋ္ဌ-အနိဋ္ဌကို ပယ်သတ်ရမည်ဖြစ်ရာ အဘယ်ကဲ့သို့သောနည်းဖြင့် ပယ်သတ်ပါမည်နည်း?

ဥပမာ= မိမိသည် တခုသောအာရုံဖြင့်ဆိုသော် (တနည်း) ယခု မိမိထမင်းစားလျက် ရှိ၏၊ ဣဋ္ဌ-အနိဋ္ဌ (တနည်း)ကောင်း-မကောင်းတည်းဟူသော ကံကိုလေသာ လွတ်အောင်ဘယ်လို သုံးဆောင်ပါမည်နည်း?

စားသောအာဟာရသည် ဓာတ် ၄-ပါး၊ စားသော မိမိသည်လည်း ဓာတ် ၄-ပါး ပင်တည်းဟု ဆင်ခြင်မည်လော? ဝိပဿနာနည်းတပါးဖြစ်သော ကုန်-ပျက်-ကင်း-ချုပ်ဖြင့်သတ်မည်လော? ဤကဲ့သို့သော သတ်နည်းများဖြင့်ကား မရနိုင်ပေ။


မဟာသတိပဋ္ဌာန်၏ လုပ်ငန်းစဉ်သည် ကိလေသာဖြင့် လျပ်တပျက် ရင်ဆိုင်ရသည် ဖြစ်၍ ဤကဲ့သို့ ရွတ်ဘတ် တွေးကြံကြိတ်ချေနေရန် အချိန်မရနိုင်ပေ၊ တချက်တည်းဖြင့် အခါမလင့် သတ်နိုင်ရမည်ဖြစ်ကြောင်း သတိပြုသင့်ပါသည်။

**သတိ။ ။သာရ ၄-လုံးသဘော တနည်း**

အဆင်းနှင့်အကြည်ဆုံ၍ "မြင်သိ"ဖြစ်၏၊ သို့မြင်လိုက်လျှင်ပင် သညာသည် ကြက်သားဟင်းဟူသော နာမပညတ်ကိုဆွဲ၏၊ ၎င်းသည် သညာဝိပလ္လာသဖြစ်၏။ ထိုနောက် ဝိညာဏ်ကြီးက ကောင်းသော် သုခဝေဒနာ- မကောင်းသော် ဒုက္ခဝေဒနာဖြင့် ခံစားဆုံးဖြတ်သည်ဖြစ်၍၊ စိတ္တဝိပလ္လာသ ဖြစ်၏၊ ဤကဲ့သို့ ကောင်း- မကောင်းဝေဒနာဖြင့် ခံစားလိုက်ခြင်းကြောင့် သာရ ၄-လုံး ပဋိစ္စသမုပ္ပါဒ် စက်ရဟတ် ပတ်တော့၏။ ၎င်းသည် ဒိဋ္ဌိဝိပလ္လာသဖြစ်၏။

ထို့ကြောင့် တခုသော အာရုံကို ခံစားရာ၌ ဤဝိပလ္လာသ ၃-ချက်ဖြင့် ခံစားခြင်း ဖြစ်၏။ ၎င်းသည် ဥပါဒါနက္ခန္ဓာလည်းဖြစ်၏။

ဤဝိပလ္လာသ မှောက်မှားမှု၏ ကြီးကျယ်လှသော အန္တရာယ်ကို မြင်တော်မူ၍ မျက်စိ-နား-နှာ-လျှာ-ကိုယ် တည်းဟူသော အပေါက် ၅-ပေါက်မလုံခြုံသေးသမျှအားထုတ်သောကာယာနုပဿနာ- အာနာပါနသတိပဋ္ဌာန်လုပ်ငန်းစဉ်သည် အကျိုးမကြီးဟုဆိုးမတော်မူခြင်းဖြစ်ကြောင်း သတိမူသင့်လှပါသည်။



မျက်စိနှားသတိပဋ္ဌာန်ပေါ်ပုံ

မိမိတို့၏ နှလုံးအိမ်၌ ငယ်စဉ် တောင်ကျေး သိတတ်သည့်အရွယ်မှစ၍ မှတ်သားလာခဲ့သည့် အာသိသဘော အမှတ်ဟောင်းသည် အစဉ်ရှိနေပေရာ အာရုံဖြင့် မတွေ့သေးမီအတွင်း၌သာ မပေါ်ခြင်းဖြစ်ကြောင်း နာကြားပြီး၏။

သို့ဖြစ်၍ အဆင်းနှင့် အကြည် တို့ ဆုံသော်- အတိတ်ရိပ်ဖြစ်သော နာမပညတ်ကို ဆွဲသော သညာသည် အတိတ်စွန်း သညာက္ခန္ဓာ မည်၏။

ထို့နောက် အနာဂါတ်ရိပ်ဖြစ်သော သဏ္ဍာန ပညတ်ကို ဆွဲသော သညာဝိညာဏ်သည် အနာဂါတ်စွန်း သင်္ခါရက္ခန္ဓာမည်ပေရာ ၎င်းသညာက္ခန္ဓာနှင့်သင်္ခါရက္ခန္ဓာတို့က ဆွဲ၍သာလျှင် မြင်သိ ၄-ချက်တို့ စားပွဲထိုင်နိုင်ခြင်းဖြစ်၏။

**ဖမ်းပုံသဘောနှင့် သတိပဋ္ဌာန်အဓိပ္ပါယ်အကျဉ်း**

(၁) ယခုမိမိရှေ့ရှိ ထမင်းပွဲမှ ကြက်သားဟင်းကိုနှိုက်ယူ၏၊ ဤကြက်သားဟင်းကိုအမှတ်ပြု၍ ယူသည်ကား အတိတ်စွန်းသညာ သညာက္ခန္ဓာ သဘောမည်၏။

(၂) ၎င်းဟင်းကို ပါးစပ်ထဲသို့ စားရန်ထည့်သည်ကား အနာဂါတ်စွန်းသညာ- သင်္ခါရက္ခန္ဓာ သဘောမည်၏။

(၃) ၎င်းဟင်းကို စားသည်ကား ပစ္စုပ္ပန်သညာ ဝေဒနက္ခန္ဓာ သဘောမည်၏။

(၄) ထိုအထက် ဖော်ပြပါ အင်္ဂါအမူအယာတို့ ညီညွတ်ပြီးလျှင် စားတုံးစားဆဲအာရုံ ယူခြင်းသည် ဝိညာဏက္ခန္ဓာ မည်သဖြင့်-

**သတိ။** ။ဤနာမ်ခန္ဓာ ၄-ပါးတို့၏ အာရုံကို ဖမ်းစားသော သဘာဝအမူအယာကို ရှုခြင်းကိုပင် သတိပဋ္ဌာန်အလုပ်ဟုဆိုရ၏။ ဤသည်ကား ပါးစပ်(တနည်း) လျှာသတိပဋ္ဌာန်အလုပ်မည်၏။ သတိပဋ္ဌာန်တရား အားမထုတ်သေးသော ပုဂ္ဂိုလ်တို့ အဘို့ရာတွင်- သညာက္ခန္ဓာနှင့် သင်္ခါရက္ခန္ဓာကို အရင်ကိုင်ရမည်ဖြစ်ပေသည်။

**ခန္ဓာ ၃-မျိုးနှင့် ဉာဏ်စဉ်သဘော**

မဂ်တရား ဖိုလ်တရားကို အလိုရှိလျှင် ဝိပဿနာတရားကို အားထုတ်ကြရသည်သာဖြစ်၏၊ သို့သော် မဂ်တရား ဖိုလ်တရားမဆိုက်ရောက်မီ ထိုပုဂ္ဂိုလ်သည်-

(၁) အဟိတ်ခန္ဓာ(၂) ဒွိဟိတ်ခန္ဓာ (၃) တိဟိတ်ခန္ဓာ

ကို ဝိပဿနာဉာဏ်ဖြင့် ပထမ ဖော်ထုတ်နိုင်ရမည်ဖြစ်၏ (တနည်း) မဂ်ဉာဏ်ကြီးက သတ်ရန်တရားခံ ရှာပေးရခြင်းပင် ဖြစ်၏။

**ခုံရုံးကြီးများ**

အောက်ဉာဏ်များဖြင့် ကြိတ်ချေခဲ့သော် ၎င်းသညာဝိညာဏ်အား-

(၁) ဥဒယဗ္ဗယဉာဏ် ခုံရုံးသို့တင်၍ စစ်ပြန်သောအခါတွင် ခန္ဓာ ၄-ပါးတို့ ပေါ်ထွက်ခဲ့ရာ ၎င်းခန္ဓာတို့ကို-

(၂) အနုပဿနာ ၇-ဉာဏ်၊ ထို့နောက်

(၃) မဂ်ဉာဏ်စဉ်ဖြစ်သော ပရိကံ- ဥပစာ- အနုလုံတို့ဖြင့် အဆင့်ဆင့်သတ်၍ ၎င်းခန္ဓာတို့သေသော် မဂ်ဖိုလ်သို့ ဆိုက်၏။

မဂ်ဆိုက်သည် ဆိုခြင်းကား သဘာဝဆိုက်ခြင်း ဖြစ်ပေရာ အချုပ်ဆိုပါမူ ဝေဒနာတလုံးကို မိခြင်းပင်ဖြစ်၏။

**သတိ။** ။သို့ဖြစ်သော် နာမရူပ ပရိစ္ဆေဒ ဉာဏ်အစရှိသော အောက်ဉာဏ်များဖြင့် ၎င်း အဆင်း-အကြည် (တနည်း) နာမနှင့် သဏ္ဍာန်(တနည်း) သညာ နှင့် ဝိညာဏ်တို့ကို မသတ်ခဲ့ပြီလော?ဟု မေးစရာရှိ၏။ သတ်ခဲ့ပါ၏ဟုပင် ဆိုရန်ရှိသော်လည်း-

''အဆင်း''တည်းဟူသော ရုပ်သဘောသာသေ၍ ပရမတ် သဘာဝ သညက္ခန္ဓာနှင့် သဏ္ဍာနပညတ်တည်းဟူသော နာမ်သဘောသာကျေ၍ ပရမတ်သဘော- သင်္ခါရက္ခန္ဓာ တို့သည်ကား မိမိ၏နှလုံးအိမ်တွင် ကိန်းလျက်ပင် ရှိနေဟန်ကို ဉာဏ်မိစေအပ်ပါသည်။

ဤတွင် အောက်ဉာဏ်များ၏ တာဝန်သည် မလိုရာရောက်၏၊ ဤသို့ကား မဟုတ်ပေ။ အောက်ဉာဏ်များ၏ တာဝန်သည် မသေးငယ်၊ ၎င်းတို့က ဖေါ်ထုတ်ပေး၍သာလျှင်ခန္ဓာတို့ပေါ်လာရခြင်းဖြစ်၏။ ၎င်းခန္ဓာတို့ကို မသိမမြင်ကြသော အန္ဓပုထုဇဉ်တို့အဘို့ရာတွင် ပို၍ဆိုးမည်သာဖြစ်၏၊ သို့သော် ပေါ်သည်ဖြစ်စေ-မပေါ်သည်ဖြစ်စေ ဤခန္ဓာတို့သည်ကား ရှိသည်ပင်ဖြစ်၏။

၎င်းခန္ဓာသည် အဟိတ်ခန္ဓာ(တနည်း) တိရစ္ဆာန်ခန္ဓာဖြစ်၏။

ထို့ကြောင့် ဤခန္ဓာကိုသတ်ရန်သည် သာမန်မဟုတ်ပေ။

(၁) အာတာပီ = မဖြစ်မနေအရိုးကြေကြေ အရေခမ်းခမ်းကြိုးပမ်းသော အားလုံးလနှင့်ပြည့်စုံစေခြင်း-

(ဤဝီရိယ ဇွဲသတ္တိဖြင့် ပြည့်စုံနိုင်ရန်သည် ပညာမြင်ဥဒယဗ္ဗယဉာဏ် အသိပိုင်မှသာဖြစ်နိုင်၏။)

(၂) သမ္ပဇာနော = ရုပ်နာမ်ဓမ္မ သဘာဝတရားတို့၌ စူးရှသောဉာဏ်အမြင်နှင့် ပြည့်စုံစေခြင်း-

(အထက်ဖော်ပြပါကဲ့သို့ ပညာမြင် ဥဒယဗ္ဗယဉာဏ်ကိုအသိပိုင်မှသာ ဖြစ်နိုင်၏။)

(၃) သတိမာ = ဖြစ်ခြင်း ပျက်ခြင်းဟူသော ကမ္မဋ္ဌာန်းအာရုံနှင့်ပြည့်စုံစေခြင်း- (၎င်းသည် အဆင်းနှင့်အကြည်တို့ဆိုသောအခါနလုံးအိမ်ရှိအတိတ်နှင့်အနာဂါတ် သညာ၏ အမူအယာကို ပညာဖြင့်သိသော သတိဖြစ်၏။)

(၄) ဝိနေယျ = အထက်ဖော်ပြပါအကြောင်း ၃-ပါးဖြင့်ညီညွတ်သော် အကျိုးတရား ဖြစ်သော အဘိဇ္ဈာ ဒေါမနဿ တရားယုတ်တို့မှ လွတ်ခြင်းဖြစ်၏။

လူတို့တွင် ၆-ဒွါရဖြစ်သော မျက်စိပေါက်၊ နားပေါက်၊ နှာခေါင်းပေါက်၊ လျှာပေါက်၊ ကိုယ်ပေါက်နှင့် စိတ်ပေါက်ရှိကြရာတွင် ဤသတိပဋ္ဌာန်ကြီး၏ အာနာပါနလုပ်ငန်းစဉ်သည်မနော ဒွါရတည်းဟူသော စိတ်ပေါက်မှနေ၍ ဖမ်းရမည်ဖြစ်၏။ ပေါဋ္ဌိလ မထေရ်ကြီးအား ရဟန္တာ သာမဏေငယ်ပေးသော ကယ်ပေါက် ၆-ပေါက်ရှိ တောင်ပို့တွင်းရှိ ဖွတ်ကောင်ကို ဖမ်းရန် ၅-ပေါက်ကိုပိတ်၍ ကျန်တပေါက်မှနေ၍ ဖမ်းပုံနည်းကဲ့သို့ ဖြစ်ပေသည်။

သို့ဖြစ်၍ ပဌမအားဖြင့် မျက်စိပေါက်ကို ပိတ်နိုင်ရန်(တနည်း)မျက်စိ သတိပဋ္ဌာန် အား ထုတ်နည်းကို အထက်ဟောစဉ်တွင် နာကြားပြီး၏ သို့သော်-

**သတိ၊** ။အများပင်သတိပဋ္ဌာန်အလုပ်သည် မှတ်သောအလုပ်ပင်ဟု ယူဆကြ၏ ဤတွင်အမှတ် သဘောနှင့် သတိသဘော ရောထွေးလျက်ရှိကြောင်းထင်ရှား၏။

(၁) အမှတ်သဘောကား - ပညတ်တရားကိုမှတ်သော အညာသဘောဖြစ်၏။

(၂) သတိသဘောကား - အောင်းမေ့ခြင်း ပညာသဘောဖြစ်သဖြင့် အဘယ်မျှကွာ ခြားကြောင်းသိသာပေပြီ။

**တဖန် မဂ္ဂင် ၈-ပါးမှ သမ္မာသတိမဂ္ဂင်သည် မဂ်ရပြီးပုဂ္ဂိုလ်တို့အတွက်**

(၁) တဏှာသံယောဇဉ် ထက်သော် ကာယာနုပဿနာသတိပဋ္ဌာန်

(၂) တဏှာသံယောဇဉ် နုန့်သော် ဝေဒနာ နုပဿနာသတိပဋ္ဌာန်

(၃) ဒိဋ္ဌိ သံယောဇဉ် ထက်သော် စိတ္တာ နုပဿနာသတိပဋ္ဌာန်

(၄) ဒိဋ္ဌိသံယောဇဉ် နုန့်သော် ဓမ္မာနုပဿနာသတိပဋ္ဌာန်

ဖြင့်ဆိုးမဟောကြားတော်မူရာ မဂ်မရသေးသော ပုဂ္ဂိုလ်တို့အဘို့ ဤသမ္မာသတိမဂ္ဂင်သည် မသင့်ပြီ၊ သို့သော်သင့်မြတ်သော သတိပဋ္ဌာန်သည်ရှိ၏ ၎င်းသည်-

ရှေးပိုင်း သမ္မသနဉာဏ်၏ ကာလ ၃-ပါး ရုပ်နာမ်ကိုလက္ခဏာယဉ် ၃- ချက်ဖြင့်ချေသော် ပစ္စုပ္ပန်မနောဝိညာဏ်ကြီးကျန်ကြောင်းနာကြားပြီး၏။၎င်းပစ္စုပ္ပန်မနောဝိညာဏ်ကြီးမှ ဥဒယဗ္ဗယ ဉာဏ်က စိစစ် ကြိတ်ချေလိုက်သော်-

(၁) အတိတ်စွန်းမှ သညက္ခန္ဓာ

(၂) အနာဂါတ် စွန်းမှ သင်္ခါရက္ခန္ဓာ

(၃) ပစ္စုပ္ပန်မှ ဝေဒနက္ခန္ဓာ

(၄) ထို ၃-ပါးတို့၏ ညီညွတ်မှုမှ ဝိညာဏက္ခန္ဓာ

၄-ပါးတို့ပေါ်ထွက်လာ၏။ ၎င်းတို့သည် ပရမတ် ခန္ဓာတို့ဖြစ်သည့် အတိုင်း စိတ်၊ စေတသိက် တရားအပေါင်းကို အုပ်စိုးလျက်ရှိပေရာ အဆင်း၊ အကြည်၊ အမြင်၊ အသိတို့သည် ရုပ်သဘော နာမ်သဘောမျှသာဖြစ်ပြီး ဤခန္ဓာတို့မထောက်ခံသော (တနည်း) မယှဉ်သော အာရုံတခုကိုမဆုံး ဖြတ်နိုင်ပေ-

ထို့ကြောင့်— သတိ သည် ပညာ၏ ရှေ့၌ရှိ၍
သဒ္ဓါ သည်သတိ၏ရှေ့၌ရှိပြီး

ဤ ၃-ပါးညီညွတ်မှုသည် သမာဓိ ဖြစ်သောကြောင့်၎င်း ၄-ပါးမှ ဝိရိယသည်ထွက်ပေါ်သည်ဖြစ် ပေရာ-

၎င်းတို့သည်ပင် သတိဗိုလ်၊ ပညာဗိုလ်၊ သဒ္ဓါဗိုလ်၊ သမာဓိဗိုလ်၊ ဝိရိယဗိုလ် ဟူ၍ ဗောဓိ ပက္ခိယတွင် ဗိုလ် ၅—ပါးအဖြစ်ထင်ရှားပေသည်။ ထို့ပြင် ၎င်းတို့သည်ပင်လျှင် ဣန္ဒြေ ၅-ပါးလည်း ဖြစ်၏။

**သတိ။ ။ကိုယ်တွေ့အဘိဓမ္မာနည်း သတိသဘော**

အဆင်းနှင့်အကြည်တို့ဆုံခြင်းသည် ရုပ်-နာမ်သဘောမျှသာဖြစ်၏။ အမှန်မှာ မူ အတိတ်စွန်း၊ သညာက္ခန္ဓာနှင့် အနာဂါတ်စွန်း သင်္ခါရက္ခန္ဓာတို့က ခိုင်းစေ၍သာ ဖြစ်၏၊ ၎င်းတို့ ၂ ပါးဆုံခြင်းကို ဝေဒနက္ခန္ဓာက ခံစားခြင်းဖြစ်၏။

သို့ဖြစ်ရာ အဆင်း၊ အကြည်၊ အမြင်၊ အသိတို့ ပေါင်းဆုံမှုမှ ထွက်သော ကောင်း မကောင်း ခံစားမှုအရိပ်တို့သည် ''သတိ''ဖြစ်၏ ၎င်း ''သတိ''ကိုမိသော် နောက်ပိုင်းမှ ထက်ချပ် မကွာ''ပညာ''ကအဘိဇ္ဈာ ဒေါမနဿကိုသတ်၏။

''သတိကို မိအောင်ဖမ်း''ဆိုသည်မှာ ဤ ''သတိ''သဘောပင်ဖြစ်၏။၎င်းကိုလက်မလွှတ် ရန်အရေးကြီးလှ၏။ ရှေ့တွင်တဆင့်ထက်တဆင့် သိမ်မွေ့သော တက်စဉ်ကြီးများကို ဤသတိ ဖြင့်ပင်ချေရမည်ဖြစ်သောကြောင့်ပေတည်း။

**သတိ။ ။လက်တွေ့ဆင်ခြင်ရန် လုပ်ငန်းစဉ်တနည်း**

(၁) ကြက်သားဟင်းကို မြင်သိသော အတိတ်အစွန်း သညာက္ခန္ဓာ ကိုရှုနိုင်ခြင်းသည် သတိတချက်ရ၏။

(၂) စားရန်လက်ဖြင့်ယူလာခြင်း သဘောဖြစ်သည့် သင်္ခါရက္ခန္ဓာကို ရှုနိုင်ခြင်းသည်- သတိတချက်ရ၏။

(၃) စားခြင်းသဘောဖြစ်သည့် ဝေဒနက္ခန္ဓာကို ရှုနိုင်ခြင်းသည် သတိတချက်ရ၏။

(၄) စားနေစဉ်သဘောဖြစ်သည့် ဝိညာဏက္ခန္ဓာကို ရှုနိုင်ခြင်းသည်သတိတချက်ရ၏။

ဤသို့ဖြင့် ထိုခန္ဓာ ၄-ပါးတို့၏ ဖျာပါရအမူအယာကို ရှုဆင်ခြင်ဖန်များသော် သတိ ပွားများခြင်းသည်ဖြစ်၍ အဘိဇ္ဈာ ဒေါမနဿ တရားယုတ်တို့ တဖြည်းဖြည်း ချုပ်ရတော့သည်ဖြစ်ပေသည်။

(၂၅-၁-၆၇)

ယမန်နေ့ဟောစဉ်၏ ခန္ဓာ ၄-ပါး၌ သတိ ၄-ချက်ရပုံကိုနာကြားပြီး၏ ၎င်းသည် သတိပဋ္ဌာန်တရားအားမထုတ်သေး၍ ဉာဏ်ပညာနုနယ်သေးသောပုဂ္ဂိုလ်တို့အတွက် အမြင်ရှင်း၊ စေရန် စဉ်၍ဟောတော်မူခြင်းဖြစ်ပေသည်။

အမှန်သော် ၁-ပါးစီခွဲ၍ ရှုရန်ဆိုသော်လည်း ပင်ရင်းသဘာဝမှာမူကား ကြက်သားဟင်းကိုမြင်သိသော သညာက္ခန္ဓာ ပေါ်ပြီဆိုလျှင်ပင် ကျန် ၃-ပါးတို့လည်းပါပြီးဖြစ်သဖြင့် ထို အန္တပုတုဇဉ်သည် အဘိဇ္ဈာ ဒေါမနဿ ကိုဆုပ်ကိုင်မိပြီးဖြစ်ကြောင်း ဥာဏ်မြင်ရှင်းသင့်ပါသည်။

**သတိ။** ။သင်္ခတလောကတွင် ရုပ်တရားမှန်က အတိတ်တွင်ရေသောက်မြစ်ချ၍ သညာသဘော နာမပညတ်ရှိပုံနှင့်နာမ်တရားမှန်ကအနာဂါတ်တွင် ရေသောက်မြစ်ချ၍ ဝိဉာဏ်သဘော သဏ္ဍာနပညတ်ရှိပုံကို သတိပဋ္ဌာန်တရား အားထုတ်ဘူးသူတိုင်း အမြဲသတိပြုရမည့် အချက်ဖြစ်ပါသည်။

ထို့ပြင်ရုပ်တရားဖြစ်စေ၊ နာမ်တရားဖြစ်စေ အဘယ်ကဲ့သို့သော တရားမဟူ လောကတွင် ပေါ်ရသော် ပညတ်တရားတို့သည်လည်း ကပ်ရဲ့ချပ်ရဲ့ပါလာသည်ပင်ဖြစ်၏။ ယခုကဏ္ဍာတွင်မနော ဝိညာဏ်ကြီးဇတ်သိမ်းပြီး၍၎င်းမှထွက်ပေါ်သော ဝိညာဏက္ခန္ဓာသည်ရှိ၏၊ သို့သော်လည်း ၎င်း ဝိညာဏက္ခန္ဓာသည် သညာ သင်္ခါရ၊ ဝေဒနာ ၃-ပါးကို ငုံထားသည့်နည်းတူ-

(၁) သညက္ခန္ဓာ -နာမပညတ်ရိပ်

(၂) သင်္ခါရက္ခန္ဓာ- သဏ္ဍာနပညတ်ရိပ်

(၃) ဝေဒနက္ခာ-သမူဟပညတ်ရိပ်

အာဏာစက်ချ၍ မိမိ၏သန္တတိပညတ်ရိပ်ဖြင့် လောကကြီး အား အုပ်စိုးလျက် နေ ခြင်း ဖြစ်၏။ ၎င်းပြင်အရေးပါသော

**အပြင်အုပ်ချုပ်ရေးဖြစ်သည့်-**

(၁) သညက္ခန္ဓာ- နာမပညတ်ရိပ်

(၂) သင်္ခါရက္ခန္ဓာ-သဏ္ဍာနပညတ်ရိပ်

**အတွင်းအုပ်ချုပ်ရေးဖြစ်သည့်**

(၃) ဝေဒနက္ခန္ဓာ -သမူဟပညတ်ရိပ်

(၄) ဝိညာဏက္ခန္ဓာ-သန္တတိပညတ်ရိပ်

တို့၏အုပ်ချုပ်ရေးပျက်ပြားသော် **နိဗ္ဗာန်**ဖြစ်၏။

ဤကဲ့သို့ ခန္ဓာ ၄-ပါး၊ ပညတ် ၄-ပါး အာဏာစက်ကြောင့်ပင်လျှင်**အဘိဇ္ဈာဒေါမနဿ** လောကပေါ်ထွက်ရခြင်းဖြစ်၏။

**သတိ**။ ။ယခုဖော်ထုတ်၍ရသော ခန္ဓာ ၄-ပါးသည်ဝိပဿနာလုပ်ငန်း**စဉ်**အတွက်မှာမူ **ဒွိဟိတ်** ခန္ဓာ၊တိဟိခန္ဓာစသည်ဖြင့် တက်ရန်ရှိ၏။ ဤသည်ကား ဉာဏ်ပညာနုနယ်**သေးသော** ပုဂ္ဂိုလ်တို့အတွက်သာဖြစ်၏။ ဉာဏ်ပညာထက်မျက်သော ပုဂ္ဂိုလ်တို့၏ **သတိပဋ္ဌာန်** လုပ်ငန်းစဉ်အတွက်မှာမူကား ၎င်းခန္ဓာတို့ထို တချက်တည်းဖြင့် သတ်နိုင်**သော် မဂ်ဝင်**နိုင်သည်ဖြစ်၍-

(၁) သညက္ခန္ဓာ-အား ဒဿနဠ္ဌ မပြုပြင်သော သဘောကိုအမှန်မြင်ခြင်းပညာဖြင့်၎င်း-

(၂) သင်္ခါရက္ခန္ဓာ-အား နိယျာနဠ္ဌ လွတ်မြောက်ကြောင်း သဘောကို အမှန်မြင်ခြင်း ပညာဖြင့်၎င်း-

(၃) ဝေဒနက္ခန္ဓာ-အား ဟေတုဠ္ဌ- အသင်္ခတ ဓမ္မသို့ ရောက်ကြောင်းသဘောကို **အမှန်** မြင်ခြင်းပညာဖြင့်၎င်း-

(၄) ဝိညာဏက္ခန္ဓာ-အား အဓိပတေယျဠ္ဌ ကြီးမှူးစိုးရခြင်းသဘောသို့ ရောက်ကြောင်း ကို အမှန်မြင်သော ပညာဖြင့်၎င်း သတ်ရမည်ဖြစ်ပေရာ-

**သတိ**။ ။**ခန္ဓာ ၄-ပါးနှင့် မဂ်သတ်စဉ် ၄-ချက်**

(၁) သညက္ခန္ဓာနှင့် ဒဿနဠ္ဌ = ဤတွင် ၎င်းခန္ဓာကို မသတ်မီ **ပထမအား**ဖြင့် **မဖြစ်** မနေအရိုးကြေကြေအရေခန်းခန်းမလျှော့သောအားလုံ့လဖြင့်ပြည့်စုံရမည်ဟူသော အာတာပီ၏ သဘောကို သိသင့်ပါသည်၊ ၎င်းသည် ကိလေသာ၏နှိပ်**စက်** ခြ**င်း** (တနည်း)ပြုပြင်မှု၏ ပူပန်ရခြင်းဒုက္ခကို မြင်သည့်အတိုင်း ၎င်းကိုငြိမ်း**စေရန်အစဉ်** ပူပန်ကြိုးကုတ်လျက်ရှိနေခြင်းသဘောဖြစ်၏။

တော-တောင်-တက်၍ အဆင်းရဲအပင်ပမ်းခံပြီးလျှင် သိဒ္ဓိကြီးများ ပေါက်ရောက်ရန် ဟူသော သက္ကာယဒိဋ္ဌိကြီးဖြင့် မျှော်မှန်းအားထုတ်သော ပုဂ္ဂိုလ်များ၏ အကျင့်တရား တို့သည် ဤ အာတာပီပုဒ်၌ မဝင်ကြောင်း အထူးသတိပြုသင့်ပါသည်။

တဖန် နာမပညတ်သည် ၂-မျိုးပြားရာ-

(၁) သညာကဆွဲကိုင်သော နာမပညတ်- ၎င်း၌ထောက်ခံသော ဃန ရှိ၍-

(၂) ဝိညာဏ်ကဆွဲကိုင်သော နာမပညတ် ၎င်း၌ယောက်ခံသောဿနမရှိ၊ သညာက ဆွဲကိုင်ပြီးသောနာမပညတ်ရိပ်သည်သာ ဝိညာဏ်၌အရိပ်သဘွယ် ကိန်းခြင်းဖြစ်သဖြင့်စင်စစ် ၎င်း ၂-ပါးတို့သည် ယခုခန္ဓာပိုင်းတွင်မရှိနိုင်ပြီ၊ သို့သော် ရှိသေးသည့်သဘွယ် မာယာ ဆောင်နေခြင်း သာဖြစ်၍ မာယူပမာနဉ္စဝိညာဏံ-ဟူသည့် အတိုင်း၎င်းနာမပညတ်၏ အာဏာစက် မရှိသည်ကို ပညာဖြင့် မြင်ခြင်းကြောင့်ဒဿနဋ္ဌ-မပြုပြင်သောသဘောကို အမှန်မြင်ခြင်းမည်၏။

(သညက္ခန္ဓာဇာတ်သိမ်းခြင်းသဘောဖြစ်၏)။

(၂) သင်္ခါရက္ခန္ဓာနှင့်နိယျာနဋ္ဌ=ဤကဲ့သို့နာမနှင့်သဏ္ဍာန် (တနည်း)သညာနှင့်ဝိညာဏ် (တနည်း) သညာနှင့်သင်္ခါရတို့လောကတွင် ယှဉ်တွဲ၍ ဇာတ်က,လာကြရာတွင် ယခု သညက္ခန္ဓာဖြစ်သောနာမပညတ် ချုပ်ခဲ့ပြီးပြီဖြစ်ရာ ဤသဏ္ဍာန်ပညတ်သင်္ခါရက္ခန္ဓာ သည်လည်းအာဏာစက်မရှိသည်ကိုပညာဖြင့် အမှန်မြင်ခြင်းကြောင့် နိယျာနဋ္ဌ လွတ်မြောက်ကြောင်းသဘောကို အမှန်မြင်သည်မည်၏။

(သင်္ခါရက္ခန္ဓာ ချုပ်ခြင်းဖြစ်၏)

(၃) ဝေဒနက္ခန္ဓာနှင့်ဟေတုဋ္ဌ= တဖန်သညက္ခန္ဓာနာမပညတ်နှင့်သင်္ခါရက္ခန္ဓာသဏ္ဍာန် ပညတ် ၂-ပါးတို့ချုပ်ပြီးခဲ့ရာ ၎င်း ၂-ပါးတို့၏ပေါင်းဆုံမှုဖြစ်သော သမူဟပညတ် သည်မပေါင်းနိုင်တော့မှု၍ အာဏာစက်မရှိတော့သည်ကို ပညာဖြင့်အမှန်မြင်ခြင်း ကြောင့် ဟေတုဋ္ဌအဘိဇ္ဈာဒေါမနဿတို့၏အသင်္ခတဓမ္မသို့ရောက်ကြောင်း သဘော ကို အမှန်မြင်သည်မည်၏။

(ဝေဒနက္ခန္ဓာချုပ်ခြင်းဖြစ်၏)

(၄) ဝိညာဏက္ခန္ဓာနှင့် အဓိပတေယျဋ္ဌ= သညက္ခန္ဓာ= နာမပညတ်- သင်္ခါရက္ခန္ဓာ= သဏ္ဍာနပညတ်နှင့် ဝေဒနက္ခန္ဓာ=သမူဟပညတ်တို့ဇာတ်သိမ်းပြီး၍၎င်းတို့နှင့်ကင်း ကွာသော သန္တတိပညတ်၏အာဏာစက်မရှိတော့သည်ကို ပညာဖြင့်အမှန်မြင်ခြင်း ကြောင့်အဓိပတေယျဋ္ဌ= အဘိဇ္ဈာ ဒေါမနဿတို့ အပေါ်တွင် ကြီးမှူး စိုးရသည် မည်၏။

(ဝိညာဏက္ခန္ဓာ ချုပ်ခြင်းဖြစ်၏)

ဤသို့အားဖြင့် ပညတ် ၄-ပါးကို မဂ်ဒါး ၄-ချက်ဖြင့် သတ်သော် ခန္ဓာတ္တံ၌သာ ကျန်၍ သင်္ခါရလောကတွင် ၎င်းတို့ဘယ်လိုပင် ပေါင်းဆုံသော်လည်း အဘိဇ္ဈာ ဒေါမနဿတို့ မပေါ်နိုင် သည့်ပြင် ထိုခန္ဓာတို့သည် သတိအဖြစ်ဖြင့် ပွားစီးတော့သည်ဖြစ်၏။

သို့ဖြစ်၍ သောတာပန်အရိယာသည် နာမ်ခန္ဓာ ၄-ပါးချုပ်၍ ၅-ပေါက် သတိပဋ္ဌာန် မြိုပြီးလျှင် ကိလေသာ ကာမဂုဏ် အာရုံတို့ဖြင့် တိုက်သော် လျှပ်ပေါ် လော်လီမှု မဖြစ်တော့ပြီ ဖြစ်၏။

၎င်းသတိမြိုသည်ပင်ဗိုလ် ၅-ဗိုလ်နှင့်တကွ မျက်စိပေါက်အစရှိသော အပေါက်၅-ပေါက် တို့၏ -ဣန္ဒြေတို့ကိုပါ ထိန်းသိမ်းစောင့်ရှောက်ပြီး၍ ဣန္ဒြေ ၅-ပါးဖြင့်လည်း ပြည့်စုံသည်ဖြစ်၏။

အထက်ဟောခဲ့တွင် နာမ်ခန္ဓာ ၄-ပါးအား မဂ်သတ်စဉ် ၄-ချက်ဖြင့် ပယ်သတ် ပြီးခဲ့၏၊ ယခုတဖန် ၎င်းနာမ်ခန္ဓာ ၄-ပါးကို မဂ်ဒါး ၄-ချက်ဖြင့်ပင်(တနည်း)ပယ်သတ်မည် ဖြစ်၏။ သို့ဖြစ်၍ဤသဘာဝသည် အလွန်တရာ သိမ်မွေ့လှသည့်အတိုင်း အာတာပီ-သမ္ပဇာနော-သတိမာ နှင့် ဝိနေယျတို့၏ သဘာဝကို ဉဒယဗ္ဗယပညာဖြင့် ယှဉ်၍သိအပ်သည့်အတိုင်း-

(၁) အာတာပီ = ဤသဘာဝကိုပညာမြင် ဉဒယဗ္ဗယဉာဏ်ပိုင်းမှ သိမ်းဆည်းနိုင်မည် ဖြစ်ကြောင်း နာကြားပြီး၏။

ဉဒယ၏ ဖြစ်သဘောသည်- အနတ္တ၊ ဝယ ၏ ပျက်သဘောသည်- ဒုက္ခ၊ ဟု မြင်သော်- ထိုဒုက္ခကို ငြိမ်းစေလိုသော ပူပန်မှုသည် ထိုပုဂ္ဂိုလ်၏ သန္တာန်တွင်ဖြစ်ပေါ်၏။ သို့ဖြစ်၍ ဤပညာမြင် ဉဒယဗ္ဗယဉာဏ်ကို မျှိနိုင်သောပုဂ္ဂိုလ်သည်ဒုက္ခကိုသာ အစဉ်မြင်နေတော့သည် ဖြစ်သဖြင့် အိုး-အိမ်-သား-မယားပင်ရှိငြားလည်းတဏှာချစ်ဖြင့်မဟုတ်မူဘဲ ဂရုဓမ္မအနေဖြင့်ဝတ္တရားမပျက်စေသင့်သည့်အတိုင်းစောင့်ရှောက်ခြင်းဖြစ်၏။

ဤကိုရည်၍ သိကြားမင်းသည် ကလျာဏအရိယာပုဂ္ဂိုလ်တို့၏ မယားဝတ်၅-ပါး၊ လင့်ဝတ် ၅-ပါး၊ ဆရာ့ဝတ် ၅-ပါး အစရှိသော ဝတ္တရားတို့အတိုင်းစောင့်ရှောက်ထိန်းသိမ်းခြင်းကို ရှိခိုးခြင်းဖြစ်၏။ ၁၅၀၀ ကိလေသာတို့ဖြင့် ရစ်ပတ်ဖွဲ့နှောင်၍သာ သားမယားတို့အား လုပ်ကျွေးသောအန္ဓပုထုဇဉ်တို့ကို ရှိခိုးသည်မဟုတ်ကြောင်းသိအပ်ပါသည်။

(၂) သမ္ပဇာနော = အထက်၌ဖော်ပြသောအာတာပီ၏သဘောသည် ဒုက္ခ၌ဉက္ကောင်းကျခဲ့ပေရာ သမ္ပဇာနောသည် အနတ္တ၌ကျ၍ ပညာသဘောဖြစ်၏၊ အာတာပီကား သဒ္ဓါသဘောဖြစ်၏။

(၃) သတိမာ = ဒုက္ခဖြစ်သော (တနည်း) သဒ္ဓါနှင့် အနတ္တဖြစ်သော ပညာတို့ကိုနှိုးပေးသော သဘောဖြစ်၏။

(၄) ဝိနေယျ = ဤကဲ့သို့ ဒုက္ခနှင့် အနတ္တ သဒ္ဓါနှင့် ပညာဖြင့်ပြီးသော် အဘိဇ္ဈာဒေါမနဿသည် ချုပ်တော့၏။

သတိ။ ။ဤ ၄-ပါးသော အရည်အသွေးနှင့် ပြီးပြည့်စုံသော ပါရမီရှင်သည် အာနာပါနအစ ရှိသော ကမ္မဋ္ဌာန်းကို အားထုတ်ရန်မလိုပြီ၊ ဤနေရာ၌ပင်လျှင် အောက်မဂ်ကိုရနိုင်၏။ အထက်မဂ်ကြီးများ အတွက်သာလျှင် အာနာပါနကမ္မဋ္ဌာန်းကို အားထုတ်ရန် ဖြစ်၏။

**ခန္ဓာ ၄-ပါးနှင့် မဂ်သတ်စဉ်တနည်း**


ဝေဒနက္ခန္ဓာဖြစ်သော ပစ္စုပ္ပန် ကံသဘော သမူဟပညတ်သည် စင်စစ်သညက္ခန္ဓာဖြစ်သော အတိတ်စွန်း-နာမပညတ်-အဝိဇ္ဇာ-နိယျာနဠ နှင့်သင်္ခါရက္ခန္ဓာ ဖြစ်သော အနာဂါတ်စွန်းသဏ္ဍာန

ပညတ်-တဏှာတို့၏ ပေါင်းဆုံမှုဖြင့်သာလျှင် တင့်တယ်ဝင့်ကြွားနိုင်ပေရာ ဤကဏ္ဍာ၌ဂုဏ်းအတိတ် သဘော အဝိဇ္ဇာသည် နိယျာနဋ္ဌဒဏ်ချက်ဖြင့်ဂုဏ်း အနာဂါတ်စွန်း- တဏှာသည် ဟေတုဋ္ဌ၏ ဒဏ်ချက်ဖြင့် ဂုဏ်း ဇာတ်သိမ်း ပြီးခဲ့ပေရာ ဝေဒနက္ခန္ဓာဖြစ်သော ပစ္စုပ္ပန်ကံအား အဝိဇ္ဇာ-တဏှာ ချုပ်သည့်နည်းတူ ဂုဏ်းသည်လည်း ဒဿနဋ္ဌ = မပြပြင်သော သဘောကိုပညာဖြင့် အမှန်မြင်ခြင်း ဖြစ်၍ ခန္ဓာတို့အားလုံး ဇာတ်သိမ်းတော့၏။

(ဤသဘာဝသည်ပင်လျှင် နိဗ္ဗာန်ကိုမြင်သည်မည်၏)

ထို့နောက် ဝိညာဏက္ခန္ဓာသည်လည်း အဓိပတေယျဋ္ဌ =ကြီးမှူး စိုးရခြင်းသဘော၌ ကျရောက်တော့၏။ (တနည်း) အုပ်ချုပ်ရေးပျက်ပြားပြီဖြစ်၍ အဘိဇ္ဈာ-ဒေါမနဿ တရားယုတ်တို့သည် ချုပ်ရသည်ဖြစ်၏။(ဤသည်ကား- ဝေဒနက္ခန္ဓာမှနေ၍ ဒဿနဋ္ဌဖြင့် တချက်တည်းသတ်ပြီး မဂ်ဝင်ပုံသဘာဝ ဖြစ်၏)။

(ပုံစံအမှတ် ၁၇)                                   ၂၆-၈-၆၇




ယခု မဟာသတိပဋ္ဌာန် အာနာပါန လုပ်ငန်းစဉ်ကြီးသည် စိတ်,ဝိတက် ငြိမ်းရုံမျှ- သမာဓိ ရရုံမျှ အားထုတ်ရသည်မဟုတ်ပေ။ရှင်တော်မြတ်အလိုတော် အတိုင်း ရုပ်တရား-နာမ်တရားမှ တဆင့် မဂ်တရား ဖိုလ်တရားကို ရနိုင်ရန် ဖြစ်ပေရာ ဆိတ်ငြိမ်ရာတွင် ကပ်၍ အလွတ်ထိုင်၍ရနိုင်သော အလုပ် မဟုတ်ကြောင်း ကိုတင်သတိပြုရမည်ဖြစ်ပါသည်။

သို့ဖြစ်၍ ဤမဟာသတိပဋ္ဌာန်အာနာပါနလုပ်ငန်းစဉ်ကို မဂ်ပေါက် ဖိုလ်ဝင် အားထုတ် လိုသော ပုဂ္ဂိုလ်သည်-

(၁) စကားပြော နည်းနိုင်သမျှ နည်းစေရမည်။
(၂) ကြောင့်ကြမှု ကင်းရှင်းစေရမည်။
(၃) တောင့်တမှု မရှိစေခြင်း။
(၄) ပလိဗောဓ၁၀-ပါးတို့ငြိမ်းစေရမည်ဖြစ်၏။

မိမိ၏ ခန္ဓာကိုယ်တွင် စိတ်-စေတသိက် တရားတို့ ထွက်ရာအပေါက် ၆-ပေါက်ရှိကြောင်းသိပြီးခဲ့၏။ ဂုဏ်းတို့သည် ဝိပဿနာရှုရန် အတွက်ဆိုသော် သင့်၏၊ အာနာပါန လုပ်ငန်းစဉ်အတွက်မှာမူကား ပုံစံအမှတ် ၁၇-တွင် ပါရှိသည့်အတိုင်း-

(၁) နှာသီးဖျားနှင့် နှုတ်ခမ်းဖျား
(၂) ငယ်ထိပ်ဦးကျောက်

(၃) နှလုံးအိမ်ရင်ချိုင့်
(၄) ချက်တိုင်

ဟူ၍ တံခါး ၄-ပေါက်ရှိ၏။ ထွက်လေသည် ချက်တိုင်မှစ၍ နှလုံးအိမ် ရင်ချိုင့်တို့မှ ယော်ထိပ် ဦးဏှောက်၊ ထိုမှ နှာသီးဖျားနှင့် နှုတ်ခမ်းဖျားဖြစ်၏။ ဝင်လေသည်နှာသီးဖျားနှင့် နှုတ်ခမ်းဖျား မှစ၍ အဆင့်ဆင့်သွားပြီးလျှင် နောက်ဆုံးချက်တိုင်၌ ဆုံး၏။

ဤ ဝင်လေ-ထွက်လေသည် ၎င်းတံခါး ၄-ပေါက်မှသာလျှင် ဝင်ခြင်း-ထွက်ခြင်းမဟုတ် ပေ။ ခန္ဓာကိုယ် တခုလုံး အာကာသ ရှိသမျှမှဝင်ခြင်း-ထွက်ခြင်းလည်းဖြစ်၏။

(ရှေ့ကဏ္ဍ၌ ထင်ရှားမည်)

၎င်းတို့သည် စိတ်ကြောင့်ဖြစ်၍ စိတ္တဇ ဝါယောဓာတ်လည်း ဖြစ်၏။ ထို့ကြောင့် ရှုသော အခါတွင် စိတ်ဓာတ်- နာမ်ဓာတ်နှင့် မီးဓာတ်တို့တွဲ၍ ထွက်မည်ဖြစ်ပေသည်။

ဤတွင် ၎င်းဓာတ်တို့ ကြမ်းတမ်းသော် = ရုပ်တရား

သိမ်မွေ့သော် = နာမ်တရားတို့ဖြစ်မည်ဖြစ်၏။

**တံခါး ၄-ပေါက်နှင့် မီးဓာတ် ၄-ပါးနေပုံ**

(၁) နှာသီးဖျားနှင့် နှုတ်ခမ်းဖျား၌ = ပရိဒယှနမီးဓာတ်ရှိ၏။
(၂) ယော်ထိပ် ဦးဏှောက်၌ = သန္တပ္ပနမီးဓာတ် ရှိ၏။
(၃) နှလုံးအိမ် ရင်ချိုင့်၌ = ဥသမ မီးဓာတ် ရှိ၏။
(၄) ချက်တိုင်၌ = ပရိပါစကမီးဓာတ်ရှိ၏။

(၁) ပရိပါစက မီးဓာတ်သဘာဝအကျဉ်း= ၎င်းသည် ထက်ဝန်းကျင်-ကျက်ရင့်စေတတ် သော မီးဓာတ်ကြီးဖြစ်၏။ (တနည်း) စားမျိုသော အာဟာရကို ကြေချက်၏၊ ဤမီးဓာတ်ကြီး အားကောင်းသော် ကျန်းမာခိုင်ခန့်၍ ဇီဝိတ နဝက ကလာပ်ဟုလည်း ခေါ်၏။ အသက်ဖြစ်၏၊ (ဝင်လေ-ထွက်လေသည် အသက်မဟုတ်၊ ဝင်လေ-ထွက်လေချုပ်သော စတုတ္ထဈာန်သမာပတ် နှင့် နိရောဓသမာပတ် သဘော တို့ကို ထောက်ဆပါရန်) ၎င်းသည် အတိတ်ကံ သက်သက် ကြောင့်ဖြစ်၏။

ဤမီးဓာတ်၌ သန္တတိပညတ်ရှိ၏။ ၎င်းပညတ်ရှိပုံကိုမိရန် အလွန်အရေးကြီး၍ မမြင်ကြ၍ ဤလုပ်ငန်းစဉ် အကျိုးမကြီးရခြင်း ဖြစ်ပေရာ-

သန္တတိ ပညတ်သည် (၁) ရုပ်သန္တတိနှင့် (၂) နာမ်သန္တတိဟူ၍ ၂-မျိုးပြား၏။ချက် တိုင်ရှိ ဤမီးဓာတ်ကြီးမှထွက်သော အရောင်ဓာတ်သည် ရုပ်သန္တတိမည်၏။ ဘုရားရှင်ကိုယ်တော် မြတ်ကြီးတို့၏ ရောင်ခြည်တော်သည် ဤမီးဓာတ်မှထွက်သော အရောင်ပင်ဖြစ်၏။ တံခိုးအလွန်ကြီး ၏။ ဥပမာ မင်္ဂလ ဘုရားရှင်၏ နိစ္စလ ရောင်ခြည်တော်သည် တသောင်းသော စကြာဝဠာအား

နေ့ညမလတ် အလင်းဓာတ်ကြီးကို ဆောင်နိုင်ခြင်းသည်လည်း၊ဤပရိပါစက မီးဓာတ်ကြီး၏အရောင် ဓာတ်ပင် ဖြစ်၏၊

ဤမီးဓာတ်- ဤသန္တတိပညတ်နှင့် ကျန်ရှိသော ဥသမမီးဓာတ်= သမူဟပညတ်-သန္တပ္ပန မီးဓာတ်= သန္တာနပညတ်- ပရိဒယှနမီးဓာတ်= နာမပညတ်နှင့် ဆက်စပ်ခြင်း သဘောသည်= နာမ်သန္တတိ မည်၏။

**သတိ၊** ။ဤသန္တတိသဘောကိုမိသော်"ဖဿနှင့်ဝေဒနာ" ပေါ်၏၊ ၎င်း၂-ပါးကို"ဖြစ်-ပျက်" ဟူ၍ ရှုမည်ဖြစ်၏။

ထို့ပြင် ဤမီးဓာတ်အားကောင်းထက်မျက်သော်-ဇနကကံနှင့် ဥပထမ္ဘကကံတို့ကို ကပ်၍ နှိပ်စက်တတ်သော ဥပပီဠကကံနှင့် ကပ်၍သတ်တတ်သော ဥပဃာတက ကံတို့ကိုလည်း တား ဆီးနိုင်သည်ဖြစ်၍ရန်သူတို့ နှိပ်စက်ခြင်းငှါမတတ်နိုင်ပေ။ ထိုပုဂ္ဂိုလ်မီးစာကုန်၊ ဆီခန်းသက်တန်းစေ့ ၍ချုပ်သော်ရဟန္တာအရှင်မြတ် မဟုတ်ပါက အထက် အထက်သော ဘုံတို့သို့သာလျှင် လည်း ပြောင်းရာရှိ၏။ (ဤသည်ကား စတုတ္ထ တံခါးဖြစ်၍ ဥဒယ ပညာကြီး ပေါ်ထွက်မည်ဖြစ်၏)

(၂) ဥသမမီးဓာတ် သဘာဝအကျိုး= ဤမီးဓာတ်သည် နှလုံးအိမ်ရင်ချိုင့်၌ရှိ၍ ခန္ဓာ ကိုယ်ကို အနွေးဓာတ်ဖြင့် စောင့်ရှောက်သော မီးဓာတ်ဖြစ်သဖြင့်အသက်ပင်ဖြစ်၏၊၎င်းသည် ဝတ္ထု ဒသက ကလာပ်(တနည်း) စိတ်-စေတသိက်တရားတို့၏ တည်ရာဟဒယဝတ္ထု(တနည်း)ပဋိသန္ဓေ ဝိပါက် ဝိညာဏ်၌ရှိသောမီးဓာတ်သမူဟပညတ်ဖြစ်၏။

"ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိဝေါ ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ"

အကြောင်းရှိ၍ ပျက်ရသော သင်္ခါရတရားဟူသမျှ ပျက်ခြင်းသဘောရှိကြ၏။ မမေ့မလျော့ မလစ်သော သတိတရားနှင့် ပြည့်စုံစေရစ်ကြဟူ၍ နောက်ဆုံး အဆုံးအမဖြင့် ရှင်တော်မြတ် ပရိနိဗ္ဗာန် စံဝင်တော်မူခါနီးကာလ မိန့်ကြားတော် မူခဲ့ရာတွင် သတိတလုံး အဘယ်မျှအရေးကြီး ကြောင်း သိသင့်ပေပြီ။

ဤသတိကို မိနိုင်ရန် သတိပဋ္ဌာန်အာနာပါနလုပ်ငန်းစဉ်ကို ပွားများရမည်ဟု ရှင်တော် မြတ် မိန့်ဆိုတော်မူရာ ပွားများအားထုတ်သော ပုဂ္ဂိုလ်သည် သတိသည် တနေ့တခြား အားရှိ လာပြီးလျှင် မနောဝိညာဏ်၌ ကိန်း၏။ ကာမဂုဏ်အာရုံတို့ဖြင့်ကြုံသော် နာမနှင့်သဏ္ဍာန် နောက် သို့ မလိုက်တော့ခြင်းဖြင့် အဘိဇ္ဈာ ဒေါမနဿတရားယုတ်တို့ ငြိမ်းရ၏။

ထို့ပြင် နာမရူပပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်၊ သမ္မသနဉာဏ်နှင့် ဥဒယဗ္ဗယ ဉာဏ် တို့နှင့်လည်း ပြည့်စုံမည်ဖြစ်၏။

ထို့ပြင် အနုပဿနာ ၇-ဉာဏ်၌ရှိသော-

(၁) သတိသမ္ဗောဇ္ဈင်

(၂) ဓမ္မဝိစယသမ္ဗောဇ္ဈင်
(၃) ဝီရိယသမ္ဗောဇ္ဈင်
(၄) ပီတိသမ္ဗောဇ္ဈင်
(၅) ပဿဒ္ဓိသမ္ဗောဇ္ဈင်
(၆) သမာဓိသမ္ဗောဇ္ဈင်
(၇) ဥပေက္ခာသမ္ဗောဇ္ဈင်

တည်းဟူသော ဗောဇ္ဈင် ၇-ပါးနှင့်လည်း ပြည့်စုံသည်ဖြစ်၍ သာရ ၄-လုံး နာမ်ခန္ဓာ ၄-ပါး စက်ရဟတ် ၄-ချက်တို့ကို ကြိတ်ချေဖြတ်တောက်၍အနုလောမဉာဏ်မှသည် မဂ်ဖိုလ်ဉာဏ်တိုင်အရှိန်ကောင်းစွာဖြင့် တက်နိုင်မည်လည်းဖြစ်ပေသည်။

မဂ်တရား ဖိုလ်တရားကို ရနိုင်ရန်သည် ရုပ်တရား၊ နာမ်တရားကို အခြေခံ၍ရှာကြံရသည် ချည်းပင်ဖြစ်၏၊ သို့သော်-

**သတိ**။ ။(၁)သညာဝိဉာဏ်ရိပ်ကထွက်သော ရုပ်နာမ်သည် ပညတ်စွဲ ဒိဋ္ဌိစွဲရုပ်နာမ်သာ ဖြစ်၏။ နာမနှင့်သဏ္ဌာန်ဖြင့်ဆွဲယူသည်ဖြစ်၍ ဃန ကြေသည်မဟုတ် ဥဒယကြီး သို့ ဝင်နိုင်သော ရုပ်နာမ်ကို မတွေ့နိုင်ပေ။

(၂) ယခုသတိပဋ္ဌာန် အာနာပါန၏ ထွက်လေ ဝင်လေဖြစ်သော စိတ္တဇဝါယောနှင့် ၎င်းနှင့်ယှဉ်ဘက် မီးဓာတ်တို့၏အမူအယာမှ ထွက်သော ရုပ် နာမ် သဘောကား ပညတ်တရားတို့မှ စင်ကြယ်သည်ဖြစ်၍ ဥဒယကြီးက လက်ခံမည်ဖြစ်၏။

အဘယ့်ကြောင့်ဟူမူပရိပါစကမီးဓာတ်သည်ကံပြဋ္ဌာန်း၍၎င်း၏အညွှန့်ဖြစ်သောလေဓာတ်သည် စိတ် ပြဋ္ဌာန်းရာ (ချက်တိုင်ရှိ ပရိပါစက မီးဓာတ်၏အရှိန်အခိုးဖြစ်သော လေဓာတ်၏ထွက်လေအဖြစ် အဆင့်ဆင့်တက်၍ နှာသီးဖျားနှုတ်ခမ်းဖျားတွင် ပရိဒယှနမီးဓာတ်အဖြစ်ဖြင့်ချုပ်ပုံကို ဥပမာဖရောင်းတိုင်မီးညွှန့်မှ လေဓာတ်တက်ပုံဖြင့်ဟပ်၍ရှုပါရန်)၎င်း ကံ နှင့်စိတ်တို့၏အမူအယာမှဖော်ထုတ်သောရုပ်နာမ် ဖြစ်သောကြောင့်ပေတည်း။

သို့ဖြစ်၍ ဤချက်တိုင်ရှိ ပရိပါစကမီးဓာတ်ကိုရှုသောအခါတွင်-

(၁) ရေနံ မီးရောင် = အနေဖြင့် မြင်ရသော် အဟိတ်ခန္ဓာ၊ဒွိဟိတ်ခန္ဓာဟုဆို၊ အဘယ့်ကြောင့် ဟူမူ ရေနံမီးတွင် မှိုင်းများသည့်နည်းတူ ထိုပုဂ္ဂိုလ်သည်လည်း မှိုင်းနှင့်တူသောကိလေသာ အခိုးတက်ခြင်းကြောင့် သညာဝိညာဏ်ထုပြောဟန်ကို ၎င်း-

(၂) ဖရောင်းတိုင်မီးရောင် = အနေဖြင့်မြင်ရသော် တိဟိတ်ခန္ဓာ ဟု ဆို၊ ဖယောင်းမီးညွှန့်၌ အခိုး အလွန်နည်းပါးသည့်သဘွယ် ထိုပုဂ္ဂိုလ်သည် လည်း ကိလေသာ အခိုးနည်းပါးဟန်ကို၎င်း-

(၃) လျှပ်စစ်မီးရောင် = အနေဖြင့်မြင်သော် အရိယာ ပုဂ္ဂိုလ်ဟုဆို၊ အခိုး ကင်းစင်ဟန်ကို၎င်း တွေ့ရမည်ဖြစ်ပေသည်။

(၂၇-၀-၆၇)

## သတိ၊ ၊ဥသမ မီးဓာတ်အဆက်

သတ္တဝါသေခြင်းဆိုသည်မှာ အမိဝမ်းတွင်းပဋိသန္ဓေယူကတည်းက ပဋိသန္ဓေစိတ်ခေါ် စုတိစိတ်ချုပ်ခြင်းဖြစ်၏၊ ၎င်းသည်နှလုံးအိမ်ရှိ ဥသမမီးဓာတ်၌ ကိန်းသည်ဖြစ်၍ သေသောအခါတွင် စိတ္တဇရုပ်အားလုံး ကံကြောင့်ဖြစ်သောပရိပါစက မီးဓာတ်လည်းငြိမ်း၍ ကမ္မဇရုပ်အားလုံးချုပ်၏၊ ထို ၂-ပါးတို့ချုပ်သော်အာဟာရဇရုပ်လည်းချုပ်ရာ နောက်ဆုံး ဥတုဇရုပ်ဖြစ်သောအလောင်းကောင်သာကျန်၏၊ ၎င်းသည် မြေ၌ပျောက်ရ၏၊

အာနာပါနအတွက် ရုပ် နာမ် မှာ ဤကံပြဋ္ဌာန်းသော ပရိပါစကမီးဓာတ်နှင့်စိတ်ပြဋ္ဌာန်းသော ဥသမမီးဓာတ်ဘို့မှ ဖော်ထုတ်သည်ဖြစ်သဖြင့်ဥဒယဗ္ဗယဉာဏ်ကလက်ခံခြင်းဖြစ်ပေသည်၊

## နှသုံးအိမ်ရင်ချိုင့် ဥသမ မီးဓာတ်မှ ရုပ်-နာမ်-ပေါ်ပုံသဘော

ဤဒုတိယ တံခါးပေါက်၌ သမူဟပညတ် ရှိသည်ဖြစ်၍ ၎င်းကိုမိအောင် ဖမ်းရမည် ဖြစ်၏၊ သို့သော် သမူဟဃန လောကီအာနာပါနပညတ်ရိပ်ဖြစ်သော သဏ္ဌာန်၊ အရိပ်၊ နိမိတ်၊ လက္ခဏာတို့ကိုယူရန်မသင့်-

ဤမီးဓာတ်မှထွက်သော ပညတ်သန္တတိဖြစ်သော အရောင်၊ အဆင်း၊ အလင်း၊အကြည်ကို ပဌမဖမ်း၍ ၎င်းမှ-

(၁) နှလုံးအိမ်
(၂) ဓမ္မာရုံ
(၃) ဘဝင်စိတ်
(၄) သိမှု

၄-ပါးတို့၏ ပရမတ် သမူဟသဘောသန္တတိကိုသာရှုရမည်ဖြစ်၏။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးတို့၏ ၆-သွယ်သော ရောင်ခြည်တော်သည် ဤနှလုံး အိမ်မီးဓာတ်မှ ထွက်ပေါ်ကွန့်မြူးတော်မူခြင်းဖြစ်၏။

(၃) သန္တပ္ပနမီးဓာတ် = ပြင်းစွာပူလောင်သောမီးဓာတ်ဖြစ်၏၊ ဖျားနာခြင်း သဘောဖြစ်၏၊ ၎င်းသည် ယယ်ထိပ် ဦးနှောက်၌ရှိ၍ တာဝန်မှာ အဆင်းနှင့် အကြည် ဆုံမှု၏ မြင်မှုတွင် သညာအမှတ်ပေါ်ရန်ဖြစ်၏၊ လောကီအာနာပါနတွင်ဤစခန်း၌သဏ္ဌာန် အရိပ်-နိမိတ်-လက္ခဏာစသော ပညတ်တို့ပေါ်တတ်၏၊ ၎င်းဖြင့် ရုပ် နာမ် မကူးသင့် ရှုရန်မှာ-

(၁) အဆင်းကိုမှတ်သော- သညာ

(၂) အကြည်ကိုမှတ်သော- သညာ

(၃) ၂-ပါးဆိုသောသညာ

ဤ ၃-ပါးသည် ဦးဖျောက်အိမ်ရှိ ပရမတ်သဘောဖြစ်၍ ၎င်းမှနေပြီးလျှင် ရုပ်-နာမ် ကို ကူးရန်ဖြစ်၏။ ၎င်းမီးခါတ်မှထွက်သော ပညတ်ရိပ်ကား သက်တန့်ရောင်ဖြစ်၏။

(၄) ပရိဒယှနမီးဓာတ် = ထက်ဝန်းကျင်လောင်မြိုက်သော မီးဓာတ်ဖြစ်၏။ (တနည်း) ပရိပါစကမီးဓာတ်၊ ဥသမမီးဓာတ်၊ သန္တပ္ပနမီးဓာတ်တို့ပေါင်း၍ စတုတ္ထတံခါးပေါက် ဖြစ်သော နှာသီးဖျားနှင့် နှုတ်ခမ်းဖျားသို့ပျက်သော မီးဓာတ်ဖြစ်၏။

ရှုရှိုက်သော လေဓာတ်အား ဝင်သည်၊ ထွက်သည်ဟု မှတ်သားခြင်းသည်ပင်နာမပညတ်၊ သညာအမှတ်ဖြစ်၏၊ ဤစခန်း၌သညာန ပညတ်မပါသေး၍ အရောင်ဓာတ်ကားမပေါ်သေး မိမိ စိတ်ဝိညာဏ်တွင်သာလျှင် ဖလ်ချောင်းသဏ္ဍာန်၊ အပ်ချည်မျှင်သဏ္ဍာန်ထင်နေသေးခြင်းဖြစ်၏။

**သတိ။** ။သညာသိ ၅-လုံးသည် ဦးနှောက်အိမ် သန္တပ္ပနမီးဓာတ်မှထွက်သော်လည်းနှလုံးအိမ် ရင်ချိုင့်၏ ဥသမမီးဓာတ်ဝိဥာဏ်ပါမှအာရုံတခုကို ဆုံးဖြတ်နိုင်ခြင်းဖြစ်ကြောင်း သတိမူ ထားသင့်လှပါသည်။

''ကထဉ္စပန ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိဣဓဘိက္ခဝေ ဘိက္ခု အရည ဂတောဝါ ရုက္ခမူလဂတောဝါ သုညာဂါရဂတောဝါ နိသီဒတိ ပလ္လင်္ကံ အာဘုဇိတွာ ဥဇုံကာယံ ပဏိဓာယ ပရိမုခံ သတိံ ဥပဋ္ဌပေတွာ သော သတောဝ အဿသတိ သတောဝ ပဿသတိ''

အစရှိသော သတိပဋ္ဌာန်ပါဠိတော်အရ အာနပါနတရားလုပ်ငန်းစဉ်ကို ကောင်းစွာ အားထုတ်လို သောပုဂ္ဂိုလ်သည်တောအရပ်၌၎င်း သစ်ပင်ရင်း၌၎င်း ဆိတ်ငြိမ်ရာကမ္မဋ္ဌာန်းကျောင်း၌ ကပ်၍၎င်း ကိုယ်ကိုဖြောင့်မတ်စွာထား၍ ဝင်လေ ထွက်လေကိုရှုမှတ်ကာ အားထုတ်ရမည် ဖြစ်၏။ သို့ အား ထုတ်သော်သိမ်မွေ့ငြိမ်သက်သောကမ္မဋ္ဌာန်းနိမိတ်သည်ထင်၏။

ဤကိုရည်၍ ရှင်တော်မြတ်သည် ဝါတော် ၂၀-အတွင်းဆုံးမ ပေးအပ် တော် မူသော ၃၂-ကောဋ္ဌာသ ကမ္မဋ္ဌာန်းကိုသိမ်းတော်မူ၍ ဤအာနာပါန ကမ္မဋ္ဌာန်းကို ချီးမြှင့်တော်မူပြီး အကျိုး ၅-ပါး ဖြင့်များစွာချီးမွမ်းတော်မူသည်ဖြစ်ရာ ယခုဖော်ပြသည့်အတိုင်း-

(၁) အားထုတ်ရာနေရာ၏ ငြိမ်သက်ခြင်း၊ ဝင်လေ- ထွက်လေ၏ ငြိမ်သက်ခြင်းနှင့် ကမ္မဋ္ဌာန်း နိမိတ်၏ ငြိမ်သက်ခြင်း ၃-ချက်နှင့် ပြည့်စုံသည်ဖြစ်၍ ဤအာနာပါနကမ္မဋ္ဌာန်းသည် ငြိမ်သက်သည်ဖြစ်၏ဟူ၍၎င်း-

(၂) ဤအာနာပါန ကမ္မဋ္ဌာန်းသည် ငါဘုရားနှင့်တကွ ပစ္စေကဗုဒ္ဓရဟန္တာအရှင် အရိ ယာသခင်တို့လက်ကိုင်ပြု၍ သီတင်းသုံးလေ့ရှိသည်ဖြစ်သဖြင့် မွန်မြတ်သည်ဖြစ်၏ ဟူ၍၎င်း-

(၃) အန္ဓပုထုဇဉ် တို့တွင် မသင့်တင့်သော ကိလေသာ ကာမဂုဏ် အာရုံ တို့ဖြင့် ဆိုသော် ရေအိုးကို မှောက်သွန်ဘိသကဲ့သို့ သညာဝိညာဏ်သည်လျှင် ရွှေသွားရှိသည့်အတိုင်း

အဘိဇ္ဈာဒေါမနဿတရားယုတ်တို့သည် ဖြစ်၏။ အာနာပါနတရားကို အားထုတ်သော ပုဂ္ဂိုလ်တို့ အဘို့၌ အာရုံ ကာမဂုဏ်တို့ဖြင့် တွေ့ဆုံသော်လည်း အန္ဓပုထုဇဉ်တို့ကဲ့သို့ ပေါက်လွတ် ပဲစား မဟုတ်ပြီ သတိကပစ္စုပ္ပန်မှနေ၍ ထိန်းသိမ်းပေးသည် ဖြစ်သဖြင့် မသွန်းလောင်းသည် ဖြစ်၏ ဟူ၍ဝင်း-

(၄) အများသော ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝသော သူတို့သည် အချင်းခပ်သိမ်းစိတ် ချမ်းသာကြသည်မဟုတ်ပေ၊ အတိတ်-အနာဂတ်အာရုံတို့၌ သာလျှင် ကျက်စားလေ့ ရှိကြသဖြင့် ချမ်းသာသော ပစ္စုပ္ပန် မျက်မှောက်ကာလ၌ မရပ်တည်နိုင်ခြင်း ဖြစ်ပေသည်။ ဤ အာနာပါန တရားကို အားထုတ်သော ပုဂ္ဂိုလ်တို့အတွက်မှာမူ သတိတရားက ပစ္စုပ္ပန်မှနေ၍ ထိန်းသိမ်းပေး ခြင်းဖြင့် လောဘနယ်ကြီး မကြီးထွား၍ ချမ်းသာသည်ဖြစ်၏ ဟူ၍ဝင်း-

(၅) ဤကဲ့သို့ အာနာပါနတရားကို မပြတ် မှိဲအားထုတ်သော အကြင် ပုဂ္ဂိုလ်သည် အတိတ် အနာဂတ် (တနည်း) သညာဝိညာဏ်တို့၏နောက်သို့ မလိုက်မူ၍ အပါယ် ၄-ပါးသို့ ကျရောက်နိုင်သော အကုသိုလ်တရားတို့ကို မိမိအားထုတ်ရာ နေရာဌာန၌ ပင်လျှင် ငြိမ်းစေသည် ကွယ်စေသည်ဖြစ်၍ ဖြစ်ပြီးကုန်သော ယုတ်မာကုန်သော အကုသိုလ် တရားတို့ကို မသုံးသပ်သည် ဖြစ်၏ဟူ၍ ဝင်း ဆိုဆုံးမတော်မူသည် ဖြစ်သဖြင့် ဤ၍ ဤမျှ ကြီးမားလှသော အကျိုး တရားဖြင့် ပြီးသော ဤအာနာပါနကမ္မဋ္ဌာန်းတရားကို ပေါက်ရောက်သည့်တိုင်အောင် အားလုံ့လကြီးများကို မွေးမြူ၍ ကြိုးစားအပ်လှပါသည်။

၂၉-၈-၆၇

**အာနာပါနတံခါး ၄-ပေါက် မီးခေတ် ၄-ပါး ခေတ်ကြီး ၄-ပါး ဌာန် ၄-ချက်နှင့်အထက်အနံ့သဘာဝ၏ ထွက်လေ ဝင်လေသဘော**

(၁) ချက်တိုင် ပရိပါစကမီးခေတ်- ဥဏှတေဇောခေတ်- အထက်သဘော ထွက်လေ ဖြစ်၏ (ပဒဌာန်)

(၂) နှလုံးအိမ်ရင်ချိုင့်- ဥသမမီးခေတ်-ဥဏှဝါယောခေတ် အထက်သဘော ထွက်လေ ဖြစ်၏ (ပစ္စုပဋ္ဌာန်)

(၃) ယယ်ထိပ် ဦးချောက်- သန္တပ္ပနမီးခေတ်- ဥဏှအာပေါခေတ်- အထက်သဘော ထွက်လေ ဖြစ်၏ (ရသ)

(၄) နှာသီးဖျားနှင့် နှုတ်ခမ်းဖျားပရိဒယှနမီးခေတ်-ဥဏှပထဝီခေတ်-အထက်သဘော ထွက်လေ ဖြစ်၏ (လက္ခဏ)

(၁) နှာသီးဖျားနှင့် နှုတ်ခမ်းဖျားပရိဒယှနမီးခတ်- သီတပထဝီခတ်- အနံ့သဘော ဝင်လေဖြစ်၍ (လက္ခဏာ)

(၂) ငယ်ထိပ် ဦးဏှောက် သန္တပ္ပနမီးခတ်- သီတ အာပေါခတ် အနံ့ သဘော ဝင်လေ ဖြစ်၍ (ရသ)

(၃) နှလုံးအိမ်ရင်ချိုင့်- ဥသမမီးခတ်- သီတဝါယောခတ်- အနံ့သဘောဝင်လေ ဖြစ်၍ (ပစ္စုပဋ္ဌာန်)

(၄) ချက်တိုင်- ပရိပါစကမီးခတ်- သီတတေဇောခတ်- အနံ့သဘော ဝင်လေ ဖြစ်၍ (ပဒဋ္ဌာန်)

**အာနာပါန တံခါး ၄-ပေါက်နှင့် သတိပဋ္ဌာန် ၄-ပါးဝင်ပုံ**

(၁) ချက်တိုင်- ဓမ္မာနုပဿနာ သောတာပတ္တိမဂ်

(၂) နှလုံးအိမ်ရင်ချိုင့်-စိတ္တာနုပဿနာ သကဒါဂါမိမဂ်

(၃) ငယ်ထိပ်ဦးဏှောက်ဝေဒနာနုပဿနာ အနာဂါမိမဂ်

(၄) နှာသီးဖျားနှင့်နှုတ်ခမ်းဖျား-ကာယာနုပဿနာ အရဟတ္တမဂ်

သတိ။ ။သတိပဋ္ဌာန် ၄-ပါးရှိရာတွင် အားထုတ်သောအခါ၌ ကာယာနုပဿနာ သတိပဋ္ဌာန်ကိုသာ အားထုတ်ရန် ဖြစ်၏။ ရှင်တော်မြတ်သည် ကျန် ၃-ပါးကို တရား ဥဒ္ဒေါင်း ချသောအခါ၌သာလျှင် သွင်းတော်မူခြင်း သဘာဝကိုရှင်း-

တဖန် ပုံစံအမှတ် ၁၅-တွင် ဟောတော်မူသော သာရ ၄-ချက်နှင့် သတိပဋ္ဌာန် ၄-ပါး ဟပ်ပုံကို ဤကဏ္ဍ၌ မယူသင့်ပေ။ အနုပဿနာ ၇-ဉာဏ်မှ ထွက်သော မဂ်တရား၏ အခြေခံ ဖြစ်သောဗောဇ္ဈင် ၇-ပါး ပေါ်ထွက်နိုင်ရန်-

(၁) နိစ္စသာရ ကို ပညာမြင် အနိစ္စက ပယ်သတ်မည်ကိုရှင်း

(၂) သုခသာရ
(၃) သုဘသာရ } ကို ပညာမြင် ဒုက္ခက ပယ်သတ်မည်ကိုရှင်း

(၄) အတ္တသာရ ကို ပညာမြင်အနတ္တက ပယ်သတ်မည်ကိုရှင်း

လာမည့်ဟောစဉ်များတွင် နာကြားရမည်ဖြစ်သဖြင့် ဤသိမ်မွေ့လှသော သဘာဝကို ယခုမှ ကြိုတင်၍ ဆင်ခြင်သုံးသပ်ထားအပ်ပါသည်။

ရှင်တော်မြတ်၏ ၆-သွယ်သော ရောင်ခြည်တော်မြတ်သည် နှလုံးအိမ် ရင်ချိုင့်ရှိ ဥသမ မီးခတ်မှ ထွက်ပေါ်ကွန့်မြူးတော်မူကြောင်း နာကြားပြီး၏။

သို့ဖြစ်၍ မိမိတို့အားထုတ်သောအခါတွင် ပညတ်နိမိတ်ဖြစ်သော-

(၁) နေရောင်-လရောင်-ကြယ်ရောင်တို့ကဲ့သို့သော အရောင်ဓာတ်

(၂) ညို-ရွှေ-နီ-ဖြူ စသော အဆင်းဓာတ်

(၃) တကိုယ်လုံးလင်း၍နေတတ်သော အလင်းဓာတ်

(၄) ၅-ပါးသော အကြည်ဓာတ်တို့၏ အကြည်ဓာတ်

တို့ကို အနည်းနှင့်အများ တွေ့ရမည်ပင်၊ ဤသည်တို့ကား လောကီအာနာပါန နိမိတ်တို့ ဖြစ်၍ ဝိပဿနာရုပ်-နာမ်သို့ ကူးခြင်းငှာ မထိုက်ကြောင်း သိပြီး၏။ ထို့ကြောင့်၎င်းတို့ကိုထင်၍ရှုသော်-

(၁) ဓမ္မာရုံ


(၂) မနောဝိညာဏ်

(၃) ဘဝင်စိတ်

(၄) သိစိတ်

ဖြစ်သော ဓမ္မ ၄-ချက်ကို တွေ့ရပေမည်။ ထိုအခါတွင် ဖော်ပြပါအရောင်ဓာတ်တို့လည်းလေရှည်ဖြင့် အားထုတ်သော် သဏ္ဌာန်-အရိပ်-နိမိတ်-လက္ခဏာ စသော ပညတ်ရိပ်တို့ ပေါ်တတ်၏။ ၎င်းသည်လည်း ရုပ်-နာမ်ကူးရန်မသင့်၊ သက်တန့်ရောင်ပေါ်သည့်တိုင်အောင် ရှုနိုင်ရမည်ဖြစ်၏၊ သို့ပေါ်သော် သန္တပ္ပနမီးဓာတ် ပေါက်ရောက်ခြင်းဖြစ်၍ လောကီလောကုတ် ၂-ဖြာသော အကျိုးတရားကို ရနိုင်တော့၏။ ရုပ်-နာမ်ကူးသောအခါတွင် ပစ္စယပရိဂ္ဂဟဉာဏ် ပေါ်ရမည် ဖြစ်သဖြင့် ဤအာနာပါနတံခါး ၃-ချက်တွင် အနိမ့်ဆုံးအားဖြင့် ၎င်းသန္တပ္ပန မီးဓာတ်ကို ဖွင့်နိုင်အောင် အထူးကြိုးစားသင့်သော ကိစ္စကြီးဖြစ်ပါသည်။

ထို့နောက် နှာသီးဖျားနှင့် နှုတ်ခမ်းဖျား၏ ပရိဒယှနမီးဓာတ် (တနည်း)ဒဟမီးဓာတ်ကို ဖွင့်နိုင်သော် နာမရူပ ပရိစ္ဆေဒဉာဏ် ပေါက်မည်ဖြစ်ပေသည်။




**အာနာပါန ပထမ တံခါးပေါက်နေပုံ**

နီဝရဏ တရားယုတ်တို့မှငြိမ်းစေသည်ဖြစ်၍ သမထဟု သမုတ်အပ်ပေရာ ဤအာနာပါန တရားကို အားထုတ်လိုသော ပုဂ္ဂိုလ်သည်-

(၁) တောအရပ်ကို မှီ၍ရှင်း

(၂) သစ်တပင်ရင်း ဝါးတပင်အောက်ကိုကပ်၍ရှင်း

(၃) ဆိတ်ငြိမ်ရာ ကမ္မဋ္ဌာန်းကျောင်းတွင် နေ၍ရှင်း
အားထုတ်ရန်ဖြစ်ပေသည်။

(၁) တောအရပ်= ကို မှီ၍ အားထုတ်ခြင်းသည် အကောင်းဆုံးနှင့် အသင့်တင့်ဆုံး ဖြစ်ပေသည်။ ငြိမ်သက်တိတ်ဆိတ်ခြင်းသဘော အလိုရှိသော ရှင်းကမ္မဋ္ဌာန်းသည် အာရုံများသော နေရာဖြင့် မသင့်ပေ။သို့ဖြစ်၍ ဘုရားပစ္စေကဗုဒ္ဓ ရဟန္တာအစရှိသောလောကုတ္တရာ သူတော်ဝင်တို့နှင့်တကွ၊ လောကီပညာ လမ်းဖြင့် တကယ်ရောက်သော ပုဂ္ဂိုလ်တို့ တောရပ်ကို မှီးခြင်းဖြစ်၏။ သို့သော် ရင့်သန်သောပါရမီဓာတ်ခံရှိသော ပုဂ္ဂိုလ်တို့သည်သာလျှင် နေထိုင်အားထုတ်နိုင်သော အရပ်ဖြစ်ပေသည်။

(၂) သစ်ပင်ရင်း= ဤအရပ်သည်ကား တောအရပ်မှာကဲ့သို့ နိက္ခမဓာတ် မရနိုင်ပေ။ သစ်ပင်ကြီးငယ်ကို အမှီပြု၍ နေထိုင်သော ကျေးငှက်တိရစ္ဆာန်တို့၏ အနှောင့်အယှက် ဘုမ္မစိုရ်းနတ်တို့၏ အနှောင့်အယှက်တို့ရှိတတ်သည့်ပြင် မိမိ၏စိတ်ကြိုက်ဖြင့် မကိုက်ညီသောအခါ၌လည်း သစ်တပင်မှတပင်သို့ ပြောင်းရွှေ့နေလိုစိတ်တို့ဖြင့် ကိစ္စများတတ်ပေသည်။

(၃) ကမ္မဋ္ဌာန်းကျောင်း= ပလိဗောဓများသောကိစ္စဖြစ်၏။ တောအရပ်နှင့် သစ်တပင် ရင်းလောက် မသင့်ပေ။ ရှာန်အဘိညာဏ်ရရန်အတွက်ဆိုသော် မသင့်၊ သို့သော်ယခုခေတ်အခါ တွင် ရုပ်တရား-နာမ်တရား၏ အခြေခံမျှလောက်သာ အားထုတ်ကြရသည်ဖြစ်၍ တော်ပေသေး ၏ဟုပင် ပြောရပေမည်။ အစစ ဆုတ်ယုတ် လာသော အခါ၌လည်း ကမ္မဋ္ဌာန်းကျောင်း အတွင်း အချို့ကျ အားထုတ်နိုင်သောပုဂ္ဂိုလ်သည်ပင် မများသောကြောင့် ဖြစ်၏။

**ထို ၃-ချက်(တနည်း) စည်းမျဉ်း ၅-ချက်**

(၁) အာနာပါနတရား အားထုတ်သောအခါတွင် ထက်ဝယ် ဖွဲ့ခွေ၍ထိုင်ရမည်။

(၂) ကြာရှည်အညောင်းအညာ ခံနိုင်ရည်ရှိရန် ခါးကို ဖြောင့်မတ်စွာထားရမည်။

(၃) ယာလက်ကို အပေါ်ထား၍ထပ်ပြီးလျှင် လက်မချင်းထိထားခါ ထက်ဝယ် ဖွဲ့ခွေ သော ခြေပေါ်သို့ အလိုက်သင့်ထားရမည်။ (၎င်းတို့သည် ထိ ၃-ချက် ဖြစ်၏)

(၄) တရားထိုင်ချိန်မှန်ရမည်။

(၅) ပွားများသောဘာဝနာလည်း မြဲရမည်။

**သတိ။** ။ဤစည်းမျဉ်း ၅-ချက်သည် အကြောင်းမဲ့ မဟုတ်ပေ။ ရှင်တော်မြတ်သည် သတ္တဝါ ဝေနေယျတို့၏ စရိုက်ကို သိတော်မူသည့်အတိုင်း တရားအမြန်ပေါက်ရောက်နိုင်စေရန် သက်သာစေမှု-သီးခံနိုင်စေမှုတို့အတွက်ပင် ဖြစ်ပေသည်။

**ထွက်လေ ဝင်လေနှင့် ရုပ် နာမ်သဘာဝ**

**ထွက်လေ နာမ်သဘော** နောက်ကဏ္ဍတွင်နာကြားပြီးသည့်အတိုင်းချက်တိုင်ရှိပရိပါစက မီးခာတ်အညွန့်ဖြစ်သော လေသည် (ကမ္မဇဝါယော) နှလုံးအိမ်ရင်ချိုင့်ရှိ ဥသမ မီးဓာတ်ဖြင့် ပေါင်းသော် (စိတ္တဇဝါယော) ငယ်ထိပ်ဦးဏှောက်ရှိ သန္တပ္ပနမီးဓာတ်ဖြင့် ပေါင်းသော် (အာဟာ ရဇ ဝါယော) နှာသီးဖျားနှင့်နှုတ်ခမ်းဖျားရှိ ဒဟမီးဓာတ်ဖြင့် ပေါင်းသော် (ဥတုဇဝါယော) ဖြစ်သဖြင့် ဤထွက်လေတွင်(အကြောင်းတရား နာမ်သဘော)ပါလာပုံကိုဝင်း

**ဝင်လေ ရုပ်သဘော** = ပဌမ နှာသီးဖျားနှင့်နှုတ်ခမ်းဖျားမှဝင်သောလေတွင်ပထဝီဓာတ် ပြဋ္ဌာန်း၍ ငယ်ထိပ် ဦးဏှောက်ရှိ သန္တပ္ပနမီးဓာတ်ဖြင့် ပေါင်းသော် အာပေါဓာတ် ပြဋ္ဌာန်း၍ နှလုံးအိမ်ရင်ချိုင့်ရှိ ဥသမမီးဓာတ်ဖြင့်ပေါင်းသောအခါတွင် ဝါယောဓာတ်ပြဋ္ဌာန်းကာ နောက်ဆုံး ချက်တိုင်ရှိ ပရိပါစကမီးဓာတ်ဖြင့်ပေါင်းသော် တေဇောဓာတ်ဖြစ်၍ ဤဝင်လေတွင် ဓာတ် ၄-ပါး ရုပ်တရားအခြေခံ၍ ပါလာပုံတို့သည် သညာဝိညာဏ် လှည့်ပတ်၍ ပေါ်လာရသော "ရုပ်တရား နာမ်တရား"တို့ မဟုတ်ကုန် ဓမ္မတာအားဖြင့် ဝင်လေထွက်လေမှပင်လျှင်အားထုတ်သောပုဂ္ဂိုလ် တို့ ကိုယ်တိုင် တွေ့ရမည့်သဘာဝတို့ဖြစ်ပေသည်။

**နာမ ပညတ် ၂ မျိုးသဘာဝ**

(၁) ပရမတ်ထောက်ခံသော နာမပညတ်

(၂) ပရမတ် ထောက်ခံမှုမရှိသော နာမပညတ်ဟူ၍ ၂-မျိုးပြားရာတွင်

(၁) **ပရမတ်ထောက်ခံသောနာမပညတ်**= သည် ဥပမာအားဖြင့် မိမိရှေ့၌ရှိသောလက်ဘက်ရည်ပန်းကန်ကိုပြသော် လက်ဘက်ရည်ပန်းကန်ဟူသော''နာမပညတ်''သည် ပေါ်လာ၏။ ၎င်းသည်အဆင်းနှင့်အကြည်တို့ ပေါင်းဆုံသည့်မှပေါ်လာသော ''အမည်''ဖြစ်ပေရာ အဆင်းတည်းဟူသော ပရမတ်သဘောထောက်ခံလျက်ရှိ၍ နာမပညတ်ကိုသညာက အပိုင်အနိုင်ဆွဲကိုင်ခြင်းဖြစ်၏။ ၎င်းနာမပညတ်ကိုချေသော် ပရမတ်တရားကိုတွေ့မည်အမှန်ဖြစ်၏။

(၂) **ပရမတ်ထောက်ခံသော နာမပညတ်** = ၎င်းသည် ဝဒန္တနှင့်သုန္တ (တနည်း) အမေးသမားနှင့်အပြောသမားတို့၏ အမေးအပြောသဘောမျှသာဖြစ်၍ အခြေခံ အခိုင် အမာ ကျောထောက်နောက်ခံဟူ၍ မြုမျှမရှိပေ၊ ဥပမာအားဖြင့်မိုးကောင်းကင်တွင် စိတ်ကူးဖြင့် အရုပ်ရေးသောသူကဲ့သို့ ရေးသူ၏စိတ်ဝိညာဏ်မှာသာထင်ရုံမှအပ အခြားဘာကိုမျှ ပြဘွယ်ရာ ပြောဘွယ်မရှိသည်ဖြစ်၍ အချည်းအနှီးသဘောပင်ဖြစ်ပေသည်။

အထက်ဟောစဉ်တွင် ထွက်လေ ဝင်လေတို့၏ သဘောကို နာကြားပြီးသည့်အတိုင်း ယခုသတိပဋ္ဌာန် အာနာပါနနည်းဖြင့် ရုပ်နာမ်ကိုတွေ့ရန် ထိုထွက်လေ ဝင်လေကို သတိဖြင့် ထွက်တိုင်းဝင်တိုင်းတို့မှတ်ရမည်ဖြစ်၏။

ဝိသုဒ္ဓိမဂ်ကြီးတွင် မှတ်နည်း ၆- နည်းပြထားသော်လည်း ယခုအာနာပါန လုပ်ငန်းစဉ်သည် ဈာန်လမ်းသို့သွားရန်မဟုတ်၊ ရုပ်တရား နာမ်တရားကိုရှာပြီးလျှင် မဂ်စခန်းသို့ တက်လှမ်းရမည်ဖြစ်သဖြင့်မလိုအပ်ပေ။

**သတိ**။ ။**အာနာပါနလုပ်ငန်းစဉ်သည်မဂ်သို့တိုက်ရိုက်သွားရန်မဟုတ်ပေ-**

သို့ ဝင်လေ ထွက်လေကို မှတ်လျက်ရှိသောအခါတွင်-

(၁) ပြင်ပမှ အသံဓာတ်ဖြင့်၎င်း

(၂) မိမိစိတ်ဝိညာဏ်၏ ပျံ့လွင့်မှုဖြင့်၎င်း

သိမှတ်မှု လွတ်ရာ၏။ ထို ၂-ချက်တွင် အမှတ် (၁) သည်ကား မရှောင်သာပြီ၊ **သို့သော်** (၂) သည်ကား မိမိချို့တဲ့မှုဖြစ်၍ အထူးဂရုစိုက်သင့်လှပါသည်။

သညာသည်အတိတ်ကို ဆွဲကိုင်လေ့ရှိ၍၊ ဝိညာဏ်သည်အနာဂတ်ကိုဆွဲကိုင်ရာ၊ ထိုအတိတ်အနာဂတ်တို့ဘက်သို့မလိုက်မူဘဲ ပစ္စုပ္ပန်ဖြစ်သော ထွက်လေ ဝင်လေမှနေ၍ သတိဖြင့် ချုပ်ကိုင်နိုင်ရန်ပင်ဖြစ်ပေသည်။

ဤကဲ့သို့ ၎င်း ဝင်လေ ထွက်လေကို သိမှတ် ဖန်များသော် သညာအမှတ်သည် မျက်စိအကြည်ရိပ်၌ထင်၏၊ သို့ထင်ခြင်းသည် ဝိညာဏ်ရိပ်၌ထင်သည်ပင်ဖြစ်၍ နာမပညတ်ပေါ်ထွက်လာမည်ဖြစ်၏။ ထိုနာမပညတ်ရိပ်သည် မျက်စိအကြည်၌သာလျှင်ထင်နိုင်သေး၏၊ ကျန်အကြည်ရိပ်များ၌ မထင်နိုင်သေးကြောင်း သတိပြုရမည် ဖြစ်ပါသည်။

၃၁-၈-၆၇

အထက်ဟောစဉ်တွင် ထွက်လေဝင်လေနှင့်တကွ ပညတ် တွင် ပရမတ် ထောက်ခံသော ပညတ်နှင့် ပရမတ်မထောက်ခံသောပညတ်သဘောတို့ကို နာကြားပြီးခဲ့ရာ ပုံစံအမှတ် ၁၈-တွင် ပါရှိသည့်အတိုင်း-

**ထွက်လေတွင် နာမ်တရားအခြေပြုသည့် အကြည်သဘောဖြစ်သော**

(၁) စက္ခုသညာ
(၂) သောတသညာ
(၃) ဃာနသညာ
(၄) ဇိဝှါသညာ
(၅) ကာယသညာနှင့်-

**ရုပ်တရားအခြေပြုသည့် အဆင်းသဘောဖြစ်သော**

(၁) ရူပသညာ
(၂) သဒ္ဒသညာ
(၃) ဂန္ဓသညာ
(၄) ရသသညာ
(၅) ဖောဋ္ဌဗ္ဗသညာ

၂-ပါးတို့ ပေါင်းဆုံခြင်းကို ရှင်တော်မြတ်သည်

"စက္ခုံ့စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ တိဏ္ဏံ သင်္ဂတိဖဿော"

အစရှိသော ပါဠိတော်ဖြင့် စက်ရဟတ်လှည့်၍ ဟောတော်မူခြင်း ဖြစ်၏။

**သတိ။** ။ဥပမာအားဖြင့် မိမိ၏ ဝင်လေသော်၎င်း၊ ထွက်လေသော်၎င်း နှာသီးဖျားနှင့်နှုတ်ခမ်းဖျားကို ထိ၍သာလျှင် ဝင်ခြင်း-ထွက်ခြင်းဖြစ်ပေရာ ထိုထိသဘောကိုသတိဖြင့် အမှတ်ပြု၏။ ၎င်းအမှတ်သည် စင်စစ်-

ဖောဋ္ဌဗ္ဗသညာနှင့် ကာယသညာ ၂-ပါးတို့၏ ဆုံခြင်းဖြစ်၍ ပရမတ်သဘောသာ ဖြစ်ပေသည်။ ဤသညာ ၂-ချက်၏ သဘာဝအမှုအယာဖြင့် ထောက်ခံသည်ဖြစ်၍လည်း စိတ် ဝိညာဏ်က လုပ်ကြံယူရသော ကိစ္စမဟုတ်ကြောင်း ထင်ရှားပြီဖြစ်၏။

ထိုဖောဋ္ဌဗ္ဗသညာနှင့် ကာယသညာတို့ ၂-ပါးဆုံမှုဖြစ်သော သတိ(မဟာသတိပဋ္ဌာန်တွင်) (တနည်း) သမ္ပဋိစ္ဆသညာ(ဝိပဿနာတွင်)သည် သညာဝိညာဏ်တွင်ထင်၏။ ဤကဲ့သို့သတိသည် ဝိညာဏ်တွင်ထင်သော် မူလ သညာ ၂-ချက်တို့သည် ချုပ်၏။ သို့သော် ထို ၂-ပါး၏ ပညတ်ရိပ်ကား ရှိရပေမည်ဖြစ်၍ သတိပဋ္ဌာန်အာနာပါန လုပ်ငန်းစဉ်ဖြင့်မှု မိမိ၏အကြည့်၌ ဝင်လေ ထွက်လေသည် အပ်ချည်မျှင်သဏ္ဍာန် ဖလ်ချောင်းသဏ္ဍာန် ပေါ်တတ်၏။ ၎င်းသည်နိမိတ်**အမှန်ဖြစ်၏၊** အခြားသော နိမိတ်တို့ထင်သော် လက်မခံသင့်ပေ၊ အထူးဂရုပြုပါရန်ပင်။

(ဤသဘာဝမှ နေ၍သာလျှင် ရုပ်-နာမ်ကို ကူးရမည်ဖြစ်ပေသည်)

မဟာသတိပဋ္ဌာန်၏ အာနာပါနလုပ်ငန်းစဉ်သည် ပညတ်ရိပ်ကိုမဖမ်း၊ ပရမတ်ရိပ်ကိုသာ အလိုရှိကြောင်း ကြိမ်ဖန်များစွာ နာကြားပြီးပေပြီ။ သို့သော် ဤထွက်လေဝင်လေကို သိမှတ်ရာ၌ နိမိတ်တို့သည် လောကီအာနာပါနနိမိတ်တို့ ပေါ်တတ်သည်ဖြစ်၍ အထူးသတိပြုရန် ဖြစ်ပေသည်။

ဥပမာသော် အဆင်း-အကြည်-အမြင်-အသိ-ဓမ္မ ၄-ချက်ပေါင်းဆုံမှုဖြင့်တခုသောအာရုံ ''မြင်သိ''သည်ဖြစ်၏။

ဤကဲ့သို့ပင်လျှင် ထွက်လေ-ဝင်လေကို ရှုမှတ်နေစဉ် မျက်စိမှိတ်ထားသော်လည်း ဓမ္မ ၄-ချက် ပေါင်းဆုံ၍ (တနည်း)မျက်စိဖွင့်ကြည့်ဘိသကဲ့သို့ အကြည်ဓာတ်တွင် မြင်ရခြင်းသည် ပညတ်နိမိတ်ဖြစ်၏။

၎င်းသည် အခြားမဟုတ်ပေ။ အဆင်းသည်= အတိတ်သညာ၊ အကြည်သည်= အနာဂတ်သညာနှင့် ထို ၂-ပါးဆုံမှု ပစ္စုပ္ပန်သညာတို့မှ အတိတ်သညာသည်= နာမပညတ်၊ အနာဂါတ်သညာသည် သဏ္ဍာနပညတ်နှင့် ပစ္စုပ္ပန်သညာသည်= သမူဟပညတ်တို့ဖြစ်၍ ၎င်းတို့၏ ပေါင်းဆုံမှုမှ သဏ္ဍာန်-အရိပ်-နိမိတ်-လက္ခဏာ စသော ပညတ်ရိပ်တို့ပေါ်ခြင်းပင် ဖြစ်ပေသည်။

**သတိ။** ။ထိုနိမိတ်တို့ပေါ်သော် ထွက်လေ-ဝင်လေကို သိမှတ်ရန် မလိုအပ်ပြီ၊ စိတ်ဝိညာဏ်နှင့် နိမိတ် ငြိကပ်သည်ဖြစ်၍ သိမှတ်မှု မြဲသည်ထက်မြဲရန်သာ ကြိုးစားဘို့ ကိစ္စရှိပေသည်။

(ဤသည်ကား ပထမ တံခါးပေါက်မှ ပညတ်ပေါ်ပုံဖြစ်၏)

သို့သော် ၎င်းပညတ်ရိပ်ဖြင့် ရုပ်-နာမ်ပေါ်၍ မရပေ၊ အဘယ့်ကြောင့်ဟူမူ ပရမတ် ထောက်ခံမှု မရှိသောကြောင့်ပင် ဖြစ်ကြောင်း နာကြားပြီးပေသည်။

၁-၉-၆၇

**သတိ။** ။**ပရမတ်ထောက်ခံသောပညတ်နှင့် ပရမတ်မထောက်ခံသော ပညတ်နှင့် ဗိဋ္ဌနှင့် သုတ သရဏဂုဏ်သဘာဝ**

(၁) ဘုရားရှင်ကိုယ်တော်မြတ်ကြီးတို့၏ ဓာတုစေတီ
(၂) ပစ္စေကဗုဒ္ဓအရှင်မြတ်တို့၏ ဓာတုစေတီ
(၃) ရဟန္တာအရှင်မြတ်တို့၏ ဓာတုစေတီ
(၄) စကြာဝတေးမင်းကြီးတို့၏ အရိုးအိုးစေတီ

အစရှိသော ၄-ပါးသော စေတီတို့ဘည် အများသော ဝေနေယျသတ္တဝါအပေါင်းတို့၏အပူဇော်ကို ခံထိုက်၏။ ကုသိုလ်အကျိုးတရားကိုလည်းပေး၏။ (ဒိဋ္ဌသရဏဂုဏ်၌ဝင်၏)။

သို့ဖြစ်သော် ဆရာသမား အမိအဘတို့သည်လည်းဒိဋ္ဌသရဏဂုဏ်အဖြစ်ဖြင့်စေတီမထိုက် ပြီလောဟု ဆိုရန်ရှိ၏၊ အဖြေကား သက်ဆိုင်ရာ တပည့်-သားသမီးတို့အဘို့ကား ထိုက်၏၊တခြား သော သူတို့၌မထိုက်ပေ။

ထိုနည်းတူစွာ ဘုရားရှင်၏ ရုပ်ပွားတော်တဆူကို စိစစ်သော် ရုပ်ပွားတော်သည်၎င်း၊ ဘုရားဟူသော အမည်သည်၎င်း အမှန်စင်စစ်အတိတ်သညာသဘောသာဖြစ်သည့်ပြင် သ[illegible]တော် ထင်ရှား ရှင်တော်မြတ်ကြီး၏ အသရေတော်ဖြင့်၎င်း၊ ဘုန်းတော် တံခိုးတော်ကံတော် ဉာဏ်တော် အနေဖြင့်၎င်း နှိုင်းစာခြင်းငှါလုံးဝမသင့်သည်သာဖြစ်၏။ သို့သော် ၎င်း ဘုရားစစ်နှင့် ဘာတခုမျှ မတူသော အများသတ်မှတ်သည့် ဤရုပ်ပွားတော်၌ပရမတ်သဘောသည်ထင်ရှားကေန်ထောက်ခံ လျက်ရှိသည် အမှန်ဖြစ်ပေသည်။ ထို့ကြောင့် ထိုထိုသော စေတီ, ပုထိုး, ရုပ်ပွားတော် များကို ကြည်ညိုဖူးမျှော်မှုသည် အမှန်ပင်ကောင်းကျိုးချမ်းသာကို ဖြစ်စေ၏။

ဥပမာအားဖြင့် ရှေ့၌ရှိသော လက်ဘက်ရည်ပန်းကန်ကို တစုံတယောက်ကို သော်၎င်း၊ အများကိုသော်၎င်း ဘုရားဟူသောအမှတ်ဖြင့်အကိုးကွယ်ခိုင်းခဲ့သော် ဖြစ်နိုင်ပါမည်လော မဖြစ် နိုင်ပေ၊ အဘယ့်ကြောင့်ဟူမူ ၎င်း၌ ပရမတ်သဘာဝ ထောက်ခံမှုမရှိသော ပညတ် ဖြစ်နေသော ကြောင့်ဖြစ်ပေရာ လောကတွင် ဤသဘာဝ အဘယ်မျှ ကျယ်ဝန်းပုံနှင့် အကျိုးသက်ရောက်မှု ရှိ ပုံတို့ကို ဉာဏ်ကုန်နှိုက်၍ ကြံဆအပ်လှပါသည်။

(ဤသဘောသည်ကား ဤကဏ္ဍနှင့်ပတ်သက်သော အကျိုးအပြစ် သဘာဝဖြစ်၏)

**သတိ။**　။ဝင်လေ-သည် အဆင်းသညာ၊ ထွက်လေ-သည် အကြည်သညာ ဖြစ်ကြောင်း နာ ကြားပြီးရာ ထိုသညာအမှတ်တို့သည် ဝိညာဏ်၌ဝင်သော် သတိပဋ္ဌာန်ဖြစ်လာသဖြင့်-

ရှင်တော်မြတ်သည် ထိုဝိညာဏ်သေး ၅-လုံးဖြစ်သော-

(၁) စက္ခုသညာ

(၂) သောတသညာ

(၃) ဃာနသညာ

(၄) ဇိဝှာသညာ

(၅) ကာယသညာ-

တို့ကိုပင် သတိဖြစ်သည်ဟု ဆုံးမတော်မူခြင်းဖြစ်ပေသည်။

**ရုပ်-နာမ်-ကူးလိုသော်-**

ပထမပညတ်ရိပ်ကို သုဉ်းဆိတ်အောင်ပြုလုပ်ရမည်ဖြစ်၏၊သို့မှ သာလျှင် ပရမတ် ရုပ်နာမ်ကို တွေ့နိုင်မည်ဖြစ်ပေရာ ထိုထွက်လေ-ဝင်လေတို့သည် စင်ကြယ်သော် သညာအမှတ်က ပေါ်ထွက် သည်ဟု ယူဆပေမည်။ အမှန်သော်ကား- ဝိညာဏ်ရိပ်ရှိ သတိ၏ဗျာပါရဖြင့်ထွက်ခြင်းဖြစ်၏။

၎င်းကို ထင်၍ရှုသော်- သတိ-သဘောကိုတွေ့ရ၏။ ၎င်းသည် စင်စစ် ဦးဏှောက်အိမ်ရှိ သန္တပ္ပနမီးဓာတ်၏ ဓေဒနာသဘောနာမ်ဓာတ်ပင်ဖြစ်ကြောင်း တွေ့ရပေမည်။

**သတိ။** ။ဝိပဿနာတွင်- ရုပ်တရားကိုအရင်ရှာ၏
သတိပဋ္ဌာန်တွင်- နာမ်တရားကိုအရင်ရှာ၏။

**ဋ္ဌာန် ၄-ချက်ဖြင့် ပရမတ်နာမ်ပေါ်ပုံသဘော**

(၁) အဆင်းသညာသည်- လက္ခဏာ

(၂) အကြည်သညာသည်- ရသ

(၃) စက္ခုဝိညာဏ်သညာသည်- ပစ္စုပဋ္ဌာန်

(၄) မနောဝိညာဏ်သညာသည်- ပဒဋ္ဌာန်

တို့ဖြစ်ပေရာ ၌တွင် အဆင်းသညာ= လက္ခဏာ နှင့် အကြည်သညာ= ရသတို့သည် **စင်စစ်အာကာ** သဘော ပညတ်တရားတို့သာဖြစ်၍ မလိုအပ်ပြီ၊ ပစ္စုပဋ္ဌာန်ဖြစ်သော စက္ခုဝိညာဏ်သညာသည် ကား သန္တပ္ပနမီးဓာတ် အခိုးအရှိန်သဘော- ဝေဒနာနာမ်ဓာတ်ဖြစ်ကြောင်း မြင်သိရန်အရေး ကြီးလှပါသည်။

**သတိ။** ။၎င်းဝေဒနာနာမ်ဓာတ်သည် ပဒဋ္ဌာန်ဖြစ်သောမနောဝိညာဏ်သညာ၌''သတိ''အနေ ဖြင့်ကိန်း၏။ ၎င်းတို့သည်ပင်-

(၁) စက္ခုဝိညာဏ်သညာ- ဝေဒနာသဘောနာမ်ဓာတ်သည်= အာရုံ နှင့်

(၂) မနောဝိညာဏ်သညာ- ဝေဒနာသဘော (တနည်း) အာရုံကို ဖမ်းထားခြင်း သဘောသည် = **အာရမ္မဏိက** ဖြစ်၏။

သဘာဝတရားတွင် နာမ်တရားကိုတွေ့က ရုပ်တရားကိုတွေ့နိုင်၍ ရုပ်တရားကိုတွေ့က နာမ် တရားကိုလည်း တွေ့နိုင်ပေရာ-

''ဥပဋ္ဌာနာကရောဂါ- ဖလံဝါ- ပစ္စုပဋ္ဌာနံ''ညာဏ်အား ရှေ့ရှုထင်သော အခြင်းအရာ သည်၎င်း၊ အကျိုးတရားသည်၎င်း ဟူ၍ဖြစ်ရာ- အဆင်းသညာနှင့် အကြည်သညာ (တနည်း) လက္ခဏာနှင့် ရသတို့အား ဖဿရုပ်ကြမ်းတို့ဖြစ်၍ အသွင်ဖြင့်ချေနိုင်၏။ သို့သော် ထို ၂-ပါးဆုံမှ မှသွက်သော ဖဿသည် သိမ်မွေ့သောရုပ်မျိုးဖြစ်သဖြင့် သတိ-နာမ်ဓာတ်တွင်ပါလျက်ရှိ၍ ကြိတ် ချေရန်မလွယ်ကူပေ။

သို့ဖြစ်၍ ပရမတ်ရုပ်တရားသည် ရှေ့ရှုထင်သော သဘောမျှဖြစ်၏။

**သတိ။** ။ဝေဒနာသည်- နာမ်ဓာတ်- ထွက်လေဖြစ်၏။
ဖဿသည်- ရုပ်ဓာတ်- ဝင်လေဖြစ်၏။

ထို့ကြောင့် ဤသတိပဋ္ဌာန်တွင် ဤအာရုံသဘော- ရုပ်—အာရမ္မဏိကသဘော နာမ်တရားတို့သည်-

ရှုအပ်သော တရားကား- ရုပ်

ရှုတတ်သောတရားကား- နာမ်

အဖြစ်ဖြင့် အားထုတ်သူ၏ စိတ်ဝိညာဏ်တွင် အစဉ်ထင်လျက်ရှိတော့၏။

(ဤအညကား- ပထမတံခါးပေါက်မှ ရုပ်နာမ် ပေါ်ပုံသဘာဝဖြစ်၏)

**အာနာပါနတံခါး ၄-ပေါက်နှင့် ဌာန် ၄-ချက်သဘော-**

**(တနည်း) ပရမတ် ရုပ်-နာမ်-ပေါ်ပုံသဘော-**

(၁) ပထမတံခါးပေါက်ဖြစ်သော- နှာသီးဖျားနှင့် နှုတ်ခမ်းဖျားသည်=လက္ခဏာသဘော
(၂) ဒုတိယတံခါးပေါက်ဖြစ်သော ငယ်ထိပ်ဦးကျောက်သည် =ရသ သဘော
(၃) တတိယတံခါးပေါက်ဖြစ်သော နှလုံးအိမ်ရင်ချိုင့်သည် = ပစ္စုပဋ္ဌာန်သဘော
(၄) စတုတ္ထတံခါးပေါက်ဖြစ်သော ချက်တိုင်သည် = ပဒဋ္ဌာန်သဘောဖြစ်ပေရာ-

**သတိ။** ။အထက်၌ ဟောကြားတော်မူပြီးသည့်အတိုင်း သတိ-သည် ဤပစ္စုပဋ္ဌာန် သဘောဖြစ်သော နှလုံးအိမ်ရင်ချိုင့်၌ရှိ၏။ ဝင်လေသည် ပဒဋ္ဌာန်သဘောဖြစ်သော ချက်တိုင်သို့မရောက်၊ ၎င်းနှလုံးအိမ်ရင်ချိုင့်မှာပင် ဖဿသဘော-ပရမတ်ရုပ်အဖြစ်ဖြင့် ထွက်ပေါ်ကြောင်း သဘာဝကိုလည်း ဉာဏ်မိသင့်ပေသည်။

**သတိ။** ။**ပရမတ်နာမ်သဘော**

ထွက်လေသည် ချက်တိုင်ပဒဋ္ဌာန်သဘော ပရိပါစတမီးဓာတ်၏ ကမ္မဇဝါယောသည် ဒုတိယတံခါးပေါက် ငယ် ထိပ် ဦး ကျောက် ရှိ သန္တပ္ပနမီးဓာတ်ရောက်သော် သညာ ၅-လုံးဖြင့်ပေါင်း၍ နှလုံးအိမ်ရှိ သတိ-သည် ဝေဒနာ သဘောဖြင့် မီးပွင့်၏။ (၎င်းသည် ပရမတ်နာမ်ဖြစ်၏)။

သို့ဖြစ်၍ ဝိပဿနာအားဖြင့် **အာရုံသဘော**
သတိပဋ္ဌာန်အာနာပါနအားဖြင့် ရှုအပ်သောသဘော
ပဋိစ္စသမုပ္ပါဒ်အားဖြင့်ဖဿသဘော
ခန္ဓာအားဖြင့် သညက္ခန္ဓာသည် **ပရမတ်ရုပ်** ဖြစ်၍
ဝိပဿနာ**အား**ဖြင့် အာရမ္မဏိကသဘော
သတိပဋ္ဌာန်အာနာပါနအားဖြင့် ရှုတတ်သောသဘော
ပဋိစ္စသမုပ္ပါဒ်အားဖြင့် ဝေဒနာသဘော

ခန္ဓာအားဖြင့် သင်္ခါရက္ခန္ဓာသည် **ပရမတ်နာမ်**ဖြစ်ပေရာ ဤတွင် ရုပ်တရား ပြာကျသော် သညက္ခန္ဓာပေါ်၏။

နာမ်ဘုရားပြာကျသော် သင်္ခါရက္ခန္ဓာပေါ်၏ ဟူသောဆရာတော်ဘုရား၏ ဆိုဆုံးမတော်မူချက်ကိုဉာဏ်မြင်လင်းသည့်တိုင် အထူးရှုအပ်လှပါသည်။

(ထို ၂-ပါးကိုကြိတ်ချေခြင်းအလုပ်သည် ဓမ္မာနုပဿနာသတိပဋ္ဌာန်ဖြစ်၍ချုပ်သော် သောတာပတ္တိမဂ်ကိုရ၏)။


၂-၉-၆၇

''သေယျထာပိ ဘိက္ခဝေ ဒက္ခော ဘမကာရော ဝါ ဘမကာရန္တေဝါသီ ဝါ ဒီဃံ ဝါ အဉ္ဆန္တော ဒီဃံ အဉ္ဆာမီတိ ပဇာနာတိ'' ဟူသောမဟာသတိပဋ္ဌာန်ပါဠိတော်အရပွတ်သမားသည် ၎င်း ပွတ်သမား၏တပည့်သည်၎င်း အရှည်အတိုနည်းဖြင့် ပွတ်ကိုဆွဲဘိသကဲ့သို့ ဟုဆိုဆုံးမတော်မူရာ၌-

ပွတ်သမားဖြင့်ကား = မူလကမ္မဋ္ဌာန်းဆရာအဖြစ်ဖြင့်၎င်း

ပွတ်သမား၏တပည့်ဖြင့်ကား =ပညာစခန်းထပ်၍ထပ်၍ဖွင့်သော ကမ္မဋ္ဌာန်းဆရာဖြစ်သဖြင့် ကမ္မဋ္ဌာန်းတရားမည်သည် ဆရာဖြင့်ကင်း၍ မိမိဘာသာပြုလုပ်အားထုတ်ပြီး ရနိုင်သော လုပ်ငန်း မဟုတ်ပေ။

(ပုံစံအမှတ် ၁၉)




**ပထမတံခါးပေါက်ရှစ်နာမ်ပေါ်ပုံ**

ဥပမာသော် အာနာပါန ကမ္မဋ္ဌာန်း တရားကို အားထုတ်၍ သမာဓိရပြီဟုဆိုလျှင်ပင် သဏ္ဍာန်- အရိပ်- နိမိတ်-လက္ခဏာ စသော ပညတ်နိမိတ်တို့သည် ထင်စမြဲ ဖြစ်၏၊ သို့သော် ၎င်းသဘောကိုလွန်၍ လမ်းမှန် ပေါ်သို့ ရောက်ရန်သည်ကား ဆရာစစ်ဆရာမှန်ထံ၌ လက်ထပ် သင်ယူအားထုတ်မှသာလျှင် ဖြစ်နိုင်ကြောင်း အထူးသတိ ပြုသင့်ပါသည်။

**လေရှည်နည်းနှင့် ပရမတ္ထသစ္စာနယ်သဘော**

မိမိ သိမှတ်လျက်ရှိသော ဝင်လေ- ထွက်လေ သည် ပထမနှာသီးဖျားနှင့် နှုတ်ခမ်းဖျား၌ ပရမတ် နိမိတ် ဖြစ်သည့် အပ်ချည်မျှင်သဏ္ဍာန် ဖလ်ချောင်း သဏ္ဍာန်သည် ထင်၏။

သို့ထင်သော် ဝီရိယစိုက်ထုတ်၍ ၎င်း နိမိတ်ကို ဒုတိယတံခါးဖြစ်သောငယ်ထိပ်ဦးဏှောက်အိမ်အရောက် ဆွဲယူရာ၏။

ရသော် တတိယတံခါးဖြစ်သော နှလုံးအိမ် ရင်ချိုင့် အရောက် ကြိုးစားပြန်ရာ၏။

ထို့နောက် စတုတ္ထ တံခါးဖြစ်သော ချက်တိုင် အရောက်ယူနိုင်သော် အနာပါန တံခါး ၄-ချက်ပွင့်သည် ဖြစ်သဖြင့် ရုပ်-နာမ် ကူးသော အခါတွင် တိဟိဘ်ဥာဏ် ဖြစ်သည့် အတိုင်း (ပစ္စုပဋ္ဌာန်- ပဒဋ္ဌာန်သဘော) ပရမတ္ထသစ္စာနယ် ရုပ်-နာမ်နယ်ကို ကူးနိုင်သည် ဖြစ်ပေသည်။ ဒုတိယတံခါးယယ်ထိပ် ဦးဖျောက်မှ ပရမတ် နိမိတ်ဖြစ်သော သက်တန့်ရောင်ပေါက်၏။

**သတိ၊** ။အချုပ်ဆိုသော်- ဝင်လေ၏ရုပ်သဘော -ဖဿ ထွက်လေ၏ နာမ်သဘော-ဝေဒနာ၊ တို့သည် ချက်တိုင်ရှိ ပရိပါစကမီးဓာတ်နှင့် နှလုံးအိမ်ရင်ချိုင့်ရှိ ဥသမ မီးဓာတ် တို့၌ ပေါ်ထွက်လျက် နေခြင်း သဘောပင်ဖြစ်၏၊

**လေတိုနည်းနှင့် သမုတိသစ္စာနယ်သဘော၊**

မိမိ၏ သိမှတ်လျက်ရှိသော ဝင်လေ-ထွက်လေသည် နှာသီးဖျားနှင့် နှုတ်ခမ်းဖျားနှင့် **ယယ်ထိပ် ဦးဖျောက်**ထိသာရရှိသော် လက္ခဏာနှင့် ရသ သဘောသာရသည် ဖြစ်၍ ရုပ်-နာမ်ကို ကူးသော် သမုတိသစ္စာနယ်-ပညတ်- ရုပ်နာမ်ကိုသာရနိုင်၏။

လက္ခဏာသည်ကား- အာရုံသဘောဖြစ်၍

ရသ သည်ကား - အာရမ္မဏိက သဘောနာမ်ဖြစ်၏။

ဤသဘာဝသည် ပရမတ္ထသစ္စာနယ်မျှလောက် အကျိုးမပြီးသော်လည်း သမုတိသစ္စာနယ် အတွက်မှာမူကား အသုံးပြုတတ်သလောက် အကျိုးရှိပေရာ စီးပွားမရေး-ကြီးပွားရေး- အောင် မြင်ရေးတို့နှင့်တကွ သာသနာပြုလုပ်ငန်းကြီးတို့အတွက် များစွာအထောက်အကူ ဖြစ်စေသဖြင့် အထူးကြိုးစားသင့်လှပါသည်။

တဏှာငါ-မာနငါ- ဒိဋ္ဌိငါ ငါ ၃-ငါ အစရှိသော သက္ကာယဒိဋ္ဌိကြီး တန်းလန်းဖြင့် သံသရာ့စက်ရဟတ်တွင် ကြဉ်လည်ကြရကုန်သော ဖြဟ္မာမင်းကြီးတို့မှာလည်း ဥက္ကောင်းမီးလောင် သည့်သဘွယ်ဖြစ်၍ လူ-နတ်တို့မှာမူ ရင်ဝလှံစူးသည့်သဘွယ် ကြီးလှစွာသော ဝဋ်ဒုက္ခ ဖြင့်သာ ခံစားလျက် ရှိကြရပုံကိုမြင်သော ငါဘုရားသည် ထိုထိုသောဘဝတို့၌ ဖြစ်ကြရခြင်းကို မချိမွမ်းဟု အပြစ်ဒေါသကို ဖော်ပြတော်မူ၍ လျှောက်ထား လာသော ဗြဟ္မာမင်းကြီးအား ရှင်တော်မြတ် ဆုံးမတော်မူပေရာ-

၎င်း လောင်သောမီး၊ စူးသောလှံနှင့်တူသော သက္ကာယဒိဋ္ဌိကြီးကို ပယ်နုတ်နိုင်ရန်ပရမတ် ရုပ်-နာမ်မှတဆင့် အနတ္တဓာတ်ကို တွေ့အောင်ရှာရပေမည်။ တွေ့သော် ကလျာဏပုဂ္ဂိုလ် အဖြစ် ဖြင့် ဤဘေးဆိုးကြီး ၂-ချက်မှလွတ်ခါ သံသရာဝဲသြဃတွင် ထောက်ရာ-တည်ရာ- သက်သာရာကို **ရမည်**အမှန်ဖြစ်ပေသည်။

**သတိ။** ။**ရုပ်-နာမ်တွင်-**

ဒွါရ ၅-ပေါက်ဖြင့် ဖမ်း၍ရသော ရုပ်-နာမ် နှင့် မနောပေါက်ဖြင့် ဖမ်း၍ ရသော ရုပ်-နာမ်ဟူ၍ ၂-မျိုးရှိ၏။ ကဖန်အဆင်းခေါ် ရူပါရုံခေါ် ဝဏ္ဏဓာတ်သည်လည်း-
ဝဏ္ဏ = သည် ရုပ် ၈-ပါး၌ရှိသော အဆင်း ဖြစ်၍-

ဝဏ္ဏာ-ယတန= သည် မျက်စိအကြည်ကဆွဲယူသော အဆင်းဟူ၍ ၂-မျိုး ပြားပုံ ကိုလည်း သတိပြုရန် ဖြစ်ပါသည်။

ထို့ကြောင့် လက်ဘက်ရည်ပန်းကန်ကိုမြင်၍ ပြောနိုင်သော အဆင်းနှင့် အကြည် တို့၏ ပေါင်းဆုံမှုသည်-

အဆင်းသန့်သန့်ကား ရူပါရုံ(တနည်း) ဝဏ္ဏဖြစ်၍ အကြည်က ဆွဲယူသော အခါတွင် ရူပါယတန (တနည်း) ဝဏ္ဏာယတန ဖြစ်ပေရာ သတိပဋ္ဌာန်အာနာပါန လုပ်ငန်းစဉ်ဖြင့် သော် ၎င်းသည် ပရမတ်မဟုတ်သေး၍ အကျိုးမကြီးလှပေ။

မနောဝိညာဏ်ကြီးတွင် အစဉ်ကိန်းလျက်ရှိသော အတိတ်၏ သညာအမှတ်ဟောင်းသည် တခုသော အာရုံနှင့် တွေ့သော် ထွက်၍ဆွဲတတ်သည် ဖြစ်သဖြင့်သတိပဋ္ဌာန်က၎င်းမနောဝိညာဏ် နှင့် ဓမ္မာရုံတို့၏ ပေါင်းဆုံမှုသဘော သတိကိုသာ အလိုရှိပေသည်။ ၎င်းသဘာဝကို အမိဖမ်းယူ နိုင်သော်-

အဆွဲခံသဘောသည် = ပရမတ်ရုပ်

ဆွဲသည့် သဘောကား= ပရမတ်နာမ်

အဖြစ်ဖြင့် ပေါ်ထွက်မည်ဖြစ်၍ ဤပရမတ် ရုပ်-နာမ် သဘာဝကို မရ မနေ အမိဖမ်းယူနိုင်သင့် ပါသည်။

၄-၉-၆၇

ယခုရှေ့၌ရှိသော လက်ဘက်ရည်ပန်းကန်ကို ကြည့်သော် မြင်၏၊ ဘာကိုမြင်ရသနည်း ဟု အမေးပြုသော်- ဘာ့ကြောင့်မြင်ရသနည်းဟု အမေးပြုသော် အဆင်းကိုအကြည်က ဆွဲယူခြင်း ကြောင့်မြင်ရပါသည်ဟု ဖြေကြပေမည်။

အထူးသတိပြုထိုက်သည်မှာ ဤအာနာပါန နာမရူပ ပရိစ္ဆေဒ ဉာဏ်၏ ရုပ်-နာမ် သည် အလွန်တရာပင် သိမ်မွေ့လှသည့်ပြင် အသန့်ရှင်း အစင်ကြယ်ဆုံး သဘာဝဖြစ်၍လည်း သာမန်မျှ အားမဟုတ်ရာ ရှိသမျှ အားလုံ့လ တို့ကို အသုံးပြုရမည်ဖြစ်၏။

အထက်၌ ဖြေဆိုသော အဆင်းကို အကြည်ကဆွဲ၍ မြင်ရပါသည်ဟုဆိုသော် ထပ်၍ရှုသင့် သည်မှာ-

အဆင်းကို အကြည်က ဘာကိုဆွဲသနည်းဟူသောသဘာဝပင်ဖြစ်၏။ ဤ၌သညာဝိညာဏ် တို့ မယှဉ်မီကာလဖြစ်၍ အဆင်းဟု မပြောထိုက်,

တဖန် - နာမနှင့် သဏ္ဌာန်ဟူ၍လည်း မပြောထိုက်

တဖန် - ပေါ်သဘော(တနည်း) ညာဏ်အား ရှေ့ရှုထင်ခြင်း သဘောမျှသာ ဟူသည် လည်း လက်မဲ့ကြောင်းသာဖြစ်၍ မှားပင်မမှားသော်လည်း ကျေနပ်ဘွယ်မရှိသေးပေ။

**သတိ။** ။ဝိညာဏ်ကြီးသည် တခုသောအာရုံကို ခံစားလိုသော် အာရုံတည်းဟူသော အဆင်း (တနည်း) ရုပ်ဓာတ်ကို တိုက်ရိုက်မခံစားနိုင်ကြောင်း နားကြားပြီး၏။ သို့ဖြစ်၍ ပထမ မိမိမှီနိုင်သော အကြည်ဓာတ်ကို ဆက်သွယ်စေခြင်းဖြစ်ပေရာ-

အဆင်း၌ပစ္စုပ္ပန်သညာရှိသည့်နည်းတူ အကြည်၌လည်း ၎င်းပစ္စုပ္ပန်သညာရှိ၏။ ၎င်း ပစ္စုပ္ပန်သညာ ၂-လုံး ပေါ်မှသာလျှင် ပေါင်းဆုံသည်ဟုဆိုရ၏။

တဖန် အဆင်းဓာတ်သည် ကြမ်း၍ အကြည် ဓာတ်ကား နုနယ်ပေရာ ၎င်း ၂-ပါး တို့ တိုက်ခိုက်သော် နုနယ်သော အကြည်ဓာတ်နာ၏။ ဤကဲ့သို့ နာခြင်းသည်ပင် အကြည်ဓာတ်၌ ကိန်းသော ငယ်ထိပ်ဦးဏှောက်အိမ်၏ သန္ဓပ္ပသုမ်းဓာတ် ပွင့်သည်ဖြစ်၍ နာမ်သဘော ဝေဒနာ ပေါ်ရခြင်း ဖြစ်ပေသည်။

**သတိ။** ။**သို့ဖြစ်၍ရုပ်-နာမ် ခွဲသော်**

အာရမ္မဏိကသဘော ခံစားသော ဝေဒနာသည် **ပရမတ်နာမ်ဖြစ်၍** အဆင်း၏ ပစ္စုပ္ပန် သညာရုပ်(တနည်း)အကြည်ဓာတ်၏အဆွဲခံရသော(တနည်း)အဆင်းသညာ အကြည်သညာ-၂-ပါးဆုံသညာ ၃-ပါးပေါင်း ဖဿသဘော(တနည်း)နာမ်တရားတို့ ပေါင်းစုခြင်းမျှဖြစ်သော သဘောသည်**ပရမတ်ရုပ် ဖြစ်၏။**

(ဤသည်တို့ကား မဟာသတိပဋ္ဌာန် အာနာပါန နာမရူပ ပရိစ္ဆေဒ ဉာဏ်၏ ရုပ်-နာမ် ပေါ်ပုံ ဖြစ်၏။)

ရှေ့ကဏ္ဍများတွင် ထို့ထက်သိမ်မွေ့သော ရုပ်တရား-နာမ်တရား တို့ဖြင့် ရင်ဆိုင် ရမည် ဖြစ်၍ ယခုမှစပြီး ညက်ညက်ကျေအောင် ချေထားသင့်လှပါသည်။

ဤမဟာသတိပဋ္ဌာန် အာနာပါန ပထမတံခါးပေါက်ဖြစ်သော နှာသီးဖျားနှင့် နှုတ်ခမ်း ဖျားမှ ပေါ်ထွက်သော ရုပ်-နာမ်ကိုမိသော် ကလျာဏဘုမ္မိသို့ ဆိုက်ရောက်သည်ဖြစ်၍ အကျိုးကြီး သည်နှင့်အမျှ အလွန်လည်း သိမ်မွေ့လှသဖြင့် ပေါ့ပေါ့ဆဆ မယူသင့်ပေ။ ယခုကဏ္ဍမှ စ၍ မကြိတ်ကျေသော် ရှေ့စခန်းတွင် အခက်တွေ့မည် အမှန်ဖြစ်ပေသည်။

**သတိ။** ။**ရုပ်-နာမ် ဖော်ပုံတနည်း**

မည်သည့်သဘောတရားကိုမဟူ သာသနာ ပြုတော်မူကြသော ရဟန္တာ အရှင်မြတ် ကြီးတို့သည် ဋ္ဌာန် ၄-ချက်ဖြင့်သာလျှင် ညှိ၍ဖွင့်တော်မူကြမြဲဖြစ်ပေသည်။

ထိုနည်းတူစွာ ဓမ္မ ၄-ချက်ဖြစ်သောအဆင်း-အကြည်-အမြင်-အသိကိုလည်းဋ္ဌာန်၄-ချက် ဖြင့် နောက်ကဏ္ဍများ၌ ကြိမ်ဖန်များစွာချေခဲ့၏။ ဤတွင်-

အဆင်းသည် = လက္ခဏသဘော-

အကြည်သည် = ရသ သဘောတို့ ဖြစ်ပေရာ-
ပစ္စုပ္ပန်သဘော = အမြင်
ပဒဋ္ဌာန်သဘော = အသိ ၂-ပါးတို့သည်
အဆင်း = လက္ခဏသဘော
အကြည် = ရသ သဘောတို့၌ ပါရှိပုံကို သုံးသပ် နိုင်စေရမည်
ဖြစ်၏။

တဖန် = အဆင်းသည် အာရုံသဘော ရုပ်ဖြစ်၍ အကြည်သည် အာရမ္မဏိက သဘော နာမ်ဖြစ်သည် ဆိုခြင်းမှာ ဗဟုသုတ ရှိရုံမျှဖြင့် ပြောနိုင်ပေသည်၊ ဤကမ္မာအတွက် ဤအသိ မျှလောက်နှင့် အကျိုးမပြီးပေ။

**သတိ။** ။သို့ဖြစ်၍ အထက်ဟောစဉ်ကို ပြန်လည်သုံးသပ်သော် လက်ဘက်ရည်ပန်းကန် တည်း ဟူသော အဆင်းကို အကြည်ကဘာကိုဆွဲယူသနည်းဟူသော အမေးပုစ္ဆာတွင် အဆင်း အကြည် ၂-ပါးဆုံတို့၏ ပစ္စုပ္ပန်သညာ ၃-လုံးတို့၏ အမူအယာသည်ပင်-

ပစ္စုပ္ပန် ဆတ်ဆတ် ပေါ်သဘောဖြစ်ကြောင်း နာကြားပြီး၏။ ပစ္စုပ္ပန်ဆတ်ဆတ်ဆိုသည်မှာ ပညတ်ကင်းစင်သော ပရမတ် သဘောဖြစ်၏။


၎င်း ၂-ပါးတို့ ပေါင်းဆုံပြီးမှသာလျှင် သညာဝိညာဏ်ဖြင့် ဆွဲယူသော သူ-ငါ-ယောကျာ်း-မိန်းမ သည်ဖြင့် ပညတ်တင်၍ ပြောဆိုရခြင်း ဖြစ်ပေသည်။

အကြည်ဓာတ်များတွင် သန္တပ္ပနမီးဓာတ်ရှိရာ ၎င်းတို့ မီးပွင့်ခြင်းကို ခံစားသည့် ဝေဒနာ ပေါ်သည်ဟုဆိုရ၏။ ထိုနောက်မှ ဝိညာဏ်ကြီးက ကောင်း-မကောင်းဟုခံစားခြင်း ဖြစ်သည်တွင်—

**ရုပ်-နာမ် ပေါ်သောအခါ၌-**

အဆင်းက ပေါ်ထွက်သောသညာသည် - ရုပ်သဘော
အကြည်က ပေါ်ထွက်သောသညာသည် - နာမ်သဘော
ဖြစ်၍ သန္တပ္ပနမီးဓာတ်ပွင့်ခြင်း ဖသ သဘောသည် = ပစ္စုပဋ္ဌာန်နှင့် ကောင်း-မကောင်း ခံစား သော ဝေဒနာသဘော ဝိညာဏ်သည်ကား = ပဒဋ္ဌာန် ဖြစ်၏။

**(ဤ၌တွင် မဟာသတိပဋ္ဌာန် အာနာပါန ပထမတံခါးပေါက် ဒဟာမီးဓာတ် နာမရူပ ပရိစ္ဆေဒဉာဏ်အပိုင်း ပြီး၏)**



အာနာပါန ဒုတိယတံခါးနေပုံ

ယခုမဟာသတိပဋ္ဌာန် အာနာပါန ၏ ဒုတိယ တံခါး ပေါက်ဖြစ်သော ငယ်ထိပ်ဦးခေါင်ကျောက်ရှိ သန္တပ္ပနမီးဓာတ်ကို ဖွင့်ရန်ဖြစ်ပေသည်။

ဤမီးဓာတ်သည် အပြုသဘောနှင့် အဖျက်သဘောဟူ၍ ၂-မျိုးရှိ၏။

အဖျက်သဘောမှာ သတ္တဝါတို့တွင် ဓာတ်သဘာဝတို့ မညီညွတ်၍ ဖျားခြင်း-နာခြင်း စသည့် ပြင်းစွာ ပူလောင်ခြင်း ဖြစ်၏။

အပြုသဘောမှာ ချက်တိုင်၏ ပရိပါစက မီးဓာတ်နှင့် နှလုံးအိမ် ရင်ချိုင့်၏ ဥသမမီးဓာတ် ၂-ပါးကို ဆက်စပ်ပေးခြင်း ဖြစ်ပေရာ ပုံစံ အမှတ် ၂၀-သည် အပြုသဘော သန္တပ္ပန မီးဓာတ် ဖြစ်၏။

ဤမီးဓာတ်သည် အရေးကြီးသော မီးဓာတ် ဖြစ်၏။ လောကီ လောကုတ် လိုက်စားအားထုတ်သော ပုဂ္ဂိုလ်တို့သည် ဤမီးဓာတ်ကို အလိုရှိ၍ဖြစ်၏။ ထို့ပြင် မီးဓာတ်၄-ပါးဖြစ်သော ပရိပါစက-ဥသမ-သန္တပ္ပနနှင့် ဒဟမီးဓာတ်များကို ကျောက်နဂါးဓာတ်ဟု ပေါက်ရောက်တော်မူကြသော ရှေးပညာရှိ သူတော်ကောင်းတို့ သမုတ်တော်မူခြင်းဖြစ်၏။ ရဟန္တာ အရှင်မြတ်တို့သည် ဤမီးဓာတ် ၄-ပါးပေါက်ရောက်တော်မူကြသော ပုဂ္ဂိုလ်မြတ်တို့ဖြစ်၏။

ဤတွင် သန္တပ္ပနမီးဓာတ်သည် ကျောက်နဂါး၏ = ဦးခေါင်း
ဥသမမီးဓာတ်သည် ကျောက်နဂါး၏ = ကိုယ်
ပရိပါစကမီးဓာတ်သည်ကျောက်နဂါး၏ = အမြီး

ဖြစ်သဖြင့် ခေါင်းဖြစ်သော ဤသန္တပ္ပနမီးဓာတ် အဘယ်မျှအရေးကြီးကြောင်း သိသင့်လှပါသည်။

ယခု ပထမ တံခါးပေါက်ဖြစ်သော နှာသီးဖျားနှင့် နှုတ်ခမ်းဖျား၏ဒဟမီးဓာတ်ကိုပေါက်ရောက်ပြီးသော အကြင်ကလျာဏပုဂ္ဂိုလ်သည် ဝင်လေ ထွက်လေ၊ အမှတ်ဖြင့် ပင်လျှင် ဒုတိယ တံခါးပေါက်၏ သန္တပ္ပနမီးဓာတ်ကိုဖွင့်ရန်ဖြစ်ပေရာ အမှတ်ကောင်း၍ အချိန်သင့်သောအခါတွင် ထိုမီးဓာတ်ကို တွေ့မည်ရှိသော် သညာန် အရိပ် နိမိတ် လက္ခဏာစသော ပညတ် နိမိတ်တို့ ပထမ ပေါ်ရမြဲဖြစ်၏။

ဤတွင်သညာန်သည် ပညတ်သညာန်နှင့် ပရမတ် သညာန်ဟူ၍ ၂-မျိုးပြားရာ၌-

(၁) ပညတ်သညာန် = သည် အတို၊ အရှည်၊ အပု၊ အဝိုင်း၊ အလုံး၊ အခုံး၊ အတဲ့၊ အရွဲ့ အစောင်းစသော ပုံဟန်သညာန်အမျိုးမျိုးတို့ဖြစ်ပေသည်။ ဥပမာသော်-အတိုဟု ဆိုရသည်မှာ အရှည်ကိုထောက်၍၎င်း၊ အရှည်ဟုဆိုရသည်မှာလည်း အတိုကိုထောက်၍သာလျှင် ပြောရခြင်းဖြစ်ကြောင်းကြံတင်၍သိမှတ်သင့်ပါသည်။

(၂) ပရမတ်သဏ္ဌာန် = ပညတ်ကင်းစင်သော တည်ခြင်းသဘောဖြစ်၏။ မိမိအားထုတ်လျက်ရှိသော ဝင်လေ ထွက်လေသည် မီးခဲတ်ပင် ဖြစ်ပေရာ အားထုတ်ပါ များသော်၎င်း သဏ္ဌာန်သည်(တနည်း) မီးခဲတ်သည် အကြည်၌ထင်တော့၏။ (တနည်း)တည်တော့၏။မိမိလိုရာသို့ပြောင်းရွှေ့၍ရသဖြင့်လည်းတည်သဘောမည်၏။

ဘုရားရှင် ကိုယ်တော်မြတ်ကြီးတို့နှင့်တကွ အားလုံးသော ရဟန္တာ အရှင် တို့သည် ဤကျောက်နဂါးမီးခဲတ်ကြီးကို အပြီးတိုင်ပေါက်ရောက်တော်မူကြ၍ လောကီ လောကုတ် ၂-ဖြာသောအကျိုးတရားကြီးတို့ဖြင့် ဘုန်းကြက်သရေ တင့်တယ်တော်မူကြပေသည်။

**အာနာပါန ဒုတိယတံခါးပေါက် ငယ်ထိပ်ဦးကျောက်**
**သန္တပ္ပနမီးခဲတ်ကို ဖွင့်ပုံသဘော**

မိမိ ရှုမှတ်လျက်ရှိသော ဝင်လေ ထွက်လေ၏ မှတ်စိတ်သည် ယခု ငယ်ထိပ် ဦးကျောက်တွင်ထားနိုင်စေရမည်ဖြစ်၏၊ တခြား၌မထားရပေ၊ ဤသို့ဖြင့် မှတ်ချက် အချိုး ကျ လာသော် အပ်ချည်မျှင်ပမာ၊ ဖလ်ချောင်းပမာ လေကြောင်းနိမိတ်သည် နှာသီးဖျားမှတဆင့် ငယ်ထိပ်ဦးကျောက်တွင်ထင်မည်ဖြစ်၏။

ထိုလေကြောင်း နိမိတ်ကို သဏ္ဌာန်၊ အရိပ်၊ နိမိတ်၊ လက္ခဏာစသောနိမိတ် ၄- ချက်ဖြင့် ကွဲအောင်ရှုရမည်ဖြစ်ပေသည်။

**(ဆရာတော်ဘုရား အထူးမကျန်းမာတော်မူ၍ နေ့-ည-တရားများကို ၆-၉-၆၇ နေ့မှစ၍ ၁၁-၉-၆၇ နေ့တိုင် ၆-ရက်တရားနားတော်မူသည်။)**

**(ညတရားမှာ ၆-၉-၆၇ နေ့မှစ၍ ၃-၁၀-၆၇ နေ့တိုင် ၂၈-ည နားတော်မူသည်)**

**(၁၂-၉-၆၇)**

နေ့-- ၅-၉-၆၇ ရက်နေ့ ဟောစဉ်ကို ပြန်၍ ကောက်သော် ယခုဒုတိယတံခါးပေါက်၏ သန္တပ္ပနမီးခဲတ်သည် ပထမတံခါးပေါက်၏ ဒဟမီးခဲတ်ထက် ပိုမို၍ သိမ်မွေ့သည့်နည်းတူ အလွန်လည်းအရေးကြီးသော မီးခဲတ်ဖြစ်သဖြင့် အထူးသတိပြု ကြိုးစားရန် ဖြစ်ပေသည်။ ဤတံခါးပေါက်ပွင့်သော် ကျန်တံခါးပေါက် မီးခဲတ်ကြီးတို့ကို ဖွင့်ရန် ခက်ခဲ လှတော့သည်မဟုတ်ပေ။

**သတိ**၊ ။ဤကဲ့သို့ မိမိရှုမှတ်လျက် ရှိသော ငယ်ထိပ်ဦးကျောက်၏ ဝင်လေ ထွက်လေ ဖြင့် ၎င်း သန္တပ္ပနမီးခဲတ်ကိုဖွင့်ရာ၌ ဒွိဟိတ်အတွေ့နှင့် တိဟိတ်အတွေ့ဟူ၍ ၂-မျိုးရှိ၏။

ဝင်လေ ထွက်လေ၏ လေကြောင်းနိမိတ်သည် အပ်ချည်မျှင် သဏ္ဌာန် ဖလ်ချောင်း သဏ္ဌာန်မှတဆင့်(သဏ္ဌာန်၊ အရိပ်၊ နိမိတ်၊ လက္ခဏာ)တို့ထင်မြင်သော် ဒွိဟိတ် အတွေ့ဖြစ်၍ ၎င်းကို ပထမရ ယူရန်ဖြစ်၏။

ထိုမှတဖန်-တဆင့်တက်၍ကြိုးစားအားထုတ်သော်-သက်တန့်ရောင်နိမိတ်ထင်မြင် ပြီးလျှင် ပရမတ်ရုပ်နာမ်ကိုကူးနိုင်သော်- တိဟိတ်အတွေ့ဖြစ်၏။

**နိမိတ် ၄-ချက်သဘာဝ**

(၁) သဏ္ဍာန် = ၎င်းသည် ပညတ်ရုပ်သဏ္ဍာန်ဖြစ်သော အတို၊ အရှည်၊ အပု၊ အဝိုင်း၊ စသော ပုံဟန်သဏ္ဍာန်ဘ့်ဖြစ်၍ အကျိုးမကြီးလှပေ။ နာမ်(တနည်း)ပရမတ်သဏ္ဍာန် ဖြစ်သော အကြည်၌ ကြေးမုံပြင်တွင်ထင်သော အရိပ်ကဲ့သို့တည်ငြိမ်သောအရိပ်ဖြစ်၏။ ပထမတံခါးပေါက်ဖြစ်သောနာသီးဖျားနှင့် နှုတ်ခမ်းဖျား၌ထင်သောအရိပ်ကဲ့သို့ လှုပ်ရှားမှုမရှိတော့ပေ။

(၂) အရိပ် = ၎င်းသည် အကြည်၌ထင်သော ကမ္မဋ္ဌာန်းအဆင်းနိမိတ်ဖြစ်၏။ ၎င်းသည် လည်း ပထမတံခါးပေါက်ဖြစ်သော နာသီးဖျားနှင့် နှုတ်ခမ်းဖျားမှာကဲ့သို့ အကြည်ကသညာ ဝိညာဏ်ဖြင့် သွား၍ဆွဲယူရသော အဆင်းသဏ္ဍာန်မဟုတ်ပေ၊ ပရမတ်ရိပ်ဖြစ်၏။

(၃) နိမိတ် = ၎င်းသည် အကြောင်းတရားဖြစ်၏။ အဆင်းနှင့် အကြည်တို့ ဆုံရာတွင် သညာဝိညာဏ်၌ သညာသဘော(တနည်း)ဝိညာဏ်သေးကိုနိမိတ်ဟုခေါ်၏။ အဆင်းအားအကြည် က ဆွဲကိုင်သည် ဆိုရာ၌ အကြည် သန့်သန့်ဖြင့် မဆွဲယူနိုင် သညာက ဆွဲနိုင်း၍သာလျှင် ဖြစ် ကြောင်းကိုသတိမူရာ၏။

(၄) လက္ခဏာ = ၎င်းသည် မှတ်ကြောင်းသဘောဖြစ်၏။ ပညတ်နှင့်တကွတင်၍ အာရုံ ကိုဆွဲယူဆုံးဖြတ်နိုင်သော အသိသဘောဝိညာဏ်ဖြစ်၏။

သို့ဖြစ်၍အာနာပါနတရားကိုအားထုတ်ရာတွင် အပ်ချည်မျှင်သဏ္ဍာန်ဖလ်ချောင်း ပညတ် နိမိတ်မျှလောက်ဖြင့် မတင်းတိမ်မူ၍ နိမိတ် ၄-ချက်ထင်အောင်ပထမ အဆင့်အနေဖြင့် အရကြိုး စားပြီးလျှင် ပရမတ်ရုပ် နာမ်တရားကိုတွေ့နိုင်ရန် ဤ ဒုတိယတံခါး သန္တပ္ပနမီးဓာတ် ကြီးကိုဖွင့် နိုင်စေရာ၏။ သို့မှသာလျှင် လောကီ လောကုတ် ၂-ဖြာသောအကျိုးတရားများဖြင့်အတူသာသနာ့ အကျိုးစီးပွားတို့တို့ သယ်ပိုးဆောင်ရွက်နိုင်မည်ဖြစ်ပေသည်။

(၁၃-၉-၆၇)

ဤအာနာပါနလုပ်ငန်းစဉ်ကိုအားထုတ်ရာ၌-

စကားပြောခြင်း
အစားအစာကြူးခြင်း
အအိပ်အနေကြူးခြင်း
အပေါင်းအသင်းများခြင်း
အပျင်းအရိထူခြင်း

အစရှိသောအလေ့အကျင့်တို့မှ ကောင်းစွာလွတ်ကင်းပါမှ အောင်မြင်နိုင်သော ကိစ္စကြီးဖြစ် ကြောင်းအထူးသတိပြုသင့်ပါသည်။

ယနေ့ဟောစဉ်တွင် သညာဉ်၊ အရိပ်၊ နိမိတ်၊လက္ခဏာ ၄-ချက်ကို နာကြားပြီးဖြစ်ပေရာ ယနေ့အဆင်း၊ အကြည်၊ အမြင်၊ အသိ သဘော ၄-ချက်ကိုဟောတော်မူ၏။

(၁) အဆင်း = သည် သဏ္ဌာန်ပင်ဖြစ်ရာ ရုပ်၌ရှိသော(ရုပ်သဘော- အဆင်းသဏ္ဌာန်နှင့်၅-ပေါက်သောအကြည်ဓာတ်တို့၌ထင်နေသောနာမ်သဘောအဆင်းသဏ္ဌာန်ဟူ၍၂-မျိုးရှိ၏)။

(၂) အကြည် = ၎င်း၌အရိပ် ၃—ချက်ရှိ၏။ ဥပမာအားဖြင့် မိမိသည် မှန်ရှေ့တွင်ရပ်သော်-လူရိပ် မှန်၏အကြည်ရိပ် မှန်၌ပေါ်သောအသွင်ရိပ်တို့ဖြစ်၏။

(၃)နှင့်(၄) = အမြင်-အသိ = တို့ကားသိပြီးဖြစ်၏။

သို့ဖြစ်၍ မိမိအားထုတ်၍ရသော လေကြောင်း နိမိတ်ဖြစ်သော အပ်ချည်မျှင်သဏ္ဌာန် ဖလ်ချောင်းသဏ္ဌာန်တို့ကို ယခုဖော်ပြပါနိမိတ် ၄-ချက်ဖြင့် ခွဲစိပ်ရမည်ဖြစ်၏။ သို့မှသာလျှင် ရုပ်နာမ်သို့ဖြောင့်တန်းစွာကူးနိုင်မည်ဖြစ်ပေသည်။

၁၄-၉-၆၇

## (၁) ဦးနှောက်အိမ်မီးဓာတ်မှသဏ္ဌာန်ပေါ်ထွက်ပုံ

သဏ္ဌာန်သည် ၃-မျိုးရှိ၏။

(၁) အပြာရောင်မီးဓာတ်

(၂) အဝါရင့်ရောင်မီးဓာတ်

(၃) အဝါနုရောင်မီးဓာတ်-တို့ဖြစ်၏။

၎င်းအရောင် ၃-ပါးတို့သည် ဦးနှောက်အိမ်မှ တရောင်စီပြောင်း၍ဖြစ်စေ၊ သို့မဟုတ် ၃-ပါးစုံရောနှော၍ဖြစ်စေ၊ထွက်ပေါ်လာခြင်းသည် ထွက်လေ- ဝင်လေ၏သဏ္ဌာန်ပညတ်ဟုခေါ်သည်။

အပြာရောင်မီးဓာတ်ဆိုသည်မှာ သန္တပ္ပနတေဇောမှ ထွက်လာသော မီးဓာတ်ကိုယူ
အဝါရင့်ရောင် မီးဓာတ်ဆိုသည်မှာ- ဥသမတေဇောမှထွက်လာသော မီးဓာတ်ကိုယူ
အဝါနုရောင် မီးဓာတ်ဆိုသည်မှာ- ပရိပါစကတေဇောမှထွက်လာသော မီးဓာတ်ကိုယူ

(၂) အရိပ် = အရိပ်ဆိုသည်မှာ မျက်စိ-နား-နှာ-လျှာ-ကိုယ် ဟု ဆိုအပ်သော ၅-ပါးသော အကြည်ဓာတ်တို့၏ ဦးနှောက်အိမ်၌ ထွက်ပေါ်ပွင့်မြူးနေခြင်းကို အရိပ်ဟုခေါ်သည်။

အရိပ်နှင့်သဏ္ဌာန် ဆက်ဆံပုံ = ဦးနှောက်အိမ်ဟုဆိုအပ်သော အကြည်ရိပ်ကြီးတွင်ယခင်က ပြဆိုခဲ့သော သဏ္ဌာန် ၃-မျိုးလေကြောင်း နိမိတ်ဖြင့်အဝင်အထွက် ပြနေခြင်းကို ခေါ်သည်။

(၃) နိမိတ် = ဆိုသည်မှာ ဦးကျောက်အိမ်တွင် တည်ရှိနေသော သန္တပ္ပနမီးခဲတက်ကို နိမိတ်ဟုခေါ်သည်။ ထိုမီးခဲတ်သည်ထွက်လေ-ဝင်လေ ၂-ပါး၌ ပစ္စယအကြောင်း အဖြစ်ဖြင့်ငင်း၊ ဟေတုအဖြစ်ဖြင့်ငင်း ကျေးဇူးပြုလျက် အစဉ်စောင့်ရှောက်နေသည်။

အားထုတ်သော ယောဂီပုဂ္ဂိုလ်တို့သည် နိမိတ်ထင်လာပုံမှာ မိမိ၏ ဦးကျောက်အိမ်သည် ရှေးဦးစွာအကြည်ခဲတ် ဖြစ်ပေါ်လာလိမ့်မည်။ ထိုအကြည်ခဲတ်မှ သန္တပ္ပနမီးခဲတ်အရောင် ၅-မျိုးတို့သည် တပါးစီဖြစ်စေ၊ သို့မဟုတ် ပေါင်း၍ဖြစ်စေပေါ်ထွက်လာပြီးလျှင် အကြည်ရိပ်ကြီးတို့ အစဉ်ပွင့်မြူးလျက်နေ၏။ ဤမီးခဲက်တို့ပင်လျှင် သဏ္ဍာန်အရိပ်အဖြစ်သို့ ဆွဲဆောင်၍ ထွက်လေ-ဝင်လေ ၂-ပါးကို ပြုပြင်ဖန်ဆင်းကြလေသည်။

**အရောင်ခဲတ် ၅-မျိုးဟူသည်မှာ-**

(၁) အဖြူရောင်
(၂) အနီရောင်
(၃) အဝါနုရောင်
(၄) အညိုရောင်
(၅) စိမ်းပြာရောင်တို့ဖြစ်၏။


(၄) လက္ခဏာဆိုသည်မှာ ထို သဏ္ဍာန်-အရိပ်-နိမိတ်-တို့၏ ပြည့်စုံ ညီညွတ်သဖြင့် အားထုတ်သော ပုဂ္ဂိုလ်၏ မနောဝိညာဏ်အသိရိပ်၌ ၃-ပါးစုံပွင့်မြူးပေါ်ထွက်နေခြင်းကို လက္ခဏာဟုခေါ်သည်။

လက္ခဏာဆိုသည်မှာ -ပြည့်စုံခြင်းသဘောဖြစ်သည်။

**သတိ**။ ။အချုပ်ဆိုသော်- မိမိ၏ခလကြောင်းနိမိတ်၌ သဏ္ဍာန်တည်းဟူသောပစ္စုပ္ပန်အဆင်းသညာ- အရိပ်တည်းဟူသော ပစ္စုပ္ပန်အကြည်သညာ-နိမိတ်တည်းဟူသော ပစ္စုပ္ပန်အမြင်သညာစသည့် ပစ္စုပ္ပန်သညာ ၃-လုံးအဖြစ်ဖြင့် ပေါင်းဆုံမှုပင်ဖြစ်၏။

ဤကဲ့သို့ ရှုဆင်ခြင်၍ နေခြင်းသည်ပင်လျှင် စိတ္တာနုပဿနာဖြစ်သဖြင့် ဒိဋ္ဌိကိလေသာတရားယုတ်တို့မှ ကင်းဆိတ်သည်ဖြစ်၏။

(ပုံစံအမှတ် ၂၀) ၁၅-၉-၆၇




ဒုတိယ တံခါးရှစ်နာမ်ပေါ်တွက်ပုံ

ဤကဏ္ဍသည်ကား- ရုပ်တရား- နာမ်တရား၏ အကြောင်းတရားကို သိမ်းဆည်းမည် ဖြစ်၍ ပစ္စယပရိဂ္ဂဟဉာဏ် မည်၏။ ဝိသမဲ့ဟေတုက ဒိဋ္ဌိကြီးကို ပယ်သတ်သော ဉာဏ်ဖြစ်၍လည်း အထူး ကြိုးစားသင့်လှပါသည်။

(၁) ကမ္မပစ္စယအကြောင်း- သင်္ခတပညတ် သခ်တလောကတွင် မည်သည့်သဘောတရားမျှ တခုတည်းပေါ်၍မရ၊ ပေါင်းစု ၍ သာ လျှင် ပေါ်ရ၏။ အဘယ့်ကြောင့်တခုတည်းမပေါ်နိုင်မှုဘဲ ပေါင်းစုပြီးပေါ်ရလေသနည်းဟူမူ အနတ္တဓာတ် (တနည်း) အနှစ်အသားမရှိသော ဓာတ်ဖြစ်ခြင်းကြောင့် ပေါင်း၍ ပေါ်ရခြင်းဖြစ်ပေသည်။ (တနည်း) ဆက်စပ်၍ ပေါ်ရခြင်းလည်း ဖြစ်သဖြင့်သင်္ခတပညတ် ကမ္မပစ္စယအကြောင်း ဖြစ်၏။ ဤတွင်နှုတ်ဖျားဖြစ်သော ဇနကကံ-ဥပထမ္ဘကကံ ကံ ၂၉-ပါး အစရှိသော ကံတို့ကို မယူသင့်ပေ။

**သတိ။** ။ပထမရုပ်-နာမ်ပိုင်း၏နာမ်အကြောင်းတရားအစစ်ဖြစ်သော ဝေဒနာ-ဖဿ-စေတနာ-ကံ- သဘောတရားကို ပြန်လည်သုံးသပ်ပြီးလျှင်နာမပညတ်(တနည်း) ဥတုအကြောင်းသည် ဟေတုအကြောင်း၊ ကျန် ၃-ပါးကား ပစ္စယအကြောင်း ဟူသော ယူဆမှုတို့သည် သညာဝိညာဏ် မစင်သည့်အတိုင်း ဤကဏ္ဍ၌ မဆွဲကိုင်သင့်ပေ။

(၂) စိတ္တပစ္စယ အကြောင်း= သမူဟပညတ်= ပေါင်းစုခြင်းသဘော ဖြစ်၏။ ဥပမာ- အဆင်းနှင့်အကြည်တို့ ပေါင်းဆုံသော် မြင်စိတ်အစရှိသောသဘာဝသည်ဖြစ်၏။ ၎င်းသည်စေတနာပင် ဖြစ်၏။

(၃) အာဟာရပစ္စယအကြောင်း= သဏ္ဍာနပညတ်= အကြည်၌ ထင်နေသောသဏ္ဍာန် အဆင်းဖြစ်၏။ ၎င်းသည် ဖဿလည်းဖြစ်၏။

(၄) ဥတုပစ္စယအကြောင်း= နာမပညတ်= ဝေဒနာသဘောဖြစ်၏။

၁၆-၉-၆၇

ဤကဏ္ဍအတွက် ရုပ်တရား-နာမ်တရားပေါ်ရန်မှာ အဆင်းသညာ- အကြည်သညာ နှင့် အမြင်သညာ ၃-လုံးကို ပြန်၍ကိုင်ရာ၏။

ပထမ တံခါးပေါက်တွင် အာရုံသဘောကားရုပ်။

အာရမ္မဏိက သဘောကား နာမ်ဟူ၍ပေါ်ခဲ့၏။

**သတိ။** ။ယခု ဒုတိယ တံခါးပေါက် တွင် အပြင်ကိုထွက်ဖမ်းသော အာရုံသဘော မရှိပြီ၊ အာရမ္မဏိကသာရှိတော့၍ ၎င်းမှပင် ရုပ်တရား-နာမ်တရား ပေါ်နိုင်စေရမည်ဖြစ်၏။

**ရုပ်သဘော-နာမ်သဘောပေါ်ပုံ**

အကြည်ရုပ်တွင် ထင်နေသော နာမ်သဏ္ဌာန်သဘောအဆင်းသည်၁(တနည်း)အကြည်ရုပ်တွင် ထင်သော ကမ္မဋ္ဌာန်း နိမိတ်ကဲ့သို့သော သဘောသည် ရုပ်-ဖြစ်- ကျန် ၂-ပါးကား နာမ်-ဖြစ်၏၊

ထို့ကြောင့် ကြောင်ပန်းဆရာတော်ဘုရားကြီးက (မှန်ရုပ်ရဲ့အသွင် နာမ်ရုပ်ကိုထင်ပါပေါ့ ဘုရား)ဟု၍ကျေးဇူးရှင်လယ်တီ ဆရာတော်ဘုရားကြီးထံ လျှောက်ထားတော်မူချက်ကို-

(ကြောင်ပန်းရဲ့မြီးတန်တို့ အဆီကိုစားပါလို့အသားကိုမျှ-ကြောင်အို ပေမွေး အိပ်ပါတော့လေး)ဟုလယ်တီဆရာတော်ဘုရားကြီးက ပြန်၍ချီးမြှင့်တော်မူဘူးသော သာဓကကို ထောက်ဆ၍ အကြည်၌ ထင်သော သဏ္ဌာန်သဘော အဆင်းသည်၁ရုပ်သဘော အဘယ်မျှ အရေးပါကြောင်းသိနိုင်ပြီဖြစ်ပေသည်။

၎ါကဲ့သို့ ရုပ်နာမ်ဖော်နိုင်ခြင်းဖြင့် ဝိသမဟေတုက ဒိဋ္ဌိကြီးကိုပယ်သတ်နိုင်၏။ တဖန်ယုံမှားခြင်း ၈-ပါးတွင်-

(၁) အကြောင်းယုံမှားခြင်း ၄-ချက်မှ = သစ္စာ၄-ပါး၌ယုံမှားခြင်းကို၎င်း

(၂) အကျိုးယုံမှားခြင်း ၄-ချက်မှ အကျင့်၌ယုံမှားခြင်းကို၎င်း ပယ်ရှင်းနိုင်ပြန်၏။

(သစ္စာ ၄-ပါးကိုမြင်၍ အကျင့်မှန်ကန်ခြင်း ဖြစ်ပေသည်)

တဖန်တု ထိုအဆင်းသဏ္ဌာန်သဘော ရုပ်သည် ဒုက္ခနှင့်သမုဒယတွင်အဘယ်၌ဝင်သနည်း? ထို့အပြင် မဂ္ဂနှင့်နိရောဓတွင် အဘယ်သစ္စာ၌ အလုပ်ကိစ္စရှိလေသနည်း? စသည်ဖြင့်လည်း ရှုဆင်ခြင်အပ်လှပါသည်။

**သတိ။** ။အနုလောမနည်း ရုပ်၊ နာမ် အနေဖြင့်သော် ရုပ်ကားအကျိုးဖြစ်၍- ဒုက္ခ နာမ်ကား အကြောင်းဖြစ်၍ သမုဒယမည်၏။

၎ါဒုက္ခနှင့်သမုဒယတို့ဖြင့်ပင် သံသရာလည်ခဲ့ရပေသည်။


သို့ဖြစ်၍၎င်း-အဆင်း သဏ္ဌာန် သဘော ရုပ်ကို ဒုက္ခဖြင့်ရှုနိုင်သည်ဖြစ်၍ မဂ္ဂသစ္စာ၌ဝင်ပြီး လျှင် နာမ်ကို သမုဒယဖြင့် ရှုနိုင်ခြင်းဖြင့် နိရောဓသစ္စာ၌ဝင်သည်ဖြစ်တော့၏။

၁၇-၉-၆၇

ယခုကဏ္ဍသည်ကား နှလုံးအိမ်ရင်ချိုင့်ရှိ ဥသမမီးဓာတ်ကြီးကိုဖွင့်ရန် ဖြစ်၏။ ရုပ် နာမ် အနေဖြင့်သော်- သမ္မုန - ရုပ် နာမ်ကိုကူးရမည်ဖြစ်ပေသည်။ ၎င်းမီးဓာတ်သည် ခန္ဓာကိုယ်အား အနွေးဓာတ်ဖြင့် အစဉ်စောင့်ရှောက်လျက်ရှိ၏။ ၎င်း၏တည်ရာမှီရာကား နှလုံးအိမ်၏ဟဒယဝတ္ထုရုပ်ဖြစ်၏။ စိတ်-စေတသိက်တရားတို့ပေါ်ထွက်ရာလည်းဖြစ်ပေသည်။

ဤမီးခေတ်သည် ကိလေသာ မဝင်သော် ပြုံးပြုံးပြက်သော အရောင်ရှိ၏။ ရှင်တော်မြတ်ကြီးတို့၏ နိစ္စလ ရောင်ခြည်တော်သည်ဤဥသမမီးခေတ်ကြီးမှကွန့်မြူးခြင်း ဖြစ်ပေသည်။ အရောင်ကား အဖြူရောင်ဖြစ်၏၊

(ပုံစံအမှတ် ၂၂)



သန္တပ္ပနမီးခေတ်၏ အရောင်ကား=အညိုရောင်
ပရိပါစကမီးခေတ်၏အရောင်ကား=အဝါရောင်
ဒဟမီးခေတ်၏ အရောင်ကား =အဖြူရောင်
ဥသမမီးခေတ်၏အရောင်ကား =အနီရောင်ဖြစ်၏။

ဤသည်တို့ကား လောကုတ္တရာ အရိယာ ကျောက်နဂါး မီးခေတ်မည်၏။

သို့ဖြစ်၍ ဤတတိယ တံခါးကို ဖေါက်လိုသောပုဂ္ဂိုလ်သည် ပထမမိမိ၏ ဝင်လေထွက်လေကို နှာသီးဖျား နှင့် နှလုံးအိမ် အဝင်အထွက်ကို မှန်စွာရှု၍ ကမ္မဋ္ဌာန်းနိမိတ်ဖြစ်သော အပ်ချည်မျှင်သဏ္ဍာန်- ဖလ်ချောင်း သဏ္ဍာန်ကို ပြန်၍ ကိုင်ရမည် ဖြစ်၏။ ထိုမှတဖန် အရောင်-အဆင်း-အလင်း-အကြည်ကို မိရပေမည်။ သို့မိသော် အရောင်ခေတ် ၄-ပါး ရဲလောင်းသဏ္ဍာန် မိမိ၏ နှလုံးအိမ်မှ ပေါ်ထွက်မည် ဖြစ်ပေသည်။

၁၉-၉-၆၇

ဒုတိယ တံခါးပေါက် ငယ်ထိပ်, ဦးကျော်က အိမ်၏ သန္တပ္ပနမီးခေတ်ကို ဖွင့်စဉ်က ပေါ်ထွက်သော နိမိတ်သည် သဏ္ဍာန်- အရိပ်-နိမိတ်-လက္ခဏာ ဖြစ်၍ ယခု တတိယ တံခါးပေါက် နှလုံးအိမ်ရင်ချိုင့်၏ ဥသမမီးခေတ်ကို ဖွင့်သော အခါတွင် အရောင်- အဆင်း-အလင်း-အကြည်-နိမိတ် ၄-ချက် ပေါ်ထွက်ရမည်ဖြစ်ပေသည်။

(၁) အရောင်= ဆိုသည်မှာ နေရောင်-လရောင်-ကြယ်ရောင်-မီးရောင်ဟု ဆိုအပ်သော အရောင်အမျိုးမျိုးကို ခေါ်သည်။ သဏ္ဍာန်-အရိပ်-နိမိတ်ကင်းစင်သော မီးခေတ် ၄-ပါးမှ ထွက်ပေါ်လာသော တခဲနက်သော အရောင်ကို ခေါ်သည်။

(၂) အဆင်း= ဆိုသည်မှာ ရုပ်သဏ္ဍာန်-နာမ်သဏ္ဍာန် တို့ကို ခေါ်သည်။ ဤနှလုံးအိမ်မီးခေတ်၌ကား မီးခေတ်ကြီး ၃-ပါးတို့သည် တပါးနှင့်တပါး မတူ ကွဲပြား မူတခြားစီဖြစ်၍ ထွက်ပေါ်လာသော သဏ္ဍာန်တို့ကို အဆင်းဟု ခေါ်သည်။

(၃) အလင်း= ဆိုသည်မှာ ဝိပဿနာစိတ်ကြောင့် ဖြစ်သော အဆင်းခေတ်သည် ခန္ဓာကိုယ်ပတ်ဝန်းကျင်၌ အစဉ်ထွက်ပေါ်နေသော ခေတ်ဖြစ်၏။

(၄) အကြည် ဆိုသည်မှာ နှလုံးအိမ်မီးခာတ်မှ ထွက်ပေါ်လာသော နိမိတ်အလုံးစုံတို့သည် မပျောက်မပျက် (တနည်း) အလုပ်မလုပ်သော်လည်း ခန္ဓာကိုယ်၌ အစဉ်ထွက်ပေါ် နေသော သဘောဖြစ်၏။

တဖန် ထိုအရောင်-အဆင်း-အလင်း-အကြည်တို့သည်ပင်လျှင် ရှေ့ဥဒယဗ္ဗယ ဉာဏ်စခန်းရောက်သော် ဝိပဿနာညစ်ကြေး ကြောင်း ဘေးရန် ၁၀-ပါး အဖြစ်ဖြင့် လှည့်ပတ်အုံးမည် ဖြစ်ပေသည်။

သမထ လုပ်ငန်းစဉ်ဟူက မြူမျှမရှိသော (တနည်း) ဝိပဿနာနည်း သန့်သန့်ဖြင့် ပင်အားထုတ်ငြားလည်း ဥဒယဗ္ဗယဉာဏ်ရောက်သော် ဤဝိပဿနာ ညစ်ကြေးကြောင်း သဘော၌ ကျရောက်ရမည် ဖြစ်၏၊ မည်သည့်ပုဂ္ဂိုလ်မျှ မလွတ်ပေ၊ သို့သော် ဤဥဒယဝဲမှ တက်ပုံမှာကား အနေး-အမြန်အနေဖြင့် ကွာခြားပေသည်။

သို့ဖြစ်၍ ထိုဝဲမှ လွတ်မြောက်လိုသော ပုဂ္ဂိုလ်သည် မိမိရရှိနေသော နိမိတ်တို့၌ မမွေ့လျော်မူ၍ ဤကလာပမှစပြီး ရုပ်-နာမ်ကို ဖေါ်နိုင်စေရမည်ဖြစ်၏။ သို့ရုပ်နာမ် ဖေါ်နိုင်ရန် ပထမ ၎င်း အရောင်-အဆင်း-အလင်း-အကြည်တို့ ဘယ်ကထွက်သည်ကို ထပ်၍ရှုသော်—

(၁) နှလုံးအကြည်
(၂) ဓမ္မာရုံ
(၃) ဘဝင်စိတ်
(၄) မနောဝိညာဏ်တို့မှ ထွက်ပေါ်ကြောင်း တွေ့ရမည်ဖြစ်၏။

၂၀-၉-၆၇

(၁) နှလုံးအကြည် ဓာတ် = သည် ဟဒယဝတ္ထုရုပ် ဖြစ်၏။ စိတ်စေတသိက် တရားတို့ ပေါက်ဖွားရာဖြစ်၏။ အာ နာ ပါန အ နေ ဖြင့် သော် ဓမ္မာရုံ-ဘဝင်စိတ်- မနောဝိညာဏ် တို့ ပေါ်ရာလည်းဖြစ်၏၊ သို့ဖြစ်၍ အရောင်-အဆင်း- အလင်း-အကြည်-ပဉ္စတ်ရိပ်တို့ ပေါ်ရခြင်း၌ နှလုံးအကြည်ဓာတ်လည်းရှိရပေမည်။

(၂) ဓမ္မာရုံသည် ၆-မျိုးရှိ၏၊ သို့သော်ယခု အာနာပါန လုပ်ငန်းစဉ် အတွက်မှာမူ-ပသာဒရုပ်ဓမ္မာရုံ (တနည်း) အတိတ်-အနာဂတ်ဓမ္မာရုံကို ကိုင်ရပေမည်။ ၎င်းသည် အာရုံ ၆-ပါးနှင့် အကြည်ဓာတ်တို့တိုက်ခိုက်သော် နှလုံးအိမ်တွင် ကိန်းလျက်ရှိနေသော အဆင်းသညာ (တနည်း)အတိတ်သညာနှင့် အကြည် သညာ(တနည်း) အနာဂတ်သညာတို့ကို ဆိုလိုသည်။ ဤသည် ပင်လျှင်ပသာဒရုပ် ၅-ပါးကို ကိုင်၍မနောဝိညာဏ်၌ ဝင်သည်မည်၏။

(၃) ဘဝင်စိတ်= စိတ် ၂-မျိုးရှိ၏၊ ၎င်းတို့သည်-

(၁) အမိဝမ်းတွင်ပဋိသန္ဓေယူစဉ်ကပါသော ပဋိသန္ဓေဝိပါက်စိတ်။

(၂) ၅-ပါးသော အကြည်ဓာတ်နှင့်အာရုံတို့ တိုက်ခိုက်သော်- ပေါ်သော ဝိထိစိတ်ဖြစ်ပေရာ ဝိပဿနာ ရှုသောအခါတွင် ဝိထိစိတ်ကိုသာရှုရ၏။


သို့ဖြစ်၍ မနောဝိညာဏ်သိကြီး ပေါ်ရန်သည်-

(၁) နှလုံးအကြည်ရှိရမည်

(၂) ဓမ္မာရုံဖြင့်လည်းဆုံရမည်

(၃) ဘဝင်စိတ်လည်းပေါ်ရမည်

(၄) ထို ၃-ပါး ဆုံညီသော် မနော ဝိညာဏ်သိမှုဖြစ်တော့၏။




သဘာဝဓမ္မ နှလုံးအိမ်နေပုံ

**သတိ။ ။၎င်း ၄-ပါးညီညွတ်ခြင်းကို ဖဿ ဟုဆိုရ၏**

အရောင် အဆင်း အလင်း အကြည် ၄-ချက်သည် ဤသဘော ၄-ပါးမှ ထွက်ခြင်း ဖြစ်၏။ ဤသဘာဝ သည်ကား သတိပဋ္ဌာန် နည်းဖြစ်၍ ရှေ့ဥဒယဗ္ဗယဉာဏ်စခန်း၏ ဝဲမှ ရှောင်ကွင်းနိုင်မည်ဖြစ်ပေသည်။

**မီးဓာတ် ၄-ပါးသဘာဝ**

(၁) နှာသီးဖျားနှင့် နှုတ်ခမ်းဖျားတွင် ဒဟမီးဓာတ်

(၂) ငယ်ထိပ်ဦးကျောက်တွင် သန္တပ္ပနမီးဓာတ်

(၃) နှလုံးအိမ်ရင်ချိုင့်တွင် ဥသမမီးဓာတ်

(၄) ချက်တိုင်တွင် ပရိပါစကမီးဓာတ်ဟုယူခဲ့၏။

(၁)အရောင်=ဤတွင်မီးဓာတ်၁-ပါးရှိသော်ကျန်၃-ပါးတို့လည်းရှိမြဲ ဓမ္မတာဖြစ်ပေရာ ယခုကဏ္ဍ၌ နှလုံးအကြည်တွင် ဒဟမီးဓာတ်ရှိ ၍အရောင်သဘောထွက်လျက်ရှိ၏။ ၎င်းနှလုံးကြည်ရခြင်းသည် အမှန်စင်စစ် ဒဟမီးတောက်ပခြင်းပင်ဖြစ်၏။ သို့တောက်မှသာလျှင် သစ်တလောကတွင် နာမနှင့်သဏ္ဌာနပညတ် ၂-ပါးတို့ဖြင့် အန္တပုတ္တဇဉ်တို့အဘို့ ကောင်း **မကောင်း** စသောသဘောတရားတို့အပြင် ၂၉-ပါးသော ကံတရားတို့ကို ဆွဲကိုင်နိုင်မည်ဖြစ်၏။ အချုပ်ဆိုသော် အရောင်ထွက်သည်ဆိုခြင်းမှာ ဒဟမီးတောက်ခြင်းပင်ဖြစ်၏။

(၂) အဆင်း သည်ဓမ္မာရုံမှထွက်၍ သန္တပ္ပန မီးဓာတ်တောက်ခြင်းဖြစ်၏၊တဖန် အဆင်းဆိုသည်မှာ သဏ္ဌာန်ပင်ဖြစ်ပေရာ ရုပ်သဘော အတိတ်သဏ္ဌာန်၊နာမ်သဘောအနာဂတ် သဏ္ဌာန်ထို ၂-ပါးဆုံသော ပစ္စုပ္ပန် သဏ္ဌာန်သဘောပင်ဖြစ်၏။

(၃) အလင်း = ၎င်းသည် ဘဝင်စိတ်မှထွက်၍ပရိပါစကမီးခတ်တောက်ခြင်းဖြစ်၏၊ ဤဘဝင်စိတ်သည် ကိလေသာ မနွယ်သော် ပြိုးပြိုးပြက်သောအရောင်ရှိ၏။ ထို့ကြောင့်အလင်းရောင်ပေါ်ခြင်းဖြစ်၏။

(၄) အကြည်= ၎င်းသည် မနောဝိညာဏ်မှထွက်၍ဥသမမီးခတ်တောက်ခြင်းဖြစ်၏။

၂၀-၉-၆၇

ဤတတိယတံခါးနှလုံးအိမ် ရင်ချိုင့်ရှိဥသမမီးခတ်ကြီးကိုဖွင့်နိုင်သော်-လောကီလောကုတ် ၂-ဖြာအတွက် အလွန်အကျိုးကြီးသည်ဖြစ်ကြောင်း နာကြားပြီး၏။ သို့ဖြစ်၍ ထိုဥသမ မီးခတ်ကို တွေ့နိုင်ရန်သည် သဘာဝ ၄-ချက်ဖြစ်သော နှလုံးအကြည် ဓမ္မာရုံ ဘဝင်စိတ်နှင့် မနော ဝိညာဏ်တို့ကို ထုချေနိုင်ရမည်ဖြစ်၏။

သို့ဖြစ်၍ မိမိ၏ ထွက်လေ ဝင်လေကိုစ လယ် ဆုံး(တနည်း)ထွက်လေအတွက် ချက်တိုင်သည် အစ၊ နှလုံး အိမ်ရင်ချိုင့် သည် အလယ်နှာ၊ သီးဖျားနှင့် နှုတ်ခမ်း ဖျားသည် အဆုံး၊ ဝင်လေထွက်လေမှာမူ နှာသီးဖျားနှင့် နှုတ်ခမ်းဖျားသည်အစ၊ နှလုံးအိမ်ရင်ချိုင့်သည် အလယ်နှင့်ချက်တိုင်သည် အဆုံးတို့ကို မိစေရမည်ဖြစ်၏။ သို့မိသော် ကမ္မဋ္ဌာန်းနိမိတ်ဖြစ်သော အပ်ချည်မျှင် သဏ္ဍာန် ဖလ်ချောင်းသဏ္ဍာန် တို့လည်း ပေါ်မည်ဖြစ်ပေသည်။

**သတိ။** ။ထို့နောက်ဤနိမိတ်တို့သည် ချက်တိုင်မှစ၍ထွက်သော ထွက်လေသည်အတိတ် သညာမည်၏။ နှာသီးဖျားနှင့်နှုတ်ခမ်းဖျားမှ စ၍ဝင်သော ဝင်လေသည် အနာဂတ် သညာမည်၏။ ဘဝင်စိတ်သည်ကားပစ္စုပ္ပန်သညာမည်၏။ ထို ၃-ပါးပေါင်းပြီးနှလုံး အိမ်၌ ငါးကြင်းပွက်သကဲ့သို့ ပွက်သည်ကို မနောဝိညာဏ်ပေါ်သည်(တနည်း)သိမှုကြီး ပေါ်သည်ဟုဆိုရ၏။ သို့ပေါ်ခြင်းသည်-ဓမ္မာရုံသေသည်မည်၏။

ဤသိမှုကြီးပေါ်ခြင်း(တနည်း)မနောဝိညာဏ်ကြီးပေါ်ခြင်း(တနည်း)အာရုံကိုဆုံး ဖြတ်နိုင်ခြင်းသည်ပင်လျှင် ဥသမမီးခတ် ပေါ်သည်မည်၏။ ထိုမီးခတ်မှ ရုပ်နာမ် ပေါ်သော အခါတွင် သမ္မသန ကာလ ၃-ပါး ရုပ်နာမ်ပေါ်မည်ဖြစ်ပေသည်။

**ရုပ် နာမ် ရှာသော်**

(၁) နှလုံးအိမ်သည် = ရုပ်သဘော

(၂) ဓမ္မာရုံသည် = ပသာဒရုပ် ၅-ပါးရုပ်ကို သာယူရန်၊ သို့သော်၎င်း၌ သညာနာမ်ခတ်ပါလာ၏။

(၃) ထို ၂-ပါးဆုံမှုသည် = ဘဝင်စိတ်ဖြစ်၏။

(၄) ထို၃-ပါးဆုံမှုသည် = မနောဝိညာဏ်သိမှုကြီးဖြစ်ပေရာ•


(၁) နှလုံးအကြည် = ရုပ် = အတိတ်သဘောဖြစ်၏။

(၂) ဓမ္မာရုံသည် = နာမ် = အနာဂတ်သဘောဖြစ်၏။

(၃) ဘဝင်စိတ်သည် = ပစ္စုပ္ပန်သဘောဖြစ်၍-

၎င်း ၃-ပါးတို့သည် မနောဝိညာဏ်ဖြစ်သော ဖဿ၌ အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလ ၃-ပါးအနေဖြင့် ဖွဲ့တော့၏၊ သို့ဖြစ်၍ထိုကာလ ၃-ပါး ရုပ် နာမ်ကိုပယ်သတ် နိုင်ရန်သည် သမူဟပညတ်ဖြစ်သော မနော ဝိညာဏ် ဖဿကို ပထမ ကြိတ်ချေရန်ဖြစ်ပေသည်။

(ပုံစံအမှတ် ၂၄) ၂၂-၉-၆၇




ကာလ ၃-ပါး ရုပ်နာမ်ထွက်ပေါ်ပုံ

ယခုကဏ္ဍသည်ကား နိဗ္ဗာန်သို့ သွားနိုင်ရန် လက္ခဏာယဉ် ၃-ချက်ကို ဖွင့်ဆိုရန် ဖြစ်ပေသည်။ အများသော ဗုဒ္ဓဘာသာဝင်တို့၏ လက်ကိုင်ဖြစ်သော အနိစ္စ-ဒုက္ခ-အနတ္တ တရားတို့တွင် အနိစ္စ=မမြဲသော သဘောဟု ပြန်ဆိုရန် ဖြစ်သော်လည်း၊ လူသေခြင်း- အိမ်မီးလောင်ခြင်း စသော မမြဲခြင်းသဘောမျှလောက်ဖြင့် ကျေနပ်သင့်ပါပြီလော? မသင့်ပေ။

(၁) သို့ဖြစ်၍ အထက် ဖော်ပြပါ ပုံစံတွင် အတိတ်ကာလ ရုပ်သဘော=နှလုံးအကြည်အား အနိစ္စလက္ခဏာ အဖြစ်ဖြင့် ရှုရန် ဖြစ်ပေရာ၊ အမှန်စင်စစ် နှလုံးကိုရှုသည်မဟုတ်- အကြည်ကိုသာ ရှုရန် ဖြစ်၏။ ၎င်း အကြည်ဓာတ် သည် တခြားမဟုတ်၊ ဟိုယခင်အဆင်းနှင့် အကြည်တို့ ပေါင်းဆုံစဉ်က ပေါ်သော သညာသဘောသည် နှလုံးအိမ်၌လည်း သပ္ပဋိဃ သညာ အဖြစ်ဖြင့် ကိန်းလျက် ရှိနေသည်ဖြစ်၍၎င်းသည်သာအတိတ် ကာလ ရုပ်သဘော ဖြစ်ပေသည်။

**သတိ**။ ။ထို့ကြောင့် ရှိရှိသမျှသော တောတောင်ရေမြေ အပေါင်းတို့သည် အနိစ္စသဘောမှန်၏။ သို့သော် အနိစ္စလက္ခဏာ(တနည်း)မမြဲသောမှတ်ကြောင်းသဘောကား မဟုတ်ပေ။ အထူးဝင်စားပါရန်။

ဤသဘာဝကို ရည်တော်မူသော ရှင်တော်မြတ်က "အတီတာနာဂတ ပစ္စုပ္ပန္နံ အနိစ္စံ ခယဋ္ဌေန ဒုက္ခံ ဘယဋ္ဌေန အနတ္တာ အသာရကဋ္ဌေန" ဟူ၍ဟောတော်မူပေရာ အမှန်သော် ၎င်းသပ္ပဋိဃသညာ (တနည်း)နှလုံးအကြည်သည် ဝိညာဏ်ကဆွဲ၍သာလျှင် ပေါ်ရခြင်းဖြစ်၏။ ၎င်း၏သဘာဝသည်ကား ခယဋ္ဌေန=ကုန်သောသဘောသာအမှန်ဖြစ်၏။ထိုကုန်တတ်သောသဘောသည် ကင်းခြင်း ချုပ်ခြင်းဖြစ်၏။ ထိုကင်းခြင်းချုပ်ခြင်းသဘောသည်လည်း သုဉ်း ဆိပ်ငြိမ်းအေးသော သဘောအမှန်ဖြစ်ပေသည်။ ဤငြိမ်းအေးခြင်းသဘောကိုသာလျှင် ရှင်တော်မြတ်အလိုရှိတော်မူသည်ဖြစ်၍ နိဗ္ဗာန်သို့သွားနိုင်သော အနိစ္စလက္ခဏာယဉ်မည်ပေသည်။

ဤကဲ့သို့အတိတ်ကာလကြီးကို အနိစ္စလက္ခာယာဉ်ဖြင့်သိမ်းဆီး လိုက်သော် သဿတဒိဋ္ဌိမှ ကျွတ်လွတ်၏ (တနည်း)အတိတ်ကာလကြီးအား မြဲ၏ အနှစ်အသားရှိ၏ ဟု ယူသော အစွဲမှ ကျွတ်လွတ်ခြင်းဖြစ်၏။ ထို့အပြင် ရောင့်ရဲတင်းတိမ်မှုသဘောတို့ဖြင့်လည်းလိုပုဂ္ဂိုလ် ပြည့်စုံတော့သည်ဖြစ်၏။

သို့သော်လည်း ဘယ်လိုဘယ်ကဲ့သို့ပင် သဿတ ဒိဋ္ဌိပြုကျသည်ပင်ဖြစ်စေဦးအဝိဇ္ဇာရိပ်ကားကျန်နေပေသေး၏။ ၎င်းသည်တခြားမဟုတ် မိမိနှလုံးအိမ်၌ ပညတ်ရိပ်မကင်းစင် သေးသောကြောင့်ပင်(တနည်း)ဥပါဒါနက္ခန္ဓာရိပ် ကျန်ရှိနေသေးခြင်းကြောင့် အတိတ်ကိုဆွဲကိုင် တတ်သော အာရုံသဘောကျန်ခြင်းဖြစ်၏။ ယခုမဟာသတိပဋ္ဌာန်တွင် ၎င်းကို အဘိဇ္ဈာ ဒေါမနဿဟုအမည်ပေးခြင်းဖြစ်၏။

(၎င်း၏သတ်ဆေးမှာ"သတိ"တလုံးသာဖြစ်၏။ တခြားနည်းဖြင့်မရနိုင်ပေ)

**သတိ။** ။၎င်းအဝိဇ္ဇာရိပ်ခေါ် ဥပါဒါနက္ခန္ဓာသည် အရဟတ္တမဂ်ကြီး ဖြင့်သာလျှင် အပြီးတိုင်ပယ်သတ်နိုင်သည်ဖြစ်ကြောင်းကိုလည်း သတိပြုရန်ဖြစ်ပါသည်။


(၂) ဓမ္မာရုံ = ၎င်းသည် ပသာဒရုပ် ၅-ပါးက သယ်ပိုးယူလာသော အကြည်ရိပ်ပြဋ္ဌာန်းသော နှလုံးအကြည်တွင်ကိန်းသော သပ္ပဋိဃအနာဂတ်သညာဖြစ်၏။ ၎င်းသည် အတိတ်ကာလဖြင့်သာလျှင် တင့်တယ်ပေရာ ယခုအတိတ်ကာလကြီးသည် အနိစ္စလက္ခဏာ၌ ကျရောက်ခဲ့သဖြင့် ၎င်းအနာဂတ်ကာလသည် ဘယဋ္ဌေန = ဘေးဟူသောအကြောင်းကြောင့်၊ဒုက္ခ = ဆင်းရဲခြင်းသဘော၌ကျရောက်ရတော့၏။ ဤကဲ့သို့သိမ်းဆည်းနိုင်သော် ဥစ္ဆေဒဒိဋ္ဌိ (တနည်း) အနာဂတ်ကာလ မရှိဟုယူသော အယူမှလွတ်ခြင်းဖြစ်၏။ ထို့အပြင်မိမိ၏အပြစ်ကို ဖုံးအုပ်ခြင်း ခေါ် မာယာနှင့် မိမိ၏အပြစ်ကို ဖုံးကွယ်ရုံမျှမကသူတထူး၏အပြစ်ကိုရှုလေ့ရှိခြင်းကိုခေါ် သာထေယျ အယုတ်တရား ၂-ပါးကိုလည်းပယ်သတ်နိုင်၏။ မျက်မှောက်တမျိုး မျက်ကွယ်တမျိုးမရှိပြီဖြစ်၏။

သို့သော် တဏှာရိပ်ကားကျန်သေးသည်ဖြစ်၍ ၎င်းသည် ဥဒယဗ္ဗယစခန်းတွင် အကြည်ရိပ်အနေဖြင့်လာမည်ဖြစ်၏။

(၃) ဘဝင်စိတ်= ၎င်းသည် ပစ္စုပ္ပန်ကာလ ရုပ် နာမ်သဘောဖြစ်ရာ ယခုအတိတ်ကာလသည် အနိစ္စလက္ခဏာ၌၎င်း၊အနာဂတ်ကာလသည်ဒုက္ခလက္ခဏာ၌၎င်း အသီးသီး ကျရောက်

ပြီးဖြစ်သဖြင့် ထို ၂-ပါးဖြင့်တင့်တယ်ရသော(တနည်း)အတိတ် အနာဂတ်ရှိ၍ ပစ္စုပ္ပန်!သဘော ရှိပေရာ အတိတ် အနာဂတ်ဟုမပြောနိုင်သောအခါတွင် ၎င်းပစ္စုပ္ပန်သဘောသည် အနှစ်အသား ဟူက မြုမျှမရှိတော့သော အနတ္တလက္ခဏာ၌ဥက္ကောင်းဆိုက်ရောက်ရတော့သည်ဖြစ်၏။

(ပုံစံအမှတ် ၂၅)




ပရိပါစက မီးခါတ်နေပုံ

၂၃-၉-၆၇

ယခုကဏ္ဍသည် အာနာပါနစတုတ္တတံခါး ဖြစ်သော ချက်တိုင်ရှိ ပရိပါစက မီးခါတ်ကြီးကို ဖွင့် ရန် ဖြစ် သည်။ သို့ဖွင့်နိုင်ရန် ပထမ မိမိရှုမှတ်လျက်ရှိသော ထွက်လေဝင် လေ ကိုချုပ်အောင် ငြိမ်းအောင်အားထုတ်ရပေမည်၊

(၁) သို့ဖြစ်သော် ထိုဝင်လေ ထွက် လေကို အဘယ့်ကြောင့်ချုပ်စေရလေသနည်း?

(၂) ချုပ်၍ ဘယ်အကျိုးတရား ပေါ် ထွက် မည် နည်း?

အဖြေမှာ (၁) မီးခါတ်ကိုတွေ့နိုင်ရန်နှင့်

(၂) ရုပ် တရား နာမ်တရားကို တွေ့မြင်နိုင်ရန် ဖြစ်၏။

၎င်းမီးခါတ်သည် အမိဝမ်းတွင်း ပဋိသန္ဓေ ယူစဉ် ကပင် ပါလာသော အတိတ်ဇနကကံဖြစ်၏။ (တနည်း) ခန္ဓာကိုယ်ကြီးအား အစဉ်စောင့်ရှောက်သောဇီဝိတိန္ဒြေဖြစ် ပေရာ ၎င်း မီးခါတ် မချုပ်ငြိမ်းလေသမျှထိုသတ္တဝါ မသေ နိုင်ပေ။

**ပရိပါစက မီးခါတ် ၄-မျိုး**

(၁) ထင်း အမှိုက် သစ်ရွက်တို့ကို မီးရှို့ သော အခါတွင် တောက်လာသောမီးနှင့် တူသည့် ပရိပါစက မီးခါတ် (အဟိတ်ပုဂ္ဂိုလ်တို့၏ မီးခါတ်ဖြစ်၏)။

(၂) ရေနံမီးခွက်မှတောက်သော မီးနှင့်တူသည့် ပရိပါစက မီးခါတ် (ဒွိဟိတ်ပုဂ္ဂိုလ်တို့၏ မီးခါတ်ဖြစ်၏)။

(၃) ဖယောင်းတိုင်မှထွက်ပေါ်လာသော မီးခါတ်နှင့်တူသည့် ပရိပါစက မီးခါတ် (တိဟိတ် ပုဂ္ဂိုလ်တို့၏ မီးခါတ်ဖြစ်၏)။

(၄) လျှပ်စစ်ခါတ်နှင့်တူသော ပရိပါစက မီးခါတ်ဖြစ်၏။ (အရိယာပုဂ္ဂိုလ်တို့၏ မီးခါတ်ဖြစ်၏)။

တဖန် ယခုပုံစံအမှတ် ၂၅-တွင် ဝင်လေနှင့်ထွက်လေတို့၏ အစနှင့်အဆုံးသည် ချက်တိုင်၌ ချည်းဖြစ်နေကြ၏။ဤသည်ကား-အခြားကြောင့်မဟုတ်ပေ။ပညတ်ရိပ် ၄-ချက်ကြောင့်ပင် ဖြစ်ပေရာ ပညတ်တို့သည် ပရမတ်မပါသောပညတ်နှင့် ပရမတ်ပါသောပညတ်ဟူ၍ ၂-မျိုးပြား၏။

**သတိ**။ ။(၁) နာမနှင့် သဏ္ဌာနပညတ် ၂-ပါးသည် ပရမတ် မပါသောပညတ်ဖြစ်၏။

(၂) သန္တတိနှင့် သမူဟပညတ် ၂-ပါးသည် ပရမတ်ပါသောပညတ်ဖြစ်၏။

ဤပညတ်ပရမတ် ၂-ပါးတွင် ဥပမာအားဖြင့် နာမနှင့် သဏ္ဌာန ပညတ်ဘယ်မှာ ရှိပါသနည်းဟုအမေးပြုသော် လက်ဘက်ရည်ပန်းကန်၌ရှိ၏ဟုဆိုသော် မမှန်သောအပြောဖြစ်၏။

**အမှန်သော်ကား** လက်ဘက်ရည် ပန်းကန်တည်းဟူသောအရာဝတ္ထုသည်'ပေါ်သဘော' (တနည်း)သညာဝိညာဏ်၏ လုပ်ကြံခံရသော ရုပ်သဘောမျှသာဖြစ်၏။စင်စစ်မိမိ၏ စိတ်ဝိညာဏ် လုပ်ကြံမှုသာဖြစ်ကြောင်းရှုရန်ဖြစ်ပေသည်။

ထို့ပြင် ဤပရိပါစက မီးဓာတ်သည် ချက်တိုင်၌ ရုပ် ၉-ပါး၊ ပညတ်ရိပ် ၄-ပါး အနေဖြင့် ပေါင်းနေခြင်းဖြစ်၏။ တဖန် ၎င်း ပညတ်ရိပ် ၄-ပါးကိုတွေ့သော်ဓာတ် ၄-ပါး ဓာတ် ၈-ပါးကို တွေ့သည်မည်၏။ ၎င်းဓာတ် ၈-ပါးကိုတွေ့သော် ဇီဝိတမီးဓာတ်ကိုသာရှာရန်ရှိတော့၏။ ဝင်လေ ထွက်လေမှ ရှာရန်ဖြစ်ပေရာ ၎င်းဝင်လေထွက်လေတို့သည် ဓာတ် ၈-ပါးအနေဖြင့် ဝင်လေ၏စဆုံး ထွက်လေ၏ စဆုံး ချက်တိုင်၌ပင်လျှင် ငါးကြင်းမြီးခတ်လျက်ရှိနေခြင်းသည် ပရိပါစက မီးဓာတ် (တနည်း)ဇီဝိတမီးဓာတ်ပွင့်သည် တောက်သည်မည်ပေသည်။

ဤမီးတောက် အားကောင်းသော ပါရမီရှင်တို့ အဘို့တွင် ကျန်းမာရေးသည်၎င်း၊ ပညာရေးသည်၎င်း အထူးပြည့်စုံ ထက်မျက်သည်ဖြစ်၏။

**ပညတ် ၄-ပါးနှင့် ဓာတ် ၄-ပါး**

(၁) သန္တတိ ပညတ် သည် - တေဇောဓာတ်

(၂) သမူဟပညတ် သည် - ဝါယောဓာတ်

(၃) သဏ္ဌာနပညတ် သည် - အာပေါဓာတ်

(၄) နာမပညတ် သည် - ပထဝီဓာတ်ဖြစ်၏။

၂၄-၉-၆၇

ယမန်နေ့ဟောစဉ်၏ ဇီဝိတနဝက ကလာပ် ၉-ပါးသည် ပထဝီ-အာပေါ-ဝါယော-တေဇော-ဝဏ္ဏ-ဂန္ဓ-ရသ-ဩဇာ-ဇီဝိတတို့ဖြစ်ရာတွင်ဇီဝိတကိုကြဉ်၍ ကျန် ၈-ပါးအနက်မှ ပထမ ၄-ပါးသည် မဟာဘူတရုပ် ၄-ပါးဖြစ်၍(တနည်း) အကောင်ဓာတ်ဖြစ်၍ (တနည်း) ပရမတ်

ခေတ်ဖြစ်၍၊ ဒုတိယ ၄-ပါးကား ဥပဒါယရုပ် (တနည်း) အရောင်ခေတ် (တနည်း) ပညတ်တရားဖြစ်၏။

သို့ဖြစ်၍ (၁) ပထဝီခေတ် မှ - ဝဏ္ဏခေတ်ထွက်၏

(၂) အာပေါခေတ် မှ - ရသခေတ်ထွက်၏

(၃) ဝါယောခေတ်မှ - ဂန္ဓခေတ်ထွက်၏

(၄) တေဇောခေတ်မှ - ဩဇာခေတ်ထွက်၏။

**ခေတ် ၄-ပါး၊ ပညတ် ၄-ပါးနှင့် ဌာန် ၄-ချက်သဘာဝ**

(၁) ပထဝီခေတ်သည် - နာမပညတ် - လက္ခဏာသဘောဖြစ်၏၊

(၂) အာပေါခေတ်သည် - သဏ္ဌာနပညတ်- ရသ သဘောဖြစ်၏

(၃) ဝါယောခေတ်သည် - သမူဟပညတ် - ပစ္စုပဋ္ဌာန်သဘောဖြစ်၏

(၄) တေဇောခေတ်သည် - သန္တတိပညတ် - ပဒဋ္ဌာန်သဘော

ဖြစ်ပေရာ မိမိတို့၏ ချက်တိုင်၌ပင်လျှင် ခေတ် ၄-ပါး၊ ပညတ်တရား ၄-ပါး တို့သည် သဘာဝအားဖြင့် တည်လျက်ရှိနေပေသည်။

**သတိ။ ။ဇီဝိတရုပ်ပေါ်ပုံသဘော**

မိမိရှုမှတ်လျက်ရှိသော ဝင်လေ-ထွက်လေသည် အလွန်ကြမ်းတန်း လှသေးသည်ဖြစ်၍ အသိမ်မွေ့ဆုံးဖြစ်ရန်(တနည်း) ဇီဝိတရုပ်တွေ့ရန်(တနည်း) ပရိပါစကမီးခေတ်ကြီးကို တွေ့နိုင်ရန် ဝင်လေရော ထွက်လေပါ ချက်တိုင်၌ ချုပ်စေရန် ပထမနှာသီးဖျားနှင့် နှုတ်ခမ်းဖျားမှအစပြု၍အဆင့်ဆင့်ချုပ်စေပြီးလျှင် နောက်ဆုံး ထွက်လေ၏ အစနှင့်အဆုံးတို့သည် ချက်တိုင်၌ပင်ပြီးစေရာ၏။

(၁) ထွက်လေ၏အစသည် = သန္တတိပညတ်

(၂) ထွက်လေ၏အဆုံးသည်= သမူဟပညတ်

ဖြစ်ပေရာ ထိုအစနှင့်အဆုံး(တနည်း) သန္တတိနှင့်သမူဟပညတ် ၂-ပါးတို့အချင်းချင်း တိုက်ခတ်လိုက်သော် မီးခေတ်ပွင့်၏၊ ၎င်းကို ဥဏှမီးခေတ်(တနည်း) ဇီဝိတကလပ်ဖြစ်ပေရာ ဤ မီးခေတ်သည်ပင် ပရိပါစက မီးခေတ်အဖြစ်ဖြင့် စားသမျှသော အစားအစာတို့ကို ကြေချက် လောင်မြိုက်ခြင်းဖြစ်၏။ ထို့ပြင်အကြည်ခေတ်တို့ကိုလည်း အားပေး၏။

ထိုနည်းတူစွာ ဝင်လေ၏ အစ နာမပညတ်နှင့် အဆုံးသဏ္ဌာနပညတ် ၂-ပါးတို့ သည်လည်း ချက်တိုင်၌ပင် တိုက်ခိုက်လျက် သီတမီးခေတ်ကို ပွားစီးစေသည် ဖြစ်ပေသည်။

ဤသို့အားဖြင့် အတိတ်ဇနကကံ၏ ပစ်ချမှုဖြစ်သော ပရိပါစက မီးခေတ်သည် ဥပထမ္ဘကကံဖြစ်သော ထိုဝင်လေ-ထွက်လေဖြင့် ထောက်ပံ့လျက်ရှိပြီးလျှင်မိမိသည်အသက်ရှင်သော ပုဂ္ဂိုလ်တယောက်အနေဖြင့် ရပ်တည်နေနိုင်ခြင်းဖြစ်၏။

သို့ဖြစ်ပေရာ ယခုကာလ အာနာပါနတရား အားထုတ်လျက် ရှိကြရာတွင် ချုပ်သည် (တနည်း) ဖိုလ်ဝင်စားသည်ဟု ပြောရိုးရှိသည်ကိုအထူးကြံဆအပ်သော ကိစ္စတရပ် ဖြစ်ပါသည်။

ဤကဲ့သို့ ဝင်လေ-ထွက်လေသည်ချက်တိုင်၌ချုပ်သော်ထိုချက်တိုင်၌ရေနံမီးရောင်၊သို့မဟုတ် ဖယောင်းတိုင်မီးရောင် နိမိတ်တို့၏အစဖြစ်သော မီးပွားငယ်ကို တွေ့မြင်ရမည်ဖြစ်ရာ ထို နိမိတ် မြဲသည်ထက်မြဲ၊ ဝင်လေ-ထွက်လေတို့သည်လည်း ချုပ်ဖန်များလာသော် တိဟိတ် ပုဂ္ဂိုလ် ဖြစ်ပါက ၄က်ပျောနေရောင် ကြယ်တံခွန်သည့် အသံမြည်ဟီးပြီးလျှင် ပေါ်၏။ ၎င်း နိမိတ်ကြီးသည် အနည်းဆုံး ၇-ရက်၊ အကြာဆုံး ၁၅-ရက်ခန့်တည်၏။ ဤသဘာဝသည်ပင် ပရိပါစကမီးခာတ် (တနည်း)အာနာပါနစတုတ္ထတံခါးကြီး ပွင့်သည်မည်၏။

**သတိ။ ။ရုပ်-နာမ်ရှာပုံသဘာဝ**

(၁) အနုလောမ ရုပ်-နာမ်ပိုင်း မြူ ၄-ပါး ခွဲစဉ်၏ နောက်ဆုံး ရရှိသော ရုပ် ၈-ပါး နှင့်-

(၂) ယခုဇီဝိတနဝက ကလပ်၏ရုပ် ၈-ပါး(တနည်း)၉-ပါးမှာကားဥဒယဗ္ဗယ ဉာဏ်စခန်း ဖြစ်ပေရာ ရုပ် ၈-ပါးခြင်းတူပါလျက် နာမရူပ ပရိစ္ဆေဒနှင့် ဥဒယဗ္ဗယ ဉာဏ် ကွာခြားလှပေသည်။ အဘယ်အကြောင်းကြောင့်ပေနည်း?

**အကြောင်းမှာကား-**

(၁) မြူ ၄-ပါး ရုပ် ၈-ပါးသည် ဥတုအကြောင်း ပြဋ္ဌာန်းပြီး ဌာန် ၄-ချက်ဖြင့် ခွဲ၍ရပြီးလျှင်-

(၂) ယခုဇီဝိတ နဝက ကလပ်၏ ရုပ် ၈-ပါးမှာကား ကံအကြောင်း ပြဋ္ဌာန်းပြီးလျှင် ပညတ် ၄-ချက် သာရ၏။

(အသိမ်မွေ့ခြင်း ကွာခြားလှသည်ကို သတိပြုပါရန်)

ဤဇီဝိတနဝက ကလပ်သည် စင်စစ် ရုပ်ဓာတ်သာဖြစ်၏၊ သို့ဖြစ်သော် ၎င်းရုပ် ၉-ပါးတို့ ဘယ်လိုဘယ်ကဲ့သို့ စုပေါင်းဖွဲ့စည်းနေကြသနည်း?

ဤသဘာဝကို တွေ့မှသာလျှင် ရုပ်-နာမ်ပေါ်မည်ဖြစ်ပေသည်။


၂၅-၉-၆၇

ဝိသုဒ္ဓိမဂ်ကြီးတွင် ဤဥဒယဗ္ဗယဉာဏ်စခန်းသည် ဝိညာဏ်မြင်ဥဒယဗ္ဗယနှင့် ပညာမြင် ဥဒယဗ္ဗယဉာဏ်ဟူ၍ ၂-ပါးပြားပေရာ-

(၁) ဝိညာဏ်မြင် ဥဒယဗ္ဗယဉာဏ်သည် အဆင်းနှင့်အကြည်တို့ ဆုံသော ခဏပစ္စုပ္ပန် ကိုသာဖမ်း၏။ ဒွိဟိတ်ခန္ဓာပေါ်နိုင်၏။

(၂) ပညာမြင် ဥဒယဗ္ဗယဉာဏ်သည် ခဏပစ္စုပ္ပန်၏အကြောင်းကို သိမ်းဆည်းသော သန္တတိပစ္စုပ္ပန်ကိုဖမ်း၏။ တိဟိတ်ခန္ဓာပေါ်နိုင်၏။

(ပုံစံ အမှတ် ၂၆)




ဥဒယဗ္ဗယ နာမက္ခန္ဓာပေါ်ပုံ

**သတိ။** ။သို့ဖြစ်၍ ပညာမြင် ဥဒယဗ္ဗယဉာဏ် သည်သာ တိဟိတ်ခန္ဓာ ပေါ်နိုင်မည် ဖြစ်ပေရာ-

(၁) ရုပ်-နာမ် တရားကို သိမ်းဆည်းသော်၊ ခန္ဓာထွက်၏။

(၂) ခန္ဓာကို သိမ်းဆည်းသော်- ပဋိစ္စ သမုပ္ပါဒ်ထွက်၏။

(၃) ပဋိစ္စသမုပ္ပါဒ်ကို သိမ်းဆည်းနိုင်မှ သာလျှင် မဂ်တရား-ဖိုလ်တရားကို ရနိုင်မည်ဖြစ် ပေသည်။

တဖန် ခဏပစ္စုပ္ပန်သည် ဥပဘမ္ဘကကံ ကို ချေ၏။

သန္တတိပစ္စုပ္ပန်သည် ဇနကကံကိုချေသည် ဖြစ်၍ ယခုဥဒယဗ္ဗယပညာသည် ကံကို ချေမည် ဖြစ်ပေသည်။

ထို့ကြောင့် သံသရာ လောကကြီး၏ ရေ သောက်မြစ်ဖြစ်သော၌"ဖြစ်-ပျက်"တရားသည် အဘယ်မျှ အရေးကြီးကြောင်း သတိမူရန် ဖြစ် ပေသည်။

၌တွင် ၎င်းအဝိနိဗ္ဘောဂ ရုပ်၈-ပါးဇီဝိတရုပ်ထည့်သော် ဇီဝိတနဝကကလာပ်၉-ပါးတို့ သည် ဘယ်လို ဖြစ်လာလေသနည်း? ဘယ်အရိပ်က ပေါ်လာလေသနည်းဟု **စိစစ်သင့်** ပေသည်။

ဖဿနှင့် ဝေဒနာ က ထွက်ပေါ်ခြင်းဖြစ်၏။

(၁) ဝေဒနာသည် စိတ်အပေါင်းကိုသိမ်း၏။

(၂) ဖဿသည် စေတသိက် အပေါင်းကို သိမ်း၏။

(၃) ထို ၂-ပါးပေါင်းသည် ရုပ်တရားအပေါင်းကို သိမ်းသည့် **သဘာဝကိုလည်း အထူးဝင်စားရမည့်အချက်ဖြစ်ပေသည်။**

အနာဂလာမနည်းတွင်၎င်း ဥဒယဗ္ဗယအား ဝိညာဏ်မြင်- ပညာမြင်- **ဥဒယဗ္ဗယ** ဟူ၍ ၂-ပါးပြားပြီးလျှင် ၊-ကြိမ်ပယ်သတ်ခဲ့၏။

ယခု မဟာသတိပဋ္ဌာန် အာနာပါန စခန်းတွင် ၌ကဲ့သို့ ၂-ပါးမပြားတော့မူ၍သန္တတိ ပစ္စုပ္ပန်သဘော ပညာမြင်ဥဒယဗ္ဗယ ဉာဏ်ကိုသာလျှင် တခါတည်းကိုင်သည်ဖြစ်ပေရာ အထက်၌ ဆိုခဲ့သည့် အတိုင်း ဖဿနှင့်ဝေဒနာ သဘောကို ရိနိုင်ရန်--

ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်၏ ပစ္စုပ္ပန်အကျိုး ၅-ပါးဖြစ်သော
(၁) ဝိညာဏ်
(၂) နာမ်ရုပ်
(၃) သဠာယတန
(၄) ဖဿ
(၅) ဝေဒနာကို ကိုင်ပြီးလျှင်-
(၁) ဝိညာဏ်ကို အဝိဇ္ဇာကောက်ရ၏
(၂) နာမ်ရုပ်ကို သင်္ခါရကောက်ရ၏
(၃) သဠာယတနကို ၆-ပါးသော အကြည်ဓာတ်ဖြင့် ပစ္စုပ္ပန်အကျိုးတရားကို ဖွားနိုင်သည် ဖြစ်၍--
(၄) ဖဿ
(၅) ဝေဒနာ
တို့သည် အကြောင်းနှင့်အကျိုးအနေအားဖြင့်အထက် ၃-ပါးကို အပြန်အလှန် အားပေးအားမြှောက် ပြုခြင်း ဖြစ်ပေရာ-

၍ ပစ္စုပ္ပန် အကျိုး ၅-ပါး၏ အမှုအယာကို ရှုနိုင်သော ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီး၏ လှည့်ပတ်ဟန်ကို မြင်တွေ့သည် ဖြစ်ပေသည်။

**သတိ။** ။**ဖဿသဘာဝ** သည် ပေါင်းဆုံခြင်းသဘောဖြစ်၏။ ဝေဒနာကို ဖြစ်စေသော ဇီဝိတနဝက ကလာပ်ကို ပေါင်းစေခြင်းသဘောဖြစ်၏။ ၎င်းသည် ဇနကကံပင် ဖြစ်ရာ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်၏ အတိတ် အကြောင်း စက် ၅-ပါးဖြစ်သော-
(၁) အဝိဇ္ဇာ
(၂) သင်္ခါရ
(၃) တဏှာ
(၄) ဥပါဒါန်
(၅) ဘဝ-ကိုလည်း ဖဿ-တလုံးဖြင့်ပင် သိမ်းနိုင်၏။ အချုပ်ဆိုသော် ၂၈-ပါးသော **စေတနာ** ကံ-တရားသည်လည်း ဖဿပင်ဖြစ်ကြောင်း ဉာဏ်မြင်ရှင်းသင့်လှပါသည်။

**ဝေဒနာသဘာဝ** - ၍ကဲ့သို့--ဖဿရိပ်ရှိလာသော်-ရုပ်တရား-နာမ်တရားတို့လည်းပေါ်ရမည်ဖြစ်သည့်အတိုင်း ယခုဇီဝိတနဝက ကလာပ်သည်ပင် ဝေဒနာဖြစ်၏။

၍၌ သညာဝိညာဏ်ဖြင့် ခံစား၍ရသော ဝေဒနာကို မကောက်ယူမိရန် အရေးကြီးလှပါသည်။

ယခု ဝေဒနာသည်ကား ဖဿယူသော အကြောင်းကြောင့် ပေါ်ရသော အကျိုးတရားမျှသာဖြစ်၏။

(၁) အတိတ်အကြောင်း ၂၉–ပါးသော စေတနာကံ ဖဿသည်ကား-ဖြစ်

(၂) ပစ္စုပ္ပန်အကျိုး ဇီဝိတနဝကကလာပ်- ဝေဒနာသည်ကား-ပျက်

သဘောဖြစ်ရာ၌ကဲ့သို့အကြောင်းစစ်ဖြစ်သောဖဿ"ဖြစ်သဘော"နှင့်အကျိုးစစ်ဖြစ်သောဝေဒနာ "ပျက်သဘော"တို့ကိုမြင်ခြင်းသည်ပင်လျှင်–

"ပညာမြင်- ဥဒယဗ္ဗယဉာဏ်"ဟု ခေါ်ဆိုရခြင်းဖြစ်ပေသည်။ သို့သော် ဤအတိတ်အကြောင်း ဖဿနှင့် ပစ္စုပ္ပန်အကျိုးဝေဒနာတို့လည်း သညာဝိညာဏ်ဖြင့်သော် ဟိုဘဝနှင့် ယခုဘဝ အလွန်ဝေးလံနေပေရာ သာမံအားဖြင့် မငုံနိုင်ပေ၊ ထို့ကြောင့် ဆက်စပ်ခြင်းသဘာဝကို သိသင့်ရာ၏။

**ဆက်စပ်ခြင်းသဘော သန္တတိ ၃ ချက် သဘာဝ**

(၁) အကြောင်း-အကျိုးအားဖြင့် ဆက်စပ်ခြင်း-သန္တတိ

(၂) ကာလ ၃-ပါးအားဖြင့် ဆက်စပ်ခြင်းသန္တတိ

(၃) အစဉ်အားဖြင့် ဆက်စပ်ခြင်းသန္တတိဟူ၍ ၃-ပါးရှိရာတွင်-

(၁) **ကြောင်း-ကျိုး-သန္တတိသဘော**သည် ဥပမာအားဖြင့်မျိုးစေ့နှင့် သစ်ပင်-သစ်ပင်နှင့်မျိုးစေ့ကဲ့သို့ "သရက်စေ့ကြောင့် သရက်ပင်ပေါက်သည့်ပမာပင်ဖြစ်၏"သခ်တလောက၏ သ က်ရှိသက်မဲ့ လုံးဝဉဿုံကြောင်းကျိုးတို့ ဆက်စပ်လျက်ရှိကြပုံကို ဉာဏ်ငုံမိသင့်လှပါသည်၊ ၎င်း **သဘာဝ**ကိုပစ္စယ ပရိဂ္ဂဟဉာဏ်ဖြင့်သိမ်းဆည်း၏။

(၂) **ကာလ ၃-ပါး သန္တတိသဘော** သည်အတိတ်ကာလဖြစ်သော ရုပ်-ရုပ်ခြင်း၊ အနာဂတ် ကာလဖြစ်သော နာမ်-နာမ်ခြင်း ပစ္စုပ္ပန်ကာလဖြစ်သော ရုပ်နှင့်နာမ်တို့၏ဆက်စပ်ခြင်းသဘောဖြစ်၏။ ၎င်းသဘာဝကို သမ္မသနဉာဏ်ဖြင့်သိမ်းဆည်း၏။

(၃) **အစဉ်သန္တတိသဘော**သည့်စိတ်အစဉ်သန္တတိကံအစဉ်သန္တတိဟူ၍ရှိပေရာဝိထိစိတ်အစဉ်သည်စိတ်အစဉ်သန္တတိမည်၏။ ဤကဏ္ဍအတို့ ကံအစဉ်ကိုသာလျှင်အလိုရှိသဖြင့်ပညတ်သန္တတိသဘောဖြစ်သော ဆက်စပ်မှုဖြစ်သော ဥပမာ အဖြူဟုဆိုရာ၌ အမဲသည် တပါးတည်းဆက်စပ်လျက် ပါရှိပုံ မကောင်းဟုဆိုရာ၌ အကောင်းဆက်စပ် ကိန်းအောင်းလျက်ရှိပုံကို ဉာဏ်မြင်မိနိုင်ရန် အရေးကြီးဆုံးဖြစ်ပါသည်။

(ဤသဘာဝသည်ပင် ကံဆက်စပ်မှု သန္တတိဟုခေါ်၏)

ထို့ကြောင့် ရှင်တော်မြတ်သည် အနတ္တလက္ခဏာသုတ်တော်၌-

(၁) အတွင်း-အပြင်-ဆက်စပ်မှုကို ဥတုအကြောင်း

(၂) အနု-အကြမ်း-ဆက်စပ်မှုကို အာဟာရအကြောင်း

(၃) အမြတ်-အယုတ်-ဆက်စပ်မှုကို စိတ်အကြောင်း

(၄) အနိုး-အဝေး-ဆက်စပ်မှုကို ကံအကြောင်း အနေအားဖြင့် ဟောကြားဆုံးမ တော်မူရာတွင်-

ယခု-ဖဿနှင့် ဝေဒနာတို့၏ ဆက်စပ်မှုသည် ကံအကြောင်း ဆက်စပ်မှု သဘာဝဖြစ်၍ ဥပမာအားဖြင့် သတ္တဝါတဦး၏ ကံတရားကိုပင် ကြံဆသင့်လှပေသည်။

ရုပ်တရား-နာမ်တရားကိုမျှ မရိပ်မိ မသိရှိသေးကြသော အန္ဓပုထုဇဉ်တို့သည် ကုသိုလ်တရားသည် ကောင်းသောကြောင့် ကောင်းရာသုဂတိလျှင် လဲလျောင်းရာရှိ၏ဟူသော ယုံကြည်မှုဖြင့် ကုသိုလ်တရားကို အားထုတ်ပြုမူကြ၏။ မကောင်းပြီလော? ကောင်းပါသည်။ သို့သော် အကုသိုလ်တရားသည်ထိုကုသိုလ်တရား၌ကိန်းပြီးဆက်စပ်ပြီးဖြစ်၏။

ဖြစ်ပုံကား ကောင်းသော အလုပ်ကိုပြုလုပ်ခြင်း၏ ရည်ရွယ်ချက်သည် မကောင်းသော အလုပ်၏အကျိုးတရားဖြစ်သည့် ဒုဂ္ဂတိဘုံဘဝတို့ကိုကြောက်ရွံ့၍ သာလျှင်ပြုလုပ်ခြင်းဖြစ်ကြောင်း ထင်ရှားလှပေသည်၊ ထိုနည်းတူစွာ အကုသိုလ်ကို ကြူးလွန်ခြင်း၌လည်း ကုသိုလ်တရား ကိန်းလျက် ဆက်စပ်လျက်ရှိပုံကို မြင်စေရာ၏။ [အချုပ်ဆိုသော် ကုသိုလ်-အကုသိုလ်(တနည်း) ကောင်း-မကောင်းစသော သတ်မှတ်ချက်သည်ပင်လျှင် ဒွိဋ္ဌတရား၏လက်ချက်ဖြစ်၏]။

ဤသို့အားဖြင့် အဝိဇ္ဇာ-သင်္ခါရ-တဏှာ-ဥပါဒါန်-ဘဝ အတိတ်အကြောင်းစက်နှင့်ဝိညာဏ်-နာမ်ရုပ်-သဠာယတန-ဖဿ-ဝေဒနာ-ပစ္စုပ္ပန် အကျိုးစက်တို့၏ ဆက်စပ်ပုံသည် (အတိတ်အကြောင်းဇနက-ကံ-ဖဿအရိပ်)နှင့်(ပစ္စုပ္ပန်အကျိုး-ဇီဝိတနဝကကလပ်-ဝေဒနာရိပ်)တို့၏ ဘတပြန်ကျားတပြန်တပည့်မရှိဆရာချည်းဖြစ်ခါသညာဝိညာဏ်ဖြင့်သော်ဟိုဘဝသည် ဘဝဝေးလှသည် ဟုပင်အထင်ရှိရသော်လည်းစင်စစ်မဝေး။ တဆက်တည်း-တထပ်တည်းဖဿကြောင့် ဝေဒနာ၊ဝေဒနာကြောင့် ဖဿ(ဖဿထဲ၌ဝေဒနာကိန်း၍ ဝေဒနာ၌ပင်လျှင် ဖဿကိန်းလျက်ရှိပေရာ)ကမ္ဘာ တသိန်းက ပြုခဲ့မိသော ကံသည်ပင် ပစ္စုပ္ပန်ဝေဒနာရိပ် (တနည်း) ဇီဝိတနဝက ကလပ်၌ကိန်း သည်၊ ဆက်စပ်လျက်ရှိသည်ဖြစ်သဖြင့် ဝေးသည်-နီးသည်ဟူသော ပြဿနာမရှိနိုင်ပုံ သဘာဝ ကိုလည်း အထူးဝင်စားအပ်သော ကိစ္စကြီးဖြစ်သည့်ပြင်-

ဘုရား-ရဟန္တာ-အရိယာအရှင်မြတ်တို့တွင် ကံကုန်တော်မူပြီးဖြစ်၍(တနည်း) ကံ သန္တတိ (တနည်း)ဤ ဖဿနှင့် ဝေဒနာရိပ်တို့ဆက်စပ်မှု မရှိတော့ပြီဖြစ်၍ ပြုသမျှသောကုသိုလ်တရားတို့ ၌ အဆိပ်ဖြစ်သော အကုသိုလ်မပါ အကုသိုလ်တရား၌လည်း ကုသိုလ်တရားမပါ မစပ်သည်ဖြစ် သဖြင့် သံသရာစက်ရဟတ်မှ ကျွတ်လွတ်တော်မူကြခြင်းဖြစ်ပုံကိုလည်း အထူးကြည်ညို လေးစား အပ်လှပါသည်။

သို့ဖြစ်၍ ဤတောင်မှ ကျော်လွန်နိုင်ရန် ၎င်း ကံသန္တတိကို ဖြတ်တောက်ရန်ဖြစ်၏။ သို့ဖြတ် တောက်လိုက်သော် နာမက္ခန္ဓာ ၄-ပါး ပေါ်လာမည်ဖြစ်၏။ ထိုသောအခါမှသာလျှင် ထိုခန္ဓာ တို့ကို ပယ်သတ်ရန် ဆေးနည်းဖော်စပ်ရန် ဖြစ်ပေသည်။

၂၇-၉-၆၇

ဤကလာပ သည် ဥဒယဗ္ဗယဉာဏ်စခန်းဖြစ်သည့်အတိုင်း ''ဖြစ်-ပျက်''သဘောကိုအမြဲ ဖမ်းရမည်ဖြစ်ပေရာ ပထမ''ဖြစ်သဘော'' ကို ရှာရန်ဖြစ်၏။

သို့သော် သတိပြုရန်မှာ သညာဝိညာဏ်ဖြင့်ပြောသော''ဖြစ်သဘော'' ပညာဖြင့်ပြောသော ''ဖြစ်သဘော''ဟူ၍ အမျိုးမျိုးပြားလျက်ရှိခြင်းပင် ဖြစ်၏။

**ပညတ် ဖြစ်-ပျက် သဘော ဝိညာဏ်မြင် ဥဒယဗ္ဗယ ဉာဏ်သဘော**

ယခုမိန်၏ ဝင်လေ-ထွက်လေသည် စတုတ္ထတံခါးဖြစ်သော ချက်တိုင်၌ချုပ်ပြီးလျှင် ဝင်လေသော်၎င်း၊ ထွက်လေသော်၎င်း ချက်တိုင်၌ပင်စ၍ ချက်တိုင်၌ပင် ဆုံးလျက်ရှိပေရာ ထိုအစနှင့်အဆုံး၏ ဆက်စပ်မှုကို အစသည် ဖြစ်သဘော၊ အဆုံးသည် ပျက်သဘော ဟူ၍ရှု၏။ သို့သော်၎င်းသည် ပညတ် ''ဖြစ်-ပျက်'' (တနည်း) သန္တတိပညတ် ''ဖြစ်-ပျက်''ပင်ဖြစ်သဖြင့် ကိစ္စမပြီးပေ။ ပရမတ်''ဖြစ်-ပျက်''သို့ ကူးနိုင်ရန် ကြိုးစားရပေအုံးမည်။

**သတိ။** ။ဤဥဒယဗ္ဗယ ပညာသည် ကံကိုရေသောက်မြစ်နှင့်တကွ ပယ်သတ်သော ဉာဏ်ကြီးဖြစ်ပေရာ ပစ္စုပ္ပန်ကံသည် ခဏပစ္စုပ္ပန်နှင့် အတိတ်ကံသည် သန္တတိ ပစ္စုပ္ပန်တို့ကို ဝိညာဏ်မြင် ဥဒယဗ္ဗယဉာဏ်ဖြင့်၎င်း၊ ပညာမြင် ဥဒယဗ္ဗယဉာဏ်ဖြင့် ၎င်း ပယ်သတ်မည်ဖြစ်၏။

ထို့ကြောင့် ပညာမြင် ဥဒယဗ္ဗယဉာဏ်သည် အထက်ဖော်ပြပါ ချက်တိုင်၌ ဝင်လေ ထွက်လေတို့၏ အစနှင့်အဆုံး ဆက်စပ်မှု သန္တတိပညတ် (တနည်း) သန္တတိ ပစ္စုပ္ပန်ကို ဖြတ်တောက်နိုင်ရမည်ဖြစ်၏။ သို့မှသာလျှင် ကမ္မဘာသိန်းမှ ပြုမိမှားခဲ့သော ကံတရား အပေါင်းတို့ကို သေခါနီးကာလ၌ ဘိတ်ခေါ်သည်မဟုတ်ပေ။ သို့မဟုတ်သော် ထိုသတ္တဝါ ဆွဲကိုင်မည်အမှန် ဖြစ်၍ သံသရာဝဲသြဃမှ မလွတ်မြောက်နိုင်ခြင်းဖြစ်ပေသည်။

ထွက်လေအစ ချက်တိုင် ဟူသော သဘောတရား၌ ထွက်သောလေ အဆုံး ဟူသော သဘောတရားသည် အစဥ်ကိန်းလျက် ရှိသည်ဖြစ်၍ ထိုထွက်လေအစ သန္တတိပညတ် ရိပ်သည် ''ဖြစ်သဘော''ဟူသော ''သညက္ခန္ဓာ''ထွက်ပေါ် လာသောကြောင့် ''ဖြစ်သဘော'' **အစစ်**မည်၏။

ထွက်လေ၏ အဆုံးဟူသော ချက်တိုင်၌ ထွက်လေ၏ အစဟူသော သဘော တရား သည် အစဥ်ကိန်းလျက်ရှိသောကြောင့် ထိုထွက်လေ၏ အဆုံးသန္တတိပညတ်ရိပ်သည်''ပျက်သဘော'' ဟူသော ဝေနက္ခန္ဓာ''ထွက်ပေါ်လာသောကြောင့် ''ပျက်သဘော'' အစစ်မည်၏။

ဝင်လေ၏ အစဟူသော သဘောတရား၌ ဝင်လေ၏အဆုံးဟူသောသဘောတရားသည် အစဥ်ကိန်းလျက်ရှိသည်ဖြစ်၍ ထိုဝင်လေ၏ အစ သန္တတိပညတ်ရိပ်သည် ''ပျက်သဘော'' ဟူသော ''သင်္ခါရက္ခန္ဓာ''ထွက်ပေါ်လာသောကြောင့် ''ပျက်သဘောအစစ်''မည်၏။

ဝင်လေ၏ အဆုံးဟူသော ချက်တိုင်၌ ဝင်လေ၏အစဟူသော သဘောတရားသည်အစဥ်ကိန်းလျက်ရှိသောကြောင့် ထိုဝင်လေ၏ အဆုံး- သန္တတိပညတ်ရိပ်သည် ''ဖြစ်သဘော''ဟူသော ''ဝိညာဏက္ခန္ဓာ''ထွက်ပေါ်လာသည်ဖြစ်၍''ဖြစ်သဘော''အစစ်မည်၏။

**သတိ၊** ။ဤကဲ့သို့ သန္တတိပညတ်အနေအားဖြင့် ဝင်လေ-ထွက်လေတို့၏ ''အစနှင့်အဆုံး'' ''အဖြစ်နှင့် အပျက်'' ''အပျက်နှင့်အဖြစ်'' အပြန်အလှန်ငုံ၍ကိန်း၍နေခြင်းသဘာဝ သည်ပင်အနုသယကိလေသာမည်ပေရာ ဤဥဒယဗ္ဗယပညာသည် ထိုအနုသယကိလေသာကို လက်ညှိုးစ၍ ထိုးနိုင်သည်ဖြစ်၍ ရှင်ဘောမြတ်ချီးမွမ်းတော်မူခြင်းဖြစ်၏။

တဖန် အနုသယသည် ကိန်းခြင်း ဖြစ်ကြောင်း သိပြီးဖြစ်ပေရာ ယခုသန္တတိ ပစ္စုပ္ပန် သဘောဖြစ်သော သညာက္ခန္ဓာသည်လည်း ကိန်းခံတတ်၍ဖြစ်ရာ ၎င်းသဘာဝ ကို မြင်လိုက်ခြင်း သည်ပင် အနုသယကို ပယ်သတ်သည်မည်၏။

ကိန်းသဘောသည် - ပရမတ်

အကိန်းခံသောသဘောသည် - ပညတ်

ဖြစ်ကြောင်း အထူးဉာဏ်မြင်ရှင်းနိုင်ရန် အရေးကြီးလှပါသည်။

**(၁) သညက္ခန္ဓာ သဘာဝနှ** ဝိညာဏ်မြင်''ဖြစ်သဘော''၎င်း''ဖြစ်သဘော''သညက္ခန္ဓာ၏အကြောင်းရင်းကိုရှုသော် ပဋိစ္စသမုပ္ပါဒ်၏ အတိတ်အကြောင်း စက်၅-ပါးဖြစ်သော အဝိဇ္ဇာ-သင်္ခါရ-တဏှာ-ဥပါဒါန်-ဘဝတို့သည် ရှိ၏။ ဤ ၅-ပါးသည်ပင် ''ဖြစ်သဘော''ဖြစ်ရာ ၎င်းကို ပညာမြင် ဥဒယဗ္ဗယဉာဏ်က ပယ်သတ်မည် ဖြစ်၏။

ဤကဲ့သို့ ''အဖြစ်ရှိသည်''''အပျက်ရှိသည်''''အဖြူရှိသည်'' ''အမဲရှိသည်'' ''ကုသိုလ်ရှိသည်'' ''အကုသိုလ်ရှိသည်''ဟု ပြောဆိုရခြင်းမှာ စင်စစ် သဿတဒိဋ္ဌိ- ဥစ္ဆေဒဒိဋ္ဌိတို့၏ အစွဲ အယူပင်ဖြစ်၏။ ၎င်းဆက်စပ်မှု သန္တတိ (တနည်း) ကိန်းသဘော (တနည်း) ''ဖြစ်သဘော'' ''ပျက်သဘော''ကို ပယ်ဖြတ်နိုင်သော် အနုတ္တရမဗ္ဗ ဥက္ကောင်းဆိုက်ရောက်တော့သည် ဖြစ်၍ ရဟန္တာသခင်အရိယာအရှင်မြတ်တို့၏-

ကြောင်း- ကျိုး မပေါ်
ရုပ်-နာမ်မရှိ
ဖြစ်-ပျက် မပါ
အနိစ္စ-နှင့် သစ္စာလွတ်ကင်း
ဉာဏ်မြင်ရှင်းသည်
ဝိမုတ္တိခေါ်
ရသာပေါ်သည်
နိဗ္ဗာန်ပျော်တို့တရားတည်း။

ဟူသောဥဒါန်း ကြူးတော်မူဟန်ကို သတိမူ၍ ကြည်ညိုအားကျသင့်လှပေသည်။

သို့ဖြစ်၍ သင်္ခတလောကတခွင်တွင် သညာနှင့်ဝိညာဏ်တို့သာလျှင် အုပ်ချုပ် စိုးမိုးလျက်ရှိပေရာ ယခု ၎င်းတို့ကို ပယ်သတ်နိုင်သော ထိုဥဒယဗ္ဗယ ပညာပိုင်ပုဂ္ဂိုလ်အဘို့ရာတွင် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ''အကြောင်းဘဲ'' ''အကျိုးဘဲ'' ''ရုပ်ဘဲ'' ''အဖြစ်ဘဲ'' ''နာမ်ဘဲ'' ''အပျက်ဘဲ''ဟူ၍၎င်း ''ရှိသည်ဟူ၍၎င်း'' ''မရှိဟူ၍၎င်း''မပြောတော့ပြီဖြစ်၏။

**သတိ။** ။အချုပ်ဆိုသော် ကုသိုလ်တရားကိုငင်း၊ အကုသိုလ်တရားကိုငင်း အနှစ်အသားအနေဖြင့် မဆွဲကိုင်တော့မူ၍ ကုသိုလ်တရားကိုလည်း မပြုမဟုတ်၊ သို့သော် အဗျာကတ- အနတ္တတရား အနေဖြင့် ပြုတော်မူကြ၏။ အကုသိုလ် တရားကိုလည်း အဗျာကတ အနတ္တတရားအနေဖြင့်သာလျှင် ကြိတ်ချေတော်မူကြ၏။

ဤတွင် ပညာဉာဏ်သန့်သန့်ဖြင့် ဆွဲကိုင်နိုင်ရန်သည်အထူးအရေးကြီးသော ကိစ္စကြီးတရပ်ဖြစ်သည့်အတိုင်း သညာဝိညာဏ် ရှေ့သွားဖြင့် သဘာဝဓမ္မကို လှည့်ပတ်၍ ကုသိုလ်တရားကိုမပြုလုပ်ချင်၍ငင်း၊ အကုသိုလ်တရားကို လွန်ကြူးချင်၍သော်ငင်း ပြုမိပြုရာပြုလုပ်ပါသော် ဒိဋ္ဌိတရားယုတ်တို့၌ပင်ကျခါ သံသရာ၌နစ်မွန်းမည်ကို စိုးရိမ်သင့်လှပါသည်။

(ဤသည်တို့ကား- ဥဒယဗ္ဗယ ဝဲ၌ ကျပုံတက်ပုံ ဖြစ်၏)

ထို့ကြောင့် မိမိသည် ''အဖြစ်၌အပျက်'' ''အဖြူ၌အမဲ'' ဝင်လေ-ထွက်လေ၏ **''အစ၌အဆုံး''** ''အဆုံး၌အစ'' ကိန်းပုံကိုမြင်သည်ပင်လျှင် အဆက်ပြတ်သည်(တနည်း) သန္တတိဖြတ်သည်မည်ပေရာ (တနည်း) သညာဝိညာဏ်သေသည်မည်ပေရာ သညာဝိညာဏ်၏ ရေသောက်မြစ်ဖြစ်သော (တနည်း) ယေ်စဉ်တောင်ကျေး ခလေးဘဝ မှတ်တတ်သိတတ်သည့် အရွယ်မှစ၍ **အစု** လိုက် အပုံလိုက်- မှတ်သားလာသော သဘောဖြစ်သော သညက္ခန္ဓာသည်ပေါ်ရတော့၏။ ငင်းကို ဆွဲကိုင်သော် သဿတဒိဋ္ဌိ၌ကျ၍ မကိုင်သော် အနတ္တခေါ်ဖြစ်၏။ (မြင်အောင်ရှုပါရန်)

ထိုသညက္ခန္ဓာသည်ပင် စက်ရဟတ်၏ အတိတ်အကြောင်း စက် ၅-ပါး(တနည်း)ဖဿရိပ်ဖြစ်၏၊ ငင်းကိုသတ်ရန်သည် ပဋိစ္စသမုပ္ပါဒ်ပညာမြင် ဥဒယဗ္ဗယဉာဏ်၏ တာဝန်ဖြစ်၏။

(ဤသည်ကား- ခဏပစ္စုပ္ပန် ''ဖြစ်သဘော'' သညက္ခန္ဓာကို ဖမ်းပုံဖြစ်၏)

(၂) **ဝေဒနက္ခန္ဓာသဘာဝ**= ငင်းသည်ထွက်လေ၏အဆုံး ''**ပျက်သဘော**''ဖြစ်၏။ ငင်း၏ ရေသောက်မြစ်သည် ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်၏ ဝိညာဏ် နာမ်ရုပ်- သဠာယတန- ဖဿ- ဝေဒနာ တည်းဟူသော ပစ္စုပ္ပန် အကျိုး ၅-ပါးဖြစ်၏။ (ဝေဒနာသည် **ခံစားခြင်း** သဘော ဟု ဆိုသော်လည်း) ဤ၌သညာဝိညာဏ်ဖြင့် ခံစားမှုတို့ မသိအပ်ပြီ၊ မိမိ၏နှလုံးအိမ် မနောဝိညာဏ်၌ပင်လျှင် သညက္ခန္ဓာ ကဲ့သို့ ရှေးမဆွက ခံစား၍ လာခဲ့သော ဣဋ္ဌ- အနိဋ္ဌ (တနည်း) ကောင်း-မကောင်း စသော အရိပ်သဘောဖြစ်၏။

(၃) **သင်္ခါရက္ခန္ဓာသဘာဝ**=ငင်းသည် ဝင်လေ၏အစ ''ပျက်သဘော''ဖြစ်၍ ရေသောက်မြစ်မှာ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်၏တဏှာ-ဥပါဒါန်-ဘဝ-အဝိဇ္ဇာ-သင်္ခါရတည်းဟူသောပစ္စုပ္ပန်အကြောင်း ၅-ပါးဖြစ်၏။ ထွက်လေ၏ အဆုံးဖြစ်သော ဝေဒနက္ခန္ဓာထဲ၌ပင်လျှင် ဝင်လေ၏အစ ''ပျက်သဘော''ကိန်းလျက်ရှိပုံကိုလည်း ဉာဏ်မိရန် လိုအပ်ပါသည်။

(၄) **ဝိညာဏက္ခန္ဓာ သဘာဝ**= ငင်းသည် ဝင်လေ၏ အဆုံး''ဖြစ်သဘော''ဖြစ်၍ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်၏ ဝိညာဏ်-နာမ်ရုပ်-သဠာယတန-ဖဿ-ဝေဒနာ တည်းဟူသောအနာဂတ်အကျိုးစက် ၅-ပါး ရေသောက်မြစ်ရှိ၏။

**သတိ။ ။ဥဒယဗ္ဗယခန္ဓာ-ဝိညာဏ်မြင်သဘာဝ**

ဤကဲ့သို့ သန္တတိပညတ်စသော ဆက်စပ်မှု(တနည်း) ကိန်းမှုကိုဖြတ်တောက်လိုက်ခြင်းဖြင့် "ဖြစ်သဘော"ကိုငင်း- "သညက္ခန္ဓာ" သည်ငင်း- ရေသောက်မြစ်ဖြစ်သော အတိတ်အကြောင်း စက် ၅-ပါးသည်ငင်း- ဖသာရိပ်သည်ငင်း ပေါ်လာကြ၏။ ၎င်းခန္ဓာတို့သည် နလုံးအိမ်၌ အစဉ်ရှိနေပုံကို မြင်သိရခြင်းသည် ဝိညာဏ်မြင် ဥဒယဗ္ဗယခန္ဓာကို တွေ့မြင်သည်မည်၏။

**ဥဒယဗ္ဗယခန္ဓာပညာမြင်သဘာဝ**

ထိုဖော်ပြပါခန္ဓာတို့သည် အကြောင်းမဲ့ပေါ်လာရသည်မဟုတ်ပေ။ သဿတဒိဋ္ဌိ-ဥစ္ဆေဒဒိဋ္ဌိ-အတ္တဒိဋ္ဌိ-အာဒိရိယဒိဋ္ဌိ ကြီး ၄-ပါးကြောင့် ပေါ်နေရပေရာ ၎င်းဒိဋ္ဌိကြီးတို့ သေစေရန် ဤနာမက္ခန္ဓာ ၄-ပါးကို သတ်ရမည်ဖြစ်၏။ ထိုသတ်သော သဘာဝဉာဏ်ကို ပညာမြင် ဥဒယဗ္ဗယဉာဏ်ဟု ခေါ်၏။

**သတိ။** ။မဟာသတိပဋ္ဌာန် အာနာပါနလုပ်ငန်းစဉ်သည် ဤဝိညာဏ်မြင် ဥဒယဗ္ဗယ ပညာစခန်း (တနည်း) ခဏာပစ္စုပ္ပန်ပယ်သတ်ပြီးသော် လမ်းဆုံး၏။ ပညာမြင် ဥဒယဗ္ဗယဉာဏ်မှအစ အကျင့်တရားဖြစ်သော အာနာပါန လုပ်ငန်းစဉ်ဖြင့် မရပြီ၊ ပညာသန္နိသန္နိဖြင့်သာ လျှင် သွားရမည်ဖြစ်သည်ကိုလည်း ကြိုတင်သတိပြုရန်ဖြစ်ပေသည်။

၂၀-၉-၆၇

ယမန်နေ့ဟောစဉ်ဖြင့် ဤနာမက္ခန္ဓာ ၄-ပါးတို့သည် ပဋိစ္စသမုပ္ပါဒ်ခန္ဓာတို့ဖြစ်ကြောင်းနာကြားပြီး ဤသဘာဝနှင့် စပ်လျဉ်း၍ ပဋိသန္ဓေ ၄-မျိုးကို သိသင့်ပေရာ-

(၁) နာမရူပ ပရိစ္ဆေဒဉာဏ်- ပစ္စယပရိဂ္ဂဟဉာဏ်- ရုပ်နာမ်မျှဖြင့် ပဋိသန္ဓေ ယူနိုင်ခြင်းသည် အဟိတ်ပဋိသန္ဓေမည်၏။

(၂) သမ္မသနဉာဏ်- ကာလ ၃-ပါး ရုပ်နာမ်မျှဖြင့် ပဋိသန္ဓေယူနိုင်ခြင်းသည် ဒွိဟိတ်ပဋိသန္ဓေ မည်၏။

(၃) ဝိညာဏ်မြင်- ဥဒယဗ္ဗယ ဖြစ်-ပျက်-ရုပ်နာမ်ဖြင့်ပဋိသန္ဓေယူနိုင်ခြင်းသည် တိဟိတ်ပဋိသန္ဓေ မည်၏။

(၄) ပဋိစ္စသမုပ္ပါဒ် ယန္တရားခန္ဓာကို ယူနိုင်ခြင်းသည် အထက်တန်း တိဟိတ်ပဋိသန္ဓေမည်၏။ (ရူပ-အရူပ ဗြဟ္မာကြီးတို့ ယူသောခန္ဓာလည်းဖြစ်၏)။

မဟာသတိပဋ္ဌာန် အာနာပါနဖြင့်သော် ထိုနာမက္ခန္ဓာ ၄–ပါးတို့သည် ဖဿနှင့် ဝေဒနာ ရုပ်တို့ပင်ဖြစ်ပေရာ (ဖဿကား-အတိတ်ဇနကကံရုပ်နှင့် ဝေဒနာကား ပစ္စုပ္ပန်ဇီဝိတနဝက ကလာပ်ပင်ဖြစ်ကြောင်း သတိမမေ့အပ်ပေ)။

တဖန် ဝိပဿနာလုပ်ငန်းစဉ်တွင် သင်္ခါရကို သင်္ခါရကရှုသည်ဟုပင် ဆိုရသော်လည်း ဤဝိညာဏ်မြင် ဉဒယဗ္ဗယဉာဏ်၏ အထက်ရောက်သော်- ရှုအပ်သော သဘောမရှိပေ။ ရှုတတ်သောသဘောသည်သာ ကျန်ရှိပုံကိုလည်း သတိမူရန်ဖြစ်ပေရာ-ပညာမြင် ဉဒယဗ္ဗယဉာဏ်စခန်းသို့ တက်လှမ်းနိုင်ရန် ဤနာမက္ခန္ဓာ ၄-ပါး (တနည်း) ဒိဋ္ဌိ ၄-ချက်ကို သုည ၄-လုံးဖြစ်သော-

(၁) သုညတဋ္ဌ အနတ္တ = သုဉ်းဆိတ်ခြင်းသဘော

(၂) အသာရကဋ္ဌ အနတ္တ = အနှစ်အသားမရှိခြင်းသဘော

(၃) ပရတ အနတ္တ = တစိမ်းပြင့်ပြင် ရေသွင်သွင်သဘော

(၄) အဝသဝတ္တနဋ္ဌ အနတ္တ = အစိုးမရ အလိုသို့ မလိုက်ခြင်းသဘော

ဖြင့် ပယ်သတ် ကြိတ်ချေရမည်ဖြစ်၏။

ဤတွင် အများသူ-ငါ ပြောဆို လက်ကိုင်ပြုသော ကံတရားသည် အကျုံးဝင်လာပေရာ မဂ္ဂသမ္မာဒိဋ္ဌိ-ဖလသမ္မာဒိဋ္ဌိတည်းဟူသော မဂ်တရားဖိုလ်တရားကို လိုလားသော ပုဂ္ဂိုလ်တို့သည် ပထမအားဖြင့် ''ကမ္မဿကတာသမ္မာဒိဋ္ဌိ''အစစ်စခန်းသို့ တက်လှမ်းနိုင်ရမည်ဖြစ်ပေသည်။

သို့သော် ကံ-ကံ၏အကြောင်းကို ယုံကြည်ကြပါသည်ဆိုသော အန္ဓပုထုဇဉ်တို့အဘို့ရာတွင် ကုသိုလ်ကံကို သဿတဒိဋ္ဌိ အနေအားဖြင့်၎င်း၊ အကုသိုလ်ကံကိုဥစ္ဆေဒဒိဋ္ဌိအနေဖြင့်၎င်း ဆွဲကိုင်၍သာလျှင် ပြုမြဲဖြစ်၏( မဟာဂ္ဂုတ်ကံသည်လည်း ထိုနည်းတူပင်ဖြစ်ပေသည်)။

အရိယာအစရှိသော ကလျာဏပုဂ္ဂိုလ်တို့မှာမူကား ကုသိုလ်- အကုသိုလ် တရားတို့ကို သဿတဒိဋ္ဌိ-ဥစ္ဆေဒဒိဋ္ဌိတို့မှလွတ်၍ ပညာဖြင့်သာလျှင် ကိုင်တော်မူကြ၍ သံသရာ့ စက်ရဟတ်မှ ကျွတ်လွတ်တော်မူကြရပေသည်။

## ပယ်သတ်စဉ်

(၁) **သညက္ခန္ဓာ-သဿတဒိဋ္ဌိနှင့် သုညတအနတ္တသဘော**- သဿတဒိဋ္ဌိသည် အလွန်တရာမှပင်လျှင် ကျယ်ဝန်းသော သဘောရှိပေရာ- ၎င်းသည် ''မြဲ၏''''ရှိ၏''ဟူသော အဓိပ္ပါယ်ကို ဆောင်သော်လည်း မိမိတို့၏ဉာဏ်မြင်မှိသမျှသာ ဆွဲကိုင်နိုင်ကြပေသည်။ ဝိပဿနာ ဉာဏ်များသည် ဤဒိဋ္ဌိတို့ကို နည်းမျိုးစုံဖွင့်၍ ချေကြသည်သာဖြစ်၏။ သို့သော်လည်း ဝိညာဏ်မြင် ဉဒယဗ္ဗယပညာထိ ဒိဋ္ဌိအနေဖြင့်လိုက်၍ ''သဿတဥစ္ဆေဒ''အနေဖြင့်သော် အရဟတ္တမဂ်ထိ လိုက်နိုင်သည်ဖြစ်သဖြင့် မဂ်ဖိုလ်နိဗ္ဗာန်ကို အလိုရှိတော်မူကြသော ပုဂ္ဂိုလ်တို့ ထိုဒိဋ္ဌိတရားကိုသာမဟု မယူဆသင့်ပေ၊ အဘယ့်ကြောင့်ဟူမူ ဤသဿတဒိဋ္ဌိ- ဥစ္ဆေဒဒိဋ္ဌိ- အတ္တဒိဋ္ဌိ ၃-ပါး၏အပေါင်းသဘောသည် သက္ကာယဒိဋ္ဌိဖြစ်သောကြောင့်ပေတည်း။

ထို့ကြောင့် ပုခက်တွင်းကလေးအရွယ်မှစ၍မှတ်တတ်သောအခါမှပင်လျှင် သညာဝိညာဏ်ဖြင့် သိမှတ်သိမှီးလာခဲ့သော အမှတ်ဟောင်း အစုအပုံသည် သညက္ခန္ဓာဖြစ်ပေရာ နောင်စကားပြောတတ်သော အရွယ်ရောက်သော် ထိုကိန်းလျက်ရှိသော အမှတ်ဟောင်းတို့ကိုပင် သခ်ါရမှုတို့၌ အနှစ်အသား အနေအားဖြင့် စွဲယူပြီးလျှင်-

(၁) ဒိဋ္ဌ မင်္ဂလာ = မြင်မှုကိစ္စအဝဝတို့၌ငှင်း

(၂) သုတ မင်္ဂလာ = ကြားမှုကိစ္စအဝဝတို့၌ငှင်း

(၃) မုတ မင်္ဂလာ = ထိတွေ့မှုကိစ္စအဝဝတို့၌ငှင်း

(၄) ဝိညာတမင်္ဂလာ = သိမှုကိစ္စအဝဝတို့၌ငှင်း

ကိုးကားနိုင်းယှဉ်၍ အသုံးပြုတော့၏။ ဤသဘောသည်ပင် သညက္ခန္ဓာဖြစ်၍ သဿတဒိဋ္ဌိမည်၏။

**ဆတိ။** ။အချုပ်ဆိုသော်သဿတဒိဋ္ဌိသည် နှလုံးအိမ်၌အစဉ်အားဖြင့်ရှိနေသောအမှတ်ဟောင်း အစုအပုံကို အမှန်အနေအားဖြင့် စွဲယူခြင်းသဘောဖြစ်၏။

သညာဝိညာဏ်ရှိသမျှ ဤသဿတဒိဋ္ဌိဖြင့် မလွတ်ကင်းနိုင်ပုံကို နည်းပရိယာယ်အမျိုးမျိုး သဘာဝအမျိုးမျိုးဖြင့် ဉာဏ်ကုန်စိုက်၍သာလျှင် ကြံဆတော်မူကြရန်ဖြစ်ပါသည်။

**သုညတအနတ္တဖြင့်သတ်ပုံမှာ-**

ဘယ်တုံးဘယ်ခါ- ဘယ်ကမ္ဘာ-ဘယ်ဘဝမှအစပြု၍ မှတ်သားလာခဲ့သော (တနည်း) ပြုမိလေခဲ့သမျှသော ကံတရားအပေါင်းတို့သည်ထိုပြုစဉ် (တနည်း) မှတ်သားစဉ် ကာလ၌ပင် ဥပါဒ်-ဌီ-ဘင် အားဖြင့် ချုပ်ခဲ့လေသော်လည်း ခန္ဓာဇာတ်မသိမ်းနိုင်သေးသော မိမိ၏ နှလုံးအိမ်၌ သညက္ခန္ဓာအနေအားဖြင့် စုလျက်ပုံလျက်ရှိသည်ကား အမှန်ပင်ဖြစ်သည်ဟု ဆိုရပေမည်။ သို့သော်လည်း စေ့စေ့စပ်စပ်သုံးသပ်ပါသော် ငှင်းသည် ပရမတ်သဘာဝအနေဖြင့်သုဉ်းဆိတ်ခြင်း သဘောသာဖြစ်၏။ မိမိကဆွဲကိုင်၍သာလျှင် သဿတဒိဋ္ဌိ၌ကျရောက်ရခြင်းဖြစ်၏၊ မဆွဲကိုင်သော် (တနည်း) အမှန်ရှိ-အဟုတ်ရှိ-အနှစ်အသားအနေဖြင့် ရှိသည်မဟုတ်ဟုကြွေတလက်ကြက်တခုန် ပညာဉာဏ်ဖြင့် သိမ်းပိုက်နိုင်သော် ငှင်းသညက္ခန္ဓာသည် သုညတအနတ္တ၌ ဥက္ကောင်းဆိုက်ရောက် ရဘော့သည်ဖြစ်၏။(တနည်း)

သညက္ခန္ဓာသဘာဝအမှန်ကို မြင်ခြင်းသည်ပင်လျှင် သညာဆိတ်သုဉ်း၍ သဿတ ဒိဋ္ဌိမှ ကျွတ်လွတ်သည်မည်၏။ (တနည်း) သညက္ခန္ဓာ တည်းဟူသော အနုသယကို မြင်သည်ပင်လျှင် အနုသယကို ပယ်သတ်သည်မည်၏။ (အထူးစူးစိုက်တော်မူကြပါရန်)

(၂) **ဝေဒနက္ခန္ဓာ-ဉစ္ဆေဒဒိဋ္ဌိနှင့် အသာရကဋ္ဌ အနတ္တသဘာဝ-** သညက္ခန္ဓာ ရှိသော် ခံစားသော ဝေဒနက္ခန္ဓာလည်း ရှိမည် အမှန်ဖြစ်ပေသည်။ ငှင်းသည် ဉစ္ဆေဒ သဘော ဖြစ်ရာ အဓိပ္ပါယ်မှာ ''ပြတ်၏-ကင်း၏''ဟုစွဲယူသော သဘောဖြစ်၏။ အတိတ်ဖြစ်သော သညာသည် ပြတ်၏၊ အနာဂတ်ဖြစ်သော သခ်ါရသည် ကင်း၏ ဟု ယူပြီးလျှင် ပစ္စုပ္ပန်၌ မိမိ၏သညာဝိညာဏ်၏ ဆွဲဆောင်မှုဖြင့် ပရမ်းပတာပြုမိပြုရာ တွေ့မရှောင်ခံစားခြင်းဖြစ်၏။

**အသာရကဌအနတ္တဖြင့်သတ်ပုံ**-ယခုမှာမူကား ၎င်းအားကိုးအမှီပြုရသော သညက္ခန္ဓာသည် သုညတအနတ္တ၌ ဥက္ကောင်းကျရောက်ပြီးရာ "သညာမရှိတော့သော ဝေဒနာ"သည် ခံစားခြင်းငှာ မတတ်နိုင်တော့ရကား ဤဝေဒနက္ခန္ဓာသည် အနှစ်အသား မရှိသည့်အတိုင်း အသာရကဌအနတ္တ၌ ဆိုက်ရောက်ရတော့၏။

**(၃) သင်္ခါရက္ခန္ဓာ-အတ္တဒိဋ္ဌိနှင့် ပရတ အနတ္တသဘာဝ**- သင်္ခါရက္ခန္ဓာ သဘောသည် အနာဂတ်အကျိုးတရားအတွက် ပြုပြင်ခြင်းပင်ဖြစ်၏။ မိမိတို့၏ ယခုပစ္စုက္ခရရှိနေသောအကျိုးခန္ဓာ ကောင်းဖြင့်ပင် မဘင်းတိမ်မူ၍ ခုရောနောင်ခါ ကောင်းအောင်သာ ဟူသော ရည်ရွယ်ချက် ဖြင့် အကုသိုလ်တရားတို့ကိုလည်း ရှောင်ရတိမ်းရ- ကုသိုလ်တရားတို့ကိုလည်း ပြုလုပ်ကြရ ခြင်းသည် **စင်စစ်** အနှစ်အသားအနေဖြင့် စွဲယူသည်ဖြစ်၍ အတ္တဒိဋ္ဌိ၌ ကျရခြင်းဖြစ်၏။

**ပရတ အနတ္တဖြင့်သတ်ပုံ** - ဤကဲ့သို့ အနာဂတ်ကာလအတွက် ကောင်းနိုင်ရန် အတ္တဒိဋ္ဌိကို ကိုင်၍ အန္တပုထုဇဉ်တို့ ပြုလုပ်ကြသော်လည်း သညာက္ခန္ဓာ= သဿတဒိဋ္ဌိနှင့် ဝေဒနက္ခန္ဓာ- ဥစ္ဆေဒဒိဋ္ဌိတို့ကို ဇာတ်သိမ်းပြီးသော မိမိအဘို့ရာတွင် မိမိခန္ဓာကိုယ်၏ ခုရောနောင်ခါကောင်းစား နိုင်ရန်ဟူသော အတ္တဒိဋ္ဌိသည် မကပ်ငြိနိုင်တော့မူ၍မလွဲမရှောင်သာသော ခန္ဓာဝန်သင်္ခါရမှုတို့၌ တစိမ်းပြင်ပြင် ရေသွင်သွင် အနေအားဖြင့်သာလျှင် ကျရောက်သော သဘာဝအတိုင်း ပြုမှုလုပ်ကိုင် ဆောင်ရွက်နိုင်ရပေရကား- ဤသင်္ခါရက္ခန္ဓာသည်လည်းပရတ အနတ္တ၌ ဆိုက်ရောက်ရပြီးလျှင် အတ္တဒိဋ္ဌိ ဇာတ်သိမ်းတော့သည် ဖြစ်ပေသည်။

**(၄) ဝိညာဏက္ခန္ဓာ-အကိရိယဒိဋ္ဌိ နှင့် အဝသဝတ္တန အနတ္တသဘာဝ**- သတ္တလောက၌ လူတို့တွင် လောကီလောကုတ် ၂-ဖြာသော အဆုံးအမဖြင့် သာလျှင် ထိုက်သည့် အားလျော်စွာ လိမ္မာယဉ်ကျေးကြရပေသည် (သီလ-သမာဓိ-ပညာကိုယူပါရန်) ဤကဲ့သို့သော သွန်သင်ပဲ့ပြင်မှု မရှိပါသော် ၎င်းဝိညာဏ်ကြီးသည်အကိရိယဒိဋ္ဌိ ဘာမျှမရှိဟူသောအယူဖြင့် ပစ္စုပ္ပန်တွင်ပြုမိပြုရာ မဆင်မခြင် ပြုမည်အမှန်ဖြစ်ပေသည်။

(ဉာဏ်ကုန်ဖွင့်၍ ချွတ်ကြီးဆပါရန်)

**အဝသဝတ္တနဌ အနတ္တဖြင့်သတ်ပုံ** - ဤကဲ့သို့ထင်မိထင်ရာ ပြုမူနိုင်ခြင်းသည် စင်စစ်သညာ ဝိညာဏ်ဖြင့် ခံစားချင်၍သာလျှင် ပြုလုပ်ခြင်းဖြစ်ပေရာ ယခုမှာမူကား- အမှတ်ဟောင်းဖြစ်သော သညက္ခန္ဓာ-ခံစားချင်သော=ဝေဒနက္ခန္ဓာနှင့်ပြုလုပ်သော= သင်္ခါရက္ခန္ဓာတို့သည် အသီးသီးသော အနတ္တဓမ္မ၌ ဇာတ်သိမ်းပြီး ဖြစ်ကြသဖြင့် ဤဝိညာဏက္ခန္ဓာကြီးသည် မိမိကိုယ်မိမိပြုချင်ရာ မပြုနိုင်ခြင်း တည်းဟူသော အစိုးမရ- အလိုသို့မလိုက်တော့ပြီဖြစ်ရကား ဤ ဝိညာဏက္ခန္ဓာ သည်လည်း အဝသဝတ္တနဌ အနတ္တ၌ ကျရောက်ပြီးလျှင် အကိရိယ ဒိဋ္ဌိဇာတ်သိမ်းတော့သည်ဖြစ်၍-


ဤသာသနာတွင် ဤခန္ဓာဖြင့် ဤခန္ဓာဘရား ၄-ပါးကို ပညာမြင် ဥဒယဗ္ဗယဉာဏ်မြတ်ဖြင့် မိမိတို့၏အတည်ပြု၍ အရဆွတ်ယူပါမည့်ပါရမီလုပ်ငန်းစဉ်အတွက် ကြီးမြတ်သော အထောက် အပံ့ဖြစ်စေရန် မရ-အရ၊ မသေ-သေအောင် ပယ်သတ် ကြိတ်ချေနိုင်ရန်သည် မကြာလှသော မသေမီအချိန်နေ့ရက်အတွင်း အစွမ်းကုန် ကြိုးစား အားထုတ်သင့်လှပါတော့သည်။

၂၉-၉-၆၇

## ပဋိစ္စသမုပ္ပါဒ် သမ္ပဇည အပိုင်း

"ပုနစ ပရံ ဘိက္ခဝေ ဘိက္ခု ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ၊ ဌိတော ဝါ ဌိတော မှိတိ ပဇာနာတိ၊ နိသိန္နော ဝါ နိသိန္နောမှိတိ ပဇာနာတိ၊ သယာနော ဝါ သယာနော မှိတိ ပဇာနာတိ"

(ပုံစံအမှတ် ၂၇)




အစရှိသော ပဟာသတိပဋ္ဌာန် သမ္ပဇညအပိုင်း ပါဠိတော်အရ သွားခြင်း ရပ်ခြင်း ထိုင်ခြင်း လျောင်းခြင်း စသော ဣရိယာပုဒ်တို့၌ သတိဖြင့် သာလျှင် ဟုတ်မှန်သည့်အတိုင်း ဆင်ခြင် ရှုမှတ်ရန်ဖြစ်ရာ သွားသော်- သွားသည်ဟု သိရန် အဓိပ္ပါယ်ရှိ၏။ သို့သော် သိပုံ၊မှတ်ပုံ၊ ရှုပုံမှာ နည်းအမျိုးမျိုး ပြားလျက်ရှိသဖြင့် ပဇာနာတိ အရ- ပညာသိဖြစ်သော အမြင်အားဖြင့် ဟုတ်မှန်တိုင်း အမှန်သိခြင်းသဘောသည်သာလျှင် မဟာသတိပဋ္ဌာန် ၌ဝင်သည်ကို အထူးသတိပြုရန်ဖြစ်ပါသည်။

ရှင်တော်မြတ်သည် ဤဣရိယာပထ လုပ်ငန်းစဉ် ကိုပေးအပ်တော်မူခြင်းမှာ အာနာပါန တံခါး ၄-ပေါက်ဖြင့် ကိစ္စမပြီးကြသော ပုဂ္ဂိုလ်တို့အတွက်ဖြစ်၍ မည်မျှ လေးနက်ခြင်း ရှိကြောင်းနှင့် မဂ်တရား ဖိုလ်တရားကို ရသည်ဆိုခြင်း၌ ဤအရိယာပထလုပ်ငန်း စဉ်ဖြင့်ကင်း၍မရကောင်းပေဟူ၍လည်း ဆိုဆုံးမတော်မူခြင်းကြောင့် ဤသမ္ပဇညလုပ်ငန်းကြီးကို သာမံအားနေဖြင့် မယူဆမိရန်သည် ပထမ အရေးကြီး လှပါသည်။ သို့မဟုတ်ပါမူကား အချိန်ကုန်လူပမ်းသည်နှင့် မျှတသော အကျိုးတရားကို ခံစားရမည်မဟုတ်ပေ။

**ဣရိယာပထလုပ်ငန်းစဉ်၏ သိမှတ်မှု ၃-မျိုးမှာ-**

(၁) သညာသိ
(၂) ဝိညာဏ်သိ
(၃) ပညာသိဟူ၍ ရှိရာတွင်-

**(၁) သညာအမှတ် ဣရိယာပုဒ်သဘောသည်** အများသော သတိပဋ္ဌာန်တရားပွား များသော ပုဂ္ဂိုလ်တို့ပင်လျှင် သတိမမူမိကြသည်က များပေသည်။ ဥပမာအားဖြင့် သွားသော်- သွားသည်ဟု သိမှတ်သော ပုဂ္ဂိုလ်သည်-

ခြေဖဝါး

ခြေထောက်၏ လှမ်းခြင်း-သွားခြင်း

ကိုသာ ရှုမှတ်လေ့ရှိ၏။ ၎င်း ခြေဖဝါး ခြေထောက်သည် အစိုင်အခဲဃနပင်ဖြစ်၍အမှတ်များလာသောအခါတွင် ဤခြေဖဝါး ခြေထောက်တည်းဟူသော ပညတ်နိမိတ်ပင် ထင်မြင်သည် ဖြစ်ရာ စင်စစ် ၎င်းနိမိတ်သည်ပင် သညာအမှတ် ပညတ်သာဖြစ်၏။

ဤအမြင်-ဤအသိဖြင့် နာမ်ကူးသော် သွားတာက ရုပ်၊ သိတာကနာမ်အနေဖြင့်သာလျှင် ရမည်ဖြစ်၍ သတိပဋ္ဌာန်၌ လုံးဝမဝင်ပေ။

(၂) **ဝိညာဏ်အမှတ် ဍရိယာပုဒ်သဘောသည်** အထက်ဖော်ပြပါ သညာအမှတ်နှင့် ခြားနားပေသည်။ သွားသည်-သွားသည်ဟုပင် မှတ်သော်လည်း သွားမည် ပြုသော အခါတွင် ပထမ ခြေထောက်ကို နုတ်ခြင်းကိုမှတ်၏။ ဒုတိယဆောင်ပုံကိုမှတ်၏။ တတိယချဟန်ကို မှတ်၏။ ဤကဲ့သို့ ခြေတလှမ်း၌ပင်လျှင် ၃-ချက်မိအောင် သိမှတ်သော်ငြားလည်း ပညတ်ကိုသာ သိမှတ်သည်ဖြစ်၍ ရုပ်-နာမ် ကူးသောအခါတွင် ဒုတိယ အမှတ်ဖြစ်သော ဆောင်ပုံကို ပလပ်၍ အနုတ်ကား-ရုပ်၊ အချကား-နာမ် အနေဖြင့် သာလျှင် ကူးနိုင်ပေသည်။ ဤသည်လည်း သတိပဋ္ဌာန်၌ မဝင်နိုင်သေးပေ။

သို့သော် နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟ ဉာဏ်ပိုင်၍ဃနကျေပြီးသော ပုဂ္ဂိုလ်တို့အဘို့ရာတွင် သမ္မသနဉာဏ်၏ ကာလ ၃-ပါး ရုပ်-နာမ်အနေအားဖြင့်ယူသော် သင့်သေး၏။

(၁) အနုတ်ကား အတိတ် သဘော ဖြစ်၍ = ရုပ်

(၂) အချကား အနာဂတ် သဘော ဖြစ်၍ = နာမ်

(၃) အဆောင်ကား ပစ္စုပ္ပန်သဘောဖြစ်၍ = ရုပ်-နာမ် ဖြစ်၏။

**သတိ။** ။အချုပ်ဆိုသော် ဃနအစိုင်အခဲ မကျေညက်လေသမျှ သညာဝိညာဏ်ဖြင့် မလွတ်ကင်းနိုင်ကြောင်းပင်ဖြစ်၏။

(၃) **ပညာနှင့်ယှဉ်သော ဍရိယာပုဒ်သဘောသည်** ပုံစံ အမှတ် ၂၇-ပင် ဖြစ်ပေရာ (က) **သွားခြင်းကိရိယာသည်** ခြေတလှမ်းပြီးတလှမ်း-လှမ်းခြင်းဖြင့် သွားသည်ဟူသော **သဘော ဖြစ်၍ နာမပညတ်ဖြစ်၏။**

(ခ) သွားခြင်းအမူအရာ သွားခြင်း လှမ်းခြင်းသဘောသည် အမူအယာပင်ဖြစ်ရာ ထိုအမူအယာသည်လည်း စင်စစ် သဏ္ဍာန်ပင်ဖြစ်၏။ သို့ဖြစ်၍ သွားသည် လှမ်းသည်ဆိုသော သဘောကို သဏ္ဍာန်နှင့်တကွ စိတ္တဇဝါယောနှင့်သွားလိုသော စိတ်ဝိညာဏ်တို့၏ ကူညီထောက်ပံ့မှုဖြင့်သာလျှင် သွားခြင်းကိရိယာပေါ်ရခြင်းဖြစ်ပေသည်။

ဥပမာသော် ပထဝီပေါ်နိုင်ရန် ကျန်ဓာတ် ၃-ပါးတို့က ထောက်ခံအားပေးရသကဲ့သို့ပင် ဖြစ်၏။

ဤသဘောမျှဖြင့် ခြေဖဝါး ခြေထောက် အစရှိသော ဃနပညတ်နိမိတ် မပါလာတော့ပြီ ဖြစ်၏၊ နာမရူပပရိစ္ဆေဒဉာဏ်၏ ဌာန် ၄-ချက်ဖြင့်သော်

သွားခြင်းကိရိယာကား = နာမပညတ် လက္ခဏာသဘော

သွားခြင်းအမူအယာကား = သဏ္ဌာနပညတ် ရသ,သဘောဖြစ်၏။

(ဂ) ထိုအထက်ဖော်ပြပါ သွားခြင်းကိရိယာ=နာမပညတ်နှင့် သွားခြားအမူအယာ= သဏ္ဌာနပညတ်တို့သည် စိတ္တဇဝါယောဓာတ် သမူဟပညတ်ကြောင့်ပင်ဖြစ်ပြီးလျှင် ဌာန် ၄-ချက် ဖြင့်သော် ပစ္စုပဋ္ဌာန်ဖြစ်၏။

(ဃ) သွားလိုသောစိတ်ဝိညာဏ်=စိတ္တဇဝါယောဓာတ်ဆိုသည်မှာလည်း အကြောင်းမဲ့ မပေါ်နိုင်ပေ၊ သွားလိုသောစိတ်ကြောင့်ပင်ဖြစ်ပေရာ သွားလိုသောစိတ်ဝိညာဏ် ဌာန် ၄-ချက်ဖြင့် သော် ပဒဋ္ဌာန်ကြောင့် စိတ္တဇဝါယော၊ စိတ္တဇဝါယောကြောင့် သွားခြင်းအမူအယာ၊ သွားခြင်း အမူအယာကြောင့် သွားခြင်းကိရိယာတည်းဟူသော ၄-ပါး၏ သန္တတိ ဆက်စပ်မှုသဘောကိုပင် သွားသည် လှမ်းသည် စသော ကိရိယာပုဒ် ၄-ပါးဟု ပြောရခြင်းဖြစ်ပေသည်။

**သတိ**။ ။ထို့ကြောင့် မဟာသတိပဋ္ဌာန် ဣရိယာပထ လုပ်ငန်းစဉ်ကိုအချိုးကျ ပွားများအားထုတ် လိုသော ပုဂ္ဂိုလ်သည် ပဋ္ဌမအစမှပင်လျှင် အပိုးသေပါမှ အကျိုးများမည် ဖြစ်သဖြင့် သညာဝိညာဏ်ဖြင့် သိမှတ်မှုတို့ကို အထူးသတိပြု၍ ရှောင်ရှားသင့်လှပါသည်။

၃၀-၉-၆၇

သန္တတိသည်-

(၁) သဘာဝပရမတ်သန္တတိ၊

(၂) ပညတ်သန္တတိဟူ၍ ၂-မျိုးပြား၏။

ယခုကဏ္ဍ၏ သန္တတိကား ပရမတ်သန္တတိဖြစ်၏၊ ၎င်းသည် သွားခြင်းကိရိယာအစရှိသော သဘာဝ ၄-ချက်၏ ဆက်စပ်မှုဖြစ်၏။ နာမပညတ်အစရှိသော ပညတ် ၄-ပါးကား ပညတ် သန္တတိဖြစ်၏။

သို့ဖြစ်၍ ပညာသိသွားခြင်းဣရိယာပုဒ်လုပ်ငန်းစဉ်သည် သညာဝိညာဏ်၏ သိမှတ်မှုဖြစ် သော ခြေဖဝါး ခြေထောက်ပညတ်နိမိတ်ကို မသိမှတ်မူ၍ သွားခြင်းအစရှိသော ဣရိယာပုဒ် ၄-ပါး ၏ ကိရိယာသဘောမျှကိုသာ ဆင်ခြင်ဝေဘန်၍ ရှုမှတ်ခြင်းဖြစ်၏။

ဤကဲ့သို့ရှုမှတ်ရခြင်းသည် သတိပဋ္ဌာန်ခန္ဓာများ အစုံပေါ်ထွက်စေလိုသောကြောင့်ဖြစ်၏။

တဖန် နာမပညတ်အစရှိသော ပညတ် ၄-ပါး၏ ဆက်စပ်မှုသည် ပညတ်သန္တတိဖြစ်ပေရာ ထိုပညတ်သန္တတိ အဘယ့်ကြောင့် မည်သူ၏ လက်ချက်ဖြင့် ဆက်စပ်ရလေသနည်းဟု စိစစ်သော် သညာဝိညာဏ်ကြောင့်ဖြစ်ကြောင်းတွေ့ရ၏။

တဖန် သညာဝိညာဏ် အဘယ့်ကြောင့် ပေါ်လာရလေသနည်းဆိုသော် အတွင်း-အပြင် အနု-အကြမ်း-အမြတ်-အယုတ်-အနီး-အဝေး အစရှိသော သန္တတိ ၈-ချက်ကြောင့်ပင်ဖြစ်ပေရာ ၎င်းသန္တတိ ၈-ချက်တို့သည်ပင် စင်စစ် အတိတ်-အနာဂတ်အနေဖြင့် ပစ္စုပ္ပန် ပရမတ် ထောက်ခံမှုရှိပါဘဲ အပြန်အလှန် လက်ညှိုးထိုးနေခြင်းဖြစ်၍ အချီးအနှီးသောသဘောသာဖြစ်၏။

ပရမတ်သန္တတိသည် သွားခြင်းကိရိယာအစရှိသော သဘာဝ ၄-ချက်တို့၏ ဆက်စပ်မှုဖြစ်၏။ ဤဆက်စပ်မှုသည် ခန္ဓာတရားကြောင့်ပင်ဖြစ်၏။

ထို့ကြောင့် ဣရိယာပထ လုပ်ငန်းစဉ်ကို အားထုတ်လိုသောပုဂ္ဂိုလ်သည် ပညတ်သန္တတိ၏ ဆက်စပ်ပုံကိုငှင်း၊ ပရမတ်သန္တတိ၏ ဆက်စပ်ပုံကိုငှင်း၊ တဖန် ပညတ်သန္တတိနှင့် ပရမတ်သန္တတိတို့၏ ဆက်စပ်ဟန်ကို ပထမမြင်အောင် ရှုဆင်ခြင်ရာ၏။

သို့မရှုမှီ ဝိပဿနာအောက်ဉာဏ်၏ ၄-ဉာဏ်တို့ကို ပြန်လည် သုံးသပ်အပ်ပေသည်။ ၎င်းတို့မှာ—

(၁) နာမရူပ ပရိစ္ဆေဒဉာဏ်=ရုပ်တရားကိုပိုင်းခြား၏။

(၂) ပစ္စယပရိဂ္ဂဟဉာဏ်ကား=နာမ်တရားကိုပိုင်းခြား၏။

(၃) သမ္မသနဉာဏ်ကား=ရုပ်ကိုအမှုးပြု၍ရှု၏။

(၄) ဥဒယဗ္ဗယဉာဏ်ကား=နာမ်ကိုအမှုးပြု၍ရှု၏။

ဤတွင် အများသောပုဂ္ဂိုလ်တို့ယူဆလေ့ရှိသည့်အတိုင်း ရုပ်နာမ်တရား၏ အနတ္တသဘောတွေ့မြင်ရုံမျှဖြင့် ကိစ္စမပြီးပေ။

(၁) ရုပ်နာမ်တရားကို အနတ္တဓမ္မဖြင့် သိမ်းဆည်းရသည်က တကဏ္ဍ၊

(၂) ၎င်း ရုပ်နာမ်၏မျိုးစေ့ဖြစ်သောခန္ဓာတရားကို အနတ္တဓမ္မဖြင့်သိမ်းဆည်းရသည်က တကဏ္ဍ၊

(၃) ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကိုဖြတ်ရသည်က တကဏ္ဍ

ပေါင်း ၃-ကဏ္ဍဖြစ်ပေရာ

ဝိတိက္ကမကိလေသာ

ပရိယုဋ္ဌာနကိလေသာ

အနုသယကိလေသာ

၃-ပါးတွင် အနုသယ ကိလေသာသည်ပင် ခန္ဓာတရားဖြစ်ကြောင်း ဉာဏ်မြင်မိစေရာ၏။

ထို့ကြောင့် ပညတ်သန္တတိတွင် သန္တတိပညာတ်သည် ပြဋ္ဌာန်း၍ နာမပညတ်သည် ပေါ်ကောင် ဟန်ဆောခံဖြစ်၏။

ပရမတ်သန္တတိတွင် သွားလိုသော စိတ်ဝိညာဏ်သည် ပြဋ္ဌာန်း၍ သွားခြင်းကိရိယာသည် ပေါ်ကောင် တန်ဆာခံဖြစ်၏။


**သတိ၊　　၊ခန္ဓာပေါ်သော်**

(၁) နာမပညတ်　　- သွားခြင်းကိရိယာသည်　ဝေဒနက္ခန္ဓာ
(၂) သဏ္ဍာနပညတ်　- သွားခြင်းအမူအယာသည် သညက္ခန္ဓာ
(၃) သမူဟပညတ်　　- စိတ္တဇဝါယောသည်　သင်္ခါရက္ခန္ဓာ
(၄) သန္တတိပညတ်　　- သွားလိုသောစိတ်ဝိညာဏ်သည်　ဝိညာဏက္ခန္ဓာ

ဖြစ်ရာဝိညာဏက္ခန္ဓာသည် ပြဋ္ဌာန်းသောခန္ဓာဖြစ်၏၊ ဝေဒနက္ခန္ဓာကား ပေါ်ကောင်တန်ဆာခံ ဖြစ်ပုံသဘာဝကိုလည်း သဘောတွေ့ မနောတွေ့ဖြစ်ရန် အရေးကြီးလှပါသည်။

(ဤခန္ဓာ ၄-ပါးတို့သည်ကား- သဘာဝခန္ဓာတို့ဖြစ်၍ ဥဒယခန္ဓာမည်၏)

(ပုံစံအမှတ် ၂၈)　　　　　　　　　　　　　　　　၁-၁၀-၆၇




ဣရိယာပထ လုပ်ငန်းစဉ်နေပုံ

ယခု ပုံစံအမှတ် ၂၈-၏ ခန္ဓာသည် တိဟိတ် ခန္ဓာ ဖြစ်ရာ အဟိတ်ပုဂ္ဂိုလ်ဒွိဟိတ်ပုဂ္ဂိုလ်တို့၏ အရာမဟုတ်ပေ။ ဇာတိပညာ(တနည်း)ပဋိသန္ဓေယူစဉ်ကပင် ဒေ-လော-ဘ- အဒေါသ-အမောဟ- ဟိတ် ၃-ပါးရသော ပုဂ္ဂိုလ်တို့သာ လျှင် ဆွဲယူနိုင်သော ခန္ဓာဖြစ်၏။

သို့ဖြစ်၍ တိဟိတ်ခန္ဓာပေါ်သောအခါတွင်-

(၁) ဝေဒနက္ခန္ဓာ
(၂) သညက္ခန္ဓာ
(၃) သင်္ခါရက္ခန္ဓာ
(၄) ဝိညာဏက္ခန္ဓာ

ဟူ၍ ဝေဒနက္ခန္ဓာဦးစီး၍ထွက်၏။ ဤတွင် အဘယ့်ကြောင့် သညက္ခန္ဓာဦးစီး၍ မထွက်ပေါ်ပါသနည်းဟု အမေးပြု သော် အဖြေမှာ ဥပမာ အဆင်းနှင့်အကြည်တို့ ဆုံသော အခါတွင် အန္ဓပုထုဇဉ်တို့ကဲ့သို့ နာမပညတ်နှင့် ဘဏ္ဍာန ပညတ်တို့ကို ဘာဝနာ၏ အစွမ်းဖြင့် မဆွဲကိုင်တော့ မူ၍ ဆိုရိုးမျှ-ဖြစ်ရုံမျှ သဘောဖြစ်သော ပရမတ်ဝေဒနာ အနေ ဖြင့်သာ အမှတ်ပြုသောကြောင့်ပင်ဖြစ်၏။

(သညာဝိညာဏ်ဖြင့် ဆွဲကိုင်သော ခံစားသည့်ဝေဒနာ ဖြင့် မရောယှက်ပါရန်)

သို့သော် အန္ဓပုထုဇဉ်တို့မှာကား အဆင်းနှင့်အကြည်တို့ ဆုံလိုက်လျှင်ပင် တခါတည်း နာမပညတ်နှင့် သဏ္ဍာနပညတ်တို့ဖြင့် ဆွဲကိုင်တော့သည်ဖြစ်၍ ဝေဒနာမှာသည် တဏှာ-ဥပါဒါန်

တို့သို့ ရောက်တော့၏။ ဤသည်ကား သညာဦးစီးသည်ဖြစ်၍မှားယွင်းဘောက်ပြန်သော (တနည်း) သညာဝိပလ္လာသဖြစ်ရာ-

**ခန္ဓာပေါ်သောအခါ၌**

(၁) သညက္ခန္ဓာ
(၂) ဝေဒနက္ခန္ဓာ
(၃) သင်္ခါရက္ခန္ဓာ
(၄) ဝိညာဏက္ခန္ဓာ

ဟူ၍ သညာဦးစီးကာ ဒွိဟိတ်ခန္ဓာအဖြစ် ပေါ်၏။

**သတိ။** ။ဤတွင် သဘာဝ(တနည်း)ပရမတ်ဝေဒနာ ဦးစီးသောကလျာဏပုဂ္ဂိုလ်သောတာပန် အရိယာတို့၏ တိဟိတ်ခန္ဓာနှင့်သညာဦးစီးသော အန္ဓပုထုဇဉ်တို့၏ အဟိတ်-သဟိတ်-ဒွိဟိတ်ခန္ဓာတို့မနှိုင်းယှဉ်နိုင်လောက်အောင်ပင်ကွာခြားပုံသဘောနှင့်တကွသောတာပန် အရိယာ ပုဂ္ဂိုလ်တို့ ဘယ်ဘုံဘယ်ဋ္ဌာန ဘယ်ကဲ့သို့ပင် ကာမဂုဏ် စည်းစိမ်ကို ခံစား စံစားသော်လည်း အဆိပ်မရှိပြီဟူသော ရှင်တော်မြတ်၏ မိန့်ဆိုတော်မူချက်ကိုအထူး ဝင်စားအပ်ပါသည်။

(တနည်း) တဏှာသည်-

(၁) ရုပ်ထိုးကျင့်သော တဏှာ

နှင့် (၂) နာမ်ထိုးကျင့်သောတဏှာဟူ၍ ၂-ပါးပြားရာတွင် သောတာပန် အရိယာသည် နာမ်ထိုးကျင့်သော တဏှာကိုသာ ပယ်နိုင်သေး၍ ရုပ်ထိုးကျင့်သောတဏှာကိုကား မပယ် နိုင်သေးသည်ဖြစ်၏။ ထို့ကြောင့် အိမ်ယာထောင်ခြင်း-စီးပွားရှာခြင်းကိစ္စတို့ကို သည်းခံ၍ ဆောင်ရွက်တော် မူကြရသေးခြင်း ဖြစ်ပေသည်။ အချုပ်ဆိုသော် သောတာပန်ပုဂ္ဂိုလ်၏အိမ်ရာထောင်မှုသည် အခင်းကြီးစွန့်လို၍ အိမ်သာတက်သကဲ့သို့ပင်ဖြစ်၏။ အန္ဓပုထုဇဉ်တို့၏ လိုလို လားလား ခုံခုံမင်မင် သာယာခြင်းသဘောမျိုး မဟုတ်ပေ၊ ဉာဏ်ဖြန့်၍သာလျှင် ကျယ်ပြန့်စွာ ကြံဆ အပ်လှပါသည်။

သို့ဖြစ်၍ ဤပဝတ္တိတိဟိတ်ခန္ဓာ(တနည်း) ပရမတ်ဝေဒနာဦးစီး၍ တိဟိတ်ခန္ဓာကို ဖေါ်နိုင်သော် ထိုပုဂ္ဂိုလ်သည် ပဓာနိယင်္ဂအင်္ဂါ ၅-ပါးနှင့် ပြည့်စုံသည်ဖြစ်က ယခုဘဝ၌ ပင်လျှင် မဂ်တရား ဖိုလ်တရားကို အမှန်ရမည်ဖြစ်၏။

**နိမိတ္တ သန္တတိသဘာဝ**

ယခုကဏ္ဍသည် သန္တတိပညတ်ရိပ်ကိုသတ်နေသော ကဏ္ဍဖြစ်ပေရာ ဤခန္ဓာ ၄-ပါးတို့သည် ဥဒယဝဲခေါ် ဝိညာဏ်မြင် ဥဒယဗ္ဗယ စခန်းမှ လွတ်မြောက်လာပြီးဖြစ်သော်လည်းထိုခန္ဓာတို့၏ ရေသောက်မြစ်ဖြစ်သော-

အဝိဇ္ဇာရိပ်
တဏှာရိပ်
ကံ ရိပ် နှင့်
ဝေဒနာရိပ်တို့ကား ကပ်ပါနေပေသေးသည်။

ဥပမာ= မစင်တွင်းမှ တက်လာနိုင်သော်လည်း ကိုယ်၌ ပေကျံနေသေးသော အညစ်အကြေးကဲ့သို့ပင်ဖြစ်၏။ ထိုအရိပ် ၄-ချက်ကို ဖြတ်တောက်နိုင်သော် မဂ်သို့တချက်ထည်းဝင်နိုင်မည် ဖြစ်၏။

**သတိ။** ။သို့ဖြစ်သော် ထိုခန္ဓာတို့၌ ငြိကပ်၍နေသည့် ထိုထိုသော အရိပ် ၄-ချက်သည်အဘယ်ပုံဖြင့် ရှိနေပါသနည်းဟု အမေးပြုပါလျှင်—

**(၁) သညာကစ်သဘော=** ကိုယ်၌ကပ်၍ ပေကျံနေသော မစင်ကဲ့သို့ ဖြစ်၏။ ဥပမာ **အား**ဖြင့် အမယာ၏ ပညာပရိယာယ်ဖြင့် မစင်တွင်း၌ ကျရသော သိန်း-ဒေဝိန်း-ကာမိန်း-ပဂုတ် အစရှိသော အမတ်ကြီးတို့ကဲ့သို့ဖြစ်ခြင်းသည် သညာကပ်မည်၏။

**(၂) ပညာကစ်သဘော=** ကိုယ်၌ မစင်ပေကျံရခြင်း၏ အကြောင်းဖြစ်၏။ ဥပမာ **အား**ဖြင့် ထိုအမတ်ကြီးတို့ မစင်တွင်းသို့ အဆင်ခြင်ဉာဏ် ချွတ်ချော်၍ ကျရခြင်းသည် အမယာ၏ **အပေါ်**၌ကပ်ငြိသော တဏှာပေမကြောင့်ပင်ဖြစ်ရာ ထိုပထမကပ်ငြိသော တဏှာပေမတည်းဟူ**သော** မစင်၏ကပ်ငြိခြင်းသည် ပညာကပ်မည်၏။

ထိုသဘာဝသည်ပင် နိမိတ္တသန္တတိဖြစ်၏ (မြင်အောင်ရှုပါရန်)။ တဖန် နိမိတ်သည်ပင်= **အာ**ရုံ၊အာရုံသည်ပင်=အကြောင်းတရား၊ အကြောင်းတရားသည်ပင်=ရေသောက်မြစ်ဖြစ်၏။

ဤတွင် ထိုခန္ဓာ ၄-ပါးနှင့် နိမိတ္တသန္တတိ၄-ချက်တို့ ဘယ်လိုဘယ်ကဲ့သို့ ဆက်စပ်မှုရှိသည်ကို ထပ်၍ရှုရန်ဖြစ်ပေရာ-

**သတိ။** ။အောက်ဉာဏ်၏ သညာဝိညာဏ်ဖြင့်သော် နိမိတ္တသန္တတိကား=အကြောင်း၊ ခန္ဓာကား=အကျိုးတရားအနေဖြင့် ပြောရန်ရှိပေသည်၊ မှား၏။

**အမှန်မှာကား-**

ကိုယ်ခန္ဓာ ၄-ပါးတို့သည် နိမိတ္တသန္တတိထဲ၌ အဖမ်းခံရပြီး (တနည်း) အငုံ့ခံရပြီးလျှင် အနုသယအနေဖြင့် ကိန်းနေခြင်းဖြစ်၏၊ (တနည်း) ခန္ဓာတို့၏ ကိန်းနေသော အစဉ်သဘောသည်ပင် နိမိတ္တသန္တတိဟုဆိုရ၏။

**ပညာမြင်"ဖြစ်-ပျက်"သဘော**

ဤကဲ့သို့ အငုံ့အဖမ်းခံရသောခန္ဓာ (တနည်း) ကိန်းလျက်ရှိသော ခန္ဓာကို မရ အရ ထုတ်ယူရမည်လော? သို့မဟုတ် ဖမ်းသူ နိမိတ္တကိုပင် ဖဲ့ယူရမည်လော?

ဤသဘာဝ ၂-ချက်ကို ရှင်တော်မြတ်က "ဖြစ်-ပျက်"ဟု မိန့်မြွက်တော်မူခြင်းဖြစ်၏။

သတိ။ ။ဤခန္ဓာနှင့် နိမိတ်တို့ ဆက်စပ်လျက်ရှိနေပါသည်ဆိုသော်-
ဝိညာဏ်မြင် "ဖြစ်-ပျက်"၌ ကျမည်ဖြစ်၏။

ထို ၂-ပါးတို့၏ တပါးတွင် တပါးကိန်းပုံ အနုသယကိုမြင်မှသာလျှင် ပညာမြင် "ဖြစ်-ပျက်" ဖြစ်ပေရာ-

ဘယ်သဘာဝသည် "ဖြစ်သဘော"ဖြစ်၍ ဘယ်သဘာဝသည် "ပျက်သဘော" ဖြစ်သည်ကို အထူးရှုဆင်ခြင်ရန်ဖြစ်ပါသည်။

၂-၁၀-၆၇

ခန္ဓာဟူသည် ပေါင်းစုခြင်းသဘောဖြစ်ရာ သန္တတိ ၁၁-ချက်သည်ပင် ခန္ဓာဖြစ်၏။ ယခု နိမိတ္တသန္တတိကိုဖြတ်တောက်လိုက်သော် ထိုခန္ဓာတို့သည် ခန္ဓာမှလွတ်ပြီးလျှင် သစ္စာတရားအနေဖြင့်မဂ်သို့ဝင်မည်ဖြစ်ပေသည်။

ရုပ်နာမ်ခန္ဓာ ဥဒယခန္ဓာနှင့် တိဟိတ်ခန္ဓာ (တနည်း)ပဋိစ္စသမုပ္ပါဒ်ခန္ဓာဟူ၍ ၃-ပါးပြားရာတွင် ယခု ခန္ဓာသည်ကား တိဟိတ်ခန္ဓာဖြစ်သည့်အတိုင်း မဂ် ဝင်နိုင်သည့်ခန္ဓာဖြစ်၏။ဤခန္ဓာကို မရကြ၍သာလျှင် သံသရာ့ရေယဉ်ကြောတွင် ထက်အောက်ဆန်စုန် မျောနေကြရခြင်းဖြစ်ပေသည်။ သို့ဖြစ်၍ ဤခန္ဓာကို မရ အရ အထူးကြိုးစားသင့်လှပါသည်။

**သတိ။ ။ယမန်နေ့၏ "ဖြစ်-ပျက်"သဘောကို ပြန်၍ကောက်သော်-**

အဝိဇ္ဇာ-တဏှာ-ကံ-ဝေဒနာစသော နိမိတ္တသန္တတိသည် "ဖြစ်သဘော" ဤနိမိတ္တသန္တတိထဲ၌ ပုန်းနေသော ဝေဒနက္ခန္ဓာ-သညက္ခန္ဓာ-သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာစသော တိဟိတ်ခန္ဓာသည်ကား "ပျက်သဘော"ဖြစ်ရာ-

(၁) အဝိဇ္ဇာ-တဏှာ-ကံ-ဝေဒနာရုပ်-နိမိတ် ၄-ချက်ကို"ဖြစ်သဘော"ဟု ပြောရခြင်းသည် သံသရာ့အုဌ်မြစ်(တနည်း) သံသရာ့ရေသောက်မြစ်ဖြစ်သောကြောင့်ပင်တည်း။

(၂) ဝေဒနက္ခန္ဓာ-သညက္ခန္ဓာ-သင်္ခါရက္ခန္ဓာ-ဝိညာဏက္ခန္ဓာ ၄-ပါးကို"ပျက်သဘော" ဟုပြောရခြင်းကား ၎င်းတို့တွင် မစင်ကြယ်သေးသော ဝိညာဏ်ရိပ်ပါနေသေး၍ဖြစ်ရာ-

အချုပ်ဆိုသော် ဤကဲ့သို့ "ဖြစ်သဘော" "ပျက်သဘော"ဟု ပြောနေနိုင်ခြင်းသည် ပင်လျှင် သညာဝိညာဏ်ရိပ်ကြောင့်ဖြစ်၏။ နိမိတ် ၄-ချက်ကား= ဝိညာဏ်သဘော၊ ခန္ဓာ ၄ပါးကား= သညာသဘောဖြစ်၏။

ထိုနိမိတ္တ သန္တတိကို ဖြတ်မည့်ပုဂ္ဂိုလ်သည် ပထမသံသရာ့ရေသောက်မြစ်၏အကြောင်းကို သိနားလည်ရမည် ဖြစ်သဖြင့်-

**သတိ။ ။သံသရာ့ရေသောက်မြစ်ခေါ် အဝိဇ္ဇာရိပ်သဘာဝ**

ဤတွင် အဝိဇ္ဇာရိပ်သည် ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်၏ အတိတ်အကြောင်းစက်ဖြစ်သော အဝိဇ္ဇာ ယခုပညာမြင် ဥဒယဗ္ဗယ၏ နိမိတ် ၄-ချက် အဝိဇ္ဇာဟူ၍ ၂-မျိုးဖြစ်နေသည်တွင်-

ၶင်းတို့သည် တူသောအနက်သဘော ရှိလေသလော? သို့မဟုတ်ကွဲပြားခြားနားသော သဘောရှိလေသလော? ဟု အမေးပြုရန်ဖြစ်၏။

ဝိပဿနာတရားအားထုတ်သော ပုဂ္ဂိုလ်တို့သည် ဝဋ်ကျွတ်သည်ဟု ပြောရိုးရှိပေရာ ဝဋ်သည် ခေတ် ၄-ပါးဝဋ်နှင့် ဉာဏ် ၉-ဉာဏ်ဝဋ်ဟူ၍ ၂-မျိုးရှိရာ၌ ယခု ကျရောက်လျက် ရှိသော ဝဋ်သည် ခေတ် ၄-ပါးဝဋ်မည်၏၊ သို့ဖြစ်၍ ယခုအမေးပြုသော နိမိတ် ၄-ချက်အဝိဇ္ဇာသည် နာမရူပ ပရိစ္ဆေဒဉာဏ်-ပစ္စယပရိဂ္ဂဟဉာဏ်-သမ္မသနဉာဏ်နှင့် ဝိညာဏ်မြင် ဥဒယဗ္ဗယဉာဏ် ၄-ချက် တို့မှ အဆင့်ဆင့် သန္ဓေယူ၍ ပေါက်ဖွားလာသော အဝိဇ္ဇာဖြစ်၏။ (ရှေ့၌ထင်ရှားမည်)

ပဋိစ္စသမုပ္ပါဒ်၏ အတိတ်အကြောင်းစက်ဖြစ်သော အဝိဇ္ဇာသည်ကား သင်္ခါရုပက္ခဉာဏ် ဉာဏ် ၉-ဉာဏ်ဝဋ်ကြမှသာ ပြောနိုင်မည်ဖြစ်၏။

**အထူးသတိ၊** ။မဂ်ခဏတွင် ရုပ်ရိပ်-နာမ်ရိပ်-ခန္ဓာရိပ်-ပဋိစ္စသမုပ္ပါဒ် ရိပ်တို့ကို အကြွင်းမရှိ သိမ်းဆည်းကြောင်းကို နာကြားဘူးသော်လည်း သဘာဝနှင့် တကွ သိမ်းပိုက် နိုင်ရန်သည် လွယ်ကူသောသဘာဝမဟုတ်ပေ။ ၎င်းတို့၏ သဘာဝသည်ကား-

**(၁) ရုပ်ရိပ်မှ ပေါက်ဘွားသောအဝိဇ္ဇာသဘော**

နာမရူပပရိစ္ဆေဒ ဉာဏ်တွင် ရုပ်ကိုအဦးထား၍ ဌာန် ၄-ချက်ဖြင့် ခေတ် ၄-ပါးကို ချေရာတွင် ၄-ပါးအနက်မှ ၁-ပါးသာကျေ၍ အနတ္တဓမ္မ၌ ကျခဲ့၏။ ကျန် ၃-ပါးကား မကျေ၊ ခေတ် ၃-ပါးကြောင့် ၁-ပါး ပေါ်ရသည်ဟု ပြောခဲ့ရာ ထိုအကြွင်းကျေခဲ့သော ခေတ်၃-ပါး ရုပ်ရိပ်သည် ယခုအဝိဇ္ဇာအနေဖြင့် ကပ်၍ပါလာခြင်းဖြစ်၏။

နာမရူပ ပရိစ္ဆေဒဉာဏ်၏အစွမ်းမှာ ၁-ပါးသာ ချေနိုင်သော ဉာဏ်ဖြစ်၍ ၃-ပါးကား ကျန်ရမည်သာ ဖြစ်ပေသည်။

**(၂) ရုပ်နာမ်မှပေါက်ဘွားသောတဏှာသဘော**

ပစ္စယပရိဂ္ဂဟဉာဏ်သည် နာမ်ကိုသာ အဦးထား၍ နည်း ၄-ပါးဖြင့်သိမ်းဆည်း ရာတွင် ဟေတုအကြောင်းသာ သိမ်းနိုင်ခဲ့၏။ ပစ္စယအကြောင်းကို မသိမ်းနိုင်ခဲ့ပေ။ယခုပညာမြင်ဥဒယဗ္ဗယ ဉာဏ်စခန်းတွင် ၎င်းနာမ်ရိပ်သည် တဏှာရိပ်အနေဖြင့် တက်လာခြင်းဖြစ်၏။

**(၃) ခန္ဓာရိပ်မှ ပေါက်ဘွားသော ကံသဘော**

သမ္မသနဉာဏ်၏ ကာလ ၃-ပါးရုပ်နာမ်တွင် လက္ခဏယဉ် ၃-ချက်ဖြင့် သတ်ခဲ့၏။ သို့ သော် ပစ္စုပ္ပန်ကာလသည် အနတ္တယဉ်၌ ကျရောက်သည်ဟုပင် ဆိုနိုင်သော်လည်း စင်စစ်မကျေ-

အဘယ့်ကြောင့်ဟူမူ ပစ္စုပ္ပန်ကာလမှ နေ၍ ပြောနေသေးသောအတိတ်စွန်းခေါ် အတိတ်သဘော နှင့် အနာဂတ်စွန်းခေါ် အနာဂတ်သဘောတို့ကိုကား မချေနိုင်ခဲ့သည်ဖြစ်၍ ထိုမကျေသောပစ္စုပ္ပန် ခန္ဓာရိပ်သည် ယခုကံရိပ်အနေဖြင့် ကပ်၍ပါလာခြင်းဖြစ်၏။

## (၄) ပဋိစ္စသမုပ္ပါဒ်ရိပ်မှ ပေါက်ဘွားသော ဝေဒနာရိပ်သဘော

ဝိညာဏ်မြင် ဥဒယဗ္ဗယဉာဏ်စခန်းတွင် ဓမ္မ ၄-ချက်ကို သုည ၄-လုံးဖြင့်သိမ်းဆည်းခဲ့၏။ သို့သော် ဝေဒနာကား ကျန်နေရသေး၏။ ယခုကဏ္ဍာတွင် ၎င်းပဋိစ္စသမုပ္ပါဒ်ရိပ်ဖြစ်သောဝေဒနာ သည် ဝေဒနာရိပ်အနေဖြင့်တက်လာခြင်းဖြစ်၏။

**သတိ။** ။ဝိညာဏ်မြင်''ဖြစ်သဘော''

ဤသို့အားဖြင့် ထိုအရိပ် ၄-ချက်တို့ကြောင့် ခန္ဓာ ၄-ပါးတို့ ပေါ်ရသည် ဆိုသော် ဝိညာဏ်မြင်''ဖြစ်သဘော''၌ ကျမည်ဖြစ်၏။

(ပညာမြင်''ဖြစ်သဘော'' ရှေ့၌ထင်ရှားမည်)

**အထူးသတိ။** ။သတ်ဆေးမှာ

ဤပညာမြင် ဥဒယဗ္ဗယ ဉာဏ်စခန်းအတွက် သတ်ဆေးမှာ အဝိဇ္ဇာ အစ ရှိသော အကြောင်းရိပ်တို့ကို သုဉ်းဆိတ်စေရန် အကြောင်း သုညတ ၄-လုံးဖြင့်ပင် သိမ်းဆည်းရမည်ဖြစ်၏။ အကျိုးသုညတကား သင်္ခါရုပက္ခဉာဏ်စခန်းအတွက် ဖြစ်၏။ ထို့ကြောင့် အကြောင်း သုညတ၄-လုံးမှာ—

(၁) သုညတ အနတ္တ = သုဉ်းဆိတ်ခြင်းသဘော

(၂) ပရတ္တအနတ္တ = ငါနှင့်မဆိုင် ငါပိုင်မဟုတ် တစိမ်းပြင်ပြင် ရေသွင်သွင် သဘော

(၃) အသာရကဋ္ဌ အနတ္တ = အနှစ်အသားမရှိခြင်းသဘော

(၄) အဝသဝတ္တနဋ္ဌအနတ္တ = အစိုးမရ အလိုသို့မလိုက်ခြင်းသဘောတို့ဖြစ်၏။

## (၁) ရုပ်ရိပ်အဝိဇ္ဇာသဘောနှင့် သုညတ အနတ္တ

ထိုရုပ်ရိပ်ဖြစ်သော အဝိဇ္ဇာသည် စင်စစ် မျက်ကွယ်သဘော သုဉ်းဆိတ်ခြင်း သဘောသာ ဖြစ်၏။ဤ၌ ဝေးလှသော ကမ္ဘာတသိန်း အတိတ်ကာလကြီးကို မယူရန်ဖြစ်ပါသည်၊ ရုပ်သဘာဝ မည်သည် အဗျာကတဓမ္မသာဖြစ်ရာ မိမိကဆွဲကိုင်၍သာလျှင်အဝိဇ္ဇာဖြစ်ရခြင်းဖြစ်၏။ စင်စစ် ၎င်း သည် သုညတ အနတ္တမျှသာဖြစ်၏။

## (၂) နာမ်ရိပ်တဏှာသဘောနှင့်ပရတ္တအနတ္တ

ထိုနာမ်ရိပ်ဖြစ်သော တဏှာသည် စင်စစ် အဝိဇ္ဇာတည်းဟူသော မျက်ကွယ်သဘောဖြစ် သည့် အတိတ်ကို အမှီပြု၍သာလျှင် အနာဂတ်ဟု ပြောနေခြင်းဖြစ်၏။ ယခု မျက်ကွယ်သဘော

**အဝိဇ္ဇာသည်** သုညတ အနတ္တ၌ ဇာတ်သိမ်းပြီးရာ ၎င်းနာမ်ရိပ်သဘော အနာဂတ်သည်ပစ္စုပ္ပန်၌ **ရှိသည်လည်း မဟုတ်သည့်**အတိုင်း ငါနှင့်မဆိုင် ငါပိုင်မဟုတ် တစိမ်းပြင်ပြင် သဘာဝ **သာဖြစ်၍ ပရတ္ထအနတ္တမျှသာဖြစ်၏။**

## (၃) ခန္ဓာရိပ် ကံသဘောနှင့် အသာရကဋ္ဌအနတ္တ

ဤကဲ့သို့ မျက်ကွယ်သဘော အဝိဇ္ဇာရိပ်- အနာဂတ်သဘော- တဏှာရိပ်တို့ဇာတ်သိမ်းပြီး ခဲ့ရာ ထို ၂-ပါးတို့ရှိမှသာလျှင် တင့်တယ်သော ပစ္စုပ္ပန်ခန္ဓာရိပ် ကံသဘောသည် စင်စစ် အနှစ် အသားဟူက မြူမျှမရှိသော သဘောဖြစ်၍ အသာရကဋ္ဌ အနတ္တမျှသာဖြစ်၏။

## (၄) ပဋိစ္စသမုပ္ပါဒ်ရိပ်ဝေဒနာသဘောနှင့်အဝသဝတ္တနဋ္ဌအနတ္တ

အထက်ဖော်ပြပါ အဝိဇ္ဇာရိပ် တဏှာရိပ်နှင့် ကံရိပ် ၃-ပါးကင်းစင်သော ဝေဒနာရိပ် သည် ယခုအစိုးမရ အလိုသို့မလိုက်သော သဘောဖြစ်၍ ပရမတ် သဘာဝအစစ်ဖြစ်၏။ **အစိုးရ သည် အလိုသို့လိုက်သည်ဖြစ်ပါမူ ပညတ်တရားသာလျှင်ဖြစ်ပေရာ-**

**အထူးသတိ။** ။**ပညာမြင် "ဖြစ်သဘော"**

ဤကဲ့သို့ နိမိတ် ၄-ချက်ကင်းစင်သော ခန္ဓာတို့ တခဲနက်ဖြစ်သော ဝေဒနာ တလုံးသာ ကြွင်းသော သဘောကို တရုဏဝိပဿနာ (တနည်း) နုနယ်သေးသော ဥဒယဗ္ဗယ ခန္ဓာဟုဆို ရ၏။ သို့သော် အချိန်သင့်သောအခါတွင် မဂ်သို့ဝင်နိုင်သော သတ္တိကားရှိ၏။ ဥပမာအားဖြင့် မြွေပွေးငယ်ကဲ့သို့ ငယ်ပင်ငယ်သော်လည်း သေစေနိုင်သော အဆိပ်အတောက် ရှိဘိသကဲ့သို့ပင် တည်း၊သို့ဖြစ်၍ ထိုထိုသောအရိပ် ၄-ချက်ဖြစ်သော အဝိဇ္ဇာ-တဏှာ-ကံ-ဝေဒနာတို့၏အနတ္တဓမ္မ-သဘာဝဖြင့် ပေါင်းစုလာကြဟန်ကို "ဖြစ်သဘော" ဟု ပြောရခြင်းဖြစ်၏။ ၎င်းသည် "ပညာ မြင်ဖြစ်သဘောအစစ်" မည်၏။

ဤတွင် "ဖြစ်သဘော" ဟု အပြောခြင်းတူသော်လည်း ဝိညာဏ်မြင်- အနတ္တသဘော နှင့် ပညာမြင်အနတ္တသဘော အဘယ်မျှကွာခြားသည်ကို အထူးသတိမူသင့်လှပါသည်။


၄-၁၀-၆၇

## မဟာသတိပဋ္ဌာန်- ဓာတုမနသိကာရအပိုင်း

"ပုနစ ပရံ ဘိက္ခဝေ ဘိက္ခု ဣမမေဝ ကာယံ ယထာဌိတံ ယထာ ပဏိဟိတံ ဓာတုသော ပစ္စဝေက္ခတိ အတ္ထိ ဣမသ္မိံ ကာယေ ပထဝီဓာတု အာပေါဓာတု တေဇောဓာတု ဝါယော ဓာတုတိ"

အစရှိသော မဟာသတိပဋ္ဌာန် ဓာတုမနသိကာရအပိုင်း ပါဠိတော်အရ ဓာတ်ကြီး ၄-ပါး ကို နှလုံးသွင်း ဆင်ခြင်သောအပိုင်းဟူ၍အမိပ္ပါယ်ရှိ၏။

(ပုံစံအမှတ် ၂၉)




**ဓာတုမနသိကာရအပိုင်း သဘာဝနေပုံ။**

သို့ဖြစ်သော် ပထဝီအစရှိသော ဓာတ်ကြီး ၄-ပါးကို နှလုံးသွင်း ဆင်ခြင်ရန်ဟူရာ၌ ဘယ်လို ဘယ်ကဲ့သို့သော ဓာတ်ကြီးမျိုးကို ဆင်ခြင်ရပါ မည်နည်းဟု အမေးပြုရန်ရှိပေရာ-

ဥပမာအားဖြင့် ပထဝီဓာတ်သည်-

(၁) ကက္ခဠ လက္ခဏာ=ကြမ်းတမ်းခက်တရော်ခြင်း သဘော (တနည်း) စမ်းသပ်၍ရသောသဘော။

(၂) ပတိဋ္ဌာနရသာ=တည်ခြင်း သဘော (သညာ ဝိညာဏ်ဖြင့်သာ သိသော သဘော)။

(၃) သံပဋိစ္ဆနပစ္စုပဋ္ဌာနာ = ခံလင့် သကဲ့သို့သော သဘော (ဉာဏ်အား ရှေ့ရှုထင်ခြင်းသဘောတို့ဖြစ်ပေရာ- လူတိုင်းသိနိုင်သောသဘောဖြစ်၏။

ပြီးခဲ့သည့် သမ္မဇညအပိုင်း ပညာမြင် ဥဒယဗ္ဗယဉာဏ် စခန်းသည် နွားကောင်ကြီးကို အသေသတ်လိုက်သည်နှင့် တူ၏။ သို့ သော် နွားကောင်ကြီးဟူ၍ကား ပြောနိုင်သေး၏။ အဘယ့်ကြောင့်ဟူမူ အပေါင်းအစုသဘောရှိနေသောကြောင့်ပင်ဖြစ်၏။

၎င်းအကောင်သဘော အပေါင်းအစုပျောက်ပျက်စေရန် ရှင်တော်မြတ်က-

"သေယျထာပိ ဘိက္ခဝေ ဒက္ခော ဂေါဃာတကောဝါ ဂေါဃတကန္တေဝါသီဝါ ဂါဝိံဝဓိတွာ စတုမဟာပထေ ဗိလသော ဝိဘဇိတွာ နိသိန္နောအဿ"

အစရှိသော ပါဠိတော်ဖြင့် ဆက်လက်၍ ထိုနွားသေကောင်ကို လမ်းဆုံလမ်းလေးခွ၌ဖျက်၍ ၄-မျက်နှာအရပ်မှလာရောက်ကြသူတို့အား ဝေပုံချခွဲဝေပေးလိုက်သော် ထိုနွားသေကောင်ကြီး အစပျောက်မည်ဖြစ်ကြောင်း ဆုံးမတော်မူ၏။

**မဂ်တရား ဖိုလ်တရားရရန်အတွက် လုပ်ငန်းစဉ် ၂-မျိုးမှာ-**

(၁) သမထ ယာနိကလမ်း

(၂) ဝိပဿနာ ယာနိကလမ်း-ဟူ၍ဖြစ်ရာ-

ယခု ဓာတုမနသိကာရအပိုင်းသည် ထို ၂-လမ်းဖြင့် အကျုံးဝင်လျက်ရှိပေရာ ရှာန်အဘိညာဉ်ရပြီးသောပုဂ္ဂိုလ်တို့ ဝိပဿနာကူးသောအခါတွင် ၎င်းကဿုဏ်ကိုပင်လျှင် ကက္ခဠတ္တလက္ခဏာ တည်းဟူသော မာသည်-ပူသည်တို့ကိုချေနိုင်ရန်နာမရူပ ပရိစ္ဆေဒဉာဏ်မှအစပြု၍ကိုင်ရပေသည်။

**သတိ။** ။သို့ဖြစ်၍ ပညာမြင် ဥဒယဗ္ဗယဉာဏ်ကို မျိုပြီးသော မိမိသည် သညာဝိညာဏ်သိဖြစ်သော "ဖြစ်သဘော" မရှိပြီ-သုည ၄-လုံးဖြင့် ချေပြီးခဲ့၍ ၎င်း"ဖြစ်သဘော"သည်"မဖြစ်သဘော""နိရောဓသစ္စာ"၌ ဆိုက်ရောက်ပြီး၏။

ဤကဲ့သို့ အကြောင်းတရားဖြစ်သော အဝိဇ္ဇာ အစရှိသော အရိပ် ၄-ချက်ကို အနတ္တစေတ်ဖြင့် ရုပ်သိမ်းလိုက်ခြင်းဖြင့် (တနည်း) "ဖြစ်သဘော"ကို သိမ်းဆည်းလိုက်ခြင်းဖြင့် အတွင်း၌ ကိန်းစေတ်ဖြစ်သော ခန္ဓာ ၄-ပါးတို့သည် "အစဉ်ပျက်သဘော"၌ကျ ရောက်ရပြန်၏။

**သစ္စာ ၄-ချက်**

ထို့ကြောင့် နိမိတ် ၄-ချက်သည် "သမုဒယသစ္စာ" ဖြစ်ရာ သုည ၄-လုံးဖြင့် သိမ်းနိုင်၍ **"မဖြစ်သဘော-နိရောဓသစ္စာ"၌ ဝင်၏။**

ခန္ဓာ ၄-ပါးသည် "ဒုက္ခသစ္စာ"ဖြစ်ရာ ယခုထိုခန္ဓာတို့သည် မပြုပြင်နိုင်တော့သည် ဖြစ်၍ "မဂ္ဂသစ္စာ"၌ ဝင်၏။

(မြင်အောင်ရှုပါရန်)

**ပညာမြင်ဥဒယဗ္ဗယဉာဏ် ဗိုင်နိုင်သောပုဂ္ဂိုလ်သည်**

(၁) နာမရူပ ပရိစ္ဆေဒဉာဏ်တွင် ပသာဒရုပ် ၅-ပေါက်ဖြင့်ထောက်၍ရသော ရုပ်စေတ်ကို အနတ္တဖြင့် ချေနိုင်၍ နာမ်တရားထွက်လာပုံ သဘောကို၎င်း-

(၂) ပစ္စယ ပရိဂ္ဂဟဉာဏ်တွင်= နာမ်တရားကို ချေနိုင်ပြန်၍ သညာ ပေါ်ထွက် လာပုံကို ၎င်း-

(၃) သမ္မသနဉာဏ်တွင်= ၎င်းသညာကို ချေနိုင်ပြန်၍ ပညတ်ဝိညာဏ် ပေါ်ထွက် လာပုံ ကို ၎င်း-

(၄) ဥဒယဗ္ဗယဉာဏ်တွင်= ၎င်းပညတ်ဝိညာဏ်(တနည်း) ဝိညာဏ်မြင် ဥဒယဗ္ဗယကို ချေနိုင်ပြန်၍ ပရမတ်ဝိညာဏ်(တနည်း)ပညာမြင် ဥဒယဗ္ဗယဉာဏ်(တနည်း) ဖြစ်-ပျက် အစစ် ပေါ်ထွက်လာပုံကို သုံးသပ်နိုင်ရာ၏။

**သတိ။** ။တဖန် ဝိညာဏ်မြင်ဥဒယဗ္ဗယတွင် အတွင်း၌ ခန္ဓာ ၄-ပါး သညာ အနုသယအနေဖြင့် ကိန်း၍ အပြင်မှာကား နိမိတ် ၄-ချက်အကြောင်း ဝိညာဏ်သဘောဖြင့် ရှိပုံကို၎င်း— ၎င်းကို ပညာမြင် ဥဒယဗ္ဗယဉာဏ်၏ သုည ၄-လုံးဖြင့် ချေလိုက်သော် အတွင်းကိန်း ခန္ဓာ၄-ပါးတို့သည် တခဲနက်ဖြစ်ခါ ဝေဒနာတလုံးသာကျန်ပြီး သညာသေ၍ အပြင်ရှိ နိမိတ် ၄-ချက်အကြောင်း ဝိညာဏ်တို့သည် သုည ၄-လုံး၏ ဒဏ်ချက်ဖြင့် ယခုအကျိုး ဝိညာဏ် သန့်သန့် သာလျှင် ကျန်ရှိပုံကို၎င်း သတိမူရန်ဖြစ်ပါသည်။

ထိုပညာမြင် ဥဒယဗ္ဗယဉာဏ်၏ ဒိမှာဘက်၌ အကြောင်းတရားမရှိပြီ အကျိုးတရားသည်သာရှိတော့၏။

(ဤအကျိုးတရားသည်ကား အနမတဂ္ဂ သံသရာအစမှ အလိုရှိခဲ့သောအကျိုးတရားအားလုံးလည်း ပါဝင်၏)။

**ဓာတုမနသိကာရ ၂-ပါးပြားပုံသဘော-**

(၁) ယထာဋ္ဌိတံ = တည်တိုင်းသာလျှင်ဖြစ်သောသဘော

(၂) ယထာပဏိဟိတံ = ထားတိုင်းသာလျှင်ဖြစ်သော(တနည်း)တောင်းတတိုင်းသာလျှင်ဖြစ်သောသဘောတို့ဖြစ်ပေရာ-

ဤကဲ့သို့ ၂-မျိုး ၂-စားပြားခြင်းကြောင့် အဆွဲအကိုင် ခက်ခဲနက်နဲလှပေသည်။ အထူးသဖြင့် ပညာမြင် ဥဒယဗ္ဗယဉာဏ်ကိုမျိုးပြီးသော ပုဂ္ဂိုလ်တို့အဘို့ ထားတိုင်းနှင့် တည်တိုင်း ထို ၂-ချက်တွင် ဘယ်အချက်ကိုင်ရမည်ကို သိနိုင်ရန်ခက်ခဲလှပေသည်။

**သတိ။ ။သိနိုင်ရန်-သမ္မသနဉာဏ်သဘောကိုပြန်၍ရှုရာ၏။**

အတိတ်ကာလ အနာဂတ်ကာလနှင့် ပစ္စုပ္ပန်ကာလ အားလုံးသည် စင်စစ် သညာချည်းပင်ဖြစ်၏။၎င်းတို့ကိုလက္ခဏာယဉ်၃-ချက်ဖြင့်ချေသော် သညာသာသေ၍ဝိညာဏ်ကားကျန်၏။ (အထူးရှုပါရန်)

ယခု ၎င်းဝိညာဉ်ကိုသတ်ရန် ဆွဲထုတ်လာခြင်းဖြစ်၏။

သို့ဖြစ်၍ "အဖြစ်" ဟူက မြူမျှမရှိသော "အပျက်သဘောအစစ်" ဖြစ်သည့် အကျိုးရိပ်ကို ထပ်တလဲလဲ ရှုဆင်ခြင်သည့်အလုပ်ကို အနုပဿနာဉာဏ်ဟုခေါ်ရ၏။

အချုပ်ဆိုသော် မိမိ၏ သံသရာအစမှစ၍ လို၍ပြုခဲ့သောအကြောင်း၏ အကျိုးရိပ်တို့ကို ယခု ဓာတုမနသိကာရဉာဏ်က အသေသတ်မည်ဖြစ်၏။

**(၁) ယထာဋ္ဌိတံ = တည်တိုင်းသာလျှင်ဖြစ်သော သဘာဝ**

ပထဝီဓာတ်၏ လက္ခဏာ-ရသ-ပစ္စုပဋ္ဌာန် သဘောပင်ဖြစ်၏။ ပညာမြင်ဥဒယဗ္ဗယဉာဏ်ဖြင့်မသတ်မီ သဘာဝနယ်၌ သဘာဝအားဖြင့်ရှိသော ဓာတ် ၄-ပါးတို့ပင်ဖြစ်ရာ ဈာနလာဘီပုဂ္ဂိုလ်တို့အဘို့ မဂ်ဘရား ဖိုလ်တရားကို လိုသော အခါတွင် မိမိတို့၏ ပါရမီ သမ္ဘာရအားလျော်စွာ-

(၁) ကလာပ္ပဋ္ဌတ္တ လက္ခဏာပထဝီကို နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်တို့ဖြင့် ချေ၍၎င်း-

(၂) ပတိဋ္ဌိတ ရသသဘောပထဝီကို သမ္မသနဉာဏ်ဖြင့်ချေ၍၎င်း-

(၃) သံပဋိစ္ဆန ပစ္စုပဋ္ဌာနသဘောပထဝီကို ဥဒယဗ္ဗယဉာဏ်ဖြင့်ချေ၍၎င်း-
ဝိပဿနာလုပ်ငန်းခွင်သို့ဝင်ကြရပေသည်။

## (၂) ယထာပဏိဟိတံ = ထားတိုင်းသာလျှင်ဖြစ်သော (တနည်း) တောင်းတတိုင်းသာလျှင်ဖြစ်သောသဘာဝ

ဤ၌ ဓာတ် ၄-ပါးတို့သည် အာရုံအားနဖြင့်ကားမရှိပြီ၊ အာရမ္မဏိက အနေဖြင့်သာ သိမ်းပိုက်ထားခြင်းသဘောဖြစ်၏။ (တနည်း) ရှုအပ်သောသဘောကား မရှိတော့ပြီဖြစ်၏။ရှုတတ်သော သဘောစိတ်ဝိညာဏ်အနေဖြင့် သာရှိသော သဘာဝဖြစ်၏။

**သတိ။ ။ထားတိုင်းသာလျှင်ဖြစ်သော ဓာတ် ၄-ပါးရှိပုံသဘာဝ**

ဥပမာအားဖြင့် ဝါးတလုံးကိုထောင်ကြည့်ရာ၏။ အချိန်မဆိုင်း လဲကျသည်ကိုတွေ့ရပေမည်။ အဘယ်ကြောင့်ဟူမူ ထောင်နိုင်သည့်သဘာဝ လုံးဝမရှိ၍ဖြစ်၏။

ထိုနည်းတူစွာ ၄-လုံး ၄-ကြိမ်ထောင်ကြည့်သော်လည်း မထူးခြားပေ လဲကျမည်သာဖြစ်ပေသည်။ သို့သော် ၎င်းဝါး ၄-လုံးကို စုပေါင်းပြီး ခေါင်းခြင်း ဆိုင်၍ ထောင်ကြည့်မသော် မလဲ ကျတော့ပေ၊ ထောင်၍ နေနိုင်သော သဘောတရား ပေါ်လာ၏။

ထိုထောင်၍နေနိုင်သည့် သဘောတရားကို တွေးဆသော် သညာဝိညာဏ်၏ သတ္တိဖြစ်လေသလော?

သို့တည်းမဟုတ် ဝါး ၄-လုံး၏သတ္တိ ဖြစ်လေသလောဟူသော ပြဿနာသည် အမှန်ပင်တက်ခဲ့၏။

အမှန်စင်စစ် ထိုဝါးလေးလုံးကိုပေါင်း၍ ထောင်ခြင်းသည်ပင်လျှင် အပေါင်းသဘော သမူဟပညတ်ရုပ်ထွက်လာခြင်း၏ အကြောင်းရင်းဖြစ်၏။ ဤတွင်သဘာဝအားဖြင့် ဝါးလုံးကပင် မထောင်နိုင်သော်လည်း သမူဟပညတ်ရုပ်ကား ဝါးလုံးတို့တွင် ကပ်နေပြီဖြစ်ပေရာ မိမိ၏သညာဝိညာဏ်နှင့်မဆိုင်ပေ။

(၎င်းသညာဝိညာဉ်သည် ဥဒယဥာဏ်တွင် ဇာတ်သိမ်းပြီးခဲ့၏)။

ထိုသမူဟ ပညတ်ရုပ်သည် တခြားမဟုတ်ပေ၊ အကျိုးဝိညာဏ်ပင်ဖြစ်ရာ ၎င်း၌ ပရမတ်တရားမရှိ ရှိနေသောဝိညာဏ်ကပင်လျှင် ထိုဝါး ၄-လုံးတို့ ထောင်နိုင်သည်ဟုပြောနေခြင်းဖြစ်၏။

ပညာမြင် ဥဒယဗ္ဗယဉာဏ်ဖြင့်သော် အနတ္တဓမ္မဖြစ်သော ဝါးကမထောင် သမူဟပညတ်ရုပ်က ထောင်နေခြင်းဖြစ်၍ ၎င်းသမူဟပညတ်ရုပ်ကို ပယ်ဖျက်ရန် ဤဓာတုမနသိကာရ လုပ်ငန်းစဉ်ကို ဟောကြားဆုံးမတော်မူခြင်းဖြစ်၏။

၎င်းတို့သည်ပင် နောက်ဆုံးသော် နိစ္စသာရ-သုခသာရ-သုဘသာရ နှင့် အတ္တသာရ ဟူသော သာရ ၄-လုံးဖြစ်၏။ ဤသာရ ၄-လုံးသည်ပင် သမူဟပညတ်ဖြစ်၏။ (တနည်း) အကျိုးဝိညာဏ်ရုပ်ဖြစ်၏။ (တနည်း)ထားတိုင်းသာလျှင်ဖြစ်သော သဘောမည်ပေသည်။

**ပညတ်တရား ၄-ပါးတွင်**

(၁) သန္တတိပညတ်ကို - သောတပန်ပုဂ္ဂိုလ်ပယ်သတ်တော်မူသည်။
(၂) သမူဟပညတ်ကို - သကဒါဂါမိပုဂ္ဂိုလ် ပယ်သတ်တော်မူသည်။
(၃) သဏ္ဌာနပညတ် ကို - အနာဂါမိပုဂ္ဂိုလ်ပယ်သတ်တော်မူသည်။
(၄) နာမပညတ်ကို - ရဟန္တာပုဂ္ဂိုလ်ပယ်သတ်တော်မူသည်။

သို့ဖြစ်၍ ယခုကဏ္ဍ၏ သမူဟပညတ်ကို ပယ်သတ်နိုင်သော် ဒုတိယမဂ်ကို ပေါက်ရောက်နိုင်သည်ဖြစ်၍ အဘယ်မျှလေးနက်ကြောင်း သိသင့်ပေသည်။

တဖန် သောတာပတ္တိမဂ်အတွက်ဖြစ်ပါမူ သန္တတိပညတ်ကို ဥဒယဗ္ဗယဉာဏ်က သတ်ခဲ့၏။ ကျန် ၃-ပါးကို အနုပဿနာ ဉာဏ်က ပယ်သတ်မည်ဖြစ်ခပရာ ယခုကဏ္ဍသည် သမူဟပညတ်ကို သတ်နေသည်ဖြစ်၍ ယုတ်စွအဆုံး ဘင်ဉာဏ်၌ ဝင်နိုင်မည် ဖြစ်သည့်ပြင် တရှိန်တည်းဖြင့် ပညတ် ၃-ပါးစလုံးအား ကြိတ်ချေနိုင်သော် မဂ်သို့တခါတည်းဝင်နိုင်မည်ဖြစ်၍ အထူး ကြိုးစား အပ်လှပါသည်။

အထက်ဟောစဉ်တွင် ဝါး ၄-လုံး ထောင်နိုင်ခြင်းကိုစွဲ၍ တလုံးစီ အနေအားဖြင့်မထောင်နိုင်သည့်အတွက် အနတ္တတရား ထင်ရှားပါသော်လည်း ၄-လုံးပေါင်းစုလိုက်သော် ထောင်နိုင်၍ အတ္တသဘော သက်ရောက်လာခြင်းအားဖြင့် သံတလောက၌ အများသူငါတို့ ဤကဲ့သို့ပင် အတ္တတရားဖြင့် အလှည့်ပတ်ခံနေကြရပုံကို ဉာဏ်ဖြန့်၍ ရှုစားအပ်လှပါသည်။

သို့ဖြစ်သဖြင့် ရှင်တော်မြတ် အလိုတော်ကျ ဖြစ်နိုင်စေရန် တလုံးပင်ဖြစ်စေ၊ ၄-လုံးပင်ဖြစ်စေ၊ လဲသည်ဖြစ်စေ၊ ထောင်သည်ဖြစ်စေ အနတ္တဓမ္မဆိုက်ရောက်အောင် ရှုဆင်ခြင် နိုင်မည်ဖြစ်ပေသည်။

၅-၁၀-၆၇

အနတ္တဓာတ်ကို တွေ့မြင်နိုင်ရန်သည် လွယ်ကူသောလုပ်ငန်းမဟုတ်ပေ။ ထိုအနတ္တဓာတ်အနှစ်ကို တွေ့မြင်သောပုဂ္ဂိုလ်တို့မှာ စရိုက်ကြမ်းကြီးများ လက်ရှိပင်လျှင် သောတာပတ္တိ မဂ်၌ဟည်ကြရပေသည်။

ထိုနောက်မှပင် ရာဂစရိုက်-ဒေါသစရိုက်-မောဟစရိုက်အစရှိသော စရိုက်ကြီးတို့အတွက် ရှင်တော်မြတ်က သင့်လျော်သော ကမ္မဋ္ဌာန်းကို ချီးမြှင့်တော်မူ၏။ သို့ဖြစ်၍အနတ္တဓာတ်ကို မတွေ့မြင်မီ ထိုထိုသော စရိုက်ကြမ်းများကို လိုက်၍ သတ်နေရသည်မှာ ရှေ့ကား နောက်- နောက်ကား ရှေ့ ဖြစ်နေသဖြင့် အထူးသတိပြုရန်ဖြစ်ပေသည်။

**သတိ။** ။ဤတွင် ပညာမြင်ဥဒယဗ္ဗယဉာဏ်-ထိုထက်မြင့်သော်သောတာပတ္တိမဂ်ဉာဏ်ကိုမရသေးသည်ဖြစ်အံ့၊ ထိုပုဂ္ဂိုလ်၏ ပြုလေသမျှသော ကုသိုလ်အစုစုတို့သည် အမှန်မလွဲလကျ်ာ၊ သို့မဟုတ် လက်ဝဲ(တနည်း)သဿတဒိဋ္ဌိ၊ သို့မဟုတ် ဥစ္ဆေဒဒိဋ္ဌိ တပါပါး၌ကျရောက်ရမည်သာဖြစ်ပေသည်။

အချုပ်ဆိုသော် မဂ္ဂမပဋိပဒါခေါ် ပညာစခန်းဖြင့် အလယ်လမ်းပေါ်သို့ မရောက်သေးသမျှ ထိုပုဂ္ဂိုလ် လက်ျာလက်ဝဲ တဘက်ဘက်၌ ကျရောက်မည်အမှန်ဖြစ်၏။ (ဥာဏ်ဖြင့်ရှုပါရန်)

**သတိ၊** ။ဥဒယဗ္ဗယပညာတွင် ''ဖြစ်ပျက်''ကို သုည ၄-လုံးဖြင့်ဖျက်လိုက်သော် သညာပြတ်၍ အကြောင်းဟူက မြူမျှမရှိသော အကျိုးဝိညာဏ်သာ ကျန်၏(တနည်း)တစင်ထောင်၍ ပေါ်နိုင်သော ကြောင်းကျိုးသဘောနှင့် တစင်မထောင်နိုင်တော့မူ၍ အကြောင်းတွင် ကိန်းသော အကျိုးသဘောဟူ၍ ၂-မျိုးရှိရာတွင် ဥဒယဗ္ဗယဉာဏ်က ထိုအကြောင်းတွင် ကိန်းသောအကျိုးကို သတ်ခြင်းဖြစ်၏။

ဝိညာဏ်သည် သညာနှင့် တွဲဘက်၍ရှိသော် ပရမတ်သဘာဝရှိ၏။ ဥဒယဗ္ဗယဉာဏ်ဖြင့် သညာချုပ်သော် ထိုအကျိုးဝိညာဏ်၌ ပရမတ်မရှိတော့ပြီ၊ သို့သော် ပညတ်ရိပ် သဘောကား ရှိနေသေး၏၊ တစင်ထောင်၍ကား မပေါ်နိုင်ပြီဖြစ်၏။

**နိစ္စသာရ သဘော**

မြဲ၏ဟု အနှစ်အသားအနေဖြင့် သိမ်းပိုက်ခြင်းသဘောဖြစ်၏။ သညာမရှိတော့သော ထိုအကျိုးဝိညာဏ်သည် စင်စစ် အပျက်မ,ကြီးပင်ဖြစ်၏။ သင်္ခါရလောက၌ အရာမဝင်နိုင်တော့ပြီ။ သို့သော် ရှေးအခါ သညာဖြင့်တွဲဘက်စဉ်က တစင်ထောင်၍ တွင်ကျယ်ခဲ့သော သဘောကို ဆွဲကိုင်နေသေးခြင်းပင်လျှင် နိစ္စသာရမည်၏။ ဤကဲ့သို့ အနှစ်အသား မရှိသည်ကို ရှိဘိသကဲ့သို့ရှင်း- မဆွဲကိုင်သင့်သည်ကို ဆွဲကိုင်သဖြင့်ရှင်း နိစ္စဝိပလ္လာသမည်ပြန်၏။

**ဝိပလ္လာသ ၁၂-ပါးပြားပုံသဘော**

(၁) ဒိဋ္ဌိဝိပလ္လာသ = အယူ၏မှောက်မှားမှု

(၂) စိတ္တဝိပလ္လာသ = အသိ၏မှောက်မှားမှု

(၃) သညာဝိပလ္လာသ = အမှတ်၏မှောက်မှားမှု

ဟူ၍ ၃-ပါး ရှိပေရာ--

**တဖန်သာရ ၄-လုံးဖြစ်သော**

(၁) နိစ္စသာရ = မြဲ၏ဟု အနှစ်အသားအနေဖြင့် စွဲယူခြင်း

(၂) သုခသာရ = ချမ်းသာ၏ဟု အနှစ်အသားအနေဖြင့်စွဲယူခြင်း

(၃) သုဘသာရ = တင့်တယ်၏ဟု အနှစ်အသားအနေဖြင့်စွဲယူခြင်း

(၄) အတ္တသာရ = အနှစ်အသားရှိ၏ဟု စွဲယူခြင်း

တည်းဟူသော သာရ ၄-ချက်သည်ပင်လျှင် ဝိပလ္လာသ တရားတို့ဖြစ်သဖြင့် ထို—

(၁) နိစ္စသာရဝိပလ္လာသတွင် ဒိဋ္ဌိ-စိတ္တ-သညာဝိပလ္လာသ ၃-ပါး

(၂) သုခသာရဝိပလ္လာသတွင် ဒိဋ္ဌိ-စိတ္တ-သညာဝိပလ္လာသ ၃-ပါး

(၃) သုဘသာရဝိပလ္လာသတွင် ဒိဋ္ဌိ-စိတ္တ-သညာဝိပလ္လာသ ၃-ပါး
(၄) အတ္တသာရဝိပလ္လာသတွင် ဒိဋ္ဌိ-စိတ္တ-သညာဝိလ္လာသ ၃-ပါး

ပေါင်း ဝိပလ္လာသ ၁၂-ပါးဖြစ်၏၊ဤဝိပလ္လာသ ၁၂-ပါးအနက်မှသောတာပန်အရိယာမြတ်သည်-

(၁) နိစ္စသာရဝိပလ္လာသ၏ ဒိဋ္ဌိ-စိတ္တ-သညာဝိပလ္လာသ ၃-ပါး
(၂) အတ္တသာရဝိပလ္လာသ၏ ဒိဋ္ဌိ-စိတ္တ-သညာဝိပလ္လာသ ၃-ပါး
(၃) သုခသာရဝိပလ္လာသ၏ ဒိဋ္ဌိဝိပလ္လာသ ၁-ပါး
နှင့် (၄) သုဘသာရဝိပလ္လာသ၏ ဒိဋ္ဌိဝိပလ္လာသ ၁-ပါး

ပေါင်း ဝိပလ္လာသ ၈-ပါးကို အပြီးတိုင် ပယ်သတ်တော်မူနိုင်၏။

**သာရ ၄-လုံးနှင့် ပညတ် ၄-ပါးမှာ**

(၁) နိစ္စသာရသည် နာမပညတ်
(၂) သုခသာရသည် သဏ္ဌာနပညတ်
(၃) သုဘသာရသည် သမူဟပညတ်
(၄) အတ္တသာရသည် သန္တတိပညတ်ဖြစ်၏။

**သတိ။** ။ထိုပညတ်ရိပ် ၄-ပါး၏ အပေါင်းသဘော (တနည်း) သမူဟသဘောကိုပင် သာရဟု ပြောနေခြင်းဖြစ်၏။ တဖန် အကျိုးဝိညာဉ်ဆိုသည်မှာ တခြားမဟုတ်ပေ၊ ပညတ်ရိပ် ၄-ပါး၏ အပေါင်းသဘောပင်ဖြစ်ပေရာ ထိုပညတ်ရိတ် ၄-ချက် အပေါင်းသဘောမှ သာရ ၄-လုံး (တနည်း) ဝိပလ္လာသ ၁၂-ပါး ပေါ်ထွက်လာခြင်းဖြစ်၏။

ထို့ကြောင့် ပညတ်ရိပ် ၄-ပါး၏ အပေါင်းသဘောဆိုသည်မှာ စင်စစ် ပညတ်တရား သန့်သန့်တို့ မပေါင်းနိုင်ပေ။ သိမ်မွေ့သော ပရမတ်သဘော ရှိနေသေးခြင်းကြောင့်ပင် ဖြစ်၏၊ ထိုပရမတ်သဘောမှာ ခန္ဓာ ၄-ပါးတို့ ပေါ်ထွက်လာပေရာ ၎င်းခန္ဓာတို့ ယခု လက်မထောင်နေခြင်းဖြစ်ပေသည်။

**သတိ။** ။ဤခါတုမနသိကာရအပိုင်းသည် သမထယာနိကလမ်းဖြင့်လည်း ဆက်စပ်ထားသည် ဖြစ်၍ ရှင်တော်မြတ်က ခန္ဓာပေါ်သောအခါ၌ တိဟိတ်ခန္ဓာကို တခါတည်းမဖော်မူဘဲ ဒွိဟိတ်ခန္ဓာမှစ၍ ဖော်တော်မူလိုရကား အဆင်း-အကြည်-အမြင်-အသိ-အရိပ် ၄-ချက်ကို သာရ ၄-လုံးဖြင့်ယှဉ်၍ ဖွင့်ဆိုတော်မူခြင်းဖြစ်ကြောင်းကို သတိပြုရန်ဖြစ်ပါသည်။

**အထူးသတိ။** ။ဝါး ၄ လုံးသာဘာဝ

ယမန်နေ့ဟောစဉ် ဝါး ၄-လုံးထောင်မှုသဘောကို ပြန်၍ကောက်သော် မိမိ၏စိတ် ဝိညာဏ်ကသာလျှင် အနတ္တအနေဖြင့် သိမ်းဆည်းရ၏။ မျက်စိ အမြင်တွင်ကား

ထောင်နေသည်ကို အတ္တအနေဖြင့် မြင်နေရ၏။ ၎င်းကို အနတ္တအနေဖြင့် ဘဝင်ကျရန်သည် မလွယ်ကူလှပေ။

အချုပ်မှာမူ သညာဝိညာဏ်ဖြင့် မဆွဲကိုင်နိုင်မှသာလျှင် အနတ္တအစစ်ဖြစ်၏။ သို့ဖြစ်၍ ၁-လုံးဖြစ်စေ ၄-လုံးဖြစ်စေ၊ လဲသည်ဖြစ်စေ၊ ထောင်သည်ဖြစ်စေ၊ အားလုံးဓာတ် ၈-ပါးချည်းသာဖြစ်ကြောင်း သတိမူထားသင့်ပါသည်။

ဤတွင် ဝါး ၄-လုံးထောင်နေသည်ဟု အဘယ့်ကြောင့်ပြောနိုင်ပါသနည်း?

သညာဝိညာဏ်ကြောင့် ပြောနိုင်ခြင်းဖြစ်၏။

ထိုသညာဝိညာဏ်က အဘယ့်ကြောင့် ပြောနိုင်ပါသနည်း?

သမူဟ ပညတ်ရိပ်ကြောင့် ပြောနိုင်ခြင်းဖြစ်၏။

ထိုသမူဟ ပညတ်ရိပ်က အဘယ့်ကြောင့် ပေါင်းနိုင်ပါသနည်း?

ထိုပညတ်ရိပ် အပေါင်းသဘော(တနည်း)သမူဟသဘောကို ထောက်ခံအားပေး နေသော ပရမတ်သဘောကြောင့် ဖြစ်ပေရာ ထိုပရမတ်သဘောကို တွေ့မြင်မှသာလျှင် အနတ္တဓာတ် အနှစ်ကို တွေ့သည်မည်ပေသည်။

ဤသမူဟပညတ်၏ အနတ္တဓာတ်ကို တွေ့မြင်နိုင်ရန်သည် သာမန်အလုပ်မဟုတ်ပေ။ ပညာမြင် ဥဒယဗ္ဗယဉာဏ်ကို အပိုင်မျိုးနိုင်သောပုဂ္ဂိုလ်တို့၏ တက်စဉ်ဖြစ်ပေသည်။ ထို့ကြောင့်ဝိပဿနာတရား လိုက်စားကြသော ပုဂ္ဂိုလ်အများပင် နာမပညတ်နှင့် သဏ္ဌာနပညတ်တို့ကိုကြိတ်ချေ နိုင်ခဲ့သော်လည်း ဤသမူဟပညတ်မှ အနတ္တဓာတ်တွေ့ရန် ချော်၍ မူသောင်တင်နေကြသည်ကများလှပေသည်။

**ချုပ်ပုံအစမှာ-**

(၁) ဥဒယဗ္ဗယဉာဏ်၏သမ္မဇညပိုင်းကို သုညတအနတ္တအနေဖြင့် ချေခဲ့ပုံကိုပြန်၍သုံးသပ်ပြီးလျှင်

(၂) ယခုဓာတုမနသိကာရအပိုင်းကို = ပရတ္တ အနတ္တအနေဖြင့် ချေရန်၎င်း

(၃) အသမ္မောဟသမ္ပဇညအပိုင်းကို = အသာရကဋ္ဌ အနတ္တဖြင့်၎င်း

(၄) ပဋိကူလမနသိကာရ အပိုင်းကို = အဝသဝတ္တနဋ္ဌ အနတ္တဖြင့် ချေရန်ဖြစ်သည်ကိုလည်း သတိထားရန်ဖြစ်ပါသည်။

**သာရ ၄-လုံးကို ဝိပဿနာနည်းဖြင့် သိမ်းပုံမှာ**

(၁) အဆင်းယနရိပ်ဖြစ်သော နိစ္စသာရ-သညက္ခန္ဓာသည် အတိတ်အကြောင်းစက်

(၂) အကြည်ရိပ်ယနဖြစ်သော သုခသာရ-ဝေဒနက္ခန္ဓာသည် ပစ္စုပ္ပန်အကျိုးစက်

(၃) အမြင်ရိပ်ယာနဖြစ်သော သုဘသာရ-သင်္ခါရက္ခန္ဓာသည် ပစ္စုပ္ပန်အကြောင်းစက်

(၄) အသိရိပ်ဿနဖြစ်သော အတ္တသာရ-ဝိညာဏက္ခန္ဓာသည် အနာဂတ်အကျိုးစက် ဖြစ်ကြောင်းနှင့် ဤစက်ရဟတ် ၄-ပါးသည်ပင်လျှင် ပစ္စုပ္ပန်၌စား-ဝတ်-နေရေးတို့တွင် သတ္တဝါတို့အား သာရ ၄-လုံးဖြင့် ရစ်ပတ်ဖွဲ့နှောင်ပြီးလျှင် သံသရာ့ရေယာဉ်ကြောမှ မတက်ရောက် နိုင်ခြင်းဖြစ်ပေသည်။

**သတ်ဆေးမှာ-**

(၁) ခယဓမ္မာ = ကုန်ခြင်းသဘောတရား

(၂) ဝယဓမ္မာ = ပျက်ခြင်းသဘောတရား

(၃) ဝိရာဂဓမ္မာ = ကင်းခြင်းသဘောတရား

(၄) နိရောဓ ဓမ္မာ = ချုပ်ခြင်းသဘောတရားတို့ဖြစ်၏။

**သတိ။ ။(၁) နိစ္စသာရ- အတိတ်အကြောင်းစက်နှင့် အနိစ္စ နုပဿနာဉာဏ် ခယဓမ္မာသဘာဝ**

ဤနိစ္စသာရ- အတိတ်အကြောင်းစက်သည် အဆင်းရိပ်ဿန- သညက္ခန္ဓာဖြစ်ကြောင်း နာကြားပြီးခဲ့ရာ ၎င်းသဘာဝသည် စင်စစ်အတိတ်အာရုံသဘောသာဖြစ်သည့်အတိုင်း လွန်လေပြီးသောသဘာဝမျှသာ ဖြစ်၏။

သို့သော် ယခုပစ္စက္ခကာမဂုဏ် အာရုံတို့ဖြင့်ဆုံသော် သဘာဝအမှန်ကို မသိရှိသော အန္ဓပုထုဇဉ်တို့တွင် အတိတ်အကြောင်း အာရုံတို့ဖြင့် နှိုင်းဆ၍ (တနည်း) နှိုင်းယှဉ်၍ (တနည်း) ထောက်၍သာလျှင် ခံစားမြဲဖြစ်သဖြင့် ၎င်းအတိတ်အကြောင်းအာရုံသည် မြဲ၏ဟူသော အနှစ်အသားအနေဖြင့် ဆွဲကိုင်မိရက်သား ဖြစ်နေပေသည်။ ဤသို့ကား မသင့်၊ ၎င်းသည် ဖြစ်ပြီးဖြစ်သည့်နည်းတူ အမှန်စင်စစ် အနိစ္စသဘောဖြစ်၏။ တဖန် ထိုဖြစ်ပြီးသဘောသည် ကုန်ပြီးသော သဘာဝပင်ဖြစ်၍လည်း ခယဓမ္မာ၌ ဥက္ကောင်းကျ၏။

**(၂) သုခသာရ–ပစ္စုပ္ပန်အကျိုးစက်နှင့် ဒုက္ခာနုပဿနာဉာဏ်-ဝယဓမ္မာသဘာဝ**

ဤသုခသာရ- ပစ္စုပ္ပန်အကျိုးစက်သည် အကြည်ရိပ် ဃန-ဝေဒနက္ခန္ဓာဖြစ်ရာ နိစ္စသာရ အတိတ်အကြောင်းစက်သည် ခယဓမ္မာ၌ကျရောက်ပြီးသည့်အတိုင်း ၎င်းအကြည်ရိပ်ဃန သုခသာရသည် အဆင်းရိပ်ရှိစဉ်မှာကဲ့သို့ အဆင်းရိပ်ဖြင့်ဆုံတိုင်း ဆုံတိုင်းချမ်းသာ၏ဟုအနှစ်အသားအနေဖြင့် မဆွဲကိုင်နိုင်တော့သည်ဖြစ်၍ ပျက်ခြင်းသဘော- ဝယဓမ္မာ၌ ဥက္ကောင်းဆိုက်ရောက်ပြီးလျှင် ထိုအဆင်းရိပ်ဃနတို့ဖြင့် ကြုံတိုင်း ဆင်းရဲခြင်းသဘောကိုသာ မြင်နေတော့ သဖြင့်လည်း ဒုက္ခာနုပဿနာဉာဏ်၌ သက်ဝင်နေသည်မည်ပေ၏။

(အတိတ်အကြောင်းစက်ကင်းသော ပစ္စုပ္ပန်အကျိုးဖြစ်၍လည်း ထိုဝေဒနာသည် အကျိုးသက်သက် ဝေဒနာဖြစ်၏)။

### (၃) သုခသာရ-ပစ္စုပ္ပန်အကြောင်းစက်နှင့် အသုဘာနုပဿနာဉာဏ်ဝိရာဂဓမ္မသဘာဝ

၌သုခသာရ ပစ္စုပ္ပန်အကြောင်းစက်သည် အမြင်ရိပ် ယနသင်္ခါရက္ခန္ဓာဖြစ်ပေရာ-နိစ္စသာရ-အတိတ်အကြောင်းစက်နှင့်သုခသာရ- ပစ္စုပ္ပန်အကျိုးစက်တို့ရှိစဉ်က (တနည်း)အဆင်းရိပ်ယနနှင့် အကြည်ရိပ်ယနတို့ ပေါင်းဆုံစဉ်က အထူးတင့်တယ်ခြင်း အနှစ်အသားအနေဖြင့် ခံစားခဲ့နိုင်သော်လည်း ယခုမှာမူကား ထို ၂-ပါးတို့ ခယဓမ္မာနှင့် ဝယဓမ္မာ (တနည်း)အနိစ္စနှင့်ဒုက္ခာနုပဿနာတို့၌ အသီးသီးဇာတ်သိမ်းပြီးခဲ့ရာ ယခုအဆင်းနှင့် အကြည်ရိပ်ယနတို့ ကြုံသော် ဆုံသော်လည်း တင့်တယ်၏ဟု အနှစ်အသားအနေဖြင့် ဆွဲကိုင်ခြင်းမှ ကင်းသည်ဖြစ်၍ ဝိရာဂဓမ္မာ၌ကျရောက်၏။ ၌ကဲ့သို့ တင့်တယ်မှုမှ ကင်းဆိတ်သည်ကို မြင်နေတော့သဖြင့်လည်း အသုဘာနုပဿနာဉာဏ်၌ သက်ဝင်ပြီဖြစ်တော့၏။ (တနည်း) အနာဂတ်အကျိုးစက်သို့သွားမည့်သင်္ခါရမှုတို့မှ ကင်းခြင်းလည်း မည်ပေ၏။

### (၄) အတ္တသာရ-အနာဂတ်အကျိုးစက်နှင့်အနတ္တာနုပဿနာဉာဏ်-နိရောဓ ဓမ္မာသဘာဝ·

၌အတ္တသာရ- အနာဂတ်အကျိုးစက်သည် အသိရိပ်ယန ဝိညာဏက္ခန္ဓာ ဖြစ်ပေရာ နိစ္စသာရ-အတိတ်အကြောင်းစက် သုခသာရ-ပစ္စုပ္ပန်အကျိုးစက်နှင့် သုဘသာရ-ပစ္စုပ္ပန်အကြောင်းစက် ၃-ပါးတို့ရှိစဉ်က အတ္တသာရ- အနှစ်အသားအမှန်ရှိအနေဖြင့် အပိုင်သိခဲ့နိုင်သော်လည်း ယခုမှာမူကား ၎င်း ၃-ပါးတို့သည် ခယဓမ္မာ ဝယဓမ္မာနှင့် ဝိရာဂဓမ္မာ (တနည်း) အနိစ္စ-ဒုက္ခနှင့်အသုဘာ နုပဿနာဉာဏ် အသီးသီးတို့၌ဇာတ်သိမ်းပြီးခဲ့ခြင်းဖြင့် ၌အသိရိပ်ယနသည် အတ္တသာရ- အနှစ်အသားအနေဖြင့် ဆွဲကိုင်မှုမှ ချုပ်ငြိမ်းတော့သည် ဖြစ်၍ နိရောဓ ဓမ္မာ၌ဆိုက်ရောက်ရပေသည်။ ၌ကဲ့သို့အနှစ်အသားအတ္တသာရမှ ချုပ်ငြိမ်းသောသဘောကို မြင်သိနေ၍လည်း အနတ္တာ နုပဿနာဉာဏ်၌ဝင်သည်ဖြစ်၏။ (တနည်း) အနာဂတ် အကျိုးစက်၌ဖြစ်မည့် ဝိညာဏ်ကြီးချုပ်ခြင်းသည်လည်းဖြစ်ပေ၏။

၌တွင် ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်ကြီးကျိုး၍ ပညာမြင် အနိစ္စဉာဏ်ဖြစ်သည့်အတိုင်း မဂ်သို့ တရှိန်တည်းဝင်နိုင်ပြီဖြစ်၏။ နိမိတ်အားလုံး သုဉ်းဆိတ်သည်ဖြစ်၍ အနိမိတ္တနိဗ္ဗာန်မည်၏။

ဓမ္မာစကြာနည်းဖြင့်သော် သစ္စာဉာဏ်၌ဝင်၍ "သဗ္ဗံတံ နိရောဓ ဓမ္မံ"အရ အလုံးစုံသော တရားဟူသမျှသည် ချုပ်ခြင်းလျှင်သဘောရှိကုန်၏ဟူသော တရားဥဒ္ဒေါင်းဖြင့် အရှင်ကောဏ္ဍည မထေရ်မြတ် သောတာပတ္တိမဂ်ကို ရခြင်းဖြစ်ပေရာ- ယခုကဏ္ဍ၏ နိရောဓ ဓမ္မာဖြင့်ဟပ်၍ ရှုဆင်ခြင်အပ်လှပါသည်။

### သောတာပန်ဖြစ်နိုင်သော အင်္ဂါ ၄-ချက်မှာ-

(၁) သူတော်ကောင်းပညာရှိကို ဆည်းကပ်ခြင်း- နာမရူပ ပရိစ္ဆေဒဉာဏ် နှင့် ပစ္စယပရိဂ္ဂဟဉာဏ် စခန်းဖြစ်၏။

(၂) မဂ်တရား-ဖိုလ်တရားကို ရနိုင်သောတရားတော်ကို နာကြားခြင်း-သမ္မသနဉာဏ်နှင့် ဥဒယဗ္ဗယဉာဏ်စခန်းဖြစ်၏။

(၃) မဂ်ဖိုလ်နှင့်လျော်သော အကျင့်ရှိခြင်း- ပညာမြင်အနိစ္စဖြစ်သော ဘင်ဉာဏ်စခန်း ဖြစ်၏။


(၄) ဒိဋ္ဌိတရားယုတ်တို့ကို ခွါချွတ်ခြင်း- မဂ်တရားဖိုလ်တရား၌ဝင်ခြင်းဖြစ်ပေရာ-

ရှင်တော်မြတ် ပရိနိဗ္ဗာန် ဝင်စံတော်မူခါနီးကာလ နတ်သားနတ်သမီးတို့ ရှင်တော်မြတ် ပွင့်တော်မူစက ဆွတ်ခူးသီကုံးခဲ့သော ရတနာပန်းကုံးကြီးကို လာ၍လှူဒါန်းကြစဉ် အရှင်အာနန္ဒာ မထေရ်အား မိန့်တော်မူသော-

"ဓမ္မာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" အစရှိသော ဂါထာတော်အရ ဤလောကုတ္တရာ တရား ၉-ပါးနှင့် လျော်သော အကျင့်ဝတ် ပဋိပတ်ဖြင့်ဟူသည်မှာ ဤမဂ်ဖိုလ် နှင့်လျော်သော အကျင့်အသိဖြစ်သည့် ပညာမြင်အနိစ္စဘင်ဉာဏ်ကြီးပင်ဖြစ်ပေရာ ရှင်တော်မြတ် သည် လူတို့၏အချိန်အားဖြင့် ၄၅-နှစ်ကာလပတ်လုံး အပမ်းတကြီး စိစဉ်သီကုံးလှူဒါန်းသော နတ်တို့၏ ရတနာပန်းကုံးထက် အမြတ်ထားတော်မူသော ဤဉာဏ်စခန်းဖြင့် ပူဇော်သက္ကာရ ပြုသည်ကို လိုလားတော်မူသည့်အတိုင်း ဤသာသနာ ဤဆရာမြတ်ဖြင့် ဤပညာမြင် အနိစ္စဘင် ဉာဏ်ကို ရှင်တော်မြတ်အား ပူဇော်နိုင်ရန် အထူးကြိုးစားအပ်လှပါသည်။

၆-၁၀-၆၇

(ပုံစံအမှတ် ၃၀)




**ဝါး ၄-လုံး၏ သဘာဝအနတ္တသဘောကိုမကြံဆမိ**

ဓာတ်ကြီး ၄-ပါး၏ တပါး အနတ္တကို သုံးသပ်ရာ၌ပထဝီဓာတ်၏ မာသဘော နာမ ပညတ်သည် ဌာန် ၄-ချက်ဖြင့် ချေလိုက်သော် မိမိအလိုလို ထည်းထည်းကြီး မမာနိုင် ကျန် ဓာတ် ၃-ပါးတို့၏ အထောက် အပံ့ကြောင့်သာ လျှင် မာနိုင်ခြင်းဖြစ်ကြောင်း အသိပိုင်ပြီးခဲ့၏။

ထိုနည်းတူစွာ ဝါးလုံး တို့သည်လည်း အနတ္တဖြစ်၍ မထောင်နိုင်ခြင်းနှင့် ၄-လုံးပေါင်း ၍ထောင်သော် ထောင်နိုင် ကြောင်းကိုလည်း နားကြားပြီး ခဲ့ပြီဖြစ်ပေရာ ဤ ထောင် နိုင် ခြင်း သဘောသည် အပေါင်းသဘော သမူဟပညတ် ရိပ်ကြောင့်ပင်ဟု ယူဆရုံမျှဖြင့် မလုံလောက် သေးပေ။ မြင်နေရသည်ကား ထောင်နေခြင်း သဘောဖြစ်သဖြင့် အမှန်မလွဲ ထိုသမူဟပညတ် ရိပ်အပေါင်းသဘောကို ပေါင်းနိုင်စေရန် အား ပေးထောက်ပံ့သည့် ပရမတ်သဘော ရှိရပေလိမ့် မည်ဖြစ်၏။

**အထူးသတိ။** ။**အဆင်းသဘော နာမပညတ်နှင့် ပစ္စုပ္ပန်သဘော-ပရမတ်သဘာဝ ဝါး ၄-လုံးချေပုံ**

နာမပညတ် တည်းဟူသော အမည်နာမအမျိုးမျိုးကို မှည့်ခေါ်ရာ၌ အမှည့်ခေါ်ခံ အဆင်းတည်းဟူသော အရာဝတ္ထုတခုခုသည် ရှိရ၏။၎င်း အဆင်းသဘောသည် ပစ္စုပ္ပန်သဘော ပရမတ်ဖြစ်၏။

၎င်းအဆင်းရိပ် ပစ္စုပ္ပန်သဘော ပရမတ်ကို အပေါင်းသဘော သမူဟပညတ်က ဆွဲကိုင်လိုက်သော် လဲသည်-ထောင်သည်-တိုသည်-ရှည်သည် အစရှိသောပုံဟန်သဏ္ဌာန်အရိပ်တို့ ပေါ်လာ၏။ ဤသည်ကိုပင်လျှင် ဝါး ၄-လုံး ထောင်သည်ဟု ပြောရ၏။ ဝါး ၄-လုံး အပေါင်းအစုကား သမူဟပညတ်ဖြစ်၏။ ထို့ကြောင့် လဲသည်ဖြစ်စေ- ထောင်နေသည်ဖြစ်စေ- တလုံးဖြစ်စေ- ၄-လုံးဖြစ်စေ အနတ္တမျိုးသာ ဖြစ်၏။

သို့သော် ဝါးလုံး ၄-လုံးတည်းဟူသော ပစ္စုပ္ပန်သဘော ပရမတ်အဆင်းရှိနေ၍ နာမပညတ်-သဏ္ဌာနပညတ်နှင့် သမူဟ ပညတ် ၃-ပါးတို့က မှီပြီး လှည့်ပတ်နေခြင်း ဖြစ်၏။ **ဤတွင် ဝါး ၄-လုံးတို့ပေါင်းပြီး ထောင်နေသည်ဟူသော** အန္ဓပုထုဇဉ်တို့၏ အပြောသည်မသင့်-**စင်စစ်သဏ္ဌာန်သဘောမျှသာဟု ပြောရမည် ဖြစ်ပေသည်။**

သဉ္စာလောကတွင် ဤပစ္စုပ္ပန်သဘော ပရမတ်(တနည်း) အဆင်းရိပ်တို့သည် သဘာဝအားဖြင့်နှံ့မပေါ်မဖြစ်၍သာလျှင် ပေါ်နေကြရပေရာ ၎င်းကို အခွင့်ကောင်းယူ၍ ပညတ် ၃-ပါးတို့ မှီကပ်လာခြင်းဖြစ်၏။

အချုပ်ဆိုသော် လောကတွင် ပရမတ်ရှိ၍ပညတ်ရှိရာ ပညတ်ပေါ်လာခြင်းသည်နောက်ခံ သဘာဝ ပရမတ်ရှိသောကြောင့် ဖြစ်ပုံကို ဥာဏ်မီသည့်တိုင် ရှုဆင်ခြင် အပ်သည့် ကိစ္စကြီးဖြစ်ပါသည်။

**သတိ။** ။**မဟာသတိပဋ္ဌာန်နည်းဖြင့် အပေါင်းသဘော သမူဟပညတ်ကိုချေဖျက်ပုံ**

နိစ္စသာရသဘော- နာမပညတ် သဘာဝ- နာမပညတ် ဟူသည့် အမည်နာမအမျိုးမျိုးဖြစ်၏။ သို့ဖြစ်သော် ယခုမြင်ရသောအရာဝတ္ထုကို လက်ဘက်ရည်ပန်းကန်ဟု ခေါ်ဆိုပေရာ ထိုအမည်သည် ယခုမှ ခေါ်ဆိုရသော အမည်လော? သို့မဟုတ် ဘယ်တုံးဘယ်ခါမှစ၍ ခေါ်ဆိုသောအမည်နည်း?ဟု အမေးပြုသင့်၏။

**နာမတ်ပညတ် ၂-မျိုးသဘော**

(၁) အဆင်းထောက်ခံသော နာမပညတ်

(၂) အဆင်းထောက်ခံမှုမရှိဘဲ ပေါ်နေသောနာမပညတ်ဟူ၍ ၂-ပါးပြားပေရာ—

**သဘိ။** ။(၁)**အဆင်းဆောက်ခံသော နာမပညတ်သဘော**

ယခု မိမိမြင်နေရသော အရာဝတ္ထုကို လက်ဘက်ရည် ပန်းကန်ဟု ခေါ်ဆိုရာတွင်း အခေါ်ခံ လက်ဘက်ရည်ပန်းကန်တည်းဟူသော အဆင်းထင်ရှားရှိသည်ဖြစ်၍ အဆင်ထောက်ခံသည်မည်၏။ ထို့ကြောင့် ၎င်းကို ပစ္စုပ္ပန်သဘော နာမပညတ်ဟုဆိုရ၏။

(၂) **အဆင်းထောက်ခံမှုမရှိသော နာမပညတ်သဘော**

ယခုကဏ္ဍ၏ နာမပညတ်သည် အဆင်း ထောက်ခံမှုမရှိတော့၍ (ဥဒယဗ္ဗယပညာက အကြောင်းတရားတို့ကိုချေပြီး၍ဖြစ်၏) အတိတ်သဘော နာမပညတ်ဟုဆိုရ၏။

သို့ရာတွင် အဆင်းပင်မထောက်ခံသော်လည်း ဟိုစဉ်က ဆွဲကိုင်ခဲ့ဘူးသော အဆင်းရိပ်ကို စွဲ၍ခပြောနေခြင်းဖြစ်ပေရာ ၎င်းသဘောသည်ပင် အနှစ်အသား အနေအားဖြင့် နှလုံးအိမ်၌ စွဲယူထားသော အတိတ်သဘောဖြစ်၍နိစ္စသာရမည်၏။ ဤကဲ့သို့အတိတ်သဘောကို ပစ္စုပ္ပန်မှ နေ၍ဆွဲကိုင်သည်ဖြစ်သဖြင့်လည်း သဿတဒိဋ္ဌိ သညာရုပ်ရေသောက်မြစ် သညက္ခန္ဓာဖြစ်၏။

**အထူးသတိ။** ။ထို့ကြောင့်ပင်လျှင် အန္ဓပုထုဇဉ်နှင့် ကလျာဏအစရှိသော အာရိယာ အရှင်မြတ်တို့၏ ရတနာ ၃-ပါးကိုးကွယ်ကြည်ညိုဆည်းကပ်မှု၌ သဘာဝခြင်း များစွာကွာခြားရခြင်းဖြစ်ပေသည်။

အန္ဓပုထုဇဉ်တို့တွင် ဥပမာ ဘုရား ကိုးကွယ်မှု၌ ကြေး-ကျောက်-ရွှေ-ရုပ်ပွားတော်-စေတီပုထိုး အစရှိသော မိမိတို့ကြိုက်နှစ်သက်ရာ တဆူဆူကို ရွေးချယ်ပူဇော်ရာတွင် ထိုထိုသော ရုပ်ပွားတော် စေတီပုထိုးဖြစ်သည့်အဆင်း ပရမတ်ထောက်ခံသော နာမပညတ်ကိုအမှီပြု၏၊သို့ဖြစ်၍ ဘုရားရွေးချယ်ရခြင်းဖြစ်၏။ ဤကိုရည်၍ ရှေးပညာရှိ သူတော်ကောင်းတို့က ဘုရားကို ရုပ်ပွားတော် စေတီပုထိုး ကွယ်သည်ဟု ဆိုဆုံးမရိုး ရှိခြင်းဖြစ်ပေသည်။ ဤသည်ကား ကိုးကွယ်မှုကို အပြစ်ပြုခြင်းမဟုတ် မကိုးကွယ်တတ်ပုံကိုသာလျှင် ညွှန်းတော်မူခြင်းဖြစ်၏။ (အစွဲဘုရားဖြစ်၏)

ကလျာဏအစရှိသော အရိယာအရှင်မြတ်တို့တွင် ဤကဲ့သို့ ရတနာ ၃-ပါးတို့ကို ကိုးကွယ်ဆည်းကပ်မှု၌ အဆင်းထောက်ခံမှုမလိုပြီ သို့ဖြစ်သော် ရုပ်ပွားတော် စေတီပုထိုးတို့ကို မဆည်းကပ်ရာ ပယ်ရာရောက်၏၊ ဤသို့ကားမဟုတ်ပေ အတိတ်သဘော နာမပညတ် အဆင်းဖြစ်သည့် သညက္ခန္ဓာကိုသာမကိုင် ပစ္စုပ္ပန် အနန္တဂုဏ်တော်ဖြစ်သော သဘောတရားကို ကိုင်ခြင်းဖြစ်ပေသည်၊ သဿတဒိဋ္ဌိလွတ်ခြင်းဖြစ်၏။

(ဤသဘာဝသည်ကား အထူးသိမ်မွေ့သည်ဖြစ်ပါ၍ မမိ,မိအောင် ကြိုးစားသင့်လှပါသည်)

**သတိ။** ။**ဝိပဿနာတွင် အခြေခံသဘာဝမျိုးပုံသဘောမှာ-**

(၁) **ရုပ်ပင်-နာမ်ပင်သဘော**= မှာ ရုပ်တရားကို နာမရူပ ပရိစ္ဆေဒဉာဏ်၏ ဌာန် ၄-ချက်ဖြင့်ချေ၍ နာမပညတ်ဇာတ်သိမ်း၏၊ နာမ်တရားကို ပစ္စယ ပရိဂ္ဂဟဉာဏ်၏

နည်း ၄-ပါးဖြင့်ချေ၍ သညာနုပဿနာတ် ဇာတ်သိမ်း၏။ မာသည်- ပူသည် ဟူသော ပညတ်တို့ ပေါ်မရတော့ပေ။ ၎င်းတို့ကို အနိစ္စ-ဒုက္ခဖြင့် ချေ၍မရပေ။ ၎င်းတို့သဘာဝ ကသည်ပင်လျှင် အနတ္တဖြစ်၍ အနတ္တဖြင့်သာချေရ၏။

(၂) **အညာဝိညာဏ်သဘော**= ရုပ်တရား ပေါ်ထွက်သော သညာနှင့်နာမ်တရားပေါ် ထွက်သော ဝိညာဏ်တို့ကို သမ္မာသနဉာဏ်နှင့် ဥဒယဗ္ဗယဉာဏ်တို့က ချေခဲ့၏။

(၃) **ရေသောက်မြစ် ၃-ချက်သဘော**= ဤကဏ္ဍအတွက် ရေသောက်မြစ်မှာ အတိတ် သဘော- အနာဂတ်သဘော- ပစ္စုပ္ပန်သဘော ၃-ချက်ဖြစ်၏။ ၎င်းတို့အား ကာလ ဟူ၍ မဆိုနိုင်ပြီ။ ဤရေသောက်မြစ် ၃-ချက်ကို ဖြတ်တောက်လိုက်သော် အသခ်တ ဓမ္မ၌ ဆိုက်မည်ဖြစ်ရာ-

ယခု ရေသောက်မြစ်တို့ကို ရှာနေခြင်းဖြစ်၏။ ၎င်းသည် ရုပ်တရားကိုပေါ်ထွက် စေသော သညာရေသောက်မြစ်ဖြစ်၏။ ထိုရေသောက်မြစ်သည်ပင်လျှင် အကျိုးဝိညာဏ် ဖြစ်၏။

(၎င်းဝိညာဏ်ရေသောက်မြစ်ကို လာမည့်ကဏ္ဍတို့၌ပယ်နုတ်မည်ဖြစ်၏)။

သို့ဖြစ်၍ သောတာပန်ပုဂ္ဂိုလ်တို့တွင် အတိတ်သဘော နာမပညတ်ရှိ၍ နိစ္စသာရ-သဿတ ဒိဋ္ဌိ သညက္ခန္ဓာ မရှိပေ။

၎င်းအတိတ်သဘော နာမပညတ်သည် အရဟတ္တမဂ်ကျမှသာလျှင် အပြီးတိုင် ချုပ်ငြိမ်း မည်ဖြစ်၏။

**နာမပညတ်ရှိပုံသဘော-**

(၁) **အယူသစ္စာ**= နိစ္စသာရ- သဿတဒိဋ္ဌိ သညက္ခန္ဓာဖြင့် ဆွဲကိုင်သောအန္ဓပုထုဇဉ် တို့၏ အယူဖြစ်၏။ ထို့ကြောင့် ရှင်တော်မြတ်သည် ကုသိုလ်တရားကား အဘယ်သို့ ရှိ၏၊ ပြုအပ်၏၊ အကုသိုလ်တရားကား အဘယ်သို့ရှိ၏၊ ရှောင်အပ်၏ဟူ၍ သက်သာ ရာ ရစေခြင်းငှာ ဆိုဆုံးမတော်မူခြင်းဖြစ်၏။ ဝိရတီသစ္စာမည်၏။ခံစားနိုင်ရန်ကို ရည် ရွယ်ခြင်းကြောင့်၎င်း- ခံစားရမည်ကို ကြောက်လန့်၍၎င်း၊ ပြုစုရှောင်ရှားရသည်ဖြစ်၍ ဒိဋ္ဌိတရားတို့ပေါ်ထွက်လာရခြင်းဖြစ်ပေသည်။

(၂) **အသုံးသစ္စာ**= သောတာပန် **အရိယာမြတ်တို့၏ အသုံးဖြစ်၏**။ အကုသိုလ် တရား တို့ကို သမုစ္ဆေဒပဟာန်အားဖြင့် သဘာဝအတိုင်း ပယ်ပြီးဖြစ်၏။ ကုသိုလ်တရားတို့ အပေါ်၌ "ကြောင့်"မပါတော့ပေ- အတိတ်သဘော နာမပညတ်ဖြစ်သော အမည် အနေဖြင့်သာ ခေါ်ဝေါ်သုံးစွဲတော်မူခြင်းဖြစ်၏။

ဤအထက်ဖော်ပြပါ သဘောတရားနှင့် စပ်လျဉ်း၍ သောတာပန် သေမလောက်-ကြီးကြာ-ရေမသောက် ဟူသော အများသော ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်တို့နည်းမျိုးစုံဖွင့်၍ အငြင်းပွားလျက်ရှိကြရပေသည်။

အမှန်စင်စစ် အရိယာတို့တွင် ကံ ၅-ပါး၌ သဘာဝအားဖြင့်ပင်လျှင် လုံပြီးဖြစ်ရာ သေရည်မှန်းသိသော် သောက်မည်မဟုတ်၊ မသိ၍သောက်သော်- အရိယာဓာတ်ကပင် လှန်ထုတ်မည်ဖြစ်သည်ဟု ယူဆရန်ရှိ၏။

သို့သော်- အဖြစ်မှန်မှာမူ အတိတ်ဘဝ အရိယာအဖြစ်ဖြင့်ချုပ်၍ အကယ်တိ လူ့ပြည်၌ဖြစ်အံ့၊ အရွယ်မတိုင်မီ မသိတတ်သေးသော ကာလတွင် ထိုကလေးငယ်အား သေရည် သေရက်တိုက်ကျွေးသော်- အရိယာဓာတ်ဖြင့် ဝင်မည်မဟုတ်ပေ၊ ဘဝတပါးခြားသော ကာလကို အထူးဉာဏ်မိသင့်လှပါသည်။

အရှင်ပိလိန္ဒဝစ္ဆမထေရ် လေနာရောဂါမှ သက်သာစေရန် ရှင်တော်မြတ်၏ ခွင့်ပြုတော်မူချက်ဖြင့် စိမ်ရေကို ဘုန်းပေးတော်မူခြင်းနှင့် အရှင်သာဂရမထေရ် ရဟန္တာ ဖြစ်သော်လည်း စိမ်ရေအသောက်လွန်သဖြင့် ရှင်တော်မြတ်ကို အလွန်ကြည်ညိုလေးစားသော ပုဂ္ဂိုလ်ပင်ဖြစ်လင့်ကစား ရှင်တော်မြတ်ဘက်သို့ ခြေပြုမိသည်အထိ သတိလွတ်ကင်းသည်ကိုအကြောင်းပြု၍ အကျိုးမယုတ်စေရန် ရှင်တော်မြတ်ပညတ်တော်မူသော ထုံးကိုနှလုံးမူပြီးလျှင် ပါးစပ်ပေါက်ရှိ၍ လောင်းထည့်သော် (တနည်း) သောက်သော်- ထိုအရက်- စိမ်ရေ ဝင်မည်သာ ဖြစ်ကြောင်း သဘာဝအသိဉာဏ်ကို စေပါး၍ ကြံဆအပ်ပါသည်။

၇-၁၀-၆၇

**သတိ**။ ။မဟာသတိပဋ္ဌာန်ဟူသည် ဒုက္ခကိုမြင်စေလို၍ ပညတ်တရားကို ချေသည့် လုပ်ငန်းစဉ်ဖြစ်ပုံနှင့်-

မေ့စကြာ-အနတ္တလက္ခဏာသုတ် တို့မှာမူ အနတ္တကိုလို၍ ပရမတ်ကို ခွဲစိပ်ရခြင်းဖြစ်ပုံ သဘာဝကိုလည်း အစဉ်သတိမူရမည့် အချက်ဖြစ်ပေသည်။

ဤတွင် ဣရိယာပထလုပ်ငန်းစဉ်ဖြင့် သန္တတိပညတ်ကိုချေခဲ့၏။

ယခု ဓာတုမနသိကာရလုပ်ငန်းစဉ်ဖြင့် သမူဟပညတ်ကို ချေလျက်ရှိပေသည်။

(၁) သညာ-ကား အစဉ်

(၂) ဝိညာဏ်-ကား အမြင်

(၃) ဒိဋ္ဌိကား အယူသဘောဖြစ်ပေရာ-

တဏှာငါ၊ မာနငါ၊ ဒိဋ္ဌိငါ တည်းဟူသော ပပဉ္စတရား ၃-ပါးသည် သံသရာကို ချဲ့ထွင်တတ်ကုန်၏ဟု ဆိုရိုးရှိသော်ငြားလည်း စင်စစ် မိမိတို့အလိုအတိုင်း ချဲ့ထွင် နိုင်ကြသည် မဟုတ်ပေ။ ''သညာ ပုဗ္ဗကာ သင်္ခါရာ''ဟူသည်နှင့်အညီ သညာသည်သာ သင်္ခါရတရားတို့၏ရှေ့သွားခေါင်း

ဆောင်ဖြစ်ပေရာ ဤကဏ္ဍ၏ အတိတ်သဘောနာမပညတ်သည် ဘယ်တုံးဘယ်ခါမှစ၍ အစဉ်အဆက်မှတ်သားလာသည် မသိနိုင်ပေ။ ၎င်းသဘောသည်ပင် နိစ္စသာရ-သဿတဒိဋ္ဌိ-သညက္ခန္ဓာဖြစ်၏။ ဤအစွဲရှိသော ပုဂ္ဂိုလ်တို့တွင်-

သီလဗ္ဗတ ပရာမာသ သံယောဇဉ်သည် ကပ်ရောက်တော့သည်ဖြစ်၏။

**နိစ္စသာရ-သဘာဝ**

ဤအတိတ်သဘော နာမပညတ် သညာအမှတ်သည် တခြားမဟုတ်ပေ၊ မိမိပစ္စုပ္ပန်အကျိုးဝိညာဏ် (တနည်း) မနောဝိညာဏ်တွင် အစဉ်ကိန်းနေသော သဘောဖြစ်၏။ သို့သော် အာရုံနှင့်မတိုက်မခြင်း ကိန်းနေမှန်း မသိနိုင်ပေ၊ တခုသောအာရုံဖြင့်တိုက်သောအခါမှသာလျှင် အတိတ်က ခံစားလာခဲ့ဘူးသော အာရုံတို့နှင့် အစဉ်နှိုင်းယှဉ်လေ့ရှိ၏။

စင်စစ် ပစ္စုပ္ပန်အာရုံ ပေါ်သောအခါတိုင်းပင်လျှင် အတိတ်သဘော နာမပညတ်- အနာဂတ်သဘော သဏ္ဍာနပညတ်ဖြင့် နှိုင်းယှဉ်လေ့ရှိသည်ဖြစ်၍ ကောင်း-မကောင်းစသောကိလေသာတို့ ပေါက်ဘွားရခြင်းဖြစ်ပေသည်။

**သတိ။** ။သတ္တဝါတို့တွင် ကိလေသာ ကာမဂုဏ်တရားတို့ကို (တနည်း) အာရုံတို့ကို ခံစားသည်ဆိုသည်မှာ ဝေဒနာက အစပြု၍ခံစားခြင်းဖြစ်ရာ- ခံစားမှု ဝေဒနာမချုပ်လေသမျှ-ဥပါဒါန်တရား ဘယ်သောအခါမှမငြိမ်းနိုင်ပေ။

**သတိ။** **။(၁) သဿတဒိဋ္ဌိ-အတိတ်သဘော နာမပညတ်- နိစ္စသာရနှင့် သညက္ခန္ဓာသဘော**

ဤသဿတဒိဋ္ဌိသည် သညာရိပ်မှနေ၍ ပေါက်ဘွားလာခြင်းဖြစ်၏။ မြဲ၏ဟု အနှစ်အသားအနေဖြင့် ယူခြင်းသည်သဿတဒိဋ္ဌိဖြစ်၏။ထိုဒိဋ္ဌိကိုကြောက်၍ မမြဲဟုဆိုသော်-ဥစ္ဆေဒဒိဋ္ဌိ၌ ကျရောက်ရန်ဖြစ်၏။ ဤသို့ကား မဟုတ်လေ- မမြဲဟုဆိုသော်- အနိစ္စတရားနှင့် ထိပ်တိုက်ကျမည်ဖြစ်၏။

အနိစ္စတရားသည် သာသနာတရား- ဥစ္ဆေဒဒိဋ္ဌိသည် သာသနာပတရားဖြစ်၍ ၎င်းကို အနိစ္စတရားသဘောနှင့် မဆန့်ကျင်စေရန်ပြတ်ခြင်း၊ ကင်းခြင်းဟုဆိုရခြင်းဖြစ်ပေသည်။

သတ္တဝါတို့တွင် ရုပ်သဘော(တနည်း)အာရုံသဘော(တနည်း)သညာသဘော(တနည်း) နာမပညတ်နှင့် နာမ်သဘော (တနည်း) အာရမ္မဏိက သဘော (တနည်း) ဝိညာဏ်သဘော (တနည်း) သဏ္ဍာနပညတ်တို့ဖြင့် သံသရာတခွင် အနှံ့ပြေးသွားနေကြရပေသည်။

ထို့ကြောင့် ဤပြေးသွားနေသော ရုပ်သဘော အာရုံသညာတို့ကို မိမိ၏ နှလုံးအိမ်၌ ဖမ်းထားခြင်း- အစဉ်ဆွဲကိုင်ထားခြင်းသည် သဿတဒိဋ္ဌိ- အတိတ်သဘော နာမပညတ်- နိစ္စသာရ-သညက္ခန္ဓာမည်ပေသည်။

သို့ဖြစ်၍သာလျှင် ပစ္စုပ္ပန်အာရုံတို့နှင့် တွေ့ဆုံသောအခါတွင် အတိတ်သဘော အာရုံဖြင့်ဆွဲကပ်၍ အနှစ်အသားအနေဖြင့် လေးလေးနက်နက် ခံစားနိုင်ခြင်းဖြစ်၏။

အတိတ်သဘော အာရုံရိပ်ကင်းစင်တော်မူကြသော အရိယာမြတ်တို့ မှာမူကား ပစ္စုပ္ပန် အာရုံတို့ဖြင့်ဆိုသော်လည်း အတိတ်သဘော-အနာဂတ်သဘောမရှိ၍ အာရုံကို အန္ဓပုထုဇဉ်တို့ ကဲ့သို့ မခံစားတော့သည်ဖြစ်၏။

ဤတွင် ၃၁-ဘုံအတွင်းရှိ မည်သည့်သတ္တဝါမဟူ အတိတ်သဘောနာမပညတ်နှင့် အနာဂတ်သဘော သဏ္ဌာနပညတ်နှင့် မကင်းပါက မည်သည့်အဆင့်အတန်းမှာပင်ဖြစ်စေ မာန်ရစ်ပြီး လက်မ,ထောင်နေကြသည်သာဖြစ်ပေသည်။ ဤကဲ့သို့ မာန်ရစ်ပြီး လက်မ, ထောင်နိုင်မှုသည် ဤသဿတဒိဋ္ဌိ၏ လှည့်ပတ်မှုဖြစ်ကြောင်း ဉာဏ်မြင်ရှင်းသင့်လှပါသည်။

## (၂) ဥစ္ဆေဒဒိဋ္ဌိ အနာဂတ်သဘော-သဏ္ဌာနပညတ်-သုခသာရနှင့် ဝေဒနက္ခန္ဓာသဘော

နာမပညတ်သည် အတိတ်သဘောမှ ပေါက်ဘွားကြောင်းသိပြီး၏။ ယခု သဏ္ဌာနပညတ်သည်ကား အနာဂတ်သဘောမှ ပေါက်ဘွားခြင်းဖြစ်ပေရာ ထိုပညတ် ၂-ပါးတို့၏လှည့်ပတ်မှုသည် အရိယာ စခန်းသို့ တက်လှမ်းလိုကြကုန်သော ပါရမီရှင်တို့အတွက် သူတော်ကောင်းဥစ္စာ ၇-ဖြာ ဖြစ်သော သဒ္ဓါ-သီလ-သုတ-စာဂ-ဟိရိ-ဩတ္တပ္ပ-ပညာဖြင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်လှသဖြင့် အထူးသတိပြုရမည့် အချက်ကြီးဖြစ်ပေသည်။

ဤသဏ္ဌာနပညတ် အနာဂတ်၌ တည်ရပုံသဘော = အတိတ် သဘော အာရုံရုပ်သည် (အာရုံ ၅-ပါးကိုယူ) ထိုအနှစ်အသားအနေဖြင့် ထုပ်ပိုးစုဆောင်းခြင်းသည် သညာဖြစ်၏။ ၎င်းမှာ နာမပညတ် ထွက်ပေါ်ခြင်းဖြစ်ကြောင်း နာကြားပြီးခဲ့၏။

သဏ္ဌာနပညတ်သည် ဝိညာဏ်ရိပ်မှ ထွက်ပေါ်ခြင်းဖြစ်၏။ အလုံး-အပြား အစရှိသော ပုံဟန်သဏ္ဌာန်သည် ဝိညာဏ်ကသာလျှင် ကြံစည်နိုင်၏။ ဖြစ်ပြီး အတိတ် သဘောကို ထောက်၍ မဖြစ်သေးသောအနာဂတ်ကို အစဉ်တွေးကြံ၍ ချမ်းသာ၏ဟု ခံစားခြင်းသဘောဖြစ်ပေရာ အတိတ်သဘော၌ အဝိဇ္ဇာ- အနာဂတ်သဘော၌ တဏှာရှိနေသဖြင့်လည်း ဝိညာဏ်ကအနာဂတ်သဘောဟု ပြောရခြင်းသည် သဏ္ဌာန်-အရိပ်-နိမိတ်-လက္ခဏာ တို့ ထင်မြင်အောင် မှောင်ထဲ၌ သူခိုးဥစ္စာထုပ်ကို စမ်းသပ်ရှာဖွေဘိသကဲ့သို့ တွေးကြံယူလေ့ ရှိသောကြောင့်ပင်ဖြစ်ပေသည်။

ထို့ကြောင့်သာလျှင် အန္ဓပုထုဇဉ်တို့တွင် အတိတ်သဘောနှင့် အနာဂတ်ကဘောအထုပ် အပိုးသာလျှင် ရှိကြရှာ၏။ ပစ္စုပ္ပန်အထုပ်ကား လုံးဝမရှိကြပေ။

ပညာမြင် ဥဒယဗ္ဗယဉာဏ်ကို မျိုးနိုင်သော ကလျာဏအစ အရိယာအရှင်မြတ်တို့မှာမူကား အတိတ်သဘော-အနာဂတ်သဘောတို့ ပြတ်တော်မူကြသဖြင့် ပညာဖြစ်သော ပစ္စုပ္ပန် အထုပ်ကို သာလျှင် စုဆောင်းတော်မူကြ၏။ ဤသဘာဝသည် ပင်လျှင် သူတော်ကောင်း ဥစ္စာ ၇-ဖြာ ဖြစ်ပေသည်။

သို့သော် ကလျာဏအရိယာပုဂ္ဂိုလ်တို့သည် အတိတ်သဘော- အနာဂတ် သဘောတို့ဖြင့် ကားကင်းရှင်းတော် မူကြသေးသည်မဟုတ်၊ မကင်းရှင်းပုံမှာ တရားသဘာဝနှင့်ပတ်သက်၍သော် ဒုက္ခတို့၌ ခန္ဓာဝန်ရှိတော်မူကြသေးသည့်အတိုင်း ဝစီသစ္စာ-ဝိရတိသစ္စာအနေဖြင့်သာလျှင် ကိုင်တွယ်အသုံးပြုတော်မူခြင်းဖြစ်၏။

၈-၁၀-၆၇

သညာန်သည် ဝိညာဏ်ကလုပ်ကြံ၍ ပေါ်ရကြောင်း နာကြားပြီး၏။ သို့ဖြစ်သော် ယခု မြင်နေရသော လက်ဘက်ရည်ပန်းကန်၌သညာန်မရှိဟု ဆိုရာရောက်၏။ သို့သော်လည်းလက်ဘက် ရည်ပန်းကန် သညာန်ကိုကား မြင်နေရသဖြင့် ၎င်းပြဿနာအတွက် အများသော သဘာဝ လိုက်စားသော ပုဂ္ဂိုလ်တို့ အငြင်းပွားလျက်ရှိကြရပေသည်။

အချို့သော ပုဂ္ဂိုလ်တို့က- မြင်နေရသည်မှာ အဆင်းသာဖြစ်၍ သညာန်မဟုတ်- စိတ် ဝိညာဏ်က လုပ်ကြံခြင်းကိစ္စသာဖြစ်၍ သညာန်သည် အပြင်၌မရှိ အတွင်းမှာသာ ရှိ၏ ဟု ဆိုကြ၏။

အချို့သောပုဂ္ဂိုလ်တို့ကမူ- အမြင်တွင် ပရမတ်တည်းဟူသော အဆင်းကို သညာန်ရုပ်က ခံနေ၍ သညာန်သည် စင်စစ် အပြင်၌ရှိသည်ဟု ဆိုကြပြန်၏။

၎င်းတွင် အတွင်း-အပြင် ၂-ချက်စလုံး အစွန်းမလွတ်ပေ (တနည်း)အလယ်လမ်းပေါ်သို့ မရောက်ပေ။

**သညာန် ၂-မျိုးသဘာဝ**

(၁) ရုပ်သညာန်= အတို-အရှေ-အလုံး-အပြားစသော နှိုင်းယှဉ်၍ရသည့် အစုံသဘော ဖြစ်၏။

(၂) နာမ်သညာန်= စိတ် ဝိညာဏ်က လုပ်ကြံပေးသော အနာဂတ်သဘော သညာန ပညတ်ဖြစ်၏။

ဥပမာသော်- တခုသောလက်မှုပညာတွင်တစုံတခုကို ပြုလုပ်မည်ရှိသော်ပထမစိတ်ဝိညာဏ် ဖြင့်(တနည်း)နာမ်သညာန်အနေဖြင့် အရိပ်-နိမိတ်-လက္ခဏာ-သညာန်ပေါ်အောင် တွေးကြံရ ခြင်းဖြစ်၏။ ရသောအခါတွင် နိမိတ်ထင်သည့်အတိုင်း အကောင်အထည်ပြုလုပ်ဖြစ်ပေါ်လာခြင်း ဖြစ်ပေသည်။

(၁) တွေးကြံယူသည်ကား-နာမ်သညာန်ဖြစ်၏။

(၂) အကောင်အထည်ပေါ်သည်ကား-ရုပ်သညာန်ဖြစ်၏။

**သတိ။** ။သို့ဖြစ်၍ ယခုမြင်ရသော လက်ဘက်ရည်ပန်းကန်တည်းဟူသော သညာန်၌ ဓာတ်ကြီး ၄-ပါး ပစ္စုပ္ပန်ပရမတ်ထောက်ခံလျက်ရှိ၏။ ထို့ကြောင့် ဗဟိဒ္ဓတည်းဟူသော အပြင် သဘော၌ သညာန်မရှိဟု အပြတ်မပြောသင့်ပေ၊ ၎င်းသည် ရုပ်သညာန်မည်၏။

၎င်း အပြင်သဘော လက်ဘက်ရည်ပန်းကန်တည်းဟူသော ပုံဟန်သညာန်သည် အတွင်းရှိစိတ်ဝိညာဏ်ကလည်း လုပ်ကြံသည်ဖြစ်သဖြင့် နာမ်သညာန် မည်၏။

(၎င်းသဘာဝသည်ကား အစွန်းလွတ်သောအယူဖြစ်၏။)

ဝိပဿနာနည်းဖြင့် ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်ပတ်သောအခါတွင်

(၁) နိစ္စသာရသည် အတိတ်အကြောင်းစက်
(၂) သုခသာရသည် ပစ္စုပ္ပန်အကျိုးစက်
(၃) သုဘသာရသည် ပစ္စုပ္ပန်အကြောင်းစက်
(၄) အတ္တသာရသည် အနာဂတ်အကျိုးစက်

အနေအားဖြင့်ပတ်ခဲ့ပေရာ အဘိဓမ္မာနည်းအရ သုခသာရကို ပစ္စုပ္ပန်အကျိုးစက် အဖြစ်ဖြင့်ထား၏။ တဖန် အင်္ဂါ ၁၂-ရပ်၌ ၎င်းသုခသာရသည် ဝေဒနာမှနေ၍ပတ်၏။ သို့မှသာလျှင် ပစ္စုပ္ပန်အကြောင်းစက်ကိုင်း၊ အနာဂတ်အကျိုးစက်ကိုင်း ပေါက်ဖွားစေနိုင်မည်ဖြစ်ပေသည်။

ယခုမှာမူကား **ဝေဒနာ**သည် အနာဂတ်သဘော၌ရှိနေ၏။ (ရှေ့၌ထင်ရှားပေမည်)

**တဏှာငါသဘော**

၎င်းတဏှာငါ မာနငါနှင့် ဒိဋ္ဌိငါတို့သည် ပရမတ်တရားအပေါ်၌ (တနည်း) ပရမတ်တရားကိုမှီ၍ လက်မောင်းတန်းနိုင်ကြသည်မဟုတ်ပေ၊ ၎င်းသည်အတိတ်သဘောကို အနှစ်အသားအနေဖြင့် ဆွဲကိုင်သည်ဖြစ်ရာ အတိတ်သဘောမှန်က ပညတ်တရားသာလျှင်ဖြစ်၍ ပညတ်ကို ဆွဲကိုင်သည်မည်၏။

ဥပမာသော် ရှင်ပြုစဉ်က ရွှေထီးဆောင်းခဲ့ရသည်ကို အနှစ်အသားယူ၍ လက်မထောင်ခြင်းသာဖြစ်၏။

(မှီနိုင်သမျှသောသဘောကို ဥပမာဟပ်၍ ဉာဏ်ကုန်လွှတ်သင့်ပါသည်) = ၎င်းသည်ကား တဏှာငါဖြစ်၏။

**မာနငါသဘော**

၎င်းသည် အနာဂတ်သဘော၌ရှိ၏။ သို့သော် အနာဂတ်သဘောသည် ဖြစ်ဘူးပေါ်ဘူးသော သဘာဝမဟုတ်ပေ၊ ဖြစ်ပြီးဖြစ်သော အတိတ်သဘောကို တဏှာငါအနေဖြင့် ဆွဲကိုင်သည် ကတော်သေး၏။ ဘယ်မှာဟူ၍ပင်မပြောနိုင်သော အနာဂတ်သဘောတို့ ဆွဲကိုင်ခြင်းသည်ကား မိုးကောင်းကင်နှင့် လက်ဝှေ့သတ်ဘိသကဲ့သို့အချီးနှီးသောလက်မောင်းတန်းမှုသည်မာနငါဖြစ်၏။

(တဏှာငါအားရှိသည်နှင့်အမျှ မာနငါလည်းအားရှိ၏။)

**ဒိဋ္ဌိငါသဘော**

ယခုကဏ္ဍ၏ ပစ္စုပ္ပန်သည် ပရမတ်ထောက်ခံချက်ရှိသော ပစ္စုပ္ပန်မဟုတ်ပေ၊ ရုပ်ပရမတ်မပါသော အတိတ်သဘောနှင့် နာမ်ပရမတ်မနွယ်သော အနာဂတ်သဘော ၂-ချက်တို့ စိမ်ပေါ်ထွက်သော ပစ္စုပ္ပန်ဖြစ်ပေရာ ၎င်းကို အနှစ်အသားအနေဖြင့် စွဲယူခြင်းသည် ဒိဋ္ဌိငါဖြစ်၏။

(ရှေ့၌ပို၍ထင်ရှားမည်)

**သတိ။** ။အထက်ဖော်ပြပါ ဤကလ္လာ၏ကာလ ၃-ပါးသည် ပရမတ်မပါသော ပညတ်တရားတို့သာဖြစ်၍ အတိတ်သဘောကို အဦးပြု၏။ (တနည်း) အတိတ်သဘောကိုအခြေပြု၏။

**ဥစ္ဆေဒဒိဋ္ဌိသဘာဝ**

ဤဒိဋ္ဌိကြီးသည် ပြတ်၏ ကင်း၏ဟု ယူသောဝါဒဖြစ်၏။ သို့ရာတွင် ၎င်းသည် အတိတ်သဘောကို မထောက်ညှာမူဘဲ ပြတ်၏ဟုယူ၏။ ပစ္စုပ္ပန်သဘောကိုလည်းကင်း၏ဟု ယူပြန်သဖြင့် အနာဂတ်သဘောအတွက် ဘာကိုမျှ ထောက်ဆရန်မလိုပြီဖြစ်သည့်အတိုင်း အနာဂတ်သဘောသည် ဘာမျှမရှိဟုယူခြင်းဖြစ်ပေရာ ဤတွင် ၎င်းသည် ဘဝယန္တရား စက်ရဟတ်ကို မဟုတ်သောနည်း မမှန်သောနည်းဖြင့် ရိုက်ချိုးရာရောက်၏၊ (တနည်း)ပရမတ်သဘာဝတရားကို ဖျက်ဆီးခြင်းလည်းဖြစ်၏။

ထို့ပြင် သဿတဒိဋ္ဌိ-အတ္တဒိဋ္ဌိ-သက္ကာယဒိဋ္ဌိတို့ထက်လည်းဆိုး၏၊ ထိုဒိဋ္ဌိ၃-ပါးတို့၌ ဘဝယန္တရားရှိသေး၏။ ဥစ္ဆေဒဒိဋ္ဌိတွင်မှာကား ဘဝယန္တရားမရှိပေ၊ ဤဒိဋ္ဌိ၌ ကျရောက်သောသူသည် အဆစ်ပိုးလိုက်ဘိသကဲ့သို့ အဟေတုကဒိဋ္ဌိ နတ္ထိကဒိဋ္ဌိ-အကိရိယဒိဋ္ဌိ ဟည်းဟူသော နိယတမိစ္ဆာဒိဋ္ဌိကြီးတို့ကပ်ရောက်ပြီးလျှင် လားရာဂတိကား အပါယ် ၄-ဘုံပင်ဖြစ်ပေရာ အထူးသတိပြုအပ်သည့်အယူကြီးဖြစ်ပါသည်။

**ပရမတ်ကာလ ၃-ပါး ယန္တရားလှည့်ပုံသဘော**

ပရမတ်ရုပ်-နာမ်သဘာဝမှာ ယန္တရားလှည့်သောအခါတွင် အတိတ်မှ အနာဂတ်သဘောသို့ တိုက်ရိုက် မလှည့်ပေ၊ ပရမတ်ဖြစ်သော ပစ္စုပ္ပန်သဘော၌ မျိုးချပြီးမှသာလျှင် အနာဂတ်သဘောသို့ အတိတ်-ပစ္စုပ္ပန်-အနာဂတ် သဘောဖြင့်လှည့်၏။

(ပဋိစ္စသမုပ္ပါဒ် စက်ရဟတ် ၄-ပါး ပတ်ပုံသဘောဖြင့် ဟပ်ယူသင့်ပါသည်)

**ပညတ်ကာလ ၃-ပါး ယန္တရားလှည့်ပုံမှာ-**

အတိတ်-အနာဂတ်-ပစ္စုပ္ပန်သဘောဖြင့်လှည့်ပတ်၏။ ဤတွင်အတိတ်သဘောသည်ပညတ်-အနာဂတ်သဘောသည် ပညတ်-အတိတ်နှင့် အနာဂတ်သဘော ပညတ်ခြင်း လှည့်ပြီးလျှင် ပညတ်ပစ္စုပ္ပန်ကို ဖော်ထုတ်သည်ဖြစ်၍ ၎င်းပစ္စုပ္ပန်သဘောသည်လည်း အနှစ်အသားမရှိသောသဘောသာလျှင်ဖြစ်ကြောင်း ထင်ရှားလှပေသည်။

**သတိ။** ။ဤသည်တို့ကား သညာဝိညာဏ် ယန္တရားဖြစ်၏။ ပညာမြင် ဥဒယဗ္ဗယ ဉာဏ်ဖြင့် ဖြတ်ထွက်နိုင်၏။

**(၃) သက္ကာယဒိဋ္ဌိပစ္စုပ္ပန်သဘော သမူဟပညတ် သုဘသာရနှင့် သဏ္ဌာနပညတ်သဘော**

ပစ္စုပ္ပန်သဘောသည် ပရမတ်ရှိသော ပစ္စုပ္ပန်သဘောနှင့်ပရမတ်မရှိသောပစ္စုပ္ပန်သဘောဟူ၍ ၂-မျိုးပြား၏။ (ရုပ်နာမ်ပိုင်းအတွက် ဖြစ်မှု အတ္တဒိဋ္ဌိဟူ၍ ဆိုရ၏၊ ပညာမြင် ဥဒယဗ္ဗယ

ဥာဏ်အထက်၌မူ သက္ကာယဒိဋ္ဌိဟု ယူရ၏။ ၎င်းသည် ထင်ရှားရှိသော ခန္ဓာ ၅-ပါး ဖြစ်သော ကြောင့်ပင်တည်း)။

ယခု ပစ္စုပ္ပန်သဘောသည် မျက်ကွယ်သဘောဖြစ်သော အတိတ်နှင့်အနာဂတ် ၂-ပါး၏ အပေါင်းသဘော သမူဟပညတ်ဖြစ်ပေရာ အနှစ်အသားရှိသည် မဟုတ်သဖြင့် ၎င်းတို့မှ ပေါ် ထွက်သော ပစ္စုပ္ပန်သည် ပညတ် ပစ္စုပ္ပန်သဘောသည်သာလျှင်ဖြစ်၏။

**သတိ။** ။အချုပ်ဆိုသော် ဤကာလ ၃-ပါး ပညတ်တို့ ပေါင်းနေခြင်းသည် အနတ္တ အနေဖြင့် သာ ပေါင်းနေခြင်းဖြစ်၏။ ဝါး ၄-လုံးထောင်နေသော ဥပမာအလားကဲ့သို့ ဘယ်လို ဘယ်ကဲ့သို့ပင် ထောင်နေသော်လည်း စင်စစ် အနတ္တဓာတ်တို့သာ ဖြစ်၏။ (နိဂုံးချုပ် ၌ ထင်ရှားပါမည်) ထို့ကြောင့်ပင်လျှင်ဤပညတ် ပစ္စုပ္ပန်သဘော အပေါင်း သမူဟ အား တင့်တယ်၏ ဟူသော သုဘသာရအနေဖြင့် သိမ်းပိုက်ခြင်းငှာမထိုက်ပြီ ဖြစ်၏။

### (၄) ပစ္စုပ္ပန်အရိပ် အတ္တသာရနှင့် ဝိညာဏက္ခန္ဓာသဘော

သညာက္ခန္ဓာ-ဝေဒနက္ခန္ဓာနှင့် သင်္ခါရက္ခန္ဓာ ၃-ပါးတို့၏ အပေါင်း သဘောသည် ဝိညာ ဏက္ခန္ဓာဖြစ်၏။ ရှင်တော်မြတ်က ဤသမူဟပညတ်ရိပ်ဖြစ်သော ဝိညာဏက္ခန္ဓာကြီးကို ဖျက်ဆီး နိုင်ရန် ဤဒါတုမနသိကာရ အပိုင်းကို ဟောကြားဆုံးမတော်မူခြင်းဖြစ်၏။

**သိမ်းဆည်းပုံသဘော**

(၁) မှုမှန်သော အတိတ်သဘောဖြစ်သော် ရုပ်သဘာဝပါရမည်၊ ယခုမပါ၊ သို့ဖြစ်၍ ၎င်းသည် ပစ္စုပ္ပန်၌ မျိုးမချနိုင်ပေ၊ ထို့ကြောင့် အနတ္တဓာတ်ဖြစ်၏။

(၂) မှုမှန်သော အနာဂတ်သဘောဖြစ်သော် နာမ်သဘာဝပါရမည်၊ ယခုမပါ၊သို့ဖြစ်၍ ၎င်းသည် အနတ္တဓာတ်ဖြစ်၏။

(၃) ပစ္စုပ္ပန်သဘောမှန်သော် မျိုးရှိရမည်၊ ယခုမျိုးမရှိ၍ ၎င်းလည်း အနတ္တဓာတ်ပင် ဖြစ်၏။

ဤကဲ့သို့ ကာလ ၃-ပါး ယန္တရား(တနည်း) သာရ ၄-လုံး (တနည်း) နာမက္ခန္ဓာ ၄-ပါး(တနည်း) ဒိဋ္ဌိ ၃-ပါး (တနည်း) ငါ ၃-ငါတို့ ဖရိုဖရဲဖြစ်ပြီးလျှင် အနတ္တဓာတ်၌ ကျရောက်သည်ပင်လျှင် နွားကောင်ကြီးကိုဖျက်၍ ၄-မျက်နှာမှရောက်လာကြကုန်သော သူတို့အား ဝေပုံကျ ခွဲဝေပေးလိုက်သည်နှင့်တူပြီးလျှင် နွားသေကောင်ကြီး ပျောက်ပျက်သွားသည့် အလား ကဲ့သို့ဖြစ်ပေသည်။ (တနည်း) အပေါင်းသဘော သမူဟ ပညတ်ကြီး ပြိုကွဲ ပျက်စီးသည်လည်း ဖြစ်၏။

**အနတ္တနှင့် ဒုက္ခစိတ်တန်း**

**အနတ္တမှန်သော်-**

| | | | | |
|---|---|---|---|---|
| (၁) တုစ္ဆ | = | ပညတ် | - အချီးနှီးသောသဘော | အကြောင်းတရားစက် |
| (၂) သုည | = | ပရမတ် | - သုဉ်းဆိတ်သောသဘော | |

(၃) ရိစ္စ = ပညတ် - အချိုးနိုးသောသဘော } အကျိုးတရားဆက်
(၄) ပရရိစ္စ = ပရမတ် - အပြင်မဆိုင်သဘော }

စသော သဘောတရား ၄-ချက်၌ ဝင်ရမည်ဖြစ်ပေရာ တဖန် ပရမတ်တရားကိုလည်း ၂-ပါးခွဲခြား၍ သိသင့်ရာ၏။ ၎င်းတို့မှာ—

(၁) **ပညာနယ်၏ပရမတ်သဘာဝမှာ**-ပညာမြင်ဥဒယဗ္ဗယဉာဏ်မှအစပြု၍ထွက်ပေါ်၏။ ပရမတ်အစစ်ဖြစ်သော် ပညတ်မပေါ်နိုင်ပေ၊ မပေါ်နိုင်၍သုညဖြစ်၏။

(၂) **သညာဝိညာဏ်နယ်ပရမတ်သဘောမှာ**- သဒ်တပရမတ်ဖြစ်၍ ပညတ်ပေါ်၍ရ၏။ ဥပမာသော်၍သက်ဘာကဲရည်ပန်းကန်သည် ဓာတ် ၄-ပါးပရမတ်ပင် အခြေခံ ရှိသော်လည်း လောက၌ လက်ဘက်ရည်ပန်းကန်ဟူ၍ ပေါ်ထွက်နေရသေးသည်ဖြစ်သဖြင့် သညာဝိညာဏ်နယ် ပရမတ်မည်ပေသည်။

(အထူးရှုပါရန်)

ဤသို့အားဖြင့် ထိုဝိညာဏက္ခန္ဓာကြီးသည် နောက်ဆုံး၌သော် ဘာမျှမဆိုင်သော အပြင်သဘော ပရရိစ္စ အနေဖြင့် သိမ်းပိုက်နိုင်ခြင်းသည်ပင်လျှင် အနတ္တအစစ်ကို တွေ့မြင်သည် မည်၏။

ထိုသို့ အနတ္တအစစ်ကို မြင်သော် အနတ္တ လက္ခဏာသုတ်နည်းအားဖြင့်-

''ရူပံဘိက္ခဝေ အနတ္တာ ရူပဥ္စဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ နယိဒံ ရူပံ အာဗာဓာယ သံဝတ္တေယျ လဗ္ဘေထစ ရူပေ ဧဝံ မေ ရူပံဟောတု ဧဝံ မေ ရူပံ မာ အဟောသီတိ ယသ္မာစ ခေါဘိက္ခဝေ ရူပံအနတ္တာ တသ္မာရူပံ အာဗာဒါယ သံဝတ္တတိ နစ လဗ္ဘတိရူပေ ဧဝံ မေ ရူပံဟောတု ဧဝံ မေ ရူပံမာ အဟောသီတိ''

အစရှိသော ပါဠိတော်ဖြင့် ဤသို့အစိုးမရ အလိုသို့မလိုက်သော သဘောတရားကြောင့် ပင်လျှင် ဆင်းရဲနာကျင်ခြင်း၄ာ ကြောင့်ကျစိုက်၍မရခြင်း၊ တောင်းတ၍ မရခြင်းကြောင့် ဒုက္ခစင်စစ်ဖြစ်၏။

သညာဝိညာဏ် ဝင်နိုင်သော်(တနည်း) ပညတ်သဘောဖြစ်သော် ချမ်းသာခြင်း၄ာ ဖြစ်နိုင်၏။ ကြောင်းကြ၍- တောင်းတ၍လည်း ရနိုင်ရာ၏။ ယခုမှာမူကား ဤသို့ မဟုတ်ပေ။ သို့ဖြစ်၍ လက်ဖဝါးကဲ့သို့ မှောက်ချည်-လှန်ချည် ပြု၍မရသော-နောင်တဖန်ထပ်၍ မဖြစ်နိုင်ခြင်း သဘောကို မြင်သည်ပင်လျှင် ပညာမြင်ဒုက္ခအစစ်မည်၏။

မဂ်သို့ ဝင်သောအခါ၌ ဤနောင်တဖန်ထပ်၍ မဖြစ်နိုင်သော သဘောသည် အစဉ် ငြိမ်းအေးသော သန္တိသုခ နိဗ္ဗာနဓာတ်မြတ် အမည်ဖြင့်ဝင်မည်ဖြစ်၏။

ဤသည်ကား အနတ္တကိုမြင်၍ ဒုက္ခ၌ ဥက္ကောင်းချနိုင်ပုံ သဘာဝဖြစ်ပေရာ အလွန်တရာမှ ပင်လျှင် သိမ်မွေ့နက်နဲသည်နှင့်အမျှ ဉာဏ်မျက်စိလည်ဘွယ်ရာသော ပညာပိုင်း ဖြစ်ပါသဖြင့် ဉာဏ်မြင်မရှင်းမချင်း အထူးကြိုးစားအားထုတ်သင့်လှပါသည်။

အရှုပ်သဘောသည် မရှင်း၍ ဖြစ်ပေရာ အရှင်းကို လိုလားသော ပါရမီရှင်တို့ မည်သည် အရှုပ်သဘောကို ရင်ဆိုင်ရမည်ပင်ဖြစ်ပါ၍ မလျော့သော ဇွဲသတ္တိအားလုံ့လကြီးများဖြင့်ရှင်းလင်းတော် မူနိုင်ကြပါစေသတည်း။

၉-၁၀-၆၇

## အသမ္မောဟ သမ္ပဇညအပိုင်း

အသမ္မောဟ သမ္ပဇညသည် အသမ္မောဟ= တွေဝေခြင်းမှ ကင်းသည်ဖြစ်၍၊ သမ္ပဇည= ကောင်းစွာပညာဖြင့် (တနည်း) အပြားအားဖြင့် ဆင်ခြင်၍ ပြုလေ့ရှိခြင်း အဓိပ္ပာယ် ရှိ၏။


**မောဟ ၃-မျိုးမှာ-**

(၁) မသိခြင်းလက္ခဏာ ရှိ၏။ ၎င်းသည် အတိတ်မောဟဖြစ်၏၊ ပညာမြင် ဥဒယဗ္ဗယ ဉာဏ်က သိမ်းခဲ့၏။

(၂) သဘောတရားကို ဖုံးလွှမ်းခြင်း ရသရှိ၏။ ၎င်းသည် အနာဂတ် မောဟ ဖြစ်၏၊ ဓာတုမနသိကာရအပိုင်းဖြင့် သိမ်းခဲ့၏။

(၃) မိုက်မဲတွေဝေသည်လျှင် ရှေ့ရှုထင်ခြင်း ပစ္စုပ္ပဋ္ဌာန်ရှိ၏= ၎င်းသည်ပစ္စုပ္ပန်မောဟ ဖြစ်၏၊ ယခုအသမ္မောဟဇညအပိုင်းဖြင့် သိမ်းမည်ဖြစ်ပေသည်။

(ပုံစံအမှတ် ၃၁)



**အသမ္မောဟ သမ္ပဇည ၇-ပါးနေပုံ**

**သတိ။** ။အထက်၌ ဖော်ပြသော ပစ္စုပ္ပန်မောဟကို ခန္ဓာကိုယ် ကြီးတွင် ရှာတွေ့ သော် မတွေ့နိုင်ရန် ပစ္စုပ္ပန်ခန္ဓာမောဟက ပင်လျှင် ဖုံးလွှမ်းကာကွယ်ထားပုံမှာ-

(၁) အဘိက္ကန္တေ = ရှေ့သို့တက်သော် ၎င်း၊ ပဋိက္ကန္တေ=နောက်သို့ဆုတ်သော်၎င်း-

(၂) အာလောကိတေ= တူရူ ကြည့်သော် ၎င်း၊ ဝိလောကိတေ=တစောင်းကြည့်သော် ၎င်း-

(၃) သမိဉ္ဇိတေ= လက်ခြေ တို့ကို ကွေး သော်၎င်း၊ ပသာရိတေ= လက်ခြေတို့ကို ဆန့်သော် ၎င်း-

(ဤ၃-ပါးသည် ရူပကာယ ဖြစ်၏)

(၄) သံဃာဋိပတ္တစီဝရဓာရဏေ= ဒုကုဋ် သပိတ်သင်္ကန်းကိုဆောင်ရာ၌၎င်း-

(၅) အသိတေ = စားသော်၎င်း၊ ပီတေ= သောက်တော်၎င်း၊ ခါယိတေ = ခဲသော်၎င်း၊ သာယိတေ = လျက်သော်၎င်း-

(၆) ဥစ္စာရပဿာဝ ကမ္မေ = ကျင်ကြီး ကျင်ငယ်အမှုကိုပြုရာ၌၎င်း-

(၇) ဂတေ = သွားသော်ငှင်း၊ ဌိတေ = ရပ်သော်ငှင်း၊ နိသိန္နေ = ထိုင်သော်ငှင်း၊ သုတ္တေ = အိပ်သော်ငှင်း၊ ဇာဂရိတေ = နိုးသော်ငှင်း၊ ဘာသိတေ = စကားဆိုသော်ငှင်း၊ တုဏှိဘာဝေ = ဆိတ်ဆိတ်နေသော်ငှင်း၊

(ဤ ၄-ပါးသည် နာမကာယဖြစ်၏။)

ဤဖိုးလွှမ်းလျက် (တနည်း) မောဟ ၇-ချက်ကိုဖယ်ရှားနိုင်ရန် ရှင်တော်မြတ်က အသမ္မောဟ သမ္ပဇညအပိုင်းကို ဖွင့်တော်မူခြင်းဖြစ်ပေရာ ဖယ်ရှားနိုင်သော် မဂ်ကိုချိန်ရွယ်နိုင်သော ဘယဉာဏ်-အာဒိနဝဉာဏ်- နိဗ္ဗိန္ဒဉာဏ်တည်းဟူသော ဒုက္ခာနုပဿနာဉာဏ်၌ ဝင်မည်ဖြစ်ပေသည်။

(ဤတရားသည်ပင်လျှင် ရဟန်းတရားဖြစ်၏။)

**သတိ၊** ။ယခု ရူပကာရ ၃-ပါး၌ ဣရိယာပုဒ် ၄-ပါးဖြစ်သော သွား-ရပ်-ထိုင်-လျောင်း မဝင်နိုင်ပြီလောဟု အမေးပြုသင့်၏။ မဝင်နိုင်ပေ၊ အဘယ်ကြောင့်ဟူမူ ဣရိယာပုဒ် ၄-ပါးမှ လွတ်သော ဤရူပကာယ ၃-ပါးကို ထပ်၍ဖွင့်တော်မူခြင်း ဖြစ်ပေရာ-

ဣရိယာပထ သမ္ပဇညကား သတ္တဝါတို့တွင် အားထုတ်သော ကြောင့်ကြ ဗျာပါရစိုက်ထုတ်ရ၍ ထင်ရှားသည်ဖြစ်သဖြင့် တကဏ္ဍထုတ်ပြီးလျှင် ဥဒယဗ္ဗယလုပ်ငန်းစဉ်တွင် ထည့်တော်မူခြင်းဖြစ်၏။

ယခုကဏ္ဍ၏ ရူပကာယ ၃-ပါးသည် အထက်၌ဖော်ပြသော ဣရိယာပုဒ် ၄-ပါးတို့ကဲ့သို့ မထင်ရှားပေ၊ အထူးကြောင့်ကြမစိုက်ရမူဘဲ အမှတ်တမဲ့ အလွယ်တကူဖြင့် ဖြစ်နိုင်သဖြင့် တကဏ္ဍထုတ်တော်မူ၍ ဆုံးမတော်မူခြင်းဖြစ်ပေသည်။

**ဒုက္ခသဘာဝ**

(၁) သညာသိဒုက္ခ
(၂) ဝိညာဏ်သိဒုက္ခ
(၃) ပညာမြင်ဒုက္ခဟူ၍ ၃-ပါးပြား၏။

**(၁) သညာသိဒုက္ခသဘော**

ပညတ်ကိုစွဲပြီး ပေါ်ထွက်လာသော ဒုက္ခသဘောမှန်က သညာသိဒုက္ခဖြစ်၏။

ပဿာဒရုပ် ၅-ပါးဖြင့် အာရုံကိုဆွဲသောအခါတွင် အန္ဓပုထုဇဉ်တို့သည် ပညတ်ပေါ်တင်၍ ကောင်း-မကောင်းအနေဖြင့်ယူ၏။ ကောင်းသော် = သုခ၊ မကောင်းသော် = ဒုက္ခဖြစ်၏။

သို့ဖြစ်၍ ရှင်တော်မြတ် ဓမ္မစကြာတရားတွင် ဟောတော်မူသော ဒုက္ခ ၈-ချက်သည် သညာဝိညာဏ်မြင်ဒုက္ခ ဖြစ်သော်ငြားလည်း သဘာဝဒုက္ခ၌ဝင်၏။ အဘယ်ကြောင့်ဟူမူ မွေးသည်-အိုသည်-နာသည်-သေသည်စသော ဒုက္ခတို့ကို လူတိုင်းလက်သင့်ခံနိုင်သောကြောင့်ပင် ဖြစ်ပေသည်။

သညာဝိညာဏ်ဖြင့်ဖွင့်ဆိုပါမူ တယောက်သောသူ၏ အကောင်းသဘောသည် တယောက်သော သူတွင် မကောင်းသဘောဖြစ်နိုင်၍ ငြင်းပွဲခုန်ပွဲဖြစ်နိုင်ပေသည်။

**(၂) ဝိညာဏ်သိဒုက္ခသဘော**

တဖန်ဒုက္ခသည်-

(၁) ဒုက္ခ-ဒုက္ခ =မိမိ၏စိတ်ဝိညာဏ်ဖြင့်အခိုက်မသင့်သော အခါ၌ ယူသော ဒုက္ခ ဖြစ်၏။ (သညာသိဒုက္ခဖြစ်၏)

(၂) သင်္ခါရဒုက္ခ =ပြုပြင်သော သဘောတရားဖြစ်၏၊ (ဖြစ်ခြင်း-ပျက်ခြင်းသဘော ကိုယူရန်)၎င်းသည် ဝိညာဏ်မြင် ဥဒယဗ္ဗယဉာဏ်ထိလိုက်၏။ (ဝိညာဉ်မြင်ဒုက္ခဖြစ်၏)

(၃) ဝိပရိနာမဒုက္ခ=ဖောက်ပြန်ပျက်စီးသော သဘောတရားကိုမြင်ခြင်း (တနည်း) နောင်တဖန်ထပ်မဖြစ်သော သဘောတရားကို မြင်ခြင်းဖြစ်၏၊ (ပညာမြင်ဒုက္ခဖြစ်၏)

**သတိ**။ ။ဤကဏ္ဍသည် နာမက္ခန္ဓာကို ပယ်သတ်ရန်ဖြစ်၏၊ သို့သော် နာမ်တရားမည်သည် သိမ်မွေ့သော သဘာဝဖြစ်၍ အလွတ်ဖမ်းရန်မလွယ်ကူသည့်အတိုင်း ရုပ်တရားနှင့်မျှား၍ ဖမ်းရခြင်းဖြစ်ရာ သင့်လျော်သောရုပ်သဘာဝ အမူအယာကိုထုတ်သော်ဤရူပကာယ ၃-ပါးကိုတွေ့ခြင်းဖြင့် ဤသဘာဝကို ဖွင့်တော်မူခြင်းဖြစ်၏။

**ရူပကာယ ၃-ပါးနှင့် နာမက္ခန္ဓာ ၃-ပါးသဘော**

(၁) ရှေ့သို့တက်သော်၎င်း နောက်သို့ဆုတ်သော်၎င်း ဟူသော အမူအယာ သဏ္ဍာန် ပေါ်ခြင်းသည် သညက္ခန္ဓာရှိနေ၍ဖြစ်၏။

(၂) တူရူကြည့်သော်၎င်း တစောင်းကြည့်သော်၎င်း - ဟူသော အမူအယာသဏ္ဍာန် ပေါ်ခြင်းသည် ဝေဒနက္ခန္ဓာ ကိန်းနေ၍ဖြစ်၏။

(၃) ခြေလက်တို့ကိုကွေးသော်၎င်း ခြေလက်တို့ကို ဆန့်သော်၎င်း - ဟူသော အမူအယာ ပေါ်ခြင်းသည် သင်္ခါရက္ခန္ဓာ ကိန်းနေ၍ဖြစ်ပေရာ—

"အဘိက္ကန္တေ- ပဋိက္ကန္တေ- သမ္ပဇာနကာရီဟောတိ" ဟူရာ၌ ရှေ့သို့တက်သော်၎င်း၊ နောက်သို့ဆုတ်သော်၎င်း ပညာဖြင့်ဆင်ခြင်၍သာ ပြုလေ့ရှိသည်ဖြစ်၏ ဆိုရာတွင် အဘယ်ကဲ့သို့ ပညာဖြင့် ဆင်ခြင်ရပါမည်နည်း?

ဤကဲ့သို့သော သဏ္ဍာနပညတ်ဖြစ်သော ရှေ့တက်- နောက်ဆုတ် စသည့် အမူအယာ ပြောင်းခြင်းသည် အဘယ်သဘာဝမှ ပေါ်ထွက်လေသနည်း?

ထိုသဘာဝသည်ပင်လျှင် ပစ္စုပ္ပန်မောဟဖြစ်ပေရာ ၎င်းကို မြင်ခြင်းသည် အသမ္မောဟ သမ္ပဇဉ်မည်၏။

ပြီးခဲ့သော ကဏ္ဍ၌ ဓာတုမနသိကာရ၏ သမူဟပညတ် အပိုင်းတွင် ဝိညာဏက္ခန္ဓာ သေပြီး၏။

**သတိ။** ။ယခု သညာက္ခန္ဓာ- ဝေဒနာက္ခန္ဓာနှင့် သင်္ခါရက္ခန္ဓာ ၃-ပါးကျန်ရှိပေရာ ဤအသမ္မောဟ သမ္ပဇညအပိုင်းက သင်္ခါရက္ခန္ဓာကို ရိုက်ချိုးမည်ဖြစ်ပေသည်။

**ရူပကာယ၏ သမ္ပဇညနေပုံသဘာဝ-**

(၁) ရှေ့သို့တက်သည်ဟုဆိုသော နာမပညတ်ရိပ်၌ နောက်သို့ဆုတ်သည်ဟု ဆိုသော သညာနပညတ်ရိပ်သည် အစဉ်ကိန်းလျက်ရှိ၏။ ထိုနာမနှင့် သညာန်အရိပ်တို့ ဖြစ်ပေါ်လာခြင်းသည် သညာက္ခန္ဓာအစဉ်ကိန်းလျက်ရှိသောကြောင့် ဖြစ်ပေါ်လာရကား- အသမ္မောဟသမ္ပဇဉ်ဖြင့် သညာက္ခန္ဓာ အစဉ်ကိန်းလျက် ရှိသောကြောင့် ဖြစ်ပေါ်လေရကား- အသမ္မောဟ သမ္ပဇဉ်ဖြင့် သညာက္ခန္ဓာကို မြင်အောင်ရှုရာ၏။

(၂) တူရူကြည့်သည်ဟူသော နာမပညတ်ရိပ်၌ တစောင်းကြည့်သည်ဟူသော သညာနပညတ်ရိပ်သည် အစဉ်ကိန်းလျက်ရှိ၏။ ထိုနာမနှင့် သညာနပညတ်ရိပ်၌ ဝေဒနာက္ခန္ဓာသည် အစဉ်ကိန်းလျက်ရှိလေရကား အသမ္မောဟသမ္ပဇဉ်ဖြင့် ဝေဒနာက္ခန္ဓာကို မြင်အောင်ရှုရာ၏။

(၃) လက်ခြေတို့ကို ကွေးသည်ဟုဆိုသော နာမပညတ်ရိပ်၌ လက်ခြေတို့ကို ဆန့်သည်ဟုဆိုသော သညာနပညတ်ရိပ်သည် အစဉ်ကိန်းလျက်ရှိ၏။ ထိုနာမနှင့် သညာနပညတ်ရိပ်၌သင်္ခါရက္ခန္ဓာသည်အစဉ်ကိန်းလျက်ရှိလေရကား-အသမ္မောဟသမ္ပဇဉ်ဖြင့် ထိုသင်္ခါရက္ခန္ဓာကိုမြင်အောင်ရှုအပ်၏။

**သတိ။** ။အထက်၌ ပြဆိုခဲ့သည့်အတိုင်း ဤကဏ္ဍ၏ ဘယဉာဏ်- အာဒီနဝဉာဏ်နှင့်နိဗ္ဗိန္ဒဉာဏ် ၃-ဉာဏ်တွင် အလုပ်သမားဖြစ်သော အာဒီနဝဉာဏ်ဖြင့် လက်ကိုင်ပြု၍ ရှုဆင်ခြင်ရမည်ဖြစ်၏။ (ဤဉာဏ်သည် တေဘုမ္မိက သင်္ခါရတရားတို့၏ ကြောက်မက်ဘွယ် အဖြစ်ကိုမြင်သောဉာဏ်ဖြစ်ပေသည်)။

သို့သော်လည်း လက်ခြေတို့ကို ကွေးသည့်- ဆန့်သည့် အမူအယာကို သတိပညာဖြင့် ဆင်ခြင်၍ရှုရန်ဖြစ်သည့် သဘောမျှကိုသာ ထောက်ဆ၍ ထိုထက်အသိစိပ်သော စားလျှင်စားတယ်၊ သွားလျှင်သွားတယ် အစရှိသော ပြုပြင်မှုတို့ကို စိပ်နိုင်သမျှစိပ်၍ သိမှတ်လေ့ရှိကြသည့် လုပ်ငန်းစဉ်အတွက် အထူးဝေဘန်ရန် ပြဿနာဖြစ်နေပါသည်။ အဘယ့်ကြောင့်ဟူမူ သမ္ပဇာနကာရီပုဒ် အရ ပညာဖြင့် ဆင်ခြင်၍သာပြုလေ့ရှိခြင်းသဘောဖြစ်ပေရာ ယခုတွင် ပညာမပါသော(တနည်း) အပြားအားဖြင့် သဘောမပါသော ရှုမှတ်နည်းဖြစ်သဖြင့် သမထလုပ်ငန်းစဉ်၌ ကျရောက်နိုင်သောကြောင့်ပင်ဖြစ်၏။

**သတိ။** ။ရှုနည်းမှာ-

နာမနှင့် သညာန်ပေါ်ခြင်းမှာ- အမူအရာအနေဖြင့် လှုပ်ရှားမှုဖြစ်ပေရာ ရှေ့သို့တက်သည့်သဘော၌ နောက်သို့ဆုတ်သည့် သဘောကိန်း၍ ပါသွား၏။ (တနည်း) နာမ၌ သညာန်ကိန်း၍ပါသည်ပင်ဖြစ်၏။ ၎င်းတို့သည် ဝိညာဏ်ကြီး ဇာတ်သိမ်းပြီး

သည်ဖြစ်၍ (တနည်း)သမူဟပညတ်သည် မပေါင်းနိုင်သည်ဖြစ်၍ တစင်ထောင်၍ကား မပေါ်နိုင်တော့သည်ဖြစ်၏။ (ပညာမြင် ဥဒယဗ္ဗယဉာဏ်ဖြင့်သတ်ပြီးသော သန္တတိပညတ်နှင့် ပညာမြင်အနိစ္စ-ဘင်္ဂဉာဏ်ဖြင့် သတ်ပြီးသော သမူဟပညတ်တို့မှာမူကား ပရမတ်သဘောတရားပါ၍ သခ်ၤတလောကတွင် တစင်ထောင်၍ ပေါ်နိုင်ကြခြင်း ဖြစ်ပုံကိုလည်း သတိမူသင့်ပါသည်)။

ယခုရှိသော နာမနှင့် သဏ္ဌာနပညတ်တို့၌ ပရမတ်ထောက်ခံမှုမရှိပေ။ ၎င်းတို့ခေါင်းထောင်နေခြင်းသည် အိမ်မြှောင်သတ္တဝါ၏ ပြတ်ပြီးသောအမြီးကဲ့သို့ လှုပ်ရှား၍ နေသော်လည်း ခဏဖြင့်ပင် သေရမည်ကဲ့သို့ ဖြစ်၏။

တဖန် ဤကဲ့သို့ ရှေ့သို့တက်ခြင်း၊ နောက်သို့ဆုတ်ခြင်း (တနည်း) နာမနှင့်သဏ္ဌာန်တို့ မျက်တောင်ခတ်နိုင်ခြင်းသည် သညက္ခန္ဓာရှိနေ၍ ဖြစ်ကြောင်း သိပြီး၏။ ၎င်းသညက္ခန္ဓာကိုဖမ်းလိုသော် မျက်တောင်ခတ်မှုတို့ပယ်သတ်နိုင်ရာ၏။

အာဒိနဝဉာဏ်တွင် "ဥပ္ပါဒေါသခ်ၤါရာ- အနုပ္ပါဒေါနိဗ္ဗာနံ''ဟူသည်နှင့်အညီ ဥပ္ပါဒေါ= ဖြစ်သဘောမှန်သမျှသည်၊ သခ်ၤါရာ= ပြုပြင်မှုဒုက္ခဖြစ်၏၊ အနုပ္ပါဒေါ= အသစ်တဖန်ထပ်၍မဖြစ်ပေါ်ခြင်းသည်၊ နိဗ္ဗာနံ= ငြိမ်းအေးခြင်းသဘောနိဗ္ဗာန်ဖြစ်ပေရာ-

**သတိ။** ။ပါရမီရှင်တို့ ရှုဆင်ခြင်မှုလွယ်ကူနိုင်စေရန် မိမိ၏လက်ဖဝါးကို အဆုပ်- အဖြန့်- အမူအယာဖြင့် သုံးသပ်သင့်ပါသည်။

အဆုပ်သဘောသည်= နာမပညတ်ဖြစ်၏။ အဖြန့်သဘောသည် သဏ္ဌာနပညတ် ဖြစ်၏။ ၎င်း အမူအယာ၌ သညက္ခန္ဓာရှိနေ၍ သခ်ၤါရဖြစ်၏။

အချုပ်မှာမူ အဆုပ်သဘောတွင် အဖြန့်သဘောကိန်း၍ပါမလာနိုင်ရန် အဆုပ်သဘောကို အနတ္တဖြင့်သိမ်းရာ၏။

ပညတ်ကပ်နိုင်ခြင်းမှာ အဆုပ် သဘောတွင် အဏ္ဍပါနေ၍ဖြစ်ရာ- အဆုပ်သဘောကို အနတ္တဖြင့်သိမ်းလိုက်သော်- အဖြန့်သဘောပြန်၍ မပေါ်နိုင်သည်ဖြစ်သဖြင့် နိဗ္ဗာန်မည်၏။

အဆုပ်သဘောတွင် အဖြန့်ကိန်းပါသော်= သခ်ၤါရ= ဒုက္ခ

ကိန်း၍ပါမလာသော် = နိဗ္ဗာန် = အနတ္တဖြစ်၏။

(တနည်း) နောင်တဖန်ထပ်၍ မဖြစ်နိုင်သော (တနည်း) မဖြန့်နိုင်သောသဘာဝကို မြင်သည်ပင်လျှင် ပညာမြင်ဒုက္ခအစစ်ဖြစ်၏။

**သတိ။** ။အဆုပ်သဘောကို အတ္တအနေဖြင့်(တနည်း)ဆုပ်နိုင်သည်(တနည်း) ဆုပ် သဘောဟူသော နာမပညတ်သည် စင်စစ်သညာအမှတ် (တနည်း)သညက္ခန္ဓာ၏ အစွမ်းသတ္တိပင်ဖြစ်ပေရာ ဤသဘာဝကို အမှန်မြင်နိုင်သော် အနတ္တသဘောကိုတွေ့မည်သာ ဖြစ်သဖြင့် ပညာဉာဏ်၏အရာဖြစ်သည့်အတိုင်း ပြောတလက် ကြက်တခုန် အမြင်မှန်တချက်ဖြင့် ကိစ္စပြီးနိုင်ပါ၍ မဖြစ်မနေ အဓိဖမ်းရန်သည် မိမိ၏ ကိစ္စကြီးပင် ဖြစ်ပါသည်။

၁၀-၁၀-၆၇

**သတိ။** ။ဓာတုမနသိကာယအပိုင်း-ပညာမြင်အနိစ္စ- ဘင်္ဂဉာဏ်ဖြင့် ဝိညာဏ်ကြီး ဇာတ်သိမ်းကြောင်း နာကြားပြီးခဲ့၏။ယခုကမ္ဘာမှာမူ သင်္ခါရက္ခန္ဓာအားပညာမြင်ဒုက္ခ- အာဒီနဝဉာဏ်ဖြင့် ချေလျက်ရှိ၏။

ဝိညာဏ်ကြီး ရှိစဉ်ကမူ သညာသည် မှတ်နိုင်၏ဟုပြောနိုင်ခဲ့၏၊ ယခုမှာမူကားမပြောနိုင်ပြီ။

ဝိညာဏ်ကြီး သေသည်ဆိုခြင်းကား ၎င်းသည် တစင်ထောင်၍ (တနည်း) သညာကိုမှတ်စေနိုင်သော သတ္တိကား မရှိပေ။ သို့သော် ကျန်ခန္ဓာတို့အပေါ်၌ ၎င်း၏ အရိပ်မကင်းနိုင် ရှိရ၏။ (တနည်း) ထိုဝိညာဏ်သည် နှလုံးအိမ်၌သာလျှင် အစွယ်ကျိုးသော မြွေကဲ့သို့ ရှိသည်ဟုသာ ပြောနိုင်တော့သည် ဖြစ်၏။

**သတိ။** ။**သင်္ခါရနပညတ်ကို ရှုသည်ဆိုရာ၌-**

အကျိုးပစ္စုပ္ပန်၏ အမူအယာကို ရှုခြင်းသည်ပင်လျှင် သင်္ခါရန ပညတ်ကို ရှုသည် မည်ပေရာ ယခုမိမိရရှိနေသော ခန္ဓာ ၅-ပါးကောင်သည် အကျိုးပစ္စုပ္ပန် ဖြစ်သဖြင့် ၎င်း၏အမူအယာကို ရှုရန်ဖြစ်ပေသည်။ သို့သော်-

**ပစ္စုပ္ပန် ၃-ပါးရှိသေးရာ ၎င်းတို့မှာ-**

(၁) အဒ္ဓါန ပစ္စုပ္ပန် = အဒွန့်ရှည်သော ကာလအပိုင်းအခြား ဖြစ်၏။
(၂) သန္တတိ ပစ္စုပ္ပန် = အဆင်းနှင့်အကြည်တို့ဆုံ၍ ပေါ်သောသဘောဖြစ်၏။
(၃) ခဏ ပစ္စုပ္ပန် = ရုပ်နာမ်ဓမ္မ၏ ဥပါဒ်-ဌီ-ဘင် သဘောဖြစ်၏။

၎င်း ဖော်ပြပါ ပစ္စုပ္ပန်တို့မှာ ပညာမြင် ဥဒယဗ္ဗယဉာဏ်ဖြင့် သိမ်းပြီးဖြစ်၏။ ယခုကမ္ဘာ၏ အကျိုးပစ္စုပ္ပန်ဖြင့် မရောယှက်ရန် သတိမူသင့်ပါသည်။

**သတိ။** ။**ဝေဒနာမှအစပြု၍ ရှုပုံ**

ယမန်နေ့ဟောစဉ်၏ ရှုပုံကား- အမူအယာသဘောကိုရှုခြင်း ဖြစ်၏။ ရှေ့သို့တက်သည်၊ နောက်သို့ဆုတ်သည်နှင့် အလားတူဖြစ်သော လက်ဖဝါး၏ အဆုပ်-အဖြန့်သဘောကို ဝေဒနာမှစ၍ ရှုနိုင်ရန်သည် ဝေဒနာအစစ်ကို မိထားပြီး ဖြစ်ရပေမည်။ ထိုဝေဒနာသည်ကား စင်စစ်အကြည်ဓာတ်ပင်ဖြစ်၏။ ခံစားသည်ဖြစ်စေ-မခံစားသည် ဖြစ်စေ ပေါ်ထွက်နေသည့် သဘာဝမျှ ဖြစ်သောသဘောဖြစ်ပေရာ-

ယခု မိမိ၏လက်ဖဝါးကိုမဆုပ်မီ ပထမဖြန့်၍ ၎င်းဖြန့်ထားသောသဘောကိုဝေဒနာအဖြစ်ဖြင့်ရှုရာ၏။

ဆုပ်လိုက်သော် သညာ၊ ပြန်၍ဖြန့်လိုက်သော် သင်္ခါရဖြစ်၏၊၎င်း၌ သညာတွင် သင်္ခါရကိန်းပါပုံနှင့် သင်္ခါရတွင် သညာတဖန်ပြန်၍ ကိန်းပါပုံကိုလည်းရှုရာ၏၊ ၎င်းကဲ့သို့ သညာသင်္ခါရ မျက်တောင်ခတ်ခြင်းဖြင့် သင်္ခါရနပညတ် ပေါ်လာရ၏၊ (တနည်း) အမူအယာ (တနည်း) ပညတ် ဖြစ်၏။

ပညတ်တရားပေါ်ထွက်ရန်သည် သညာနှင့် သင်္ခါရမျက်တောင်ခတ်၏၊ ပညာ (တနည်း) ပရမတ်တရားပေါ်ထွက်ရန်မှာမူ သညာနှင့် ဝေဒနာမျက်တောင်ခတ်၏။

(ဤဟောစဉ်သည်ကား ဝိပဿနာ၊ ယာနိကလမ်းဖြစ်၏။)

**သမထယာနိကလမ်းမှာ**

သမာဓိအားကောင်းသောပုဂ္ဂိုလ်တို့သည်၎င်း ထို့ထက်လွန်သောဈာနလာဘီပုဂ္ဂိုလ်ကြီးတို့သည်၎င်း မိမိတို့၏သမာဓိ သို့မဟုတ် ဈာန်ဖြင့် သတိပဋ္ဌာန်လုပ်ငန်းစဉ်သို့ ကူးသောအခါတွင် အာနာပါန၏ တတိယတံခါးဖြစ်သော နှလုံးအိမ်မှစ၍ ဝင်ရပေသည်။

ထိုပုဂ္ဂိုလ်တို့တွင် ဥဒယဗ္ဗယပညာ မရှိသေးသည်ဖြစ်၍လည်း ရူပကာယမှစ၍ မကိုင်နိုင်ပေ၊ နာမကာယမှစ၍သာလျှင် ကိုင်ရ၏။

**ကိုင်ရန်မှာ**

(၁) **ဓုကုဋ္ဌသပိတ်သက်န်းကိုဆောင်ရာ၌၎င်း-** ဟူသည်မှာ ကိုင်သမျှဆောင်သမျှယူသမျှ အစရှိသော အမူအယာများကို မိမိ၏အာနာပါနအားဖြင့်ပင်လျှင် သညက္ခန္ဓာကိုမြင်ရန်ရှုရာ၏။

ဤကိုရည်၍ အများသော သတိပဋ္ဌာန်တရားကို အားထုတ်လျက်ရှိကြသော ပုဂ္ဂိုလ်တို့သည်လည်း လှုပ်ရှားပြုပြင်သမျှသော သင်္ခါရမှုတို့၌ ကိုင်လျှင်ကိုင်သည်၊ ဆောင်လျှင်ဆောင်သည် စသည်ဖြင့် သိမှတ်လျက်ရှိကြပေသည်၊ သို့သော် ကြံဆရန် သဘောမှာ ဤကဲ့သို့ မှတ်ခြင်းဖြင့် သညက္ခန္ဓာကို ဖော်ထုတ်နိုင်ပါမည်လော? ဟူသောအချက်ပင်ဖြစ်၏၊ ဈာနလာဘီပုဂ္ဂိုလ်ကြီးတို့နှင့် စာသော် သမာဓိအားဖြင့် အတိုင်းမရှိ ကွာခြားသည်ကိုလည်း သတိပြုရန်ဖြစ်ပါသည်။

သို့ရာတွင် အန္ဓပုထုဇဉ်ပင်ဖြစ်စေဦး ဤကဲ့သို့ သိမှတ်ခြင်းသည် အကျိုးတရား မရှိ၍ကား မဟုတ်ပေ၊ အာရုံ-ကာမဂုဏ်- ကိလေသာတို့၏ တဒင် အနေဖြင့် ငြိမ်းစေနိုင်သည်ဖြစ်၍ အားထုတ်သင့်သောအလုပ်ပင်ဖြစ်ကြောင်း ယုံကြည်သင့်လှပါသည်။

(၂) **စားသော်၎င်း-သောက်သော်၎င်း-လျက်သော်၎င်း-**ဟူသည်မှာ အစားအသောက် ဟူသမျှ၏ ဝေဒနက္ခန္ဓာကို ရှုရန်သိရန်ဖြစ်၏။ ဤကဲ့သို့ဖြင့်အမှတ်စိုက်လာသော် သန္တုဋ္ဌိ-သံလေခ တည်းဟူသော သင်္ခါရမှုတို့၌ ခရော်ရဲ-တင်းတိမ်-သည်းခံနိုင်မှုနှင့်ပြည့်စုံလာသည်ဖြစ်၏။

(၃) **ကျင်ကြီး-ကျင်ငယ်အမှုကိုပြုရာ၌၎င်း-** ဟူသည်မှာ သင်္ခါရက္ခန္ဓာကို ရှုမှတ်ရန် ဖြစ်ပေသည်။ သို့သော် သင်္ခါရသည် ကံမျိုးစေ့ကျသော သင်္ခါရနှင့် ကံမျိုးစေ့မကျသော သင်္ခါရ ဟူ၍ ၂-ပါးပြားရာ၏။

သင်္ခါရသည်=ပြုပြင်အားထုတ်ခြင်းဖြစ်၍ ကံမျိုးစေ့ကျနိုင်၏၊ ဤတွင် သင်္ခါရနှင့်စေတနာ ခွဲခြားသင့်ပေရာ စေတနာသည် စေ့ဆော်ခြင်း အထွက်သဘောဖြစ်၏၊ (ဝိညာဏ်မှ အစပြု၍ ဖြစ်၏)။

အဆင်းနှင့်အကြည်တို့ဆုံ၍ သိမှုပေါ်ခြင်းကား အဝင်သဘောဖြစ်၏၊ အဝင်သဘော ရှိ၍ အထွက်သဘော ရှိ၏- ထို့ကြောင့် ကံပေါ်၏။

**သတိ။ ။ကံပေါ်သော်=သင်္ခါရက္ခန္ဓာဖြစ်၏။**

ဤကျင်ကြီး-ကျင်ငယ် စွန့်မှု၏ သင်္ခါရသည် ကံမကျသောသင်္ခါရဖြစ်၍ ဤအမှု အယာကိုလည်း ရှင်တော်မြတ်က ရှုမှတ်စေတော်မူ၏။

၁၁-၁၀-၆၇

မဟာသတိပဋ္ဌာန် လုပ်ငန်းစဉ်တွင် ယခုအသမ္ပဇာဟ သမ္ပဇည အပိုင်းသည် အခက်ခဲ အနက်နဲဆုံးဖြစ်၏။ ဘယဉာဏ်-အာဒီနဝဉာဏ်-နိဗ္ဗိန္ဒဉာဏ် ၃-ဉာဏ်ဖြင့် ဒုက္ခကို မြင်ရန် ပြခြင်း ဖြစ်ပေရာ ပညာမြင်ဥဒယဗ္ဗယဉာဏ်၏ အထက်၌ရှိသော လုပ်ငန်းလည်းဖြစ်၏။

**သဏ္ဌာန် ၂-ပါးသဘော**

(၁) ရုပ် သဏ္ဌာန် = သည် အတို-အရှည်-အပု-အဝိုင်းစသော ပုံဟန်သဏ္ဌာန်ဖြစ်၏။

(၂) နာမ်သဏ္ဌာန် = သည် အကြည်ရိပ်၌ ထင်သောအရိပ်ဖြစ်၏။

**ဝေဒနာ ၃-ပါးသဘော**

(၁) **ပေါ်သဘောဝေဒနာ**= သင်္ခတလောကတွင် မိမိ၏ယခု ခန္ဓာ ၅-ပါးကောင်ကြီး အပါအဝင် ပေါ်လျက်ရှိကြရမြဲ ဓမ္မတာ အကျိုးဝေဒနာအနေဖြင့် ပေါ်နေကြရသော သဘော တရားတို့ ဖြစ်၏။

ဥပမာသော် အဆင်း-အသံ-အနံ့-အရသာ-အထိ-အတွေ့စသော ပသာဒရုပ် ၅-ပါးဖြင့် ဆုံ၍ရသော သဘောတရားဖြစ်၏။ တခုသော ရုပါရုံခေါ် အဆင်းကို မိမိ၏မျက်စိ အကြည်ဖြင့် ဆုံသော် မြင်ရ၏။ ထိုမြင်သော သဘောမျှဖြစ်သော ထိုအဆင်းသည် အကျိုးဝေဒနာ မည်၏။ (တနည်း)ပေါ်သဘော ဝေဒနာမည်၏။

(၂) **သဘာဝ ဝေဒနာ**= သုခ-ဒုက္ခ-အဒုက္ခမသုခ ဝေဒနာသဘောဖြစ်၏။ ဥပမာသော် အဆင်းရုပ်နှင့် အကြည်ရုပ်တို့ တိုက်ရာတွင် နူးညံ့သော အကြည်ရုပ် နာ၏။ ကြမ်းတမ်းသော အဆင်းရုပ်ကား မနာပေ။ ၎င်းသဘောသည် သဘာဝ ဒုက္ခဝေဒနာဖြစ်၏၊ ဤ သဘောတရား သည် မည်သူမျှ မငြင်းကွယ်နိုင်သော သဘာဝဖြစ်၍ သညာဝိညာဏ်ဖြင့်မိမိတို့ကြိုက်နှစ်သက်သလို လိုရာ ဆွဲကိုင်၍ ပြောနိုင်သော သဘောတရားမဟုတ်ပေ၊

(၃) **ခံစားသောဝေဒနာ**= သညာဝိညာဏ်ဖြင့် သိမ်းပိုက်သော သဘော ဖြစ်၏။ ဥပမာသော် တခုသောအာရုံဖြင့် တိုက်ခိုက်သောအခါတွင် ထိုအာရုံအား မိမိ နှစ်သက်သော် ကောင်း၏၊ မနှစ်သက်-မလိုလားသော် မကောင်း၊ ထိုနည်းတူစွာ မိမိကောင်းသည်ဟုခံစားသော အာရုံသည် တပါးသူ၌ မကောင်းဟု ခံစားနိုင်သည်ဖြစ်၍ အများသဘောတူ သဘာဝ ဝေဒနာ ကဲ့သို့ လက်ခံကြမည် မဟုတ်ပေ။ မိမိတို့၏ သညာဝိညာဏ်ဖြင့် လိုသလို ခံစားသော ဝေဒနာ ဖြစ်၏။

**သတိ။** ။ဤတွင်မိမိအားထုတ်လျက်ရှိသောအာနာပါနကမ္မဋ္ဌာန်းအလုပ်တွင် တခါတရံ အာရုံ-အရိပ်-နိမိတ်-လက္ခဏာတို့သည် ပေါ်၏၊ သို့ပေါ်ရာ၌ အကယ်တိထိုထိုသော အာရုံတို့ကို ကောင်း-မကောင်း(တနည်း)ခံသာသည်-အခံခက်သည်-ပေါ့သည်-လေးသည်-ပူသည်-အေးသည် စသည်ဖြင့် ခံစားသိမ်းပိုက်သော် ဤသညာဝိညာဏ်စွဲ ဝေဒနာ၌ ကျသည်ဖြစ်၏။ ဝိပဿနာအလုပ်-ပညာအလုပ်၌မဝင်နိုင်ပေ။

(အထူးဂရုပြုသင့်သော သဘောတရားဖြစ်၍ ဉာဏ်မြင်ရှင်းသင့်လှပါသည်။)

**သင်္ခါရက္ခန္ဓာအား ဒုက္ခဖြင့်သတ်ပုံသဘော**

အထက်တွင် ဟောတော်မူသော အဆုပ်-အဖြန့် သဘော၏ သဏ္ဌာနပညတ်ကို အနတ္တဖြင့် သတ်၍ ဒုက္ခ၌ ဥက္ကောင်းချခဲ့ပေရာ ယခု ၎င်းသဘာဝကိုပင် ဒုက္ခဖြင့်သတ်၍ အနတ္တ၌ ဥက္ကောင်း ကျပုံသဘာဝကို ချီးမြှင့်တော်မူပေရာ-

ဓမ္မစကြာ ဒေသနာတော်၏ ဒုက္ခသစ္စာအနက် ၄-ချက်သည်-

(၁) သင်္ခတဋ္ဌော = ပြုပြင်ခြင်းဒုက္ခ
(၂) ပီဠနဋ္ဌော = နှိပ်စက်ခြင်းဒုက္ခ
(၃) သန္တာပဋ္ဌော = ပူပန်ခြင်းဒုက္ခ
(၄) ဝိပရိနာမဋ္ဌော = ဘောက်ပြန်ပျက်စီးခြင်း ဒုက္ခတို့ဖြစ်၏။

**သတိ။** ။ဤတွင် မိမိ၏ လက်ဖဝါးကို ပထမဖြန့်ထား၍ ၎င်းကိုပေါ်သဘော အကျိုးဝေဒနာ သဘောဖြစ်ကြောင်း ဉာဏ်မြင်မိထားပြီးလျှင်-

လက်ဖဝါးကိုဆုပ်လိုက်သော် ပြုပြင်ခြင်းသဘော နာမပညတ် ဖြစ်၏။ ဤကဲ့သို့ အဆုပ်သဘော ဆုပ်သည်ဟူသော နာမပညတ်အနေဖြင့် သိမ်းပိုက်ခြင်းသည် အမှန်ပင် အဖြန့်သဘော ပြန်ပေါ်မည်ဖြစ်၏။ ၎င်းသဘောသည်ပင်လျှင် အဆုပ်နှင့်အဖြန့် သံသရာလည်သည်ဖြစ်၍ ဒုက္ခ အစစ်ဖြစ်၏။

ဤသို့ အဆုပ်သဘော၏ ပြုပြင်မှုကို ဒုက္ခအဖြစ်ဖြင့် ရှုဆင်ခြင်လိုက်သော်- အဖြန့်သဘော ကိန်းပါမလာနိုင်တော့ပေ။ အဘယ့်ကြောင့်ဟူမူ အဆုပ်သဘော နာမပညတ်ကို သိမ်းပိုက်ခြင်း သည် ၎င်း၌ အဖြန့်သဘောသဏ္ဌာန်ပညတ်ကိုပါ လက်ခံသည် မည်၏။ (တနည်း) အဆုပ်တွင် အဖြန့်သဘောကိန်းသည် မည်ပေရာ ယခုအဆုပ်သဘော နာမပညတ်ကို ဒုက္ခဖြင့် သိမ်းဆည်း ခြင်းသည် အဖြန့်သဘော သဏ္ဌာန်ပညတ်ကို သေစေသည်ဖြစ်၍ အနတ္တ၌ ဥက္ကောင်း ဆိုက် သည် လည်း ဖြစ်၏။

ဥပ္ပါဒေါ, သင်္ခါရာ- အနုပ္ပါဒေါနိဗ္ဗာနံ- ဟူသည်နှင့် အညီ ဥပ္ပါဒေါ= အဆုပ်သဘော (တနည်း)အဖြစ်သဘောသည် သင်္ခါရာ=ပြုပြင်မှုဒုက္ခဖြစ်၏။

အနုပ္ပါဒေါ= ပြန်၍ မဖြန့်နိုင်သော သဘော(တနည်း) နောင်တဖန် ထပ်၍မဖြစ်နိုင်သော သဘော သည်နိဗ္ဗာနံ = နိဗ္ဗာန်မည်၏ (တနည်း)တောင်းတမှု ကြောင့်ကြမှု ဒုက္ခအဝဝတို့မှ ငြိမ်းသည်မည်၏။ (တနည်း) အနတ္တ၌ ဥက္ကောင်းဆိုက်သည်မည်၏။

ဝိညာဏ်ကြီးသည် ဓာတုမနသိကာ အပိုင်းတွင် ချုပ်ငြိမ်းခဲ့၏။ သို့ပင် မရှိသော်လည်း သင်္ခါရက္ခန္ဓာ ရှိနေသေး၏။ ထို့ကြောင့် ဇုဋ္ဌ-အနိဋ္ဌ တည်းဟူသော သဏ္ဌာနပညတ်ပေါ်နေနိုင်ခြင်း ဖြစ်၏၊ ၎င်းကိုဖြုတ်ချရမည်ဖြစ်၏။

သင်္ခါရသည် - ဝိညာဏ်၏ အတွင်းရေးမှူးဖြစ်၏။

သညာသည် - သင်္ခါရ၏ အပါးတော်မြဲဖြစ်၏။

ဝေဒနာသည် - သညာ၏ ခိုင်းဖတ်ဖြစ်၏။


**သဏ္ဌာနပညတ်၏ ဇုဋ္ဌ-အနိဋ္ဌအရိပ်**

အာရုံ ၅-ပါးတို့အား ပသာဒရုပ် ၅-ပါး ဖြင့် တိုက်ခိုက်သောအခါတွင် ဇုဋ္ဌ-အနိဋ္ဌ တည်းဟူသော ကောင်း-မကောင်း တခုခုဖြင့် ဆွဲကိုင်မည်သာဖြစ်၏။ ၎င်းဇုဋ္ဌ-အနိဋ္ဌ ရိပ်သည် သညာရိပ်ကထွက်၏။ ၎င်းသညာရိပ်သည် သဏ္ဌာနပညတ်ရိပ်က ထွက်၏၊ အချုပ်မှာသော် သင်္ခါရ ရှိနေ၍ ဖြစ်၏။

သို့ဖြစ်၍ တရားခံဖြစ်သော သညာကို ပထမရှာရ၏။ သို့ရှာဖွေသော် ၎င်းသည် အတိတ်သဘော- နာမပညတ်နှင့် အနာဂတ်သဘော သဏ္ဌာနပညတ် ၂-ပါးရှိနေသော သဘောမှတွေ့ရ၏။ ၎င်းသဘော ၂-ရပ်သည်ပင်လျှင် သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိဖြစ်၏။

၁၂-၁၀-၆၇

(ပုံစံအမှတ် ၃၂)




သမ္မာဇည အပိုင်း-သတိပဋ္ဌာန်နေပုံ

**နာမပညတ် အတိတ်သဘော**

ပသာဒရုပ်များနှင့် ထောက်၍ရသော ထိုထိုသော အာရုံ၏ အမည်နာမအမျိုးမျိုးဖြစ်၏။ ၎င်းသည် မိမိမှည့်ခေါ်ထားသော အမည်တို့ပေလော? မဟုတ်ပေ။ အဘယ်တုံး အဘယ်လက်ထက်မှစ၍ အဘယ်သို့သော ပုဂ္ဂိုလ်က တည်ထွင်မှည့်ခေါ်ထားသည် မသိနိုင်ပေရကား- စင်စစ် အတိတ်သဘော- နာမပညတ်သာဖြစ်၏။

**သဏ္ဌာနပညတ်-အနာဂတ်သဘော-**

၎င်းသည် ပုံဟန်သဏ္ဌာန်အမျိုးမျိုးဖြစ်၏။ အမည်နာမအမျိုးမျိုးသည် ၎င်းပုံဟန်သဏ္ဌာန်အမျိုးမျိုးကိုအမှီပြု၍ ဆွဲကိုင်ရပေရာ- ထိုသဏ္ဌာန်တို့သည် စင်စစ် နှောင်းလူတို့ အတွက် ၎င်းကိုအမှီပြု၍ အမည်မှည့်ခေါ်နိုင်ရန်ဖြစ်သဖြင့်လည်း အနာဂတ်သဘော သဏ္ဌာနပညတ်ဖြစ်၏။

**သတိ။** ။၎င်းသို့သောနည်းဖြင့် ထိုအတိတ်သဘော နာမပညတ်နှင့် အနာဂတ်သဘော သဏ္ဌာနပညတ်တို့ အပြန်အလှန် မျက်တောင် ခတ်ခြင်း သည် သီလဗ္ဗတပရာမာသဒိဋ္ဌိ ဖြစ်၏။ (အလေ့မှား

အကျင့်များကို ဆွဲကိုင်သောအယူဖြစ်၏။ ရတနာ ၃-ပါး ဆည်းကပ်ကိုးကွယ်မှုကြီး တို့နှင့် တကွသင်္ခါရမှုကိစ္စအဝဝတို့၌ဤဒိဋ္ဌိတွင်ကျရောက်နေတတ်ပုံကို ဉာဏ်ကုန်ဖြန့်၍ ဝင်စားသင့်ပါသည်။

(အဆုပ်-အဖြန့်သဘောကိုလည်း ဤသဘာဝဖြင့် သိမ်းဆည်းပါရန်)

ဤသတိပဋ္ဌာန်ကြီး၏ ယခုဖော်ပြပါ အတိတ်သဘော နာမပညတ်နှင့် အနာဂတ်သဘော သဏ္ဌာနပညတ် ၂-ပါးသည် ပဋိစ္စသမုပ္ပါဒ်ယန္တရားကဲ့သို့ လှည်းဘီး သဏ္ဌာန် မလှည့်ပတ်နိုင်ပြီ၊ ဝိညာဏ်ကြီး ဇာတ်သိမ်းပြီး၍ ၎င်းသည် အသွားအပြန် ငါးကြင်းမြီးသဘောမျှ သာခတ်နိုင်တော့၏။

**သောတာပန်အရိယာသည်**

ဤ ၂-ပါး မျက်တောင်ခပ်မှုကို ရပ်နိုင်သည်ဖြစ်၍ သီလဗ္ဗတပရာမာသ ဒိဋ္ဌိကြီးကို အပြီး တိုင် ပယ်သတ်တော်မူနိုင်ခြင်းဖြစ်ပေသည်။ ထို့အပြင်

(၁) အသက်အန္တရာယ်

(၂) အရှက်အန္တရာယ်

(၃) စည်းစိမ်ဥစ္စာအန္တရာယ်ဟူ၍ ၃-ပါးရှိရာတွင်

**သောတာပန်အရိယာသည်** ဤအန္တရာယ်တို့နှင့်ရင်ဆိုင်တွေ့သော် အရှက်အန္တရာယ်နှင့် စည်းစိမ် ဥစ္စာအန္တရာယ်တို့အတွက် ကာကွယ်မှုမလုပ်ပြီ။

အသက်အန္တရာယ်အတွက်မှာမူကား- အထက်မဂ်-အထက်ဖိုလ်ကို အလိုရှိသော ဆန္ဒ ရာဂ (တနည်း) တွယ်တာမှုသဘောရှိသေးသည်ဖြစ်၍ ကာကွယ်ဦးမည်ဖြစ်ပေသည်။

**မျက်တောင်ခတ်မှုသဘောနှင့် သတ်ပုံသဘာဝ**

"ယံကိဉ္စိရူပံ အတီတာ နာဂတ ပစ္စုပ္ပန္နံ အဇ္ဈတ္တံဝါ- ဗဟိဒ္ဓါဝါ ဩဠာရိကံဝါ သုခုမံဝါ ဟီနံဝါ ပဏီတံဝါ ဒူရေဝါ သန္တိကေဝါ-သဗ္ဗံရူပံ၊ နေတံမမ၊ နေသော ဟ မသ္မိ၊ နမေသော အတ္တာတိ၊ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ"

အစရှိသောအနတ္တလက္ခဏာသုတ်ပါဠိတော်အရ အတွင်း-အပြင်-အကြမ်း-အနု-အယုတ် အမြတ်-အဝေး-အနီးသဘာဝနှင့် အလားတူပင်ဖြစ်သော ဤအတိတ်သဘော နာမပညတ်နှင့် အနာဂတ်သဘော သဏ္ဌာနပညတ်တို့သည် ပရမတ်ပစ္စုပ္ပန်ပင်မရှိသော်လည်း အတိတ်ကို လက် ညှိုးထိုး၍ အနာဂတ်ကရှိသည်ဟုပြော၍ တဖန်အနာဂတ်ကို ထောက်ပြီးအတိတ်လည်း သူ့ရှိသည် ဟု ဆိုနေခြင်းဖြစ်၏။ ၎င်းတို့သည် စင်စစ် သညာသဘော-အာရုံသဘော- အကျိုးရိပ်သက်သက် မျှသာလျှင်ဖြစ်၏။

မျက်တောင်ခတ်မှုတွင် အသက်ရှင်အုံးမည်သဘောနှင့် အပြီးတိုင်ချုပ်မည် ဖြစ်သော ခပ်မှု ၂-မျိုးတွင် ယခုအတိတ်သဘော နာမပညတ်နှင့် အနာဂတ်သဘော သဏ္ဌာနပညတ်တို့ ၏ ခတ်မှုတွင် ၎င်းတို့သည် အပြီးတိုင်ချုပ်မည့်သဘောဖြစ်၏။

ပစ္စုပ္ပန်ပရမတ်သဘောရှိသော် ရှင်နိုင်၏။ ဥပမာသော်- ယခုမိမိမြင်ရသော ဤလက်ဘက် ရည်ပန်းကန်၌ရှိသောအတိတ်သဘော နာမပညတ်နှင့် အနာဂတ်သဘော-သဏ္ဌာနပညတ်တို့သည် ကား-အဆင်းတည်းဟူသော အဆင်းပရမတ် ထောက်ခံလျက်ရှိနေ၍ ရှင်သည်မည်၏။

**သတိ။** ။ယခုမှာမူ ပညတ်-ပညတ်ခြင်း လက်ညိုးထိုးနေသည်ဖြစ်ပေရာ- အမှန်မှာမူကား- သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိရှိ၍ ထိုးနေခြင်းသာဖြစ်၏။

သတ်ဆေးမှာ ပညာ၏အရာဖြစ်ပါ၍ တချက်ထိုးမျှဖြစ်ပေရာ- ဤသညာသဘော-အကျိုး ရိပ်-သဏ္ဌာနပညတ်သဘောမျှသည်-

| | | |
|---|---|---|
| နေတံမမ | = | ငါ၏ဥစ္စာမဟုတ်ပါတကား၊ |
| နေသောဟမသ္မိ | = | ငါမဖြစ်ပါတကား၊ |
| နမေသောအတ္တာတိ | = | အစိုးမရ အလိုသို့မလိုက်ပါတကား ဟူသော သဘောတရား ဖြင့် ပယ်သတ်နိုင်ရာ၏။ |

၁၃-၁၀-၆၇

သတ္တဝါတို့တွင် ကိလေသာဝဋ်ကျော်ဖြစ်သည်ဆိုရာ၌ အကြောင်းမဲ့မဟုတ်ပေ အာရုံနှင့် မိမိ ၏အကြည်ဓာတ်တို့ဆုံသော် အကြည်ဓာတ်တို့၌ကိန်းလျက်ရှိသော သဏ္ဌာနပညတ်ရိပ်မှအစပြုခြင်း ဖြစ်၏။ ထိုမှ ဣဋ္ဌအနေဖြင့်သိမ်းပိုက်သော် သုခဝေဒနာဖြစ်၏၊ အနိဋ္ဌအနေဖြင့် သိမ်းပိုက်သော် ဒုက္ခဝေဒနာဖြစ်၍ ဤသဘောသည်ပင်လျှင် တဏှာ ဥပါဒါန် ဘဝ စသည်တို့ကို ကြောပိုးသယ် ဆောင်လာသည်ဖြစ်၍ ဘာစက်ရဟတ်စပြီး လည်ပတ်သည်ဖြစ်ပေသည်။

**သတိ။** ။သို့ဖြစ်၍ ဤအသမ္မောဟသမ္ပဇညအပိုင်းသည်

(၁) **အကြည်ရိပ်သညာပညတ်ကို**သတ်လျက်ရှိ၏။
(၂) **အသိရိပ်သန္တတိပညတ်ကို**-ပညာမြင်ဥဒယဗ္ဗယဉာဏ်ဖြင့်ချေပြီး၏။
(၃) **အမြင်ရိပ် သမူဟပညတ်ကို**-ဓာတုမနသိကာရ အပိုင်းဖြင့်ချေ၏။
(၄) **အဆင်းရိပ် နာမပညတ်ကို**-ပဋိကူလမနသိကာရအပိုင်းဖြင့် ချေမည်ဖြစ်၏။

ဤဣဋ္ဌ-အနိဋ္ဌ-သဏ္ဌာနပညတ်ကို ဒုက္ခာနုပဿနာဉာဏ်ဖြင့်ဖြတ်နိုင်သော် အာဒီနဝဉာဏ် ၌ဝင်ပြီးလျှင် သန္တိပဒ ၅-ချက်ဖြင့်ပြီး၏။

**သန္တိပဒ ၅-ချက်သဘော**

| | | | |
|---|---|---|---|
| (၁) | အနာယူဟနဓမ္မ | = | ၂၉-ပါးသောကံတရားတို့ကို အားမထုတ်ခြင်းသဘော |
| (၂) | အပဝတ္တဓမ္မ | = | ပဋိစ္စသမုပ္ပါဒ်အတိတ်အကြောင်းစက်၏ မဖြစ်ခြင်းသဘော |
| (၃) | အနုပ္ပါဒဓမ္မ | = | ပစ္စုပ္ပန်အကျိုးစက်၏ မဖြစ်ခြင်းသဘော |
| (၄) | အနိမိတ္တဓမ္မ | = | ပစ္စုပ္ပန်အကြောင်းစက် ကံမျိုးစေ့တို့၏ သုဉ်းဆိတ်ခြင်း သဘော |

(၅) အပဋိသန္ဓိကဓမ္မ = အနာဂတ်အကျိုးစက်ဖြင့် တဖန် ပဋိသန္ဓေကို မဖြစ်ခြင်း သဘောတို့ဖြစ်၏။

သဘိ။ ။အထက်ဖော်ပြပါ ၅-ချက်တွင် အနာယူဟနဓမ္မသည် အရေးကြီးသဖြင့် အထူးရှုပြ ရန်ဖြစ်ပေသည်။

သဒ္ဓါ-သတိ-ဝိရိယ-သမာဓိ-ပညာ ၅-ပါးတွင် အလိုသဘောသာရှိ၍ အလွန်သဘော မရှိသော သတိကိုခြွင်း၍ ကျန် ၄-ပါးမှာ အချိန်အဆအလွန်လိုသောသဘောတရားတို့ဖြစ်ပေရာ-

(၁) သာဒ္ဓါလွန်သော် တဏှာဖြစ်၏။

(၂) ဝိရိယလွန်သော် ပျင်းရိခြင်းဖြစ်တတ်၏။

(၃) သမာဓိလွန်သော် ပြန့်လွင့်ခြင်းဖြစ်တတ်၏။

(၄) ပညာလွန်သော် ကောက်ကျစ်စဉ်းလဲခြင်းဖြစ်တတ်သဖြင့်-

မဂ်ဖိုလ်နိဗ္ဗာန်ကိုလိုလား၍ ဝိပဿနာတရားအားထုတ်လျက်ရှိကြသော ပုဂ္ဂိုလ်တို့ သတိပြုရမည်ဖြစ် ပေသည်၊ အဘယ့်ကြောင့်ဟူမူ အချို့သောပုဂ္ဂိုလ်တို့ ဝိပဿနာတရား အားထုတ်သည်ဆိုလျှင်ပင် ဤ အနာယူဟနဓမ္မဖြစ်သော ၂၉-ပါးသောက်တရားတို့သည် သံသရာရှည်စေသော တရားတို့ဖြစ်၍ သံသရာမှထွက်လိုသော ပုဂ္ဂိုလ်တို့နှင့်မအပ်၊ သို့ဖြစ်၍ ပစ်ပယ်ရန်သာဖြစ်၏ဟူသော ယုံကြည်မှုဖြင့် ကုသိုလ်ကံများပါ ရန်သူသဖွယ် သိမ်းပိုက်မိလျက်သာ ရှိကြရပေသည်။

ဤသို့ကားမသင့်ပေ၊ အားလုံးသောကလျာဏ အရိယာစသော ပညာရှိ သူတော်ကောင်း တို့သည် ကုသိုလ်တရားကို ပရိနိဗ္ဗာနစေတ်မြတ်စံသည့်တိုင်အောင် ပြုတော်မူကြသည်သာ ဖြစ်ပေ သည်၊ သို့သော် အန္ဓပုထုဇဉ်တို့ကဲ့သို့ သဿတဒိဋ္ဌိ-ဥစ္ဆေဒဒိဋ္ဌိတို့ဖြင့်ယှဉ်သော လူ-နတ်-ဗြဟ္မာ ချမ်းသာတို့ကို အလိုရှိသောကြောင့် ပြုခြင်းမျိုးကားမဟုတ်ပေ။

ဥပမာအားဖြင့်သော် သောတာပန်အရိယာဖြစ်သော ဝိသာခါကျောင်းအမကြီး၏ ကုသိုလ် ကြီး ၈-ချက်ကို ကြံဆရာ၏။ ရည်ရွယ်သော အကျိုးတရား ၂-ချက်ကား-

(၁) ဝိနယ သာသနာတော်ကြီးပွားလာရန်နှင့်

(၂) ရဟန်းတော်များ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် တရားအားထုတ်နိုင် စေရန်ဖြစ်၏။

ထို့ကြောင့် ဤဒါနသည် ပါရမီကုသိုလ်ဖြစ်၏။ ဝဋ်ကို မတောင်းတသည်ဖြစ်၍ သံသရာ မလည် အထက်မဂ် အထက်ဖိုလ်တို့အတွက် အထောက်အပံ့သာလျှင်ဖြစ်ရ၏။

ယမန်နေ့ဟောစဉ်ဖြင့် ဤအတိတ်သဘော နာမပညတ်နှင့် အနာဂတ်သဘောသဏ္ဌာန ပညတ်တို့၏ မျက်ခေတာင်ခံမှုဖြစ်သော ဣဋ္ဌ-အနိဋ္ဌတို့ကြောင့်ပင်လျှင် အကျိုးရုပ်စဉ် ဖြစ်သော ပရမတ်အကျိုး ပစ္စုပ္ပန်ဝုဒ်လျှိုးနေရခြင်းဖြစ်၏။

(ဤသဘောကိုမြင်ခြင်းသည် သန္တိပဒ ၅-ချက်ကိုမြင်သည်မည်၏။)

**သတိ။** ။ဤတွင် အထူးအတိပြုရန်အချက်သည်ရှိ၏၊ မဂ်တရား ဖိုလ်တရားကို အလိုရှိ၍ နည်းမျိုးစုံဖြင့်ကျင့်ကြရ အားထုတ်ကြရပေသည်၊ သို့သော် ဤ၍ ဤမျှ နက်နဲသိမ်မွေ့လှပါသည်ဟု ထောက်ဆခြင်းငှာ ခဲယဉ်းလှသော ဤသဘာဝတရားကို ရနိုင်ရန်သည် အလျင်လို၍မဖြစ်သည့်ပြင် အကျင့်တရားဖြင့်သော် မရနိုင်သောသဘောလည်းဖြစ်၏။

သို့ဖြစ်၍ မိမိ၏ ပါရမီအားနှင့်လျော်သော တခုသောသဘာဝအသိဉာဏ်ကို အရင်းပြုပြီးလျှင် အစဉ်တစိုက်ပွားများအားထုတ်ဆင်ခြင်သွားနိုင်ပါမူ အဘယ်မျှပင် ကြီးမားသော ကမ်းသောင်ယံပင်ဖြစ်စေဦး အစဉ်တတိတိတိုက်စားသော ရေအယဉ်ဖြင့် တနေ့တွင် ကုန်ခမ်းရဘိသကဲ့သို့ အလိုရှိသော ပန်းတိုင်သို့ အမှန်မလွဲ ရကြရ ရောက်ကြရမည်မှာသာ ဖြစ်ကြောင်း ယုံကြည်သင့်လှပေသည်။

**သတ်ရန်မှာ**-အနတ္တလက္ခဏာသုတ်တော်လာ-နေတံမမ- နေသောဟမသ္မိ- နမေသော အတ္တာတိ ၃-ချက်ဖြစ်ပေရာ-

**သတိ။** ။ဤအတိတ်သဘောမျှ ဖြစ်သော နာမပညတ်ရိပ် သဿတဒိဋ္ဌိသည် ပရမတ်သဘောဟူက မြူမျှ ပါရှိသည်မဟုတ်၍ စင်စစ် နေတံမမ=ငါ၏ဥစ္စာဟု ဆွဲကိုင်ခြင်းငှာ မသင့်သည်သာလျှင်တည်း။

တဖန် အနာဂတ်သဘောမျှဖြစ်သော သဏ္ဌာနပညတ်ရိပ်ဥစ္ဆေဒဒိဋ္ဌိသည်လည်း ပရမတ်သဘော ကင်းစင်သော ပညတ်တရားသာ ဖြစ်၍ အမှန်ပင်လျှင် ၎င်းကို နေသောဟမသ္မိ= ငါအဖြစ်ဖြင့် စွဲယူခြင်းငှာ မသင့်သည်သာဖြစ်သည်။

တဖန် အတိတ်-အနာဂတ်သဘော သဿတဥစ္ဆေဒ(တနည်း)ပစ္စုပ္ပန်သညာ(တနည်း) အတိတ်သညာ-အနာဂတ်သညာ ၂-ပါး၏ ပေါင်းဆုံမှုသည်လည်း စင်စစ် ၎င်းသည်နမေသော အတ္တာတိ=အစိုးရ၏ အလိုသို့ လိုက်၏ဟုယူခြင်းငှာ မသင့်သည်သာ ဖြစ်၏။

ဤသို့သော နည်းဖြင့် ငါ ၃-ငါကို ပယ်သတ်လိုက်သော် အကျိုးရုပ်စဉ် ခေါ် ပရမတ်ပစ္စုပ္ပန် ထည်းထည်းသာလျှင် ကျန်၏၊ ၎င်းသဘာဝကိုမြင်ခြင်းသည် ပညာမြင်ဒုက္ခအစစ်ဖြစ်၏။


ပါရမီထက်မျက်သော ပုဂ္ဂိုလ်ဖြစ်ပါမူ ဤသဏ္ဌာနပညတ်ကို ပယ်သတ်ခြင်းဖြင့် အနာဂါမိမဂ်သို့တိုင် ထွင်းဖောက်နိုင်သော အပိုင်းဖြစ်ပါ၍ အထူးကြိုးစားရယူသင့်သောပညာဖြစ်ပါသည်။

၁၄-၁၀-၆၇

## ပဋိကူလမနသိကာရအပိုင်း

မဟာသတိပဋ္ဌာန် အပိုင်း ၁၄-ပိုင်း ရှိသည့်အနက် ခေတ်အားလျော်စွာ သမထယာနိကဖြစ်သော သုဿာန်တွင် အားထုတ်ရသော နဝသိဝါဋ္ဌိက ၉-ပိုင်းကိုကြဉ်သော် ၅-ပိုင်း ကျန်၏။ ၎င်းတို့မှာအာနာပါနတပိုင်းနှင့် သမ္ပဇဉ ၄-ပိုင်းဖြစ်၏။

(ပုံစံအမှတ် ၃၃)



ပဋိကူလမနသိကာရ = ပညာဖြင့် စက်ဆုပ်ရွံ့ရှာဘွယ်ဟု နှလုံးသွင်းခြင်းသဘောဖြစ်၏။

၃၂-ကောဋ္ဌာသ = ၃၂-ပါးသော အပေါင်းအစုဖြင့် ဖွဲ့စည်းထားသော ခန္ဓာကိုယ်ဖြစ်၏။

ဤအသုဘကထာဖြစ်သော ပဋိကူလမနသိကာရဖြင့် ဝါတော် ၂၀-တိုင်တိုင် ရှင်တော်မြတ် သတ္တဝါတို့ကို ချွေချွတ်တော်မူ၏။

ဝါတော် ၂၀-နောက်မှသာလျှင် သတိပဋ္ဌာန်လုပ်ငန်းစဉ်ဖြင့် အစားထိုးဖွင့်တော်မူခြင်းဖြစ်၏။

အသုဘကထာဟုဆိုရာ၌ သမထလုပ်ငန်းစဉ်ဖြစ်သော သမထဘာဝနာ ၄၀-မှ အသုဘ ကမ္မဋ္ဌာန်း ၁၀-ပါးဖြင့် မရောယှက်ရန်ဖြစ်၏။

**သတိ။** ။တဖန် ဤ ပဋိကူလမနသိကာရ အပိုင်းတွင် ကေသာ-လောမာအစရှိသော ၃၂-ကောဋ္ဌာသကိုထည့်ထားတော်မူ၏။

ဤတွင် အချို့သော ပုဂ္ဂိုလ်တို့သည် ၎င်း ၃၂-ကောဋ္ဌာသ ကမ္မဋ္ဌာန်းကို အနုလုံ-ပဋိလုံ အသွားအပြန် အဖန်ဖန်ရွတ်ဖတ်၍အားထုတ်လျက်ရှိပေသည်၊ ထိုသို့သောအားထုတ်မှုသည် အနုဿတိ ၁၀-ပါးမှ ကာယဂတာသတိ သမထဘာဝနာဖြစ်သဖြင့် ၃၂-ကောဋ္ဌာသခြင်းတူညီသော ထိုသတိပဋ္ဌာန် ပဋိကူလမနသိကာရနှင့် ကာယဂတာ ဘာဝနာတို့ ရောထွေးလျက်ရှိပေသည်။

သို့သော် ကွာခြားလှပေ၏၊ ပဋိကူလမနသိကာရကား ပညာ၏အရာဖြစ်၏။ ကာယဂတာဘာဝနာကား သညာဝိညာဏ်၏ အရာဖြစ်၏။

**အသိ ၂-မျိုးသဘာဝ**

**(၁) သညာဝိညာဏ်သိ အသုဘ ကထာကား**

ဥပမာအားဖြင့် မိမိ၏ဆံပင်ကို မပြုမပြင် မဖီးမလိမ်းဘဲထားသော် ရက်အတန်ကြာသောအခါ၌ အမှန်ပင်မတင့်တယ်သော ရွံ့ရှာစက်ဆုပ်ဘွယ်ရှိသည့် ဆံပင်ဖြစ်လာမည်ဖြစ်၏၊ သို့သော် တဖန်ပြန်၍ ပြုပြင်လိုက်သော် တင့်တယ်သော လိုချင်နှစ်သက်ဘွယ် ဆံပင် ဖြစ်လာမည်ဖြစ်ပေရာ ဤကဲ့သို့ တင့်တယ်လိုက် မတင့်တယ်လိုက်ဖြစ်နေသည့်သဘောသည် သညာဝိညာဏ်သိ အသုဘကထာမည်၏။

**(၂) ပညာသိ အသုဘ ဘာဝနာကား**

ပြုပြင်သည်ဖြစ်စေ မပြုပြင်သည်ဖြစ်စေ မတင့်တယ်သောသဘော တချက်ထည်းကိုသာလျှင် မြင်သောသဘောဖြစ်၏။

ထို့ကြောင့် ဤပဋိကူလမနသိကာရ ဘာဝနာကို ပွားများလိုသော ပုဂ္ဂိုလ်သည်—
(၁) ပညတ်တရား ၄-ပါးကို သိမ်းဆည်းနိုင်ရမည့်ပြင်-
(၂) အနုပဿနာဉာဏ် ၇-ဉာဏ်ကိုလည်း မျိုးပြီးဖြစ်ရမည်ဖြစ်၏။
ဤကမ္မဋ္ဌာန်းသည် နာမပညတ်ရိပ်ကို ပယ်သတ်ရန်ဖြစ်၏။

သို့သော် ၎င်းနာမပညတ်ရိပ်သည်ကား သတ်ရန်လွယ်ကူသည်မဟုတ်ပေ၊ အတိတ်သဘော နာမပညတ်ကား မရှိသဘောအနေဖြင့် နေတံမမ = ငါ၏ဥစ္စာ မဟုတ်ပါတကားဟု ပယ်ထုတ်နိုင်၏။

ယခု နာမပညတ်ရိပ်သည်ကား အကျိုးပစ္စုပ္ပန်ရိပ်သဘောမျှသာရှိသော သဘောဖြစ်၏။ (တနည်း)လူသေပြီးသော်လည်း နာမည်မသေသေးသောသဘောဖြစ်သဖြင့် ၎င်းကိုသတ်ရန်သည် အများအားဖြင့် အကြိမ်ကြိမ်ကြိုးစားရသည်ကများပေသည်၊ အဘယ့်ကြောင့်ဟူမူ-

ဝိပဿနာဉာဏ်တက်စဉ်အားဖြင့် အကြင်ပုဂ္ဂိုလ်သည် သင်္ခါရုပေက္ခာဉာဏ်ကြီးသို့ ရောက်၍ ဗလဝ ဝိပဿနာဉာဏ်ဖြင့် တရှိန်တည်းတက်နိုင်သော် မဂ်သို့ဝင်၏၊ မဝင်နိုင်သော် အောက်ဉာဏ် မရှင်း၍ဖြစ်ပေရာ ပဋိသင်္ခါဉာဏ်သို့ဆင်းရ၏၊ ထိုဉာဏ်မှနေ၍ ပညာမြင်ဉဒယဗ္ဗယဉာဏ်-ပညာမြင် အနိစ္စဉာဏ်-ပညာမြင်ဒုက္ခဉာဏ်တို့ကို တဖန်ပြန်ပြီးသုံးသပ်ခါ သင်္ခါရုပေက္ခာဉာဏ်သို့ရောက်ပြန်၏၊ ဤတွင် သမ္မပဓာန်လုံ့လ ၄-ပါးနှင့်ပြည့်စုံသော် မဂ်သို့ဝင်နိုင်၏၊ မဝင်နိုင်သေးသော် အောက်သို့ တဖန်ဆင်းရပြန်၏။ ဤကဲ့သို့ အတက်အဆင်းသဘော အပြန်ပြန် ကြိုးစားရသည့် သဘောကိုပင် ဒီသာကာကနည်းဟုဆိုရပေသည်။

**နာမပညတ်သဘော**

နာမပညတ်သည် = အကောင်သဘော-အရောင်သဘော-အရိပ်သဘောနှင့် အခိုးအငွေ့ သဘောဟူ၍ ၄-ပါးပြား၏။

ဤတွင် ၎င်းသဘောကိုဋ္ဌာန် ၄-ပါး ဉာဏ် ၄-ပါးဖြင့် စီစစ်ဖော်ထုတ်သင့်၏၊ ၎င်းတို့မှာ-

(၁) လက္ခဏာသဘော = နာမရူပ ပရိစ္ဆေဒဉာဏ်
(၂) ရသ သဘော = ပစ္စယပရိဂ္ဂဟဉာဏ်
(၃) ပစ္စုပဋ္ဌာန်သဘော = သမ္မသနဉာဏ်
(၄) ပဒဋ္ဌာန်သဘော = ဥဒယဗ္ဗယဉာဏ်တို့ဖြစ်၏။

၁၅-၁၀-၆၇

**အကောင်သဘော နာမပညတ်သဘာဝ သတိပဋ္ဌာန်နည်းချုပ်**

လက်ဘက်ရည်ပန်းကန်ဟူသောအမည်ကို မှည့်ခေါ်နိုင်ခြင်းသည် ဓာတ် ၄-ပါး ဓာတ် ၈-ပါးထောက်ခံသော အဆင်းသဘောကြောင့်ဖြစ်၏။ ၎င်း ဥတုအကြောင်း ပြဋ္ဌာန်းသည်ဖြစ်၍ နာမရူပ ပရိစ္ဆေဒဉာဏ်ဖြင့်ချေခဲ့၏။

(ဉာဏ်နုသေးသော ပုဂ္ဂိုလ်တို့ သိမ်းပိုက်ပုံ ချေပုံဖြစ်၏)။

ကမ္မဇတသိန်းပါရမီဖြည့်၍ ဉာဏ်ကြီးမားတော်မူကြသော ခေမာ ဥပ္ပလဝန် ထေရ်ရီအစရှိသော ပုဂ္ဂိုလ်မြတ်တို့အဘို့မှာမူကား ဤကဲ့သို့ဓာတ် ၄-ပါး ဓာတ် ၈-ပါး အဆင်းစသည့် သဘောတို့ကို မကိုင်ပြီ ၎င်းကိုလွန်၍-

နာမပညတ်သည် အာရုံသဘောမှထွက်ပုံ (တနည်း) သညာ၏ အမှတ်သဘောဖြစ်ပုံဖြင့် တချက်တည်းသိမ်းဆည်းတော်မူနိုင်ကြပေသည်။

ဓာတ်ကြီး ၄-ပါး ၈-ပါး အပေါင်းအစုမျှဖြစ်သော လက်ဘက်ရည် ပန်းကန်သည်ကား အာရမ္မဏိကသဘောဖြစ်၏ (မြင်အောင်ရှုပါရန်)။

တဖန် ဤနာမပညတ်သည် စင်စစ် ဓာတ် ၄-ပါး ၈-ပါး၌ပင် မှီကပ်သည်ကို ချေစေတော်မူလိုသော ရှင်တော်မြတ်သည်-

"သေယျထာပိ ဘိက္ခဝေ ဥဘတော မုခါ ပုတောဠိပုရာ နာနာဝိဟိတဿ ဓညဿ၊ သေယျထိဒံ သာလီနံ ဝီဟီနံ" အစရှိသော ဂါထာဖြင့် ဆိုဆုံးမတော်မူရာတွင် နွားလှည်းဥပမာဖြင့် ပုံဟပ်၍ ဆင်ခြင်အပ်ပါသည်။

နွားလှည်းတစီးဟု ခေါ်ဆိုနိုင်ရန်သည် လှည်းဘီး-ဝင်ရိုး-ဝက်စွယ်-လှည်းအိမ်-ထမ်းပိုး အစရှိသော ပစ္စည်းတို့ဖြင့် ဖွဲ့စည်းရပေသည်၊ ဤတွင် ထိုပေါင်းစပ်ထားသော ပစ္စည်းတို့ကို တခုစီတခုစီဖြုတ်၍ တခြားစီထားသော် လှည်းဘီးသည် လှည်းဟုမခေါ်နိုင်သည့်နည်းတူ အခြားသော ပစ္စည်းများကိုလည်း မခေါ်ဆိုနိုင်သည့်အလားကဲ့သို့ပင်လျှင် မိမိခန္ဓာကိုယ်၏ ၃၂-ကောဋ္ဌာသတို့သည်လည်း တပုံစီ ပုံလိုက်သော် လူတည်းဟူသော နာမပညတ် ပျောက်ပျက်ရတော့သည် ဖြစ်ပေသည်။

**သတိ။** ။ဤအပေါင်းအစုသဘောဖြင့် ဖွဲ့စည်းထားအပ်သော လှည်းဟူသော သဘောသည် ပင်လျှင် အာရုံရိပ်ဖြစ်ပေရာ စင်စစ်၎င်းသည် ပစ္စုပ္ပန်အကျိုးရိပ် ရှိသောကြောင့်သာ နာမပညတ်ချေနိုင်ခြင်းဖြစ်၏။

**အကျိုးကံ သဘော**

အာရုံက ဖမ်းကပ်ရာတွင် ဥတုကပ်-အာဟာရကပ်-စိတ်ကပ်နှင့် ကံကပ်ဟူ၍ ၄-မျိုးရှိ၏။

ကံကပ်နှင့် စိတ်ကပ်တို့သည် ဇနကကံဖြစ်၏

အာဟာရကပ်နှင့် စိတ်ကပ်တို့သည် ဥပထမ္ဘကကံ ဖြစ်၏။

ယခုပစ္စုပ္ပန်အကျိုးရိပ်သည် ပစ္စုပ္ပန်အကျိုး ကံပင်ဖြစ်ပေရာ ၎င်းသည် အကြည်ရိပ်၌နာမပညတ်ရိပ် အနေဖြင့် ထင်နေခြင်းသာလျှင် ဖြစ်၏။ ဇနကကံ-ဥပထမ္ဘကကံတို့ မပါပေ။

**ဝိပဿနာနည်းဖြင့် သတ်ပုံ သဘော**

အာရမ္မဏိကသဘော မထောက်ခံတော့သော ၎င်းအာရုံရိပ်အဘယ့်ကြောင့် ပေါ်နေရလေသနည်း ဟူမူ-

သဉ်တ လောကတွင် ပညတ်နှင့် ပရမတ်တရားတို့ အပြိုင်အဆိုင်ရင်ဘောင်တန်း၍ဇာတ်က လာခဲ့ကြပေရာ- နောက်ဆုံး မဂ်ဝင်ခါနီးတိုင်အောင် ပညတ်သည်= အာရုံရိပ် အနေဖြင့်၎င်း၊ ပရမတ်သည်= အနိုးအထွေအနေဖြင့်၎င်း၊ ပရမတ်ကြမ်းလျှင် ပညတ်လည်းကြမ်း၍ ပရမတ်နုသော် ပညတ်လည်းနု၍ လိုက်လာခြင်း ဖြစ်ပေသည်။

ထိုပညတ်ရိပ်ကို ဝိပဿနာဉာဏ်က ပြတ်အောင် မဖြတ်နိုင်ပေ။ သို့ဖြစ်၍ ဥဒပါဒိ ၅-ချက်တွင် စက္ခုဥဒပါဒိ-ဉာဏံ ဥဒပါဒိ- ပညာဥဒပါဒိနှင့် ဝိဇ္ဇာဥဒပါဒိ ကျမှသာလျှင် သန့်ရှင်းတော့၏၊ မဂ်ဉာဏ်ဖြစ်၏။

**သတိ၊** ။**မကောင်းပုံဥပမာ**—

တိုင်ကို အမှီပြု၍ ထွန်းသောမီးအိမ်၏ အလင်းရောင်သွားပုံကိုရှုရ၏။ မီးရောင်၏ မျက်နှာစာမှာသာလင်း၍ အခြားဘက်၌ မှောင်၏။ မီးအိမ်ဘယ်ဘက်သို့ပင် လှည့်သည်ဖြစ်စေ တခြားဘက်၌ မှောင်မည်သာ ဖြစ်ပေသည်။ သညာဝိညာဏ် ဖြင့်သော်- တိုင်ခံနေ၍ မှောင်သည်ဟုပင် ပြောရန်ရှိ၏။

ပညာဖြင့်သော် အလင်းရောင်ရှိ၍ မှောင်ခြင်းဖြစ်၏။ ထို့ကြောင့် ဝိပဿနာဉာဏ်များတွင် သညာဝိညာဏ်ရိပ် မကောင်းပေရာ ထိုသညာဝိညာဏ်ရိပ်သည်ပင်လျှင် အနုသယအနေဖြင့်ကိန်းခြင်း ဖြစ်၏။

မဂ်ပညာဖြစ်သော အာလောကော ဥဒပါဒိကား တိုင်ပေါ်မှ ထွန်းညှိသော မီးရောင်ကဲ့သို့ အမှောင်မသန်း အားလုံးလင်းခြင်းနှင့်တူ၏။

**သတိ၊** ။ထိုနည်းတူစွာ ပညတ်ရိပ်သည်လည်း ပရမတ်ထဲ၌ ခိုဝင်နေခြင်း ဖြစ်ပေသည်။ သို့ဖြစ်၍သာလျှင် ဝိပဿနာတရား လိုက်စားအားထုတ်ကြသော ပုဂ္ဂိုလ်တို့သည် ဥဒယဗ္ဗယ ပညာစခန်းသို့ရောက်သော် ဝိပဿနာညစ်ငြူးကြောင်း ၁၀-ပါးခေါ် ဥဒယဝဲ၌ ကျရသည်က များပေသည်။ ဤဝဲသည်ကား တခြားမဟုတ်၊ မိမိ၏ဝိပဿနာ ဉာဏ်၌ပင် ကပ်လျက်ရှိသော သညာဝိညာဏ်ရိပ်ဖြစ်သည့် ပညတ်ရိပ်က တောင်းခံသော ကံကြွေး ဝဋ်ကြွေးတို့ဖြစ်၏။

သင်္ခါရုပက္ခဉာဏ်ကြီး ရောက်သော် တကြိမ်တောင်းခံပေလိမ့်ဦးမည်ဖြစ်ရာ ဤအကြွေးတို့ ပြေလည်ပြီး နောက်မှသာလျှင် မဂ်ကလက်ခံမည်ဖြစ်၏။

ယခု ပညတ်သည်= အာရုံရိပ်အနေဖြင့်ရှိနေ၏။
ပရမတ်သည် = အကျိုးပစ္စုပ္ပန်အနေဖြင့် ရှိနေ၏။
၎င်းသည် မိမိ၏ခန္ဓာ ၅-ပါးကောင်ကြီးပင်ဖြစ်၏။

**နာမပညတ် ဌာန် ၄-ချက်ဖြင့် ရှိပုံသဘော**

(၁) အကောင်သဘော နာမပညတ်= သဉ်တလောက၌ ထင်ရှား ဖြစ်ပေါ်ခြင်း သဘော လက္ခဏာ နာမရူပ ပရိစ္ဆေဒဉာဏ်ဖြင့်ချေ၏- ဥတုအကြောင်းဖြစ်၏။

(၂) အရောင်သဘော နာမပညတ်= ထောက်ပံ့သောသဘော(တနည်း) တည်ပေးသော သဘော ရသ-ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့် ချေ၏။ အာဟာရအကြောင်းဖြစ်၏။

(၃) အရိပ်သဘော နာမပညတ်= ကာလ ၃-ပါး ဆက်စပ်မှုသဘော ပစ္စုပဋ္ဌာန် စိတ်အကြောင်းဖြစ်၏။ သမ္မသနဉာဏ်ဖြင့် ချေ၏။

(၄) အခိုးအငွေ့သဘော နာမပညတ် = ပြုပြင်ခြင်းသဘော ပဒဋ္ဌာန်-ကံအကြောင်း ဖြစ်၏၊ ဉဒယဗ္ဗယဉာဏ်ဖြင့်ချေ၏။
ဤကဲ့သို့ ခွားလှည်းကို ဖျက်သည့်နည်းတူ မိမိ၏ ၃၂-ပါးသောအပေါင်းအစုမျှဖြစ်သော ခန္ဓာကိုယ်ကြီးကိုလည်း ဖျက်လိုက်သော် ခန္ဓာကိုယ် ကောင်ကြီးဟု ခေါ်နိုင်သော နာမပညတ် သုဉ်းဆိတ်သည် ဖြစ်တော့၏။

**သတိ**။ ။ဤတွင် ရှုဆင်ခြင်သော ပုဂ္ဂိုလ်သည် ပညတ်ရိပ်ကို သုဉ်းဆိတ် စေပြီးနောက် ပရမတ်အား အနတ္တအနေဖြင့် လျစ်လျူရှုနိုင်တော့၏။ (သင်္ခါရုပက္ခာဉာဏ်ဖြစ်၏) တရှိန်တည်း တက်နိုင်သော် မဂ်သို့ဝင်၏။

မဝင်နိုင်သေးပါမူ ပရမတ်သည် အကျိုးပစ္စုပ္ပန်အနေဖြင့် ကျန်၏။ ၎င်းအကျိုး ပစ္စုပ္ပန်၌ အာရုံရေသောက်မြစ် ၄-ချက် ရှိနေပေသေးရာ ၎င်းကို မုစ္စိတုကမျတာဉာဏ်- ပဋိသင်္ခါဉာဏ် နှင့် သင်္ခါရုပက္ခာဉာဏ်တို့ဖြင့် ခွဲစိပ်၍ ခန္ဓာဖွဲ့အုံးမည် ဖြစ်ပေသည်။

၁၆-၁၀-၆၇

ယမန်နေ့ ဟောစဉ်တွင် နာမပညတ်ကို ကြိတ်ချေခဲ့ပေရာ- ယခုအကျိုးရုပ်စဉ် (တနည်း) ရုပ်တရား ရေသောက်မြစ်ဖြစ်သော သညာကဆွဲထားသည့် အာရုံရိပ်မျှသာကျန်တော့သည်ဖြစ်၏။


**အာရုံရိပ် (တနည်း) အကျိုးရုပ်စဉ်သဘော**

နာမရူပ ပရိစ္ဆေဒဉာဏ်တွင် ဓာတ်ကြီး ၄-ပါး၏ပထဝီကို ဋ္ဌာန် ၄-ချက်ဖြင့် ချေလိုက်သော်- ပထဝီ-လက္ခဏာသဘောသည် အနတ္တဆိုက်သော ရုပ်-ကျန်အာပေါ-ဝါယော- တေဇော ကား- နာမ်သဘော ဆိုက်ရောက်ခဲ့၏။ သို့သော် ပထဝီသည်ကား- အနတ္တအစစ်အဖြစ် ဝန်မခံလေ၊ အဘယ့်ကြောင့်ဟူမူ အာရုံသဘောအနေဖြင့် အမည်ခံ၍ရှိနေသေးသောကြောင့်ဖြစ်၏။

**ပဋိကူလမနသိကာရ ခန္ဓာပေါ်ပုံ**

ထိုနည်းတူစွာပင်လျှင် ဝါး ၄-လုံးထောင်သော ဥပမာကဲ့သို့ ၄-လုံးပေါင်းကို ချေဖျက်နိုင်၍ တလုံးစီကွဲပြားလျက် သွားသော်လည်း အကြောင်း သင့်သော အခါတွင် တဖန် ပြန်၍ ထောင်နိုင် အုံးမည်မှာ အမှန်ဖြစ်သဖြင့် ၎င်းတို့သည်ပင် အာရုံသဘော အနေဖြင့် ရှိနေသည် မည်ပေသည်။

(ပုံစံအမှတ် ၃၄)




(အနုသယမည်၏-ၚင်းချုပ်မှ ပရမတ်အစစ်ဖြစ်၏။ မဂ်ဟုလည်းဆို)။

ဤတွင်- အဆင်း- အကြည်-အမြင်-အသိတည်းဟူသောမဒ္ဒ ၄-ချက်တို့သည်လည်း အထက်၌ဖော်ပြခဲ့သော ခတ် ၄-ပါး (တနည်း) ဝါး ၄-လုံးနည်းတူ ပေါင်းကား မပေါင်းနိုင်တော့ပြီဖြစ်၏။ သို့သော် ၁-ပါးစီ ၁-ပါးစီကို အခမ်း့သော်ပေါင်းချင်ပါသေးသည်ဟု ပင် ပြောပေမည်။ အကျိုးဥပါဒါနက္ခန္ဓာအင်ပ်(တနည်း) အာရုံရိပ်ရှိနေသေးသောကြောင့် ပြောနိုင်ခြင်းဖြစ်၏။

ထိုသဘာကို ပုစ္ဆိတကမျတာ ဉာဏ်-ပဋိသန်ဓါဉာဏ်-သန်ဓါ ဂုပက္ခဉာဏ် တို့ဖြင့် ချေသော်ခန္ဓာ ၄-ပါးပေါ်ထွက်မည်ဖြစ်ပေရာ ၚင်းခန္ဓာတို့သည် အကျိုးခန္ဓာတို့ဖြစ်သည့်အတိုင်း အကျိုးသုညတ ၄-လုံးဖြင့် သတ်ရန်ဖြစ်၏။

ဤသည့်နောက်တွင် ပဉ္စက္ခန္ဓာနှင့်ဥပါဒါနက္ခန္ဓာ ၂-ပါးသာလျှင် မဂ်သိုဝင်ရန် ကျန်ရှိမည်ဖြစ်ပေသည်။

**ပဋိကူလ မနသိကာရ ခန္ဓာပေါ်ပုံ**

**သတိ။** ။အကြောင်းတရားကိုသိမ်းသော် သုညတအနတ္တမှစ၍ သိမ်းရ၏။

ဒအကျိုးတရားကိုသိမ်းသော် ပရတ အနတ္တမှစ၍ သိမ်းရန်ဖြစ်၏။

**အဆင်းရိပ်မှဝေဒနက္ခန္ဓာပေါ်ထွက်ပုံသဘာဝ**

အဆင်းကို အဆင်းဟု ခေါ်ဆိုနိုင်ခြင်းမှာ အကြည်ရိပ် (တနည်း) အာရမ္မဏိက က ဆွဲယူသောကြောင့်သာလျှင်ဖြစ်ပေရာ ယခုမှာကား အကြည်ရိပ် (တနည်း) အာရမ္မဏိက (တနည်း) ဝိညာဏ်ကြီးသည် ပညာမြင် ဥဒယဗ္ဗယဉာဏ်ဖြင့် ချုပ်ပြီးသည်ဖြစ်၍ အကြည်သည် အဆင်းရိပ်ကို မဆွဲကိုင်တော့သည့်အတိုင်း အဆင်း (တနည်း) အာရုံရိပ်သည် ခိုကိုးရာမဲ့ဖြစ်ခါ မိမိ၏သဘောကို မိမိဆောင်၍ သန်တလောက၌ပေါ်နေရသော အကျိုးဝေဒနာဖြစ်သောကြောင့် ဝေဒနက္ခန္ဓာမည်၏။

ဤ၌ သညာသိဝေဒနာဖြစ်သော ထန်းလျက်စား၍ ချိုသည်ဟုခံစားခြင်း၊ ဝိညာဏ်သိဝေဒနာဖြစ်သော ချိုသည့်အာရုံ၌ ကောင်း-မကောင်းဟုခံစားခြင်းသဘောမျိုးမဟုတ်ပေ၊ ပညာသိဝေဒနာဖြစ်သော ပေါ်သဘော အကျိုးတရားအနေဖြင့်သာ ယူရန်ဖြစ်ပါသည်။

**သတိ။** **၊ဉာဏ် ၃-ဉာဏ်သဘော**

(၁) **မုဉ္စိတုကမျတာဉာဏ်ကား** - အကျိုးတရား ဖြစ်၏၊ ၃၁- ဘုံ သင်္ခါရ ဒုက္ခမှ လွတ်လိုခြင်းသဘော (တနည်း) လွတ်ခြင်းသဘောဖြစ်၏၊အာရမ္မဏိက (တနည်း) အကြည်ဆွဲကိုင်မှုသဘောမှလွတ်ခြင်းဖြစ်၏။ သို့သော်အကျိုးအာရုံရိပ်ကျန်သေးသည် ဖြစ်၍ သင်္ခါရုပေက္ခာဉာဏ်သို့ မတက်နိုင်သေးပေ၊ ထို့ကြောင့်-

(၂) **ပဋိသင်္ခါဉာဏ်**= ၎င်းအကျိုး အာရုံရိပ်ကို ခန္ဓာဖွဲ့၍ အကျိုးသုညတ ၄-လုံးဖြင့် ချေမည်ဖြစ်၏။ ၎င်းသည် နောက်ဆုံးဖြစ်သော ရှုဆင်ခြင်ရမည့်သဘောဖြစ်၏။

(၃) **သင်္ခါရုပေက္ခာဉာဏ်** - သင်္ခါရတရားကို လျစ်လျူ ရှုခြင်းဖြစ်၏၊ သို့သော် မနှစ်မြို့ဘွယ်သောအာရုံကို မရှုမမြင်လို၍လျစ်လျူရှုခြင်းမျိုးကားမဟုတ်ပေ၊ ပဋိသင်္ခါဉာဏ်ဖြင့် ထိုအာရုံရိပ်ကိုအကျိုးသုညတ ၄-လုံးဖြင့်ချေလိုက်သော် ရှုဘွယ်ရာမကျန်တော့ပြီဖြစ်သည့်အတိုင်း ရှုဘွယ်ရာမရှိ၍ လျစ်လျူရှုသည်မည်ပေသည်။

(အချုပ်ဆိုသော် လျစ်လျူရှုသည့်ဆိုခြင်းမှာ ရှုဘွယ်ရာမရှိမှသာလျှင် သဘာဝအစစ်ဖြစ်၏)

တဖန်အဆင်းရိပ် = ဝေဒနက္ခန္ဓာ၊အကြည်ရိပ် = သညက္ခန္ဓာ၊ အမြင်ရိပ် = သင်္ခါရက္ခန္ဓာနှင့်အသိရိပ်= ဝိညာဏက္ခန္ဓာ ၄-ပါးတို့သည်သန္တတိပညတ်- သမူဟပညတ်နှင့် သဏ္ဌာနပညတ်တို့ ချုပ်ပြီးဖြစ်၍ မပေါင်းနိုင်ကြပြီဖြစ်၏။ ယခု ၎င်းတို့အားလုံး အပြီးတိုင် ချုပ်ခါနီးပြီဖြစ်၏။

ထို့ကြောင့် မပေါင်းနိုင်တော့သော ၎င်းခန္ဓာတို့ကို အကျိုး ခန္ဓာဟု ခေါ်ဆိုရခြင်းဖြစ်ပေသည်။

၁၇-၁၀-၆၇

**သင်္ခတလောကတည်ပုံသဘော**

အောက်ဉာဏ်များတွင် အဆင်းနှင့်အကြည်တို့ ပေါင်းဆုံခြင်းသည် အမြင်သဘောဖြစ်၍ အဆင်း-အကြည်-အမြင် ၃-ပါးတို့၏ ညီညွတ်ပေါင်းဆုံမှုသည် အသိသဘောဖြစ်ပေရာ ခန္ဓာပေါ်သောအခါတွင် သညာ-ဝေဒနာ-သင်္ခါရ-ဝိညာဏ်တို့ အနေဖြင့်ပေါ်၏။ ဤသဘာဝသည်ကား သင်္ခတလောကကြီး၏ ဖြစ်ပုံသဘောတည်း။

**သတိ၊** ၊ယခုမှာမူကား အာရမ္မဏိကဇာတ်သိမ်းပြီးဖြစ်၍ တပါးတည်းသာရှိတော့သော နာမပညတ်သည် မျက်ခတောင် မခပ်နိုင်တော့သည့်အတိုင်း အထက်ဖော်ပြပါကဲ့သို့သော ခန္ဓာတို့ မပေါ်နိုင်ပြီဖြစ်ပေသည်။

ဤအာရုံနှင့် အာရမ္မဏိကတို့သည် သန်တလောကတွင် ရုပ်နှင့်နာမ် အကြောင်းနှင့်အကျိုး အဖြစ်နှင့်အပျက် စသည်ဖြင့် မင်းရှိ၍ ငါရှိသည်ဟု အပြန်အလှန် လက်ညှိုးထိုး၍ ဇာတ်ကလာ ကြ၏။

(အဝိဇ္ဇာနှင့်တဏှာ၏ အာဏာစက်ဖြစ်၏ ။

သို့သော် ဤပစ္စုပ္ပန် ပရမတ်မပါသော ၎င်းအဝိဇ္ဇာတဏှာသဘော-အတိတ်- အနာဂတ် (တနည်း) နာမပညတ်နှင့် သဏ္ဌာနပညတ်ကို(တနည်း) အဝိဇ္ဇာနှင့်တဏှာ၏ အာဏာစက်ကို ဝိပဿနာဉာဏ်က မသတ်နိုင်ပေ၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကသာ ပယ်သတ်နိုင်မည်ဖြစ်၏။

အာရုံကား = ပရမတ်

အာရမ္မဏိကကား = ပညတ်တရားတို့ဖြစ်၏။

(ရှေ့၌ထင်ရှားပါမည်)

**အကျိုးရုပ်စဉ်သဘာဝ**

အကျိုးရုပ်စင် (တနည်း) အာရုံရိပ်ဟူသည်မှာ စင်စစ်မိမိယခုရရှိထားသော ခန္ဓာ ၅-ပါး ကောင်ကြီးပင်ဖြစ်၏။ အနာဂတ်အကျိုးစက်မပါသော်- ဘဝယန္တရားပြတ်မည်ဖြစ်ပေသည်။

အာနာပါနလုပ်ငန်းစဉ်ဖြင့်သော်- မီးခတ် ၄-ပါး၏အကြောင်းတရား ၄-ပါးကိုသိမ်း နိုင်ပါမူ။၎င်းမီးခတ်တို့သည် ရုပ်စဉ် နာမ်စဉ်ဘဘောဖြင့် ရပ်တည်တော့၏။

**သတိ။** ၊မဂ်တရား- ဖိုလ်တရား-နိဗ္ဗာန်တရားကိုလို၍ ဝိပဿနာတရားကို လိုက်စားအားထုတ် ခြင်းသည် ယခုဝိပါက်ခန္ဓာဖြစ်သောအကျိုးစဉ်သည် အနာဂတ်ဘဝတွင် ခန္ဓာ ၅-ပါး ကောင်ကြီးတဖန်မပေါ်ပေါက်ရန်ဖြစ်ပေရာ-

ယခုခန္ဓာကောင်ကြီးကား = အာရုံရိပ်

အနာဂတ်သွားမည့် ခန္ဓာကောင်ကြီးကား = အာရမ္မဏိကအရိပ်ဖြစ်၏။

သို့ဖြစ်၍- ပစ္စုပ္ပန်အကျိုး အာရုံရိပ်ကို ဒုက္ခဖြင့်သိမ်းဆည်းနိုင်သော်-အနာဂတ်အကျိုးအာရမ္မဏိ က အရိပ်သည် = အနတ္တ၌ ဆိုက်ရောက်မည်ဖြစ်ပေသည်။

ဤကို ရည်တော်မူသော ရှင်တော်မြတ်သည် အနတ္တလက္ခဏာသုတ်တော်တွင် "ဒိဏ္ဏာဇာတိ ဝုသိတံ ဗြဟ္မ စရိယံ ကတံ ကရဏီယံ နာပရံ ဣတ္ထတ္တာယာတိ ပဇာနာတီတိ''

ဇာသိ၊ တဖန်ထပ်၍ ပဋိသန္ဓေတည်နေခြင်းသည်။ ခီဏာ၊ ကုန်ပြီ။ ဗြဟ္မစရိယံ၊မဂ်တည်း ဟူသော မြတ်သောအကျင့်ကို။ ဝုသိတံ၊ ကျင့်သုံးအပ်ပြီ။ကရဏီယံ၊ပြုဘွယ်ကိစ္စဟူသမျှအလုံးစုံကို။ ကတံ၊ ပြုအပ်ပြီ။ ဣတ္ထတ္တာယ၊ ကိလေသာကုန်ခြင်းငှာ။ အပရံ၊တပါးသောပြုဘွယ်ကိစ္စသည်၊နတ္ထိ၊

ကေန်တိတိ တကယ်ပင်မရှိပြီ။ ဧတိ၊ ဤသို့။ ပဇာနာတိ၊ အပြားအားဖြင့် ဟုတ်မှန်တိုင်း အမှန်သိ၏။ဟူ၍ ချီးမွမ်းတော်မူခြင်းဖြစ်ပေသည်။

**သတ်ဆေးမှာ-**

ယမန်နေ့ဟောစဉ်တွင်-

(၁) အဆင်းရိပ်မှ- ဝေဒနက္ခန္ဓာ ပေါ်ထွက်ခဲ့ရာ အစဉ်အတိုင်း

(၂) အကြည်ရိပ်မှ- သညက္ခန္ဓာ

(၃) အမြင်ရိပ်မှ- သင်္ခါရက္ခန္ဓာ

(၄) အသိရိပ်မှ- ဝိညာဏက္ခန္ဓာ ပေါ်ထွက်နိုင်ရန် ကြိုးဆအပ်ပါသည်။

**သတိ။** ။အထက်၌ ဟောတော်မူသည့်အတိုင်း မိမိ၏ အကျိုးပစ္စုပ္ပန်အာရုံရိပ် သဘော ခန္ဓာကောင်သည် အကျိုးတရားအစစ် ဖြစ်ပေရာ သံခ်တ လောကတွင် ရုပ်စဉ်-နာမ်စဉ်အားဖြင့် ပေါ်နေကြရသည်ဖြစ်၏။

အဆင်းသည် အကြည်က ဆွဲကိုင်သောကြောင့်ဟုဂင်း၊ ရုပ်တရားသည် နာမ်တရား ဆွဲဆောင်မှုကြောင့်ဂင်း စသည်ဖြင့်အကြောင်းတရားကို လက်ညှိုး ထိုးနေခြင်းသည် စင်စစ် အဝိဇ္ဇာနှင့် တဏှာတို့၏ လှည့်ပတ်မှုပင် ဖြစ်ပေသည်။ အမှန်မှာမူ သင်္ခတလောကတွင် ဘာပင်ပေါ်သည် ဖြစ်စေ အကျိုးတရားသည်သာ ဖြစ်သဖြင့် အာရုံရိပ်ဖြစ်သော အဆင်းသဘောဝေဒနက္ခန္ဓာသည် အာရမ္မဏိက အရိပ်ဖြစ်သော အကြည်ရိပ် သညက္ခန္ဓာ- အမြင်ရိပ် သင်္ခါရက္ခန္ဓာနှင့် အသိရိပ် ဝိညာဏက္ခန္ဓာ တို့ကြောင့် ပေါ်ထွက်ရသည် (တနည်း) အဆွဲကိုင်ခံရသည်ဟု မဆိုနိုင်ပြီ။

ခန္ဓာအားလုံး တောင်မင်း မြောက်မင်း မကယ်နိုင်သော အကျိုးတရားတို့သာ ဖြစ်၏။ ထို့ကြောင့် ဂင်းအကျိုးတရားကိုသတ်ရန် အကျိုးသုညတ ၄-လုံးဖြစ်သော-

(၁) အဆင်းရိပ်=ဝေဒနက္ခန္ဓာကို=အဝသဝတ္တနဋ္ဌ အနတ္တ=အစိုးမရ အလိုသို့ မလိုက်သော သဘောဖြင့်ဂင်း

(၂) အကြည်ရိပ်=သညက္ခန္ဓာကို=ပရတ အနတ္တ= တစိမ်းပြင်ပြင် ရေသွင်သွင် သဘောဖြင့် ဂင်း

(၃) အမြင်ရိပ် = သင်္ခါရက္ခန္ဓာကို= အသာရကဋ္ဌအနတ္တ= အနှစ်အသား ဟူက မြူမျှ မရှိသော သဘောဖြင့်ဂင်း

(၄) အသိရိပ် = ဝိညာဏက္ခန္ဓာကို=သုညတဋ္ဌအနတ္တ= သုဉ်းဆိတ်သော သဘောဖြင့် ဂင်း အသီးသီး သိမ်းဆည်းနိုင်ရာ၏။

**သတိ၊** ။အကျိုးပစ္စုပ္ပန် ခန္ဓာပေါ်၌ သုခဖြင့် ဆုပ်ကိုင်သော် အနာဂတ်အကျိုး၌ အတ္တဖြစ်၍ အကျိုးပစ္စုပ္ပန်ခန္ဓာပေါ်၌ ဒုက္ခဖြင့် သိမ်းဆည်းနိုင်သော် အနာဂတ် အကျိုးသည် အနတ္တ ဖြစ်ပေရာ-

အထက်ဖော်ပြပါ ခန္ဓာတို့သည် ဒုက္ခဖြင့် မသိမ်းဆည်းနိုင်သော် အနာဂတ်တွင် ခန္ဓာကောင် ပေါ်မည့် အနုသယမျိုးကောင်တို့ဖြစ်၍ ဤကဲ့သို့လိုက်လံသတ်ဖြတ်နေရခြင်း ဖြစ်၏။

ဤကဲ့သို့ ခန္ဓာ ၄-ပါးကို အကျိုးသုညတ ၄-လုံးဖြင့် ကြိတ်ချေ လိုက်သော် အဝိဇ္ဇာနှင့် တဏှာတို့၏ ဥပါဒါန် အစီးအပွားဖြစ်သော ပဉ္စက္ခန္ဓာနှင့် ဥပါဒါနက္ခန္ဓာ ၂-ပါးသာ ကျန်မည် ဖြစ်ပေရာ ထို ၂-ပါးကို မဂ်တရား ဖိုလ်တရားတို့က နောက်ဆုံး ပယ်သတ်မည် ဖြစ်ပေသည်။

ထိုသို့ပယ်သတ်နိုင်သော ပုဂ္ဂိုလ်သည် အရိယာဇာတ်၌ဝင်ပြီဖြစ်သဖြင့် ယခု မိမိနေထိုင်ရပ်တည်လျက်ရှိသော ဤလူ့ဘုံ လူ့ဘဝသည် မိမိအဘို့ အရိယာဘုံ၊ အရိယာဘုံဟူသည်ကား တသီးတခြား တဌာနအနေဖြင့် ရှိနေသည်မဟုတ်ကြောင်း ဉာဏ်မြင်မိသင့်လှပါသည်။

သို့ဖြစ်၍ ရှင်တော်မြတ်သည် ဓမ္မစကြာဒေသနာတော်တွင် ဒုက္ခ၏ချုပ်ငြိမ်းခြင်းသဘောနှင့်ပတ်သက်၍-

''ဣဒံ ခေါပန ဘိက္ခဝေ ဒုက္ခနိရောဓံ အရိယသစ္စံ ယောတဿာ ယေဝ တဏှာယ အသေသဝိရာဂ နိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော''စသည်ဖြင့်-

(၁) ယောစာဂေါ = အကြင်စွန့်ရာဖြစ်သော သဉပါဒိသေသနိဗ္ဗာန်သည်ရှင်း

(၂) ယောပဋိနိဿဂ္ဂေါ = အကြင်ဝေးစွာ စွန့်ရာဖြစ်သော သဉပါဒိသေသ နိဗ္ဗာန်သည်ရှင်း

(၃) ယောမုတ္တိ = အကြင်ဥပါဒါန်အာရုံမှ လွတ်ရာဖြစ်သော သဉပါဒိသေသ နိဗ္ဗာန်သည်ရှင်း

(၄) ယောအနာလယော = အကြင်ဥပါဒါန်အာရုံမှ ကပ်ငြိခြင်းကင်းရာဖြစ်သော သဉပါဒိသေသ နိဗ္ဗာန်သည်ရှင်း အတ္တိရှိ၏။

ဟူ၍ ဟောတော်မူပေရာ ယခု မိမိ၏ ရုပ်အစဉ် နာမ်အစဉ်မျှဖြစ်သော အကျိုးပစ္စုပ္ပန်ခန္ဓာ လက်ရှိဖြင့်ပင်လျှင်ဤသဉပါဒိသေသနိဗ္ဗာန်သဘာဝ ၄-ပါးဖြင့်(တနည်း)ခန္ဓာကြွင်းနိဗ္ဗာန်ဓာတ်မြတ်၌စံရပုံနှင့် သညာဝိညာဏ်ကင်းဆိတ်၍ ကိလေသာကာမဂုဏ်အာရုံတို့၏ ဘေးအန္တရာယ်မှ လွတ်ငြိမ်းပုံသဘာဝကို ဉာဏ်မြင်ရှင်းသည့်တိုင်အောင် ရှုဆင်ခြင်အပ်လှပါသည်။

ယမန်နေ့ဟောစဉ်တွင် ခန္ဓာ ၄-ပါးအား အကျိုးသုညတ ၄-လုံးဖြင့်ချေခဲ့၏၊ အနတ္တဓမ္မသို့ အမှန် ဆိုက်ရောက်ပြီလော မဆိုက်ရောက် သေးပေ၊ အဘယ်ကြောင့် ဟူမူ မဂ်ဝင်တရားခံမှာ ပဉ္စက္ခန္ဓာနှင့် ဥပါဒါနက္ခန္ဓာတို့ဖြစ်သောကြောင့်ပင်တည်း။

ခန္ဓာ ၄-ပါးတို့တွင် အဝိဇ္ဇာ တဏှာ ပယောဂဖြင့် ကံမျိုးစေ့ ရှိနေကြောင်း နာကြားပြီး၏။


တဖန်တုံ ပစ္စုပ္ပန်အရိပ်ရှိနေ၍ ၎င်းအဝိဇ္ဇာနှင့် တဏှာတို့ ဆက်ဆံသည်ဟု ပြောနိုင်ပေရာ ဤသို့ ဆက်ဆံနေသမျှ ကံမျိုးစေ့ ကျမည်သာဖြစ်ပေသည်။

**သတိ။ ။ပစ္စုပ္ပန် အကျိုးရိပ် နှင့် အကျိုး ပစ္စုပ္ပန်ရိပ် ကွာခြားပုံ သဘာဝ-**

**ပစ္စုပ္ပန်ဟူသည်** သံတလောကတွင် ပေါ်နေသမျှမှန်က ပစ္စုပ္ပန်ဖြစ်၏၊ အတိတ်-အနာဂတ် ဆိုသည်မှာ စင်စစ် ပစ္စုပ္ပန်ကို အကြောင်းပြု ပေါင်းဆုံတိုက်ခိုက်သည့် သဘောဖြစ်၏။

အကျိုးရိပ်ဟုပြောနေခြင်းသည်ကား အကြောင်းကို လက်ရပ်ခေါ်နေခြင်းဖြစ်၏။(တနည်း)အကျိုး၌အကြောင်း ကိန်းနေခြင်းဖြစ်၏၊ (တနည်း) အကျိုးရိပ်ကို သိမ်းပိုက်ခြင်းသည်ပင်လျှင် အကြောင်းကိုပါ လက်ခံပြီး ဖြစ်သောကြောင့် ဤပစ္စုပ္ပန်အကျိုးရိပ်သည် **အောက်**ဆွဲလေး**သော** မီးပုံးပျံကဲ့သို့ဖြစ်ပေသည်။

(သညာဝိညာဏ်ဖြင့်ယူပုံသဘော)




**အကျိုးပစ္စုပ္ပန်နာမပညတ်**

**အကျိုးပစ္စုပ္ပန်ရိပ်ဟူသည်** ကံမျိုးစေ့ဖြစ်၏၊ ၎င်းသည် အကြောင်းတရားမလိုက်နိုင်သော အကျိုးဖြစ်၏။ထို့ကြောင့် မဂ်သို့တင်သောအခါ၌ ဤကဲ့သို့အကျိုးပစ္စုပ္ပန်ရိပ်တည်းဟူသောအမည်ဖြင့် တင်သွင်းရပေမည်။

**သတိ။ ။အဝိဇ္ဇာ တဏှာသဘာဝ** ၃ ဘုံတွင် တဏှာ (တနည်း) ဥပါဒါနက္ခန္ဓာ(တနည်း) နာမ်သဘောသည် ရေသောက်မြစ်ဖြစ်၏။

အဝိဇ္ဇာ (တနည်း) ပဉ္စက္ခန္ဓာ (တနည်း) ရုပ်သဘောသည် ပင်လုံးပင်မဖြစ်၏။

**သတိ။ ။ကံမျိုးစေ့သဘော-**

ကံမျိုးစေ့ဟူသည် ဖြစ်ခြင်းငှာထိုက်သော ကိလေသာဖြစ်၏၊ (သညာဝိညာဏ်နယ်ရောက်မှသာလျှင် ၂၉-ပါးသော ကံတရားဟု သမုတ်ခြင်းဖြစ်၏။) ပစ္စုပ္ပန်ဆိုသည်မှာ တဏှာ(တနည်း) ဥပါဒါနက္ခန္ဓာနှင့် အဝိဇ္ဇာ (တနည်း) ပဉ္စက္ခန္ဓာတို့၏ အပေါင်းသဘောရှိနေသောကြောင့်ပင်ဖြစ်ပေရာ ၎င်းပစ္စုပ္ပန်ရှိသော် ကံမျိုးစေ့ကျမည်ဖြစ်၏။

ထိုကံမျိုးစေ့ကိုသတ်နိုင်သော်တဏှာ(တနည်း)နာမ်သဘော (တနည်း) ဥပါဒါနက္ခန္ဓာ ချုပ်၍ မဂ္ဂသစ္စာ၌ဝင်မည်ဖြစ်၏။

အဝိဇ္ဇာ (တနည်း) ရုပ်သဘော (တနည်း) ပဉ္စက္ခန္ဓာ ငြိမ်း၍ နိရောဓသစ္စာ၌ ဝင်မည်ဖြစ်၏။

**ကံမျိုးစေ့နှင့် ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်**

ငင်းကံမျိုးစေ့သည် အောင်မြင်သော်-အနာဂတ်ကာလတွင် ခန္ဓာပင်ကြီးထပ်၍စိုက်မည် ဖြစ်သဖြင့် အနာဂတ်မျိုးသုဉ်းစေရန် ၎င်းကို မဂ်ကသတ်မည်ဖြစ်ပေသည်။

(၁) အတိတ်အကြောင်း စက်ရဟတ်တွင်= အဝိဇ္ဇာ-သင်္ခါရ-တဏှာ-ဥပါဒါန်-ဘဝဟူ၍ ရှိရာ၌စင်စစ် အဝိဇ္ဇာက စက်ရဟတ်ကိုတိုက်ရိုက်မလှည့်နိုင်ပေ၊ သင်္ခါရကိုအလှည့်ခိုင်းခြင်းဖြစ်ရာ-

(၂) ပစ္စုပ္ပန်- အကျိုးစက်ရဟတ်တွင် = ဝိညာဏ်- နာမ်ရုပ်- သဠာယတန-ဖဿ- ဝေဒနာတို့ ကျရောက်တော့၏။ ဤတွင် ဖဿနှင့် ဝေဒနာတို့သည် အာရုံ-ကာမဂုဏ်- ကိလေသာ တရားတို့ဖြင့် ဆုံးဖြတ်သော်- နွားငတ်ရေချ အငန်းမရခံစားသည်ဖြစ်၍-

(၃) ပစ္စုပ္ပန်အကြောင်းစက်ဖြစ်သော = တဏှာ-ဥပါဒါန်- ဘဝ- အဝိဇ္ဇာ- သင်္ခါရတို့ ပေါက်ဘွားပြီးသော်-

(၄) အနာဂတ်အကျိုးစက်ဖြစ်သော =ဝိညာဏ်-နာမ်ရုပ်-သဠာယတန-ဖဿ-ဝေဒနာတို့ဖြင့် ဘဝသစ်တဖန် ဖြစ်ရပြန်ပုံသဘာဝကိုသတိသံဝေဂရှိ၍တော်မူနိုင်ကြပါစေသတည်း။

သို့ဖြစ်၍ ထိုခန္ဓာ ၂-ပါးသည် မဂ်ခဏ၌ တခါတည်း ချုပ်ငြိမ်းရမည် ဖြစ်ပေသည်။ (တနည်း) ထိုအဝိဇ္ဇာနှင့် တဏှာကို ခွဲခွာနိုင်ခြင်းသည်ပင် မဂ်ဉာဏ်ဖြစ်၏။

**သတိ။　။မဂ်ကပယ်သောကိလေသာသဘော**

မဂ်ကကိလေသာကို ပယ်သည်ဆိုရာ၌ အတိတ်သဘော ကိလေသာသည် ဖြစ်ပြီးဖြစ်၍ ပယ်ခြင်းငှာမတတ်စကောင်း၊ အနာဂတ်သဘောကိလေသာသည်လည်း မဖြစ်သေးသောသဘောဖြစ်၍ပယ်ရန်မလိုပြီ။

တဖန် ပစ္စုပ္ပန်သဘောကိလေသာမှာ ပစ္စုပ္ပန်၌ပင်ဖြစ်သော်တည်း တခဏ၌ ၂-ခုသော စိတ်တပြိုင်တည်းဖြစ်နိုင်သော သဘာဝမဟုတ်ပေရကား ဥပမာ လောဘစိတ်ကိုပယ်သတ်ရန် မဂ်စိတ်သည် လောဘစိတ်နှင့်တပြိုင်တည်း မဖြစ်နိုင်၊ လောဘစိတ်ဖြစ်ပြီးမှသာလျှင် မဂ်စိတ်ဖြစ်နိုင်ပေရာ သတ်မည်ရှိသောအခါတွင် လောဘစိတ်သည် "ဖြစ်ပြီး" သဘော၌ ကျရောက်ပြီးဖြစ်၍ ပစ္စုပ္ပန်ကိလေသာကိုလည်း ပယ်သတ်ရန်မဖြစ်နိုင်ပေ။

ထို့ကြောင့်ပင်လျှင် ပစ္စုပ္ပန်မှာပင် "ဖြစ်ခြင်းငှာ ထိုက်သော ကိလေသာကိုသာ မဂ်က ပယ်သည်ဖြစ်၏။ ၎င်းသည်ပင် ကံမျိုးစေ့ (တနည်း) အကျိုးရိပ် (တနည်း) ပစ္စုပ္ပန်ဖြစ်၏။

(ဤ၌ပေါ်သဘောပစ္စုပ္ပန်မဟုတ်၊ ပေါင်းသဘောပစ္စုပ္ပန်ဖြစ်၏။)

**အကျိုးရိပ်သဘာဝ**

ဤအကျိုးရိပ်အား သာမန်ဟု မယူဆအပ်ပေ။ ဥပမာသော်ပုဂ္ဂိုလ်အများပင် အဘယ်ကဲ့သို့သော ကုသိုလ်ကောင်းမှုကိုပင်ပြုပြု မိမိတို့ လိုလားနှစ်သက်ရာ အကျိုးတရားကို ရည်ရွယ်၍ ပြုလုပ်ကြသည်သာ ဖြစ်ပေသည်။

ယခုမဟာသတိပဋ္ဌာန်တွင် အကြောင်းတရားစစ်တို့ကို ပညာမြင် ဥဒယဗ္ဗယ ဉာဏ်ဖြင့် သိမ်းဆည်းခဲ့ပြီးနောက် ကျန်သော အကျိုးတရားကို သမ္မဇဉ်ပိုင်း- ဓာတုမနသိကာရ ပိုင်း- အသမ္မောဟ သမ္ပဇဉ်ပိုင်း- ပဋိကူလမနသိကာရပိုင်းတို့ဖြင့် အဆင့်ဆင့် ချေခဲ့သော်လည်း ယခု တိုင်အောင်ပင် အသက်ပြင်းလျက် ရှိနေသေးသည်မှုမက အထက်မဂ် ၃-ပါးဖြင့်လည်း ပယ် သတ်နေရခြင်းသည် မိမိ၏ ဘဝအသချေါက တောင်းတလိုလား၍ ဆည်းပူးခဲ့သော အကျိုးတရား တို့ပင် ဖြစ်ကြောင်း အထူးသတိမူသင့်အပ်ပါသည်။

သတိ။ ။တဖန်တုံ ဤ အကျိုးရိပ် သည်ကား မိမိ၏ အကြည်ရိပ်များ၌ပင် ရှိနေခြင်းဖြစ်၏။ (တနည်း)အကြည်ရိပ်၌ရှိသော နာမပညတ်နှင့် သဏ္ဌာနပညတ်တို့ ဖြစ်၏။ (သညာ ဝိညာဏ်တို့၌ရှိသော အကျိုးရိပ် မဟုတ်ပေ)။

ဥပမာသော် သူတထူးကားစီးသွားသည်ကို မြင်၍၎င်း- တိုက်အိမ်ကြီးဖြင့်နေသည်ကိုမြင်၍ ၎င်း- စိန်-ရွှေ-ဝတ်စားတန်ဆာ ဆင်ယင်သည်ကို မြင်၍၎င်း အမျိုးမျိုးသော ဣဋ္ဌာရုံတို့အပေါ်၌ မိမိလည်း သူတထူးကဲ့သို့ပင်လျှင် စီးခြင်-နေခြင်-ဝတ်ခြင်-စားခြင်သော သဘောဖြစ်၏။

ဤသဘောသည်ကား စင်စစ် ပစ္စုပ္ပန်၌ မိမိခံစားရသည် မဟုတ်၊ အတိတ်- အနာဂတ် တို့၏ မျက်တောင်ခတ်မှုသာလျှင် ဖြစ်ကြောင်းထင်ရှားပေရာ- ဥပါဒါနက္ခန္ဓာနှင့် ပဉ္စက္ခန္ဓာ တို့၏ ကံမျိုးစေ့ယူခြင်းဖြစ်၏၊

ပစ္စုပ္ပန်၌ကျသော် ကံကို သွားမည်ဖြစ်၏။

ထို့ကြောင့်ပင်လျှင် ဤအကျိုးရိပ်ကို သတ်ရခြင်းဖြစ်၏။ သို့သတ်လိုက်သော် အဝိဇ္ဇာနှင့် တဏှာတို့ ပစ္စုပ္ပန်တွင် ဘယ်လိုပင် ပေါင်းပေါင်း ကံမျိုးစေ့ခကျနိုင်တော့ပြီ၊ ဥပမာသော်-အရွယ် လွန်သူတို့ ပေါင်းသင်းနေထိုင်ကြသော်လည်း သန္ဓေမယူနိုင်သကဲ့သို့ဖြစ်၏။

ဝေဒနက္ခန္ဓာ-သညက္ခန္ဓာ-သင်္ခါရက္ခန္ဓာ- ဝိညာဏက္ခန္ဓာ တို့သည် အကျိုးခန္ဓာ(တနည်း) ကံမျိုးစေ့ဖြစ်၍ အကြည်ရိပ်၌ရှိသော အတိတ်သဘော နာမပညတ်နှင့် အနာဂတ်သဘောသဏ္ဌာန ပညတ်လည်း မည်ပေရာ-

**မဂ်ဓား ၄-ချက်သတ်ဆေး**

(၁) နိယျာနဋ္ဌော = လွတ်မြောက်ခြင်းသဘော
(၂) ဟေတုဋ္ဌော = အသခ်တဓမ္မသို့ ရောက်ကြောင်းသဘော
(၃) ဒဿနဋ္ဌော = မပြုပြင်သော သဘောကို အမှန်မြင်ခြင်း
(၄) အဓိပ္ပတေယျဋ္ဌော = ကြီးမှူးစိုးရခြင်းသဘော တည်းဟူသော မဂ်ဓား ၄-ချက် ဖြင့် သတ်ရန်ဖြစ်ပေသည်။

သတိ။ ။သို့သော် သတ်သောအခါတွင် အတိတ်သဘော နိယျာနဋ္ဌနှင့် အနာဂတ် သဘော ဟေတုဋ္ဌတို့ကို စ၍သတ်ရန် မသင့်၊ ၎င်းတို့ထက် အရင်းကျသော ဒဿနဋ္ဌ ကိုသာ အရင်ကိုင်ရမည် ဖြစ်၏၊ အဘယ့်ကြောင့်ဟူမူ ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်တွင် ပစ္စုပ္ပန် အကျိုးစက်နှင့် ပစ္စုပ္ပန်အကြောင်းစက်ဟူ၍ ၂-ပါးရှိပေရာ ပစ္စုပ္ပန် အကျိုးစက်ကို သတ်သော် ပစ္စုပ္ပန်အကြောင်းစက် ချုပ်မည်ဖြစ်သောကြောင့်ပေတည်း၊

## (၁) ဒဿနဋ္ဌနှင့် ဝေဒနက္ခန္ဓာ

ယခုကမ္ဘာ၏ အကျိုးရိပ်သည် အကြောင်းတရားဟူက မြူမျှမရှိသည်ဖြစ်ကြောင်း ကြိမ်ဖန်များစွာ ချေပြီး၍ သိပြီးဖြစ်ရာ၏၊ ဤကဲ့သို့ အကြောင်းတရား မရှိသည်ကို မရှိကြောင်း မြင်ခြင်းသည်(တနည်း) မပြုပြင်သောသဘောကို မြင်ခြင်းသည် (တနည်း) နောင်တဖန် ထပ်၍ မဖြစ်နိုင်သောသဘောကို မြင်ခြင်းသည် အမှန်ကို မြင်ခြင်းမည်ပေသည်။ ထို့ကြောင့် ဂေါတြဘူဉာဏ်မှ တဆင့်ထောက်ခံ၍ မဂ်ဉာဏ်ကြီးသို့ တင်သော်၍ဝေဒနက္ခန္ဓာသည်အကျိုးသက်သက်ဖြစ်ကြောင်း မြင်ပြန်သည်ကို မဂ်ဟု ဆိုရခြင်းဖြစ်၏။

မဂ်ဉာဏ်က သတ်သည်ဆိုရာ၌ ပုဆိန်ဓားမဖြင့် အားစိုက်ခွန်စိုက်လို့လပြုရသောသဘော မဟုတ်ပေ။ ပညာဟူသည် အမှန်မြင်တချက်ဖြင့် ကိစ္စပြီးနိုင်ပေသည်။

ထို့ကြောင့် သံသရာလည်သည်မှာ ဝေဒနာမှစ၍ သံသရာဆုံးသည်-ရပ်သည် ဆိုသည် မှာလည်း ဝေဒနာပင် ဖြစ်သည်ဟု ပညာရှိ သူတော်ကောင်းတို့ ဆိုဆုံးမခြင်းဖြစ်ပေသည်။

## (၂) နိယျာနဋ္ဌနှင့်သညာက္ခန္ဓာ

လွတ်မြောက်ခြင်းသဘောဖြစ်၏။ အတိတ်မျိုး အဝိဇ္ဇာကြီးမှ လွတ်ခြင်း ပြတ်ခြင်း ဖြစ်၏။

## (၃) ဟေတုဋ္ဌနှင့် သင်္ခါရက္ခန္ဓာ

အသင်္ခတ ဓမ္မသို့ ရောက်ကြောင်းသဘောဖြစ်၏။(တနည်း)သင်္ခါရက္ခန္ဓာသဘောအနာဂတ်မျိုး မထွက်ခြင်းဖြစ်၏။

**သတိ။** ။ဤဝေဒနက္ခန္ဓာ-သညက္ခန္ဓာနှင့် သင်္ခါရက္ခန္ဓာ ၃-ပါးတို့သေခြင်းသည် သညာဝိညာဏ် နယ် ပညတ်လောက ၂၉-ပါးသော ကံတရားတို့ ပြုပြင် စီမံချယ်လယ်သော သင်္ခတ လောကကြီး ဇာတ်သိမ်းသည်မည်၏။

## (၄) အဓိပ္ပတေယျဋ္ဌနှင့် ဝိညာဏက္ခန္ဓာ

ကြီးမှူးစိုးရခြင်းသဘောဖြစ်၏။ဤသည်ကား-ရုပ်ရိပ်-နာမ်ရိပ်-ခန္ဓာရိပ်-ပဋိစ္စသမုပ္ပါဒ်ရိပ်တို့ ချုပ်ငြိမ်းပြီးလျှင် သစ္စဉာဏ် ၁၆-ချက်- မဂ္ဂင် ၈-ပါး- ဗောဓိပက္ခိယ ၃၇-ပါးတို့ ခြံရံပြီးလျှင် သမ္မာဒိဋ္ဌိ မဂ် ပညာဖြင့် အနုပါဒိသေသဓာတ်မြတ်ကို အာရုံအနေဖြင့် ယူခြင်းဖြစ်ပါသည်။

(ဤတွင် ၁၃၂၉ခု ဝါဆိုလပြည့်နေ့မှစ၍ ၄င်းနှစ် သီတင်းကျွတ်လပြည့်နေ့တိုင် ဝါတွင်း ၃-လ နေ့ည ဟောကြားတော် မူခဲ့သော မဟာသတိပဋ္ဌာန် တရားတော်မြတ်ပြီးဆုံး ပါသတည်း။

၂-၁၁-၆၇


## မဟာသတိပဋ္ဌာန် ဥက္ကောင်းချဟောစဉ်

သောတာပတ္တိမဂ်ဉာဏ်သည် ဓမ္မာနုပဿနာ၌ဝင်မည်ဖြစ်၏။

ဓမ္မာ = သဘောတရား၊ အနု = အဖန်ဖန်၊ပဿနာ = ရှုခြင်း (တနည်း) ဓမ္မ စကြာ-

အနုတ္တလက္ခဏာသုတ်-မဂ္ဂင် ၈-ပါး ပေါ့ ချွင် အစရှိသော တရားအပေါင်းကို စုပေါင်း၍(တနည်း) ငုံ၍ အဖန်ဖန် ရှုဆင်ခြင်ခြင်းဖြစ်၏။

(ပုံစံအမှတ် ၃၆)




ဓမ္မာနုပဿနာ သောတာပတ္တိ မဂ်ဉာဏ်ပေါ်ပုံ

**သတိ။** ။**ဒိဋ္ဌိစွဲခန္ဓာသဘော**

ဥက္ကောင်းချသည်ဆိုခြင်းမှာမဂ်တည်းဟူသော သဘောတရားနယ်ထဲသို့ ဥက္ကောင်းချရန်ဖြစ်၏၊ သို့သော် ယခု မဝင်နိုင်သေးခြင်းသည် နာမပညတ်နှင့် သဏ္ဍာနပညတ် ၂-ပါးတို့ ခုခံနေသေးသောကြောင့်ပင်ဖြစ်၏။ ထိုပညတ် ၂-ပါးသည်ပင် ဒိဋ္ဌိစွဲခန္ဓာ (တနည်း) အနုသယ ခန္ဓာဟုခေါ်၏။

**ဒိဋ္ဌိစွဲခန္ဓာ တနည်း၊**

(၁) သညာနှင့်ဝိညာဏ်
(၂) နာမနှင့်သဏ္ဍာန်
(၃) ရုဋ္ဌနှင့်အနိဋ္ဌ
(၄) သုခနှင့် ဒုက္ခ

ဤ၄-ချက်မှပင် ဒိဋ္ဌိစွဲ ခန္ဓာပေါ် ယွက်ခြင်း ဖြစ်၏။

ထို့ကြောင့် ဤသဘော ၄-ချက်လွတ်မှ သာလျှင် သတိပဋ္ဌာန်ဖြင့်ဓမ္မာနုပဿနာ၌ဝင်နိုင်မည်ဖြစ်ပေသည်။

**အမှန်သော်ကား**

(၁) သညာနှင့် ဝိညာဏ်ကို နာမရူပပရိစ္ဆေဒ ဉာဏ်ဖြင့်ဖြုတ်ခဲ့၏။

(၂) နာမနှင့်သဏ္ဍာန်ကို ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့်ဖြုတ်ခဲ့၏။

(၃) ရုဋ္ဌနှင့် အနိဋ္ဌကို သမ္မသနဉာဏ်ဖြင့်ဖြုတ်ခဲ့၏။

(၄) သုခနှင့် ဒုက္ခကို ဝိညာဏ်မြင် ဥဒယဗ္ဗယဉာဏ်ဖြင့်ဖြုတ်ခဲ့၏။

သို့သော် ထိုပုဂ္ဂိုလ်သည် ဤ အောက်ဉာဏ် ၄-ဉာဏ်ကို မကျော်ခဲ့သည်ဖြစ်၍ ယခု ထိုဉာဏ် အသီးသီး၏ ဒိဋ္ဌိစွဲ (တနည်း) အနုသယခန္ဓာတို့ လိုက်၍ခုခံနေခြင်းဖြစ်ပေသည်။

**ပပဉ္စတရား ၃-ပါးဖြစ်သော**

(၁) ဒိဋ္ဌိစွဲခန္ဓာကို သောတာပတ္တိမဂ်ဉာဏ်က ချုပ်စေမည်ဖြစ်၏။

(၂) တဏှာစွဲခန္ဓာကို သကဒါဂါမိမဂ်ဉာဏ်နှင့် အနာဂါမိမဂ်ဉာဏ်က ချုပ်စေမည် ဖြစ်၏။

(၃) မာနစွဲခန္ဓာကိုအရဟတ္တမဂ်ဉာဏ်က ချုပ်စေမည်ဖြစ်ပေရာ-

**သတိ၊ ၊ခန္ဓာ ၅-ပါးနှင့် ဒိဋ္ဌိခန္ဓာ(တနည်း)အနုသယခန္ဓာရှာပုံသဘော**

မိမိသည် မိမိ၏ဘဝအစမှစ၍ ဒါနမှု-သီလမှု-ဘာဝနာမှုတို့ကို ရှေ့၌ သညာ ၁း ထုပ် နောက်၌ ဝိညာဏ်အထုပ် အထုပ် ၂-ထုပ်အဖြစ် ပိုး၍ သံသရာ ခရီး တလျှောက် လာခဲ့ကြခြင်းဖြစ်ပေသည်။ ၎င်းတို့သည်ပင်လျှင် ဒိဋ္ဌိစွဲ(တနည်း)အနုသယခန္ဓာမည်၏။

ဤကိုရည်တော်မူကြသော ပညာရှိသူတော်ကောင်းများက အန္ဓပုထုဇဉ်တို့အား ဓမ္မတာ စွဲသမားများဟု သမုတ်တော်မူခြင်းဖြစ်၏။

ယခု သာသနာတော်တွင် တရားဖြစ်သော နာမရူပ ပရိစ္ဆေဒဉာဏ်ဖြင့် ထိုအစွဲတရား ကိုချွတ်ရန်ထိုသညာဝိညာဏ်အထုပ် ၂-ထုပ်ကိုအချိုင်းပြီးလျှင် ဖြေ၍စိစစ်လိုက်သောအခါတွင်-

(၁) ရုပ်သည် ငါ

(၂) ငါသည် ရုပ်

(၃) ရုပ်၌ငါရှိ၏

(၄) ငါ၌ ရုပ်ရှိ၏ တည်းဟူသော အစွဲ ၄-ချက်ကိုတွေ့ရ၏။

ဤတွင်-

ရုပ်၌ သညာဦးစီး၍

ငါ၌ ဝိညာဏ်ဦးစီးနေပုံကို

ဉာဏ်မိစေပြီးလျှင် ၎င်း အတွဲအစွဲ ၄-ချက်တွင် သညာနှင့် ဝိညာဏ် အပြန်အလှန် ဦးစီး ချယ်လှယ်ပုံကို သိမြင်အပ်ပါသည်။

**ဥပမာသော်** - မိမိ၏ရှေ့မှောက်၌ရှိသော လက်ဘက်ရည် ပန်းကန်ကို မိမိ၏လက်ညှိုးဖြင့် တို့ထိ၍ ကြည့်သော် မာသဘောကိုင်း-ပူသဘောကိုင်း-အေးသဘောကိုင်း တွေ့ရမည်ပင် ဖြစ်၏၊ ထို မာသဘော-ပူသဘော-အေးသဘောသည် ဘာ့ကြောင်ဖြစ်သနည်းဟု အမေးပြုသော်-ပထဝီ မာသည်- သို့မဟုတ် လက်ဘက်ရည်ပန်းကန်ကမာသည်၊ ပူသည်၊ အေးသည်ဟု ပြောပေမည်။

ဤသည်ပင်လျှင် အမှတ်ဖြင့်ပြောသော သညာသိဖြစ်၍ စင်စစ် မှားသောအယူဖြစ်သဖြင့် ဒိဋ္ဌိစွဲ၌ ကျရောက်၏။ ထိုနည်းတူစွာ အမှန်သဘာဝကို မသိနိုင်ခဲ့သည့်အတိုင်း ဘဝစဉ်ဆက် သူ တထူးတို့၏အပြော- အရေးဖြင့်ကောင်းသည်ဟု စွဲယူသော အကျိုးတရား(တနည်း) လူကောင်း နတ်ကောင်း- ဗြဟ္မာကောင်းဖြစ်နိုင်ရန် စံစားနိုင်ရန်မျှော်ကိုး၍ ပြုလေသမျှ စုဆောင်းခဲ့လေသမျှ သော ထိုထိုသော- ဒါနမှု- သီလမှု- ဘာဝနာမှုတို့သည် နောက်ဆုံး နာမရူပ ပရိစ္ဆေဒဉာဏ်ဖြင့် စိစစ်လိုက်သောအခါတွင် သညာဝိညာဏ်သိ ဒိဋ္ဌိစွဲခန္ဓာ အထုပ် ၂-ထုပ်ကိုသာလျှင် တွေ့ရတော့ ၏။ (တနည်း) သံသရာရှည်စေသော အစွဲတရားတို့သည်သာဖြစ်နေပေသည်။

သို့ဖြစ်၍သာ ဤဒိဋ္ဌိစွဲခန္ဓာဖြင့် ထိုအန္ဓပုထုဇဉ်သည် ၎င်းအထုပ်များကို စိတ်ရောကိုယ်ပါ ထုပ်နိုင်ခြင်းဖြစ်ပေသည်။

**သတိ။** ။ဤ၌ ဒါနမှု-သီလမှု-ဘာဝနာမှုစသော ကုသိုလ်တရားစုက သံသရာကို ရှည်စေသည် မဟုတ်၊ မိမိတို့၏ အသိ- အယူမစင်ကြယ်မှုက ရှည်စေသည် ဖြစ်ကြောင်းကိုလည်း အထူးသတိပြုရမည်ဖြစ်ပေသည်။

**အတ္တအစွဲ ၄-ချက်နှင့် ဋ္ဌာန် ၄-ပါးသဘော**

(၁) ရုပ်သည် ငါ-ကား- လက္ခဏာသဘောဖြင့်ချေ၏။
(၂) ငါသည် ရုပ်-ကား- ရသ သဘောဖြင့်ချေ၏။
(၃) ရုပ်၌ ငါရှိ၏-ကား ပစ္စုပဋ္ဌာန်သဘောဖြင့်ချေ၏။
(၄) ငါ၌- ရုပ်ရှိ၏- ကား- ပဒဋ္ဌာန်သဘောဖြင့်ချေ၏။

**(၁) ရုပ်သည် ငါ-နှင့် သညက္ခန္ဓာသဘော**

လက္ခဏာနှင့် ရသ သဘောမှ နာမပညတ်ထွက်၍ ပစ္စုပဋ္ဌာန်နှင့် ပဒဋ္ဌာန်သဘောမှ- သဏ္ဍာနပညတ်ထွက်ပုံနှင့်၎င်း၊ နာမပညတ် မာသဘောသည် ကြိတ်ချေပြီးသောအခါ၌ အပြင်သဘောသုဉ်းဆိတ်သော်လည်း ၎င်းသည် သညက္ခန္ဓာအဖြစ်ဖြင့် နှလုံးအိမ်ကိန်းတော့၏။

ဆိုလိုခြင်းကား - လက်ဘက်ရည်ပန်းကန် တည်းဟူသော အစိုင်အခဲ ကြီးကို လက်ဖြင့်တို့ထိ၍ ကြည့်စဉ်က သိရသောသညာသိ မာသဘောအား လက္ခဏာနှင့်ရသဖြင့် ချေသော်ကြေသော်လည်း ထိုသညာသိ မာသဘောသည် မိမိ၏ နှလုံးအိမ်၌ ကိန်းသည်ကို သညက္ခန္ဓာဟု အမည်ပြောင်း၍ဆိုရ၏။ ၎င်းသည်ပင် အနုသယမည်ပေသည်။

(ဤချေပုံသည်ကား ရုပ်သည် ငါတည်းဟူသောအစွဲအတွက်ဖြစ်၏)။

**သတိ။** ။**ဒိဋ္ဌိခန္ဓာစွဲ (တနည်း)အနုသယခန္ဓာ ၂-ပါးသဘော**

(၁) လက်ဖြင့် တို့ထိကြည့်၍သိရသောပထဝီဓာတ်၏ မာသဘောသည် သညာအမှတ်ဖြင့် သိသည်ဖြစ်သဖြင့် ဒိဋ္ဌိစွဲဖြစ်၏။

(၂) ထိုသညာသိ မာသဘောကို ချေပြီးနောက် နှလုံးအိမ်၌ကိန်းသော မာသဘောသည်ကား သညက္ခန္ဓာ[ဖြ]စ်၏။

(ဤသဘာဝသည် သိမ်မွေ့သော အရာဖြစ်ပါ၍ ဉာဏ်မြင်မိရန်အရေးကြီးလှပါသည်)

**(၂) ငါသည် ရုပ် နှင့် သင်္ခါရက္ခန္ဓာသ[ဘော]**

ဟူသောအစွဲသည် ဝိညာဏ်ဖြစ်[ကြော]င်း နာကြားပြီး၏၊ သို့သော် သင်္ခါရပြဋ္ဌာန်း၏။

သဘောမှာ ဓမ္မ ၄-ချက်ဖြ[စ်]သော် သဏ္ဍာနပညတ်သည် အကြည်ဓာတ် ဖြစ်ပုံနှင့် အကြည်ဓာတ်သည် ဝိညာဏ်ကြီးဖြစ်ပုံ၊ ထို့အပြင်၊ အဆင်းတည်းဟူသော ရုပ်ဓာတ်အား တိုက်ရိုက်မဆက်သွယ်နိုင်သော သိမ်မွေ့သည့် ဝိ[ညာ]ဏ်ကြီးသည် အဆင်းနှင့်ဆက်စပ်နိုင်သော ရုပ်-ရုပ်ခြင်းဖြစ်သည့် အကြည်ဓာတ်ကို မှီးရပုံသဘ[ော]ကို ပြန်လှန်သုံးသပ်ပြီးလျှင် သဏ္ဍာန ပညတ်သည်= အကြည်ဓာတ်၊ အကြည်ဓာတ်သည်= ဝိညာဏ်၊ ဝိညာဏ်သည်ပင်= သင်္ခါရဖြစ်ကြောင်း သတိပြုရန် ဖြစ်ပါသည်။

(၃) ရုပ်၌ ငါရှိ၏နှင့် ဝေဒနက္ခန္ဓာသဘော=သည် သညာဘက်သို့လိုက်၍-

(၄) ငါ၌ ရုပ်ရှိ၏နှင့် ဝိညာဏက္ခန္ဓာသဘော=သည် သင်္ခါရဘက်သို့လိုက်သဖြင့် ဖော်ထုတ်ထား ရခြင်းဖြစ်ပေသည်။ စင်စစ်အရင်းလဲသော် အဖျားထင်းဖြစ်ဘိရသကဲ့သို့ ဖြစ်၏။

အထက်ဟောစဉ်ဖြင့် မဟာသတိပဋ္ဌာန်၏ ပထမဥဒ္ဒေသကျောင်းမှာ ဓမ္မာနုပဿနာ၌ ချရမည် ဖြစ်ကြောင်း နာကြားပြီး၏။ သဘာဝနယ်ကို အဖန်ဖန် ရှုဆင်ခြင်သော သဘော ဖြစ်၍လည်း အလွန်ပင် ကျယ်ဝန်းလှပေသည်။

ထို့ကြောင့်ပင် "သဘာဝနယ်၊ သိဉာဏ်ကျယ်၊ မဂ်ဝယ်ဖိုလ်သို့ ဆိုက်လတံ့" ဟူ၍ ဆို ဆုံးမရိုး ရှိခြင်း ဖြစ်ပေသည်။

သို့ဖြစ်၍ သဘာဝနယ်ကို မဆိုထားဘိဦး လောကီနယ်ရေးရာဖြစ်သည့် လင်နှင့်မယား- သားနှင့်အမိ-နမနှင့်မောင်-ညီနှင့်အကို-ဆွေနှင့်မျိုး တဦးနှင့်တဦး အမြင်မကျယ် ကြသည် ဖြစ်၍ အန္ဓပုထုဇဉ်တို့ ဒုက္ခများကြရပုံကို မြင်အပ်ပါသည်။

ဤကဲ့သို့ သဘာဝနယ်ကြီးကို မမြင်နိုင်ခြင်းသည် နာမပညတ်နှင့် သဏ္ဌာနပညတ် ၂-ပါး ကို လက်ခံသိမ်းပိုက်၍ဖြစ်ပေရာ ဤတွင်အဘိဇ္ဈာ-ဗျာပါဒတို့ မျက်တောင်ခတ်နိုင်ခြင်းဖြစ်၏။

**သတိ။ ။ခန္ဓာ ၅-ပါး-အနုပဿနာ ၄-ပါးနှင့် မဂ် ၄-ပါး ပယ်စဉ် သဘော= အရဟတ္တ မဂ်ဉာဏ်မှနေ၍ ပယ်ပုံသဘောမြင်ပုံ**

(၁) သညက္ခန္ဓာနှင့် သင်္ခါရက္ခန္ဓာကို- ဓမ္မာနုပဿနာဉာဏ်ဖြင့် သောတာပတ္တိ မဂ်က ပယ်၏။

(၂) ဝိညာဏက္ခန္ဓာကို စိတ္တာနုပဿနာဉာဏ်ဖြင့် သကဒါဂါမိမဂ်က ပယ်၏။

(၃) ဝေဒနက္ခန္ဓာကို- ဝေဒနာနုပဿနာဉာဏ်ဖြင့် အနာဂါမိမဂ်ကပယ်၏။

(၄) ရူပက္ခန္ဓာကို- ကာယာနုပဿနာဉာဏ်ဖြင့် အရဟတ္တမဂ်ကပယ်၏။

အချုပ်ဆိုမူ- နာမပညတ်နှင့် သဏ္ဌာနပညတ် ၂-ပါးကို ဓမ္မာနုပဿနာဉာဏ်ဖြင့် ဖြုတ်နိုင် သော်- သောတာပတ္တိမဂ်ကိုဝင်မည်ဖြစ်၏။

**နာမပညတ်နှင့်သဏ္ဌာနပညတ်သဘော=သတိပဋ္ဌာန်ဥဒ္ဒေသကျောင်းချုပုံ**

ယခု ရှေ့၌ရှိသော လက်ဘက်ရည်ပန်းကန်နှင့် ဓာတ်ဗူး ၂-ခုကိုယှဉ်၍ ဘယ်ဟာကို ဘယ်လိုခေါ်ပါသနည်းဟု အမေးပြုသော် ခွဲခြား၍အမည်ပေးမည်ဖြစ်၏။ အဘယ့်ကြောင့်ဟူမူ ပုံဟန်သဏ္ဌာန်ကိုခွဲ၍ အမည် ၂-မျိုးပြားခြင်းဖြစ်ပေသည်။

ဤကဲ့သို့ အမည်ပြားခြင်းသည် စင်စစ် ထိုပညတ် ၂-ပါးသည် ထိုပန်းကန် ထိုဓာတ်ဗူး၌ရှိ သည်ဟု အနမတဂ္ဂသံသရာမှစ၍ စွဲယူလာခဲ့ခြင်းဖြစ်ရာ- ၎င်းအစွဲအယူကို ဒိဋ္ဌိစွဲခန္ဓာဟု ခေါ်၏။ (တနည်း) သညက္ခန္ဓာနှင့် သင်္ခါရက္ခန္ဓာ=သနုသယခန္ဓာ ၂-ပါးဟုခေါ်၏။

၎င်းနာမပညတ်နှင့် သဏ္ဌာနပညတ် (တနည်း) သညက္ခန္ဓာနှင့် သင်္ခါရက္ခန္ဓာ ၂-ပါးကို သိမ်းဆည်းနိုင်သော် အတိတ်နှင့်အနာဂတ်သဘောတို့ မျက်တောင်မခတ်နိုင်မှု၍ ဇုဋ္ဌ-အနိဋ္ဌ-အဘိဇ္ဈာ-ဗျာပါဒတို့မှ ငြိမ်း၏။ ဤသဘာဝသည်ပင် သတိပဋ္ဌာန်ဥက္ကောင်းချသည်မည်၏။

**ဒိဋ္ဌိစွဲခန္ဓာသဘော (တနည်း)**

(၁) သညက္ခန္ဓာနှင့်သင်္ခါရက္ခန္ဓာ ဘာကြောင့်ရှိ၊ နာမပညတ်နှင့်သဏ္ဌာနပညတ်ကြောင့်ရှိ၊

(၂) နာမပညတ်နှင့် သဏ္ဌာနပညတ် ဘာ့ကြောင့်ရှိ၊ သညာနှင့် ဝိညာဏ်ကြောင့်ရှိ၊

(၃) သညာနှင့် ဝိညာဏ် ဘာ့ကြောင့်ရှိ၊ ရုပ်နှင့် နာမ်ကြောင့်ရှိ၊

(၄) ရုပ်နှင့်နာမ် ဘာ့ကြောင့်ရှိ၊ မိမိ၏ ခန္ဓာ ၅-ပါးကောင်ကြီးကြောင့်ရှိ

စသော အစွဲအယူတို့သည်လည်း နာမပညတ်နှင့် သဏ္ဌာနပညတ်တို့သည် အထက်၌ဖေါ်ပြခဲ့သော လက်ဘက်ရည်ပန်းကန်နှင့် ခတ်ဖူး၌ရှိ၏ဟုယူသော အစွဲအယူနှင့် တထပ်တည်းတသားတည်း ဖြစ်၍-

ဒိဋ္ဌိစွဲခန္ဓာ (တနည်း) အနုသယခန္ဓာပင်ဖြစ်ကြောင်း ဉာဏ်မြင်ရှင်းသည့်တိုင်အောင်ကြံဆ အပ်ပါသည်။

၃-၁၁-၆၇

**ဒိဋ္ဌိစွဲခန္ဓာ(တနည်း) အနုသယ ခန္ဓာသဘာဝတနည်း**

(၁) နာမနှင့် သဏ္ဌာန် ပညတ် ၂-ပါးကို အနှစ်အသား အနေဖြင့် စွဲကိုင်ခြင်းသည် ဒိဋ္ဌိစွဲ ခန္ဓာဖြစ်၏။

(၂) ထို့ကြောင့် မာသိ-ပူသိ သဘောတို့သည်လည်း လက္ခဏာသိ(တနည်း)လူတိုင်းပင် အမှတ်သညာဖြင့် သိနိုင်သောကြောင့် ဒိဋ္ဌိစွဲခန္ဓာသိ(တနည်း) အနုသယခန္ဓာသိပင်ဖြစ်၏။

ဤတွင် သောတာပတ္တိမဂ်ဉာဏ်ကြီးက ပယ်သတ်တော်မူသော ဒိဋ္ဌိသံယောဇဉ် ဝိစိကိစ္ဆာ သံယောဇဉ်နှင့် သီလဗ္ဗတပရာမာသသံယောဇဉ် ၃-ပါးတို့သည် သာမံမဟုတ်ပေ သံသရာ့ရေ သောက်မြစ်များဖြစ်ကြ၏။ မိမိသည် ဒိဋ္ဌိသံယောဇဉ်ကို ပယ်သတ်နိုင်ခဲ့သော်- သံသရာနှင့် အမျှ နာမနှင့် သဏ္ဌာနပညတ် ၂-ပါးတို့၏ လှည့်ပတ်မှုဖြင့် ထင်မိထင်ရာပရမ်းပတာဖြင့် အလေ့မှား အကျင့်မှားများကို အစွဲအယူ ထက်သန်စွာ ပြုလုပ်ခြင်းတည်းဟူသော သီလဗ္ဗတပရာမာသ သံယောဇဉ်မှလည်း လွတ်ကင်းသည်ဖြစ်၍ အဘယ်မျှအကျိုးကြီးသည်ကို သိမြင်နိုင်ပါသည်။

**မဂ်တရားခံဖြစ်သော- ဒိဋ္ဌိစွဲခန္ဓာပေါ်ထွက်ပုံသဘော**

(၁) သညာနှင့်ဝိညာဏ်သည်- နာမနှင့် သဏ္ဌာနပညတ်မှထွက်၏။

(၂) နာမနှင့် သဏ္ဌာနပညတ်သည်- ရုပ်တရားနှင့်နာမ်တရားမှထွက်၏။

(၃) ရုပ်တရားနှင့် နာမ်တရားသည်- အကြောင်းနှင့်အကျိုးတရားမှထွက်၏။

(၄) အကြောင်းနှင့် အကျိုးတရားသည်- အတိတ်နှင့်အနာဂတ်မှထွက်၏။
(၅) အတိတ်နှင့်တနာဂတ်သဘောသည်- အဖြစ်နှင့်အပျက်မှထွက်၏။
(၆) အဖြစ်နှင့်အပျက်သည်- သညက္ခန္ဓာနှင့် သင်္ခါရက္ခန္ဓာမှထွက်၏။
(၇) သညက္ခန္ဓာနှင့် သင်္ခါရက္ခန္ဓာသည်- အတိတ်မျိုးနှင့်အနာဂတ်မျိုးမှ ထွက်ခြင်းဖြစ်ပေရာ-

**သတိ၊ ။မျိုး ၂-ပါးသဘော**

(၁) အကြည်ဓာတ် ၅-ပါးကိုစွဲ၍ပေါ်သော ပဥ္စဝိညာဏ်ကား အတိတ်ကိုဆွဲကိုင်သည်ဖြစ်၍ အတိတ်မျိုးမည်၏။
(၂) မနောဝိညာဏ်ကြီးသည်ကား အနာဂတ်ကို ဆွဲကိုင်သည်ဖြစ်၍ အနာဂတ်မျိုးမည်၏။

ဤမျိုး ၂-ပါးကိုသောတာပတ္တိမဂ်ဉာဏ်ကြီးက ပယ်သတ်ရန်ဖြစ်သော တရားခံများဖြစ်၏။ ၎င်းကိုမဟာသတိပဋ္ဌာန် အနုသယခန္ဓာဟုလည်းဆိုရ၏။

**အသူးသတိ၊ ။ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာသံယောဇဉ်သဘော**

(၁) နာမ်ခန္ဓာ ၄-ပါးသည်= ဒိဋ္ဌိစွဲဖြစ်၏။
(၂) ထိုနာမ်ခန္ဓာ ၄-ပါးပေါင်း၍ အပြင်အာရုံသဘော- ရုပ်အား ဘမ်းစားသည်ကို ရူပက္ခန္ဓာဟုဆိုရ၏။ ၎င်းရူပက္ခန္ဓာသည်ပင်လျှင် ဝိစိကိစ္ဆာစွဲဖြစ်၏။

(မြင်အောင်ရှုဆင်ခြင်ပါရန်)

**ခန္ဓာ ၃-ပါး ကာလ ၃-ပါးနှင့် မျိုးကျပုံသဘော**

(၁) သညာသည် အတိတ်သဘော အဘ အဝိဇ္ဇာမျိုးဖြစ်၏။
(၂) သင်္ခါရသည် အနာဂတ်သဘော အမိ-တဏှာမျိုးဖြစ်၏။
(၃) ၎င်းသညာနှင့် သင်္ခါရ (တနည်း) အတိတ်မျိုးအဝိဇ္ဇာနှင့် အနာဂတ်မျိုး တဏှာ ၂-ပါးတို့သည် ပစ္စုပ္ပန်အကြည် ၆-ပါးဖြစ်သော ဝေဒနာ၌ကိန်း၏၊ ထိုမှ အာရုံတို့ဖြင့်တိုက်သော် ဝိညာဏ် ၆-လုံးပေါ်ခြင်းဖြစ်၏။

**သတိ။ ။ပယ်သတ်ပုံသဘာဝ**

ယခု ဓမ္မာနုပဿနာတွင် ခန္ဓာပေါ်ပုံမှာ သညာ၏နောက်တွင် သင်္ခါရလိုက်လာ၏။ အဘယ့်ကြောင့် ဝေဒနာမလိုက်ပါသနည်း။

ဤသဘာဝကိုမြင်နိုင်သော် ကိစ္စပြီး၏။

ဝင်းစားရန်မှာ = သညာသည် နာမပညတ်ကိုဆွဲ၏။
ဝိညာသည် ဥသဏ္ဌာနပညတ်ကိုဆွဲ၏။

အန္ဓပုထုဇဉ်တို့ အဖို့မှာမူ ၎င်းပညတ် ၂-ပါးသည် အရာဝတ္ထုဒြဗ်ရှိသည်ဟု ပြောမည်ဖြစ်ကြောင်းသိပြီး၏၊ ကလျာဏပုဂ္ဂိုလ်အတွက်မှာမူကား ၎င်းပညတ် ၂-ပါးသည် အကြောင်းတရား ၄-ပါး (တနည်း) ဝိညာဏ်၏ လုပ်ကြံမှုသာ ဖြစ်ကြောင်းသိ၏။ အဘယ့်ကြောင့်ဟူမူ မည်သည့်သဏ္ဍာန်မဟူ ဝိညာဏ်သမား၏ ဖန်တည်းပြုပြင် လုပ်ဆောင်မှုသာ ဖြစ်သောကြောင့်ပေတည်း။

အချုပ်ဆိုသော် သဏ္ဍာနပညတ်သည် ဝိညာဏ်၏လှည့်ပတ်မှုဖြစ်ကြောင်း အမှန်သိအပ်ပါသည်။

ထို့ပြင် ရုပ်တွင် သညာပြဋ္ဌာန်း၍ နာမ်တွင် ဝိညာဏ်ပြဋ္ဌာန်း၏။(တနည်း) ရုပ်ကား နာမပညတ်ဖြစ်၍ နာမ်ကား သဏ္ဍာနပညတ်ဖြစ်ပေရာ-

(၁) ရုပ်ဖက်၌ သညက္ခန္ဓာရ၍

(၂) နာမ်ဖက်၌ အနာဂတ်သို့သွားရန် ပြုပြင်နိုင်သော သင်္ခါရက္ခန္ဓာ ရပေသည်။

(၃) ဝေဒက္ခန္ဓာသည်ကား ပစ္စုပ္ပန်၌ခံစားသော ခန္ဓာသာဖြစ်သဖြင့် ၎င်းသည်-

ပြုပြင်နိုင်သောခန္ဓာမဟုတ်သည့်အတိုင်း သညက္ခန္ဓာ၏နောက်မှ ကပ်၍မလိုက်မူဘဲ အနာဂတ်အကျိုးတရားကို ပြုပြင်နိုင်သော သင်္ခါရက္ခန္ဓာက လိုက်ရခြင်းဖြစ်၏။

(မြင်အောင်ရှုပါရန်)

သတိ။ ။မဂ်ပယ်သတ်စဉ်နှင့် သမုတိသစ္စာ ပရမတ္ထသစ္စာနယ်သဘော

(၁) အတိတ်မျိုး သညက္ခန္ဓာ

(၂) အနာဂတ်မျိုး သင်္ခါရက္ခန္ဓာ

(၃) ပစ္စုပ္ပန်မျိုး ဝေဒနက္ခန္ဓာ (အကြည်ဓာတ် ၆-ပါး)

ဤခန္ဓာ ၃-ပါးတို့သည် သမုတိသစ္စာနယ်ဖက်သားဖြစ်၍ ၎င်းတို့ချုပ်သော် ဝိညာဏက္ခန္ဓာက မဂ်သို့ဝင်သည်ဖြစ်၍ ပရမတ္ထသစ္စာနယ်ဘက်သားဖြစ်၏။

ဝရဇိန် မိုးကြိုးစက်သွားပမာ စိန္တာမယပညာ တိဟိတ်ပုဂ္ဂိုလ်တို့နှင့်သာလျှင် ထိုက်တန်သော ကိစ္စကြီးဖြစ်သဖြင့် မိုးကြိုးစက်သွားကဲ့သို့ ၎င်းခန္ဓာ ၃-ပါးတွင် အမှန်တပါးကိုပစ်ခွင်းနိုင်သော် ကိစ္စအားလုံးပြီး၏။ ထို့ကြောင့် မဂ်ခဏတွင် သစ္စာ ၄-ချက် တပြိုင်တည်းပွင့်ခြင်းဖြစ်ပေသည်၊ သို့ဖြစ်သော် အဘယ်ခန္ဓာကို ဖြိခွင်းပါမည်နည်း?

သတိ။ ။(၁) ဒဿနဋ္ဌတည်းဟူသော အမှန်ကိုမြင်ခြင်းသဘာဝဖြင့်-

ဝေဒနက္ခန္ဓာကို ပစ်ခွင်းရမည်ဖြစ်၏၊ အဘယ့်ကြောင့်ဟူမူ ၎င်းခန္ဓာသည် ပစ္စုပ္ပန်သဘော အကြည်ဓာတ် ၆-ပါးဖြစ်၍-

ပစ္စုပ္ပန်မှနေပြီး ပယ်သတ်မှသာလျှင် ဖြစ်နိုင်သောကြောင့်ပေတည်း။

အတိတ်မျိုးဖြစ်သော သညာက္ခန္ဓာကိုသော်၎င်း အနာဂတ်မျိုးဖြစ်သော သင်္ခါရက္ခန္ဓာကိုသော်၎င်း ၎င်းတို့မှစ၍ ပယ်သတ်ခြင်းငှာမသင့်ပေ၊ အဘယ့်ကြောင့်ဟူမူ ဖြစ်ပြီးသဘောဖြစ်သော ကမ္မာ တသိန်းမှ ပြုခဲ့မိသော ကံကိလေသာတို့သည်၎င်း မှန်းဆခြင်းငှာမဖြစ်စကောင်းသော အနာဂတ်၏ ကံကိလေသာတို့သည်၎င်း မျက်ကွယ်သဘောတို့သာဖြစ်၍ သညာဝိညာဏ်လှည့်ပတ်တိုင်း လိုက်လံ ဖိတ်ပင်နေရပါသော် သီလ-သမာဓိလုပ်ငန်းစဉ်တို့၌ ကျရောက်မည်ဖြစ်သောကြောင့်ပေတည်း။

(၂) နိယျာနဋ္ဌနှင့် သညာက္ခန္ဓာ

ဤကဲ့သို့ ဝေဒနက္ခန္ဓာကို ဒဿနဋ္ဌမဂ္ဂင်ဖြင့် ပယ်သတ်လိုက်သော် အတိတ်မျိုး သညာက္ခန္ဓာသည် မလှည့်ပတ်နိုင်တော့မူ၍ နိယျာနဋ္ဌတည်းဟူသော လွတ်မြောက် ကြောင်းသဘော၌ဆိုက်ရောက်ရတော့၏။

(၃) ဟေတုဋ္ဌနှင့် သင်္ခါရက္ခန္ဓာ

တဖန်အနာဂတ်မျိုးဖြစ်သောသင်္ခါရက္ခန္ဓာသည်လည်းမပြုပြင်နိုင်တော့မူ၍ ဟေတုဋ္ဌ တည်းဟူသော အသင်္ခတဓမ္မသို့ရောက်ကြောင်း သဘော၌ကျရောက်ရပြန်၏။

(၄) အဓိပ္ပတေယျဋ္ဌနှင့် ဝိညာဏက္ခန္ဓာ

နောက်ဆုံးမှာသော် ဝိညာဏက္ခန္ဓာကြီးသည်လည်း ဝေဒနာသညာနှင့် သင်္ခါရတို့ ချုပ်ပြီးသည့်အတိုင်း (တနည်း) သမုတိသစ္စာမှကင်းစင်ပြီးဖြစ်၍ အဓိပ္ပတေယျဋ္ဌ တည်းဟူသော ကြီးမှူးစိုးရခြင်း သဘော ပရမတ္ထသစ္စာနယ်ဘက်၌ ဝင်ခံရတော့ သည်ဖြစ်ပေသည်။

ဤနေ့သည် ဓမ္မာနုပဿနာကို သောတာပတ္တိမဂ်ဖြင့် ဥက္ကောင်းချရန်ဖြစ်ပေသည်။

**သတိ။ ။သတိသဘာဝ**

ရှင်တော်မြတ်သည် ဤသတိပဋ္ဌာန်တရားမြတ်ကို ဓမ္မစကြာဒေသနာတော်၏ မဂ္ဂင် ၈-ပါးအနက်မှ သမ္မာသတိမဂ္ဂင်ကို ထုတ်နုတ်တော်မူ၍-

(၁) ကာယာနုပဿနာ သတိပဋ္ဌာန်= ရူပကာယကို ရှုပုံသတိအတွက်၎င်း
(၂) ဝေဒနာနုပဿနာ သတိပဋ္ဌာန်= အကြည်ဓာတ် ၄-ပါး ရှုပုံသတိအတွက်၎င်း
(၃) စိတ္တာ နုပဿနာ သတိပဋ္ဌာန်= မနောဝိညာဏ်ကို ရှုပုံသတိအတွက်၎င်း
(၄) ဓမ္မာ နုပဿနာ သတိပဋ္ဌာန်= သဘောတရားကို အဖန်ဖန်ရှုပုံ သတိ အတွက် ၎င်း ဟောကြားတော်မူရာ·

ဤကဏ္ဍာ၏ ဓမ္မာနုပဿနာ သတိပဋ္ဌာန်မှာ လောကီအတွက် သော်၎င်း၊ လောကုတ္တရာ အတွက်သော်၎င်း အလွန်ပင် ကျယ်ဝန်းသော သဘာဝဖြစ်ပေသည်။

လောကရေးရာ နယ်ကြီး ကျယ်ဝန်းသည်နှင့်အမျှ လောကုတ္တရာ သဘောတရားနယ်ကြီးကျယ်ပုံကိုလည်း သတိပြုသင့်လှပါ၏။

ထိုနည်းတူစွာပင် သုတ္တန်အားဖြင့် ၃-ကျမ်း၊ ဝိနည်းအားဖြင့် ၅-ကျမ်း၊ အဘိဓမ္မာအားဖြင့် ၇-ကျမ်း၊ ဓမ္မက္ခန္ဓာပေါင်း ၈၄၀၀၀တို့သည်လည်း အတိုင်းအဆ မရှိနိုင်လောက်အောင်ပင် ကျယ်ဝန်းများပြားသည်ဖြစ်၍ သဗ္ဗညုတရွှေဉာဏ်တော်၏အရာဖြစ်ပုံကို သတိမူသင့်ပါသည်။

ဤကဲ့သို့ လောကီလောကုတ် သဘောတရားတို့ ကျယ်ဝန်းသည်မှာစင်စစ်သညာဝိညာဏ်နယ်အတွက်သာ ဖြစ်ပေသည်။

ပညာနယ်အတွက်မှာမူကား ကျဉ်းလှသဖြင့် ထမင်းချက်ရင်း- ရေခပ်ရင်း ရနိုင်သောတရားဖြစ်ပုံတို့ ရှင်တော်မြတ် လက်ထက်တော်အခါ ကျွတ်တန်းဝင်တော်မူကြသော အများသော ပါရမီရှင်တို့၏ ဝတ္ထုများကို ထောက်ဆ၍ သိနိုင်ကြပေသည်။

ဤကို ရည်တော်မူသော ရှင်တော်မြတ် သည် အကျဉ်းနည်း လောကုတ္တရာ သဘောတရားနည်း ဖြစ်သော-

''ဣဓ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျလောကေ အဘိဇ္ဈာ ဒေါမနဿံ'' အစရှိသော ဂါထာတော်ဖြင့် အဘိဇ္ဈာဒေါမနဿ (တနည်း) ဣဋ္ဌ-အနိဋ္ဌ(တနည်း)ကောင်း-မကောင်း စသော နာမနှင့် သဏ္ဌာနပညတ် ၂-ပါးကို ပယ်သတ်စေခြင်းဖြစ်၏။

**ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ သဘာဝတနည်း**

သောတာပတ္တိမဂ်သည် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ ၂-ပါးကို ပယ်သတ်ကြောင်း အများပင်သိပေသည်။

(၁) ဒိဋ္ဌိ= ခန္ဓာ ၅-ပါးကို ငါ-ငါ ဟုစွဲယူခြင်း ဖြစ်၏ (၎င်းမှ နာမနှင့် သဏ္ဌာနပညတ် ပေါ်ထွက်သောကြောင့် ဖြစ်၏)။

(၂) ဝိစိကိစ္ဆာ= သို့လော-သို့လောဖြင့် အာရုံကို မဆုံးဖြတ်နိုင်ခြင်း (တနည်း) ယုံမှားခြင်း ဖြစ်၏။

ဒိဋ္ဌိကား စွဲယူခြင်းနှင့် ဝိစိကိစ္ဆာကား ယုံမှားခြင်း ဖြစ်ပေရာ ဤတွင် ၂-မျိုး ၂-စားကွဲပြားလျက် ရှိနေ၏။ အမှန်မှာသော် တမျိုးတည်းသဘောဖြစ်၏။ အဘယ့်ကြောင့်ဟူမူ-

ဒိဋ္ဌိဖြစ်ရခြင်း(တနည်း) စွဲရခြင်းသည် ဝိစိကိစ္ဆာ(တနည်း) သို့လော-သို့လော ယုံမှားခြင်းကြောင့် ဖြစ်သဖြင့် ဝိစိကိစ္ဆာကား ခေါင်း၊ ဒိဋ္ဌိကား အမြီးဖြစ်သောကြောင့်ပင်တည်း။

လောကတွင် အန္ဓပုထုဇဉ်တို့သည် သညာဝိညာဏ်ဖြင့် နာမပညတ်နှင့် သဏ္ဌာန ပညတ် ၂-ပါးကို အနှစ်အသား အဘောဖြင့် ဆွဲကိုင်သည်ဖြစ်၍ သံသရာလောကကြီးကျယ်ဝန်းရခြင်းဖြစ်ကြောင်းကို သိပြီးသည့်အတိုင်း သညာဝိညာဏ်နောက်သို့မျက်ကန်းပမာ မလိုက်မှားမိရန်သည် အရေးအကြီးဆုံးဖြစ်ပေသည်။ လိုက်သော်- နာမပညတ်တို့က ဒုက္ခပေးမည်အမှန်ဖြစ်၏။

**အနုသယသဘာဝတနည်း**

၎င်းသည် အကြည်ဓာတ် ၆-ပါး၌ အစဉ်အားဖြင့် ကိန်းအောင်းသော သဘောဖြစ်၏။ ဥပမာသော်- မီးချစ်ဆံ၏ယမ်း၌ကိန်းသော မီးဓာတ်ကဲ့သို့ပင်ဖြစ်ပေသည်။ ကာပတ်နှင့်မတိုက်ခတ်သမျှ မီးတောက်ထိုက်မှတောက်မည်ဖြစ်သကဲ့သို့-

အဆင်းနှင့်အကြည်ဆုံသော် အန္တုပုထုဇဉ်တို့တွင် တခါတည်းနာမပညတ်နှင့် သဏ္ဌာန ပညတ်ကို ဆွဲကိုင်၏။ သို့ကိုင်ခြင်းကြောင့် ကံ-ကိလေသာတို့ ပေါက်ဘွားလာခြင်းဖြစ်၏။

**သတိ** ။ ။သို့ဖြစ်၍ ကိန်းသဘောကို မရှာမီ ၎င်း၏မျိုးဇတ်ကို ရှုရာ၏။ ကိန်းသဘောသည်အစဉ် သဘောလည်းဖြစ်၏။ ၎င်းသည် အတိတ်သဘောဖြစ်၍ အစဉ်အားဖြင့် ပစ္စုပ္ပန်၊ ၎င်းမှတဆင့်အနာဂတ် တဖန် အနာဂတ်မှ အတိတ်၊ အတိတ်မှပစ္စုပ္ပန်၊ ပစ္စုပ္ပန်မှ အနာဂတ်စသည်ဖြင့်မဆုံးနိုင်သော လည်ပတ်မှုဖြင့် လည်လျက်ရှိပေရာ- ထိုအစဉ် သဘောတွင် မျိုးစေ့ပါလာ၏။

တဖန်- အစဉ်သဘောသည်လည်း ဖဿနှင့် ဝေဒနာရှိနေ၍ ဖြစ်ပေရာ အချုပ်ဆိုသော် အစဉ်သဘောသည် ''ပေါင်းသဘော''ကြောင့် ပေါ်ရခြင်းလည်းဖြစ်၏။

''ပေါင်းသဘော''ကား ဖဿ။

''ပေါ်သဘော''ကား ဝေဒနာဖြစ်၏။ ၎င်းတို့သည်ပင်မျိုးစေ့ဖြစ်၏။

(အထူးရှုစားပါရန်)

**ကာလ ၃-ပါး ဆက်စပ်မှုသဘော**

အကြည်ဓာတ် ၆-ပါးသည် ပစ္စုပ္ပန်ဖြစ်၍ ၎င်းသည် ဖြစ်ဆဲသဘောဖြစ်၏။ သို့သော် ပစ္စုပ္ပန်ဟု ခေါ်ဆိုနိုင်ခြင်းသည် ဖြစ်ပြီး အတိတ်သဘောကို ထောက်၍၎င်း၊ မဖြစ်သေးသော အနာဂတ်သဘောကိုထောက်၍၎င်း၊ ခေါ်ဆိုရခြင်းဖြစ်ပေရာ- ဤတွင် အတိတ်- အနာဂတ်- ပစ္စုပ္ပန်တို့ စဉ်နေကြောင်း တွေ့မြင်ရတော့၏။

၎င်းသည်လည်း မျိုးစေ့(တနည်း) အနုသယမည်၏။

**သတိ**။ ။**သတ်ဆေးတနည်းမှာ**

အမှန်ရှိသော ပစ္စုပ္ပန်ကိုသာ ဖမ်းရ၏။ ၎င်းကိုထောက်၍ပြောရ ပေါ်ရသောအတိတ်နှင့်အနာဂတ်သဘောတို့ကို ဖမ်းရန်မလိုပေ။

**ပညာဖြင့်အထူးရှုသော်-**

(၁) **အတိတ်သဘောသည်** သုဉ်းသော သဘောဖြင့်သာ ရှိကြောင်း မြင်ရ၏။ မရှိဟု မယူ၊ အကြောင်းမညီညွတ်သော် မပေါ်နိုင်သည်ဖြစ်၍(တနည်း) မဆွဲကိုင်သော် မပေါ်နိုင်သည် ဖြစ်၍ သုဉ်းသည်ဟုယူသည်။

(၂) **အနာဂတ်သဘောသည်** ဆိတ်သောသဘောဖြင့်သာရှိကြောင်း မြင်ရ၏။ ဆိတ်သည်ဆိုရခြင်းမှာ နောင်တဖန်ထပ်၍ မဖြစ်နိုင်သောသဘောကိုဆိုခြင်းဖြစ်၏။

**သတိ။** ။ဤကဲ့သို့မဂ်ပညာဖြင့် ပစ္စုပ္ပန်ဝေဒနာမှနေ၍ကိုင်လိုက်သော် ထိုအရိယာမြတ်သည် အတိတ်နှင့် အနာဂတ်တို့၏ကုသိုလ်-အကုသိုလ်အပေါင်းတို့ကို မိမိအပိုင်ရရှိပြီးသော ပညာ၏အဆင့်ဖြင့်လျော်စွာ သုဉ်းသည်-ဆိတ်သည် သဘောဖြင့်သာလျှင် သိမ်းပိုက်တော်မူ၏။

ရှိသည် = သဿတသဘော

မရှိသည် = ဥစ္ဆေဒသဘောတို့ကို ပယ်သတ်တော်မူနိုင်သောကြောင့်ပေတည်း။သို့ဖြစ်၍-

(၁) **အတိတ်သဘော-သညာသုဉ်းခြင်းနှင့်နိယျာနဋ္ဌ**

ဤကဲ့သို့ အတိတ်သဘောကြီးကို သုဉ်းခြင်းသဘော၌ ဥက္ကောင်း ချနိုင်ခြင်းသည် လွတ်မြောက်ကြောင်းသဘောဖြစ်သော နိယျာနဋ္ဌ၌ဝင်သည် မည်ပေသည်။ အနမတဂ္ဂသံသရာမှ ဘဝစဉ်ဆက်ကောင်းအောင်သာဟု ပြုလုပ်ခဲ့မိသော ဒိဋ္ဌိစွဲ ကောင်းသောကံ- မကောင်းသောကံ အပေါင်းတို့ကို မဆွဲကိုင်တော့သည့်အတိုင်း ထိုထိုသော ကောင်းကျိုး-မကောင်းကျိုးတို့၏ ပြုပြင်မှုမှ လွတ်မြောက်ခြင်းသဘောဖြစ်၏။

(၂) **အနာဂတ်သဘော-သင်္ခါရဆိတ်ခြင်းနှင့် ဟေတုဋ္ဌ**

ဤကဲ့သို့ အတိတ်သဘောကြီးသုဉ်းပြီး လွတ်မြောက်လိုက်သောအခါတွင် အတိတ်ကို ထောက်၍သာလျှင် ရှိသည်ဟုယူရသော အနာဂတ် သဘောသည်လည်း ဆိတ်ခြင်းသဘော (တနည်း) အသင်္ခတဓမ္မသို့ရောက်ကြောင်း သဘောဖြစ်သော ဟေတုဋ္ဌ၌ဝင်ရ၏။ သံသရာစဉ်ဆက် နောင်ကောင်းစားရန်ဟူသော ဒိဋ္ဌိစွဲဖြင့် မျော်ကိုးအားထားပြုပြင်၍ လာခဲ့ရသောကောင်းသောကံ-မကောင်းသောကံတို့အတွက် ပြုပြင်ရန်မလိုတော့သည်ဖြစ်၍ အသင်္ခတဓမ္မသို့ ရောက်ကြောင်းသဘောဟုဆိုရ၏။

(၃) **ပစ္စုပ္ပန်သဘော-ဝေဒနာနှင့်ဒဿနဋ္ဌ**

ဤကဲ့သို့ ပစ္စုပ္ပန်ဝေဒနာမှနေ၍ အမြင်မှန်ဖြင့်(တနည်း)မဂ်ပညာဖြင့်အတိတ်၏သဘောကိုငှင်း၊ အနာဂတ်၏သဘောကိုငှင်း သိမ်းဆည်းနိုင်သည်ဖြစ်၍ ဒဿနဋ္ဌ အမှန်ကို မြင်ခြင်းဟုဆိုရ၏။


(၄) **ဝိညာဏ်ကြီးနှင့် အဝိပ္ပတေယျဋ္ဌ**

ဤကဲ့သို့ အတိတ်-အနာဂတ်- ပစ္စုပ္ပန် (တနည်း)သညာ-သင်္ခါရ-ဝေဒနာစသောသင်္ခတနယ်ဘက်သားတို့နှင့် ကင်းလွတ်သော ဝိညာဏ်ကြီးသည် ကြီးမှူးစိုးရခြင်းသဘော (တနည်း) လောကကြီးကို လွန်မြောက်၍ သစ္စာ ၄-ပါး၊မဂ္ဂင် ၈-ပါး၊ ဗောဇ္ဈင် ၇-ပါး၊ ဗောဓိပက္ခိယ ၃၇-ပါးအပေါင်းခြံရံပြီးလျှင် သောတာပတ္တိမဂ်ဉာဏ်ဖြင့် နိဗ္ဗာနဓာတ်မြတ်ကို အာရုံပြုနိုင်တော့သည်ဖြစ်ပေသည်။

(ဤသဘာဝကိုပင်လျှင် ဓမ္မာနုပဿနာဖြင့် သောတာပတ္တိမဂ်သို့ဝင်သည်ဟု ပြောရခြင်းဖြစ်ပေသည်)

(သောတာပတ္တိမဂ်ဓမ္မာနုပဿနာအပိုင်း ဤတွင်ပြီး၏)

(ပုံစံအမှတ် ၃၇) ၄-၁၁-၆၇




စိတ္တာနုပဿနာသတိပဋ္ဌာန်ဝင်ပုံ

ယခုကဏ္ဍသည် စိတ်ကို အဖန် တလဲလဲရှုခြင်း (တနည်း) အာရုံနှင့် တွေ့ဆုံသောအခါတွင် ဖြစ်သော စိတ်ကို ရှုခြင်းဖြစ်သော စိတ္တာနုပဿနာ သတိပဋ္ဌာန် အပိုင်းဖြစ်၏။

"ကထဉ္စ ပန ဘိက္ခဝေ ဘိက္ခု စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ၊ ဣဓ ဘိက္ခဝေ ဘိက္ခု သရာဂံဝါစိတ္တံ သရာဂံ စိတ္တန္တိ ပဇာနာတိ၊ ဝီတရာဂံဝါ စိတ္တံ ဝီတရာဂံ စိတ္တန္တိ ပဇာနာတိ"

အစရှိသော မဟာသတိပဋ္ဌာန် စိတ္တာနုပဿနာ ပါဠိတော်အရ ရာဂနှင့်တကွဖြစ်သောစိတ်ကို ပညာဖြင့် သိခြင်း၊ တဖန် ရာဂကင်းသောစိတ်ကိုလည်း ပညာဖြင့် သိရန်ဖြစ်၏။

**သတိ။** ။ဤကိုရည်ကြ၍ အများသော သတိပဋ္ဌာန် တရား၏ စိတ္တာနုပဿနာကို အားထုတ်ကြသော ပုဂ္ဂိုလ်တို့သည် လောဘ- ဒေါသ- မောဟဖြစ်သောစိတ်ကိုရှုလေ့ရှိကြပေသည်။ သဘောမှာ-ရှေ့စိတ်ကို နောက်စိတ်ကလိုက်၍သိခြင်းဖြစ်၏။

(ချိန်ဆစဉ်းစားဘွယ်ရာဖြစ်ပါသည်)

အဘိဓမ္မာဖြင့်ညှိသော်- တချိန်တည်း၌စိတ် ၂-မျိုးမဖြစ်နိုင်သည်ဖြစ်၍ ဖြစ်ဆဲဖြစ်သော လောဘ-ဒေါသ-မောဟစိတ်တခုခုချုပ်ပြီးလျှင် အချိန်ယူ၍ နောက်စိတ်ကသိနိုင်မည်ဖြစ်ပေသည်။

စိတ်ဟူသည်မှာ- မျက်စိတမှိတ်- လျှပ်တပစ်၌ ကုဋေတသိန်းသောဖြစ်ခြင်း၊ ပျက်ခြင်း သဘောရှိသဖြင့် အတိုင်းအဆမရှိ အလွန်ပင်လျှင်မြန်သည်ဖြစ်၍ ရေမီးအစုံဖြစ်သော ယမိုက်ပြာ ဋိဟာကို ရှင်တော်မြတ်သည် ဘဝင် ၂–ကြိမ်သာခြား၍ ပြတော်မူ၏။ ဆန့်ကျင်ဘက်ဓာတ်ဖြစ် သော ရေနှင့်မီးကို တချိန်တည်း၌ တစိတ်တည်းဖြင့် ပြတော်မူနိုင်သည်မဟုတ်ပေ။ ရေအလျှင်ကို ပြတော်မူ၍ ဘဝင် ၂-ကြိမ်ခြားပြီး မီးအလျှင်ကို ပြတော်မူခြင်းဖြစ်၏။ အလွန် လျှင်မြန်သည် ဖြစ်၍ လူ–နတ်-ဗြဟ္မာတို့အမြင်တွင် တချိန်တည်း၌ ရေနှင့်မီးစုံ၍ ပြိုင်တူပြတော်မူသည်ဟု ထင် ကြရပေသည်။

ရှင်တော်မြတ်၏နောက် အရှင်သာရိပုတ္တရာ ထေရ်မြတ်မှာ ဘဝင် ၁၆-ကြိမ်ခြားနိုင်၏။ အခြားသော သာဝက ရဟန္တာများတွင်မူ များစွာကုန်သော (တနည်း) မရေမတွက်နိုင်သော ဘဝင်တို့သည် ခြားရ၏။

တဖန်တုံ- ဤစိတ္တာနုပဿနာ သတိပဋ္ဌာန်သည် သကဒါဂါမ် အရှင်တော်မြတ်တို့ဥကျွောင်းဆိုက်သော သဘာဝကြီးဖြစ်၍လည်း အဘယ်မှာလျှင် သာမန်ပုဂ္ဂိုလ်တို့ အချိုးကျ ပွားများအားထုတ်နိုင်ပါမည်နည်း။

**သကဒါဂါမ်ပုဂ္ဂိုလ်မြတ်စိတ္တာနုပဿနာဥကျွောင်းဆိုက်ရောက်ပုံသဘော**

(၁) သောတာပန်ပုဂ္ဂိုလ်မြတ်သည်= သံယာဂုဏ်တော် ၉-ပါးတွင် သုပ္ပဋိပန္နဂုဏ်တော်ဖြင့် ပြီးပြည့်စုံ၏။ (တနည်း) နိဗ္ဗာန်သို့ ရောက်ရာရောက်ကြောင်း ကောင်းမြတ်သော အကျင့်သိက္ခာဖြင့် အစဉ်ပြည့်စုံခြင်းဖြစ်၏။

(၂) သကဒါဂါမ် ပုဂ္ဂိုလ်မြတ်သည်= ဖြောင့်မတ်စွာသာလျှင် ကျင့်ခြင်း တည်းဟူသော ဥဇုပ္ပဋိပန္န ဂုဏ်တော်ဖြင့် ပြီးပြည့်စုံ၏- ဤတွင် လူတို့၌ ကာယကံ-ဝစီကံ-မနောကံတို့တွင်-

(က) လ-ရေးကောက်
(ခ) ထွန်ရေးကောက်
(ဂ) နွားသေးကောက်

စသော အကောက် ၃-ကောက်ဖြင့်ပြီး၏။ ၎င်းအကောက် ၃-မျိုး (တနည်း)ဒုစရိုက် ၁၀-ပါးကို ပယ်သတ်နိုင်ရန်သည် စိတ္တာနုပဿနာကို ခံယူပြီးသော သကဒါဂါမ်ပုဂ္ဂိုလ်တို့ သည်သာလျှင် ဖြစ်နိုင်သောသဘာဝဖြစ်၏။

**ရှင်စတော်မြတ်ဟောကြားတော်မူသော ဒေသနာတော်တို့သည်**

(၁) ပါဠိတော်၏နက်နဲခြင်း
(၂) အနက်၏နက်နဲခြင်း
(၃) ဒေသနာတော်၏နက်နဲခြင်း
(၄) အသိဉာဏ်၏နက်နဲခြင်းတို့ဖြစ်ပေရာ-

**အထူးသတိ။ ။ပါဠိတော်၏နက်နဲခြင်းသဘော**

(၁) သရာဂံ ဝါစိတ္တံ သရာဂံစိတ္တန္တိ ပဇာနာတိ = ရာဂနှင့်တကွ ဖြစ်သောစိတ်ကို ပညာဖြင့်သိခြင်း၊

(၂) ဝီတရာဂံ ဝါ စိတ္တံ ဝီတရာဂံ စိတ္တန္တိ ပဇာနာတိ = ရာဂကင်းသောစိတ်ကိုလည်း ပညာဖြင့်သိခြင်း

တည်းဟူသော သဘာဝသည် အသွားအပြန်သဘောဖြစ်နေ၏၊ အဘယ့်ကြောင့် အစဉ်အတိုင်း (တနည်း) ဖြစ်သမျှ စိတ်အစဉ်ကိုလိုက်ရန် ဟောတော်မမူပါသနည်း?

(ဤသည်ပင်လျှင် ပါဠိတော်၏ နက်နဲခြင်းမည်၏)

သို့ဖြစ်သော် သကဒါဂါမ်ပုဂ္ဂိုလ်မြတ်၏ ဤစိတ္တာနုပဿနာ သတိပဋ္ဌာန်ကို တရားလိုက်စားသောပုဂ္ဂိုလ်တို့ အားမထုတ်ကြရပြီလော? ဤသို့ကားမဟုတ်ပေ-အားထုတ်နိုင်၏၊ အချိုးကျပါမူ အကျိုးကြီးသည်သာဖြစ်၏။

**ထို့ကြောင့် ရှင်တော်မြတ်ကမြင်စေလိုသည်ကား**

လောဘဖြစ်သောစိတ်၌ လောဘကင်းသောစိတ် ကိန်းပုံသဘာဝပင်ဖြစ်၏။

ဥပမာသော် = အခုသောအာရုံကိုနှစ်သက်သော် လောဘစိတ်ဖြစ်၏၊ ထိုနှစ်သက်ခြင်း အလောဘစိတ်၌ မနှစ်သက်ခြင်းအလောဘစိတ်သည် ကိန်းလျက်ပါ၏။

နောင်အကြောင်းတိုက်ဆိုင်ပြန်သော် ထိုအာရုံပင်လျှင် မနှစ်သက်ပြန်၍ အလောဘစိတ်ဖြစ်၏၊ တဖန် ၎င်းအလောဘစိတ်၌ပင် လောဘစိတ်ကင်းပြန်၏။

ထို့ကြောင့် ဤသဘာဝကို ပိုင်နိုင်တော်မူကြသော ပညာရှိ သူတော်ကောင်းတို့သည် အန္ဓပုထုဇဉ်တို့၏ အပူဇော်အကြည်ညိုကို ရှောင်ရှားတော်မူကြခြင်းဖြစ်ပေသည်။

ဤကဲ့သို့ လက်ဖဝါး၏အလား မှောက်ချည် လှန်ချည် အပြောင်းအလဲ အဖြူက အမည်း အမည်းက အဖြူ ဖြစ်တတ်၍လည်း အန္ဓ-ဗာလ-ဥမ္မတက ပုထုဇဉ်ဟုဆိုရခြင်းဖြစ်ပေသည်။

**သတိ၊** ။ဤစိတ္တာနုပဿနာ၏တာဝန်သည် ဝိညာဏက္ခန္ဓာကို ပယ်သတ်ရန်ဖြစ်သဖြင့် ပထမ ဝိညာဏက္ခန္ဓာနှင့် မနောဝိညာဏ်ကို ခွဲခြား၍သိရာ၏။

**မနောဝိညာဏ်သည်**

နှလုံးအကြည်မှပေါ်သော အသိဖြစ်၏ ဖြစ်ပုံမှာ-

(၁) နှလုံးအကြည်
(၂) ပသာဒရုပ် ၅-ပါး ဓမ္မာရုံ
(၃) ဘဝင်စိတ်
(၄) အထက် ၃-ပါး ပေါင်းဆုံညီညွတ်သော် မနောဝိညာဏ်ဖြစ်၏။

၅-၁၁-၆၇

**ဝိညာဏက္ခန္ဓာသဘော**

ဝိညာဏက္ခန္ဓာဟူသည် = သိမှုအပေါင်းအစုဖြစ်၏။

အဘိဓမ္မာအားဖြင့်သော် = စိတ်တခု ယုတ် ကိုးဆယ် (၈၉)သည် ဝိညာဏက္ခန္ဓာဖြစ်၏၊

ဝိပဿနာအားဖြင့်သော် = တခုသောအာရုံအား မှတ်သားခြင်း၊ သညာ-ပြဋ္ဌာန်း၍၎င်း၊ ခံစားသော = ဝေဒနာပြဋ္ဌာန်း၍၎င်း၊စေ့ဆော်ခြင်း = သင်္ခါရပြဋ္ဌာန်း၍၎င်း ပေါင်းစု၍ သိခြင်းသည် ဝိညာဏက္ခန္ဓာဖြစ်၏။

ဤကဲ့သို့ တပါးပါးပြဋ္ဌာန်း၍ သိသော်လည်း ကျန် ၂-ပါးကား ပါစမြဲဖြစ်၏။

**ဓမ္မာနုပဿနာနှင့် ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်သဘော**

သောတာပတ္တိမဂ်ဉာဏ်ဖြင့် ဓမ္မာနုပဿနာကို ဥက္ကောင်းချသောအခါ၌ သညက္ခန္ဓာနှင့် သင်္ခါရက္ခန္ဓာ ၂-ပါးကို ရိုက်ချိုးခဲ့၏။ ၎င်းတို့သည် အနုသယခန္ဓာ ၂-ပါးပင်ဖြစ်ပေရာ ပဋိစ္စသမုပ္ပါဒ်၏-

(၁) အတိတ်အကြောင်းစက်
(၂) ပစ္စုပ္ပန်အကျိုးစက်
(၃) ပစ္စုပ္ပန်အကြောင်းစက်
(၄) အနာဂတ်အကျိုးစက်

၄-ပါးအနက်မှ သညာကထွက်သော အတိတ်အကြောင်းစက်နှင့် သင်္ခါရကထွက်သော အနာဂတ်အကျိုးစက် ၂-ပါးတို့ကျိုး၏။

မဂ်တရား ဖိုလ်တရားဟူသည် ပဋိစ္စ သမုပ္ပါဒ် စက်ရဟတ်ကို ရိုက်ချိုးသောပညာဖြစ်၏။

ယခု စိတ္တာနုပဿနာ သကဒါဂါမိ မဂ်ဉာဏ်က ပစ္စုပ္ပန်အကြောင်းစက်ဖြစ်သော ဝိညာဏက္ခန္ဓာကို ပယ်သတ်မည်ဖြစ်ပေသည်။

ထိုနောက် ဝေဒနာနုပဿနာ = အနာဂါမိ မဂ်ဉာဏ်နှင့် ကာယာနုပဿနာ = အရဟတ္တမဂ်ဉာဏ်တို့က ပစ္စုပ္ပန်အကျိုးစက် ဝေဒနက္ခန္ဓာကို ရိုက်ချိုးမည်ဖြစ်၏။

**သတိ**။ ။ယခုကဏ္ဍ၏ ဝိညာဏက္ခန္ဓာတွင် ကျန် ၃-ပါးအနက်မှ သောတာပတ္တိ မဂ်ဉာဏ်က ရိုက်ချိုးပြီးသော သညက္ခန္ဓာနှင့် သင်္ခါရက္ခန္ဓာကိုကြဉ်သော် ဝေဒနက္ခန္ဓာ ၁-ပါးသာ ၎င်းနှင့်အတူရှိတော့၏။

သို့ဖြစ်၍ ၎င်းသည် ခန္ဓာ ၄-ပါး စုံစဉ်ကကဲ့သို့ ကိလေသာကာမဂုဏ် အာရုံတို့ အပြည့်အဝ မခံစားနိုင်သည်ဖြစ်၍ ပစ္စုပ္ပန် အကျိုးစက် ဝေဒနာကိုသာ အားကိုးပြုခါ ဣဋ္ဌ-အနိဋ္ဌ (တနည်း) ကောင်းမကောင်း စသည်တို့မှလွတ်သော ဣဋ္ဌ-မဇ္ဈတ္တာရုံအနေဖြင့်သာ ခံစားတော့သည်ဖြစ်၏။

ဥပမာသော်- ဣဋ္ဌမဇ္ဈတ္တာရုံဖြင့် အာရုံကိုခံစားသည်ဆိုရာဝယ် သဘာဝအားဖြင့် နာမနှင့် သဏ္ဍာနပညတ် (တနည်း)အတိတ်နှင့် အနာဂတ်(တနည်း) သညာနှင့်သင်္ခါရတို့မှ ကင်းစင်သော ခံစားမှုဖြစ်၏။ သို့သော် အကြင်အရိယာ ပုဂ္ဂိုလ်သည်မိမိ၏ အကျိုးဝိပါက် ခန္ဓာကြီးအားစောင့်ရှောက်ရန် တာဝန်ရှိသေးသည့်အတိုင်း စား-ဝတ်-နေရေးတို့၌ အာသဝတရား ကုန်ခမ်းတော်မူပြီးသော ရဟန္တာ အရှင်မြတ်တို့ကဲ့သို့ ဖြစ်သလိုစား-ဖြစ်သလို မနေနိုင်သေးပေ။ မျှတမှုကို ရှေးရှုသင့်သလောက် ရှေးရှုအုံးမည် ဖြစ်သည့်သဘာဝကို ဝင်စားအပ်လှပါသည်။

(အချုပ်ဆိုသော် သင်္ခတလောက၌ ပေါ်သမျှသော အာရုံတို့ကို ကောင်းသည် ဟု ပင် အလိုက်အထိုက် သိမ်းပိုက်တော်မူနိုင်ခြင်းဖြစ်၏။)

ဤသဘာဝကို ထောက်ဆ၍ သညာနှင့်သင်္ခါရပင် မရှိတော့သော်လည်း ၎င်း ဝိညာဏ်သည် ခံစားခနိုင်ကြောင်း ထင်ရှား၏၊ အဘယ်ကြောင့်ဟူမူ သညာနှင့်သင်္ခါရ ရှိစဉ်က အနှစ်အသားအနေဖြင့် (တနည်း)သာရ ၄-ချက်သည် ယခု-

(၁) နိစ္စရိပ်
(၂) သုခရိပ် (ရုပ်တရားအပေါ်၌ ခံစားခြင်း သဘော)
(၃) သုဘရိပ်(နာမ်တရားအပေါ်၌ ခံစားခြင်းသဘော)
(၄) အတ္တရိပ်

တည်ြးဟူသော ပစ္စုပ္ပန်အကျိုးစက် ဝေဒနက္ခန္ဓာတွင် ကိန်းနေသည့်အရိပ် ၄-ချက်ဖြင့် ခံစားနိုင်သေးသောကြောင့် ဖြစ်ပေသည်။

**အရိပ် ၄-ချက်(တနည်း) အနုသယကို ပယ်သတ်ရန်မှာ-**


ဤကဏ္ဍအတို သောတာပန် ပုဂ္ဂိုလ်ကိုင်ပြီးသော သူည ၄-လုံးဖြင့် သတ်၍မရနိုင်ကြောင်း သိအပ်ပါသည်။

ထို့ကြောင့် ရှုဆင်ခြင်သောအခါတွင် ပထမ ပစ္စုပ္ပန် အကျိုးစက် ဝေဒနာတွင် ပစ္စုပ္ပန် အကြောင်းစက် ဝိညာဏ်ကိန်းပုံကို မြင်အောင်ရှုရာ၏။

ဥပမာကား-ဂုဏ်ပြိုင်ဖြစ်သူ ကောင်းစားသည်ကို မနာလိုမရှုစိမ့်လေ့ရှိသော တရားယုတ် သည် အနုသယဖြစ်၏။ ၎င်းသည် ဂုဏ်ပြိုင်မှု အနုသယမှပင် ပေါ်ထွက်ခြင်း ဖြစ်ပေသည်။

ထို့ကြောင့် မင်္ဂသို့ မတင်မီ ၎င်းအနုသယကို ပထမ ဆွဲထုတ်စစ်ဆေးရမည်ဖြစ်၏။ (၎င်း သည် အကောက် ၃-မျိုးပင်ဖြစ်၏။)

(ပုံစံအမှတ် ၃၀) ၆-၁၁-၆၇



**ပစ္စုပ္ပန်ခဏပေါ်ထွက်ပုံ**

ဓမ္မစကြာနှင့် အနတ္တ လက္ခဏသုတ် ကြီးတို့သည် ဘုရားရှင် ကိုယ်တော်မြတ်ကြီးတိုင်း တရားဦးအဖြစ် ဖွင့် တော်မူသော တရားတော်ကြီးများ ဖြစ်သည့်ပြင် မိမိတို့ ထင်မြင်ယူဆချက်ဖြင့် ယူချင်သလိုယူ-အားထုတ်ချင်သလို အားထုတ်-ဟောချင်သလိုဟော၍ ရသော တရားတော် များ မဟုတ်သည်ဖြစ်၍ အစဉ် သန့်ရှင်း စင်ကြယ်တော် မူကြ၏။

အာနာပါန မဟာသတိပဋ္ဌာန်ကြီးတို့အတွက်မှာ မူကား မိမိတို့၏ သဘောဘာဘာဝ အယူအဆဖြင့်ဉာဏ်မိ သလို ဆွဲယူဟောပြော ရေးသားအားထုတ်နိုင်သည် ဖြစ် ၍ အလွန်တရာမှပင် ကျယ်ဝန်း နက်နဲလှသော တရား မြတ်တို့သည် ကြီးစားအားတုတ် အပင်ပန်းခံ၍ လိုက် စားသည်နှင့်အမျှ အကျိုးမကြီးသည့်ပြင် အားထုတ် ကြ သော ပုဂ္ဂိုလ်နှင့် တရားတော်ကိုပါ ထိခိုက် နိုင်ကြောင်း ယခုမဟာသတိပဋ္ဌာန် တရားမြတ်ဖြင့် ထင်ရှားလှသဖြင့် အထူးဂရုပြုရမည့် ကိစ္စကြီးဖြစ်ပါသည်။

**သတိ။** ။သညက္ခန္ဓာနှင့် သင်္ခါရက္ခန္ဓာတို့ မချုပ်မီတွင် ပဋိစ္စသမုပ္ပါဒ် စက်ရဟတ် အနေဖြင့် သညက္ခန္ဓာသည် အတိတ်အကြောင်းစက်၊ သင်္ခါရက္ခန္ဓာ သည် အနာဂတ် အကျိုးစက် ဟု၍ ဆိုရ၏။

သောတာပတ္တိမဂ်ဉာဏ် ဓမ္မာနုပဿနာ၌ ဥက္ကောင်းဆိုက်ပြီး၍ ၎င်းသညက္ခန္ဓာနှင့် သင်္ခါ ရက္ခန္ဓာတို့ ချုပ်ခဲ့ပေရာ စက်ရဟတ်အနေဖြင့် သကဒါဂါမိမဂ်ဉာဏ် စိတ္တာနုပဿနာအတွက်မှာ-

အတိတ်သဘော-အနာဂတ်သဘော-ပစ္စုပ္ပန်သဘော အကျိုးသဘော-ပစ္စုပ္ပန် အကြောင်းသဘောဟူ၍သာလျှင် ဆိုရတော့၏။ အတိတ်အကြောင်းစက်-အနာဂတ် အကျိုးစက်ဟူ၍ မဆိုနိုင်ပြီဖြစ်ကြောင်း ဂရုပြုရပါမည်။

**ဣတ္ထာနုပဿနာသဘော**

အာရုံတို့အပေါ်၌ ဣဋ္ဌ-အနိဋ္ဌသဘော မပေါ်ထွက်အောင် ရှုဆင်ခြင်နိုင်သော ဤသတိပဋ္ဌာန် လုပ်ငန်းစဉ် အောင်မြင်ပြီဖြစ်၏။

(၁) ပစ္စုပ္ပန် အကျိုးစက်ဖြစ်သော ဝေဒနက္ခန္ဓာတွင် ပရမတ်ပြဋ္ဌာန်း၍-

(၂) ပစ္စုပ္ပန် အကြောင်းစက်ဖြစ်သော ဝိညာဏက္ခန္ဓာတွင် ပညတ်ပြဋ္ဌာန်းပေရာ-

**ပစ္စုပ္ပန်အကျိုးစက် ဝေဒနက္ခန္ဓာသဘော**

၎င်းအကျိုးစက်ဝေဒနာကို မိမိ၏ခန္ဓာကိုယ်တွင် ရှာဖွေသော် မိမိ၏ ခန္ဓာ ၅-ပါး ရုပ်နာမ်ကောင်ကြီးကို ယူမည်လော? ယူနိုင်ပါ၏။ သို့သော် မပြည့်စုံသေးပေ။

စင်စစ်မှာသော် မိမိ၏ခန္ဓာကိုယ်ကြီး၌ရှိသော အကြည်ဓာတ်တို့၌ ကိန်းသည့် (တနည်း) အကြည်ဓာတ်တို့ကို အားပေးသော ပရိပါစက မီးဓာတ်သည်သာ ပရမတ်၊ဝေဒနာ အစစ်ဖြစ်၏။

ယခုသည်က္ခန္ဓာသည် အတိတ်သဘော နိစ္စရိပ် သဿတ အနေဖြင့် ရှိနေ၏။

၎င်းသည်အနမတဂ္ဂ သံသရာမှစ၍ခုရောနောင်ခါ ကောင်းအောင်သာ ဟူသောမြော်မှန်းချက်ဖြင့် ပြုခဲ့လေသမျှသော ကုသိုလ်တရားအပေါင်းတို့သည် စင်စစ် တဏှာပေမဖြင့်/ သာလျှင် ပြုလုပ်ခဲ့ခြင်းဖြစ်၏။ ယခုမှာမူကား ၎င်းကုသိုလ်ရိပ်သည် မိမိပစ္စုပ္ပန်အကျိုးဝေဒနာ၌ချမ်းသာ၏။ အလိုကြ၏- တည်းဟူသောသုခရိပ်ကို အနှစ်အသားအနေဖြင့်ဆွဲကိုင်လျက်(တနည်း) ကိန်းလျက်ရှိနေပေတော့သည်။

ဤသဘောသည်ပင်လျှင် ယခုရှိနေသော ပစ္စုပ္ပန်အကျိုးဝေဒနာ၌ ကိန်းလျက်ရှိနေသည့် သညာမည်၏။ (တနည်း)အနုသယမည်၏။

အကုသိုလ်တရားစုသည် ဥစ္ဆေဒအရိပ် အနာဂတ်သဘော သင်္ခါရက္ခန္ဓာဖြစ်၏၊ အတိတ်သဘော သဿတရိပ် တဏှာရှိသော် အနာဂတ်သဘော ဥစ္ဆေဒရိပ် မာနတရားလည်းရှိမည်သာဖြစ်ပေရာ-

ဥပမာအားဖြင့် တဦးသော ပုဂ္ဂိုလ်သည်ကုသိုလ်တခုကို ပြုသည်ဆိုအံ့၊ အန္ဓပုထုဇဉ်တို့တွင် ဆန္ဒရာဂ(တံနည်း)တဏှာ ဥပါဒါန်ဖြင့် ပြုသည်ချည်းဖြစ်သဖြင့် ၎င်းကုသိုလ်သည်မိမိ၏ကုသိုလ်ဖြစ်ကြောင်း ဘယ်လိုဘယ်ကဲ့သို့ ကြိုးစားစီမံရကြောင်း သူတထူး၏ ကောင်းမှုထက် မနိမ့်စေလိုကြောင်း အစရှိသော သုဘရိပ်ကြွေးကျော်မှုတို့သည် မာနတရားဖြစ်ကြောင်း ထင်ရှားပေသည်။ ဤမှုမက သီလမှု-သမထမှု-ဝိပဿနာမှုတို့၌ပင်လျှင် ၎င်းတရား ယုတ်တို့ဖြင့် မကင်းကြောင်း အထူးသတိပြု၍ ရှုဆင်ခြင်အပ်လှပါသည်။

ဤအနာဂတ်သဘော ဥစ္ဆေဒအရိပ်သည်လည်း ယခုပစ္စုပ္ပန် အကျိုးဝေဒနာ၌ အတိတ်သဘော သဿတရိပ်နည်းတူ ကိန်းလျက်ပင် ရှိနေပေသည်။

(၎င်းသည်လည်း အနုသယပင် ဖြစ်၏)

သို့ဖြစ်၍ သာလျှင် ၎င်းအတိတ်သဘော သဿတရိပ် သညာက္ခန္ဓာနှင့် အနာဂတ်သဘော ဥစ္ဆေဒရိပ်သင်္ခါရက္ခန္ဓာတို့ကို ဆောင်ထားသော ဤပစ္စုပ္ပန်အကျိုးဝေဒနက္ခန္ဓာသည် သဿတ-ဥစ္ဆေဒရိပ် မကင်းစင်သေးသည့်အတိုင်း အာရုံတို့အပေါ်၌ချမ်းသာ၏၊ကောင်း၏ တည်းဟူသော သုခရိပ်ဒိဋ္ဌိသဘော ငါ-ဖြင့် ခံစားနေနိုင်သေး၏ခြင်းပင်ဖြစ်ပေသည်။

ဤကဲ့သို့ သဿတနိစ္စရိပ်သညက္ခန္ဓာ- ဥစ္ဆေဒသုဘရိပ်- သင်္ခါရက္ခန္ဓာနှင့် ဘဿတဥစ္ဆေဒ သုခရိပ် ဝေဒနက္ခန္ဓာ ၃-ပါးတို့ ညီညွတ်သည်ဖြစ်၍ အတ္တရိပ်ဖြင့် ဝိညာဏက္ခန္ဓာကြီး ခေါင်းဆောင်နေနိုင်ခြင်းဖြစ်၏။

**သတိ။** ။ထို့ကြောင့်ပင်လျှင် အောက်မဂ်ပုဂ္ဂိုလ်တို့ စား-ဝတ်-နေရေး တွင် မျှတမှုကိုရှာ၍ နေသေးသည်ဖြစ်ကြောင်း ဉာဏ်မြင်စင်ကြယ်သင့်လှပါသည်။

**သတ်ဆေးမှာ မဂ်အင်္ဂါ ၄-ချက်ဖြစ်ရာ-**

**(၁) အတိတ်သဘော သညက္ခန္ဓာရိပ်-သဿတ-နိစ္စရိပ်နှင့်နိယျာနဋ္ဌသဘာဝ**

ဓမ္မာနုပဿနာ သောတာပတ္တိမဂ်ဉာဏ်ဖြင့်ပထမပယ်သတ်ပြီးခဲ့သော၍အတိတ်အကြောင်းစက် သဿတဒိဋ္ဌိ သညက္ခန္ဓာသည်ယခုအတိတ်သဘော သဿတရိပ်အနေဖြင့်သာလျှင်(တနည်း) အရိပ်အနေဖြင့်သာလျှင် ပစ္စုပ္ပန်အကျိုးဝေဒနာ၌ ကိန်းနေပေရာ- စင်စစ် ၎င်းသဘာဝသည်မြဲ၏ ဟူသော နိစ္စရိပ်သဘောဖြင့် ဆွဲကိုင်ခြင်းငှာမသင့်- ဤကဲ့သို့ မသင့်သည့်သဘာဝကို ပစ္စုပ္ပန် အကျိုးဝေဒနာမှနေ၍ မြင်ခြင်းသည် ထိုထိုသော ဘဝပေါင်းများစွာမှ တဖျာဦးစီး၍ ပြုလုပ်လာခဲ့သော သဿတရိပ်ဖြစ်သည့် ကံကုသိုလ်အပေါင်းမှ ကျွတ်လွတ်သည်ဖြစ်ခြင်းကြောင့် လွတ်မြောက်ခြင်းသဘောဖြစ်သော နိယျာနဋ္ဌ ဆိုက်ရောက်၏။

(ရူဋ္ဌသဘောကို သိမ်းဆည်းခြင်းဖြစ်၏)

**(၂) အနာဂတ်သဘော သင်္ခါရက္ခန္ဓာရိပ် ဥစ္ဆေဒ-သုဘရိပ်နှင့် ဟေတုဋ္ဌသဘာဝ**

ဤသင်္ခါရက္ခန္ဓာရိပ်သည်လည်း သညက္ခန္ဓာရိပ်ဖြင့်သာလျှင် တင့်တယ်ပေရာ (တနည်း) သဿတရိပ်ရှိမှသာလျှင် ဥစ္ဆေဒရိပ်ရှိနိုင်ပေရာ (တနည်း) နိစ္စရိပ်ရှိမှသာလျှင် သုဘရိပ် ရှိနိုင်ပေရာ- ယခု ၎င်း၏အားကိုးမရှိတော့သဖြင့် ဤအနာဂတ်သဘော ဥစ္ဆေဒရိပ်သည် ပြုပြင်ခြင်းငှာ မတတ်နိုင်ပေရကား- မပြုပြင်သောသဘောတည်းဟူသော (တနည်း) အသင်္ခတဓမ္မသို့ ရောက်ကြောင်းသဘောဖြစ်သော ဟေတုဋ္ဌသဘာဝ၌ ကျရောက်ရပြန်၏။

(အနိဋ္ဌသဘောကိုသိမ်းဆည်းခြင်းဖြစ်၏)။

**(၃) ပစ္စုပ္ပန်အကျိုးသဘော-ဝေဒနက္ခန္ဓာ- သဿတဥစ္ဆေဒရိပ်နှင့် ဒဿနဋ္ဌသဘာဝ**

ဤကဲ့သို့ အတိတ်သဘော သဿတ-နိစ္စရိပ်နှင့် အနာဂတ်သဘော ဥစ္ဆေဒသုဘရိပ်တို့မှ ကင်းစင်သော ဤဝေဒနက္ခန္ဓာသည် အာရုံတို့ဖြင့်ဆိုသော် ဣဋ္ဌ-အနိဋ္ဌ (တနည်း) ကောင်း-မကောင်း တည်းဟူသော ခံစားမှု (တနည်း) ဆွဲကိုင်မှုတို့၏ အကျိုးအပြစ်တို့ကို အမှန်မြင်ခြင်း တည်းဟူသော သကဒါဂါမိမဂ်ဉာဏ်ဖြင့်သာလျှင် ကင်းစင်စေသည်ဖြစ်၍ ၎င်းသည် နိဗ္ဗာန် ရောက်ကြောင်းတရားကိုအမှန်မြင်ခြင်း ဒဿနဋ္ဌသဘာဝ၌ ဥက္ကောင်းကျ၏။

## (၄) ပစ္စုပ္ပန်အကြောင်းသဘော ဝိညာဏက္ခန္ဓာ အတ္တရိပ်နှင့် အဓိပ္ပါယ်ယူဖွင့်သဘာဝ

ပစ္စုပ္ပန်အကျိုးရိပ် ဝေဒနာ၌ကိန်းသော ဤပစ္စုပ္ပန်အကြောင်းသဘော ဝိညာဏ်ကြီးသည် ယခု သညာ သင်္ခါရနှင့် ဝေဒနာတို့သည် သက်ဆိုင်ရာမင်္ဂခါးဖြင့် ပယ်သတ်ပြီးဖြစ်သည့် အတိုင်း အနှစ်အသားအနေဖြင့်ဆွဲကိုင်သော အတ္တရိပ်မှ ကျွတ်လွတ်ပြီးလျှင် ကြီးမှူးစိုးရခြင်း တည်းဟူသော အဓိပ္ပါယ်ယူဖွင့်သဘာဝ၌ နောက်ဆုံးဝင်စံသည်ဖြစ်၏။

ဤတွင် ထိုအရိယာမြတ်သည် ပစ္စုပ္ပန်အကျိုး ဝေဒနာ၌ကိန်းသော အတိတ်သဘော သဃတ နိစ္စရိပ်နှင့် အနာဂတ်သဘော-ဥစ္ဆေဒ-သုဘရိပ်-အနုသယကို စိတ္တာနုပဿနာ သကဒါ ဂါမိ မဂ်ဉာဏ်ဖြင့်ပယ်သတ်နိုင်သည်ဖြစ်၍ ကိလေသာ ကာမဂုဏ် အာရုံတို့အပေါ်၌ လျှပ်ပေါ် စိတ်ဖြင့် အဘိဇ္ဈာ ဗျာပါဒ (တနည်း) ဣဋ္ဌ အနိဋ္ဌ- (တနည်း) ကောင်း-မကောင်းစသော ခံစားမှု လှည့်ပတ်မှုတို့မှ လွတ်ငြိမ်းတော်မူပြီဖြစ်ပေသည်။

**သတိ၊** ။အချုပ်ဆိုသော် ထိုအရိယာမြတ်သည် နာမနှင့် သဏ္ဌာနပြုတ်သည်ဖြစ်၍ အာရုံတို့အပေါ်၌ အချင်းခပ်သိမ်း ကောင်း-မကောင်းသဘောတို့မှလွတ်သော ဣဋ္ဌမဇ္ဈတ္တာရုံ (တနည်း)အနှစ်အသားအနေဖြင့် မဆွဲကိုင်သော "အကောင်းသဘော"လက်ခံတော်မူ၏။ အဘယ့်ကြောင့်ဟူမူ သတ္တဝါတို့တွင် မကောင်းသောအာရုံကို (တနည်း) မနှစ်သက်သောအာရုံကို ခံစားလေ့ရှိသည်မဟုတ်သဖြင့် အနိဋ္ဌ မဇ္ဈတ္တာရုံဟူ၍မရှိပေ။

**(ဤတွင် စိတ္တာနုပဿနာ သကဒါဂါမိမဂ်ဉာဏ်ပိုင်းပြီး၏။)**

၇-၁၁-၆၇

(၇-၁၁-၆၇ နှင့် ၀-၁၁-၆၇ နေ့ရက်များတွင် ဆရာတော်ဘုရား အထူး မကျန်းမာ တော်မူ၍ တရားတော် နားတော်မူသည်။

၉-၁၁-၆၇

### ဝေဒနာနုပဿနာ-အနာဂါမိမဂ်ဉာဏ်အပိုင်း

မဟာသတိပဋ္ဌာန်၌ ရှင်တော်မြတ် ဘုရားဟောကြားတော်မူသော ဝေဒနာ တရားသည် ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်၏ဝေဒနာ သဘောကို ဟောကြားတော်မူသည်။

အန္ဓ ပုထုဇဉ်များ ခံစားသော သညာဝိညာဏ်စွဲ ဝေဒနာကိုသတိပဋ္ဌာန်၌ ဟောကြား တော် မမူပေ။


**သတိ။ ။ပဋိစ္စသမုပ္ပါဒ်ဝေဒနာဆိုသည်မှာ-**

အကြောင်းတရား ၄-ပါးနှင့်တကွ ၂၉-ပါးသော ကံတရား တို့၏ဖြစ်ပေါ်မှု သဘော တရားကို ခေါ်သည်။

အန္ဓပုထုဇဉ်တို့နှင့် ဝိပဿနာ အောက်ဉာဏ်တို့၏ ခံစားသော အာရုံနှင့် အာရမ္မဏိက ပေါင်းဆုံသဖြင့် သုခ-ဒုက္ခ-ဥပေက္ခာ ထွက်ပေါ်လာခြင်းမျိုးလည်း မဟုတ်ပေ။

(ပုံစံအမှတ် ၃၉)

**မဂ်ပုဂ္ဂိုလ် ၄-ပါး ခံစားပုံ**




(၁) သောတာပန်ပုဂ္ဂိုလ်သည်=အတိတ် အနာဂတ် ၂-ပါးကို ဆွဲကိုင်၍ ခံစားခြင်းအလျဉ်း မရှိပေ၊ ပစ္စုပ္ပန် အာရုံရိပ်ကိုသာ ခံစားတော်မူသည်၊

(၂) သကဒါဂါမ်ပုဂ္ဂိုလ်သည်= သောတာပန်ပုဂ္ဂိုလ်နှင့် ခံစားသည်ခြင်း မထူးခြားနားသော်လည်း ပစ္စုပ္ပန်အရိပ်၌ သုခဝေဒနာ- ဥပေက္ခာဝေဒနာ ၂-ပါးနှံ့ လွတ် အောင် ခံ စား တော်မူသည်၊

(၃) အနာဂါမ် ပုဂ္ဂိုလ်သည်= ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်၌ ပစ္စုပ္ပန်အကြောင်းရိပ်ခေါ် အတိတ်သဘော အကြောင်းကံ-အနာဂတ်သဘော အကြောင်းကံ- ပစ္စုပ္ပန်သဘော အကြောင်းကံ ဝေဒနာကို ပယ်နုတ်တော်မူသည်။ပစ္စုပ္ပန်အကျိုးရိပ်၌ ခံစားခြင်းမျှသာရှိသည်။

ဥပမာ- လူမှုရေးရာကြီး ၄-မျိုးတို့ထွင် စားမှုတခုအပေါ်မှာသာလျှင် အသက်ကို စောင့်ရှောက်ရန်အတွက် ပစ္စုပ္ပန်အရိပ်ဝေဒနာကိုသာ ခံစားတော်မူပါသည်။

(၄) ရဟန္တာ ပုဂ္ဂိုလ်သည်= ပစ္စုပ္ပန်သက်သက် အကျိုးဝေဒနာမျှ ကိုသာ သာယာမှု အနေဖြင့် ခံစားခြင်းရှိပေသည်။

**ဝေဒနာနုပဿနာ အကျဉ်းချုပ် ဦးခေါင်း ချုပ်ပုံသဘာဝ**

ဥပမာ-ကျန်းမာရေးအတွက် ဆေးဝါးမှီဝဲခြင်းမျိုးကို ဆိုလိုပါသည်၊

**သတိ**။ ။(တနည်း) အာရုံနှင့်တွေ့၍ ခံစားကြသော အာရမ္မဏိက သဘောတရားတို့ကိုအကျဉ်း ဝေဘန်သော် အာရုံသဘော၌ခံစားခြင်းသည် ၄-မျိုးရှိ၏။

(၁) နာမပညတ်နှင့် သဏ္ဌာနပညတ် ၂-ပါးကို အနှစ်အသားအနေဖြင့် စွဲ၍ခံစားခြင်းသည် အန္ဓပုထုဇဉ်တို့၏ ခံစားခြင်း ဖြစ်ပေသည်။ ဤကဲ့သို့ ဣဋ္ဌ-အနိဋ္ဌကိုသာဆွဲ၍ အနှစ် အသား အနေဖြင့် ခံစားခြင်းမျိုးကား သောတာပန် ပုဂ္ဂိုလ်တို့၌ မရှိပေ၊

(၂) သကဒါဂါမ်ပုဂ္ဂိုလ်သည်လည်း သောတာပန်ပုဂ္ဂိုလ်နည်းတူ ဖြစ်ပါသည်၊

(၃) သုခ-ဒုက္ခ-ဝေဒနာအနေဖြင့် ခန္ဓာကိုယ်ပေါ်၌ အနှစ်အသားအနေဖြင့်စွဲ၍ ခံစားခြင်းမျိုးသည် အနာဂါမ်ပုဂ္ဂိုလ်တို့၌ မရှိပေ။

ဤခံစားခြင်းမျိုးကား သဿတဒိဋ္ဌိ-ဥစ္ဆေဒဒိဋ္ဌိ ၂-ပါးမှ ထွက်ပေါ်လာသော ခံစားခြင်းမျိုးပင် ဖြစ်ပေသည်။

(၄) ဖဿအရိပ်ဖြစ်ပေါ်အောင် ပစ္စုပ္ပန်ခန္ဓာကိုယ်ပေါ်၌ အနှစ်အသားအနေဖြင့် ခွဲ၍ ခံစားခြင်းသည် ရဟန္တာပုဂ္ဂိုလ်တို့၌မရှိပေ။

ရဟန္တာပုဂ္ဂိုလ်တို့သည် ခန္ဓာကိုယ်ပေါ်၌ ပစ္စုပ္ပန်ဝေဒနာရိပ် ကင်းပြတ်နေသောကြောင့် တဏှာ-ဥပါဒါန်-ဘဝ-ဇာတိ-ဇရာစသော တရားအလုံးစုံ ဇာတ်သိမ်းတော်မူသည်ဖြစ်ပေသည်။

သတိ။ ။အနာဂါမ်ပုဂ္ဂိုလ်သည်ပင်လျှင် ဝေဒနာအရိပ်ကို ဇာတ်မသိမ်းနိုင်သေးသဖြင့် ၃၁-ဘုံ၏ ဝဋ်မြစ်ငုတ်မပြတ်သေး အကျိုးဝေဒနာဆိုနိုင်၏။ ဝဋ်မြစ်ငုတ်ကို လက်တွေ့နည်း ဝေဘန်ရန်ဖြစ်ပေသည်။

ဤဝေဒနာ နုပဿနာ၌ရှိသော ကံအကြောင်းရိပ်သုံးပါးတို့သည် ပစ္စုပ္ပန် ဖဿရိပ်တွင် စွဲနေကြပေသည်။

၎င်းကံအကြောင်းရိပ် ၃-ပါးကိုပယ်လျှင် ပစ္စုပ္ပန်တွင် ဖဿအရိပ်မရှိတော့၍ ဝေဒနာရိပ်ကို ဝဋ်မြစ်ရိပ်ဟုခေါ်ရ၏။

ရဟန္တာပုဂ္ဂိုလ်သည် ပစ္စုပ္ပန်ဝေဒနာရိပ်ကို အလုံးစုံသိမ်းဆည်းတော်မူနိုင်သဖြင့် ရဟန္တာပုဂ္ဂိုလ်၌ရှိသော ဝေဒနာသည် တခဲနက်ဝေဒနာ-တုန်လှုပ်ခြင်းကင်းသောဝေဒနာ-ခံစားခြင်းကင်းသောဝေဒနာ-နိဗ္ဗာနဓာတ်ကိုယူနိုင်သောဝေဒနာဖြစ်ပေသည်၊ အကျိုးတရားလည်းကင်းဆိတ်၏။

**ဤဝေဒနာနုပဿနာ၌ အကြောင်းကံရိပ် ၃-ပါးကိုခွဲခြားသော်**

(၁) သဿတနှင့်ယှဉ်သော ကံအကြောင်းရိပ်-အတိတ်သဘော-တဏှာ-ငါဖြစ်၏။

(၂) အနာဂတ်ကံအကြောင်းရိပ်ကား ဥစ္ဆေဒဒိဋ္ဌိနှင့်ယှဉ်သောမာန ငါဖြစ်၏။

(၃) ပစ္စုပ္ပန် ကံအကြောင်းရိပ်ကား သဿတဥစ္ဆေဒဒိဋ္ဌိ ၂-ပါးနှင့်ယှဉ်၍ ဒိဋ္ဌိငါဖြစ်၏။

ပုံစံတွင်ဖော်ပြထားသော ကံရိပ် ၃-ပါးကို ဖဿအရိပ်ဟုခေါ်၏၊ အာရမ္မဏိက အရိပ်ဟုလည်းခေါ်၏၊ ပညတ်ရိပ် ၃-ပါးဟုလည်းခေါ်၏။

၎င်း ဖဿရိပ် ၃-ပါးကိုပယ်လိုက်လျှင် ပစ္စုပ္ပန်အကြောင်းစက်ရဟတ် ကင်းပြတ်သဖြင့် အကျိုးစက်ရဟတ်တပါးသာလျှင် ကြွင်းကျန်တော့၏။

မဂ်သတ်ပုံကို သဘောပိုင်အောင် ဝေဘန်ရန်ဖြစ်ပေသည်။

**အနာဂါမိမဂ်ဉာဏ်ပယ်သတ်ပုံ**

(၁) **ဒဿနဋ္ဌဆိုသည်မှာ** = မဖောက်မပြန် အမှန်မြင်ခြင်းသဘောတရားကို ဆိုလိုပါသည်၊ပစ္စုပ္ပန်အကြောင်းကံရိပ်သည် ၃၁-ဘုံ၌ ပြန်လည်ဖြစ်ပေါ်နိုင်ခြင်းမရှိပေ၊အတိတ်အကြောင်းစက် အနာဂတ်အကျိုးစက်ရဟတ် ၂-ပါးပြတ်ပြီးဖြစ်၍ ပစ္စုပ္ပန်အကြောင်းတရားသည် အနာဂတ်

မျိုးမချနိုင်၊ ပစ္စုပ္ပန်အကြောင်းကံရိပ်၏ သဘာဝကို သဘာဝအတိုင်း အမှန်မြင်ခြင်းကို ဒဿနဋ္ဌ ဟုခေါ်ဆိုရ၏။

(၂) **နိယျာနဋ္ဌဆိုသည်မှာ=** ၃၁-ဘုံမှ လွတ်မြောက်ခြင်းသဘောဖြစ်၏၊ ပုံစံကွင်ဖော်ပြထားသော အတိတ်အကြောင်းကံရိပ်ကိုပယ်ဖြတ်၏။ အတိတ်အကြောင်းကံရိပ်သည် ပစ္စုပ္ပန်အကြောင်းကံရိပ်နှင့် ဆက်စပ်နိုင်မှသာလျှင် အတိတ်အကြောင်းကံရိပ်ကို တစင်ထောင်နိုင်သည်ဟုဆိုရန်ရှိပေသည်၊ပစ္စုပ္ပန်အကြောင်းကံရိပ်မှာ ဆက်စပ်နိုင်သောပရမတ်သဘောတရားသုဉ်းဆိတ်နေပါသဖြင့်အတိတ်အကြောင်းကံရိပ်နှင့် ဆက်စပ်၍မရနိုင်ပါ၊ပညတ်ရိပ်အစဉ်မပြတ် ဆဲသေး၍သာဆက်စပ်သည်ဟုထင်မှတ်နေကြခြင်းသာဖြစ်၏၊သဘာဝအစစ်အမှန်ကားအတိတ်အကြောင်းကံရိပ်သည် သုဉ်းဆိတ်နေသော အနတ္တဓာတ်မှာ ဥက္ကောင်းချနေခြင်းကို နိယျာနဋ္ဌဟုခေါ်သည်။

(၃) **ဟေတုဋ္ဌ ဆိုသည်မှာ=** အသင်္ခတဓမ္မသို့ရောက်ကြောင်းကို ဆိုလိုသည်။ အနာဂတ်အကြောင်းကံရိပ်သည် သူ့သဘာဝအားဖြင့် သဘာဝအတိုင်း ဝေဘန်လျှင် ဆိတ်သောသဘာဝသို့ ဥက္ကောင်းကျနေပါမည်။ ၃၁-ဘုံ၌ တဖန်ပြန်လည်၍ မပေါ်နိုင်ခြင်းကို ဆိတ်သည်ဟူ၍၎င်း၊ ဟေတုဋ္ဌဟူ၍၎င်း ခေါ်ဆိုရ၏။

(၄) **အဓိပ္ပတေယျဋ္ဌဆိုသည်မှာ=ကြီးမှူးစိုးရခြင်း** သဘောတရားကို နိဗ္ဗာနဓာတ်ကို မျက်မှောက်ပြုခြင်း၊ နိဗ္ဗာနဓာတ် ဝင်နိုင်ခြင်းကိုခေါ်ဆိုသည်။

ဒဿနဋ္ဌစသော သဘောတရား ၃-ပါးတို့၏ သင်္ခတလောကကြီးတခုလုံးကို ပယ်သတ်နုတ်သိမ်းဇာတ်ငြိမ်းလိုက်ခြင်းသည် အကျိုးတရားခေါ် အဓိပ္ပတေယျဋ္ဌ သဘောတရား အသင်္ခတဓာတ်ဆိုက်ရောက်ဝင်သွားခြင်းပင်ဖြစ်သည်။

**သတိ။** ။ဆိုလိုရင်းမှာ ပစ္စုပ္ပန်အကြောင်းရိပ် အာရမ္မဏိကသဘောတရား ၃-ချက် ဇာတ်သိမ်းပိုက်ခြင်းသည် သမုတိသစ္စာနယ် (တနည်း) အဝိဇ္ဇာတဏှာနယ်(တနည်း) ဖဿနယ်ကြီးဇာတ်သိမ်းသည်ဟုမှတ်ပါ။

ပစ္စုပ္ပန်အကျိုးရိပ်ခေါ် ဝေဒနာကို သိမ်းပိုက်လိုက်ခြင်းသည် နိဗ္ဗာနဓာတ်ကို သိမ်းဆည်းသည်ဟုမှတ်ပါ။

ဤသည်ကား အဓိပ္ပတေယျဋ္ဌသဘောတရားပင်တည်း။

''အနိဿိတောစ-ဝိဟရတိ''ဟူသော အကျိုးတရား သတိပဋ္ဌာန်တွင် အနာဂါမိမဂ်ဉာဏ်သည် ဥက္ကောင်းဆိုက်၍ သတိပဋ္ဌာန်တရားကို ခံယူတော်မူသည်ဟု ရှုမြင်တော်မူကြပါကုန်-

ဤကဏ္ဍ၏ဝေဒနာသည် အထက်၌ဖော်ပြခဲ့သည့်အတိုင်း အချိုကိုစားလို၍ ထန်းလျက်အရသာကို ခံစားသောလူတိုင်းသိဖြစ်သော ဝေဒနာမျိုးမဟုတ်ပေ၊ ပညာဖြင့်ယှဉ်သော ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်၏ဝေဒနာမျိုးသာလို၏။

**သတိ။** **။ဝေဒနာအစစ်သဘာဝ**

အချုပ်ဆိုရပါမူ ၂၉-ပါးသောကံတရားကို ခံစားလိုသဖြင့် ပြုလုပ်သည်ဖြစ်၍ ဝေဒနာအစစ်ဖြစ်၏၊(တနည်း) စိတ်တခု ယုတ် ကိုးဆယ်(၈၉)သည်လည်းဝေဒနာပင်ဖြစ်၏။

**ဝေဒနာ ၃—မျိုးသဘာဝ**

(၁) **သာမိသဝေဒနာ** = ငါ-ငါ့ဟူသောအနေဖြင့် ခံစားခြင်း (တနည်း)ဝိညာဏ်ဖြင့် ခံစားခြင်း (တနည်း) သဿတဒိဋ္ဌိနှင့်ယှဉ်၍ ခံစားသောဝေဒနာဖြစ်၏။

(၂) **နိယာမိသဝေဒနာ** = ဥစ္ဆေဒဒိဋ္ဌိဖြင့် ယှဉ်၍ခံစားသော ဝေဒနာဖြစ်၏။

(၃) **သာမိသနိရာမိသ ဝေဒနာ** = အတ္တဒိဋ္ဌိနှင့်ယှဉ်၍ အန္တပုထုဇဉ်တို့ ခံစားသော သုခ-ဒုက္ခ-ဥပေက္ခာ-ဝေဒနာဖြစ်၏။

(ဤကဏ္ဍ၏ ဟောစဉ်သည် ဆရာတော်ဘုရား အထူးမကျန်းမာတော်မူ၍ စာဖြင့်ရေး၍ ချီးမြှင့်တော်မူသည်)။

(ဤတွင်-ဝေဒနာနုပဿနာ-အနာဂါမိမဂ်ဉာဏ်အပိုင်း ပြီး၏)။

၁၀-၁၁-၆၇ (ပုံစံအမှတ် ၄၀)

**ကာယာနုပဿနာ-အရဟတ္တမဂ်ဉာဏ်အပိုင်း**


အရဟတ္တမဂ်ကြီး၌ ဥက္ကောင်းမချမီအဆင်း အကြည်-အမြင်- အသိ-စသော ဓမ္မ ၄-ချက်နှင့် မဂ် ၄-ပါး အနုပဿနာ ၄-ပါးနှင့် အကျိုးတရား အသီးသီးတို့ကို ပထမဉာဏ်မိစေရာ၏။

(၁) **သောတာပတ္တိမဂ်** =“အသိသဘော ကို” ပယ်သတ်၍ “ယာဝဒေဝဉာဏမတ္တာယ”= ဥက္ကောင်းဆိုက်ရောက်၏။

(၂) **သကဒါဂါမိမဂ်သည်** = “ အ မြင် သဘော”ကို ပယ်သတ်၍“ယာဝဒေဝ ပဋိဿတိ မတ္တာယ”=သတိ၏ ပွားများခြင်းအကျိုးတရားကို ရ၍စိတ္တာနုပဿနာ၌ ဥက္ကောင်း ဆိုက်ရောက်၏။

(၃) **အနာဂါမိမဂ်သည်** = “အကြည် သဘော”ကို ပယ်သတ်၍ “အနိဿိတောစဝိဟ ရတိ” = တဏှာဒိဋ္ဌိတို့ကိုမမှီမူသော အကျိုးတရား ကိုရ၍ ဝေဒနာ နုပဿနာ၌ ဥ ကွောင်း ဆိုက် ရောက်၏။

(၄) **အရဟတ္တမဂ်သည်**= “အ ဆင်း သ ဘော”ကို ပယ်သတ်မည် ဖြစ်ပေသည်။ နစကိဉ္စိ လောကေ ဥပါဒိယတိ= ဥပါဒါနက္ခန္ဓာဟူသော အစွဲလောက၌ တစုံတခုသောသဘော တရားကိုမျှ မစွဲလန်းမူသော အကျိုး တရားကိုရ၍ ကာယာ နုပဿနာ၌ ဥက္ကောင်းချမည်ဖြစ်ပေရာ-



ဤကဲ့သို့ ဓမ္မ ၄-ချက်တွင် အသိ-အမြင်နှင့် အကြည်တို့ကို အောက်မဂ် ၃-ပါး အသီးသီး ပယ်သတ်ပြီးခဲ့၏။

ယခု အရဟတ္တမဂ်အတွက် အဆင်းသဘောတရားသာကျန်၏။ သို့ဖြစ်သော် ၎င်းအဆင်းသည် အဘယ်ကဲ့သို့သော အဆင်းဖြစ်ပါသနည်း။

(ရှေ့တွင် ထင်ရှားပါမည်)

**တဖန် ခန္ဓာအားဖြင့်သော်-**

(၁) သောတာပန် ပုဂ္ဂိုလ်သည်= သညာက္ခန္ဓာနှင့် သင်္ခါရက္ခန္ဓာ အနုသယခန္ဓာ ၂-ပါး ကိုပယ်တော်မူသည်၊

(၂) သကဒါဂါမိ ပုဂ္ဂိုလ်သည်= ဝိညာဏက္ခန္ဓာကို ပယ်တော်မူသည်၊

(၃) အနာဂါမိပုဂ္ဂိုလ်သည်= ဝေဒနာက္ခန္ဓာကိုပယ်တော်မူသည်၊

(၄) ရဟန္တာ ပုဂ္ဂိုလ်သည် = ရူပက္ခန္ဓာကိုပယ်သတ်တော်မူမည်ဖြစ်ပေရာ- သို့ဖြစ်သော် အဘယ်ကဲ့သို့သော ရူပက္ခန္ဓာမျိုးပေနည်း။

**သတိ၊** ။၎င်းရူပက္ခန္ဓာသည် ယခုနာမပညတ်ရိပ်(တနည်း) အာရုံဓမ္မ အနေဖြင့် ရှိသော ခန္ဓာဖြစ်၏။

**သတိ။** ။**အရဟတ္တမဂ်ဉာဏ်၏ ပယ်ပုံသဘာဝ**

(၁) ရူပက္ခန္ဓာ ဆိုသည်မှာ-နာမ်ခန္ဓာ ၄-ပါးတို့၏ အာရုံကိုဆွဲကိုင်သဖြင့်ပေါ်ထွက်လာရသော အာရမ္မဏိက မပါ အာရုံသက်သက် သဘောတရားမျှကို ရူပက္ခန္ဓာ ဟုခေါ်၏။

ဆိုလိုရင်းမှာ-ရုပ်တရားမျိုး၌ ဥတုအကြောင်း-အာဟာရ အကြောင်း- စိတ်အကြောင်း-ဤအကြောင်း ၃-ပါးကင်းဆိတ်၍ ကံအကြောင်းခေါ် ပစ္စုပ္ပန်သက်သက် သဘောတရား မျှကို ရူပက္ခန္ဓာဟု ခေါ်၏။

(၂) အဘိဓမ္မာနည်းအရရူပက္ခန္ဓာကို တရားကိုယ်ကောက်သော် ပညတ်ရိပ် ၃-ပါး ပေါင်းစုသော အာရုံသဘောသက်သက်ကို ကောက်ယူနိုင်ပါသည်။ ထိုအာရုံသဘောတို့၌ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ သဿတဥစ္ဆေဒဒိဋ္ဌိ ကိန်းဝပ်လျက် ရှိနေသေးသည်။

ဤဒိဋ္ဌိ ၃-ပါး ပညတ်ရိပ် ၃-ပါးတို့သည် အာရုံ သဘော၌ အစဉ် ရှိနေသောကြောင့် ပစ္စုပ္ပန်ခဏဟု ခေါ်ဆိုခြင်း၌ ထိုပစ္စုပ္ပန်သည် အကျိုးရိပ်မပြတ်သေးသဖြင့် မဂ်ဉာဏ်သို့ မဝင်နိုင်သေးဖြစ်၏။

**ဤကလာ၏တရားခံအစစ်သဘော**

ယခုကျန်နေသေးသည်ဆိုသော နာမပညတ်ရိပ်သည် ဥပမာ = လူသေသော်လည်း နာမည်မသေ ကျန်သကဲ့သို့ပင်ဖြစ်၏၊ (တနည်း) သင်္ကေတပရမတ်ဟူက မကျန်ရှိသော သဘောဖြစ်၏။

၎င်းသည် အာရုံသဘောမျှဖြစ်သော်လည်း လောကတခုလုံးကို ချုပ်ကိုင်နိုင်သည့် သဘာဝကို ဥာဏ်မြင်ရှင်းသင့်လှပါသည်။

၎င်းမချုပ်သမျှ ၃၁-ဘုံ ဇာတ်မသိမ်းနိုင်ပေ၊ အဘယ့်ကြောင့်ဟူမူ ဤအာရုံသဘောမှသည် အာရမ္မဏကမှတဆင့် သံသရာ့စက်ရဟတ် လည့်ပတ်မည်ဖြစ်သောကြောင့်ပေတည်း။

**သတိ။** ။အချုပ်ဆိုပါမူ ဤနာမပညတ်ရိပ် တည်းဟူသော အာရုံရိပ် သဘောမျှသည် တခြားမဟုတ်ပေ၊ ၎င်းသည် ပညတ်နာမ်သဘောပင်ဖြစ်ပေသည်။

**ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်ဖြင့်သော်**

(၁) သောတာပန်ပုဂ္ဂိုလ်နှင့်
(၂) သကဒါဂါမ်ပုဂ္ဂိုလ်သည် } အတိတ်အကြောင်းစက် နှင့် အနာဂတ် အကျိုးစက်ကို ပယ်ဖြတ်တော်မူကြ၏။

(၃) အနာဂါမ်ပုဂ္ဂိုလ်သည် = ပစ္စုပ္ပန်အကြောင်းစက်ကို ပယ်ဖြတ်တော်မူ၏။

(၄) ရဟန္တာပုဂ္ဂိုလ်သည် = ပစ္စုပ္ပန်အကျိုးစက်ကိုပယ်ဖြတ်တော်မူမည်ဖြစ်၏။

**(တနည်း)**

(၁) သောတာပန်ပုဂ္ဂိုလ်သည် = အတိတ်အကြောင်းစက်နှင့် အနာဂတ်အကျိုးစက်ကို ပယ်ဖြတ်တော်မူ၏။

(၂) သကဒါဂါမ်ပုဂ္ဂိုလ်သည် = ပစ္စုပ္ပန်အကြောင်းစက်ကို ပယ်ဖြတ်တော်မူ၏။

(၃) အနာဂါမ်ပုဂ္ဂိုလ်သည် = ပစ္စုပ္ပန်အကျိုးစက်တွင်ကိန်းသော အကြောင်းစက်ကို ပယ်ဖြတ်တော်မူ၏။

(၄) ရဟန္တာပုဂ္ဂိုလ်သည် = ပစ္စုပ္ပန်အကျိုးစက်ကိုပယ်ဖြတ်တော်မူမည်ဖြစ်၏။

သို့ဖြစ်၍ မိမိ၏ခန္ဓာတွင်၎င်း၊ ဖော်ပြပါ ပစ္စုပ္ပန်အကျိုးစက် ဘယ်သဘာဝဖြင့် ရှိနေပုံကို ရှုဆင်ခြင်သော်-

**သတိ။** ။မီးခတ်ဖြင့်ရှုရာ၏၊ ပရိပါစက မီးခတ်သည် အတိတ်အကြောင်း ဇနကံဖြစ်ကြောင်း သိပြီး၏၊ ၎င်းကို အနာဂါမိမဂ်ဥာဏ်က ပယ်သတ်ပြီးခဲ့၏၊ ယခု ပစ္စုပ္ပန် အကျိုးသက်သက်ဖြစ်သော ပရိပါစက မီးခတ်သာလျှင်ရှိကြောင်းနှင့် ၎င်း၌ နိဗ္ဗာန်မီးခတ်မြတ်ကိန်းလျက်ရှိပြီဖြစ်ကြောင်း အထူးဥာဏ်မိသင့်ပါသည်။

သို့သော် နာမပညတ်ရိပ်ကား ရှိနေပေသေးသဖြင့် ဤသဘောတရားကို ရည်တော်မူသော ရှင်တော်မြတ်သည် ပဋိကူလမနသိကာရအပိုင်းဖြင့် ကေသာ-လောမာအစရှိသော နာမပညတ် "အပေါင်းသဘော"ကို အမည်သုဉ်းဆိတ်စေရန် ခွဲစိပ်စေခြင်းဖြစ်၏။

၁၁-၁၁-၆၇

**အာရုံသဘာဝ**

တခုသောအဆင်းဓာတ်ကို စက္ခုအကြည်ဓာတ်ဖြင့်ဆုံသောအခါ၌ ထိုအဆင်းသည် မြင်သူတွင် အာရုံအနေဖြင့်ထင်၏။

ဥပမာသော် စက္ကူပေါ်၌ရိုက်နှိပ်သော တံဆိပ်ကဲ့သို့ဖြစ်၏။ စက္ကူသည် = အဆင်းသဘော၊ တံဆိပ်တုံးသည် အကြည်သဘော၊ ထင်သောတံဆိပ်သည် အာရုံသဘော၊ ရိုက်နှိပ်ခြင်း အမှုအယာသည် အာရမ္မဏိကသဘောဖြစ်၏။

ယခုကဏ္ဍတွင် တံဆိပ်တုံးကားမရှိပြီ ထင်နေသောတံဆိပ် (တနည်း) ၌အာရုံရိပ်သဘောသည်သာကျန်ရှိ၏၊ ၎င်းကိုသိမ်းဆည်းနိုင်သော် အရဟတ္တမဂ်၌ဝင်၏။

အောက်မဂ်ပုဂ္ဂိုလ် ၃-ယောက်တို့မှာထိုအာရုံရိပ်(တနည်း)ပညတ်ရိပ် ၃-ပါး(တနည်း) ပစ္စုပ္ပန်အကျိုးရိပ်ကို မသိမ်းနိုင်ကြသည်ဖြစ်သောကြောင့် ဘဝကျန်ခြင်းဖြစ်၏။ ၎င်းကို ဥပါဒိခန္ဓာ ဟုလည်းခေါ်ဆိုရ၏။

**သတိ။ ။ဤအာရုံရိပ်ကို ပယ်သတ်ရန်လုပ်ငန်းစဉ်မှာ**

သ်ာတပရမတ် ထင်ရှားသော အောက်မဂ် ၃-ပါးတွင် အနတ္တဖြင့် ပယ်သတ်ခဲ့၏၊ယခုမှာမူကား ပရမတ်တရားမရှိပြီ၊ ပညတ်ရိပ်သန့်သန့်သာ ကျန်ရှိသည်ဖြစ်၍ ဒုက္ခဖြင့်သိမ်းဆည်းရန်ဖြစ်ပေသည်။

ထို့ကြောင့် ၎င်းပညတ်ရိပ်ကို အပြီးတိုင်ပယ်သတ်ပြီးသော ရဟန္တာ အရှင်မြတ်တို့တွင် သုခ-ဒုက္ခ ချုပ်ငြိမ်းသည့်အတိုင်း-တုန်လှုပ်ခြင်းမရှိဟု ကြည်ညိုကြရပါသည်။

၃၁-ဘုံ၌ ထက်အောက် စုန်ဆန် ကြဉ်လည်ကြရကုန်သော သတ္တဝါ အနန္တတို့တွင် သဿတဒိဋ္ဌိ-ဥစ္ဆေဒဒိဋ္ဌိ ၂-ပါးကို ရင်ဝယ်ပိုက်၍ မကွေမကွာ ဇာတ်ကရ၍လာခဲ့ကြရပေသည်။

**သဿတဒိဋ္ဌိ-ဥစ္ဆေဒဒိဋ္ဌိ ထွက်ပေါ်ခြင်းသဘာဝ**

(၁) ရုပ်တရား-နာမ်တရား ၂-ပါးတို့မှလည်း သဿတဒိဋ္ဌိ-ဥစ္ဆေဒဒိဋ္ဌိ ၂-ပါးတို့ ထွက်ပေါ်၏။ ထိုဒိဋ္ဌိတို့ကား အန္ဓပုထုဇဉ်တို့၏သန္တာန်၌ရှိသော ဒိဋ္ဌိမျိုးဖြစ်၏၊ ကလျာဏမျက်စိပေါက်သော ပုဂ္ဂိုလ်များပယ်နိုင်သည်။

(၂) ခန္ဓာ ၂-ပါး၌ရှိသော သဿတဒိဋ္ဌိ-ဥစ္ဆေဒဒိဋ္ဌိတို့ကိုကား သမ္မသနဉာဏ်-ဥဒယဗ္ဗယဉာဏ် ၂-ပါးပိုင်သော ပုဂ္ဂိုလ်များပယ်နိုင်သည်။

ဆိုလိုရင်းမှာ ရုပ်တရား-နာမ်တရားမှထွက်သော ဒိဋ္ဌိ- ခန္ဓာမှထွက်သောဒိဋ္ဌိ ဟူ၍ ၂-မျိုးရှိကြောင်း ဆိုလိုပါသည်။

ပဋိစ္စသမုပ္ပါဒ် စက်ရဟတ် ၄-ပါးမှလည်း သဿတဒိဋ္ဌိ-ဥစ္ဆေဒဒိဋ္ဌိ ၂-ပါးတို့သည် ပေါ်ထွက်လျက်ရှိနေကြပေသည်။

(၃) အတိတ်အကြောင်းစက်မှ ထွက်ပေါ်လာသော သဿတဒိဋ္ဌိ-ဥစ္ဆေဒဒိဋ္ဌိ ၂-ပါးတို့ကို အရင်းထား၍ သောတာပန်ပုဂ္ဂိုလ် ပယ်တော်မူသည်။

(၄) အနာဂတ်အကျိုးစက်မှ ထွက်ပေါ်လာသော သဿတဒိဋ္ဌိ-ဥစ္ဆေဒဒိဋ္ဌိ ၂-ပါးတို့ကိုကား သကဒါဂါမ်ပုဂ္ဂိုလ် အရင်းထား၍ပယ်တော်မူသည်။

(၅) ပစ္စုပ္ပန်အကြောင်း စက်ရဟတ်မှ ထွက်ပေါ်လာသော သဿတဒိဋ္ဌိ- ဥစ္ဆေဒဒိဋ္ဌိ ၂-ပါးတို့ကို အနာဂါမ်ပုဂ္ဂိုလ်သည် အရင်းထား၍ ပယ်တော်မူသည်။

(၆) ပဋိစ္စသမုပ္ပါဒ်အကြိုးစက်ရဟတ်မှ ထွက်ပေါ်လာသော သင်္ခါရဒိဋ္ဌိ-ဥစ္ဆေဒဒိဋ္ဌိ ၂-ပါးကို ရဟန္တာပုဂ္ဂိုလ်သည် အမှုံးထား၍ ပယ်တော်မူသည်။

ထို့ကြောင့် ဤဖော်ပြပါ ဒိဋ္ဌိ ၂-ပါးတို့၏ ချယ်လှယ်ပုံသဘောသဘာဝကို ဉာဏ်ကုန်နှိုက်၍ ရှုဆင်ခြင်အပ်ပါသည်။

**အာရုံရိပ်သဘောကို ခွဲစိပ်ဝေဘန်ပုံ**

(၁) အတိတ်သဘော နာမပညတ်ရိပ်သည်- ပဋိစ္စသမုပ္ပါဒ်သညာရိပ်ဖြစ်ပုံကိုရင်း

(၂) အနာဂတ်သဘောသဏ္ဌာနပညတ်သည်-ပဋိစ္စသမုပ္ပါဒ်သညာရိပ်ပင်ဖြစ်ပုံကိုရင်း

(၃) ပစ္စုပ္ပန်သဘောသမူဟပညတ်သည်လည်း- ပဋိစ္စသမုပ္ပါဒ်သညာရိပ်ပင်ဖြစ်ပုံကိုရင်း-

(တနည်း)

(၁) ပဋိစ္စသမုပ္ပါဒ်အဆင်းရိပ်

(၂) ပဋိစ္စသမုပ္ပါဒ်အကြည်ရိပ်

(၃) ပဋိစ္စသမုပ္ပါဒ်အမြင်ရိပ်

(၄) ပဋိစ္စသမုပ္ပါဒ် အသိရိပ်တို့လည်း အာရုံရိပ်သဘောပင်ဖြစ်ပေသည်။

ထို့ကြောင့် ၎င်းအာရုံရိပ်သည် သာမန်မဟုတ်ပေ။ ဤသညာရိပ် ၃-ပါးတို့ ပေါင်းစု နေသေး၏။ သို့ဖြစ်၍ ၎င်းအာရုံရိပ်(တနည်း)၎င်းပညာရိပ် ၃-ပါးကို မပယ်သတ်နိုင်သော် ဘဝယန္တရား ကျန်ရှိမည်သာဖြစ်ပေသည်။

**သတိ။** ။၎င်းတို့ကို အရဟတ္တ မဂ်ဉာဏ်ကြီးက ရိုက်ချိုး လိုက်သော် ပဋိစ္စသမုပ္ပါဒ် အကြိုးသည် ပဋိစ္စသမုပ္ပါဒ်ခဏ သဘာဝဖြင့် ပေါ်ထွက်မည်ဖြစ်၏။ နိဗ္ဗာနဓာတ်လည်း ဖြစ်၏။

**ခဏသဘာဝနှင့် ခေတ်သဘော**

**ခဏ** = ဟူသည် ငြိမ်းအေးသော သဘာဝဖြစ်၏။
သန္တိသုခ = ဟူသည် အစဉ်ချမ်းသာသော သဘောဖြစ်၏။
ပဋိစ္စသမုပ္ပါဒ်အကြိုးကို မရိုက်ချိုးသေးသော်= ခဏပဋိစ္စသမုပ္ပါဒ်ဟု ခေါ်၏။
၎င်း ခဏ= သည်ကာလ ၃-ပါးဖြင့်ယှဉ်သောသဘောဖြစ်၍လည်း၊ ခေတ်=ဟုခေါ်ဆိုရ၏။
၎င်းကာလ ၃-ပါးမှလွတ်သော သဘောကို ပဋိစ္စသမုပ္ပါဒ်ခဏဟု ခေါ်ဆိုရ၏။

**မဂ်ဒါး ၄-ချက်ဖြင့်ဖြတ်ရန် ရေသောက်မြစ် ၃-ပါးသဘော**

(၁) အတိတ်သဘော နာမပညတ်ရိပ်- သဿတသဘော၌= တဏှာငါရှိ၏။
(၂) အနာဂတ်သဘော သဏ္ဌာနပညတ်ရိပ်-ဥစ္ဆေဒသဘော၌= မာနငါရှိ၏။
(၃) ပစ္စုပ္ပန်သဘော သမူဟပညတ်ရိပ်-သဿတဥစ္ဆေဒသဘော၌=ဒိဋ္ဌိငါရှိ၏၊
၎င်းဒိဋ္ဌိ ၃-ပါး ရှိနေ၍ ပညတ် ၃-ချက်ထွက်ပေါ်နေခြင်းဖြစ်ပေသည်။

**သတိ။** ။သို့ဖြစ်၍ ဤဒိဋ္ဌိရေသောက်မြစ် ၃-ချက်ကို အနတ္တလက္ခဏာသုတ်တော်၏-

(၁) နမမ = ငါ၏ဥစ္စာမဟုတ်ပါတကား

(၂) နအသ္မိ = ငါမဖြစ်ပါတကား

(၃) နအတ္တာ = အစိုးမရ အလိုသို့ မလိုက်ပါတကား တို့ဖြင့်ပယ်သတ်စေပြီး၍-

အဆင်းရုပ်- အကြည်ရုပ်-အမြင်ရုပ်နှင့် အသိရုပ်ဖြစ်သော ပစ္စုပ္ပန်သညာရုပ် ၄-ပါးကို-

(၁) နိယျာနဋ္ဌ= လွတ်မြောက်ခြင်းသဘော

(၂) ဟေတုဋ္ဌ = အသခ်တမဇ္ဈသို့ ရောက်ကြောင်းသဘော

(၃) ဒဿနဋ္ဌ = အမှန်ကိုမြင်ခြင်းသဘော

(၄) အဓိပ္ပတေယျဋ္ဌ= ကြီးမှူးစိုးရခြင်းသဘော

တည်းဟူသော မဂ်ဒါး ၄-ချက်ဖြင့် ဝေဒနာနုပဿနာပိုင်း အနာဂါမိမဂ်ဉာဏ်မှာကဲ့သို့ပင် ပယ်ဖြတ်ရာ၏။

(ဤတွင် ကာယာ နုပဿနာ အရဟတ္တမဂ်ဉာဏ် အပိုင်း ပြီး၏)

---

**၁၀-၁၁-၆၇ ရက်နေ့ည အထူးချီးမြှင့်တော်မူသော တရားဖြစ်၏။**

သံသရာနှင့်အမျှ စွဲကပ်၍ပါလာသော ရုပ်သည် ငါအစရှိသော အတ္တဒိဋ္ဌိသည် မိမိခန္ဓာကိုယ် ရုပ်-နာမ် ၂-ပါးတို့အပေါ်၌ပင်လျှင် စွဲလျက်ရှိ၏။

**သောတာပန် အရိယာနှင့် တဏှာ ၃-ပါး ပယ်သတ်စဉ်သဘော**

(၁) အကျွတ်တရားကို မရရှိကြသော အန္ဓပုထုဇဉ်တို့တွင် ၎င်းတို့၏ ရုပ် တရားကြီး အပေါ်၌ နေ့ရှိသ၍ လှမှု-ပမှု-တင့်တယ်စေမှုနှင့်တကွ ကျန်းမာ-ချမ်းသာရေးတို့ကို ဂရုပြု၍ ပြုပြင်ဆင်ယင်လျက်ရှိကြပေသည်။ဤသဘောသည် ရုပ်ပေါ်စိုက်သော သဿတဒိဋ္ဌိ တဏှာမည်၏။

(၂) ဤကဲ့သို့ ၎င်းတို့၏ ရုပ်တရားကြီးကို အချိန်ရနိုင်သ၍ ပြုပြင်မွမ်းမံသော်လည်း နာမ်တရားတို့ကား ရုပ်တရားကဲ့သို့ လှပအောင် (တနည်း)ဖြူစင်သန့်ရှင်းစေကြောင်း သတိမပြု လုံးဝဥပေက္ခာပြုလေ့ရှိကြသဖြင့် **နာမ်ပေါ်၌စိုက်သော ဥစ္ဆေဒဒိဋ္ဌိတဏှာ**ဘ၌ကျရ၏။

ပါရမီဓာတ်ခံရှိကြသော ပုဂ္ဂိုလ်တို့မှာမူကား သီလမှု-ဘာဝနာမှု-ဝိပဿနာမှုတို့ကို တတ်အားသမျှ စောင့်ထိန်း အားထုတ်လေ့ရှိကြပေသည်။ ဤသည်ပင်လျှင် နာမ်တရားကို လှပဖြူစင်စေကြောင်း ကောင်းသော ပြုပြင်မှုမည်ပေသည်။

(၃) အထက်ဖော်ပြပါ ၂-ပါးပေါင်းသော် ရုပ်နာမ်ပေါ်၌ စိုက်သော အတ္တဒိဋ္ဌိတဏှာသည်ဖြစ်ပေရာ သောတာပန် အရိယာမြတ်သည် ဤတဏှာ ၃-တန်ကို ပယ်သတ်တော်မူ၏။

ခန္ဓာပိုင်းအနေဖြင့်သော် ၎င်းဒိဋ္ဌိတရားတို့သည် သညက္ခန္ဓာနှင့် သင်္ခါရက္ခန္ဓာ တည်းဟူသော အနုသယခန္ဓာ ၂-ပါးတို့ပင်ဖြစ်၏။

ပဋိစ္စသမုပ္ပါဒ်အပိုင်းမှာလည်း တရားခံထား၍ ပယ်သတ်ရသည်မှာ ဤအနုသယတို့ဂင် ဖြစ်ပေရာ အမည်အမျိုးမျိုး- သဘောအမျိုးမျိုးတို့ကို သိ၍သည်း ကျစ်လစ်သိမ်မွေ့စွာပြောင်းလဲသော်လည်း စင်စစ် အရဟတ္တမဂ် ကျမှသာလျှင် အပြီးအပြတ်ငြိမ်းချုပ်မည် ဖြစ်သဖြင့် ယခု ကာယာနုပဿနာ သတိပဋ္ဌာန်ဖြင့် အရဟတ္တမဂ်ကြီးက အပြီးတိုင် ပယ်သတ်လျက်ရှိနေပေသည်။

**သတိ။** ။သို့သော် အများသော ပါရမီရှင် ဝေနေယျတို့ အတွက် အခွံကို ခွာလှစ်ရန်သည် အရေးအကြီးဆုံး ဖြစ်သည့်အတိုင်း ယခုသောတာပတ္တိ မဂ်ပညာ၏ ပယ်သတ်ပုံကို ကောက်နုတ်၍ ဟောတော်မူခြင်းဖြစ်၏။

ထို့ကြောင့် ရှင်တော်မြတ်၏ အလိုတော်အတိုင်း ဒါနထက် သီလ၊ သီလထက်ဘာဝနာ၊ ဘာဝနာထက် ဝိပဿနာတရား အတိုင်းမရှိ ကြီးကျယ်မြင့်မြတ်ပုံကို သတိမူကြ၍တနေ့ထက်တနေ့ သဘာဝဉာဏ် ထက်မျက် ကြီးပွားနိုင်စေပြီးလျှင် ပညာဦးစီးသော ဒါနမှု-သီလမှု-ဘာဝနာမှု တို့ကို ကြိုးစား၍ အားထုတ်ကြရန်ဖြစ်ပါသည်။

သို့မှသာလျှင် ဝိဇ္ဇာဉာဏ်ပြဋ္ဌာန်းသော စရဏတရားဖြင့် ပြုသမျှ-လှူသမျှ-အားထုတ် သမျှသော ကုသိုလ်တရားတို့သည် ၁-၏နောက်တွင် သုညများစွာ ကပ်ဘိသကဲ့သို့ နိဗ္ဗာန် စံဝင်သည့်တိုင် အကျိုးကြီးမည် ဖြစ်ပါသတည်း။

(ဤတွင် ၁၃၂၉-ခု၊ တန်ဆောင်မုန်းလဆန်း ၁-ရက်မှ အစပြု၍ ဟောတော်မူသော ၁၀-ရက်ဟောစဉ် ပြီးဆုံးပါသတည်း)။

## ရိုသေလေးမြတ်စွာ ဦးညွတ်ပါ၏

သာယာဝတီခရိုင် တိုက်ကြီးမြို့တွင် ဖွားရာဇာတိဖြစ်သော ဓမ္မစကြာ ပဋိပတ်သာသနာပြု ရိပ်သာ ရန်ကုန်ဌာနချုပ် ကျေးဇူးရှင် နာယကဆရာတော်ဖြစ်တော်မူသော အသျှင်ကဝိဓဇသီရိ သူမြတ်သည်-

မန္တလေး ဓမ္မစကြာပဋိပတ် သာသနာပြုရိပ်သာတွင် ဝါတွင်း ၃-လနှင့် ၁၀-ရက်တာမျှ ဤပဟာသတိပဋ္ဌာန်တရားမြတ်ကို မကျန်းမာသည့်ကြားမှ ကြီးမားလှစွာသော ကရုဏာ-မေတ္တာ တော်ဖြင့် ချီးမြှင့်တော်မူပြီးနောက်၊တန်ဆောင်မုန်းလဆုတ် ၇-ရက်၊(၁၉၆၇-ခုနိုဝင်ဘာလ ၂၃) ရက် နေ့တွင် ရန်ကုန်သို့ ပြန်လည်ကြွချီတော်မူ၍ ၁၃၂၉-ခု၊ နတ်တော်လဆန်း ၈-ရက်နေ့ည (၁၉၆၇-ခု ဒီဇင်ဘာလ ၂-ရက်)နေ့ည၈-နာရီ မိနစ် ၃၀-အချိန် သက်တော် ၆၀၊ ဝါတော် ၄၀-တွင် ရန်ကုန်ဌာနချုပ်ရိပ်သာ၌ ဘဝနတ်ထံ ပြန်လွန်တော်မူ၏။

ဟော-ပြော-ပြသ-ရေးသား-ပြုစုတော်မူခဲ့သောကျမ်းများမှာ

(၁) ဓမ္မစကြာဝိပဿနာအဖွင့်ကျမ်း
(၂) အနတ္တလက္ခဏာ သုတ်အဖွင့်ကျမ်း
(၃) မဟာသတိပဋ္ဌာန်(သင်နည်းမှတ်ချက်)
(၄) ဝိသာခါတရားမြတ်(အသံသွင်း ၂၅-ခွေ)
(၅) အနုလောမနည်း။(သင်နည်းမှတ်ချက်)
(၆) ပဋိလောမနည်း (အသံသွင်း ၁၂-ခွေ)
(၇) အာနာပါန အလုပ်တရား (အသံသွင်း ၅-ခွေ)
(၈) ပညတ်နှင့် ပရမတ်ခွဲစဉ် (အသံသွင်း ၃-ခွေ)
(၉) ဝိပဿနာလုပ်ထုံးနည်းကျမ်း (၂-တွဲ)
(၁၀) ပဋိပတ္တိဘာသာပြန်ကျမ်း
(၁၁) အိမ်ယာထောင်ကျင့်စဉ်ကျမ်း
(၁၂) ဓမ္မစကြာသင်နည်းမှတ်ချက်
(၁၃) အနတ္တလက္ခဏာ သုတ်သင်နည်းမှတ်ချက်နှင့်
(၁၄) အနတ္တဝိပဿနာအဖွင့်ကျမ်း

တို့ဖြစ်ပေရာ ဆရာတော်ဘုရားသည် ပထမဒိသာခါခေါ် ဉာဏ်စဉ်တရားဖြင့် စ၍ဖွင့်တော်မူပြီးလျှင် ဓမ္မစကြာ အနတ္တ မဟာသတိပဋ္ဌာန်တရားမြတ်တို့ကို အစဉ်လိုက်ထား၍ ဟောကြားပြသ ဆိုဆုံးမ တော်မူပါသတည်း။ ။

(နေမင်းတဆူကွယ်လေပြီ)